ရမ္မာဝတီပြည်သုမေဓာရှင်ရသေ့အဖြစ်မှစ၍
ကုသိနာရုံပြည်မလ္လာမင်းတို့၏
အင်ကြင်းရဂုံပင်မင်းစုံတွင်
ရွှေဘုံနိဗ္ဗာန်ခိုလှုံဝင်စံသည်အထိ
ဗုဒ္ဓမြတ်စွာ ဓောသတ္တာ၏ ခြင်းရာဖြစ်ပုံ အကြောင်းစုံကို

**ဒီပဲယင်းမြို့**

**သိရိသဒ္ဓမ္မာဘိလင်္ကာရထေရ်အရှင်**

စီရင်ဖွင့်ဆိုရေးသားအပ်သော

မူလမဟာဗုဒ္ဓဝင်ဟုဆိုအပ်သည့်

# တထာဂတဥဒါန်ဒီပနီ

## ပဌမတွဲ

---

ဦးခင်စိုးအမှူးရှိသောပါဠိဆရာများ
ကြပ်မကြည့်ရှုပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

**H 396—A** [ဟံသာဝတီ]

# နိဒါန်း

**ကျမ်းပြု ဆရာတော်**

ဤတထာဂတဉဒါန ဒီပနီ ကျမ်းကို စီရင်တော်မူသော ကျမ်းပြုဆရာတော် အရှင်မြတ်သည်ကား— ဒိပဲယင်းမြို့ အနောက်တောင်ထောင့် ဇေယျဝဓု အမည်ရှိသော မြို့သူကြီးမင်း ဆောက်လုပ်လှူဒါန်းအပ်သည့် ၃—ထပ်ရွှေကျောင်းကြီးဝိဟာရ၌ ၄—ဖြာဇုရိယာပထ မျှတရှင်ပြီး သီတင်းသုံး နေထိုင်တော်မူသော **သိရိသဒ္ဓမ္မာဘိုလင်္ကာရ** ဘွဲ့အမည်ရှိ **ဒိပဲယင်း** ဆရာတော်ဘုရားကြီးပင် ဖြစ်လေသည်။

အဆိုပါ ဆရာတော်ဘုရားကြီးသည် သမ္မာသမ္ဗောဓိဘုရားဆုကြီးကိုတောင်းတော်မူသော အာဇာနေယျပုဂ္ဂလဝိသိသ် မဟာကရုဏာစိတ်လွန်ကဲသူဖြစ်သည်အားလျော်စွာ ပညာပါရမီ ဖြည့်ရန်အလို့ငှါ ၎င်း,သတ္တဝါအများ သဒ္ဓါတရားတိုးပွား၍ နိဗ္ဗာန်တိုင် အကျိုးများရန် အလို့ငှါ၎င်း ဤ**တထာဂတဉဒါနဒီပနီ**ကျမ်းကိုပြုစီရင်တော်မူခဲ့လေသည်။

**ကျမ်း၏ အခြင်းအရာ**

"ဉဒါနကထာဝဒါနေ၊အဖြစ်အပျက်နှင့်ယှဉ်သော ဉဒါန်းစကားကို ကြားဆိုတော်မူတတ်ထသော"ဟု ဤကျမ်း၏ နိဂုံးတွင် ဆိုထားသည်ကို ထောက်၍ **ဉဒါန—သဒ္ဒါ**သည် အဖြစ်အပျက်, အကြောင်းအရာ ဟု အဓိပ္ပါယ်ရပေသည်၊ သို့ဖြစ်၍ "တထာဂတဉဒါနဒီပနီ၊ ဘုရားသခင်၏ အဖြစ်အပျက်, ဘုရားသခင်၏ အကြောင်းအရာတို့ကို ထင်ထင်ရှားရှား,ပေါ်ပေါ်လွင်လွင်,ကျယ်ကျယ်ပြန့်ပြန့်ပြဆိုသော ကျမ်း"ဟု ဆိုရာကျပေသည်။

ထိုအတိုင်းလည်း မှန်နေပေသည်၊ ဘုရားသခင်၏အဖြစ်အပျက်, အကြောင်းအရာများကိုပြဆိုသော မြန်မာစကားပြေကျမ်းများမှာ ဗုဒ္ဓဝင်ဝတ္ထု, ဇိနတ္ထပကာသနီ,ဗုဒ္ဓုပ္ပတ္တိကထာစသည်ဖြင့် များစွာရှိလေသည်၊ ထိုကျမ်းများတို့ထက်(သာသနာ-၂၃၁၆၊ကောဇာသက္ကရာဇ်၁၁၃၄-ခုနှစ်၌ ထွက်ပေါ်လာသော)ဤတထာဂတဉဒါနဒီပနီကျမ်းသည် ၂-ဆကျော်ခန့် ကျယ်ပြန့်နေသည့်အပြင် ထိုကျမ်းတို့ထက်ရှေးကျ၍ ထိုကျမ်းတို့မှီရာ မူလကျမ်းကြီးတဆူဖြစ်ပေသည်၊ ထို့ကြောင့်ဤကျမ်းကြီး

# နိဒါန်း

ကိုမူလမဟာဗုဒ္ဓဝင်ဟူ၍၎င်း,မူလမဟာဇိနတ္ထပကာသနီ ဟူ၍၎င်း,မူလမဟာ ဗုဒ္ဓါပဒါနကထာ ဟူ၍၎င်း ခေါ်ဆိုပါက ခေါ်ဆိုနိုင်ကြောင်း ပညာရှိ ကဝိသူမွန်အပေါင်းတို့ ကောင်းကောင်းကြီးဝန်ခံကြရပေသည်။

**ဟံသာဝတီ၏ အာသီသ**

ကျွန်ုပ်တို့ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၏အာသီသ တောင့်တရင်း နှလုံးသွင်းမှာ—ပါဠိတော်များ,အဋ္ဌကထာများ, ဋီကာများ, ယောဇနာများ, ဂန္ထန္တရများနှင့်တကွ ရှေးဆရာတော်ကြီးများရေးသားတော်မူခဲ့သော ပိဋကတ်တော်လာ စာပေများ မတိမ်ကော မပပျောက်စေရန်၎င်း, မသူတော်တရားကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်၎င်း,ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား၍ အဓွန့်ရှည်စွာတည်စေရန်၎င်း ရည်သန်ပြီးလျှင် အဆက်မပြတ် ပိဋကတ်တော်ကျမ်းစာများကို ရိုက်နှိပ်အပ်သည်ဖြစ်၍ ယခုအခါ ၌ **တထာဂတဉဒါနဒီပနီ** ကျမ်း ပဌမတွဲကို ရှင်းလင်းသေသပ်သော အထားအသို အပိုအလိုမရှိသော ပုဒ်ပါဌ် အဖြတ်အရပ် ကျ-န သေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်းစေရအောင် **ပါဠိဆရာကြီးဦးခင်စိုး** [သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] အမှူးရှိသော ပါဠိဆရာအဖွဲ့အား ကောင်းစွာ သုတ်သင်ပြင်ဆင်စေကာ စက်တင်ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

---

၂၄၊ ၇၊ ၅၀

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှင်အာနန္ဒာကိုစေ၍ မလ္လာမင်းတို့အားအကြောင်း ကြားစေတော်မူခြင်း .... | ၁ |
| ၂။ | သုဘဒ္ဒထေရ်၏ အကြောင်းကို ပြခြင်း .... | ၃ |
| ၃။ | မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်ကို ပြခြင်း | ၁၁ |
| ၄။ | ပရိနိဗ္ဗာန်စံယူတော်မူသည်နှင့်တပြိုင်နက် သံဝေဂ-ဂါထာ ရွတ်တော်မူကြခြင်း .... | ၁၈ |
| ၅။ | ပရိနိဗ္ဗာနသတ္တာဟ, စိတကသတ္တာဟတို့ကို ပြခြင်း | ၂၁ |
| ၆။ | အရှင်မဟာကဿပရောက်မှ အလောင်းတော်ကို တေဇောဓာတ် လောင်ခြင်း .... | ၂၆ |
| ၇။ | ဓာတ်တော်အတွက် စစ်ဘက်ခြင်းနှင့် ဒေါဏ ပုဏ္ဏား ဓာတ်တော်ဝေခြင်း .... | ၄၀ |
| ၈။ | မြတ်စွာဘုရား၏ သာရီရိကစေတီ, ပါရိဘောဂိက စေတီတို့ကို ပြခြင်း .... | ၅၀ |
| ၉။ | ရှင်မဟာကဿပထေရ်နှင့် အဇာတသတ်မင်းတို့ ဓာတ်တော်တို့ကို စုရုံး၍ ဌာပနာခြင်း .... | ၅၄ |
| ၁၀။ | ဓာတ်တော် ဝေဘန်သည်မှ ဌာပနာသည် တိုင် အောင် အခွန့်အကွာကို ပြခြင်း .... | ၅၈ |
| ၁၁။ | ဓမ္မတာသုံးဆယ် စသည်ကို ပြခြင်း .... | ၆၀ |
| ၁၂။ | ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့ ပဌမသင်္ဂါယနာ တင်တော်မူကြခြင်း .... | ၆၅ |
| ၁၃။ | မြတ်စွာဘုရား စကားတော်ကို ဧကရသ-စသည် ဖြင့် ခွဲဝေကောက်ယူပုံကို ပြခြင်း .... | ၈၃ |
| ၁၄။ | ပညတ်တော်မူတိုင်း ကျင့်ဆောင်ရန် ရှင်မဟာ ကဿပ မိန့်ကြားတော်မူခြင်း .... | ၈၉ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ရှင်အာနန္ဒာအား ဒုက္ကဋ် အာပတ်သို့ တင်၍ ဒေသနာ ကြားစေခြင်း .... | ၉၀ |
| ၁၆။ | ဆန္နထေရ်အား ဗြဟ္မဒဏ်ထားခြင်း .... | ၉၂ |
| ၁၇။ | သက္ကရာဇ် ၁၄၈-ခုကို အဇာတသတ်မင်း ဖြိုခြင်းနှင့် ရာဇဝင်အစဉ်အဆက်ကို ပြခြင်း .... | ၉၅ |
| ၁၈။ | ဧတဒဂ်ရ ရှင်ဥပါလိမှစ၍ သာသနာဝင် အစဉ်အဆက်ကို ပြခြင်း .... | ၉၇ |
| ၁၉။ | ရှင်ယသ အစရှိသော ရဟန္တာခုနစ်ရာတို့ ဒုတိယသင်္ဂါယနာတင်သည်ကို ပြခြင်း .... | ၁၀၀ |
| ၂၀။ | ဒုတိယ သင်္ဂါယနာ တင်ပြီးနောက် တဆယ့် ရှစ်ဂိုဏ်း ကွဲပြားသည်ကို ပြခြင်း .... | ၁၂၀ |
| ၂၁။ | သာသနာတော်၌ ဘေးရန်ကိုမြင်၍ တိဿဗြဟ္မာအား တောင်းပန်သည်ကို ပြခြင်း .... | ၁၂၂ |
| ၂၂။ | ပါဋလိပုတ် မင်းဆက်ရာဇဝင်ကို ပြခြင်း .... | ၁၂၄ |
| ၂၃။ | ဒုတိယ သင်္ဂါယနာ တင်ပြီးနောက် သာသနာဝင် အစဉ်အဆက်ကို ပြခြင်း .... | ၁၃၃ |
| ၂၄။ | စန္ဒဂုတ္တမင်းမှ သိရီဓမ္မာသောကမင်း တိုင်အောင် ရာဇဝင် အစဉ်အဆက်ကို ပြခြင်း .... | ၁၃၈ |
| ၂၅။ | သိရီဓမ္မာသောကမင်းကြီးသည် သာသနာတော်၌ သက်ဝင်ကြည်ညိုသည်ကို ပြခြင်း .... | ၁၄၄ |
| ၂၆။ | သိရီဓမ္မာ သောကမင်းကြီးသည် မြတ်စွာဘုရား ရုပ်ပုံတော်ကို ပူဇော်သည်ကို ပြခြင်း .... | ၁၅၁ |
| ၂၇။ | ဇမ္ဗူဒိပ်ကျွန်း အပြင်၌ စေတီ ရှစ်သောင်းလေးထောင်, ကျောင်းရှစ်သောင်းလေးထောင် တည်ထား ဌာပနာသည်ကို ပြခြင်း .... | ၁၅၂ |
| ၂၈။ | သာသနာ့ အမွေခံသည်ကို ပြခြင်း .... | ၁၅၇ |
| ၂၉။ | တတိယသင်္ဂါယနာတင်သည်ကို ပြခြင်း .... | ၁၆၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၀။ | ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူသည်ကို ပြခြင်း .... | ၁၇၃ |
| ၃၁။ | သီဟိုဠ်ကျွန်းအဌ္ဌုပ္ပတ် ရာဇဝင်ကို ပြခြင်း .... | ၁၀၁ |
| ၃၂။ | အဘိသိက်အစီအရင်ကို ပြခြင်း .... | ၁၀၆ |
| ၃၃။ | နတ်လူတို့ မင်္ဂ, ဖိုလ်ရသည်ကို ပြခြင်း .... | ၁၉၀ |
| ၃၄။ | နှစ်ထောင့်ငါးရာမျှသောလူတို့ မင်္ဂ, ဖိုလ်ရသည်ကို ပြခြင်း .... | ၁၉၅ |
| ၃၅။ | ရှစ်ထောင့်ငါးရာမျှသောလူတို့ မင်္ဂ, ဖိုလ်ရသည်ကို ပြခြင်း .... | ၁၉၇ |
| ၃၆။ | အရှင်မဟိန္ဒထေရ် စေတိယတောင်၌ ဝါဆိုသည်ကို ပြခြင်း .... | ၁၉၀ |
| ၃၇။ | ထူပါရုံစေတီ တည်ထားကိုးကွယ်သည်ကို ပြခြင်း | ၂၀၀ |
| ၃၀။ | သီဟိုဠ်ကျွန်း၌ မဟာဗောဓိပင် စိုက်ပျိုးသည်ကို ပြခြင်း .... | ၂၀၆ |
| ၃၉။ | သီဟိုဠ်သာသနာ အစဉ်အဆက်ကို ပြခြင်း .... | ၂၁၉ |
| ၄၀။ | ဘုရားသုံးဆူတို့၏ သာသနာ တည်ဘူးသည် ကို ပြခြင်း .... | ၂၂၅ |
| ၄၁။ | ကျောင်း,ကန်,စေတီကောင်းမှုတို့ကို ပြခြင်း .... | ၂၃၀ |
| ၄၂။ | မဟာဂါမ မင်းဆက်ရာဇဝင်ကို ပြခြင်း .... | ၂၃၁ |
| ၄၃။ | ဒုဋ္ဌဂါမဏိ သီဟိုဠ်ကျွန်း၌ မင်းပြုသည်ကို ပြခြင်း | ၂၃၂ |
| ၄၄။ | မဟာစေတီ တည်ထားသည်ကို ပြခြင်း .... | ၂၃၃ |
| ၄၅။ | မဟိယင်္ဂဏစေတီ ထပ်မံတည်သည်ကို ပြခြင်း.... | ၂၃၉ |
| ၄၆။ | နလာဋဓာတ်၏ အစီအစဉ်ကို ပြခြင်း .... | ၂၄၀ |
| ၄၇။ | ဝဋ္ဋဂါမဏိမင်းလက်ထက် ပေထက်အက္ခရာ တင်သည်ကို ပြခြင်း .... | ၂၄၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀။ | လက်ဝဲစွယ်တော်ဓာတ် သီဟိုဠ်သို့ ရောက်သည်ကို ပြခြင်း .... | ၂၅၁ |
| ၄၉။ | ပိဋကတ်ကို သီဟဠဘာသာဖြင့် ရေးတင်သည်ကို ပြခြင်း .... | ၂၅၃ |
| ၅၀။ | ပိဋကတ်ကို သထုံပြည်သို့ဆောင်ယူသည်ကို ပြခြင်း | ၂၅၃ |
| ၅၁။ | သာသနာ နှစ်ကြောင်း နှစ်သွယ် ဆင်းသက်သည်ကို ပြခြင်း .... | ၂၅၄ |
| ၅၂။ | မြန်မာနိုင်ငံ၌သာသနာထွန်းလင်းသည်ကို ပြခြင်း | ၂၅၆ |
| ၅၃။ | ရာမညတိုင်း၌သွားတော်ဓာတ်တည်သည်ကိုပြခြင်း | ၂၅၀ |
| ၅၄။ | ဆံတော်ရှင်စေတီ ၆-ဆူတို့၏ အဌုပ္ပတ်ကို ပြခြင်း | ၂၆၃ |
| ၅၅။ | ဂေါတမ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် သုံးပါးတို့ကို ပြခြင်း .... | ၂၆၅ |
| ၅၆။ | ၄၅-ဝါအတွင်း ကယ်ချွတ်တော်မူသည်ကို ပြခြင်း | ၂၆၇ |
| ၅၇။ | မြတ်စွာဘုရားရှင်တို့၏ ပြည်စုံမြဲဓမ္မတာ ၃၀-ကို ပြခြင်း .... | ၂၇၁ |
| ၅၀။ | မြတ်စွာဘုရားရှင်တို့၏ အနန္တရာယိကဓမ္မ လေးပါးကို ပြခြင်း .... | ၂၇၃ |
| ၅၉။ | နိဂုံး .... | ၂၇၄ |

# တတိယ ဂတ္ထုဒါနဒီပနီ

## ပဉ္စမတွဲ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ၂၅၅။ ရှင်အာနန္ဒာကိုစေ၍ မလ္လာမင်းတို့အား အကြောင်းကြားစေတော်မူခြင်း

ဤမဟာသုဒဿနသုတ်ကို ဟောတော်မူပြီးသောအဆုံး၌ အရှင်အာနန္ဒာကိုခေါ်တော်မူ၍ "အာနန္ဒာ····သင်သွားချေ၊ ကုသိနာရုံမြို့သို့ဝင်၍ ကုသိနာရုံပြည်၌နေကုန်သော မလ္လာမင်းတို့အား ကြားချေ၊ ဝါသိဋ္ဌအမျိုး၌ဖြစ်သော မလ္လာမင်းတို့····ယနေ့ညဉ့် မိုးသောက်ယံ၌ လာခြင်းကောင်းသော မြတ်စွာဘုရားတို့၏ ပရိနိဗ္ဗာန် ပြုတော်မူခြင်းသည်ဖြစ်လတ္တံ့၊ ဝါသိဋ္ဌအမျိုး၌ဖြစ်သော မင်းမြတ်တို့···· မြတ်စွာဘုရားသို့ ရှေးရှုပြု၍ထွက်ကုန်လော့၊ ငါတို့၏ရွာခေတ်၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်ပြီ၊ အဆုံးစွန်ဖြစ်သောကာလ၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ မရလိုက်ပါကုန်ဟူ၍ နောက်မှ နှလုံးမသာ

ခြင်းသည် သင်တို့အား မဖြစ်စေကုန်လင့်၊ လျင်စွာဘုရားကို ဖူးမြင်ခြင်းငှာ လာကုန်လော့ဟု ကြားပါချေ” ဟူ၍ စေတော်မူ၏။

အရှင်အာနန္ဒာလည်း“ကောင်းပြီအရှင်ဘုရား” ဟုမြတ်စွာဘုရား၏စကားကိုဝန်ခံ၍ သင်းပိုင်ကိုယ်ဝတ်ကိုဝတ်၍ သပိတ်သင်္ကန်းကို ယူ၍ အဘော်မပါဘဲ ကုသိနာရုံပြည်တွင်းသို့ ဝင်လေ၏၊ ထိုရောအခါ မလ္လာမင်းတို့သည် တစုံတခုသော ပြုဘွယ်အမှုကြောင့် မင်းကွန်းစရပ်၌ စည်းဝေးကုန်၏၊ အရှင်အာနန္ဒာသည် မင်းကွန်းရှိရာသို့ကပ်၍ မလ္လာမင်းတို့အား ကြား၏၊“ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့····ယနေ့ည၌၏ မိုးသောက်ယံ၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်း သည် ဖြစ်လတ္တံ့၊ ဘုရားသို့ရှေးရှုလျင်စွာထွက်ကုန်လော့၊ ဝါသိဋ္ဌအမျိုး၌ ဖြစ်ကုန်သော မလ္လာမင်းတို့····လျင်စွာ ဘုရားကို ဖူးမြင်ခြင်းငှာ သွားကုန်လော့၊ နောက်အခါ၌နှလုံးမသာယာခြင်းကို မဖြစ်စေကုန်လင့်၊ငါတို့ရွာခေတ်၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လေပြီ၊ အဆုံးစွန်ဖြစ်သောကာလ၌ ငါတို့သည် ဘုရားကိုဖူးမြင်ခြင်းငှာ မရလိုက်ပါကုန်-ဟု နောက်အခါ၌ နှလုံးမသာမယာ မဖြစ်စေကုန်လင့်၊ လျင်စွာထွက်ကုန်လော့” ဟုကြား၏။

ထိုရောအခါ အရှင်အာနန္ဒာ၏ စကားကိုကြား၍ မလ္လာမင်းတို့သည်၎င်း, မလ္လာမင်း၏ သားတို့သည်၎င်း, မလ္လာမင်း၏ချွေးမတို့သည်၎င်း, မလ္လာမင်း၏ မယားတို့သည်၎င်း“ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်စွာပရိနိဗ္ဗာန်ပြုတော့လတ္တံ့၊ လာခြင်းကောင်းသော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော့လတ္တံ့၊ မျက်စိအမြင်ကိုပြုတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်စွာ လောက၌ ကွယ်တော့လတ္တံ့”ဟု နှလုံးမသာကုန်သည်ဖြစ်၍စိတ်၏ဆင်းရဲခြင်းဖြင့်နှိပ်စက်ကုန်သည်ဖြစ်၍ အချို့သောသူတို့သည် ဆံတို့ကိုဖရိုဖရဲကြဲ၍ ငိုကုန်၏၊ အချို့သောသူတို့သည် လက်မောင်းတို့ကိုမြှောက်၍ ငိုကုန်၏၊အချို့သောသူတို့သည် ကမ်းပါးပြတ်၌ကျသကဲ့သို့ လူးလည်းကုန်၏၊ ထိုအခါ မလ္လာမင်းတို့သည်၎င်း, မလ္လာမင်းတို့၏ သားတို့သည်၎င်း, မလ္လာမင်းတို့၏ ချွေးမတို့သည်၎င်း, မလ္လာမင်းတို့၏ မယားတို့

သည့်ဂုဏ်း အကြင်အရပ်၌ ဥပဝတ္တန အင်ကြင်းတောသည် ရှိ၏၊ အကြင်အရပ်၌ အရှင်အာနန္ဒာသည်ရှိ၏၊ထိုအရပ်သို့ကပ်လာကုန်၏။

ထိုရောအခါ အရှင်အာနန္ဒာအား ဤသို့သော အကြံသည်ဖြစ်၏၊ "ငါသည် အကယ်၍မလ္လာမင်းတို့ကို တယောက်တယောက်စီ မြတ်စွာဘုရားကို ရှိခိုးစေသည်ဖြစ်အံ့၊ အလုံးစုံသော မလ္လာမင်းတို့သည် မြတ်စွာဘုရားကို ရှိမခိုးရသည်သာလျှင်ဖြစ်လတ္တံ့၊ ထိုသို့ စေ့စုံအောင်ရှိခိုး၍ မပြီးမီပင်လျှင် ဤညဉ့်သည် လင်းလတ္တံ့၊ သို့ဖြစ်၍ မလ္လာမင်းတို့ကို တမျိုးတစု,တမျိုးတစုအလှည့်ထား၍ မြတ်စွာဘုရားကို ရှိခိုးစေအံ့၊ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ဤမည်သောမလ္လာမင်းသည် သားနှင့်တကွ,ချွေးမနှင့်တကွ, အခြွေအရံနှင့်တကွ, အမတ်နှင့်တကွ မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုး၏ဟု လျှောက်၍ ရှိခိုးစေအံ့" ကြံပြီးလျှင် အရှင်အာနန္ဒာသည် မလ္လာမင်းတို့ကို တမျိုးတစု,တမျိုးတစုစီနေစေ၍ အလှည့်အားဖြင့် မြတ်စွာဘုရားကို ရှိခိုးစေ၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ဤမည်သော မလ္လာမင်းသည် သားမယားအခြွေအရံ အမတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကိုရှိခိုးပါ၏"ဟု လျှောက်၍ ဤသို့သောနည်းဖြင့် အရှင်အာနန္ဒာသည် ပဌမယံဖြင့် သာလျှင် မလ္လာမင်းတို့ကို ရှိခိုးစေ၏။

---

## ၂၅၆။ သုဘဒ္ဒထေရ်၏အကြောင်းကိုပြခြင်း

### သုဘဒ္ဒပရိဗိုဇ်ဘုရားရှင်ထံဆည်းကပ်ခြင်း

ထိုရောအခါ ဥဒိစ္စပုဏ္ဏားမျိုးမှအဝတ်ဖြူဝတ်လျက် ပရိဗိုဇ်ရဟန်းပြုသော သုဘဒ္ဒမည်သော ပရိဗိုဇ်ရဟန်းသည် ကုသိနာရုံပြည်၌ နေ၏၊ ထိုသုဘဒ္ဒပရိဗိုဇ်သည် ယနေ့ညဉ့်မိုးသောက်ယံ၌ ရဟန်းဂေါတမ၏ပရိနိဗ္ဗာန်ပြုခြင်းသည်ဖြစ်လတ္တံ့ဟု ကြား၏၊ထိုသို့ကြားသောအခါ၌ သုဘဒ္ဒပရိဗိုဇ်အား ဤသို့အကြံသည်ဖြစ်၏၊"လောက၌ ပစ္စည်းလေးပါးပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါးကိုသိကုန်သော မြတ်စွာဘုရားတို့သည် တရံတခါ၌သာ ဖြစ်ကုန်၏ဟူ၍ ထိုစကားကို အရွယ်ကြီးကုန်သော အသက်ကြီးကုန်သော ဆရာအဆက်ဆက်ဖြစ်ကုန်သော ပရိဗိုဇ်တို့၏အထံမှကြားဘူး၏၊ ယနေ့ညဉ့်၏ မိုးသောက်ယံ၌ပင်လျှင်

လည်း ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့၊ ငါ့အား လည်း ဤယုံမှားခြင်းသည်ရှိ၏၊ ငါသည်လည်း ထိုရဟန်းဂေါတမ၌ ယုံကြည်ခြင်းသည်ရှိ၏၊ အကြင်အခြင်းဖြင့် တရားဟောသည်ရှိသော် ငါ၏ယုံမှားခြင်းသည် ပျောက်ရာ၏၊ ထိုအခြင်းဖြင့် ရဟန်းဂေါတမ သည် ငါ့အား ဟောခြင်းငှာ စွမ်းနိုင်ရာ၏ဟု ငါသည်လည်း ရဟန်း ဂေါတမ၌ ယုံကြည်၏''ဟု ကြံ၍ သုဘဒ်ပရိဗိုဇ်သည် အကြင်အရပ်၌ ဥပဝတ္တန အင်ကြင်းတောသည် ရှိ၏၊ အကြင်အရပ်၌ အရှင်အာနန္ဒာ သည်ရှိ၏၊ ထိုအရပ်သို့ကပ်လေ၍ အရှင်အာနန္ဒာကို ဤသို့သောစကား ကိုဆို၏။

"အို-အရှင်အာနန္ဒာ……သစ္စာလေးပါးတရားကို သိကုန်သော မြတ် စွာဘုရားတို့သည် လောက၌ တရံတခါ၌သာ တစုံတခုသောအရပ်၌ ဖြစ်ကုန်၏ဟူ၍ အသက်အရွယ်ကြီးကုန်သော ဆရာအဆက်ဆက်ဖြစ် ကုန်သော ပရိဗိုဇ်တို့၏အထံမှ ထိုစကားကိုကြားဘူး၏၊ ယနေ့ညဥ့်၏မိုး သောက်ယံ၌ သာလျှင် ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ် လတ္တံ့၊ ငါ့အားလည်း ဖြစ်သောယုံမှားခြင်းသဘောသည်ရှိ၏၊ အကြင် အခြင်းဖြင့် ငါသည်ယုံမှားသက်ာကိုစွန့်နိုင်ရာ၏၊ ထိုအခြင်းဖြင့် ရဟန်း ဂေါတမသည် တရားဟောခြင်းငှာ စွမ်းနိုင်အံ့၊ ဤသို့ စွမ်းနိုင်သည် ရှိသော် ငါသည် ရဟန်းဂေါတမ၌ ကြည်ညိုပါအံ့၊အို-အရှင်အာနန္ဒာ·· အကျွန်ုပ်သည် ရဟန်းဂေါတမကို ဖူးမြင်လိုပါ၏''ဟု ဆို၏။

ဤသို့ဆိုသည်ရှိသော် "ငါ့ရှင်သုဘဒ္ဒ…· မသင့်၊ မြတ်စွာဘုရားကို သင်မညှဉ်းဆဲပါလင့်၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလှ၏''ဟူ၍ အရှင်အာနန္ဒာဆို၏၊ မပင်ပန်းပါစေလင့်ဟု အရှင်အာနန္ဒာအဘယ့် ကြောင့်ဆိုသနည်းဟူမူကား-တိတ္ထိတို့မည်သည် မိမိတို့၏ အယူကိုသာ လျှင် မြဲစွာယူကုန်၏၊ ထိုအယူကိုစွန့်စေခြင်းငှာ များစွာပြောဆိုတော် မူသောမြတ်စွာဘုရားအား ပင်ပန်းခြင်းသည် ဖြစ်လတ္တံ့၊ ပကတိအား ဖြင့်ပင်လည်း မြတ်စွာဘုရားသည် ပင်ပန်း၏ဟု မှတ်၍ဆိုသတည်း။

သုဘဒ်ပရိဗိုဇ်သည် ဤအာနန္ဒာကား ငါ့အားခွင့်မပြု၊ အလိုရှိသော သူသည်ကား သူ့အလိုကိုလိုက်၍ကျင့်အပ်၏ဟု အကြံရှိ၍ နှစ်ကြိမ် မြောက်ရင်း,သုံးကြိမ်မြောက်ရင်း "အရှင်အာနန္ဒာ…· မြတ်စွာဘုရား

တို့သည် လောက၌တရံတခါ၌သာ တစုံတခုသောအရပ်၌ ဖြစ်ကုန်၏ ဟူ၍ အသက်အရွယ်ကြီးကုန်သော ဆရာအဆက်ဆက် ဖြစ်ကုန်သော ပရိဗိုဇ်တို့၏အထံမှ အကျွန်ုပ်သည် ကြားဘူး၏၊ ယနေ့ညဉ့် မိုးသောက်ယံ၌ပင်လည်း ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့၊ အကျွန်ုပ်အား ဖြစ်သောယုံမှားခြင်းတခုသည် ရှိ၏၊ အကြင်အခြင်းဖြင့် ယုံမှားခြင်းကိုအကျွန်ုပ်သည်စွန့်ရာ၏၊ထိုအခြင်းဖြင့်ရဟန်းဂေါတမသည် အကျွန်ုပ်အားတရားကိုဟောခြင်းငှာ စွမ်းနိုင်အံ့၊ ဤသို့စွမ်းနိုင်ပါသည် ရှိသော် ရဟန်းဂေါတမ၌အကျွန်ုပ်သည်ကြည်ညိုရာ၏၊ တောင်းပန်ပါ၏ အရှင်အာနန္ဒာ.... အကျွန်ုပ်သည်မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာရလို ပါ၏''ဟု အရှင်အာနန္ဒာကိုဆို၏။

အရှင်အာနန္ဒာလည်း သုံးကြိမ်မြောက် ''ငါ့ရှင်သုဘဒ္ဒ....မသင့်၊ မြတ်စွာဘုရားကို သင်မညှဉ်းဆဲပါလင့်၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလှ၏''ဟူ၍ဆို၏၊ မြတ်စွာဘုရားလျောင်းတော်မူရာ၌ ရံအပ်သောတင်းတိမ်တံခါးဝ၌ ရပ်လျက် သုဘဒ်ပရိဗိုဇ်နှင့်တကွ ပြောဆိုသော အရှင်အာနန္ဒာ၏စကားကို မြတ်စွာဘုရားသခင်သည် ပကတိနားဖြင့် ကြားတော်မူ၍ မြတ်စွာဘုရားသည် သုဘဒ်ပရိဗိုဇ်၏ အလို့ငှာ သာလျှင် ကြီးစွာသော အားထုတ်ခြင်းဖြင့် ကြွလာတော် မူသည် ဖြစ်သောကြောင့် ''အာနန္ဒာ....သုဘဒ်ကို မြစ်ခြင်းသည် မသင့်၊ အာနန္ဒာ....သုဘဒ်ကိုမမြစ်ပါလင့်၊ အာနန္ဒာ....သုဘဒ်သည်ငါဘုရားကိုဖူးမြင်ခြင်းငှာရပါစေ၊ သုဘဒ်သည် ငါ့ကိုအကြင်ပြဿနာကို မေးလတ္တံ့၊ ထိုအလုံးစုံကို သိလို၍သာ မေးလတ္တံ့၊ ညှဉ်းဆဲလိုသည်ဖြစ်၍ မမေးလတ္တံ့၊ဤသုဘဒ်အားအကြင်အဖြေကိုငါသည်ဖြေလတ္တံ့၊ထိုအဖြေကို သုဘဒ်သည် လျင်စွာသိပေလတ္တံ့၊သုဘဒ်ကိုဝင်ပါစေ၊အာနန္ဒာ.... မမြစ်ပါလင့်''ဟု မြတ်စွာဘုရားမိန့်တော်မူသော် အရှင်အာနန္ဒာသည် သုဘဒ်ကို ''ငါ့ရှင်သုဘဒ်....မြတ်စွာဘုရားခွင့်ပြုတော်မူ၏၊ သင်သည် တင်းတိမ်တွင်းသို့ဝင်တော့''ဟုဆို၏။

## ဘုရားရှင်ကိုပြဿနာမေးခြင်း

ထိုအခါ သုဘဒ်ပရိဗိုဇ်သည် အကြင်အရပ်၌ မြတ်စွာဘုရားရှိ၏၊ ထိုအရပ်သို့ကပ်လေ၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာပြော၏၊

ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော အောက်မေ့အပ်သော စကားကိုဆုံးစေပြီး၍ တင့်အပ်သောအရပ်၌နေပြီးသော် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

“ဘုန်းတော်ကြီးသော ရှင်ဂေါတမ….အပေါင်း အဘော်ကို ဆောင်ကုန်သော ဂိုဏ်းကိုဆောင်ကုန်သော ဂိုဏ်းဆရာဖြစ်ကုန်သော ထင်ရှားကုန်သော အခြံအရံများကုန်သော အယူကိုပြုတတ်ကုန်သော များစွာသော သူအပေါင်းတို့သည် သူတော်ကောင်း-ဟူ၍ သမုတ်အပ်ကုန်သော အကြင်ရဟန်းပုဏ္ဏားတို့သည်ရှိကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် အဘယ်နည်းဟူမူကား ကဿပအမျိုးဖြစ်သော ပူရဏ, ဂေါသာလအမျိုးဖြစ်သော မက္ခလိ, ဆံအမွေးကမ္ဗလာကို ဆောင်သော အဇိတ, ကစ္စာယနအမျိုးဖြစ်သောပကုဓ, အဝတ်ဖြူဝတ်ပရိဗိုဇ်ဗေလဋ္ဌ၏ သားဖြစ်သော သဉ္စယ, နာဋ၏သားဖြစ်သောနိဂဏ္ဌ၊ ဤသူတို့တည်း၊ ဤအလုံးစုံသော သူတို့သည် မိမိတို့၏ဝန်ခံတိုင်းဖြင့် သိကုန်သလော၊ ဤအလုံးစုံသောသူတို့သည် ဝန်ခံတိုင်းမသိကုန်သလော၊ ထိုသို့မဟုတ်မူ၍ အချို့သောသူတို့သည်သာ ဝန်ခံတိုင်းသိ၍ အချို့သော သူတို့ကား-မသိကုန်သလော၊” ဤသို့လျှောက်၏။

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊ “သုဘဒ်….ဤသို့မေးခြင်းသည်မသင့်၊ အလုံးစုံသော ထိုသူတို့သည် မိမိတို့ဝန်ခံတိုင်း သိကုန်သလော၊ ဤသို့အစရှိသောပြဿနာကို ထားဘိဦး၊ သုဘဒ်….သင့်အား ငါသည် တရားကိုဟောအံ့၊ ထိုတရားကိုသင်သည်နာလော့၊ ကောင်းစွာနှလုံးပြုလော့၊ ငါသည်ဟောအံ့” ဟု မိန့်တော်မူသော် ကောင်းပြီ အရှင်ဘုရား-ဟု သုဘဒ်သည် မြတ်စွာဘုရား၏စကားတော်ကို ဝန်ခံ၏၊ မြတ်စွာဘုရားသည်ဤသို့မိန့်တော်မူ၏၊“သုဘဒ်..အကြင်တရားဝိနည်း၌ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မြတ်သောအကျင့်-ဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးကိုမရအပ်၊ ထိုတရားဝိနည်း၌ ပဌမရဟန်းကိုလည်း မရအပ်၊ ဒုတိယမြောက်ဖြစ်သော ရဟန်းကိုလည်း မရအပ်၊ တတိယမြောက်ဖြစ်သော ရဟန်းကိုလည်း မရအပ်၊ စတုတ္ထမြောက်ဖြစ်သော ရဟန်းကိုလည်းမရအပ်။

သုဘဒ်··အကြင်သုတ်,အဘိဓမ္မာ,ဝိနည်း၌ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်ရှစ်ပါးကိုရအပ်၏၊ ထိုသုတ်,အဘိဓမ္မာ,ဝိနည်း၌ ပဌမဖြစ်သောရဟန်းကိုလည်း ရအပ်၏၊ ဒုတိယဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ တတိယဖြစ်သော ရဟန်းကိုလည်းရအပ်၏၊ စတုတ္ထဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ သုဘဒ်····ဤငါဟောတော်မူသော သုတ်, အဘိဓမ္မာ, ဝိနည်း၌ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ကိုရအပ်၏၊ သုဘဒ်····ဤငါဟောတော်မူအပ်သော သုတ်,အဘိဓမ္မာ,ဝိနည်း၌သာလျှင် ပဌမသောတာပန်ဖြစ်သောရဟန်းကိုလည်း ရအပ်၏၊ ဒုတိယသကဒါဂါမိဖြစ်သော ရဟန်းကို, တတိယအနာဂါမိဖြစ်သော ရဟန်းကို, စတုတ္ထရဟန္တာဖြစ်သော ရဟန်းကိုလည်း ရအပ်၏၊ သုဘဒ်····တပါးသော ဆရာခြောက်ယောက်တို့၏အယူသည် ရဟန်းလေးပါးတို့မှ ဆိတ်ကုန်၏၊ သုဘဒ်····ဤရဟန်းအပေါင်းသည် ကောင်းစွာ အကျင့်ဖြင့် နေကုန်အံ့၊ လောကသည် ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏။

သုဘဒ်····ငါသည် အရွယ်အားဖြင့်နှစ်ဆယ့်ကိုးနှစ်အရွယ်ရှိသည်ဖြစ်၍ အကြင်ရဟန်းပြုခြင်းသည် ရှိ၏၊ထိုရဟန်းပြုသောအခါမှစ၍ သဗ္ဗညုတဉာဏ်တည်းဟူသော အကြင်ကုသိုလ်သည်ရှိ၏၊ ထိုကုသိုလ်ကို အစဉ်ရှာလျက် အလွန်နှင့်တကွ အနှစ်ငါးဆယ်တို့သည်ဖြစ်ကုန်၏၊ ထိုအခါပတ်လုံး အရိယမဂ်တရား၏ အကြောင်းဝိပဿနာအစဉ်ကို ကျင့်၏၊ ဤငါ၏သာသနာမှအပ၌ အရိယမဂ်တရား၏ အကြောင်းဖြစ်သော ဝိပဿနာအစဉ်ကိုကျင့်သော ရဟန်းသည်မျှလည်းမရှိ၊ ပဌမသောတာပန် ရဟန်းသည် မရှိ၊ ဒုတိယသကဒါဂါမိ ရဟန်းသည်မရှိ၊ တတိယအနာဂါမိရဟန်းသည်မရှိ၊စတုတ္ထရဟန္တာရဟန်းသည်မရှိ၊သုဘဒ်····တိတ္ထိဆရာ ခြောက်ယောက်တို့၏အယူ၌မဂ်လေးပါးတို့၏အလို့ငှာကျင့်သော အားထုတ်အပ်သောဝိပဿနာရှိသော အာရဒ္ဓဝိပဿက ရဟန်းလေးယောက်, မဂ္ဂဋ္ဌာန် ရဟန်းလေးယောက်, ဖလဋ္ဌာန်ရဟန်းလေးယောက်အားဖြင့် ဤတကျိပ်နှစ်ယောက်သော ရဟန်းတို့မှဆိတ်၏၊ သုဘဒ်····ဤတကျိပ်နှစ်ယောက်သောရဟန်းတို့သည် ကောင်းစွာကျင့်၍နေကုန်အံ့၊ လောကသည် ကျူတောကဲ့သို့ ရဟန္တာတို့ဖြင့် မဆိတ်သည်ဖြစ်ရာ၏”ဟု ဟောတော်မူ၏။

## ရဟန်းပြုရန်တောင်းပန်ခြင်း

ဤသို့ဟောတော်မူသည်ရှိသော် သုဘဒ်ပရိဗိုဇ်သည် မြတ်စွာဘုရားကိုဤသို့လျှောက်၏၊"ဘုန်းတော်ကြီးသောရှင်ပင်ဘုရား....နှစ်လိုဖွယ်ရှိစွ၊ ဥပမာကား မှောက်၍ထားသောဝတ္ထုကိုလှန်သကဲ့သို့, ပိတ်၍ထားသောဝတ္ထုကိုဖွင့်သကဲ့သို့, ခရီးမှားသောသူအား ခရီးကိုကြားသကဲ့သို့, မိုက်လှစွာသောအခန်းတိုက်၌ ဆီမီးကိုထွန်းသကဲ့သို့, မျက်စိအမြင်ရှိသောသူတို့သည် အရုပ်တို့ကိုမြင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့်တရားကိုထင်ရှားပြပေ၏၊ဘုန်းတော်ကြီးသောရှင်ပင်ဘုရား....ထိုအကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ပါ၏၊ တရားတော်ကိုကိုးကွယ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ပါ၏၊ ရှင်ပင်ဘုရား....ရှင်ပင်ဘုရား၏ အထံ၌ အကျွန်ုပ်သည် သာမဏေရဟန်းအဖြစ်ကို ရလိုပါ၏၊ ပဉ္စင်း ရဟန်းအဖြစ်ကို ရလိုပါ၏" ဟူ၍ လျှောက်၏။

[ဓမ္မပဒကို ဆောင်ကုန်သော မထေရ်တို့သည်ကား ငါသည်သုံးပါးသောပြဿနာတို့၌ ယုံမှားခြင်းကို အသက်အရွယ်ကြီးကုန်သော ပရိဗိုဇ်တို့အား မေး၍ ငါ၏ယုံမှားခြင်းသည်မပြေ၊ ရဟန်းဂေါတမကိုလည်း ငါ့အောက်ငယ်၏ဟူသောအမှတ်ဖြင့် မမေးမိ၊ ယခုလည်းထိုရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုအံ့သောအခါတည်း၊ နောင်အခါ ရဟန်းဂေါတမကို ဤပြဿနာသုံးပါးတို့၌ ယုံမှားသက်ကိုမမေးရသောကြောင့် နှလုံးမသာသည်ဖြစ်ရာ၏၊ ထိုနှလုံးမသာခြင်းသည် မဖြစ်စေသတည်းဟုကြံ၍ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူရာ ညောင်စောင်း၌ လျောင်းသောညဥ့် သန်းခေါင်ယံ ဝင်သောအခါမှ လာ၍ အရှင်အာနန္ဒာ မြစ်သည် ရှိသော် အာနန္ဒာ…သုဘဒ်ကိုမမြစ်ပေလင့်၊ ဝင်၍ပြဿနာမေးပါစေဟုခွင့်ပြုတော်မူသောကြောင့် တင်းတိမ်တွင်းသို့ဝင်၍ ညောင်စောင်းအောက်၌နေ၍ အိုရှင်ရဟန်း…အသို့နည်း၊ ကောင်းကင်ပြင်၌ ရှင်ရဟန်းတို့၏ ခြေရာမရှိလော၊ ရှင်ရဟန်းတို့၏ သာသနာတော်အပ၌ ရဟန်းသည်မရှိလော၊ သင်္ခါရအပေါင်းတို့သည် တဏှာ, မာန, ဒိဋ္ဌိဟူသော ပပဉ္စတရား၌ မွေ့လျော်ကုန်၏၊ လာခြင်းကောင်းသောဘုရားတို့သည် ပပဉ္စတရား၌ မမွေ့လျော်ကုန်လော၊ ဤသို့သောပြဿနာကို ဘုရားအား သုဘဒ်မေးသောကြောင့်—

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။ ။

ဟူသောသုဘဒ်၏အမေးသုံးပါးတွင် အဖြေတပါးစွက်၍အဖြေလေးပါး ဂါထာကိုဟောတော်မူသောအဆုံး၌ သုဘဒ်သည် အနာဂါမိဖိုလ်၌တည် လေ၏-ဟူ၍ဆိုကုန်၏။]

ဤသုဘဒ်သည် ရဟန်းပဥ္စင်းအဖြစ်ကို တောင်းသောအခါ၌ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏၊ "သုဘဒ်.... တိတ္ထိဖြစ်ဘူးသော အကြင်သူသည် ဤသုတ်, အဘိဓမ္မာ, ဝိနည်း၌ ရဟန်းပဥ္စင်းအဖြစ်ကို အလိုရှိ၏၊ ထိုတိတ္ထိဖြစ်ဘူးသောသူသည် လေးလပတ်လုံး ပရိဝါသ်နေရ၏၊ လေးလလွန်သဖြင့် နှစ်သက်သော စိတ်ရှိကုန်သော ရဟန်းတို့သည် ထိုတိတ္ထိကို ရဟန်းဖြစ်စေခြင်းငှာ သာမဏေရဟန်းပြုကုန်၏၊ ပဥ္စင်းခံကုန်၏၊စင်စစ်သော်ကား သင်၏ ပုဂ္ဂိုလ်ထူးအဖြစ်ကို ငါသိတော်မူ၏" ဟု မြတ်စွာဘုရားသည်မိန့်တော်မူ၏။

[အနာဂါမိဖိုလ်၌ တည်လေပြီးဖြစ်သောကြောင့်ပင် ပုဂ္ဂိုလ်ထူး၏ အဖြစ်ကို ငါသိ၏-ဟုမိန့်သတည်း။]

ထိုအခါ သုဘဒ်သည် ဤသို့လျှောက်၏၊ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... တိတ္ထိ ဖြစ်ဘူးသောသူသည် ဘုရားသာသနာတော်၌ ရဟန်း ပဥ္စင်းအဖြစ်ကို အလိုရှိ၍ လေးလ ပရိဝါသ်နေရသော်ကား အကျွန်ုပ်သည်လေးနှစ်ပရိဝါသ်နေပါအံ့၊ လေးနှစ်လွန်သဖြင့် အကျွန်ုပ်သည် နှစ်သက်စေအပ်ပြီးသော စိတ်ရှိကုန်သော ရဟန်းတို့သည် အကျွန်ုပ်ကို ရဟန်းဖြစ်စေခြင်းငှာ သာမဏေပြုပါစေကုန်၊ ပဥ္စင်းခံပါစေကုန်သတည်း"ဟု လျှောက်၏၊ ထိုရောအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "အာနန္ဒာ.... သုဘဒ်ရဟန်းပြုပါလိုသည် ဟူရကား သင်တို့သည် သုဘဒ်ကိုရဟန်းပြုကုန်"ဟု မိန့်တော်မူ၏၊ အရှင်အာနန္ဒာသည်လည်း "ကောင်းပါပြီအရှင်ဘုရား"ဟုမြတ်စွာဘုရား၏စကားတော်ကိုဝန်ခံ၏။

ထိုရောအခါ သုဘဒ်ပရိဗိုဇ်သည် အရှင်အာနန္ဒာကို ဤသို့ဆို၏၊ "ငါ့ရှင်အာနန္ဒာ....အကြင်အရှင်တို့သည် ဤသာသနာတော်၌မြတ်စွာဘုရားမျက်မှောက်တော်မှ အန္တေဝါသိက အဘိသိက်ဖြင့် အဘိသိက်သွန်းခြင်းကိုရအပ်ကုန်၏၊ ထိုအရှင်တို့သည် အရတော်စွ၊ သင်တို့အား ကောင်းသောရခြင်းတည်း"ဟုဆို၏၊ထိုရောအခါ အရှင်အာနန္ဒာသည်

မိမိ၏ကရားမှ ရေဖြင့် သုဘဒ်၏ ဦးခေါင်းကို ဆွတ်၍ တစပဥ္စက ကမ္မဋ္ဌာန်းကိုကြား၍ ဆံမုတ်ဆိတ်တို့ကိုပယ်၍ ဖန်ရည်ဆိုးသောသင်္ကန်း တို့ကို ဝတ်စေ၍ သရဏဂုံကိုပေး၍ မြတ်စွာဘုရား၏ အထံတော်သို့ ဆောင်ခဲ့၏၊မြတ်စွာဘုရားသည်သုဘဒ်ကိုပဉ္စင်းပြုစေတော်မူ၍ကမ္မဋ္ဌာန်း ကို ကြားတော်မူ၏။

သုဘဒ်ပရိဗိုဇ်သည် မြတ်စွာဘုရားအထံ၌ သာမဏေရဟန်းအဖြစ်, ပဉ္စင်းအဖြစ်ကိုရလေပြီ၊ ပဉ္စင်းအဖြစ်သို့ရောက်၍ မကြာမြင့်မီ အရှင် သုဘဒ်သည် အင်္ကြင်းဥယျာဉ်၏ တခုသောအစွန်း၌ ဆိတ်ငြိမ်ရာသို့ ကပ်၍ စင်္ကြံသွားလျက် စေ့ဆော်လျက် လုံ့လပြုလျက် မမေ့မလျော့ ခြိုးခြံသောလုံ့လရှိသည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ ဝိပဿနာကိုပွားစေ၍ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ် သို့ရောက်လေ၏၊ ရဟန္တာအဖြစ်သို့ရောက်ပြီးသော် မြတ်စွာဘုရားအထံ သို့လာ၍ ရှိသေစွာရှိခိုးလျက် နေ၏၊ ဤအရှင်သုဘဒ်သည် မြတ်စွာ ဘုရားသက်တော်ထင်ရှားရှိစဉ်ကာလ အဆုံးစွန်သော မျက်မှောက်ဖြစ် သော တပည့်ရဟန္တာတည်း၊ မြတ်စွာဘုရားသည် ညဉ့်ဦးယံ၌ မလ္လာ မင်းတို့အား တရားဟောတော်မူ၍ သန်းခေါင်ယံ၌ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူ၍ တရားဟောရွတ် ကယ်ချွတ်တော်မူသတည်း။

### သုဘဒ္ဒထေရ်၏ရှေးအကြောင်း

ဤသို့သော ဥပနိဿယနှင့်ပြည့်စုံသော သုဘဒ်သည် မြတ်စွာ ဘုရားကို ပဌမဗောဓိ, ဒုတိယဗောဓိ, တတိယဗောဓိအားဖြင့် သုံးပါးသော ဗောဓိပတ်လုံး ဖူးမြင်ခြင်းငှာ မရောက်ပါမူ၍ တတိယဗောဓိ၏အဆုံးဖြစ်သော ဥပဝတ္တန အင်္ကြင်းတော၌ ပရိနိဗ္ဗာန်ပြုတော့အံ့-ဟုပရိနိဗ္ဗာန်ပြုရာညောင်စောင်း၌လျောင်း သောအခါမှသာလျှင် အဘယ့်ကြောင့် ရောက်ရလေသနည်း ဟူတုံအံ့—

ဤအရှင်သုဘဒ်အလောင်းနှင့် ပဉ္စဝဂ္ဂီငါးယောက်တို့တွင် အကြီး ရှင်ကောဏ္ဍညအလောင်းသည် ကောင်းမှုပြုကြသောအခါ၌ ညီနောင် ဖြစ်ကုန်၏၊ ထိုညီနောင်တို့သည် တပေါင်းတည်း လယ်လုပ်ကြကုန်၏၊

ထိုညီနောင်တို့တွင် ကောဏ္ဍညအလောင်း အစ်ကိုသည် တခုသော ကောက်၌ ကိုးကြိမ်အဦးအလှူကို ငါသည်ပေးအပ်၏-ဟု ကြံ၏၊ ထိုအစ်ကိုသည် မျိုးကြဲသောအခါ၌ ဗီဇဂ္ဂ-ဟူသော အလှူကိုပေးပြီး၍ ဖုံးသောအခါ၌ ညီကိုတိုင်ပင်၏၊ ညီငယ်သည် ကောက်ပင်ဖုံးလွှမ်းသော အခါ၌အဖုံးကိုခွဲ၍လှူအံ့ဟူ၍နုသောကောက်ကို ဖျက်ဆီးလိုသလော-ဟု ဆို၏၊ အစ်ကိုမဟာကာလသည် ညီစူဠကာလ၏ မိမိအလိုသို့မလိုက် သောအဖြစ်ကို သိ၍ လယ်ကို ခွဲဝေပြီးလျှင် မိမိအဘို့မှကောက်ဖုံးကို ခွဲ၍ နို့ရည်ကိုထုတ်၍ထောက်ပတ်ဆီဦးနှင့်ယှဉ်၍လှူ၏၊ မုန့်ဆန်းစားကောင်း သောအခါ၌ မုန့်ဆန်းလုပ်၍လှူ၏၊ရိတ်သောအခါ လာယနဂ္ဂ-ဟူ၍ လှူ၏၊ ကောက်လှိုင်းစည်းသောအခါ ဝေဏဂ္ဂ-ဟူ၍ လှူ၏၊ ဤသို့စသည်ဖြင့် ကလာပဂ္ဂ, ခလဂ္ဂ, ဘဏ္ဍဂ္ဂ,ကောဋ္ဌဂ္ဂ အားဖြင့် တခုသော ကောက်၌ ကိုးကြိမ်အဂ္ဂဒါနကိုလှူ၏။

ညီစူဠကာလမှကား တလင်းမှထုတ်၍လှူ၏၊ထိုညီနောင်နှစ်ယောက် တို့တွင် အစ်ကိုအကြီးသည်ငါတို့ဘုရားလက်ထက်တော်၌ ကောဏ္ဍည ထေရ်ဖြစ်လာ၏၊ မြတ်စွာဘုရားသည် အဘယ်သူ့အား တရားဦးကို ငါဟောရအံ့နည်း-ဟု ကြည့်တော်မူသော် ဤကောဏ္ဍညသည် တရား ဦးကိုနာလိုသောကြောင့် တခုသောကောက်၌ ကိုးကြိမ်အဦးပေးလှူ၏၊ ကောဏ္ဍညအား တရားဦးကိုဟောအံ့-ဟုကြံတော်မူ၍ ဟောတော်မူ၏၊ ကောဏ္ဍညထေရ်သည် တဆယ့်ရှစ်ကုဋေသော ဗြဟ္မာတို့နှင့် တကွ သောတာပတ္တိဖိုလ်၌တည်၏၊ ညီစူဠကာလသည်ကား နောက်မှ အလှူ ကိုပေးသောကြောင့် ကျန်ရစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုအံ့သော အခါ၌ မြတ်စွာဘုရားအား ဖူးမြင်လိုသည်ဖြစ်၍ရောက်၏၊ဤသန်းခေါင် ယံ၌ သုဘဒ်ကို တရားဟောတော်မူ၏။

---

## ၂၅၇။ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူခြင်း
### ရှင်အာနန္ဒာအားမှာကြားတော်မူခြင်း

အရှင်သုဘဒ်အကျွတ်တရားရပြီးသောအခါ၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ ဆို၏၊ "ချစ်သား အာနန္ဒာ....သင်တို့အား မြတ်စွာဘုရား၏စကားတော်သည်လွန်ပြီ၊ ငါတို့အားဆရာသည် မရှိပြီ-

ဟု စိတ်သည်ဖြစ်ရာ၏၊စင်စစ်သော်ကား အာနန္ဒာ····ဤအကြောင်းကို ဤသို့မမှတ်အပ်၊ချစ်သား အာနန္ဒာ····သင်တို့အား အကြင်သုတ်,အဘိဓမ္မာကိုငါဟောအပ်ပြီ၊ အကြင်ဝိနည်းဘုရားကို ငါပညတ်အပ်ပြီ၊ ထိုသုတ်,အဘိဓမ္မာ,ဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ဆရာတည်း၊ ချစ်သားအာနန္ဒာ····သစ္စာလေးပါးတရားကို သိသည်မှစ၍ ပရိနိဗ္ဗာန်ပြုသည်တိုင်အောင် လေးဆယ့်ငါးဝါတို့ပတ်လုံး ငါဟောပြောအပ်သော တရားတော်သည် ပိဋကတ်အားဖြင့် သုတ္တန်ပိဋကတ်,ဝိနည်းပိဋကတ်, အဘိဓမ္မာပိဋကတ်-ဟူ၍ သုံးပါး၊နိကာယ်အားဖြင့်ဒီဃနိကာယ်,မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်-ဟူ၍ ငါးပါး၊ အင်္ဂါအားဖြင့်သုတ္တ, ဂေယျ,ဂါထာ, ဝေယျာကရဏ,ဉဒါန, ဣတိဝုတ္တက,ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ-ဟူ၍ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း,လေးထောင်တို့သည်ရှိကုန်၏။

ငါတယောက်တည်းသာလျှင် ပရိနိဗ္ဗာန်ပြုလေအံ့၊ ယခုအခါငါတယောက်တည်းသာလျှင်သင်တို့ကိုဆုံးမ၏၊ငါပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓမ္မက္ခန္ဓာရှစ်သောင်း,လေးထောင်ဟုဆိုအပ်သော ဘုရားရှစ်သောင်း, လေးထောင်တို့သည် သင်တို့ကိုဆုံးမရစ်လတ္တံ့.''ဟုမိန့်တော်မူပြီး၍''ချစ်သား အာနန္ဒာ····ယခုအခါ၌ ရဟန်းတို့သည် တယောက်သည် တယောက်ကို ငါ့အရှင်-ဟု ခေါ်ဝေါ်ပြောဆိုကုန်သကဲ့သို့ ထို့အတူ ငါလွန်သဖြင့် သင်တို့သည်မပြောဆိုအပ်၊ ချစ်သား အာနန္ဒာ····သီတင်းကြီးဖြစ်သောရဟန်းသည် သီတင်းငယ်သောရဟန်းကို တိဿ,ဒတ္တ-စသော အမည်ဖြင့်သော်၎င်း၊ ကဿပ,ကစ္စာယန-စသောအနွယ်ဖြင့်သော်၎င်း၊ ငါ့အရှင်-ဟူသော အာဝုသောဝါဒဖြင့်သော်၎င်း ပြောဆိုခေါ်ဝေါ်အပ်၏၊သီတင်းငယ်ရဟန်းသည်သီတင်းကြီးရဟန်းကိုဘန္တေ-ဟူ၍သော်၎င်း, အာယသ္မာ-ဟူ၍သော်၎င်း ခေါ်ဝေါ်ပြောဆိုအပ်၏။

အာနန္ဒာ··ငါလွန်သဖြင့်သံဃာသည် အလိုရှိသည်ရှိသော် ငယ်သော သိက္ခာပုဒ်တို့ကိုနုတ်စေရာ၏၊ချစ်သား အာနန္ဒာ··ငါလွန်သဖြင့် သံဃာသည် ဆန္ဒအမည်ရှိသော ရဟန်းအားဗြဟ္မဒဏ်ကိုပေးအပ်၏''ဟု မိန့်တော်မူ၏၊ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား ဗြဟ္မဒဏ်-ဟူသည်

အဘယ်သို့နည်း''ဟု အရှင်အာနန္ဒာလျှောက်သော်''အာနန္ဒာ....ဆန္ဒ ရဟန်းသည် အကြင်စကားကိုဆိုခြင်းငှာအလိုရှိ၏၊ ထိုစကားကို ဆိုစေရာ၏၊ ထိုဆန္ဒရဟန်းကို ရဟန်းတို့သည် မဆိုအပ်၊ မဆုံးမအပ်၊ အဘန်တလဲလဲ မဆုံးမအပ်''ဟု မိန့်တော်မူ၏။

ဤသို့မိန့်တော်မူပြီးသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ဆို၏၊ ''ချစ်သား ရဟန်းတို့....ဘုရား၌ဖြစ်စေ,တရား၌ဖြစ်စေ, သံဃာ၌ဖြစ်စေ, မဂ်၌ဖြစ်စေ, မဂ်ရကြောင်းအကျင့်၌ဖြစ်စေ တယောက်သော ရဟန်းအားမျှလည်း ယုံမှားခြင်းသည်ဖြစ်အံ့၊ သင်တို့သည် မေးလိုက်ကုန်၊ ချစ်သားရဟန်းတို့....သင်တို့အား နောင်အခါ၌ နှလုံးမသာ မဖြစ်ပါစေကုန်လင့်၊ မြတ်စွာဘုရားသည်ငါတို့မျက်မှောက်ဖြစ်ပါလေ၏၊ ငါတို့သည်မြတ်စွာဘုရားကို မျက်မှောက်၌ မေးလိုက်အံ့သောငှာ မတတ်နိုင်ချေကုန်-ဟု နောင်အခါနှလုံးမသာ မဖြစ်ပါစေကုန်လင့်''ဟု မိန့်တော်မူ၏၊ ဤသို့မိန့်တော်မူသော် ရဟန်းတို့သည် ဆိတ်ဆိတ်နေကုန်၏။

နှစ်ကြိမ်မြောက်ဖြစ်စေ, သုံးကြိမ်မြောက်ဖြစ်စေ မြတ်စွာဘုရားသည် ''ချစ်သားရဟန်းတို့....တယောက်သောရဟန်းအားမျှလည်း ဘုရား၌, တရား၌, သံဃာ၌, မဂ်၌,အကျင့်၌ယုံမှားသက်ာရှိသည်ဖြစ်အံ့၊ ချစ်သား ရဟန်တို့....ငါဘုရားကို မေးလျှောက်ပါကုန်၊ ငါမရှိပြီးသော နောင်အခါ၌ ငါတို့အားမြတ်စွာဘုရားကို မျက်မှောက်မှီလိုက်ပါ၏၊ ငါတို့သည်မြတ်စွာဘုရားကိုမေးလျှောက်လိုက်အံ့သောငှာ မတတ်နိုင်ကုန်-ဟူ၍ နှလုံးမသာ မဖြစ်ရစ်စေကုန်လင့်''ဟု မိန့်တော်မူ၏၊ ဤသို့မိန့်တော်မူသော် သုံးကြိမ်မြောက်ဖြစ်စေ ရဟန်းတို့သည် ဆိတ်ဆိတ်သာလျှင် နေကုန်၏။

ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ဆို၏၊ ''ချစ်သားရဟန်းတို့....ငါဘုရားအား ရိုသေသဖြင့် မမေးကုန်သည်ဖြစ်ငြားအံ့၊ချစ်သား ရဟန်းတို့....အဆွေခင်ပွန်း ရဟန်းတယောက်သည် အဆွေခင်ပွန်း ရဟန်းတယောက်အား ကြားလော၊ ငါသည်ထိုရဟန်းအားကြားအံ့၊ ထိုရဟန်း၏စကားကိုကြား၍ အလုံးစုံသော ရဟန်းတို့

သည် ယုံမှားမရှိကုန်သည်ဖြစ်လတ္တံ့''ဟု မိန့်တော်မူ၏၊ထိုသို့မိန့်တော်မူသော်လည်း ရဟန်းတို့သည် ဆိတ်ဆိတ်သာနေကုန်၏၊ထိုရောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို၍သို့လျှောက်၏၊ ''ဘုန်းတော်ကြီးသောရှင်ပင်ဘုရား....အံ့ဘွယ်ရှိစွ၊မဖြစ်ဘူးမြဲတကား၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ဤရဟန်းသံဃာ၌ အကျွန်ုပ်သည် ဤသို့ကြည်ညို၏၊ ဤရဟန်းသံဃာ၌ တယောက်သောရဟန်းအားမျှလည်း ဘုရား၌,တရား၌,သံဃာ၌,မဂ်၌,အကျင့်၌ ယုံမှားခြင်းသည်မရှိပေ-ဟူ၍ ကြည်ညို၏''ဟုလျှောက်၏။

မြတ်စွာဘုရားသခင်သည် ဤသို့မိန့်တော်မူ၏၊''ချစ်သား အာနန္ဒာ.. သင်သည် ယုံမှားကင်းသော မျက်မှောက်ပြုတတ်သော ဉာဏ်ရှိ၍သာလျှင် ကြည်ညို၏၊ ဤသို့ကြည်ညိုခြင်း၌ ငါဘုရားအား ယုံကြည်ကာမျှသာ မဟုတ်၊ အာနန္ဒာ....ဤရဟန်းသံဃာ၌ တယောက်သောရဟန်းအားမျှလည်း ဘုရား, တရား, သံဃာ, မဂ်, အကျင့်တို့၌ ဘုရားဟုတ်သလော- မဟုတ်သလော၊ တရားဟုတ်သလော- မဟုတ်သလော၊ သံဃာဟုတ်သလော- မဟုတ်သလော၊ မဂ်ဟုတ်သလော- မဟုတ်သလော၊ အကျင့်ဟုတ်သလော- မဟုတ်သလော-ဟု ယုံမှားခြင်းသည် မရှိ၊ချစ်သား အာနန္ဒာ....ဤတင်းတိမ်တွင်း၌ရှိကုန်သောရဟန်းတို့တွင် အကြင်ရဟန်းသည် ကျေးဇူးဂုဏ်အားဖြင့် အလုံးစုံအောက်ငယ်၏၊ ထိုရဟန်းသည် သောတာပန်လျှင်တည်း၊ မပျက်စီးသော သဘောရှိ၏၊ မြဲသောဂတိရှိ၏၊ သစ္စာလေးပါးတရားလျှင် လည်းလျောင်းရာရှိ၏''ဟု အရှင်အာနန္ဒာကိုရည်၍ မိန့်တော်မူ၏။

### နောက်ဆုံးဩဝါဒ

ထိုရောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။

> ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ဝယဓမ္မာ သင်္ခါရာ
> အပ္ပမာဒေန သမ္ပာဒေထ။

ဟူ၍ မိန့်တော်မူ၏၊ ဤစကားတော်သည်ကား အဆုံးစွန်ရဟန်းတို့အား အဆုံးအမပေးသော စကားတော်တည်း။

**အနက်**။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်တို့ကို။ အာမန္တယာမိ၊ ကြားမှာတော်မူခဲ့၏။ **သင်္ခါရာ**၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သော သဘောရှိကုန်၏။ ဝေါ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကြကုန်လော့။

## ငါးပါးသောမိဋ္ဌာန် ပြုတော်မူခြင်း

ဤသို့ရဟန်းတို့အား ကြားမှာတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၍ နောင်သာသနာတော် တည်မည့်အရပ်ကို ဆင်ခြင်တော်မူသော် လာလတိုင်း သီဟပုရပြည်မှသီဟဗာဟုမင်း၏သား ဝိဇယဗာဟုသည် အသည်ကျွန် ခုနစ်ရာတို့နှင့်တကွ ယခုည လင်္ကာဒီပကျွန်းသို့ ရောက်ပြီး၊ သီဟိုဠ်ကျွန်း၌ လူနေတည်ထောင်ပြီ၊ ငါပရိနိဗ္ဗာန်လွန်သောနောက် နှစ်ရာ့သုံးဆယ့်ခြောက်နှစ်ရှိသောအခါ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်း၏သား အရှင်မဟိန္ဒသည် သာသနာတော်ကိုပြုသောအခါ၌ ငါ့ မဟာဗောဓိဒက္ခိဏသာခါနှင့် လက်ျာမြှပ်ရိုးတော်, တစ္ဆက်မျှသော ဓာတ်တော်တို့ကိုဆောင်၍ သီဟိုဠ်ကျွန်း၌ ဌာပနာလတ္တံ့-ဟု မြင်တော်မူသဖြင့် **ငါးပါးသောမိဋ္ဌာန်ခြင်း** တို့ကို မိဋ္ဌာန်တော်မူ၏၊ ငါးပါးဟူသော်ကား—

၁။ လင်္ကာဒီပကျွန်း၌ငါ၏မဟာဗောဓိတည်စေခြင်းငှာ ဓမ္မာသောကမင်းကြီးသည် မဟာဗောဓိကိုဆောင်အံ့သောငှာ လာလတ္တံ့၊ ထိုရောအခါ မဟာဗောဓိပင်၏ ဒက္ခိဏသာခါသည် အလိုလိုကျ၍ ရွှေဖျဉ်း၌တည်စေသတည်း၊ ဤသည်လည်းတပါး,

၂။ ထိုရွှေဖျဉ်း၌တည်သောအခါ မဟာဗောဓိခက်သည် ရွှေဖျဉ်းနှင့်တကွ ဆီးနှင်း,တိမ်တိုက်သို့ဝင်၍ တည်စေသတည်း၊ဤသည် လျှင်နှစ်ခုမြောက်,

၃။ ဆီးနှင်း,တိမ်တိုက်မှသက်၍ ရွှေဖျဉ်း၌တည်လျက် အရွက်တို့မှ ၎င်း,အရိုးတို့မှ၎င်း ရောင်ခြည်တော်ခြောက်သွယ် လွှတ်စေသတည်း-ဟု မိဋ္ဌာန်တော်မူ၏၊ ဤသည်လျှင် သုံးခုမြောက်,

၄။ ထုပါရုံ၌ လက်ျာမြွပ်ရီးတော်ကို ဌာပနာသောနေ့၌ ယမိုက်ပြာ ဋိဟာပြစေသတည်း-ဟု မိဋ္ဌာန်တော်မူ၏၊ ဤသည်လျှင် လေးခု မြောက်,

၅။ တစရွတ်သောဓာတ်တော်တို့ကို မဟာစေတီ၌ ဌာပနာသော နေ့၌ ဘုရား၏အသွင်ကိုယူ၍ ကောင်းကင်သို့ပျံတက်၍ ယမိုက် ပြာဋိဟာပြစေသတည်း-ဟု မိဋ္ဌာန်တော်မူ၏၊ဤသည်လျှင် ငါး ခုမြောက်။

ဤငါးပါးသော မိဋ္ဌာန်ခြင်းတို့ကို မိဋ္ဌာန်တော်မူ၍ ပဌမဈာန်ကို ဝင်စားတော်မူ၏။

### ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ပဌမဈာန်မှထ၍ ဒုတိယဈာန်ကိုဝင်စားတော်မူ၏၊ဒုတိယဈာန်မှထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏၊ တတိယဈာန်မှထ၍ စတုတ္ထဈာန် ကိုဝင်စားတော်မူ၏၊စတုတ္ထဈာန်မှထ၍ အာကာသာနဉ္စာယတနဈာန် ကိုဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတနဈာန်မှထ၍ ဝိညာဏဉ္စာ ယတနဈာန်ကိုဝင်စားတော်မူ၏၊ ဝိညာဏဉ္စာယတနဈာန်မှထ၍ အာ ကိဉ္စညာယတနဈာန်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနဈာန်မှ ထ၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားတော်မူ၏၊ နေဝ သညာနာသညာယတနဈာန်မှထ၍ သညာဝေဒယိတနိရောဓသမာ ပတ်ကို ဝင်စားတော်မူ၏၊ ထိုကိုးခုမြောက် သမာပတ်ကို ဝင်စား တော်မူသောအခါ၌ အရှင်အာနန္ဒာသည် အရှင်အနုရုဒ္ဓါကို ဤသို့ လျှောက်၏၊"အရှင်ဘုရား အနုရုဒ္ဓါ....မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုချေတော်မူပြီလော" ဟုလျှောက်၏၊ "ငါ့ရှင်အာနန္ဒာ....မြတ်စွာ ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မမူသေး၊ သညာဝေဒယိတနိရောဓသမာ ပတ်ကို ဝင်စားတော်မူသည်"ဟု မိန့်တော်မူ၏။

ထိုရောအခါ မြတ်စွာဘုရားသည် သညာဝေဒယိတနိရောဓသမာ ပတ်မှထ၍ နေဝသညာနာသညာယတနသမာပတ်ကိုဝင်စား၏၊ နေဝ သညာနာသညာယတန သမာပတ်မှထ၍ အာကိဉ္စညာယတနသမာ ပတ်ကို ဝင်စားတော်မူ၏၊ အာကိဉ္စညာယတနသမာပတ်မှထ၍

ဝိညာဏဉ္စာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ဝိညာဏဉ္စာယတနသမာပတ်မှထ၍ အာကာသာနဉ္စာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ အာကာသာနဉ္စာယတနသမာပတ်မှထ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏၊ တတိယဈာန်မှထ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏၊ ဒုတိယဈာန်မှထ၍ ပဌမဈာန်ကိုဝင်စားတော်မူ၏၊ ပဌမဈာန်မှထ၍ ဒုတိယဈာန်ကို ဝင်စားတော်မူ၏၊ ဒုတိယဈာန်မှထ၍ တတိယဈာန်ကို ဝင်စားတော်မူ၏၊ တတိယဈာန်မှထ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ စတုတ္ထဈာန်မှထ၍ စတုတ္ထဈာန်၌ရှိသောအင်္ဂါကို ဆင်ခြင်တော်မူသောပစ္စဝေက္ခဏာဇော၏အခြားမဲ့၌ မဟာဝိပါက် သောမနဿသဟဂုတ်ဉာဏသမ္ပယုတ်ဘဝင်စိတ်-ဟု ဆိုအပ်သော အဗျာကတဖြစ်သော ဒုက္ခသစ္စာဖြင့်ချုပ်ခြင်းကို ပြုတော်မူ၏။

ဤသို့ဈာန်ဝင်စားတော်မူရာ၌ အသုဘဆယ်ပါး, ဒွတ္တိံသာကာရ, အောက်ကသိုဏ်းရှစ်ပါး,မေတ္တာ, ကရုဏာ,မုဒိတာ, အာနာပါနဿတိ, ပရိစ္ဆေဒါကာသ၊ ဤနှစ်ဆယ့်လေးပါးသော တရားတို့၌ ပဌမဈာန်ကိုဝင်စားတော်မူ၏၊ဤနှစ်ဆယ့်လေးပါးတို့တွင်အသုဘဆယ်ပါး, ဒွတ္တိံသာကာရကိုထား၍ ကြွင်းသောတဆယ့်သုံးပါးသော အရာတို့၌ ဒုတိယဈာန်ကိုဝင်စား၏၊ ထို့အတူတတိယဈာန်ကို တဆယ့်သုံးပါးသော အရာတို့၌ပင် ဝင်စား၏၊ကသိုဏ်းရှစ်ပါး, ဥပေက္ခာဗြဟ္မဝိဟာရ, အာနာပါန, ပရိစ္ဆေဒါကာသ၊ ဤတဆယ့်တပါးသော အရာတို့၌ စတုတ္ထဈာန်ကို ဝင်စား၏၊ ဤသို့အစရှိသောအားဖြင့် တရား၏အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အရပ်တပါးသို့ သွားလိုသောသူသည် ဆွေမျိုးသားချင်းအပေါင်းကိုလည်၍ဘက်၍ သွားလေသကဲ့သို့ ကုဋေတသိန်းနှင့် နှစ်ဆယ့်လေးကုဋေ အရေအတွက်ရှိသော အလုံးစုံသော သမာပတ်တို့ကို ဝင်စား၍ သမာပတ်ချမ်းသာကို အဘန်တလဲလဲ ခံစား၍ ဘိုးတော်အဥ္စနမင်းနှင့် ဒေဝိလရှင်ရသေ့ တိုင်တပင်ပြု၍ ထားအပ်သော သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့်အင်္ဂါနေ့,ညဥ့်,မိုးသောက်ယံအခါ ရောင်ဖြူမလာမီတွင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

---

## ၂၅၈။ ပရိနိဗ္ဗာန်စံယူတော်မူသည်နှင့်တပြိုင်နက် သံဝေဂ-ဂါထာရွတ်တော်မူကြခြင်း

ပရိနိဗ္ဗာန်ပြုတော်မူသောအခါ၌ ကြဝဠာတသောင်းတိုက်အပေါင်း၌ ကြောက်မက်ဘွယ်ရှိသော ပြင်းစွာမြေကြီးတုန်လှုပ်ခြင်းသည် ဖြစ်၏၊ ကြက်သီးမွေးညင်း ထခြင်းတို့သည်ဖြစ်ကုန်၏၊ မိုဃ်းမရွာဘဲ စင်ကြယ်ကောင်းကင်တိမ်မှောင်စင်လျက်နှင့် ပြင်းစွာထစ်ကြိုးမြည်၏၊ လျှပ်စစ်နွယ်တို့သည် ပြိုးပြိုးပြက်ထွက်ကုန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့်တပြိုင်နက် သဟံပတိဗြဟ္မာ ဤဂါထာကိုရွတ်၏။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယထာ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော‌ံတိ။

အနက်။ ။လောကေ၊လောကသုံးပါး၌။အပ္ပဋိပုဂ္ဂလော၊တုဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်ပေထသော။ တထာဂတော၊ ကောင်းသောလာခြင်းရှိထသော။ ဗလပ္ပတ္တော၊ဒသဗလဉာဏ်တည်းဟူသောအားနှင့်ပြည့်စုံတော်မူထသော။ သတ္ထာ၊ လူ,နတ်တို့ဆရာဖြစ်တော်မူထသော။ သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားတို့ကို သိတော်မူပြီးထသော။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူရသော။ ဧတာဒိသော ယထာ၊ဤသို့ဆိုအပ်ပြီးသော ဂုဏ်နှင့်ပြည့်စုံသော သဘောရှိသော ရှင်ဂေါတမ ဘုရားကဲ့သို့။ လောကေ၊ လောက၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘူတာ၊ သတ္တဝါတို့သည်။ သမုဿယံ၊သုံးရာသော အရိုးတို့ဖြင့်ဆောက်အပ်သောခန္ဓာကိုယ်ကို။ နိက္ခိပိဿန္တိ၊ မြေ၌ပစ်ချရကုန်လတ္တံ့။

ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့်တကွ သိကြားမင်းသည်—

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

ဟူသောဂါထာကိုရွတ်၏၊ ပရိနိဗ္ဗာန်ယူတော်မူသည်နှင့်တကွ အရှင်အနုရုဒ္ဓါ ဤဂါထာကိုရွတ်၏။

နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရိ မုနိ။ ။
အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။ ။

**အနက်။** ။အနေဇော၊ ဧဇာ-ဟုဆိုအပ်သော တဏှာကင်းပြီး ထသော။ ယောမုနိ၊ အကြင်မြတ်စွာဘုရားသည်။ သန္တိံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ရည်၍။ ယံကာလံ၊ အကြင်သေခြင်းကို။ အကရိ၊ ပြုတော်မူပြီ။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။အသလ္လီနေန၊ တွန့်တိုခြင်းမရှိသော။ စိတ္တေန၊ စိတ်ဖြင့်။ ဝေဒနံ၊ ဝေဒနာကို။ အဇ္ဈဝါသယိ၊ သည်းခံတော်မူပြီ။ ဌိတစိတ္တဿ၊တည်ကြည်သောစိတ်ရှိသော။ တာဒိနော၊ သည်းခံခြင်းနှင့်ပြည့်စုံတော်မူသော။ တဿ၊ ထိုမြတ်စွာဘုရားအား။ အဿာ-သပဿာသော၊ ထွက်သက်,ဝင်သက်သည်။ နာဟု၊ မဖြစ်ပြီ။ ပဇ္ဇော-တဿ၊ ဆီမီး၏။ နိဗ္ဗာနံဣဝ၊ ငြိမ်းခြင်းကဲ့သို့။ စေတသော၊ စိတ်၏။ ဝိမောက္ခော၊လွတ်ခြင်းသည်။ အဟု၊ ဖြစ်ပြီ။

ပရိနိဗ္ဗာန်ပြုသည်နှင့်တကွ အရှင်အာနန္ဒာ ဤဂါထာကို ရွတ်၏။
တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ။
သဗ္ဗာကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။ ။

**အနက်။** ။သဗ္ဗာကာရဝရူပေတေ၊အလုံးစုံသောမြတ်သောအခြင်း အရာနှင့်ပြည့်စုံတော်မူထသော။ သမ္ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ပရိ-နိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ တဒါ၊ ထိုအခါ၌။ ယံဘိံ-သနကံ၊ အကြင်ကြောက်မက်ဘွယ်သော မြေကြီး၏တုန်လှုပ်ခြင်းသည်။ အာသိ၊ ဖြစ်၏။ တဒါ၊ ၌။ ယံလောမဟံသနံ၊ အကြင်ကြက်သီး မွေး ညင်းထခြင်းသည်။ အာသိ၊ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်ရှိသော် ထိုပရိနိဗ္ဗာန် ပြုတော်မူရာအရပ်၌ အကြင်ပုထုဇဉ်,သောတာပန်,သကဒါဂါမိရဟန်း တို့သည်ရှိကုန်၏၊ ထိုရဟန်းတို့သည် လက်မောင်းတို့ကို မြှောက်ကုန်၍ ''အလွန်လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အလွန်လျင်စွာ လာခြင်းကောင်းသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခဲ့ပြီ၊ အလွန်

လျင်စွာ မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ကွယ်ခဲ့ပြီ''ဟု မြည်တမ်းဆို၍ငိုကုန်၏၊ပြတ်သောခြေရှိကုန်သကဲ့သို့လည်း ကုန်၏၊ထိုလည်းရာ၌လူးလည်းကုန်၏၊ ထိုမှ,ဤမှ ပြောင်းပြီးပြောင်းပြန် လှန်၍လူးလည်းကုန်၏၊ အကြင်ရဟန်းတို့သည် အနာဂါမ်ဖြစ်ကုန်၏၊ ရဟန္တာဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် သတိရှိကုန်သည်ဖြစ်၍ အဆင် အခြင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍ သင်္ခါရတရားတို့သည် စင်စစ်အားဖြင့် အမြဲမရှိကုန်၊ ဤသင်္ခါရတရားတို့၌အမြဲတည်ခြင်းကို အဘယ်မှာရကုန် အံ့နည်း-ဟု နှလုံးသွင်း၍ သည်းခံကုန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကိုခေါ်၍ ဆိုတော်မူ၏၊ ''ငါ့အရှင်တို့··မသင့်မလျောက်ပတ်၊ မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန် လင့်၊ဤသို့သင်္ခါရတရားတို့၏ အမြဲမရှိသောအကြောင်းကိုမြတ်စွာဘုရား သည် ရှေးဦးစွာကပင် ကြားတော်မူအပ်ပြီ၊ အလုံးစုံသာလျှင် ဖြစ်ကုန် သော ချစ်အပ်ကုန်သောသူတို့နှင့် နှစ်လိုအပ်ကုန်သောသူတို့နှင့် အထူး ဖြစ်တတ်သော သဘောရှိ၏၊ ကွေကွင်းတတ်သောသဘောရှိ၏၊ တပါး အပြားဖြင့်ဖြစ်တတ်၏၊ ငါ့အရှင်တို့···· အကြင်သင်္ခါရတရားသည် ဖြစ် တတ်၏၊ ထင်ရှားဖြစ်တတ်၏၊ ပြုပြင်အပ်၏၊ ပျက်စီးတတ်သောသဘော ရှိ၏၊ ဤသင်္ခါရတရားတို့၌ မပျက်မစီးအမြဲတည်သောအဖြစ်ကို အဘယ် မှာရအံ့နည်း၊ အကြင်အကြောင်းဖြင့် ထိုသင်္ခါရတရားသည် မြတ်စွာ ဘုရားအား မပျက်မစီး တည်ကုန်ရာ၏၊ ထိုအကြောင်းသည် မရှိ၊ ငါ့အရှင်တို့····နတ်တို့သည် အရှင်ကောင်းတို့သည်လျက်လည်း မြတ်စွာ ဘုရား လွန်ခြင်း၌ သည်းမခံနိုင်ကုန်ပါမူ သူတပါးတို့ကို အဘယ်သို့သက် သာစေနိုင်ကုန်လတ္တံ့နည်း-ဟု ကဲ့ရဲ့ကုန်၏''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရားအနုရုဒ္ဓါ···မြတ်စွာဘုရား လွန်တော်မူသော် နတ်တို့ သည် အဘယ်သို့ဖြစ်၍ နှလုံးသွင်းကုန်သနည်း''ဟု အရှင်အာနန္ဒာ လျှောက်သော် ''ငါ့အရှင်အာနန္ဒာ····ကောင်းကင်၌မြေအမှတ်ရှိသော နတ်တို့သည် ကောင်းကင်၌ပင် ဆံတို့ကို ဖရိုဖရဲကြဲကုန်၏၊ လက်မောင်း ကိုမြှောက်ကုန်၏၊ အလွန်လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော် မူခဲ့ပြီ၊ အလွန်လျင်စွာ လာခြင်းကောင်းသော မြတ်စွာဘုရားသည်

ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ အလွန်လျင်စွာ ငါးပါးသော မျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လောကဌ်ကွယ်ခဲ့ပြီ-ဟု မြည်တမ်းဆို၍ ငိုကုန်၏၊ ခြေပြတ်သကဲ့သို့ လူးလည်းကုန်၏၊ ခြေကျောက်,လက်တွန့် လူးလည်းကုန်၏၊ မြေ၌သာ မြေအမှတ်ရှိသောနတ်တို့သည် မြေ၌ ဆံတို့ကို ဖရိုဖရဲကြဲကုန်၏၊ လက်မောင်းတို့ကိုမြှောက်၍ အလွန်လျင်စွာ မြတ်စွာဘုရားလွန်ခဲ့ပြီ၊ အလွန်လျင်စွာ လာခြင်းကောင်းသောဘုရားသည်ပရိနိဗ္ဗာန်စံခဲ့ပြီ၊မျက်စိငါးပါးအမြင်ရှိတော်မူသော မြတ်စွာဘုရားကွယ်ခဲ့ပြီ-ဟု မြည်တမ်းကုန်၏၊ ခြေပြတ်သကဲ့သို့ လူးလည်း ကုန်၏၊ ပက်လက် ပြောင်းပြန် လူးလည်းကုန်၏၊ ထိုမှ, ဤမှလူးလည်းကုန်၏၊ ရာဂကင်းကုန်ပြီးသောနတ်တို့သည်ကား ငါ့အရှင်အာနန္ဒာ....သတိရှိကုန်သည်ဖြစ်၍အဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍ သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ဤသင်္ခါရတရားတို့၌ အမြဲတည်သောသဘောကိုအဘယ်မှာ လျှင်ရနိုင်အံ့နည်း-ဟုသည်းခံကုန်၏'' ဟုမိန့်တော်မူ၏။

---

## ၂၅၉။ ပရိနိဗ္ဗာနသတ္တာဟ, စိတကသတ္တာဟတို့ကို ပြခြင်း

### အလောင်းတော်ကို ခုနစ်ရက်တိုင်တိုင်ပူဇော်ခြင်း

ထိုရောအခါ အရှင်အနုရုဒ္ဓါသည်၎င်း, အရှင်အာနန္ဒာသည်၎င်း ရဟန်းတို့အား ''ငါ့အရှင်တို့..လောကသုံးပါး၌ အတုမရှိသောမြတ်စွာဘုရားအားလျက်လည်း ဤသေမင်းသည်မရှက်၊ ဘုရားမှ ကြွင်းသော ငါတို့သူငါ များစွာသော လူအပေါင်းအားကား အဘယ်မှာလျှင် ရှက်ပေလတ္တံ့နည်း''၊ဤသို့အစရှိသော သေခြင်းနှင့်စပ်သော တရားစကားဖြင့် ထိုညဉ့်အကြွင်းကိုလွန်စေကုန်၏၊ တမုဟုတ်မျှဖြင့် အရုဏ်တက်၏၊ ထိုအရုဏ်ကိုမြင်၍ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ဤသို့ဆို၏၊ ''ငါ့အရှင်အာနန္ဒာ....သင်သွားချေ၊ ကုသိနာရုံမြို့တွင်းသို့ဝင်၍ မလ္လာမင်းတို့အားပြောပါချေ၊ ဝါသိဋ္ဌအနွယ်ဖြစ်သော မလ္လာမင်းတို့....မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်တော်မူချေပြီ၊ မြတ်စွာဘုရားသို့ရှေးရှုလာခြင်း၏ အခါကို သင်တို့သည်သိပါကုန်-ဟု ကြားချေ'' ဟုစေ၏၊ အရှင်အာ

နန္ဒာသည် အရှင်အနုရုဒ္ဓါ၏စကားကို"ကောင်းပြီ" ဟုဝန်ခံ၍ နံနက်အခါသင်းပိုင်ကိုဝတ်၍ သပိတ်သင်္ကန်းကိုယူ၍ ကိုယ်တော်ထီးသာ မြို့တွင်းသို့ဝင်လေ၏။

ထိုရောအခါ မလ္လာမင်းတို့သည် ပရိနိဗ္ဗာန်ပြုရာ၌ အဘယ်ကဲ့သို့သော ပန်းနံ့သာ, အဘယ်ကဲ့သို့သော နေရာထိုင်ခင်း, အဘယ်ကဲ့သို့သော ဆွမ်းဘောဇဉ်ဖြစ်အံ့နည်း-ဟု တိုင်ပင်ခြင်းကိစ္စပြုဘွယ်ကြောင့်ပင် မင်းကွန်း၌စည်းဝေးကုန်၏၊ အရှင်အာနန္ဒာသည် မလ္လာမင်းတို့စည်းဝေးရာ မင်းကွန်းသို့ကပ်၍ မလ္လာမင်းတို့အား ဤသို့ကြား၏၊"အို-ဝါသိဋ္ဌအမျိုးဖြစ်သော မင်းအများတို့…မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုချေပြီ၊သင်မင်းများတို့သည် မြတ်စွာဘုရားရှိရာ လာခြင်း၏အခါကို သိပါကုန်လော့" ဟူ၍ ကြားတော်မူ၏၊ ထိုရောအခါ အရှင်အာနန္ဒာ၏စကားကိုကြား၍ မလ္လာမင်းတို့သည်၎င်း, မလ္လာမင်း၏သားတို့သည်၎င်း, မလ္လာမင်း၏ ချွေးမတို့သည်၎င်း,မလ္လာမင်း၏မယားတို့သည်၎င်း,မလ္လာမင်း၏ သမီးတို့သည်၎င်း မြတ်စွာဘုရားသို့ ရှေးရှုပြေးလာကုန်လျက် နှလုံးမသာကုန်သည်ဖြစ်၍ စိတ်၏ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍ အချို့သောသူတို့သည် ဆံတို့ကိုဖရိုဖရဲကြဲကုန်၍ လက်မောင်းတို့ကိုမြှောက်၍ ငိုကုန်၏၊ ပြတ်သောခြေရှိသကဲ့သို့ လည်းကုန်၏၊ ခြေပစ်,လက်ပစ် လူးလည်းကုန်၏။

"အလွန်လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊လာခြင်းကောင်းသောမြတ်စွာဘုရားသည် လျင်စွာပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ၊ ငါးပါးသောမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် လောက၌ ကွယ်တော်မူခဲ့ပြီ"ဟု မြည်တမ်းကုန်၏၊ထိုရောအခါ မလ္လာမင်းတို့သည် မင်းချင်းယောကျ်ားတို့ကို စေကုန်၏၊"အချင်းတို့….ထိုသို့ တပြီးကား ကုသိနာရုံပြည်၌ နံ့သာပန်းတို့ကို၎င်း, အလုံးစုံသော မောင်းကြေးနင်းတို့ကို၎င်း, ပုဆိုးအစုံတို့ကို၎င်း စည်းဝေးစေကုန်"ဟူ၍ စေကုန်၏၊ ထိုရောအခါ မလ္လာမင်းတို့သည် ပန်းနံ့သာတို့ကို၎င်း, အလုံးစုံသော မောင်းကြေးနင်းတို့ကို၎င်း, ငါးရာသော ပုဆိုးအစုံတို့ကို၎င်း ယူ၍ အကြင်အရပ်၌ ဥပဝတ္တန အင်ကြင်းတောသည်ရှိ၏၊ အကြင်အရပ်၌ မြတ်စွာဘုရားကိုယ်တော်သည်ရှိ၏၊ထိုအရပ်သို့ကပ်လာကုန်၍ မြတ်စွာ

ဘုရား၏ကိုယ်တော်ကို ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ပန်းနံ့သာတို့ဖြင့် အရိုအသေပြုကုန်လျက် ပုဆိုးဗိတာန်တို့ကို ကြက်ကုန်လျက် ရဟန်းတို့မှိုခိုရာ ပုဆိုးမဏ္ဍပ်ကန္နားဖျင်းကို မိုးကာ စီရင်ကုန်လျက် ရဟန်းသံဃာတို့အား ခဲဘွယ်ဘောဇဉ်စီရင်လှူဒါန်းကုန်လျက် တနေ့ပတ်လုံး လွန်စေကုန်၏။

ထိုရောအခါ မလ္လာမင်းတို့အား ဤသို့သောအကြံသည်ဖြစ်၏၊ ''ယနေ့၌ပင်လျှင် မြတ်စွာဘုရား၏ ကိုယ်တော်ကို မီးဖုတ်အံ့သောငှာ အခါမဟုတ်သေး'' ဤသို့အကြံဖြစ်၏၊ ထိုရောအခါ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပုဆိုးဗိတာန်မိုးကာကုန်လျက် နံ့သာ, ပန်း,ကခြင်း,သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့်အရိုအသေပြုကုန် ပူဇော်ကုန်လျက် သံဃာတို့မှိုခိုရာ ပုဆိုးမဏ္ဍပ်ကန္နားဖျင်းမိုးကာစီရင်ကုန်လျက် ဆွမ်းခဲဘွယ်ဘောဇဉ် ကပ်လှူစီရင်ကုန်လျက် နှစ်ရက်မြောက်သောနေ့ကိုငင်း, သုံးရက်မြောက်သောနေ့ကိုငင်း, လေးရက်မြောက်သောနေ့ကိုငင်း, ငါးရက်မြောက်သောနေ့ကိုငင်း,ခြောက်ရက်မြောက်သောနေ့ကိုငင်း လွန်စေကုန်၏။

### ထင်းပုံပေါ်၌ခုနစ်ရက်ထား၍ပူဇော်ခြင်း

ခုနစ်ရက်မြောက်သောနေ့၌ကား မလ္လာမင်းတို့အား ဤသို့အကြံသည်ဖြစ်၏၊ ''ငါတို့သည်မြတ်စွာဘုရား၏အလောင်းတော်ကို ပန်းဖြင့်ငင်း,နံ့သာဖြင့်ငင်း,ကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ဖြင့်ငင်း အရိုအသေပြုကုန်လျက် မြို့၏တောင်မျက်နှာအဘို့ဖြင့် တောင်အဘို့သို့မြို့သို့မဝင်မူ၍ မြို့၏အပဖြင့် မြို့၏အပသို့ဆောင်၍ အနုရာဓပြည်၏တောင်တံခါးအရပ်နှင့်တူသောအရပ်၌ထား၍ အလောင်းတော်ကို ပူဇော်သက္ကာရပြုကုန်လျက် သာဝတ္ထိပြည်၌ ဇေတဝန်အရပ်နှင့်တူသောအရပ်၌ သဂြိုဟ်ဖုတ်ကြဉ်းကုန်အံ့''ဟုကြံ၏၊ ထိုရောအခါဦးခေါင်းလျှော်ကုန်ပြီးသော ခွန်အားနှင့်ပြည့်စုံသော အလတ်သောအရွယ်၌တည်ကုန်သော မလ္လာမင်းအကြီးရှစ်ယောက်တို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို ထမ်းကုန်အံ့-ဟုအားထုတ်ကုန်သော် ကြွစိမ့်သောငှာ မတတ်နိုင်ကုန်။

ထိုရောအခါ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါကား နတ်မျက်စိကိုရ၏၊ငါတို့အားအကြောင်းကို ထင်စွာကြားလတ္တံ့-ဟု ကြံကုန်၍ အရှင်

အနုရုဒ္ဓါကိုလျှောက်ကုန်၏၊ "အရှင်ဘုရား အနုရုဒ္ဓါ....ဦးခေါင်းလျှော်ကုန်ပြီးသော အစာမချေသောပုဆိုးကို ဝတ်ကုန်သော ခွန်အားနှင့်ပြည့်စုံကုန်သော မလ္လာမင်းအကြီးရှစ်ယောက်တို့သည် မြတ်စွာဘုရားအလောင်းတော်ကို ထမ်းပါကုန်၏၊ အကြင်အကြောင်းကြောင့် ထိုအလောင်းတော်ကိုကြွစေခြင်းငှာ မတတ်နိုင်ကုန်၊ ထိုအကြောင်းသည် အဘယ်နည်း၊ ထိုအထောက်အပံ့သည် အဘယ်နည်း" ဟု လျှောက်ကုန်၏၊ "ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့....သင်တို့၏အလိုသည် တပါးအပြားဖြင့်ဖြစ်၏၊ နတ်တို့၏အလိုသည်လည်း တပါးအပြားဖြင့်ဖြစ်၏၊ထို့ကြောင့် မထမ်းနိုင်ကုန်" ဟု အရှင်အနုရုဒ္ဓါမိန့်၍–

"အရှင်ဘုရား အနုရုဒ္ဓါ....နတ်တို့၏အလိုသည် အဘယ်သို့ တပါးအပြားဖြင့်ဖြစ်သနည်း" ဟု မေးလျှောက်ပြန်ကုန်သော် "အို-ဝါသိဋ္ဌအမျိုးဖြစ်သောမင်းအများတို့....နတ်တို့၏အလိုကား ငါတို့သည် မြတ်စွာဘုရား၏အလောင်းတော်ကို နတ်၌ဖြစ်သော ပန်းနံ့သာတို့ဖြင့်၎င်း, နတ်၌ဖြစ်သော ကခြင်း,သီခြင်း,တီးမှုတ်ခြင်း တို့ဖြင့်၎င်း အရိုအသေအလေးအမြတ်ပူဇော်ကုန်လျက် မြို့၏မြောက်မျက်နှာအဘို့ဖြင့် မြောက်မျက်နှာအဘို့ကိုဆောင်၍ မြို့၏မြောက်တံခါးဖြင့် မြို့တွင်းသို့ဝင်၍ မြို့၏အလယ်ခရီးဖြင့်ဆောင်၍ မြို့၏အရှေ့တံခါးဖြင့်ထုတ်၍မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့၏မကိုဋ်ဗန္ဓနစေတီ ရှိရာ, ဥဿျောင်ထုံး မင်္ဂလာပြုရာ အဆန်းအကြယ်ပြုအပ်သောအရပ်သည်ရှိ၏၊ ထိုအရပ်၌သင်္ဂြိုဟ်ဖုတ်ကြဦးကုန်အံ့-ဟု နတ်တို့၏အလိုသည်ဖြစ်၏" ဟုအရှင်အနုရုဒ္ဓါမိန့်တော်မူ၏။

ထိုရောအခါ "အရှင်ဘုရား....နတ်တို့၏ အလိုအတိုင်းပင် ဖြစ်ပါစေတော့" ဟု မလ္လာမင်းတို့သည် အကြင်မျှလောက်သော ဒိမ်ခြီစပ်, မစင်စုထုတ်ရာပြွန်ဝ, တံမြက်ချေးစွန့်ရာအရပ်တို့သည်ရှိကုန်၏၊ ထိုမျှလောက်သောအရပ်တို့၌ ပုဆစ်ဒူးနစ်အောင် ထင်ရှားပန်းအတိ ခင်းကုန်၏၊ ထိုရောအခါနတ်တို့သည်၎င်း, မလ္လာမင်းတို့သည်၎င်း မြတ်စွာဘုရား၏ အလောင်းတော်ကို နတ်၌ဖြစ်ကုန်သော လူ၌ဖြစ်ကုန်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း တို့ဖြင့်၎င်း ပန်း,နံ့သာနံ့သာပျောင်း အခိုး+အထုံအမွှံတို့ဖြင့်၎င်း အရိုအသေပြုကုန်လျက် မြတ်နိုးကုန်လျက်

ပူဇော်ကုန်လျက် မြို့၏မြောက်အဘို့ဖြင့် မြောက်အဘို့သို့ဆောင်၍ မြို့၏မြောက်တံခါးဖြင့်မြို့တွင်းသို့ဝင်၍ မြို့၏အလယ်ခရီးဖြင့်ဆောင်လေ၏။

ထိုရောအခါဗန္ဓုလစစ်သူကြီး၏မယားမလ္လိကာသည်မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူလေပြီဟုကြား၍ မိမိခင်ပွန်းဗန္ဓုလစစ်သူကြီး လွန်သည်မှစ၍ မသုံးမဆောင်ထားအပ်သော ဝိသာခါဒါယိကာမ၏ တန်ဆာနှင့်တူသောမဟာလတာတန်ဆာကို ဤတန်ဆာဖြင့်မြတ်စွာဘုရားကို ပူဇော်အံ့-ဟူ၍ ရေနံ့သာဖြင့်ဆေးပြီးလျှင်ရပ်နှင့်လေ၏၊ မြတ်စွာဘုရား၏အလောင်းတော်ကိုဆောင်ခဲ့ကုန်၍ မိမိအိမ်တံခါးအနီးသို့ ရောက်သောအခါ၌ "အမောင်တို့,အရှင်တို့····မြတ်စွာဘုရား၏ အလောင်းတော်ကိုချပါကုန်ဦး"ဟုဆို၍ ထိုတန်ဆာကိုမြတ်စွာဘုရားကိုယ်တော်၌ စွပ်၏၊ ဦးခေါင်းတော်မှစ၍စွပ်အပ်သော ထိုတန်ဆာသည် ခြေဖဝါးတိုင်အောင်ရောက်၏၊ နတ်တို့၏သိင်္ဂီရွှေအဆင်းနှင့်တူသော အဆင်းရှိသော မြတ်စွာဘုရား၏ ကိုယ်တော်သည် ရတနာခုနစ်ပါးတို့ဖြင့် ပြီးသောတန်ဆာဖြင့် ဆင်သည်ရှိသော် အတိုင်းထက်အလွန် တင့်တယ်ခြင်းသို့ရောက်၏၊ ထိုသို့ဆင်ပြီးသောအခါ မြတ်စွာဘုရား၏အလောင်းတော်ကို မြို့လယ်ချက်ဖြင့် မြို့၏အလယ်ကိုဆောင်၍ မြို့၏အရှေ့တံခါးဖြင့်ထွက်၍ အရှေ့အရပ်၌ မလ္လာမင်းတို့၏ ဦးရစ်မကိုဋ်ဘွဲ့ရာ အဆန်းအကြယ်ပြုရာအရပ်၌ မြတ်စွာဘုရား၏ ကိုယ်တော်ကိုချ၍ထားကုန်၏။

ထိုအခါ မလ္လာမင်းတို့သည် အရှင်အာနန္ဒာကို လျှောက်ကုန်၏၊ "ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ····အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ကိုယ်တော်၌ အဘယ်သို့ကျင့်ရကုန်အံ့နည်း"ဟု လျှောက်ကုန်၏၊ "ဝါသိဋ္ဌအမျိုး၌ ဖြစ်သော မလ္လာမင်းတို့····စကြဝတေးမင်း၏ အလောင်း၌ကျင့်သကဲ့သို့ မြတ်စွာဘုရား၏အလောင်းတော်၌ သင်မင်းများတို့သည် ကျင့်အပ်၏"ဟု အရှင်အာနန္ဒာမိန့်၏။

"ဘုန်းတော် ကြီးသော အရှင်အာနန္ဒာ····စကြဝတေး မင်း၏ အလောင်း၌ အဘယ်သို့ကျင့်လေကုန်သနည်း"ဟု လျှောက်ကုန်သော် "ဝါသိဋ္ဌအမျိုး၌ ဖြစ်သော မလ္လာမင်းတို့····စကြဝတေးမင်း၏ ကိုယ်ကိုအစာမချေသော ပုဆိုးဖြင့်ရစ်ကုန်၏၊ရစ်ပြီးသော်ကောင်းစွာဖပ်အပ်

သော ဝါဂွမ်းအပြားဖြင့် ရစ်ကုန်၏၊ရစ်ကုန်ပြီးသော် အစာမချေသော ပုဆိုးဖြင့်ရစ်ကုန်၏၊ ဤကဲ့သို့သောနည်းဖြင့် အစုံငါးရာပုဆိုးဝါဂွမ်းတို့ဖြင့် ရစ်ကုန်၍ ရွှေဖြင့်ပြီးသော တလား၌ထည့်၍ ရွှေဖြင့်ပြီးသော တပါးသော တလားဖုံးဖြင့်အုပ်၍ အလုံးစုံနံ့သာဖြင့်ပြီးသော ထင်းပုံကို ပြု၍ စကြဝတေးမင်း၏ အလောင်းကို မီးဖုတ်ကုန်၏၊ ခရီးလေးဆုံ၌ စကြဝတေးမင်း၏ ဓာတ်ကို စေတီတည်ကုန်၏၊ ဤသို့စကြဝတေးမင်း၏ အလောင်း၌ ကျင့်ကုန်၏၊ ဝါသိဋ္ဌအမျိုးဖြစ်သော မင်းများတို့… စကြဝတေးမင်း၏ အလောင်း၌ ' ကျင့်ကုန်သကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်တော်၌လည်းကျင့်အပ်ကုန်၏၊ ခရီးလေးဆုံ၌ဓာတ်တို့ကို စေတီတည်အပ်ကုန်၏၊ အကြင်သူတို့သည် ထိုစေတီ၌ ပန်းနံ့သာအခိုးအထုံ အမှုန့်တို့ကိုတင်ကုန်လတ္တံ့၊ရှိခိုးကုန်လတ္တံ့၊ထိုပန်းနံ့သာဖြင့် ပူဇော်ခြင်း ရှိခိုးခြင်းသည် ထိုသူတို့အားရှည်စွာသော နေ့ညဉ့်ပတ်လုံး စီးပွား ချမ်းသာခြင်းငှာဖြစ်လတ္တံ့''ဟု အရှင်အာနန္ဒာမိန့်တော်မူ၏။

ထိုရောအခါ မလ္လာမင်းတို့သည် မင်းချင်းတို့ကိုစေကုန်၏၊ ''ထိုသို့တပြီးကား-အချင်းတို့….မလ္လာမင်းတို့အား ညက်စွာဖပ်အပ်ပြီးသော ဝါဂွမ်းတို့ကို ရုံးစုစေကုန်''ဟုဆို၏၊ ထိုရောအခါ မလ္လာမင်းတို့သည် မြတ်စွာဘုရား၏ကိုယ်တော်ကို အစာမချေသော ပုဆိုးဖြင့်ရစ်၍ ဝါဂွမ်းတို့ဖြင့်ရစ်ကုန်၏၊ဝါဂွမ်းဖြင့်ရစ်ပြီး၍ အစာမချေသော ပုဆိုးဖြင့်ရစ်ကုန်၏၊ ဤသို့သောနည်းဖြင့် ငါးရာသောအစုံတို့ဖြင့် ပုဆိုးတထပ်, ဝါဂွမ်းတထပ် ချပ်ကာ ချပ်ကာရစ်၍ ထိုသို့ရစ်ပြီးသော် ဆီပြည့်သော ရွှေတလား၌ထည့်၍ရွှေတလားဖုံးဖြင့်အုပ်၍ အလုံးစုံနံ့သာဖြင့်ပြီးသော ထင်းဖြင့်ထင်းပုံကိုပြု၍ မြတ်စွာဘုရား၏ အလောင်းတော်ကို ထင်းပုံထက်သို့တင်ကုန်၏။

---

## ၂၆ဝ။ အရှင်မဟာကဿပရောက်မှ အလောင်းတော်ကို သဂြိုဟ်ဓာတ်လောင်ခြင်း

### ပရိနိဗ္ဗာန်ပြုကြောင်းကြား၍ရဟန်းတို့ငိုကြွေးခြင်း

ထိုရောအခါ အရှင်မဟာကဿပမထေရ်သည် အခြံအရံ ရဟန်း ငါးရာတို့နှင့်တကွ ပါဝါပြည်၌ ဆွမ်းခံ၍ ဆွမ်းစားပြီးသော် ကုသိနာရုံ

ပြည်သို့သွားအံ့-ဟု အခွန့်ရှည်စွာ သုံးဂါဝုတ်မျှသော ခရီးကိုသွား၏၊ မထေရ်၏ အခြံအရံဖြစ်ကုန်သော အလုံးစုံသော ရဟန်းတို့သည် ချမ်းသာသဖြင့် ကြီးကုန်၏၊ ကြီးသော ဘုန်းရှိကုန်၏၊ ထိုအလုံးစုံသော ရဟန်းတို့သည် မွန်းတည့်အခါ၌ ပူသောကျောက်ဖျာနှင့်တူသော မြေ၌ ခြေဖြင့် သွားကုန်သည်ဖြစ်၍ပင်ပန်းကုန်၏၊မထေရ်သည် ထိုရဟန်းတို့ကို မြင်၍ ရဟန်းတို့သည် ပင်ပန်းကုန်၏၊ သွားအပ်သော အရပ်သည် လည်း မဝေးလွန်းသည်ဖြစ်၏၊အတန်ငယ်နားလျက် အပူကိုငြိမ်းစေ၍ ညချမ်းသောအခါမှ ကုသိနာရုံသို့သွားပြီးလျှင် မြတ်စွာဘုရားကိုဖူးမြင်အံ့-ဟု ကြံတော်မူ၍ ခရီးမှသက်၍ တခုသောသစ်ပင်ရင်း၌ ဒုကုဋ်တော်ကို လေးခေါက်ခင်း၍ကရားမှရေဖြင့်လက်,ခြေတို့ကို အချမ်းကိုယူစေ၍ ထိုင်နေတော်မူ၏။

အခြံအရံဖြစ်ကုန်သောရဟန်းတို့သည်လည်း သစ်ပင်ရင်း၌ ထိုင်နေကုန်၍အသင့်အားဖြင့် နှလုံးသွင်းကုန်လျက် ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကိုဆိုကုန်လျက် နေကုန်၏၊ ထိုရောအခါမထင်ရှားသောအာဇီဝက တက္ကတွန်းသည်ကုသိနာရုံပြည်၌မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူရာမှထင်ရှားပန်းကိုယူ၍ အရိုးတပါးတပ်လျက် ထီးကဲ့သို့ပြု၍ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ သွားအံ့-ဟု အခွန့်ရှည်သော ခရီးကိုလာ၏၊ အရှင်မဟာကဿပသည် ထိုအာဇီဝကကို အဝေးမှလာသည်ကို မြင်တော်မူလျှင် ထိုအာဇီဝကလက်၌ထင်ရှားပန်းသည် ထင်၏၊ ဤထင်ရှားပန်းသည် လူ့ပြည်၌ အခါခပ်သိမ်းမရှိ၊အကြင်အခါ၌ တစုံတယောက်သော တန်ခိုးနှင့်ပြည့်စုံသောသူသည် တန်ခိုးဘန်ဆင်း၏၊ ထိုအခါ၌ ၎င်း, ဘုရားလောင်း၏ မယ်တော်ဝမ်း၌ ပဋိသန္ဓေ စွဲယူလာသောအခါ စသည်တို့၌၎င်း ထင်ရှားဖြစ်၏။

ယခုအခါ၌ တစုံတယောက်သောသူသည် တန်ခိုးဘန်ဆင်းခြင်းကို မပြု၊ ငါ၏ဆရာဘုရားသည် မယ်တော်ဝမ်းသို့ သက်သည်လည်းမဟုတ်၊ ဘွားတော်မူသည်လည်းမဟုတ်၊ ဘုရားဖြစ်သည်လည်းမဟုတ်၊ဓမ္မစကြာတရား ဟောသည်လည်း မဟုတ်၊ယမိုက်ပြာဋိဟာ ပြုတော်မူသည်လည်းမဟုတ်၊ နတ်ပြည်မှ သက်တော်မူသည်လည်းမဟုတ်၊ အာယုသင်္ခါရကိုလွှတ်သည်လည်းမဟုတ်၊ အသက်တော်ကြီးပြီးသော ငါ၏

ဆရာ မြတ်စွာဘုရားသည် မချုတ်လျှင် ပရိနိဗ္ဗာန်ပြုတော်မူသည်ဖြစ်လတ္တံ့။ ဤအာဇီဝကသည်သိခဲ့ရာ၏၊ ထို့ကြောင့် ထိုသူ့ကို မေးအံ့-ဟု ကြံတော်မူ၍ အကယ်၍ငါသည် ထိုင်လျက်ပင်မေးချေအံ့၊မြတ်စွာဘုရား၌ ရိုသေခြင်းမရှိသည်ဖြစ်လတ္တံ့-ဟု ကြံ၍ ထတော်မူလျက် နေရာမှဘဲ၍ ဆဒ္ဒန်ဆင်မင်းသည် ပတ္တမြားညီအရေကို ရုံသကဲ့သို့ မြတ်စွာဘုရားသည် ပေးတော်မူသော မိုဃ်းတိမ်အဆင်းနှင့်တူသော ပံသုကူသင်္ကန်းကို ရုံတော်မူ၍ ဆယ်ချောင်းသော လက်သည်းတို့၏ ဖြူသောအရောင်ဖြင့် တောက်ပသော လက်အုပ်ကိုထိပ်၌တင်၍ မြတ်စွာဘုရား၌ပြုအပ်သော ရိုသေခြင်းဖြင့် အာဇီဝကသို့ ရှေးရှုရပ်တော်မူ၍ "ငါ့အရှင်....ငါတို့၏ ဆရာမြတ်စွာဘုရားကိုသိခဲ့ပါ၏လော"ဟု မေးတော်မူ၏။

[အရှင် မဟာကဿပသည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို သိလျက်ပင် မေးသလော၊ မသိ၍ပင်တည်းမေးသလော-ဟုတုံအံ့၊ ရဟန္တာတို့၏သိခြင်းမည်သည်ကား ဆင်ခြင်ခြင်းနှင့်စပ်၏၊ ဆင်ခြင်တော်မမူသောကြောင့် မထေရ်သည် မသိမူ၍ပင် မေးသည်ဟု အချို့ဆရာတို့ဆိုကုန်၏၊ အသို့စပ်သနည်းဆိုသော် မထေရ်သည် သမာပတ်ဝင်စားခြင်းများ၏၊ညဉ့်နေရာ,နေ့နေရာစသည်တို့၌ အမြဲလျှင် သမာပတ်ဖြင့်မျှ၏၊အမျိုး၏ ဥစ္စာဖြစ်သော ရွာ၌ ဆွမ်းခံဝင်တော်မူ၍လည်း တံခါးတိုင်း, တံခါးတိုင်း၌ မေတ္တာရျာန်သမာပတ်ဝင်စား၍ သမာပတ်မှထ၍သာလျှင် ဆွမ်းကိုခံ၏၊ မထေရ်သည် ဤအဆုံးစွန်သောကိုယ်ဖြင့် များစွာသော လူအပေါင်းအားချီးမြှောက်ခြင်းကိုပြု၏၊ အကြင်သူတို့သည် ငါ့အားဆွမ်းကို သော်လည်း လှူကုန်၏၊ ပန်းနံ့သာစသည်တို့ဖြင့်မူလည်း ပူဇော်ကုန်၏၊ ထိုသို့ လှူဒါန်းပူဇော်ခြင်းသည် ထိုသူတို့အား အကျိုးကြီးသည်ဖြစ်စေသတည်း-ဟု ဤသို့ပြု၏၊ ထိုသို့သမာပတ်ဝင်စားခြင်းများသည်ဖြစ်၍မသိသောကြောင့်ပင်မေးတော်မူသည်-ဟု ဆိုကုန်၏၊ ထိုစကားကိုမယူအပ်။

မြတ်စွာဘုရားလွန်ရာ၌ မသိခြင်း၏ အကြောင်းမည်သည်မရှိ၊ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တသောင်းသောလောကဓာတ်၌ မြေတုန်လှုပ်ခြင်းအစရှိသော နိမိတ်တို့ဖြင့် မှတ်အပ်ပြီးသည်သာလျှင်တည်း၊ စင်စစ်သော်ကား မထေရ်၏ပရိသတ်၌ကား အချို့သောရဟန်းတို့သည် မြတ်စွာဘုရားကိုမြင်ဘူး၏၊ အချို့သော ရဟန်းတို့သည်မြတ်စွာဘုရားကို မမြင်ဘူးကုန်၊ အကြင်ရဟန်းတို့သည် မြင်ဘူးကုန်၏၊ ထိုရဟန်းတို့သည် ဖူးမြင်လိုကုန်သည်သာလျှင်တည်း၊ အကြင် ရဟန်းတို့သည်ကား မမြင်ဘူး

ကုန်၊ ထိုရဟန်းတို့သည်ကား အလွန်လျှင် ဖူးမြင်ခြင်းငှာ အလိုရှိလှကုန်သလျှင်ကတည်း။

ထိုရဟန်းတို့တွင် မမြင်ဘူးကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ရလတ္တံ့ဟု သွားကုန်ပြီးမှ ကုသိနာရုံသို့ရောက်သော်''မြတ်စွာဘုရား အဘယ်အရပ်၌ရှိလေသနည်း''ဟု မေးကုန်လျှင်''ပရိနိဗ္ဗာန်ပြုတော်မူပြီ'' ဟုပြောဆိုသည်ကိုကြားရကမိမိတို့ကိုယ်ကိုတည်စေခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့၊သဘာန်းကိုရင်း,သပိတ်ကိုရင်း စွန့်ပစ်၍အဝတ်တထည်သာ ကာပ်ကုန်သည်ဖြစ်၍ရင်း, မကောင်းသောအဝတ်အစားသာကပ်ကုန်သည်ဖြစ်၍ရင်း ရင်တို့ကိုခတ်တီးကုန်လျက် ပြင်းစွာဟစ်ကြွေး ငိုကုန်လတ္တံ့။

ထိုအခါ၌ လူတို့သည် အရှင်မဟာကဿပနှင့်အတူတကွ လာသော ပံသုကူစုတင်ဆောင်သော အရှင်ကောင်းတို့သည်လျက်လည်းမိန်းမတို့ကဲ့သို့ ရင်တီးသက်ခတ်ငိုကုန်သည်၊ ထိုအရှင်ကောင်းတို့သည် ငါတို့ကို အဘယ်သို့သက်သာစေနိုင်လတ္တံ့နည်း-ဟုငါတို့အားအပြစ်ကိုပြကုန်လတ္တံ့၊ဤတော ကြီးအရပ်သည်ကား ဆိတ်ညံ၏၊ ဤတော၌ အကြင်အခြင်းအရာဖြင့်ရင်း, ထိုအခြင်းအရာဖြင့်ရင်း ငိုကုန်သော်လည်း အပြစ်တင်မည့်သူမရှိ၊ ရှေးဦးစွာ ကြားနှင့်ရ၍လည်း စိုးရိမ်ခြင်းသည် ခေါင်းပါးသည်ဖြစ်ရာ၏-ဟုကြံ၍တပည့် တို့အား သတိကို ဖြစ်စေခြင်းငှာ သိလျက်ပင် မေးတော်မူသတည်း။]

ဤသို့မေးတော်မူသောအခါ၌ ''ငြော်-ငါ့ရှင်ကဿပ....ငါသိခဲ့ပါ၏၊ယနေ့သည် ရဟန်းဂေါတမလွန်၍ ခုနစ်ရက်ရှိပြီ၊ထိုရဟန်းဂေါတမ လွန်တော်မူရာကပင် ဤထင်ရှားပန်းကို ဆောင်ယူခဲ့ပေသည်''ဟု ထို အာဇီဝကဆို၏၊ ထိုအခါအရှင်မဟာကဿပ၏ အခြွေအရံ ရဟန်း အပေါင်း၌ ပုထုဇဉ်, သောတာပန်, သကဒါဂါမိရဟန်းတို့သည် အာ ဇီဝကစကားကိုကြားသောအခါ၌ အချို့သောရဟန်းတို့သည် လက်ကို မြှောက်၍ငိုကုန်၏၊ ခြေပြတ်သကဲ့သို့လည်း၍ ငိုကုန်၏၊ ထိုလည်းရာ၌ လူးလည်းကုန်၏၊ ခြေကျောက်, လက်ကန်လူးလည်းကုန်၏၊ ''အလွန် လျှင်စွာဆရာဘုရားပရိနိဗ္ဗာန်စံခဲ့ပြီ၊ အလွန်လျှင်စွာ လာခြင်းကောင်း သော ဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီ''ဟု မြည်တမ်းဟစ်ကြော်၍ ငိုကြကုန်၏၊ အနာဂါမ်,ရဟန္တာတို့သည်ကားသင်္ခါရတရားတို့မည်သည် အမြဲမရှိကုန်၊ ဤသင်္ခါရတရား၌မြဲသောသဘောကိုအတိမှာလျှင်ရကုန် အံ့နည်း-ဟု'သတိရှိကုန်သည်ဖြစ်၍အဆင်အခြင်နှင့် ပြည့်စုံကုန်သည်ဖြစ် ၍ သည်းခံကုန်၏။

## သုဘဒ်ရဟန်းကြီးရန်ငြိုးဖွဲ့ခြင်းအကြောင်း

ထိုရောအခါ ကြီးမှရဟန်းပြုသော သုဘဒ်မည်သော ရဟန်းသည် ထိုပရိသတ်၌ရှိသည်ဖြစ်၏၊ ထိုရဟန်းကြီး သုဘဒ်သည် ထိုငိုကြွေးကုန်သော ရဟန်းတို့ကို ဤသို့ဆို၏၊ "အို-အရှင်တို့····မသင့်တကား၊ မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်၊ ထိုရဟန်းကြီးဂေါတမမှ ငါတို့လွတ်ကုန်ပြီ၊ ထိုရဟန်းကြီးဂေါတမသည် ဤအမှုသည် သင်တို့အားအပ်၏၊ ဤအမှုသည် သင်တို့အားမအပ်-ဟူ၍ ငါတို့အားနှိပ်စက်အပ်သည် ဖြစ်ကုန်ပြီ၊ ယခုအခါ၌ငါတို့သည် အကြင်အမှုကိုအလိုရှိကုန်၏၊ ထိုအမှုကို ပြုရကုန်လတ္တံ့၊ အကြင်အမှုကိုငါတို့သည်အလိုမရှိကုန်၊ ထိုအမှုကို မပြုရကုန်လတ္တံ့၊မငိုကြွေးကြကုန်လင့်"ဟုဆို၏၊ ဤသို့ဆိုခြင်းသည် မြတ်စွာဘုရား၌ သုဘဒ်ရဟန်းကြီးသည် ရန်ငြိုးဖွဲ့သဖြင့် ဆိုသတည်း။

အဘယ့်ကြောင့်ကား ရန်ငြိုးထားလေသနည်း-ဟူမူကား ဤသုဘဒ်သည် ဆေတ္တာသည်ဖြစ်ဘူး၏၊ ကြီးမှရဟန်းပြု၏၊ အာတုမာမြို့၌နေ၏၊ ထိုရောအခါ မြတ်စွာဘုရားသည် ကုသိနာရုံပြည်မှထွက်၍ ခုနစ်ရာ့ငါးကျိပ်သောရဟန်းတို့နှင့်တကွ အာတုမာမြို့သို့ ကြွတော်မူသည်ရှိသော် ထိုသုဘဒ်သည် မြတ်စွာဘုရားကြွလာသောအကြောင်းကိုကြား၍ မြတ်စွာဘုရားရောက်သောအခါ ယာဂုလှူအံ့-ဟုကြံ၍ သာမဏေ၏ဘုံ၌တည်ကုန်သောသားငယ်နှစ်ယောက်တို့ကိုဤသို့ဆို၏၊ "ချစ်သားတို့····ခုနစ်ရာ့ငါးကျိပ်သော ရဟန်းတို့နှင့်မြတ်စွာဘုရား အာတုမာမြို့သို့ကြွလာ၏၊ သင်တို့သည်သွားကြကုန်၊ ချစ်သားတို့···သင်ဝုန်းဘဏ္ဍာကိုယူ၍ ဆိကျည်ခွက်ငယ်နှင့်တကွ အိမ်စဉ်အတိုင်းလှည့်ချေကုန်၊ဆားကိုဖင်း,ဆီကိုဖင်း, ဆန်ကိုဖင်း, ခဲဘွယ်ကိုဖင်း ရုံးစုကုန်၊ ရောက်တော်မူလာသော မြတ်စွာဘုရားအား ယာဂုအလှူကိုပြုအံ့"ဟုစေ၏။

ထိုသားငယ်သာမဏေနှစ်ယောက်တို့သည် အဘခိုင်းတိုင်းပြုကုန်၏၊ လူတို့သည် သာယာသောအသံရှိကုန်သော မိမိတို့၏အဟတ်ကိုထင်စွာ ပြုတတ်ကုန်သော ထိုသူငယ်နှစ်ယောက်ကိုမြင်၍ ဆေတ္တာမှုပြုစေလိုသောသူတို့သည်ဖင်း, မပြုစေလိုသောသူတို့သည်ဖင်း ဆံမုတ်ဆိတ်ပြုပြင်ခြင်းတို့ကိုပြုစေကုန်၏၊ သွားအံ့သောအခါ၌ "ချစ်သားတို့····အဘယ်

ကိုယူကုန်လတ္တံ့နည်း''ဟုမေးကုန်၏၊''ငါတို့အား တပါးသောဝတ္ထုကို အလိုမရှိ၊ ငါတို့၏အဘမူကား ဘုရားမြတ်စွာ လာရောက်သောအခါ ယာဂုအလှူကိုပေးလို၏''ဟုဆိုကုန်၏၊ ထိုစကားကိုကြား၍ လူတို့သည် မရေတွက်မူ၍ အကြင်ဝတ္ထုကို ထိုသူငယ်တို့ဆောင်နိုင်ကုန်၏၊ ထိုဝတ္ထုတို့ကို ထိုသူငယ်တို့တွင်ပေးလိုက်ကုန်၏၊ အကြင်ဝတ္ထုတို့ကို မဆောင်နိုင်ကုန်၊ ထိုဝတ္ထုတို့ကို လူတို့ကို ပို့စေကုန်၏။

ထိုရောအခါမြတ်စွာဘုရားသည် အာတုမာမြို့သို့ရောက်၍ ကောက်နယ်တလင်းတဲသို့ဝင်တော်မူ၍ နေတော်မူသောအခါ သုဘဒ်ရဟန်းသည် ညချမ်းသောအခါ၌ ရွာတွင်းသို့သွား၍ လူတို့ကိုဆို၏၊ "အို-ဒါယကာတို့··ငါသည်သင်တို့၏အထံမှ တစုံတခုကိုမတောင့်တကုန်၊ငါ၏သားငယ်တို့သည်ဆောင်အပ်သော ဆန်,ဆေး အစရှိသည်ဖြင့် သာလျှင်သံဃာအားလောက်ကုန်၏၊လက်အမှုကိုသာ ငါ့အားပေးပါကုန်"ဟုတောင်း၏၊ တောင်းသည်အတိုင်း ဝန်ခံလာရောက်ပြီးလျှင် "ရှင်ပင်ဘုရား··အဘယ်ကိုပြုရအံ့နည်း''ဟုမေးကုန်သော်"ဤကိုယူကုန်လော့" စသည်ဖြင့် အလုံးစုံသော အဆောက်အဦတို့ကို ယူစေပြီးမှ ကျောင်း၌ ခံလောက်တို့ကိုပြုစေ၍ သင်းပိုင်မည်းနက်တထည်ကိုဝတ်ရုံ၍ "ဤသို့ပြုလော့၊ဤသို့ပြုလော့''ဟု တညဉ့်ပတ်လုံးစီရင်၍ အသပြာတသိန်းထိုက်သော ဝတ္ထုကိုစွန့်၍ လက်ကော်ကောင်းသော ထပ်ထပ်သောယာဂုကို ၎င်း, ပျားမုံ့ဆုပ်ကို၎င်း စီရင်စေ၏။

ထိုယာဂု၌ ထောပတ်, ပျား, တင်လဲ, ဆီဦး, ဆီ, ငါး, အမဲ, သစ်ပွင့်, သစ်သီး အရသာအစရှိသော အလုံးစုံကိုလည်း ထည့်၏၊ ထိုယာဂုသည် ပြက်ရယ်မှုကို ပြုလိုသော သူတို့အား ဦးခေါင်း၌ လိမ်းကောင်းသည်နှင့်ယှဉ်၏၊ ဇီယာ, ကရဝေး,ငရုတ်,ချင်းစသော ကောင်းသောအနံ့တို့ဖြင့်ထုံအပ်၏၊ထိုညဉ့်မိုးသောက်သောအခါ မြတ်စွာဘုရားသည် စောစောကလျှင် ကိုယ်လက်သုတ်သင်၍ ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံကြွအံ့သော်ငှာ အာတုမာမြို့သို့ဝင်တော်မူ၏၊ လူတို့သည် သုဘဒ်အားကြားကုန်၏၊"မြတ်စွာဘုရား ဆွမ်းအလို့ငှာ ရွာတွင်းသို့ဝင်ပြီ၊သင်သည် အဘယ်သူအားရည်၍ ယာဂုကိုကျိုချက်သနည်း''ဟုဆိုကုန်၏၊ သုဘဒ်သည် ဝတ်ရုံတိုင်းသော သင်းပိုင်နက်, သက်န်းနက်တို့ဖြင့်

ပင် လက်တဘက်ဖြင့် ယောက်မကိုကိုင်၍ ဖြဟ္မာကြီးကဲ့သို့ လက်ျာ ပုဆစ်ဒူးကိုမြေ၌ထောက်၍ "ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် အကျွန်ုပ်၏ယာဂုဆွမ်းကို ခံတော်မူပါ"ဟု လျှောက်၏။

မြတ်စွာဘုရားသည် သိလျက်ပင်"သင်အဘယ်သို့ရှာဖွေ၍ ရသော ယာဂုနည်း"ဟု မေး၏၊ အကြောင်းအလုံးစုံကိုကြားလျှောက်သော် ထို ဝုဆုပဗ္ဗဇိတသုဘဒ်ကိုကဲ့ရဲ့တော်မူ၍ သိက္ခာပုဒ်နှစ်ပါးကို ပညတ်တော်မူ ၏၊ "ချစ်သားရဟန်းတို့....ကမ္ဘာအကုဋေမက များစွာသောကာလ တို့ပတ်လုံး ဘောဇဉ်ကိုရှာမှီးသုံးဆောင်လျက် လွန်စေကုန်၏၊ ဤယာ ဂုသည် သင်တို့အားမအပ်၊ မတရားသဖြင့်ဖြစ်သော ဘောဇဉ်တည်း၊ ဤယာဂုကိုစားကုန်သောသင်တို့အား အထောင်မက များစွာသော ဘဝတို့ပတ်လုံးအပါယ်တို့၌သာလျှင်ဖြစ်စေကုန်လတ္တံ့၊ ဖဲကုန်လော့၊မခံ ကုန်လင့်"ဟုမြစ်တော်မူ၍ဆွမ်းခံရွာသို့ရှေးရှုကြွတော်မူ၏၊တယောက် သောရဟန်းမျှလည်း တစုံတခုကိုမယူပြီ။

သုဘဒ်သည် နှလုံးမသာပြင်းစွာဖြစ်၍ "ဤဂေါတမသည် ငါ့အလုံး စုံကိုသိ၏"ဆို၍ လှည့်လည်၏၊ "အကယ်၍ အလှူမခံလိုသည်ဖြစ်အံ့၊ သူ့ဘပါးကို စေ၍ပင်ကြားစေအပ်၏၊ ဤကျက်ပြီးသောအာဟာရမည် သည် ကြာစွအဆုံး ခုနစ်ရက်မျှတည်ရာ၏၊ ဤအလုံးစုံသောဝတ္ထုသည် ငါ့အား တသက်ပတ်လုံးမျှလောက်သည်ဖြစ်၏၊ ထိုဂေါတမသည် ဥစ္စာအလုံးစုံကိုဖျက်ဆီး၏၊ ဤဂေါတမသည် ငါ့အားအကျိုးမဲ့ကိုအလို ရှိ၏"ဟု မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၏၊ မြတ်စွာကိုယ်တော် ထင်ရှားရှိစဉ် ၌ တစုံတခုသောစကားကိုမဆိုဝံ့၊ ဤသို့ ထိုသုဘဒ်အား စိတ်ရှိသည် ဖြစ်၏၊ "ဤဂေါတမသည် မြတ်သောအမျိုးမှရဟန်းပြု၏၊ မြတ်သော ဘုန်းကြီးသောယောကျ်ားတည်း၊ အကယ်၍တစုံတခုကို ငါဆိုချေအံ့၊ ငါ့အားသာလျှင် ခြိမ်းလတ္တံ့"ဟု ကြောက်၍ရန်ငြိုးဖွဲ့၍နေရာ ယခုထို ဂေါတမသည် လွန်ပြီကြား၍ ရအပ်သော သက်သာရာရှိသကဲ့သို့ နှစ်လို ရွှင်လန်းဝမ်းမြောက်၍ ထိုစကားကို သုဘဒ်ရဟန်းကြီးဆိုသတည်း။

### အရှင်မဟာကဿပ ဓမ္မသံဝေဂဖြစ်တော်မူခြင်း

အရှင်မဟာကဿပသည် ထိုသုဘဒ်၏စကားကိုကြား၍ ရင်၌လှံဖြင့် ထိုးဘိသကဲ့သို့ မိုးကြိုးစက်သည် ထိပ်ထက်၌ကျသကဲ့သို့အမှတ်တော်

ဖြစ်၏၊တရားနှင့်လျော်စွာ ထိတ်လန့်ခြင်းသည်ဖြစ်၏၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၍ ခုနစ်ရက်မျှသာရှိပါသေးသည်၊ ယခုအခါ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်သည်ပင်လျှင် ထင်ရှားရှိပါသေး၏၊ ဆင်းရဲငြိုငြင်သဖြင့် မြတ်စွာဘုရားသည် နှစ်သက်စေအပ်သောသာသနာတော်၌ ဤသို့ လျင်စွာကြီးစွာသော သူယုတ်တည်းဟူသော အမှိုက်ဆူးငြောင့်သည် ဖြစ်ဘိ၏၊ ဤသူယုတ်သည်ကြီးပွားလတ်သည်ရှိသော်ဤယုတ်မာသောသဘောရှိသော တပါးသော အပေါင်းအဘော်တို့ကိုရ၍ သာသနာတော်ကို ရွေ့စေအံ့သောငှာ တတ်နိုင်ချေရာ၏ဟုကြံပြီးမှ အကယ်၍ကား ငါသည် ဤရဟန်းကြီးကို ဤအရပ်၌ပုဆိုးဖြူဝတ်စေ၍ဦးခေါင်း၌ပြာပက်၍နှင်ထုတ်အံ့၊ ရဟန်းဂေါတမ၏တပည့်တို့သည် ရဟန်းဂေါတမ၏ အလောင်းထင်ရှားရှိစဉ်ပင် ငြင်းခုံကြ၏ဟုဆို၍ ငါတို့အား အပြစ်ကို ပြကုန်လတ္တံ့၊

ထို့ကြောင့် ရှေးဦးစွာ ငါသည် သည်းခံဦးအံ့၊ မြတ်စွာဘုရားဟောတော်မူအပ်သော **သုတ်, အဘိဓမ္မာ, ဝိနည်း** သည် မသီအပ်သောပန်းအစုနှင့်တူ၏၊ ဥပမာကား-လေသည်ခတ်အပ်သော ထိုပန်းပွင့်တို့သည် ဟိုမှ,ဤမှ လွင့်ပါးကုန်သကဲ့သို့ ထို့အတူ ဤသုဘဒ်ရဟန်းကြီးကဲ့သို့ ယုတ်မာသောသဘောရှိကုန်သော ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် နောင်အခါ ရောက်တိုင်း ရောက်တိုင်းသော အရပ်တို့၌ သုတ်, အဘိဓမ္မာ,ဝိနည်းတို့တွင် ဝိနည်း၌တခု,နှစ်ခုသော သိက္ခာပုဒ်တို့သည် ပျောက်ကုန်လတ္တံ့၊သုတ်၌တခု,နှစ်ခုသောပဉ္စာဝါရတို့သည်,အဘိဓမ္မာ၌ တခု, နှစ်ခုသော ဘုမ္မန္တရတို့သည် ပျောက်ကုန်လတ္တံ့၊ ဤသို့အစဉ်သဖြင့် အခြင်ပျက်စီးသည်ရှိသော် အခက်အရွက်တို့သည် ပျက်စီးလွယ်ကုန်သကဲ့သို့ဖြစ်လတ္တံ့။

ထို့ကြောင့် သုတ်, အဘိဓမ္မာ, ဝိနည်းကို **သင်္ဂါယနာတင်ခြင်း** ကို ပြုရလတ္တံ့၊ ဤသင်္ဂါယနာတင်ခြင်းကို ပြုသည်ရှိသော် ခိုင်ခံ့သောကြိုးဖြင့် သီအပ်သော ပန်းပွင့်ကဲ့သို့ သုတ်,အဘိဓမ္မာ, ဝိနည်းတို့သည် မတုန်မလှုပ်တည်ကြည် ကုန်သည် ဖြစ်လတ္တံ့၊ ဤသို့သင်္ဂါယနာ တင်စေခြင်း အကျိုးငှါသာလျှင် ငါရဟန်းပြု၍ လာသောအခါ မြတ်စွာ

ဘုရားသည် သုံးဂါဝုတ်တိုင်အောင် ခရီးဦးကြိုဆိုခြင်းကို ပြုတော်မူပြီ၊ သုံးပါးသော အဆုံးအမတို့ဖြင့် ပဋ္ဌင်းအဖြစ်ကို ပေးတော်မူပြီ၊ ကိုယ်တော်မှ သင်္ကန်းကို ငါ၏ကိုယ်၌ ငါ၏သင်္ကန်းကို ကိုယ်တော်၌ ဝတ်ရုံသဖြင့် သင်္ကန်းဖလှယ်ခြင်းကိုပြုပြီ၊ ကောင်းကင်၌ လက်ဝါးကိုလှုပ်၍ လ၏ဥပမာရှိသော အကျင့်ကိုဟောတော်မူသော ဘုရားမြတ်စွာသည် ငါ့ကို သက်သေတည်၍ ကဿပသည် လနှင့်တူသော အကျင့်ရှိ၏ဟု ဟောတော်မူပြီ၊သုံးကြိမ် သာသနာတော်၌အမွေခံ ၏အဖြစ်ကိုဝန်ခံစေပြီ။

ငါ့သို့ သဘောရှိသော ရဟန်းသည်ရှိလျက် ဤသူယုတ်သည် သာသနာတော်၌ စည်ပင်ပြန့်ပွားခြင်းကို မရစေသတည်း၊ သူတော်မဟုတ်သူယုတ်တို့၏တရားသည် မထွန်းပမီ,သူတော်ကောင်းတို့၏ တရားသည် မတိမ်မြုပ်မီ, ဝိနည်းမဟုတ်သော တရားသည် မထွန်းပမီ, ဝိနည်းတရားတော်သည် မတိမ်မြုပ်မီ, တရားကိုမယူသော ပုဂ္ဂိုလ်တို့သည် အားမကြီးကုန်မီ,တရားကိုယူသောပုဂ္ဂိုလ်တို့သည် အားမနည်းကုန်မီ, ဝိနည်းကို မယူသောပုဂ္ဂိုလ်တို့သည် အားမကြီးကုန်မီ, ဝိနည်းကို ယူသောပုဂ္ဂိုလ်တို့သည် အားမနည်းကုန်မီ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်အံ့၊ ထို့နောင်မှ ရဟန်းတို့သည် မိမိမိမိတို့၏ စွမ်းနိုင်ရုံကို တတ်အောင်သင်ကုန်၍ အပ်မအပ်ကိုဆိုကုန်လတ္တံ့၊ထိုအခါ ဤသူယုတ်သည်နှိပ်ခြင်းသို့ရောက်လတ္တံ့၊ဦးခေါင်းကိုမချီနိုင်လတ္တံ့၊သာသနာတော်သည် စည်ပင်ပြန့်ပွါးသည် ဖြစ်လတ္တံ့ဟု ကြံပြီး၍—

ထိုအရှင် မဟာကဿပသည် ငါ့အား ဤသို့အကြံသည် ဖြစ်၏ဟု တစုံတယောက်သော သူအားမျှမကြားမူ၍ ရဟန်းသံဃာကိုသာ သက်သာစိမ့်သောငှါ "ငါ့ရှင်တို့⋯ မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်၊ ဤသင်္ခါရတရားတို့၏ အမြဲမတည်သော အဖြစ်ကို မြတ်စွာဘုရားသည် ရှေးဦးစွာကပင်ကြားအပ်ပြီ၊ချစ်သားရဟန်းတို့⋯အလုံးစုံကုန်သော ချစ်နှစ်လိုအပ်ကုန်သော သူတို့နှင့် အထူးထူးဖြစ်ခြင်း, ကွေကွင်းရခြင်း, တပါးအပြားဖြင့် ဖြစ်ခြင်းကို ရှေးဦးစွာကပင် ကြားအပ်ပြီ၊ အကြင်သင်္ခါရတရားသည် ဖြစ်တတ်၏၊ ထင်ရှားဖြစ်တတ်၏၊ ပြုပြင်အပ်၏၊ ပျက်တတ်သော သဘောရှိ၏၊ အကြင်သင်္ခါရတရား၌ ထိုမပျက်မစီးအမြဲတည်ခြင်းကို အဘယ်မှာရအံ့နည်း၊ အကြင်အကြောင်းဖြင့် ပျက်စီး

တတ်သော သန်ါရတရားဟုဆိုအပ်သော မြတ်စွာဘုရား၏ ကိုယ်တော်သည် မပျက်မစီးတည်ရာ၏၊ ထိုအကြောင်း မရှိသည်သာလျှင်တည်း၊ ထို့ကြောင့် အရှင်တို့....မစိုးရိမ်ကုန်လင့်၊ မငိုကြွေးကုန်လင့်ဟု သက်သာစေ၏။

**နတ်တို့အလိုမကျ၍အလောင်းတော်ကိုမီးမလောင်ခြင်း**

ထိုသို့ မြတ်စွာဘုရား၏ ကိုယ်တော်ကို ကုသိနာရုံပြည်၏ အရှေ့အရပ်၌ မလ္လာမင်းတို့၏မကိုဋ္ဌဗန္ဓနရ အဆန်းအကျယ်ပြုအပ်သောအရပ်၏ အနီး၌ချ၍ ပုဆိုးတထပ်, ဝါဂွမ်းတထပ်, ချပ်ကာချပ်ကာ ပုဆိုးအစုံငါးရာတို့ဖြင့် ရစ်ပြီး၍ဆီပြည့်သော ရွှေတလား၌ထည့်၍ အတောင်တရာ့နှစ်ဆယ်မြင့်သော နံ့သာထင်းပုံထက်သို့ တင်ပြီးလျှင် **ကဆုန်လပြည့်ကျော်ခြောက်ရက်နေ့** ညအခါ မလ္လာမင်းအကြီး လေးယောက်တို့သည် ဦးခေါင်းလျှော်ကုန်ပြီးသော် အစာမကြေသော ပုဆိုးကိုဝတ်ကုန်၍"ငါတို့သည် မြတ်စွာဘုရား၏ထင်းပုံကိုမီးတိုက်ကုန်အံ့"ဟုလေးမျက်နှာဆိုင်၍ တိုက်သော် မီးတို့သည်မစွဲနိုင်ကုန်သည်နှင့် အရှင်အနုရုဒ္ဓါကို မေးလျှောက်ကုန်၏၊ "အရှင်ဘုရား အနုရုဒ္ဓါ.... အကျွန်ုပ် တို့သည် မြတ်စွာဘုရား၏ထင်းပုံကို မီးတိုက်ကုန်အံ့ဟု ဦးခေါင်း လျှော်ကုန်ပြီးသော် အစာမကြေသောပုဆိုးတို့ကို ဝတ်ကုန်ပြီးသော် မလ္လာမင်းအကြီးလေးယောက်တို့သည် မီးတိုက်ပါကုန်၏၊ အကြင် အကြောင်းကြောင့် မြတ်စွာဘုရား၏ ထင်းပုံကို မီးလောင်စေခြင်းငှါ မတတ်နိုင်ကုန်၊ ထိုအကြောင်းသည် အဘယ်နည်း"ဟု မေးလျှောက်ကုန်၏။

"ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့....နတ်တို့၏အလိုသည် တပါးအပြားဖြင့် ရှိသည်ဖြစ်၍ မီးမလောင်နိုင်သတည်း"ဟု မိန့်တော်မူ၏၊ ထိုအခါမလ္လာမင်းတို့သည် "အရှင်ဘုရား.... အကြင်အခြင်းဖြင့် နတ်တို့၏ အလိုသည်ဖြစ်၏၊ထိုအခြင်းဖြင့် ဖြစ်ပါစေလော့"ဟုဆိုကုန်၍ ထင်းပုံထက်၌ ခုနစ်ရက်ပင်ကြာပြန်လေသတည်း၊ နတ်တို့၏တပါးအပြားဖြင့် အလိုသည် အဘယ်သို့ဖြစ်သနည်းဟူမူကား–တပည့်သားတော် မဟာသာဝကရှစ်ကျိပ်တို့၌ စိတ်ကိုကြည်ညိုစေ၍ ထိုရှစ်ကျိပ်တို့၏ အလုပ်အကျွေးဖြစ်ကုန်သော ရှစ်သောင်းသော အမျိုးတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏၊ ထိုနတ်ရှစ်သောင်းတို့တွင် ရှင်မဟာကဿပ၏ အလုပ်

အကျွေးနတ် တထောင်တို့သည် ထိုအစည်းအဝေး၌ အရှင်မဟာကဿပမထေရ်ကို မမြင်ကုန်သောကြောင့် "ငါတို့ကုလုပကဖြစ်သော အရှင်မဟာကဿပသည် အဘယ်မှာရှိလေသနည်း"ဟု နတ်မျက်စိဖြင့် ကြည့်ကုန်သော် ဒေသစာရီလှည့်ခြင်းဖြင့် အဝွန့်ရှည်သောခရီးသို့ ကြွတော်မူသည်ကိုမြင်၍ "ငါတို့ကုလုပကဖြစ်သော အရှင်မဟာကဿပသည် မြတ်စွာဘုရားခြေတော်ကိုရှိခိုးအံ့သောငှါ အဝေးမှတပည့်သံဃာတို့နှင့်တကွ လာတော်မူသေး၏၊ ငါတို့အရှင်ရှိမခိုးဘဲ ထင်းပုံသည် မီးမတောက်စေသတည်း"ဟုနတ်တထောင်တို့သည် မိဋ္ဌာန်လေကုန်၏။

ထို့ကြောင့် မလ္လာမင်း လေးယောက်တို့သည်,ရှစ်ယောက်တို့သည်, တကျိပ်ခြောက်ယောက်တို့သည်, သုံးကျိပ်နှစ်ယောက်တို့သည် ထင်းပုံ၌ မီးစွဲတောက်စိမ့်သောငှါ အစုံသောဖိုကျင့်တို့ဖြင့် ထိုးကုန်သော်ငင်း, ပြောင်းတို့ဖြင့်မှုတ်ကုန်လျက် ထန်းရွက်ယပ်တို့ဖြင့်ယပ်ကုန်လျက် ထိုထိုသို့သောအကြောင်းကိုပြုကုန်သော်ငင်း ထင်းပုံကိုမီးစွဲတောက်စေခြင်းငှါ မတတ်နိုင်ကုန်မူ၍ ထင်းပုံထက်၌ ခုနစ်ရက်ကြာသတည်း၊ ဤသို့ အရှင်မဟာကဿပ မရောက်သေးသောကြောင့် နတ်တို့မိဋ္ဌာန်သဖြင့် မီးမတောက်နိုင်သည်ဟု မိန့်သော အရှင်အနုရုဒ္ဓါ၏ စကားကို ကြားကြကုန်၍ "အချင်းတို့....အရှင်မဟာကဿပမည်သော ရဟန်းသည် မြတ်စွာဘုရား၏ခြေတော်တို့ကို တပည့်သံဃာနှင့်တကွ ရှိခိုးအံ့ဟု လာသေး၏၊ ထိုရဟန်းမရောက်သမျှ ထင်းပုံသည် မီးမတောက်လတ္တံ့သတည်း၊ ထိုရဟန်းသည် မည်းသောအဆင်း ရှိလေသလော၊ ဖြူသောအဆင်းရှိလေသလော၊ နိမ့်လေသလော၊ မြင့်လေသလော၊ အဘယ်ကဲ့သို့အဆင်းသဏ္ဍာန်ရှိလေသနည်း၊ ဤသို့တန်ခိုးကြီးသော ရဟန်းသည် မြတ်စွာဘုရား၏ အပေါ်တွင်ရှိပါလေမူ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုတော်မူခြင်းသည် မဖြစ်တန်လေသေးဘူး" ဟူ၍ဆိုကုန်၏။

"အရှင်ဘုရား အနုရုဒ္ဓါ....ဤအရှင်ကောင်းသည် အဘယ်အရပ်မှလာလတ္တံ့နည်း"ဟုမေးကုန်၍ ပါဝါမြို့မှ လာလတ္တံ့ဟူသောစကားကို ကြားကုန်သဖြင့် အချို့သောသူတို့သည် ပန်းနံ့သာ လက်စွဲလျက် ကြိုဆိုကုန်၏၊ အချို့သောသူတို့သည် ခရီးကိုဆန်းကျယ်စွာ တန်ဆာဆင်၍ မျှော်လျက်နေကုန်၏။

## အရှင်မဟာကဿပရောက်မှအလောင်းတော်ကိုမီးလောင်ခြင်း။

ထိုရောအခါ အရှင်မဟာကဿပသည် တပည့်ရဟန်းသံဃာတို့နှင့်တကွ ပါဝါမြို့ခရီးမှလာလတ်၍ အကြင်အရပ်၌ ကုသိနာရုံပြည်သည်ရှိ၏၊ မကုဋဗန္ဓနစေတီသည်ရှိ၏၊ မြတ်စွာဘုရား၏ **အလောင်းတော်တင်ရာထင်းပုံ**သည်ရှိ၏၊ ထိုအရပ်သို့ကပ်လာ၍ ပခုံးတဘက်၌ ကိုယ်ဝတ်စံပယ်တင်သည်ကိုပြု၍၊ မြတ်စွာဘုရားထင်းပုံ၌ တပည့်သံဃာနှင့်တကွ လက်ျာရစ် သုံးပတ်လှည့်၍ “ဤအရပ်၌ ဦးခေါင်းတော်, ဤအရပ်၌ ခြေတော်”ဟု မှတ်ပြီးသော် ခြေရင်း၌ရပ်၍ အဘိညာဉ်၏ အခြေဖြစ်သောရူပါဝစရ ကြိယာစတုတ္ထဈာန်ကိုဝင်စား၍ ဈာန်မှထ၍“အကန့်တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တံရာ့ရှစ်ပါးသော စက်လက္ခဏာတော်တို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် ဝါဂွမ်းအထပ်အလွှာတို့နှင့်တကွပုဆိုးအစုငါးရာအထပ်တို့ကိုငှင်း, ရွှေတလားကိုငှင်း,နံ့သာထင်းကိုငှင်းနှစ်ဖြာခွဲ၍ ဤငါ၏ဦးခေါင်းဟုဆိုအပ်သောအင်္ဂါ၌ တည်စေသတည်း”ဟု မိဋ္ဌာန်တော်မူ၏။

မိဋ္ဌာန်တော်မူသောစိတ်နှင့်တကွ ထင်းပုံ, ရွှေတလား, ငါးရာသောပုဆိုးအစုံတို့ကို နှစ်ဖြာခွဲ၍ တိမ်တိုက်ကြားမှလပြည့်ဝန်းကဲ့သို့ ခြေတော်တို့သည် ထွက်လာကုန်၏၊ အရှင်မဟာကဿပမထေရ်သည် ပွင့်သစ်သော ပဒုမာကြာနီနှင့်တူသော လက်တော်တို့ကိုဆန့်၍ ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ဖမျက်တိုင်အောင် ကြပ်ကြပ်ကိုင်တော်မူ၍ မိမိ၏မြတ်သောဦးခေါင်း၌တည်စေ၍ ရှိခိုး၏၊ ထိုအံ့ဘွယ်သရဲကို လူများအပေါင်းမြင်၍ တပြိုင်နက်တည်းလျှင် သည်းစွာသောအသံဖြင့် ကောင်းချီးဟစ်ကုန်၏၊ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကုန်၍ လူများအပေါင်းသည်လည်း ရှိခိုး၏။ ငါးရာသော သံဃာသည်လည်းရှိခိုး၏။

ဤသို့လျှင် အရှင်မဟာကဿပစသော အလုံးစုံသော သူတို့သည် ရှိခိုးအပ်ပြီးသည်ရှိသော် တဘန် မိဋ္ဌာန်ရခြင်း ကိစ္စမည်သည် မရှိပြီ၊ ရှေးမိဋ္ဌာန်တော်မူသည်၏ **အစွမ်းအားဖြင့်ပင်** အရှင်မဟာကဿပ၏ လက်တော်မှ လွှတ်ကာမျှ၌ပင်လျှင် ချိပ်ရည်ကဲ့သို့သော အဆင်းရှိသော မြတ်စွာဘုရား၏ ခြေတော်သည် စန္ဒကူးထင်းအစရှိသည်တို့၌ တစုံတခု

ကိုမလှုပ်ရှားစေမူ၍ တည်မြဲတိုင်း၌ တည်လေကုန်၏၊ မြတ်စွာဘုရား သခင်၏ ခြေတော်တို့သည် ထွက်ကုန်သော်ငြား, ဝင်ကုန်သော်ငြား, ဝါဂွမ်းမွေးသည်ငြား, ပိုးချည်မျှင်စသည်တို့သည်ငြား, ဆီပေါက်သည် ငြား,ထင်းစုသည်ငြား အရာမှရွေ့သောမည်သည် မရှိ၊ အလုံးစုံတည်မြဲ တိုင်း၌ပင် တည်လေ၏၊ မြတ်စွာဘုရား၏ခြေတော်တို့သည် နေ,လထွက် သကဲ့သို့ ထွက်လာကုန်၍ ဝင်ပြန်သည်ရှိသော် လူများအပေါင်းသည် ပြင်းစွာသော ငိုမြည်ဘမ်းခြင်းကို ငိုမြည်တမ်းကုန်၏၊ ပရိနိဗ္ဗာန်လွန် တော်မူသောအခါထက် လွန်မြတ်သောသနားဘွယ်သည် ဖြစ်၏။

ထိုရောအခါ မြတ်စွာဘုရား၏အလောင်းတော်ထင်းပုံကို တစုံတ ယောက်သောသူသည် မီးတိုက်ညှိရသည်မရှိ၊ နတ်တို့၏အာနုဘော်ဖြင့် ထက်ဝန်းကျင်မှ တပြိုင်နက်တည်းလျှင် မီးတောက်၏၊ ဤထင်းပုံကိုမီး လောင်ရာ၌ ဝန်းရံ၍တည်ကုန်သောအင်ကြင်းပင်တို့၏အခွကြား အခက် ကြားအရွက်ကြားတို့မှ မီးလျှံသည်ထွက်၏၊အခက်,အရွက်,အသီး,အပွင့် ကို မီးစွဲလောင်သောမည်သည်မရှိ၊ ခြ, ပိုးရွ,ပင့်ကူတို့သည် မီးလျှံတို့၏ အကြားအကြားဖြင့် သွားလာကုန်၏၊ ဘိုးတော် အဥ္စနမင်းထားသော သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့်ကျော် ၁၂-ရက်၊ တနင်္ဂနွေနေ့၊ ညချမ်းအခါ ထင်းပုံသည်မီးလောင်၏။

## ဘုရားရှင်၏ဓာတ်တော်များ

မီးလောင်သော ကိုယ်တော်မြတ်စွာဘုရား၏ အကြင်အပေါ်ရေ သည်ငြား,အတွင်းရေသည်ငြား, အသားသည်ငြား, အကြောသည်ငြား, အစေးသည်ငြားရှိ၏၊ ထိုအရေ, အသား, အကြော,အစေးတို့၏ပြာတို့ သည်ငြားမထင်ကုန်၊မင်တို့သည်ငြား မထင်ကုန်၊ ဓာတ်တော်တို့သည်သာ လျှင်ကြွင်းကုန်၏၊ဥပမာကား-ထောပတ်ဆီကို မီးညှိသည်ရှိသော် ပြာတို့ သည်ငြား, မင်တို့သည်ငြား, မထင်မမြင်ကုန်သကဲ့သို့ ထို့အတူ အရေ, အသား, အကြော,အစေးတို့၏ ပြာမင်တို့သည် မထင်ကုန်၊ ဓာတ်တော် တို့သည်သာလျှင် ကြွင်းကုန်၏၊ မြတ်လေးပန်းငုံ အဆင်းနှင့်တူသော ဓာတ်တော်, ပွတ်သစ်သောပုလဲ အဆင်းနှင့် တူသော ဓာတ်တော်, ရွှေအဆင်းနှင့်တူသောဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏၊ ထို

ပုဆိုးအစုံငါးရာအားဖြင့် အထပ်ငါးရာတို့တွင် အလုံးစုံ၏ အတွင်းဖြစ်သောအထပ်,အလုံးစုံ၏ အပြင်ဖြစ်သောအထပ်၊ ဤနှစ်ထပ်တို့ကိုသာ မီးလောင်ကုန်၏၊ထိုမှကြွင်းသောအလုံးစုံသောအထပ်တို့ကိုမီးမလောင်ကုန်၊ ပဌမဝါဠွမ်းထပ်၌ ဓာတ်တော်တို့သည် တည်ကုန်၏။

မြတ်စွာဘုရား၏ထိုဓာတ်တော်တို့သည်ကား အစိတ်အစိတ်ကွဲပြား၍တည်သော သမ္ဘိန္နဓာတ်, မကွဲမပြားတည်သောအသမ္ဘိန္နဓာတ်ဟူ၍ နှစ်ပါးရှိကုန်၏၊အသက်ရှည်ကြသော ဘုရားရှင်တို့၏ဓာတ်တော်ကား မကွဲမပြား ရွှေတုံးကဲ့သို့ တခဲနက်သာတည်၏၊ငါတို့မြတ်စွာဘုရားသည်ကား "ငါသည်မြင့်စွာမတည်မူ၍ပရိနိဗ္ဗာန်လွန်ရ၏၊ ငါ၏သာသနာတော်သည် များစွာမပြန့်သေး၊ ပရိနိဗ္ဗာန်ပြုပြီးသော ငါ၏မုန်ညင်းစေ့မျှလောက်သောဓာတ်တော်တို့ကိုယူ၍ မိမိနေရာ၌စေတီပြု၍ ကိုးကွယ်သောခပ်သိမ်းသော သူအပေါင်းသည် နတ်ရွာလားရသည် ဖြစ်စေသတည်း"ဟု ဓာတ်တော်တို့၏ ဖရိုဖရဲကွဲပြားသဖြင့်တည်ခြင်းကို မိဋ္ဌာန်တော်မူသတည်း၊ စွယ်တော်လေးချောင်း, ညှပ်ရိုးတော် နှစ်ချောင်း, နဖူးသင်္ကျစ်တော်၊ ဤခုနစ်ပါးသော ဓာတ်တော်တို့သည် မကွဲမပြားတည်ကုန်သောကြောင့် **အသမ္ဘိန္နဓာတ်**မည်ကုန်၏၊ ဤမှကြွင်းသောဓာတ်တို့သည် ကွဲပြား၍ တည်ကုန်သောကြောင့် **သမ္ဘိန္နဓာတ်** မည်ကုန်၏။

ထိုကွဲပြားသောဓာတ်တို့တွင်အလုံးစုံအောက်ငယ်သောဓာတ်တော်တို့သည် မုန်ညင်းစေ့ ပမာဏရှိကုန်၏၊ ရွှေအဆင်းနှင့် တူကုန်၏၊ အလတ်ဖြစ်သော ဓာတ်တော်တို့သည် ဆန်ကျိုးပမာဏရှိကုန်၏၊ ပုလဲအဆင်းနှင့်တူကုန်၏၊ ကြီးသောဓာတ်တော်တို့သည် အလယ်၌ ကွဲသောပဲနောက်ခြမ်းပမာဏရှိ၍ မြတ်လေးငုံအဆင်း ရှိကုန်၏၊ဤဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏၊မြတ်စွာဘုရား၏ကိုယ်တော်ကို မီးလောင်ပြီးသော် လက်မောင်းမျှ, မြင်းခေါင်းမျှ, ထွန်တုံးမျှ, ထန်းလုံးမျှရေအယဉ်တို့သည် ကောင်းကင်မှ ကျစီးလာ၍ မြတ်စွာဘုရား၏ ထင်းပုံကို ငြိမ်းစေကုန်၏၊ ထင်းပုံကိုရံ၍တည်ကုန်သော အင်ကြင်းပင်တို့၏ အခွကြား အခက်ကြား အရွက်ဖျားတို့မှလည်း ရေအယဉ်တို့သည် ကျလာ၍ ငြိမ်းစေကုန်၏၊ မြတ်စွာဘုရား၏ ကြီးစွာသောထင်းပုံပတ်လည် ထက်

ဝန်းကျင်မှ မြေကိုခွဲ၍ ထွန်တုံးမျှ ရေအယဉ်အလုံးတို့သည် ဖလ်ဖြင့်ပြီးသော ဦးဆောက်ပန်းကဲ့သို့ ထင်းပုံကိုရှေးရှုကိုင်းညွတ်လျက် သက်ကုန်၍ ထင်းပုံကိုငြိမ်းစေကုန်၏၊မလ္လာမင်းတို့သည် ရွှေအိုးငွေအိုးတို့ကို ပြည့်စေ၍ ဆောင်ခဲ့အပ်သော၊ အထူးထူးသောနံ့သာရေတို့ဖြင့် ထင်းပုံကိုငြိမ်းစေကုန်၏၊ ရွှေငွေတို့ဖြင့်ပြီးကုန်သော ရှစ်ချောင်းသော တံရူးဝါးတို့ဖြင့် ဖြန့်ချိ၍ငြိမ်းစေကုန်၏။

---

## ၂၆၀။ ဓာတ်တော်အတွက်စစ်ဘက်ခြင်းနှင့် ဒေါဏပုဏ္ဏားဓာတ်တော်ဝေခြင်း

### ခုနစ်ရက်ပတ်လုံး ဓာတ်တော်ပူဇော်ခြင်း

ထိုသို့ မီးကို ငြိမ်းစေပြီးသောအခါ၌ မလ္လာမင်းတို့သည် မီးမလောင်ကြွင်းသော မြတ်စွာဘုရား၏ ကိုယ်တော်ကို ထုပ်ရစ်အပ်သောလေးရာ့ကိုးဆယ့်ရှစ်စုံသော ပုဆိုးအထပ်တို့ကိုဖြေ၍ ပဉ္စမဝါဠွမ်းလွှာအထပ်၌ တည်သောဓာတ်တော်တို့ကို ရွေးကောက်၍ ရွှေဖြင့်ပြီးသောအင်ခွက်၌ထည့်၍ ရွှေဖြင့်ပြီးသောအင်ခွက်တခုဖြင့် အုပ်ထား၍ မြို့တွင်းမင်းကွန်းစရပ်၌ လေးပါးသော အမျိုးရှိသော နံ့သာတို့ဖြင့် အပြေအပြစ်ထုံသည်ကိုပြု၍ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန်းနံ့သာတို့ကိုကျဲ၍ အထက်၌ ပုဆိုးဖြင့် ဗိတာန်မိုးကြက်ကာ၍ ရွှေကြယ်, ငွေကြယ်အစရှိသည်တို့ဖြင့်စီ၍ နံ့သာဆိုင်း,ပန်းဆိုင်း,ရတနာဆိုင်းတို့ကိုဆွဲ၍ မင်းကွန်းစရပ်မှသည် မကိုဋ်ဗန္ဓနဟု ဆိုအပ်သော ဦးခေါင်းတန်ဆာဆင်ရာ ဆန်းကြယ်စွာ ပြုအပ်သော စရပ်တိုင်အောင် ခရီးနံပါးနှစ်ဘက်တို့၌ ဖျာတင်းထိမ်တို့ဖြင့် ကာရံသည်ကိုပြု၍ အထက်၌ ပုဆိုးဗိတာန်ဘွဲ့ကြက်စေ၍ ရွှေကြယ်, ငွေကြယ်အစရှိသည်တို့ဖြင့် စီ၍ နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာဆိုင်းတို့ကိုဆွဲ၍ ပတ္တမြားရိုးနှင့်တူကုန်သော ဝါးရိုးတို့ဖြင့် ငါးပါးသောအဆင်းရှိသော တခွန်တို့ကို အစဉ်အားဖြင့် စိုက်၍ ထက်ဝန်းကျင်မှ ရတနာဖြင့် ပြီးသော ကုက္ကားတို့ကို ရံစေ၍ ကောင်းစွာ ညီညွတ်သောအပြင်ရှိသော ခရီးတို့၌ ငှက်ပျောပင်အစဉ်တို့ကိုဎင်း, ရေပြည့်သော ကြာသွတ်မြူတာတို့ကိုဎင်း စိုက်ထားစေ၍ အရိုးတပ်သော ဆီမီးတိုင်တို့ကို ညှိထွန်းစေပြီးလျှင်

တန်ဆာဆင်သောဆင်၏ ကျောက်ကုန်းအထက်၌ ဓာတ်တော်နှင့် တကွဖြစ်သော ရွှေဖျဉ်းကိုတင်၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကုန်လျက် ကခြင်း,သီခြင်း, တီးမှုတ်ခြင်းတို့နှင့်တကွ မြို့တွင်းသို့ **ကကုန်လပြည့်ကျော် ၁၂-ရက်**နေ့ညဥ့်အခါ၌ သွင်း၍ မင်းကွန်းစရပ် ရတနာပလ္လင်ထက်၌ ထားပြီးမှ အထက်၌ ရတနာဖြင့်ပြီးသော ထီးဖြူကိုဆောင်း၍ ထား ကုန်၏။

ထိုရောအခါ မလ္လာမင်းတို့အား ဤသို့သောအကြံသည် ဖြစ်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ ပရိနိဗ္ဗာနသုတ္တာဟာ၌ဋ္ဌင်း, မကုဋဗန္ဓန ထင်းပုံထက်၌တင်ပြီးသော် စိတကသတ္တာဟ၌ဋ္ဌင်း ငါတို့သည် ရဟန်း သံဃာတော်တို့၏ နေရာထိုင်ခင်းတို့ကိုဋ္ဌင်း, ခဲဘွယ်ဘောဇဉ်တို့ကိုဋ္ဌင်း လုပ်ဆောင်စီရင်ရကုန်သည်ဖြစ်၍ ကောင်းချီးပေးသဖြင့် ကစားခြင်း ကိုမပြုရကုန်သေး၊ ဤမင်းကွန်းစရပ်၌ မြတ်စွာဘုရား၏ဓာတ်တော် တို့ကို ပူဇော်သက္ကာရပြုကုန်လျက် ခုနစ်ရက်ပတ်လုံး ကောင်းချီးပေး သော ကစားခြင်းကို ကစားကုန်အံ့ဟု ကြံကုန်ပြီး၍ ဤသို့ငါတို့ကစား သောအခါ၌ ငါတို့၏ မေ့လျော့ပျော်လွန်သော အဖြစ်ကိုသိ၍ တစုံ တယောက်သောသူသည် အကြင်ကြောင့် ဓာတ်တော်တို့ကို ယူရာ၏၊ ထို့ကြောင့် အစောင့်အရှောက်တို့ကို လုံခြုံစွာထားကုန်အံ့ဟု ကြံကုန် ပြီးလျှင် ဓာတ်တော်ကိန်းဝပ်သော မင်းကွန်းစရပ်ကို ရှေးဦးစွာ ဆင်ကို ဦးကင်းကို ထိစေလျက် ရံစေကုန်၏။

ထို့နောင် မြင်းတို့ကို လည်ဖြင့်လည်ကို ခတ်မိစေလျက် ရံစေကုန်၏၊ ထို့နောင်မှ ရထားတို့ကို နပန်းစွန်းတခုကို ခတ်မိစေလျက် ရံစေကုန် ၏၊ ထို့နောင်မှ သူရဲတို့ကို လက်မောင်းဖြင့် လက်မောင်းကိုထိစေလျက် ရံစေကုန်၏၊ ထိုသူရဲတို့အဆုံး၌ လေးတခုအစွန်းဖြင့် လေးတခုအစွန်း ကို ခတ်မိစေလျက် ရံစေကုန်၏၊ဤသို့လျှင် ထက်ဝန်းကျင်မှ တယူဇနာ ရှိသော အရပ်ကို ခုနစ်ရက်ပတ်လုံး ကောင်းစွာ ဖွဲ့အပ်သော နွားခြီကို ကဲ့သို့ အစောင့်အရှောက်ကို လုံခြုံစွာပြု၍ မလ္လာမင်းတို့သည် သာဓု ကီဠနဟု ဆိုအပ်သော ကောင်းချီးပေးသော ကစားခြင်းကို ကစား ကုန်၏။

[ဤခုနစ်ရက်ကား သာဓုကီဠနသတ္တာဟတည်း။]

## ခေတ်တော်ယူရန်စစ်ချီလာခြင်း

ထိုရောအခါ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း၏ အမတ်တို့သည် မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူအပ်ပြီဟူ၍ ကြား၏၊ ထိုသို့ကြားပြီး၍ အမတ်တို့သည် ကြံကုန်၏၊ မြတ်စွာဘုရားသည်ကား ပရိနိဗ္ဗာန်ပြုတော်မူအပ်ပြီ၊ ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်းကို တဘန်ဆောင်ပြန်အံ့သောငှါ မတတ်နိုင်ပြီ၊ပုထုဇဉ်၌ဖြစ်သော သဒ္ဓါခြင်းဖြင့်ကား ငါတို့မင်းနှင့်တူသော သူမည်သည်မရှိ၊ အကယ်၍ ဤငါတို့သခင် မင်းကြီးသည် ဤသို့သောအမှတ်ဖြင့် ကြားငြားအံ့၊ ထိုမင်းကြီး၏နှလုံးသည် ကွဲလတ္တံ့၊ ငါတို့မင်းကို ငါတို့သည် စောင့်အပ်၏ဟု ထိုအမတ်တို့သည် သုံးခုကုန်သော ရွှေဖြင့်ပြီးသော ကျင်းတို့ကို ဆောင်စေ၍ နို့ရည်, ထောပတ်, ပျား, သကာဟူသော စတုမဓုဖြင့် ပြည့်စေပြီးမှ မင်းကြီး၏အထံသို့ သွား၍ ဤသို့လျှောက်ကုန်၏။

''အရှင်မင်းကြီး··အကျွန်ုပ်တို့သည် အိပ်မက်ယေ် တခုကို မြင်မက်၏၊ ထိုအိပ်မက်ကို ဖျောက်ပယ်ခြင်းငှါ အရှင်မင်းကြီးသည် ဘွဲ့ဖြူပုဆိုးနှစ်ထည်ကို ရစ်ပတ်ကုန်လျက် နှာခေါင်းမျှပေါ်ရုံ ဦးခေါင်းကို ဘော်၍ စတုမဓုကျင်း၌ အိပ်အံ့သောငှါအပ်၏'' ဟု လျှောက်ကြကုန်၏၊ အဇာတသတ်မင်းသည် အကျိုးစီးပွားကို ကျင့်ကုန်သောအမတ်တို့၏ စကားကိုကြား၍ ''သင်တို့ဆိုတိုင်းဖြစ်စေတော့''ဟု ဝန်ခံလျှင် ဆိုတိုင်းပြု၏၊ ထိုရောအခါ တယောက်သောအမတ်သည် ဆင်သောတန်ဆာကို ချွတ်ပြီးမှ ဆံပင်တို့ကို ဖရိုဖရဲကြဲ၍ အကြင်အရပ်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုအရပ်သို့ရှေးရှု လက်အုပ်ချီ၍ မင်းကြီးကို ဤသို့လျှောက်၏။

''အရှင်မင်းကြီး····ခပ်သိမ်းသော သတ္တဝါတို့မည်သည် သေခြင်းမှ လွတ်နိုင်သော မည်သည်မရှိ၊ လောကသုံးပါးတို့၏ ဆရာဖြစ်တော်မူသော အရှင်မင်းကြီးတို့၏ အသက်တော်ကို ပွားစေ တတ်သော ကိုးကွယ်အပ်သောဆရာဖြစ်သော ကောင်းမှုဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်မြေကောင်းသဘွယ်ဖြစ်သော အမြိုက်နိဗ္ဗာန် တည်းဟူသော

အဘိသိက်ဖြင့် သွန်းတတ်သော သာကီဝင်မင်းမျိုး ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူချေပြီ''ဟု လျှောက်၏။

ထိုစကားကို ကြားလျှင် မင်းကြီးသည် စတုမဓုကျင်း၌ ပူသောအငွေ့ကို လွတ်လျက် စိတ်မရှိသကဲ့သို့ဖြစ်၍ သေငယ်သေ၏၊ထိုအခါ မင်းကြီးကိုပွေ့၍ နှစ်ခုမြောက်သောကျင်း၌ အိပ်စေကုန်၏၊ မင်းကြီးသည် အမှတ်ကိုရ၍ ''ချစ်သားတို့.... အဘယ်သို့ ဆိုကုန်သနည်း''ဟုမေး၏၊ ''မြတ်သောမင်းကြီး၏ဆရာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူချေပြီ''ဟု လျှောက်၏၊တဖန်ငှင်းမင်းသည် စိတ်မရှိသကဲ့သို့ဖြစ်၍ စတုမဓုကျင်း၌အငွေ့ကိုလွှတ်၏၊ထိုရောအခါ မင်းကြီးကိုအမတ်တို့သည်ပွေ့ချီ၍ သုံးခုမြောက်သော စတုမဓုကျင်း၌ အိပ်စေကုန်၏၊မင်းကြီးသည် တဖန် သတိရပြန်၍ ''အမတ်တို့....သင်တို့အဘယ်သို့ဆိုကုန်သနည်း''ဟု မေးပြန်၏၊ ''မြတ်သောမင်းကြီး.... ဆရာဘုရားသည် ပရိနိဗ္ဗာန်စံယူတော်မူချေပြီ''ဟု လျှောက်၏။

''အဇာတသတ်မင်းကြီးသည် တဖန်ငှင်း စိတ်မရှိသေငယ်သေ၍ စတုမဓုကျင်း၌ အငွေ့လွှတ်၏၊ထိုရောအခါ ထိုကျင်းမှမင်းကြီးကိုပွေ့ချီ၍ ရေချိုးကုန်၍ ထိပ်ထက်၌အိုးတို့ဖြင့် ရေသွန်းကုန်၏၊ မင်းကြီးသည် အမှတ်ကိုရ၍ နေရာမှထပြီးလျှင် နှင်းဆီနံ့သာကရမက်အကျော်တို့ဖြင့် ထုံအပ်သော ပတ္တမြားညို အဆင်းနှင့်တူသော ဆံတို့ကို ရွှေဖျဉ်းနှင့်တူသောကျောက်၌ ဖရိုဖရဲကြဲ၍ လက်တို့ဖြင့်ရင်ကိုခတ်၍ သန္တာညွန့်နှင့်တူသော အဆင်းရှိကုန်သော ကောင်းစွာလုံးသော လက်ချောင်းတို့ဖြင့် ရင်ကိုကောင်းစွာ ချုပ်သကဲ့သို့ကိုင်၍ ပြင်းစွာ ငိုမြည်တမ်းလျက် သူရူး၏အသွင်ဖြင့် ခရီးမသို့သက်၍ တန်ဆာဆင်အပ်သော ကချေသည်အပေါင်းတို့ဖြင့် ခြံရံလျက် မြို့မှထွက်၍ ဇီဝကသရက်ဥယျာဉ်တောသို့ သွားပြီးလျှင် အကြင်အရပ်၌ထိုင်၍ မြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ ထိုအရပ်ကိုကြည့်၍-

''ခပ်သိမ်းသော တရားတို့ကို သိတော်မူသော ရှင်ပင်ဘုရား.... ရှင်ပင်ဘုရားတို့သည် ဤအရပ်၌ ထိုင်နေတော်မူ၍ အကျွန်ုပ်အား တရားဟောတော်မူကုန်သည် မဟုတ်တုံလော၊ အကျွန်ုပ်အား စိုးရိမ်

ခြင်းဟူသော ပြောင့်ကို ခွါဖျောက်တော်မူသည် မဟုတ်တုံလော၊ရှင်ပင်ဘုရားတို့သည် အကျွန်ုပ်အား သောကတည်းဟူသော ပြောင့်ကို နုတ်တော်မူကုန်သည် မဟုတ်တုံလော၊ အကျွန်ုပ်သည် ရှင်ပင်ဘုရားတို့အား ကိုးကွယ်ခြင်းသို့ရောက်ပါပြီ၊ ယခုအခါ မြတ်စွာဘုရားသည် စကားတုံ့ကိုမျှအကျွန်ုပ်အားမပေးပါပြီ"ဟုအဘန်တလဲလဲငိုကြွေး၍"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား.... တပါးသောအခါ ဤသို့သဘောရှိသော ကာလ၌ ရှင်ပင်ဘုရားတို့သည် များစွာသော ရဟန်းသံဃာအပေါင်းတို့ဖြင့် ခြံရံလျက် ဇမ္ဗူဒီပါကျွန်းအပြင်၌ ဒေသစာရီကြွတော်မူကုန်၏ဟု ကြားပါသည်၊ ယခုအခါ၌မူကား ရှင်ပင်ဘုရားတို့အား မလျော်ပတ်သော သတင်းစကားကို အကျွန်ုပ်ကြားဘိ၏"၊ ဤသို့စသောစကားတို့ကိုဆို၍ ခြောက်ဆယ်မျှလောက်ကုန်သော ဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးတို့ကို အောက်မေ့တဆို ယူတငို၍ ဤသို့တဘန်ကြံပြန်၏။

ငါ့အား ဘုရားမြတ်ကိုတ၍ မြည်တမ်းငိုကြွေးကာဖြင့် အမှုသည် မပြီးသေး၊ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဆောင်စေဦးအံ့ဟု ကြံပြီး၍ အဇာတသတ်မင်းသည် ကုသိနာရုံပြည်၌ နေကုန်သောမင်းတို့အား မှာလိုက်သည်ကား "အိုမလ္လာမင်းတို့.... မြတ်စွာဘုရားသည် သာကီဝင်မင်းတည်း၊ ငါသည်လည်း မင်းတည်း၊ငါသည်လည်း မြတ်စွာဘုရား၏ဓာတ်တော်တို့ကို အဘို့ရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ဓာတ်တော်ကို စေတီတည်ခြင်းကိုပြုအံ့၊ ပူဇော်ခြင်းကို ပြုအံ့"ဟူ၍ ကမ္ပည်းမှာစာကိုလည်း ပေးလိုက်၏၊ တမန်လည်းစေလိုက်၏၊ တမန်စေပြီး၍လည်း တဘန်အကယ်၍အဘို့ကို ငါတို့အားပေးကုန်မူ ကောင်း၏၊ မပေးကုန်မူကား လုယူဆောင်အံ့သောအကြောင်းဖြင့် ဆောင်ယူအံ့ဟု ကြံ၍ စစ်အင်္ဂါလေးပါး စီစဉ်လျက် မင်းကြီးသည် ကိုယ်တိုင်ပင်လည်း စစ်ထွက်သွား၏။

ထိုအဇာတသတ်မင်းကဲ့သို့ဂုင်းဝေသာလီပြည်၌လိစ္ဆဝီမင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူလေပြီဟုကြားကုန်၍ "မလ္လာမင်းတို့....မြတ်စွာဘုရားသည်လည်း မင်းတည်း၊ ငါတို့သည်လည်း မင်းတည်း၊ မြတ်စွာဘုရား၏ဓာတ်တော်အဘို့

ကို ငါတို့သည်လည်း ထိုက်ကုန်၏၊ ငါတို့သည်လည်း မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စေတီတည်ကုန်အံ့၊ပူဇော်ကုန်အံ့ဟု မှာစာကုမ္ပည်း ပေးလိုက်၏၊ တမန်စေလိုက်၏၊ ထိုသို့တမန်မှာစာစေ၍ ပေးသော် ကောင်း၏၊မပေးသော် ရအောင်ယူကုန်အံ့”ဟု လိစ္ဆဝီမင်းတို့ ကိုယ်တိုင်ပင် စစ်အင်္ဂါလေးပါးဆင်၍ ထွက်၏။

ကပိလဝတ်ပြည်၌နေသော သကျဝင်မင်းတို့သည်လည်း မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုလေပြီဟု ကြားလေကုန်၍ “မလ္လာမင်းတို့....မြတ်စွာဘုရားသည် ငါတို့၏အဆွေမြတ်တည်း၊ ငါတို့သည်လည်း ဓာတ်တော်တို့ကို စေတီတည်ကုန်အံ့၊ ပူဇော်ကုန်အံ့” ဟု မှာစာပေးလိုက်၏၊ တမန်စေလိုက်၏၊ မှာစာတမန်စေသည်နှင့် ရသော် ကောင်း၏၊မရသော် ရအောင်ယူအံ့ဟု မိမိတို့ကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးဆင်၍ ထွက်၏။

ဤကဲ့သို့ အလ္လကပ္ပတိုင်း ဗုလောမင်းတို့သည်၄င်း၊ ရာမရွာ၌နေကုန်သော ကောဠိယမင်းတို့သည်၄င်း၊ ဝေဋ္ဌဒီပကတိုင်း၌ ပုဏ္ဏားတို့သည်၄င်း၊ ပါဝါပြည်၌နေသော မလ္လာမင်းတို့သည်၄င်း၊ ကုသိနာရုံပြည်၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်လွန်တော်မူလေပြီ ကြားကုန်၍။ အဇာတသတ်စသောမင်းတို့သည် စေကုန်သကဲ့စေကုန်၍ မိမိတို့ကိုယ်တိုင်ပင်လည်း စစ်အင်္ဂါလေးပါးစီရင်၍ ချီလာကုန်၏၊ ကုသိနာရုံပြည်ကို ဝန်းရံတပ်ချ၍ နေကြကုန်၏။

[ထိုသို့ စစ်မက်ဆင်၍ ရံလာကုန်သော ခုနစ်ပြည်ထောင်မင်းတို့တွင် ပါဝါပြည်မလ္လာမင်းတို့သည် နောက်မှရောက်လာကုန်၏၊ အလုံးစုံသောမင်းတို့ထက် ပါဝါပြည်မလ္လာမင်းတို့သည် နီးစွာ၏၊ ကုသိနာရုံမှ ပါဝါမြို့သည် သုံးဂါဝုတ်မျှသာခြား၏၊ မြတ်စွာဘုရားကြွတော်မူလာသော အခါ၌လည်း ပါဝါပြည်တွင် တည်ခိုကြ်နး၍ပင် လာတော်မူ၏၊ ထိုသို့လျက် ရှေးဦးစွာမရောက်မူ၍ အဘယ့်ကြောင့် နောက်မှရောက်လာလေသနည်းဟူ တုံအံ့၊ ထိုပါဝါမြို့နေ မလ္လာမင်းတို့သည် များစွာသော အခြံအရံရှိကုန်၏၊ ထို့ကြောင့် ထိုအခြံအရံကို စီစဉ်၍နေသောကြောင့် နောက်မှရောက်လာကုန်သတည်း။]

ဤသို့ ထိုခုနစ်ပြည်ထောင်သောမင်းတို့သည် ကုသိနာရုံပြည်ကိုဝန်းရံကုန်လျက် “ဓာတ်တော်တို့ကိုမူလည်း ငါတို့အား ပေးကုန်အံ့လော၊

စစ်မှုလည်းထိုးကုန်အံ့လော”ဟုသံစေကုန်သော်ကုသိနာရုံမြို့နေမလ္လာ မင်းတို့သည်ဤသို့စကားတုန့်ပြန်ကုန်၏၊ “ငါတို့သည်ပရိနိဗ္ဗာန်စံတော် မူခါနီးဖြစ်သော မြတ်စွာဘုရားအား အကျွန်ုပ်တို့မြို့သို့ ကြွတော်မူပါ ဟူ၍သတင်းစကားမစေကုန်၊ငါတို့ကိုယ်တိုင်သွား၍လည်း မကျန်းမမာ သော မြတ်စွာဘုရားကို မဆောင်ကုန်၊ မြတ်စွာဘုရားကိုယ်တော်သည် ပင် အလိုလိုကြွတော်မူလာပြီးလျှင် အရှင်အာနန္ဒာကိုစေတော်မူ၍ ငါ တို့ကို ခေါ်တော်မူစေသည်၊ စင်စစ်သဖြင့်ကား သင်တို့၏မြို့ရွာခေတ်၌ အကြင်ရတနာသည်ဖြစ်၏၊ထိုရတနာကိုငါတို့အားသင်တို့သည်မပေးကုန် ရာ၊ နတ်နှင့်တကွသောလောက၌ ဘုရားရတနာနှင့်တူသောရတနာမည် သည်လည်းမရှိ၊ ထိုသို့သဘောရှိသော မြတ်သောရတနာကို ရကုန်၍ ငါတို့သည် သင်တို့အား မပေးကုန်အံ့၊ စင်စစ်သော်ကား သင်တို့သာ လျှင် အမိသားမြတ်မှ နို့ရည်ကိုသောက်ရသည်မဟုတ်၊ ငါတို့သည် လည်း အမိသားမြတ်မှနို့ရည်ကို သောက်ရကုန်၏၊ သင်တို့သည်သာ လျှင် ယောကျ်ားမဟုတ်ကုန်၊ ငါတို့သည်လည်း ယောကျ်ားဖြစ်ကုန်၏၊ အမိနို့ရည်ကိုသောက်သော ယောကျ်ားချင်းကို ဖြစ်လိုရာရာဖြစ်စေ တော့”ဟု အချင်းချင်း“ငါငါ”ဟူသောစကားကိုဆို၍ သတင်းစကား အလှည့်အတုံ့ပေး၍ မာန်ဖြင့်ကြိမ်းဝါးကုန်၏။

[စစ်ထိုးကြသည်ဖြစ်မူကား ကုသိနာရုံမင်းတို့အားသာလျှင်အောင်ခြင်း သည်ဖြစ်ရာ၏၊ အဘယ့်ကြောင့်နည်းဟူတုံအံ့၊ ဓာတ်တော်ကိုစောင့်အံ့ဟူ၍ လာကုန်သောနတ်တို့သည် ကုသိနာရုံမင်းတို့၏ အပင်းအသင်း ဖြစ်ကုန်၏၊ ထို့ကြောင့် နတ်တို့သည်ပင် အလျှင်ထွက်၍ ထိုခုနစ်ပြည်ထောင်စစ်သည်တို့ ကိုတိုက်ဖျက်လေအံ့သတည်း။]

### ဒေါဏပုဏ္ဏား ဓာတ်တော်ဝေခြင်း

ဤခုနစ်ပြည်ထောင်မင်းတို့သည် စစ်ပြု၍လုယူအံ့ကြံကုန်၍ ကုသိနာ ရုံမင်းတို့နှင့် ပေးရမည် မပေးဘူးဆိုဘန်များသဖြင့် စကားအငြင်းအခုံ ကြီး၍ စစ်ဖြစ်ကြခါနီးကာလ၌ သာကီဝင်စစ်သည်တို့၏ အတွင်း၌ပါ သော ကပိလဝတ်မြို့၏ အနောက်မဝေးလွန်းသောအရပ်၌ ဒုဏ္ဏဝတ္ထု ပုဏ္ဏားရွာ၌ ဒိသာပါမောက္ခအမည်ရှိသော ဒေါဏပုဏ္ဏား သည် ထို ခုစ်ပြည်ထောင်မင်းတို့၏ ငြင်းခုံခြင်းကို ကြား၍ ဤမင်းတို့သည် မြတ်စွာ

ဘုရားပရိနိဗ္ဗာန်ပြုရာ၌ ငြင်းခုံခြင်းကိုပြုကုန်၏၊ ဤသို့ ပြုကြခြင်းသည် မလျောက်ပတ်ကုန်၊ ထိုမင်းတို့၏ ငြင်းခုံခြင်းခိုက်ရန်ကို ငါသည် ငြိမ်းစေအံ့ဟုကြံ၍ တခုသော ကုန်းမြင့်ရာအထက်၌ရပ်၍ နှစ်ဘာဏဝါရ အတိုင်းအရှည်ရှိသော ဒေါဏဂဇ္ဇိတ အမည်ရှိသောဂါထာအပေါင်းတို့ဖြင့် ဟစ်၍ဆို၏။

ထိုဂါထာ အပေါင်းတို့တွင် ပဌမ ဘာဏဝါရဂါထာ အပေါင်း၌ တပုဒ်တပါဒမျှကို ထိုသူအလုံးစုံတို့သည် မကြားမသိကုန်သေး၊ ဒုတိယ ဘာဏဝါရအဆုံး၌ အသံကိုမျှကြားကုန်၍ "အချင်းတို့.... ဆရာ၏ အသံကဲ့သို့တကား၊ အချင်းတို့....ဆရာ၏ အသံကဲ့သို့တကား" ဆိုကုန်၍ အလုံးစုံသောသူတို့သည် အသံဆိတ်သည် ဖြစ်ကုန်၏၊ ဇမ္ဗုဒီပါကျွန်း၌ အမျိုး၏အိမ်၌ဖြစ်သောသူသည် များသောအားဖြင့် ထိုဒေါဏပုဏ္ဏား၏ တပည့်မဟုတ်သော သူမည်သည် မရှိ၊ ထိုအခါ ထိုဒေါဏပုဏ္ဏားသည် ထိုအလုံးစုံသောသူတို့ မိမိ၏အသံကိုကြားကုန်၍ ဆိတ်ဆိတ် နေကုန်သော အဖြစ်ကို သိသဖြင့် "သုဏန္တု ဘောန္တော" အစရှိသော နှစ်ဂါထာကိုဆို၏။

ထိုဂါထာ၌ အဓိပ္ပါယ်သော်ကား– "အို ရှစ်ပြည်ထောင်သော မင်းများ အပေါင်းတို့....ငါ၏စကားကို သင်တို့သည် နာကုန်လော့၊ ငါတို့၏ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ မရောက်သေးမူ၍လည်း ပါရမီသုံးဆယ်တို့ကို ဖြည့်တော်မူသည်ရှိသော် ခန္တိဝါဒီရသေ့,ဓမ္မပါလမင်းသား,ဆဒ္ဒန်ဆင်မင်း,ဘူရိဒတ်နဂါးမင်း, စမ္ပေယျနဂါးမင်း,သင်္ခပါလနဂါးမင်း, မျောက်မင်း ဖြစ်တော်မူသော အခါတို့၌ရင်း၊ ထိုမှ တပါးသောဇာတ်တို့၌ရင်း သူတပါးတို့၌ အမျက်ထွက်ခြင်းကိုမပြုမူ၍ သည်းခံခြင်းကိုသာ ပြုတော်မူပြီ၊ သည်းခံခြင်းကိုသာ ချီးမွမ်းတော်မူပြီ၊ ယခုအခါကောင်းသောအာရုံ, မကောင်းသောအာရုံ၌ သည်းခံခြင်းသို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားသည် ခပ်သိမ်းသော အရာတို့၌လည်း ငါတို့အား သည်းခံခြင်းကိုသာ ဆိုတော်မူသည်ဖြစ်၏။

ဤသို့သဘောရှိသော မြတ်သောပုဂ္ဂိုလ်၏ ဓာတ်တော်ကို ခွဲဝေလိုခြင်းဟူသော အကြောင်းကြောင့် ဓားလက်နက်တို့ဖြင့် ထိုးခုတ်၍လု

ယက်ခြင်းသည်မကောင်းသောအပါယ်လားအံ့သောအကြောင်းတည်း၊ အလုံးစုံသောအရှင်တို့သည် သည်းခံပါကုန်လော့၊မကွဲပြားပါကုန်လင့်၊ ကိုယ်ဖြင့်၎င်း,နှုတ်ဖြင့်၎င်း အညီအညွတ်သာဖြစ်ပါကုန်လော့၊ အညီအညွတ် တပေါင်းတည်းသာ စည်းဝေးပါကုန်လော့၊ ငါ၏ စကားတခွန်းဖြင့် အညီအညွတ်ဝမ်းမြောက် ဝမ်းသာသည်ဖြစ်ပါကုန်၊ မျက်စိအမြင်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ဓာတ်တော်တို့ကို အညီအမျှ ရှစ်စုရှစ်ပုံ ခွဲဝေ၍ သင်တို့အား ပေးပါအံ့၊စင်စစ်ကား မြတ်စွာဘုရား၏ဓာတ်တော်တို့ကို သင်တို့သာ ကြည်ညိုကုန်သည်မဟုတ်၊ အအလုံးစုံသောသူအပေါင်းတို့သည်ပင် ကြည်ညို၏၊ထိုအလုံးစုံသောသူတို့တွင် တယောက်သောသူသည်မျှ မရသင့်သောသူမည်သည်မရှိ" ဟု များစွာသော အကြောင်းတို့ကိုဆို၍ ထိုလူများအပေါင်းကို မှတ်သိစေ၏။

ထိုဒေါဏပုဏ္ဏားအား ထိုရှစ်ပြည်ထောင်သော မင်းတို့က "ကောင်းပါပြီဆရာ…ဓာတ်တော်တို့ကိုရှစ်စုရှစ်ပုံခွဲဝေပါတော့"ဟုစကားတို့ပေးပြီးသော် ဓာတ်တော်ထည့်သော ရွှေကျင်းကိုဘွင့်စေ၏၊ ရှစ်ပြည်ထောင်မင်းတို့သည်လာကုန်၍ ရွှေကျင်းကိုရံပြီးလျှင်တည်လာကုန်၍ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်တို့ကိုမြင်၍ "ဘုန်းတော်ကြီးသောရှင်ပင်ဘုရား ….အကျွန်ုပ်တို့သည် ရှေးအခါ၌ ရှင်ပင်ဘုရား၏ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ပါးသောအဆင်းရှိသော ရောင်ခြည်တို့ဖြင့် စီခြယ်အပ်သော ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တောက်ပတင့်တယ်သော ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်တော်ကို မြင်ပါရကုန်၏၊ ယခုအခါ၌ကား ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်သည်သာလျှင် ကြွင်းခဲ့ပြီတကား၊ ရှင်ပင်ဘုရား…. ဤသို့ဖြစ်ခြင်းသည် မသင့်ပါတကားဟု"မြည်တမ်းဆို၍ ငိုကြကုန်၏။

ထိုအခါ၌ ထိုဒေါဏပုဏ္ဏားသည် ထိုရှစ်ပြည်ထောင် မင်းတို့၏ မေ့လျော့သောအဖြစ်ကိုသိ၍ **လက်ျာစွယ်တော်** ကိုယူ၍ မိမိဦးရစ်ကြား၌ ထား၏၊ ထိုသို့ထားပြီးသောနောက်မှ ရှစ်စုရှစ်ပုံခွဲဝေ၏၊ ထိုအလုံးစုံသော ဓာတ်တော်တို့သည် ပကတိပြည်ဖြင့် တဆယ့်ခြောက်ပြည်တို့သည်

ဖြစ်ကုန်၏၊တပြည်တပြည်၌နေသောမင်းတို့သည် နှစ်ပြည်နှစ်ပြည်စီသော ဓာတ်တော်တို့ကိုရကုန်၏၊ထိုဒေါဏာပုဏ္ဏား ဓာတ်တော်တို့ကို ခွဲဝေစဉ် လျှင် သိကြားမင်းသည် နတ်နှင့်တကွသောလူ၏ ယုံမှားသက်ာကို ဖြတ် ခြင်းငှါ သစ္စာလေးပါးကို ဟောခြင်း၏ အကြောင်းဖြစ်သော လကျ်ာ စွယ်တော်ကို အဘယ်သူသည် ယူလေသနည်းဟု ကြည့်သော် ဒေါဏာ ပုဏ္ဏားယူသည်ကိုမြင်၍ ဒေါဏာပုဏ္ဏားသည် စွယ်တော်အား လျောက် ပတ်သောပူဇော်သက္ကာရကိုပြုခြင်းငှါ မတတ်နိုင်လတ္တံ့၊ထိုစွယ်တော်ကို ငါယူအံ့ဟုကြံ၍ ဦးရစ်ကြားမှ ယူပြီးလျှင် ရွှေပန်းတောင်း၌ ထား၍ နတ်ပြည်သို့ ဆောင်၍ **စူဠာမဏိစေတီတော်**၌ ဌာပနာလေ၏။

ဒေါဏာပုဏ္ဏားသည် ဓာတ်တော် ခွဲဝေပြီး၍ ဦးရစ်ကြား၌ စွယ် တော်ကို မမြင်သော် ခိုးသောအားဖြင့် ယူသောကြောင့် အဘယ် သူသည် ငါ၏ စွယ်တော်ကို ယူသနည်းဟု မေးအံ့သောငှါ မတတ် နိုင်၊ ငါ့အား အဘို့ လိုသေး၏ ဆိုလျှင်လည်း၊ သင်သည်ပင် ဓာတ် တော်တို့ကို ခွဲဝေအပ်သည် မဟုတ်တုံလော၊ အဘယ့်ကြောင့် သင် သည် ရှေးဦးစွာ သင့်အား ဓာတ်တော်၏ အဘို့ ရှိသော အဖြစ်ကို မသိသနည်းဟု မိမိ၌ အပြစ်တင်လတ္တံ့သည်ကို မြင်၍ ငါ့အားအဘို့ ဝေပါကုန်ဦး ဟူ၍လည်း ဆိုခြင်းငှါ မတတ်နိုင်ပြီ၊ ထိုနောင်မှ ဤ ဓာတ်တော်တို့ကို အကြွင်ခွက်ဖြင့် ချင့်၏၊ ဤရွှေအိုးသည်လည်း ဓာတ် တော်နှင့် အလားတူ၏၊ ဤဓာတ်တော် ချင့်သော တပြည်ဝင် **ရွှေမြူ တာအိုး** ကို စေတီတည်အံ့ဟု ကြံပြီး၍ ''အိုမင်းများတို့....ဤဓာတ် ချင့်သော ရွှေမြူတာအိုးသည် ငါ့အားပေးကုန်လော့''ဟူ၍ဆို၏၊''ဆရာ ပုဏ္ဏား....ဤဓာတ်တော် ချင့်သော ရွှေမြူတာအိုးသည် သင့်အား ဖြစ်စေတော့''ဟု ပေးလေကုန်၏။

ပိတ်ချင်းတော၌ လက်ပံတော၌ မောရိယမင်းတို့သည်လည်း ကုသိ နာရုံပြည်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီဟု ကြား၍ အဇာတသတ် အစရှိသော မင်းတို့ကဲ့သို့ တမန်စေပြီးလျှင် စစ်မက်ဆင်ကာ လာကုန်၍ ဓာတ်တော် အဘို့ကို တောင်းကုန်သော်လည်း ဓာတ်တော်ဝေပြီးမှ ရောက်ကုန်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်ကို ဖုတ်ကြည်း သော မီးသွေးကိုသာ ပေးရကုန်၏။

---

## ၂၆၁။ မြတ်စွာဘုရား၏ သာရီရိကစေတီ, ပါရိဘောဂိကစေတီတို့ကို ပြခြင်း

### သာရီရိက စေတီဆယ်ဆူ

ထိုသို့ ဓာတ်တော်တို့ကို ဝေပြီးသော် လိစ္ဆဝီမင်း အစရှိ ကုန်သော ကုသိနာရုံမင်းတို့နှင့်တကွ ခုနစ်ပြည်ထောင်သော မင်းတို့သည် မိမိတို့ အရပ်၌ မိမိတို့အားနှင့် လျော်စွာဓာတ်တော် တို့ကို စေတီတည်၍ ကိုးကွယ်လေကုန်၏၊ ဒေါဏပုဏ္ဏားသည်လည်း ဒုဏ္ဏဝတ္ထုပုဏ္ဏားရွာ၌ ဓာတ်တော်ချင့်သော ရွှေမြူတာအိုးကို စေတီတည်၍ ကိုးကွယ် လေ၏၊ မောရိယပြည်သား မင်းတို့သည်လည်း မီးသွေးကို စေတီတည်၍ ကိုးကွယ်လေကုန်၏၊ အဇာတသတ်မင်းသည် ကုသိနာရုံပြည်မှ ရာဇဂြိုဟ် ပြည်တိုင် နှစ်ဆယ့် ငါးယူဇနာရှိသော ခရီးအကြား၌ ရှစ်ဥသဘ အပြန့်ရှိသော ညီညွတ်စွာသော ခရီးကို ပြုစေ၍ မလ္လာမင်းတို့သည် မြတ်စွာဘုရားသဂြိုဟ်ရာ မကုဋဗန္ဓနစေတီမှ မြို့လယ်မင်းကွန်းတိုင်ရုံ ခရီးအကြား၌ အကြင်သို့သဘောရှိသော ပူဇော်ခြင်းကို ပြု၏၊ ထိုသို့ သဘောရှိသော ပူဇော်ခြင်းကို နှစ်ဆယ့်ငါးယူဇနာရှိသောခရီး၌ အဇာ တသတ်မင်းသည် ပြု၏၊ လူအပေါင်းကို မဆန့်ကျင်စေခြင်းငှါ ခပ်သိမ်း သောအရပ်၌ အိမ်ဈေးတို့ကိုကျင်းပစေ၏၊ ရွှေကျင်း၌ ထားအပ်သော ဓာတ်တော်တို့ကို လှံချိုင့်ဖြင့် ရံစေ၍ ယူဇနာငါးရာ အဝန်းရှိသော မိမိ နိုင်ငံ၌ လူတို့ကို စည်းဝေးစေ၏။

ထိုအဇာတသတ်မင်းစသော ရာဇဂြိုဟ်ပြည်သားတို့သည် ဓာတ် တော်တို့ကိုယူ၍ ကောင်းချီးပေးသဖြင့် ကစားခြင်းကိုကစားကုန်လျက် ကုသိနာရုံ ပြည်မှ ထွက်ကုန်၏၊ အကြင် အကြင် သို့သော အရပ်၌ ရွှေအဆင်းနှင့်တူသော ပန်းတို့ကို မြင်၏၊ ထိုထို သို့သော အရပ်၌ ဓာတ်တော်တို့ကို လှံချိုင့်တွင်း၌ ထား၍ ပူဇော် ကုန်၏၊ ထိုပန်းတို့၏ ကုန်သောအခါ၌ သွားကုန်၏၊ လှည်းဦးချရာသို့ နောက်ညောင်းဖျား ရောက်သောအခါ၌ လှည်းရထားကို ချွတ်၍ ခုနစ်ရက်ပတ်လုံး ကောင်း သော ကစားခြင်းကို ကစားကုန်၏၊ ဤသို့ ဓာတ်တော်တို့ကို ယူ၍သွား ကုန်သော ထိုပြည်သားတို့အား ခုနစ်နှစ်, ခုနစ်လ,ခုနစ်ရက် တို့သည်

လွန်ကုန်သောဟူ၏၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော သူတို့သည် ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသော အခါမှ စ၍ အနိုင်အထက် လုယက်ကုန်လျက် ကောင်းချီးကစားခြင်းဖြင့် နှိပ်စက် အပ်ကုန်ပြီ၊ လူအပေါင်းတို့သည် အမှု အလုပ် အဆောင် ပျက်စီးကုန်ပြီဟု ကဲ့ရဲ့ကုန်၍ စိတ်က ပြစ်မှား၍ ရှစ်သောင်း ခြောက်ထောင်သော မိစ္ဆာ ဒိဋ္ဌိ တို့သည် အပါယ်သို့လား လေကုန်၏။

ရဟန္တာတို့သည် ဆင်ခြင်ကုန်၍ စိတ်က ပြစ်မှားကုန်သော လူများ အပေါင်းသည် အပါယ်၌ ဖြစ်ခဲ့ပြီဟု မြင်ကုန်၍ သိကြားမင်းအား ဓာတ်တော်တို့ကို လျင်စွာဆောင်အံ့သော အကြောင်းကို ပြုစေအံ့ဟု သိကြားမင်း၏ အထံသို့ သွား၍ ထိုအကြောင်း အလုံးစုံကို ကြား၍ "သိကြားမင်းကြီး····ဓာတ်တော် တို့ကို လျင်စွာ ဆောင်အံ့သော အကြောင်းကို သင်နတ်မင်းပြုပါလော့"ဟူ၍ဆိုကုန်၏၊ သိကြားမင်းသည် "အရှင်ဘုရားတို့···· ပုထုဇဉ်မည်သည်ကား အဇာတသတ်မင်းနှင့်တူ သော သဒ္ဓါခြင်းရှိသောသူမည်သည်မရှိ၊ ထိုအဇာတသတ်မင်းသည် အကျွန်ုပ်၏စကားကို မလိုက်နာလတ္တံ့၊ စင်စစ်သော်ကား- ကြောက် မက်ဘွယ်ရှိသော အရုပ်ကို ပြရလတ္တံ့၊ ကြောက်မက်ဘွယ် ရှိသော အသံကို ကြားစေရလတ္တံ့၊ ဘီလူးဘမ်းခြင်းကို, ချေဆတ်စေခြင်းကို, အော့အန်စေခြင်းကို ပြုရလတ္တံ့၊ "ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ၊ မြတ်သောမင်းကြီး····သင်မင်းကြီးတို့သည် ဓာတ်တော်တို့ကိုလျင်စွာ ဆောင်စေကုန်လော့ဟူ၍ အရှင်ဘုရားတို့သည် မိန့်တော်မူလေကုန်၊ ဤသို့ မိန့်တော်မူကုန်သော် ထိုမင်းသည် လျင်စွာဆောင်လတ္တံ့"ဟု မှာဆိုလိုက်၍ သိကြားမင်းသည် ထိုအလုံးစုံကို ပြု၏။

မထေရ်တို့သည် မင်းသို့ကပ်၍"ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ၊ ဓာတ်တော်တို့ကို လျင်စွာဆောင်စေကုန်လော့"ဟူ၍ဆိုကုန်၏၊ မင်းကြီး သည်ဆို၏၊"အရှင်ဘုရားတို့····အကျွန်ုပ်၏စိတ်သည် မနှစ်သက်ပါသေး၊ သို့သော်လည်း ဘီလူးတို့အမျက်ထွက်သော် ဆောင်စေကုန်တော့"ဟူ၍ ဆိုသဖြင့် ခုနစ်ရက်ဖြင့် ဓာတ်တော်တို့ကို ရာဇဂြိုဟ်ပြည်သို့ အရောက် ဆောင်လေကုန်၏၊ ဤသို့ဆောင်၍ လာခဲ့သော ဓာတ်တော်တို့ကို

ရာဇဂြိုဟ်ပြည်၌ စေတီတည်၍ ကိုးကွယ်ပူဇော်ခြင်းကို ပြုလေ၏၊ ဤသို့လျှင် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ခွဲဝေ၍ ရှစ်ပြည်ထောင်မင်းတို့သည် မိမိတို့နေရာပြည်၌ စေတီတည်၍ ကိုးကွယ်ပူဇော်ကုန်သဖြင့်—

၁။ ကုသိနာရုံပြည်၌ စေတီတဆူ,
၂။ ရာဇဂြိုဟ်ပြည်၌ တဆူ,
၃။ ဝေသာလီ၌ တဆူ,
၄။ ကပိလဝတ်၌ တဆူ,
၅။ အလ္လကပ္ပတိုင်း၌ တဆူ,
၆။ ဝေဋ္ဌဒီပကတိုင်းပုဏ္ဏားတို့ရွာ၌ တဆူ,
၇။ ရာမရွာ၌ တဆူ,
၈။ ပါဝါပြည်၌ တဆူ,
၉။ ဒုဏ္ဏဝဏ္ဏပုဏ္ဏားရွာ၌ ဓာတ်တော်ချင့်အိုး စေတီတဆူ,
၁၀။ ကပိလဝနမောရိယပြည်၌ မီးသွေးတော်စေတီတဆူ—

အားဖြင့် မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူသည့်နောက် မမြင့်ခင်ကာလ၌ ဆယ်ဆူသော စေတီတို့သည် ဖြစ်ကုန်၏၊ ဤဆယ်ဆူတို့တွင် ဓာတ်တော်စေတီကား ရှစ်ဆူသာတည်း။

### ဓာတ်တော်, စွယ်တော်, ဆံတော်, အမွေးတော်

မျက်စိငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်အလုံးမှ ဖြစ်သောဓာတ်တော်သည် ရှစ်စရွတ်ရှိ၏၊ ခုနစ်စရွတ်သော ဓာတ်တော်တို့ကို ဇမ္ဗူဒီပါကျွန်း၌ ပူဇော်လေကုန်၏၊ ရာမရွာ၌ ဓာတ်တော်တစရွတ်ကို နဂါးတို့သည် စောင့်ရှောက်၍ ပူဇော်လေကုန်၏၊ အထက်လကျာစွယ်တော်ကို တာဝတိံသာ၌ နတ်တို့ပူဇော်ကုန်၏၊ ဂန္ဓာရရာဇ်တိုင်း၌ အောက်လကျာစွယ်တော်ကို ပူဇော်ကုန်၏၊ ကလိင်္ဂတိုင်း၌ အထက်လက်ဝဲစွယ်တော်ကို ပူဇော်ကုန်၏၊ နဂါးပြည်၌ အောက်လက်ဝဲစွယ်တော်ကို ပူဇော်လေကုန်၏၊ လေးဆယ်ကုန်သော သွားတော်တို့ကိုငင်း, သုံးကုဋေ ခြောက်သန်းသော ဆံတော်တို့ကိုငင်း, ကိုးကုဋေသော အမွေးတော်တို့ကိုငင်း, အလုံးစုံသော စကြဝဠာတိုက်တို့မှ နတ်တို့သည် စကြဝဠာအဆင့်ဆင့် တချောင်းစီ ဆောင်ယူ၍ ကိုးကွယ်လေကုန်၏။

## ပရိဘောဂစေတီတော်များ

သုံးဆောင်တော်မူသော ပရိက္ခရာကို စေတီတည်၍ ကိုးကွယ်ကြသည်ကား—

၁။ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ လှူအပ်သော ပဲနှောက်အဆင်းရှိသော ကျောက်ညိုသပိတ်, တောင်ဝှေးတော်, သင်းပိုင်တော်၊ ဤသည်တို့ကို ဌာပနာ၍ ကုရုတိုင်း၌ စေတီတည်၍ ကိုးကွယ်၏။

၂။ ပဲခွပ်,အပ်,အပ်ကျည်၊ ဤသည်တို့ကို ဌာပနာ၍ ဇာနုပတ္တနဂိုရ်ပြည်၌ စေတီတည်၍ ကိုးကွယ်၏။

၃။ အပေါ်လွှမ်းခင်းနှီးကို ကပိလဝတ်၌ စေတီတည်၍ ကိုးကွယ်၏။

၄။ ဓမ္မကရိုဏ် ရေစစ်, ခါးပန်း၊ ဤသည်တို့ကို ဌာပနာ၍ ပါဋလိပုတ်၌ စေတီတည်၍ ကိုးကွယ်၏။

၅။ ရေသနုပ်တော်ကို ဌာပနာ၍ စမ္ပာပြည်၌ စေတီတည်၍ ကိုးကွယ်၏။

၆။ ဥဏ္ဏာလုံ မွေးရှင်တော်ကို ဌာပနာ၍ ကောသလတိုင်း သာဝတ္ထိ၌ စေတီတည်၍ ကိုးကွယ်၏။

၇။ ကိုယ်ဝတ် ဒုကုဋ်တော်ကို ဌာပနာ၍ ဗြဟ္မာ့ပြည်၌ စေတီတည်၍ ကိုးကွယ်၏။

၈။ တောထွက် တော်မူစ ပါသည့် အဝတ် တန်ဆာတို့ကိုလည်း ဗြဟ္မာ့ပြည်၌ ဒုဿစေတီတည်၍ ကိုးကွယ်၏။

၉။ ဦးရစ်တော်ကို တာဝတိံသာ၌ စူဠာမဏိစေတီတော်၌ ဌာပနာ၍ ကိုးကွယ်၏။

၁၀။ ဆံတော်ကို ဌာပနာ၍ တာဝတိံသာ၌ စူဠာမဏိ ပုထိုးတော်ဟူ၍ တည်၏။

၁၁။ နိသီဒိုန်ကို ဌာပနာ၍ အဝန္တိတိုင်းဥဇ္ဇေနီပြည်၌ စေတီတည်လျက် ကိုးကွယ်၏။

၁၂။ အာယောဂပတ်ကို ဌာပနာ၍ ဒေဝတိုင်း၌ စေတီတည်လျက် ကိုးကွယ်၏။

၁၃။ ပွတ်ခုံ,ပွတ်ကျေ,ရေစစ်၊ ဤသည်တို့ကို ဌာပနာ၍ ဝိဒေဟတိုင်း မိမိလာပြည်၌ စေတီတည်လျက် ကိုးကွယ်၏။

၁၄။ ထိုမှကြွင်းသော ပရိက္ခရာတို့ကို ထိုထိုသို့သော ဇနပုဒ်တို့၌ ကိုးကွယ်လေကုန်၏။

၁၅။ သက်ဿ ပြည်၌ကား နတ်ပြည်မှ သက်တော်မူသောအခါ ချသော လကျာခြေတော်ရာကို ကိုးကွယ်ရ၏။

၁၆။ သုနာပရန္တ တိုင်း၌ကား စူဠပုဏ် ဆောက်သော နံ့သာ ကျောင်းသို့ သာဝတ္ထိမှ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ သောအခါ ကောင်းကင်မှသက်ရာ နမ္မဒါမြစ်နား၌ နမ္မဒါ နဂါး တောင်းပန်၍ ချသည့်လက်ဝဲခြေတော်ရာ,သစ္စဗန္ဓမုဆိုး တောင်းပန်၍ မြစ်နားတောင်ထိပ်၌ ချသည့်လက်ဝဲခြေတော်ရာ၊ ဤသည်တို့ကို ကိုးကွယ်ရကုန်၏။

ဤသို့လျှင် မြတ်စွာဘုရား၏ ကိုယ်တော်မှဖြစ်သော ဓာတ်တော် ရှစ်စရွတ်တို့ကို ရှစ်ပြည်ထောင်မင်းတို့အား ဒေါဏပုဏ္ဏား တစရွတ်စီ ခွဲဝေ၍ မိမိတို့အရပ်၌ စေတီအသီးသီးတည်၍ ကိုးကွယ်သော သရီရ ဓာတ်စေတီရှစ်ဆူ, ဒေါဏပုဏ္ဏားကိုးကွယ်သော တုမ္ဗစေတီ, ကပိလဝန မောရိယပြည်သားတို့ ကိုးကွယ်သော အင်္ဂါရစေတီအားဖြင့် ဆယ်ဆူ သော စေတီတို့သည်၎င်း၊ ဆိုခဲ့ပြီးသော ပရိဘောဂ စေတီတို့သည်၎င်း၊ ဤသို့အားဖြင့် များစွာသော စေတီတို့သည် မြတ်စွာဘုရား လွန်တော် မူသော နောက်၌ ဖြစ်ကုန်၏။

---

## ၂၆၂။ အရှင်မဟာကဿပထေရ်နှင့်အဇာတသတ်မင်းတို့ ဓာတ်တော်တို့ကိုစုရုံး၍ ဌာပနာခြင်း

ဤသို့ ဓာတ်တော်တို့သည် အရပ်ရှစ်ပါးတို့၌ ကွဲပြား၍တည်ကုန်ပြီး သည်ရှိသော် အရှင်မဟာကဿပ မထေရ်သည် ဓာတ်တော်တို့အား အန္တရာယ်ဖြစ်လတ္တံ့သော အကြောင်းကိုမြင်၍ အဇာတသတ်မင်းသို့ ကပ်၍''မြတ်သောမင်းကြီး… အရပ်ရှစ်ပါး၌ တည်ရှိသော ဓာတ်တော် တို့ကိုပင့်ယူ၍ တပေါင်းတည်း ဌာပနာအံ့သော၄ါ သင့်၏''ဟုဆို၏၊

"ကောင်းပြီ ရှင်ပင်ဘုရား....ရှင်ပင်ဘုရားတို့သည် ဓာတ်တော်တို့ကို ဆောင်တော်မူပါကုန်၊ အကျွန်ုပ်သည် ဓာတ်တော်တို့ကို ဌာပနာရာ အရပ်ကိုပြုပါအံ့"ဟု လျှောက်သဖြင့် အရှင်မဟာကဿပ မထေရ်သည် ဝေသာလီ, ပါဝါ, ကုသိနာရုံ, ကပိလဝတ်, အလ္လကပ္ပတိုင်း,ဝေဋ္ဌဒီပက တိုင်းတို့၌ ဓာတ်တော်တို့ကို ထိုထိုသို့သော မင်းတို့၏ အလုပ် အကျွေး ပူဇော်သက္ကာရကိုခံရုံမျှထားခဲ့၍ အလုံးစုံသောဓာတ်တော်တို့ကို တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် ဆောင်ယူတော်မူ၏။

ရာမဂါမ၌ ဓာတ်တော်တို့ကိုကား နဂါးတို့သည်သိမ်းဆည်း စောင့် ရှောက်လေကုန်၏၊ထိုဓာတ်တော်တို့အားအန္တရာယ်သည်မရှိရာ၊ ဘုရား ပရိနိဗ္ဗာန်လွန်တော်မူသည်မှ အနှစ်၂၃၆-နှစ်လွန်သော်လင်္ကာဒီပကျွန်း မဟာဝိဟာရကျောင်း၌ မဟာစေတီဝယ် ဌာပနာအံ့ဟူ၍ မြင်တော် မူ၏၊ ထို့ကြောင့် ထိုဓာတ်တော်တို့ကို မဆောင်ပြီ၊ ကြွင်းသောခုနစ် ပြည်ထောင်တို့မှ ဓာတ်တော်တို့ကို ဆောင်၍ မင်းကြီး အဇာတသတ် အား အပ်ပြီးသော် ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ထောင့် အရပ်၌ ရပ်ပြီး၍ "ဤအရပ်၌ အကြင် ကျောက်ဖျာသည်ရှိ၏၊ ထိုကျောက်ဖျာ သည် ကွယ်စေသတည်း၊ မြေမှုန့်သည် ကောင်းစွာ သန့်ရှင်းစင်ကြယ် သည် ဖြစ်စေသတည်း၊ ရေသည်မထွက်စေသတည်း" ဟု မိန့်တော် မူ၏၊ အဇာတသတ်မင်းသည် ထိုအရပ်ကိုတူးစေ၍ ထွက်သောမြေမှုန့် ဖြင့် အုတ်တို့ကိုပြုစေ၍ ရှစ်ကျိပ်သော မဟာသာဝကတို့၏ စေတီကိုပြု၏၊ ဤအရပ်၌ မင်းကြီးသည် အဘယ်ပြုသနည်း-ဟု မေးကုန်သော သူတို့ အား မဟာသာဝက ရှစ်ကျိပ်တို့၏ စေတီကိုပြုသည်-ဟု ပြောရ၏၊ တစုံတယောက်သောသူသည်မျှ ဓာတ်တော် မြှုပ်ထားသော အဖြစ်ကို မသိ။

ထိုတွင်းသည် အတောင်ရှစ်ဆယ် နက်သောအခါ၌ အောက်ဆုံး၌ သံပြားအခင်းကိုခင်းစေ၍ ထိုအခင်းပေါ်ဝယ် သီဟိုဠ်ကျွန်း ထူပါရာမ စေတီ၌ စေတီအိမ်ပမာဏ အတိုင်းအရှည်ရှိသော ကြေးနီးစင်အတိဖြင့် ပြီးသော စေတီအိမ်ကိုပြုစေ၍ ရှစ်ခုရှစ်ခုစီကုန်သော စန္ဒကူးနံ့သာဖြူ ကြုတ်, စန္ဒကူးနံ့သာဖြူစေတီ, စန္ဒကူးနံ့သာနီကြုတ်, စန္ဒကူးနံ့သာနီ စေတီ, ဆင်စွယ်ကြုတ်, ဆင်စွယ်စေတီ, အလုံးစုံရတနာဖြင့် ပြီးသော

ကြုတ်, စေတီ, ရွှေကြုတ်, ရွှေစေတီ, ငွေကြုတ်, ငွေစေတီ, မြကြုတ်, မြစေတီ, ပတ္တမြားနီကြုတ်, ပတ္တမြားနီစေတီ, ပတ္တမြားပြောက်ကြုတ်, ပတ္တမြားပြောက်စေတီ, ဖလ်ကြုတ်, ဖလ်စေတီတို့ကို ရှစ်ခု ရှစ်ခုစီ ပြုစေ၍–

ခုနစ်စရွတ်သော ဓာတ်တော်တို့ကို နံ့သာဖြူကြုတ်တခု၌ ထည့်၍ ထို ဓာတ်တော်ထည့်သောကြုတ်ကို နံ့သာဖြူကြုတ်တခု၌ ထည့်ပြန်၍ ထိုကြုတ်ကိုလည်း တခုသောကြုတ်၌ထည့်၍ ဤသို့သောနည်းဖြင့်စန္ဒကူး နံ့သာဖြူကြုတ်ရှစ်လုံးတို့ကို တပေါင်းတည်းပြုပြီးသော် စန္ဒကူးနံ့သာဖြူ စေတီတခု၌ထည့်၍ ထိုစေတီကို နံ့သာဖြူစေတီတခု၌ထည့်၍ ဤသို့သော နည်းဖြင့် စန္ဒကူးနံ့သာဖြူစေတီ ရှစ်ဆူတို့ကို တဆူတည်း ပြုပြီးသော် စန္ဒကူးနံ့သာနီကြုတ်၌ ထည့်၍ ထိုကြုတ်ကိုနံ့သာနီကြုတ် တခု၌ ထည့် ပြန်၍ ဤသို့သောနည်းဖြင့် စန္ဒကူးနံ့သာနီကြုတ် ရှစ်ခုတို့ကို တခုတည်း ပြုပြီးသော် စန္ဒကူးနံ့သာနီစေတီ၌ ထည့်၍ ထိုစေတီကို နံ့သာနီစေတီ တဆူ၌ ထည့်ပြန်၍ စန္ဒကူးနံ့သာနီ စေတီရှစ်ဆူကို တဆူတည်းပြု၍ ထိုစေတီကိုဆင်စွယ်ကြုတ်တခု၌ ထည့်ပြန်၍ ထိုကြုတ်ကို ဆင်စွယ်ကြုတ် တခု၌ထည့်ပြန်၍ ဤသို့ဆိုခဲ့ပြီးသောနည်းဖြင့် အဆင့်ဆင့်ဆင်စွယ်ကြုတ် ရှစ်ခုတို့ကို ဆင်စွယ်စေတီ ရှစ်ဆူတို့၌ ထည့်၍ ဆင်စွယ်စေတီ အဆင့် ဆင့် ရှစ်ဆူတို့ကို ရှစ်လုံးကုန်သော ရတနာခုနစ်ပါးဖြင့် ပြီးသောကြုတ် တို့၌ အဆင့်ဆင့်ထည့်၍–

ထိုရှစ်လုံးသော ရတနာခုနစ်ပါးကြုတ် အဆင့်ဆင့်တို့ကို ရတနာ ခုနစ်ပါးအတိပြီးသော စေတီရှစ်ဆူတို့၌ အဆင့်ဆင့်ထည့်၍ ထိုစေတီ တို့ကို ရွှေကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍ ထိုရွှေကြုတ် အဆင့်ဆင့် ရှစ်လုံးတို့ကို ရွှေစေတီရှစ်ဆူတို့၌ အဆင့်ဆင့်ထည့်၍ ထိုရွှေစေတီတို့ကို ငွေကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍ ထိုငွေကြုတ်ရှစ်လုံးတို့ကို ငွေစေ တီရှစ်ဆူတို့၌ ထည့်၍ ထိုငွေစေတီတို့ကို မြကြုတ်ရှစ်လုံးတို့၌ ထည့်၍ ထိုမြကြုတ်ရှစ်လုံးတို့ကို မြစေတီရှစ်ဆူတို့၌ ထည့်၍ မြစေတီတို့ကို ပတ္တမြားနီကြုတ် ရှစ်လုံးတို့၌ ထည့်၍ ပတ္တမြားနီကြုတ် ရှစ်လုံးတို့ကို ပတ္တမြားနီစေတီရှစ်ဆူတို့၌ထည့်၍ ထိုပတ္တမြားနီစေတီတို့ကို ပတ္တမြား ပြောက်ကြုတ်ရှစ်လုံးတို့၌ထည့်၍ ထိုကြုတ်ရှစ်လုံးတို့ကိုပတ္တမြားပြောက်

စေတီရှစ်ဆူတို့၌ ထည့်၍ ထိုပတ္တမြားပြောက်စေတီ ရှစ်ဆူတို့ကို ဖလ်ကြွတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်၍ ထိုဖလ်ကြွတ်ရှစ်လုံးတို့ကို ဖလ်စေတီ ရှစ်ဆူတို့၌ ထည့်၏။

အလုံးစုံတို့၏ အထက်ဖြစ်သော ဖလ်စေတီသည် သီဟိုဠ်ကျွန်း၌ ဟူပါရာမစေတီနှင့်အမျှရှိ၏၊ ထိုဖလ်စေတီ၏ အထက်၌ အလုံးစုံသော ရတနာဖြင့်ပြီးသော စေတီအိမ်ကိုပြု၏၊ ထိုအိမ်၏ အထက်၌ ရွှေဖြင့်ပြီးသောအိမ်ကိုပြု၏၊ ထိုရွှေအိမ်၏အထက်၌ ငွေဖြင့်ပြီးသော အိမ်ကိုပြု၏၊ ထိုငွေစေတီအိမ်၏အထက်၌ကား ရေးဦးစွာပြု၍ ထားနှင့်သော ကြေးနီအိမ်သည်ဖြစ်၏၊ ထိုကြေးနီအိမ်အတွင်း၌ အလုံးစုံသောရတနာဖြင့်ပြီးသော သဲကိုကြဲ၍ ရေ၌ဖြစ်သော ပန်းပွင့်, ကြည်း၌ ဖြစ်သော ပန်းပွင့်တို့ကို အထောင်မကများစွာကြဲ၍ ငါးရာ့ငါးဆယ်သော ဇာတ်တော်အရုပ်တို့ကိုင်း, ရှစ်ကျိပ်သော တေဒဂ်ရ မထေရ်ကြီးတို့၏ငင်း, သုဒ္ဓေါဒနမင်းကြီး,မဟာမာယာ မယ်တော်မိဖုရား, ဘုရားဘက်တော် ခုနစ်ပါး၊ ဤအလုံးစုံသော အရုပ်တို့ကို ရွှေဖြင့်သွန်း၍ ထား၏။

ရေဖြင့်ပြည့်သော ရွှေဖြင့်ပြီးသော ကြာသွတ်မြူတာငါးရာ,ငွေဖြင့်ပြီးသော ကြာသွတ်မြူတာ ငါးရာတို့ကို ထားစေ၍ ရွှေတံခွန်ငါးရာစိုက်စေ၏၊ ငွေတံခွန်ငါးရာစိုက်စေ၏၊ ရွှေဖြင့်ပြီးသော ဆီမီးခွက်ငါးရာ, ငွေဖြင့်ပြီးသော ဆီမီးခွက် ငါးရာတို့ကို ပြုစေ၍ ကောင်းသော နံ့သာမျိုးတို့ဖြင့် ထုံအပ်သော ဆီမီးဖြင့်ပြည့်စေ၍ ထိုဆီမီးခွက်တို့၌ ဘွဲ့ဖြူပုဆိုးဖြင့် ကျစ်သော ဆီမီးစာတို့ကိုထည့်၍ ညှိစေ၍ ထား၏၊ ထိုသို့ထားပြီးသော အခါ၌ အရှင်မဟာ ကဿပမထေရ်သည် "ဤပန်းတို့သည် မညှိုးစေကုန်သတည်း၊ ဤနံ့သာတို့သည် အနံ့မပြယ်စေကုန်သတည်း၊ ဤဆီမီးတို့သည်မငြိမ်းစေကုန်သတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ ရွှေပြား၌ အက္ခရာတို့ကို ရေးစေ၏။

"နောင်သောအခါ၌ ပိယဒါသအမည်ရှိသောမင်းသားသည် ထီးဖြူဆောင်း၍ အသောကဓမ္မရာဇာမည်သော မင်းသည်ဖြစ်လတ္တံ့၊ ထိုမင်းသည် ခုနစ်စရွတ်သော ဓာတ်တော်တို့ကိုယူ၍ ဇမ္ဗူဒီပါ ကျွန်းတွင် ရှစ်သောင်း လေးထောင်သော မြို့တို့၌ စေတီရှစ်သောင်း လေးထောင်

တို့၌ဌာပနာသဖြင့်ပျံ့နှံ့သည်ကို ပြုလတ္တံ့”ဟု ကမ္ပည်းရေးထားပြီးသော် အဇာတသတ်မင်းကြီးသည် အလုံးစုံကိုယ်၌ ဆင်သော တန်ဆာတို့ကို ပူဇော်၍ ရတနာခုနစ်ပါးဖြင့် ပြီးသော အိမ်မှစ၍ တံခါးကိုပိတ်၍ ထွက်၏၊ ထိုမင်းကြီးသည် ကြေးနီအိမ်တံခါးကိုပိတ်ပြီးသော် တံခါး ငင်သောကြိုး၌ သံကောက်ကိုရင်း, မင်းတုံးကိုရင်းဖွဲ့ခဲ့၍ ထိုတံခါး၏ ပြင်၌ ကြီးစွာသော ပတ္တမြားတုံးကိုထားစေ၍ “နောင်အခါ၌ မင်း ဆင်းရဲသည် ဤပတ္တမြားကိုယူ၍ ဓာတ်တော်တို့အား ပူဇော်သက္ကာရကို ပြုစေသတည်း”ဟု အက္ခရာရေးစေ၏။

သိကြားမင်းသည် ဝိသုကြံနတ်သားကိုခေါ်၍ “အမောင်ဝိသုကာ နတ်သား····အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ ကို မြှုပ်ထားခြင်းကိုပြုပြီ၊ ထိုဓာတ်တော် မြှုပ်ထားရာ၌ အစောင့်ကို သင်နတ်သား ထားချေလော့”ဟုစေ၏၊ထိုဝိသုကြံနတ်သားသည်သားရဲ စက်ယန္တရားကိုပြု၏၊ သစ်ဖြင့်ပြီးသော ဘီလူးနတ်ရုပ်တို့ကို ထိုဓာတ် တော်တိုက်၌ ဖလ်အဆင်းနှင့်အတူသော အဆင်းရှိသော သန်လျက် တို့ကိုကိုင်စေ၍ လေ၏လျင်ခြင်းနှင့်တူသော လျင်ခြင်းဖြင့် အစဉ်မပြတ် တပတ်ပတ်လည်သော စက်ယန္တရားကိုယှဉ်၍ တခုသောမယ်နဖြင့်ဖွဲ့၍ ထက်ဝန်းကျင်မှ အုဌ်တိုက်အခြင်းအရာဖြင့် ကျောက်ဖျာတို့ကိုရံစေ၍ အထက်၌တခုသော ကျောက်ဖျာဖြင့်ပိတ်၍ မြေမှုန့်တို့ကိုဖို့၍ မြေကြီး အပြင်နှင့်ညီစွာပြု၍ ထိုမြေ၏ အထက်၌ ကျောက်စေတီကို တည်စေ၏၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့် အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို မြှုပ်ထား ဌာပနာ၏။

---

## ၂၆၃။ ဓာတ်တော်ဝေဘန်သည်မှ ဌာပနာသည် တိုင်အောင် အခွန့်အကွာကိုတွက်စစ်ပြခြင်း

ဒေါဏပုဏ္ဏားသည် မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ရှစ်ပြည် ထောင်သားတို့အား ခွဲဝေသော အခါကား ဒေဝဒဟပြည်၌ မယ်တော် မာယာ၏ ခမည်းတော်ဖြစ်သော ဘုရားဘိုးတော် အဉ္ဇနမင်းနှင့် ဆရာ ဒေဝိလရသေ့တို့သည် ရှေးရှိနှင့်သော သက္ကရာဇ်မဟောင်း ရှစ်ထောင့်

ခြောက်ရာ့လေးဆယ့်ငါးခု သက္ကရာဇ်ကို တပေါင်းလကွယ်စနေနေ့တွင် နဝစန္ဒကိန်းဖြင့်ချေ၍ တန်ခူးလဆန်း ၁-ရက် တနင်္ဂနွေနေ့ကို စ၍ သက္ကရာဇ်တခုဟု ထားသော နှစ်မှသည် သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ညဉ့်မကုန်မီ မိုးသောက်ယံတွင် ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည့်နောက် တမုဟုတ္တကာလလွန်သော် အရုဏ်တက်သည်၊ အရုဏ်တက်သဖြင့် လပြည့် အင်္ဂါနေ့ကုန်လေသည်၊ အင်္ဂါနေ့ ကုန်လျှင် တရက်ဟူ၍ ရေတွက်ရ လေသည်။

အဘယ်ကြောင့် ရေတွက်ရလေသနည်း ဟူတုံအံ့၊ ဗေဒင်၌ ရက်ကို သန်းခေါင်ဖြင့် ပိုင်းခြားသကဲ့သို့ မဟုတ်၊ သာသနာတော်၌ ရက်ကို အရုဏ်ဖြင့် ပိုင်းခြားလေသောကြောင့်တည်း၊ ထိုကြောင့် လပြည့်ကျော် ၆-ရက် တိုင်သည် **ပရိနိဗ္ဗာနသတ္တာဟ** ဖြစ်၏၊ထို ၆-ရက်နေ့ပင် ဥပဝတ္တနအင်ကြင်းတောမှ ပြောင်း၍ မကုဋဗန္ဓနထင်းပုံတက်သို့ တင်၏၊ ၆-ရက်နေ့ ထင်းပုံထက်သို့ ရောက်သည်မှ စ၍ ရက်ကို ရေတွက်ပြန် သဖြင့် လပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့သည် **စိတကသတ္တာဟ** ဖြစ်၏၊ ထို၁၂-ရက်နေ့ညဉ့်ပင် ဓာတ်တော်တို့ကိုကောက်၍ ညဉ့်ကိုပင် ဆီမီးတန်ဆောင်ဖြင့် မြို့တွင်းမင်းကွန်းသို့ ပြောင်းလေသော်ကြောင့် ထိုညဉ့်မှ စ၍ ရက်ကိုရေတွက်သဖြင့် နယုန်လဆန်း ၄-ရက် စနေနေ့ တိုင်သည် **သာရုကီဠနသတ္တာဟ**မည်၏၊ ဤသတ္တာဟသုံးပါးကိုသာဆိုသောကြောင့် ဓာတ်တော်ဝေသောအခါသည်နယုန်လဆန်း၅-ရက်တွင်ပင်ဖြစ်သည်။

အဇာတသတ်မင်းသည် အဘို့ရသော ဓာတ်တော်တို့ကိုကုသိနာရုံမှ ဆောင်ခဲ့၍ ခုနစ်နှစ်နှင့် ခုနစ်လ,ခုနစ်ရက်မှ ရာဇဂြိုဟ်ပြည်သို့ရောက်၏ ဆိုသည်ကို ထောက်သော် အရှင်မဟာ ကဿပသည် အလုံးစုံသော ဓာတ်တော်တို့ကိုရုံးစုံ၍ အဇာတသတ်မင်းနှင့် တိုင်ပင်၍မြှုပ်ထားသော ကာလကား ဘုရားပရိနိဗ္ဗာန် ပြုတော်မူသည်နောက် အနှစ်နှစ်ဆယ်ကျော်တွင်ဖြစ်၏။

ဤ တထာဂတဥဒါနမည်သောကျမ်း၌ ဤမျှလောက်သော စကားအစဉ်သည်ကား မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ နှစ်ဆယ်ပြည့်ဝါကို ဆိုတော်မူသည်မှ စ၍ ပရိနိဗ္ဗာန် ပြုတော်မူသည်တိုင်အောင်ဥဒါန်း

ပြောဆိုကြောင်းဖြစ်သော စကား အစဉ်တည်း၊ လောကသုံးပါးကို တရားသဖြင့်အစိုးရတော်မူသည်၏ အဖြစ်ကြောင့် ဓမ္မသာမိ,ဓမ္မရာဇာ ဖြစ်တော်မူသောဗောဓိညောင်ခုနစ်ပါးတည်းဟူသော စကြာရတနာသခင် သကျဝင်မင်းတို့၏ အထွတ်ဖြစ်တော်မူသော စကြာမင်းအား ရှည်လျား နှောင်လာ သာသနာ ငါးထောင်မက ကာလပတ်လုံး နှလုံးကြည်ညို ပြောဆိုရာ ဥဒါန်းစကားဟု ညွှန်ကြားပြသ ဂန္ထဖွဲ့သည်ကား ဘုရားနှင့် စပ်သောဝတ္ထု၊ တရားအစုသည် ဤမျှမဟုတ်ပေ၊ လေးထွေပင်လယ် မြစ်ထက်ကျယ်သည် သုံးသွယ် ပိဋကတ် ငါးထပ် နိကာယ် ကိုးသွယ် အင်္ဂါတို့၌ လာသော ဥဒါန်းဝတ္ထု၊ တရားစုကား မရေတွက်နိုင်များ ပေသေး၏၊ ရွေးကောက်စီစဉ် သိမြင်လွယ်ကူ ယူနိုင်ပါသမျှ ဉာဏသတ္တိ ရှိသည်နှင့် အညီ ဤမျှကိုသာ ပြောဆိုရာ ဥဒါန်းစကားဟု ရေးထား မှတ်စု ပြုခဲ့ပေသတည်း။

---

## ၂၆၄။ ဓမ္မတာ ၃၀-စသည်ကို ပြခြင်း

### ဓမ္မတာ သုံးဆယ်

ဤသို့ ညွှန်ကြား ဥဒါန်းစကားနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားသည် ဘုရားတကာတို့၏ ဓမ္မတာအပြားသုံးဆယ်နှင့်လည်း ပြည့်စုံ တော်မူ၏၊ အနန္တရာယိက ဓမ္မလေးပါးနှင့်လည်း ပြည့်စုံတော်မူ၏၊ ဓမ္မတာအပြား သုံးဆယ် ဟူသော်ကား-

၁။ အဆုံးစွန်သော ဘုရားလောင်းသည် သတိ အဆင် အခြင်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေစွဲယူခြင်း,

၂။ မယ်တော်ဝမ်း၌ ရှေ့သို့ မျက်နှာပြု၍ ထက်ဝယ်ဖွဲ့ခွေ နေသဖြင့် အပသို့ မျက်နှာပြုခြင်း,

၃။ ဘုရားလောင်းအား မယ်တော်သည် မတ်တတ်ရပ်သဖြင့် ဘွားခြင်း,

၄။ ဘုရားလောင်းသည် တော၌ သာလျှင် မယ်တော် ဝမ်းမှ ဘွားခြင်း,

၅။ ရွှေပြားတို့၌ တည်သော အခြေရှိကုန်သော ဘုရားလောင်းတို့၏ မြေသို့ မျက်နှာပြု၍ ကြည့်ခြင်း,

၆။ မြောက်မျက်နှာ အရပ်သို့ ခြေတော်ဖြန့်သွား ခုနစ်ဘဝါး လှမ်းခြင်း,

၇။ ခုနစ်ဘဝါး လှမ်းသွားတော်မူသော အဆုံး၌ အရပ်လေး မျက်နှာကိုကြည့်၍ "အဟံ အဂ္ဂေါလောကဿ၊ အဟံသေဋ္ဌော လောကဿ၊ အဟံ ဇေဋ္ဌော လောကဿ" ဟူ၍ သီဟနာဒကို မြွက်ခြင်း,

၈။ နိမိတ်လေးပါးကို မြင်ပြီး၍ သားတော် တယောက် ဘွားကုန် ပြီးသော ဘုရားလောင်းတို့အား တောထွက်ခြင်း,

၉။ အရဟတ္တဖိုလ်၏ တံခွန်ဖြစ်သော သင်္ကန်းကို ယူ၍ ရဟန်းပြု ပြီး၍ အလုံးစုံ အောက် ယုတ်သော အပိုင်းအခြားဖြင့် ခုနစ် ရက် ပတ်လုံး သော်လည်း ဒုက္ကရစရိယာ ကျင့်ခြင်း,

၁၀။ ဘုရား အဖြစ်သို့ ရောက်တော် မူအံ့သော နေ့၌ ရွှေခွက်နှင့် တကွ နို့ဃနာကို ခံ၍ ဘုဉ်းပေးတော် မူခြင်း,

၁၁။ မြက်ပလ္လင်၌ နေ၍ သဗ္ဗညုတဉာဏ်ကို ရခြင်း,

၁၂။ ထွက်သက် ဝင်သက်ကို အောက်မေ့ခြင်း သတိနှင့် ယှဉ်သော ကမ္မဋ္ဌာန်းသည် သာလျှင် သဗ္ဗညုတဉာဏ်တော်၏ ပရိကံ ဖြစ်ခြင်း,

၁၃။ လက်ဝဲတဆယ့်နှစ်ယူဇနာ,လက်ျာတဆယ့်နှစ်ယူဇနာ,အထက် တဆယ့်နှစ်ယူဇနာ,နောက်၌ စကြဝဠာတံတိုင်း ဆိုက်ပါသော စစ်သည်နှင့်တကွ ကပ်လာသော မာရ်နတ်စစ်ကို နေမဝင်မီ အခါ၌ ဖျက်ဆီးခြင်း,

၁၄။ ဗောဓိပင်၌ သာလျှင် ဝိဇ္ဇာသုံးပါး, ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါး, ဒသဗလဉာဏ်, ဆအသာဓာရဏ ဉာဏ် အစရှိသော ဘုရားကျေးဇူးတို့ကို ရခြင်း,

၁၅။ သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီတို့ကို ဗောဓိပင်၏ အနီး၌ သာလျှင် လွန်စေခြင်း,

၁၆။ မဟာဗြဟ္မာ ကြီးသည် တရား ဟောတော် မူစိမ့် သော၄ါ တောင်းပန်ခြင်း,

၁၇။ ဇ္ဈသိပတနမိဂဒါဝုန်တောသ၌ သာလျှင် ဓမ္မစကြာ တရားတော်ကို ရှေးဦးစွာ ဟောခြင်း,
၁၈။ တပို့တွဲလပြည့်နေ့ အင်္ဂါလေးပါးနှင့် ယှဉ်သော ဘိက္ခုပရိသတ် အစည်းအဝေး၌ ပါတိမောက် ပြတော်မူခြင်း,
၁၉။ ဇေတဝန်ကျောင်းတော်ရာ၌ နိဗဒ္ဓဝါကို ဆိုတော် မူခြင်း,
၂၀။ သာဝတ္ထိပြည်၌သာ ယမိုက်ပြာဋိဟာကို ပြတော်မူခြင်း,
၂၁။ တာဝတိံသာ၌သာ အဘိဓမ္မာတရားကို ဟောခြင်း,
၂၂။ သင်္ကဿနဂိုရ်ပြည်သို့ နတ်ပြည်မှ သက်ခြင်း,
၂၃။ အမြဲလျှင် ဖလသမာပတ်ကို ဝင်စားခြင်း,
၂၄။ နံနက်မိုးသောက်အခါ ညဥ့်အခါအားဖြင့် ကာလနှစ်ပါးတို့၌ ဝေနေယျတို့ကို ကြည့်တော်မူခြင်း,
၂၅။ အကြောင်းဝတ္ထု ဖြစ်မှသာလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း,
၂၆။ အဋ္ဌုပ္ပတ္တိ ဖြစ်သည်ရှိသော် ဇာတ်တော်တို့ကို ဟောခြင်း,
၂၇။ ဆွေတော် မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောခြင်း,
၂၈။ ဧည့်သည် ရဟန်းတို့နှင့်တကွ ပဋိသန္ဓာရပြုခြင်း,
၂၉။ ဘိတ်မန်အပ်သည်ဖြစ်၍ ဝါဆိုတော်မူကုန်သော ဘုရားတို့အား ဝါကျွတ်သော အခါ ဘိတ်မန်သော ဒါယကာတို့အား မပန်ကြားမူ၍ မသွားခြင်း,
၃၀။ နေ့တိုင်းနေ့တိုင်း ပုရေဘတ္တကိစ္စ, ပစ္ဆာဘတ္တကိစ္စ, ပုရိမယာမကိစ္စ, မဇ္ဈိမယာမကိစ္စ, ပစ္ဆိမယာမကိစ္စ ဟူ၍ ကိစ္စငါးပါးကို ပြုတော်မူခြင်း,

ဤသည်လျှင် ခပ်သိမ်းသော ဘုရားရှင်တို့၏ ဓမ္မတာ အပြားသုံးဆယ်တည်း။

### အနန္တရာယိကဓမ္မလေးပါး

အနန္တရာယိက ဓမ္မလေးပါး ဟူသော်ကား—

၁။ ဘုရားမြတ်တို့ကို ရည်မှတ်၍ ဆောင်အပ်သော ပစ္စည်းလေးပါးတို့ကို တစုံတယောက်သော သူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်ခြင်း,

၂။ ခပ်သိမ်းသော ဘုရားတို့၏ အသက်တော်အား တစုံတယောက်သောသူသည် အန္တရာယ် ပြုခြင်းငှါမတတ်နိုင်ခြင်း,
၃။ မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာ တော်ငယ်တို့အား တစုံတယောက်သော သူတို့သည် အန္တရာယ် ပြုခြင်းငှါ မတတ်နိုင်ခြင်း,
၄။ ဘုရားတို့၏ ကိုယ်တော်မှ ထွက်သော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို တစုံတယောက်သောသူသည်အန္တရာယ် ပြုခြင်းငှါ မတတ်နိုင်ခြင်း,

ဤသည်လျှင် ခပ်သိမ်းသော ဘုရားတို့အား အနန္တရာယိက စမ္မ လေးပါးတည်း။

### အဝိဇဟိတဋ္ဌာနလေးပါး

ခပ်သိမ်းသော ဘုရားတို့သည် မစွန့်အပ်သော အရပ်ကား လေးပါးတည်း၊ လေးပါးဟူသော်ကား—

၁။ ခပ်သိမ်းသော ဘုရားတို့အား ဗောဓိပလ္လင်သည် မစွန့်အပ်သောအရပ်တည်း၊ တခုသောအရပ်၌သာ တည်သည်ဖြစ်၏၊
၂။ ဓမ္မစကြာ တရားဟောရာ ဣသိပတန မိဂဒါဝုန်တောသည်လည်း မစွန့်အပ်သော အရပ်တည်း၊ တခုသောအရပ်၌ သာ ဖြစ်၏။
၃။ နတ်ပြည်မှ သက်သောအခါ သင်္ကဿနဂိုရ်ပြည် တံခါး၌ လက်ျာ ခြေတော်ချရာ အရပ်သည်လည်း မစွန့်အပ်သော အရပ်တည်း။
၄။ ဇေတဝန်ကျောင်း၌ ဂန္ဓကုဋိညောင်စောင်း ခြေလေးခုချရာ အရပ်သည်လည်း ခပ်သိမ်းသောဘုရားတို့အား မစွန့်အပ်သော အရပ်တည်း၊ အရှင်ဂေါတမ မြတ်စွာဘုရား ညောင်စောင်း ခြေချရာ၌သာ ဖြစ်၏။

ကျောင်းတော်မှုကား ကြီးငယ်ဖြစ်၏၊ကျောင်းတော်ရာ သည်လည်း ဤအရပ်တွင်သာဖြစ်၏၊ မြို့ရာမှုကား ကျောင်းတော်မှတောင်မျက်နှာ၌

ရှိသောအခါရှိ၏၊ အနောက်မျက်နှာ,မြောက်မျက်နှာ,အရှေ့မျက်နှာ၌ ရှိသောအခါရှိ၏၊ အရာကိုစွန့်၏၊ ဤသည်လျှင် မစွန့်အပ်သော အရပ် လေးပါးတည်း။

### ဘွားဘက်တော်ခုနစ်ယောက်

ငါတို့မြတ်စွာဘုရား၏ ဘွားဘက်တော်ကား—

၁။ ရာဟုလာမယ်တော်,

၂။ အာနန္ဒာမထေရ်,

၃။ ဆန္နအမတ်,

၄။ ကဏ္ဍကမြင်း,

၅။ ရွှေအိုးကြီးလေးလုံး,

၆။ ဗောဓိပင်,

၇။ ကာဠုဒါယီအမတ်ဟူ၍ ခုနစ်ပါးတည်း။

### နက္ခတ္တပရိစ္ဆေဒဆယ်ပါး

၁။ ငါတို့ဘုရားအလောင်းတော် ဖြစ်သော ယောက်ျားမြတ်သည် ဘိုးတော်အဥ္စနမင်းထားသော သက္ကရာဇ် ၆၇-ခု ဝါဆိုလ ပြည့် ကြာသပတေးနေ့ ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်၍ မယ်တော် ဝမ်း၌ ပဋိသန္ဓေနေ၏။

၂။ ထိုသက္ကရာဇ် ၆၈-ခု ကဆုန်လပြည့်သောကြာနေ့ ဝိသာခါ နက္ခတ်နှင့်ယှဉ်၍ ဘွားတော်မူ၏။

၃။ ထိုသက္ကရာဇ် ၉၆-ခု ဝါဆိုလပြည့် တနင်းလာနေ့ ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်၍ တောထွက်တော်မူ၏။

၄။ ထိုသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဝိသာခါ နက္ခတ်နှင့်ယှဉ်၍ ဘုရားဖြစ်တော်မူ၏။

၅။ ထိုသက္ကရာဇ်တွင်လည်းကောင်း ဝါဆိုလပြည့် စနေနေ့ ဥတ္တရာ သဠ်နက္ခတ်နှင့်ယှဉ်၍ ဓမ္မစကြာတရားကို ဟောတော်မူ၏။

၆။ ထိုသက္ကရာဇ် ၁၀၇-ခု ဝါဆိုလပြည့် ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် ယမိုက်ပြာဋိဟာကို ပြတော်မူ၏။

၇။ ထိုသက္ကရာဇ်တွင် လည်းကောင်း သီတင်းကျွတ် လပြည့်နေ့ အာသဝဏီနက္ခတ်နှင့်ယှဉ်လျက် နတ်ပြည်မှ သက်တော်မူ၏။
၈။ ထိုသက္ကရာဇ် ၁၄၇-ခု တပို့တွဲလပြည့် သောကြာနေ့ မာဃ နက္ခတ်နှင့်ယှဉ်လျက် အာယုသင်္ခါရကို လွှတ်တော်မူ၏။
၉။ ထိုသက္ကရာဇ်၁၄၈-ခုကဆုန်လပြည့်အင်္ဂါနေ့ ဝိသာခါနက္ခတ် နှင့်ယှဉ်လျက် ပရိနိဗ္ဗာန် ပြုတော်မူ၏။
၁၀။ ဤကဆုန်လပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့တွင် ဇေတဗော ဓာတ် လောင်တော်မူ၏။

[ဤကား နက္ခတ္တ ပရိစ္ဆေဒတည်း။]

### ဝေမတ္တရှစ်ပါး

ခပ်သိမ်းသော ဘုရားရှင်တို့အား ထူးပြားခြင်း—
၁။ အာယုဝေမတ္တ,
၂။ ပမာဏဝေမတ္တ,
၃။ ကုလဝေမတ္တ,
၄။ ပဓာနဝေမတ္တ,
၅။ ရသ္မိဝေမတ္တ,
၆။ ယာနဝေမတ္တ,
၇။ ဗောဓိဝေမတ္တ,
၈။ ပလ္လင်္ကဝေမတ္တ,
ဤသို့အားဖြင့် ထူပြားခြင်း ရှစ်ပါးတည်း။

---

## ၂၆၅။ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့ ပဌမသင်္ဂါယနာတင်တော်မူကြခြင်း

### သင်္ဂါယနာတင်ရန် တိုက်တွန်းတော်မူခြင်း

သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့်နေ့ ကုသိနာရုံပြည်၏အနောက် တောင်ထောင့်အရပ်၌ ဥပဝတ္တနမည်သော အင်ကြင်းတော၌ မြတ်စွာ ဘုရားသည် ပရိနိဗ္ဗာန်စံယူတော်မူရာ စည်းဝေးရောက်လာသောရဟန်း သံဃာအပေါင်းကား ခုနစ်သိန်းအရေအတွက် ရှိကုန်၏၊ထိုရဟန်းတို့

သည် မြတ်စွာဘုရား၏ ပရိနိဗ္ဗာနသတ္တာဟ,စိတကသတ္တာဟ,သာဓုကီဠနသတ္တာဟအားဖြင့် သုံးပါးသောသတ္တာဟတို့သည် လွန်ကုန်သည် ရှိသော် ယခုအခါ၌ နေ့လတို့၏ အခွဲနှင့်တကွ နှစ်လသည်ကြွင်းသေး၏၊ ဝါဆိုနေ့တို့သည်နီးကုန်ပြီဟုသိကုန်၍ သွားကုန်အံ့ဟုတိုင်ပင်ကုန်သော် ထိုခုနစ်သိန်းသော သံဃာတို့၏ အကြီးဖြစ်သော အရှင်မဟာကဿပ မထေရ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ ခုနစ်ရက်ရှိသောအခါ၌ ဝုဍ္ဎပဗ္ဗဇိတဖြစ်သောသုဘဒ်သည် "ငါ့ရှင်တို့....မသင့်၊ မစိုးရိမ်ကြကုန်လင့်၊ မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ရဟန်းဂေါတမမှ ကောင်းစွာ လွတ်ကုန်ပြီ၊ဤအမှုသည် သင်တို့အားအပ်၏၊ဤအမှုသည် သင်တို့အား မအပ်ဟူ၍ ရဟန်းဂေါတမသည် ငါတို့ကိုနှိပ်စက်အပ်ကုန်ပြီ၊ယခုအခါ၌ ငါတို့သည် အကြင်အမှုကိုပြုခြင်းငှါ အလိုရှိကုန်၏၊ထိုအမှုကိုပြုရကုန်လတ္တံ့၊ အကြင်အမှုကို ပြုခြင်းငှါ အလိုမရှိကုန်၊ ထိုအမှုကို မပြုရကုန်လတ္တံ့"ဟူ၍ ဆိုအပ်သောစကားကို အောက်မေ့၍—

အကြင်အကြောင်းဖြင့် ယုတ်မာသော အလိုဆိုးရှိကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားစကားတော်သည် ထင်ရှားရှိသေးလျက် ဘုရားလွန်ပြီဟု မှတ်ကုန်သဖြင့် အပင်းအသင်းကို ရကုန်၍ မကြာမြင့်မီလျှင် ပိဋကတ်သုံးပုံတည်း ဟူသော သူတော်ကောင်းစကားတို့ကို ကွယ်စေကုန်ရာ၏၊ ထို အကြောင်းသည်ရှိ၏၊ အကြင်မျှလောက်ကာလပတ်လုံး သုတ်, အဘိဓမ္မာ,ဝိနည်းသည် တည်၏၊ ထိုမျှလောက် သုတ်, အဘိဓမ္မာ, ဝိနည်းတည်သမျှ ကာလပတ်လုံး မြတ်စွာဘုရား မလွန်သေးသည် ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း "အာနန္ဒာ....အကြင် သုတ်, အဘိဓမ္မာကို ဟောအပ်ပြီ၊ ဝိနည်းကို ပညတ်အပ်ပြီ၊ ထိုသုတ်, အဘိဓမ္မာ,ဝိနည်းသည် ငါလွန်သဖြင့် သင်တို့၏ဆရာတည်း" ဟူ၍ ဟောတော်မူခဲ့ပြီ။

ငါကြီအောက်မေ့သည်ကား အကြင်အခြင်းဖြင့် သုတ်, အဘိဓမ္မာ, ဝိနည်းတို့ကို သင်္ဂါယနာတင်သည်ရှိသော် သာသနာတော်သည် အစွန့်ရှည်မြင့်စွာ တည်သည် ဖြစ်ရာ၏၊ထိုအခြင်းဖြင့် သုတ်, အဘိဓမ္မာကိုငှင်း, ဝိနည်းကိုငှင်း သင်္ဂါယနာတင်ရာ၏၊"ကဿပ....ပြီးပြီးသောသုံးဆောင်ခြင်း ရှိကုန်သော ပိုက်ဆန်လျှော်မျှင်ဖြင့် ပြီးကုန်သော ငါ၏ ပံ့သုကူ

သက်နှ်းတို့ကိုသင်သည်ဆောင်နိုင်လတ္တံ့လော”ဟုမိန့်တော်မူ၍ မြတ်စွာဘုရားသည် သင်္ကန်း၌ ကိုယ်တော်နှင့် ဆက်ဆံသော သုံးဆောင်ခြင်းနှင့် အကြင်ငါ့ကိုချီးမြှောက်အပ်ပြီ၊ “ချစ်သားရဟန်းတို့⋯ငါသည်အကြင်မျှလောက် အလိုရှိ၏၊ထိုမျှလောက် ကာမတရားတို့မှဆိတ်၍ ပဌမဈာန်သို့ကပ်၍နေ၏၊ ကဿပလည်း ထိုမျှလောက် ကပ်၍နေ၏”ဤသို့အစရှိသောနည်းဖြင့် အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ကိုးပါး, အဘိညာဉ်ခြောက်ပါး အစရှိသော ဥတ္တရိမနုဿဓမ္မ၌ ကိုယ်တော်နှင့် ထပ်တူထပ်မျှထားသဖြင့် ချီးမြှောက်တော်မူအပ်ပြီ။

ထိုသို့ ချီးမြှောက်တော်မူသဖြင့် ငါ၌မြီဖြစ်ခဲ့၏၊ သင်္ဂါယနာတင်သည်မှ တပါးသော အကြောင်းဖြင့် ထိုမြီမှ အဘယ်မှာလွတ်ပေလတ္တံ့နည်း၊ စကြဝတေးမင်းသည် ချပ်တန်ဆာအစိုးရခြင်း စည်းစိမ်ချမ်းသာကိုပေးသဖြင့် မိမိ၏အမျိုးအနွယ်ကို တည်စေတတ်သော သားကိုချီးမြှောက်သကဲ့သို့ ဤကဿပသည်သူတော်ကောင်းတရားတည်းဟူသောငါ၏အနွယ်ကိုတည်စေတတ်သည်ဖြစ်လတ္တံ့ဟု သိတော်မူ၍ ကိုယ်တော်၏သင်္ကန်းနှင့် ငါ၏သင်္ကန်းကို ဖလှယ်သဖြင့် သူတပါးတို့နှင့် မဆက်ဆံသော ချီးမြှောက်ခြင်းဖြင့် ငါ့ကိုချီးမြှောက်တော် မူအပ်ပြီးသည်မဟုတ်ပေတုံလောဟုကြံလျက် သုတ်, အဘိဓမ္မာ,ဝိနည်းတရားကို သင်္ဂါယနာတင်အံ့သောငှါ ရဟန်းတို့အား အားထုတ်ခြင်းကို ဖြစ်စေတော်မူ၏။

အဘယ်သို့ ဖြစ်စေသနည်း ဟူမူကား-သံဃာတို့အား ဝုဓုပဗ္ဗဇိတသုဘဒ်ဆိုသော စကားကိုကြား၍ “ငါ့ရှင်တို့⋯ယခုအခါ၌ ငါတို့သည် သူယုတ်တို့၏ တရားမထွန်းပမီ, သူတော်ကောင်းတရား မတိမ်မြုပ်မီ, ဝိနည်းမဟုတ်သော တရားမထွန်းပမီ, ဝိနည်းတရားမတိမ်မြုပ်မီ,တရားကို မယူသောသူတို့သည် အားမကြီးကုန်မီ, တရားကို ယူသောသူတို့အားမနည်းကုန်မီ, ဝိနည်းကိုမယူသောသူတို့သည် အားမကြီးကုန်မီ, ဝိနည်းကိုယူသောသူတို့သည် အားမနည်းကုန်မီ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ငါတို့ပေါင်း၍ ရွတ်ကုန်အံ့”ဟု မိန့်တော်မူ၏၊ရဟန်းတို့သည် ဆိုကုန်၏၊“ထိုသို့ တပြီးကား အရှင်မဟာ ကဿပသည် ရဟန်းတို့ကို ရွေးကောက်တော်မူပါလော့”ဟူ၍ ဆိုကုန်၏။

## သင်္ဂါယနာတင်မထေရ်တို့ကို ရွေးကောက်တော်မူခြင်း

အရှင်မဟာကဿပ မထေရ်သည် အလုံးစုံသော အင်္ဂါကိုးပါးဟု ဆိုအပ်သော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ဆောင်ကုန်သော အရာမက အထောင်မကများကုန်သော ပုထုဇဉ်,သောတာပန်, သကဒါဂါမ်, အနာဂါမ်, သုက္ခဝိပဿက ရဟန္တာတို့ကို ကြဉ်၍ ပိဋကတ်သုံးပုံဟု ဆိုအပ်သော အလုံးစုံသော ပရိယတ္တိအပြားကို ဆောင်ကုန်သော ပဋိသမ္ဘိဒါ လေးပါးသို့ ရောက်ကုန် ပြီးသော ကြီးသော အာနုဘော်ရှိကုန်သော များသောအားဖြင့် ဘုရားမြတ်စွာ သည် တေဒဂ်အရာ၌ ထားအပ်ကုန်သော ဝိဇ္ဇာသုံးပါး, အဘိညာဉ် ခြောက်ပါး,သမာပတ်ရှစ်ပါးတို့သို့ရောက်ကုန်သော **ရဟန္တာတယောက် ယုတ်ငါးရာ**တို့ကို ရွေးကောက်တော်မူ၏။

အဘယ့်ကြောင့်ကား တယောက်ဖြင့် ယုတ်သည်ကို ပြုလေသနည်း ဟူတုံအံ့၊ **အရှင်အာနန္ဒာ၏** အခွင့်ကိုပြုခြင်းငှါတည်း၊ ထိုအခါ၌ အရှင် အာနန္ဒာနှင့်တကွလည်း သင်္ဂါယနာတင်အံ့သောငှါ မတတ်ကောင်း၊ အရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာ တင်အံ့သောငှါလည်း မတတ် ကောင်း၊ ထိုအရှင်အာနန္ဒာသည် သောတာပန် သေက္ခသာတည်း၊ အထက် မဂ်သုံးခုအလို့ငှါ ပြုဘွယ်ရှိသေး၏၊ ထိုကြောင့် တကွလည်း မတတ်ကောင်း၊ အကြင်ကြောင့် မြတ်စွာဘုရားသည် ဟောတော်မူအပ် သော"သုတ္တ, ဂေယျ" အစရှိသော တစုံတခုကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ မသင်အပ်သောမည်သည်မရှိ၊ ထို့ကြောင့် ကင်း၍ လည်း မတတ်ကောင်း၊ ဤသို့ မတတ်ကောင်းသော် သေက္ခသာ ဖြစ်သော်လည်း သင်္ဂါယနာတင်ခြင်း၏ ကျေးဇူးများသည်၏အဖြစ် ကြောင့် အရှင်အာနန္ဒာကို ရွေးကောက်တော်မူအပ်၏။

အဘယ့်ကြောင့် ရွေးကောက်တော်မမူသနည်း၊ အရှင်မဟာကဿ ပသည် အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်၏၊ ဦးခေါင်း၌ ဆံဖြူ ရောက်သော်လည်း "ဤသတို့သားသည် အတိုင်းအရှည်ကို မသိ"ဟု **ကုမာရကဝါဒ** ဖြင့် ရှင်အာနန္ဒာကိုဆုံးမ၏၊ အရှင်အာနန္ဒာသည် သကျ ဝင် မင်းမျိုးဟူ၍ ကျော်စော၏၊ မြတ်စွာဘုရား ဘထွေးတော်၏

သွားတည်း၊ ထိုအရှင်အာနန္ဒာ၌ မလိုက်အပ်သော ဆန္ဒာဂတိသို့ လိုက်သကဲ့သို့ ထင်ကုန်လျက် များစွာကုန်သော အသေက္ခပဋိသမ္ဘိဒါပတ္တ ရဟန်းတို့ကိုထား၍ သေက္ခသာဖြစ်သော အရှင်အာနန္ဒာကို အရှင်မဟာကဿပသည် ရွေးကောက်၏ဟူ၍ ရဟန်းတို့သည် ကဲ့ရဲ့ကုန်ရာ၏၊ ထိုကဲ့ရဲ့ခြင်းကို ကြဉ်တော်မူလိုသည်ဖြစ်၍ အရှင်အာနန္ဒာကိုကင်းစေ၍ သင်္ဂါယနာတင်ခြင်းငှါ မတတ်ကောင်း၊ ရဟန်းတို့၏အလိုအားဖြင့်သာလျှင် ရွေးကောက်စေအံ့ဟု ကြံတော်မူ၍ မရွေးကောက်သတည်း။

ထိုရောအခါ ရဟန်းတို့သည် မိမိတို့အလိုလိုပင် အရှင်အာနန္ဒာကို ရွေးကောက်စိမ့်သောငှါ အရှင်မဟာကဿပကို "ဘုန်းတော်ကြီးလှသော အရှင်မဟာကဿပ....၍ အရှင်အာနန္ဒာသည် အကယ်၍ သေက္ခသာ ဖြစ်၌၊ **အဂတိလေးပါး** သို့ လိုက်ခြင်းငှါမထိုက်၊ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏အထံ၌ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်ပေ၏၊ ထို့ကြောင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို ရွေးကောက်တော်မူပါ"ဟု တောင်းပန်ကုန်၏၊ထိုအခါအရှင်အာနန္ဒာကို ရွေးကောက်တော်မူ၏၊ ရဟန်းတို့ အလိုအားဖြင့် ရွေးကောက်အပ်သော အရှင်အာနန္ဒာနှင့်တကွ ငါးရာသောမထေရ်တို့သည် ဖြစ်ကုန်၏။

### သင်္ဂါယနာတင်ရန် ဌာနကို ရွေးချယ်တော်မူခြင်း

ထိုရောအခါ မထေရ်တို့အား အဘယ်အရပ်၌ သုတ်, အဘိဓမ္မာ, ဝိနည်းတို့ကို သင်္ဂါယနာ တင်ရကုန်အံ့နည်းဟု ကြံကုန်၏၊ ထိုအခါ မထေရ်တို့အား ရာဇဂြိုဟ်ပြည်သည် ကျယ်သောဆွမ်းခံရွာရှိ၏၊ များသောကျောင်းရှိ၏၊ အကယ်၍ကား ငါတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုကုန်လျက်၊သင်္ဂါယနာတင်ကုန်အံ့၊ တပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုကုန်ရာ၊အဘယ့်ကြောင့်နည်း ဟူအံ့၊ငါတို့၏ ဤအမှုသည် မြဲမြံစွာပြုအပ်သောအမှုတည်း၊ တစုံတယောက်သော သဘောမတူသောရဟန်းသည် သံဃာဘောင်သို့ ဝင်၍မြစ်ရာ၏၊ထို့ကြောင့် ငါတို့ငါးရာမှ တပါးသော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါမဆိုကုန်ရာဟု တိုင်ပင်ကုန်ပြီးသော် အရှင်မဟာကဿပသည် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ထိုငါးရာသော ရဟန်းတို့ကို **ခုနစ်သိန်း** သောသံဃာတို့၏

အလယ်၌၊"သုဏာတုမေ" အစရှိသည်ကို ရွတ်၍ မြတ်စွာဘုရား လွန်တော်မူသည်မှ နှစ်ဆဲ့တရက် မြောက်သောနေ့၌ သမုတ်၏။

သမုတ်သော အခြင်းအရာကား "အရှင်တို့···သံဃာသည် ငါ၏ စကားကို နာစေသတည်း၊ သံဃာအားလျောက်ပတ်သော အခါသည် ဖြစ်အံ့၊ သံဃာသည် ငါးတိုင်ငါးရာသော ရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်လျက် သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်ခြင်းငှါ သမုတ်ရာ၏၊ တပါးသော ရဟန်းတို့သည် ဝါမဆိုအပ်၊ ဤသို့သမုတ်ခြင်းကို အကြင်ပုဂ္ဂိုလ်သည် မနှစ်သက်၊ ထိုပုဂ္ဂိုလ်သည် ဆိုရာ၏၊ အကြင်ပုဂ္ဂိုလ်အား နှစ်သက်၏၊ ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေသည် ဖြစ်ရာ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သော အဖြစ်ကို သိရာ၏ ဟူလိုသည်။

ဤသို့သမုတ်ပြီးသော် နယုန်လဆန်း-၅-ရက်နေ့ ဓာတ်တော်တို့ကို ခွဲဝေပြီးနောက် အရှင်မဟာကဿပသည် ငါးရာသော ရဟန်းတို့ကို ခေါ်၍"ငါ့ရှင်တို့···ယခုအခါ သင်တို့အား **အရက်လေးဆယ်**တို့ကိုခွင့်ပြု၏၊ထိုရက်လေးဆယ်နောက်၌ ဤမည်သော ပလိဗောဓသည်ရှိ၏ဟုဆိုခြင်းငှါမရအပ်၊ထို့ကြောင့် ဤအရက်လေးဆယ်တွင်း၌ အကြင်ရဟန်းအား အနာနှင့်စပ်သောကြောင့်ကြ, ဆရာဥပဇ္ဈာယ်နှင့်စပ်သောကြောင့်ကြ, အမိအဘနှင့် စပ်သောကြောင့်ကြသည် ရှိအံ့၊ သပိတ်ဖုတ်ခြင်း ကိစ္စ, သင်္ကန်းချုပ်ခြင်း ကိစ္စသည်ရှိအံ့၊ ထိုအလုံးစုံကိုပြီးစေ၍ သင်္ဂါယနာ တင်ခြင်းကို ပြုစေသတည်း"ဟု မိန့်ဆို၍ မိမိ၏ အခြံအရံ **ရဟန်းငါးရာ**ကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ သွားလေ၏၊တပါးသောမထေရ်တို့သည်လည်း မိမိ မိမိတို့၏ အခြံအရံကိုယူ၍ သောက တည်းဟူသော ငြောင့်ဖြင့်နှိပ်စက်သော လူအပေါင်းကို သက်သာခြင်းကိုပြုအံ့ သောငှါ ထိုထိုသောအရပ်သို့ ဖဲလေကုန်၏၊ အရှင်ပုဏ္ဏမထေရ်ကား ခုနစ်ရာသော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရားလွန်တော်မူရာသို့ လာသော လူအပေါင်းကို သက်သာစေအံ့ဟု ကုသိနာရုံ၌ နေရစ်၏။

[ဝိနည်းအဋ္ဌကထာ၌ကား အရှင်မဟာကဿပသည် ထက်ဝက်သော သံဃာကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ ကြွလေ၏၊ အရှင်အနုရုဒ္ဓါ သည်လည်း ထက်ဝက်သော သံဃာကိုယူ၍ ခရီးတကြောင်းဖြင့် ကြွလေ၏ဟူ၍ဆို၏။]

အရှင်အာနန္ဒာမှုကား ပရိနိဗ္ဗာန်ပြုတော်မမူမီ ရှေးအတို့၌မြတ်စွာဘုရား၏သပိတ်သက်န်းကို ယူသကဲ့သို့ မိမိကိုယ်တိုင် မြတ်စွာဘုရား၏သပိတ်သက်န်းကိုယူ၍ ငါးရာသောရဟန်းတို့နှင့်တကွ အကြင် အရပ်၌သာဝတ္ထိပြည်သည်ရှိ၏၊ ထိုအရပ်သို့ ကြွတော်မူလေ၏၊ ကြွတော်မူပြီးသော် အရှင်အာနန္ဒာအား အခြံအရံဖြစ်ကုန်သော ရဟန်းတို့သည် ရေတွက်ခြင်းကို လွန်ကုန်၏၊ ထိုအရှင်အာနန္ဒာ ရောက်ရာ ရောက်ရာအရပ်၌ ကြီးစွာသော ငိုကြွေးခြင်းသည်ဖြစ်၏၊ အစဥ်သဖြင့် အရှင်အာနန္ဒာသည် သာဝတ္ထိပြည်သို့ ရောက်သည်ရှိသော် သာဝတ္ထိပြည်၌နေကုန်သောသူတို့သည် အရှင်အာနန္ဒာ ရောက်လာပြီဟု ကြား၍ပန်းနံ့သာအစရှိသည်တို့ကိုလက်စွဲကုန်လျက်ခရီးဦးကြိုပြု၍''ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ....ရှေးအခါ၌ မြတ်စွာ ဘုရားနှင့် တကွကြွတော်မူလာကုန်ပြီ၊ ယခုအခါ၌ မြတ်စွာဘုရားကို အဘယ်အရပ်၌ထား၍ လာတော်မူသနည်း''ဟု ဆိုကုန်လျက် ငိုကြကုန်၏၊ ပရိနိဗ္ဗာန်ပြုတော်မူသောနေ့ကဲ့သို့ ကြီးစွာသော ငိုကြွေးခြင်းသည် ဖြစ်၏။

ထိုသို့ ငိုကြွေးသောပရိသတ်၌ အရှင်အာနန္ဒာသည် အမြဲမရှိသောသဘောနှင့်စပ်သောတရားစကားဖြင့် လူများအပေါင်းကို မှတ်သိစေ၍ဇေတဝန်ကျောင်းတော်တွင်းသို့ဝင်၍ မြတ်စွာဘုရား နေတော် မူအပ်သော ဂန္ဓကုဋိကိုရှိခိုး၍ တိုက်တံခါးကိုဘွင့်၍ ညောင်စောင်းအင်းပျဉ်ကိုထုတ်၍ဂန္ဓကုဋိကို တံမြက်လှည်း၍ ညှိုးပြီးသော ပန်းအမှိုက်တို့ကိုစွန့်၍ညောင်စောင်း အင်းပျဉ်ကိုခင်း၍ သွင်းမြဲတိုင်း သွင်းပြန်၍ မြတ်စွာဘုရား၏ ရှေးထင်ရှားရှိသောအခါ၌ ပြုအပ်သောဝတ်ကိုပြု၏၊ ပြုတော်မူသော်လည်း ရေချိုးအိုး၌ ရေလောင်းသောအခါ တံမြက်လှည်းသောအခါ စသည်တို့၌ ဂန္ဓကုဋိကိုရှိခိုးပြီး၍ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား....ယခုအခါ၌ ရှင်ပင်ဘုရားတို့၏ ရေချိုးသောအခါ မဟုတ်တုံလော၊ ဤအအခါသည် တရားဟောသောအခါ မဟုတ်တုံလော၊ ရှင်ပင်ဘုရား....ဤအခါသည်ကား ရှင်ပင်ဘုရားတို့၏ ရဟန်းတို့အားအဆုံးအမ ပေးသောအခါ မဟုတ်တုံလော၊ ဤအခါသည်ကား ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ အိပ်ခြင်းကိုပြုတော်မူသောအခါ မဟုတ်တုံလော၊

ဤအခါသည်ကား ရှင်ပင်ဘုရားတို့၏ မျက်နှာသစ်သောအခါ မဟုတ်တုံလော'' ဤသို့အစရှိသည်ဖြင့် ငိုကြွေးလျက် ပြ၏။

အကြင်အခြင်းဖြင့် ထိုအရှင် အာနန္ဒာအား မြတ်စွာဘုရား၏ ကျေးဇူးအပေါင်းတည်းဟူသော အမြိုက်အရသာကို သိသည်၏ အဖြစ်ကြောင့်၎င်း, မြတ်စွာဘုရား၌ တခုသောချစ်ခြင်းရှိ၍၎င်း, ရဟန္တာ မဟုတ်သေးသည်ဖြစ်၍၎င်း များစွာသော အနှစ်အသိန်း မကသော ကာလတို့၌ တယောက်သည် တယောက်အား ကျေးဇူးကို ဖြစ်စေအပ်သဖြင့် စိတ်၏နူးညံ့ခြင်း ရှိသည်ဖြစ်၍၎င်း ငိုကြွေးခြင်းကို ပြုသတည်း၊ ထိုအခါ အရှင်အာနန္ဒာကို မထင်ရှားသောနတ်သားတယောက်သည် ''ဘုန်းတော်ကြီးသော အရှင်အာနန္ဒာ····အရှင် ဘုရားတို့သည် ဤသို့ ငိုကြွေးကုန်သည် ရှိသော် တပါးသောသူတို့ကို အရှင် ဘုရားတို့သည် အဘယ်သို့သက်သာစေနိုင်ကုန်လတ္တံ့နည်း''ဟုထိတ်လန့်စေ၏၊ အရှင် အာနန္ဒာသည် ထိုနတ်၏စကားဖြင့် ထိတ်လန့်သောနှလုံးရှိ၍ မိမိကိုယ်ကိုခိုင်စေ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် ယူတော်မူသည်မှစ၍ ရပ်ခြင်း, ထိုင်ခြင်းများသောကြောင့် ပထဝီဓာတ်ပြောသောကိုယ်ကို ဓာတ်လေး ပါးမျှ စိမ့်သောငှါ သာဝတ္ထိသို့ရောက်၍ နှစ်ရက်မြောက်သော နေ့၌ နို့ရည်နှင့်ရောသော ဝမ်းကျဆေးကိုသောက်၍ ကျောင်းတွင်း၌ နေ၏။

ထိုရောအခါ တောဒေယျပုဏ္ဏား၏သားဖြစ်သော **သုဘလုလင်**သည် အိမ်သို့ကြွတော်မူပါ ပင့်စေသော် လုလင်ကို ''လုလင်····အခါမဟုတ်သေး၊ယနေ့ ငါ့အား အနည်းငယ်သော သောက်အပ်သော ဆေးသည် ရှိ၏၊ နက်ဖြန်နေ့မှ ကပ်လာရအံ့လည်းမသိ''ဟု မိန့်လိုက်၍ နက်ဖြန် မိုးသောက်သောအခါ၌ စေတကထေရ်နောက်ပါရဟန်း ရှိသည်ဖြစ်၍ သုဘလုလင်အိမ်သို့ကပ်၍ သုဘလုလင် မေးလျှောက်အပ်သော အရှင် အာနန္ဒာသည် ဒီဃနိကာယ် သီလက္ခန္ဓဝဂ်၌ ဆယ်ခုမြောက် ဖြစ်သော **သုဘသုတ်**မည်သည်ကို ဟောတော်မူ၏၊ အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်၌ ကျိုးသည်ပွင့်သည်ကို ပြင်ဆင်တော်မူ၍ ဝါဆိုနီးသည် ရှိသော် ရဟန်းသံဃာကိုစွန့်၍ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေ၏။

ထိုအရှင် အာနန္ဒာ အတူလည်းကောင်းလျှင် သင်္ဂါယနာတင်အံ့သောငှါ သမုတ်အပ်သော မထေရ်ကြီးတို့သည် ထိုထို အရပ်တို့မှ

ရာဇဂြိုဟ်ပြည်သို့ လာကုန်၏၊ ထိုမထေရ် ငါးရာတို့သည် ဝါဆိုလပြည့်နေ့၌ တပေါင်းတည်း ဥပုသ်ပြုကုန်၍ အထွက်တရက်နေ့၌ ဝါသို့ကပ်ကုန်၏၊ ထိုအခါ ရာဇဂြိုဟ်ပြည်ကိုရံ၍ တည်ကုန်သော တဆယ့်ရှစ်ဆောင်သော ကျောင်းကြီးတို့သည် ရဟန်းတို့စွန့်ပစ်၍ သွားကုန်သဖြင့် ကျသောများသော အမှိုက်ရှိကုန်သည် ဖြစ်ကုန်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခြင်းကြောင့် အလုံးစုံသော ရဟန်းတို့သည် မိမိမိမိတို့၏ သပိတ်သင်္ကန်းကို ယူကုန်၍ ကျောင်းပရိဝုဏ်တို့ကို စွန့်ခဲ့ကုန်၍ ကုသိနာရုံသို့ချည်း လာကုန်သောကြောင့် ကျောင်း၌ကျိုးသည်ပွင့်သည်များကုန်၏၊ ထိုမထေရ်ကြီးတို့သည် ဝါသို့ကပ်ကုန်ပြီးသော် "ငါ့ရှင်တို့....မြတ်စွာဘုရားသည် ကျောင်း၌ ကျိုးသည် ပွင့်သည်ကို ပြင်ဆင်သည်ကို ချီးမွမ်းတော်မူ၏၊ထို့ကြောင့် မြတ်စွာဘုရား၏ စကားတော်ကို ပူဇော်ခြင်းငှါလည်း, တိတ္ထိတို့ကဲ့ရဲ့ခြင်းငှါ လွတ်စိမ့်သောငှါလည်း ပဌမဝါဆိုလပတ်လုံး ကျိုးသည်ပွင့်သည်ကို ပြင်ဆင်ကုန်အံ့၊ ဝါခေါင်လမှ သင်္ဂါယနာတင်ကုန်အံ့၊တိတ္ထိတို့သည်လည်း ရဟန်းဂေါတမ၏ တပည့်တို့သည် ဘုရားထင်ရှားရှိသောအခါ၌ ကျောင်းတို့ကိုသုတ်သင် ပြင်ဆင်ကုန်၏၊ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသော် စွန့်ကုန်၏၊ ဒါယကာတို့ များစွာသော ဥစ္စာကိုစွန့်ကြဲ၍ပြုသော ကောင်းမှုသည် ပျက်စီးခြင်းသို့ ရောက်ခဲ့ပြီဟု ကဲ့ရဲ့ကုန်ရာ၏၊ ထိုကြောင့် ပဌမဝါဆိုလပတ်လုံး ကျောင်းတို့၌ ကျိုးသည်ပွင့်သည်ကို ပြင်ဆင်ကုန်ပြီးမှ ဝါခေါင်လ၌ သင်္ဂါယနာတင်ကုန်အံ့"ဟု တိုင်ပင်ကုန်၍ ဝါဆိုလပြည့်ကျော် နှစ်ရက်နေ့ အဇာတသတ်မင်း၏ နန်းတော်သို့ မထေရ်ကြီးသည် ကပ်လေကုန်၍ မင်းအိမ်တံခါး၌ ရပ်လေကုန်၏။

### အဇာတသတ်မင်းကူညီခြင်း

အဇာတသတ်မင်းကြီးသည် လာ၍ ရှိခိုး၍ "အရှင်ဘုရားတို့....အဘယ်ကြောင့် ကြွတော်မူလာကုန်သနည်းဟု" မိမိ၏ပြုဘွယ် ကိစ္စကို မေးလျှောက်၏၊မထေရ်ကြီးတို့သည် တဆယ့်ရှစ်ဆောင်သောကျောင်းတို့ကိုပြုပြင်ခြင်းငှါ လက်အမှုကို ကြားကုန်၏၊ မင်းကြီးသည် လက်အမှုကို ပြုတတ်ကုန်သော လူတို့ကိုပေး၏၊ မထေရ်တို့သည် ပဌမဝါဆိုလပတ်လုံး ကျောင်းတို့ကိုပြုပြင်၍ "မြတ်သောမင်းကြီး.... ကျောင်းပြင်

ခြင်း ကိစ္စပြီးပြီ၊ ယခုအခါ၌ သုတ်,အဘိဓမ္မာ,ဝိနည်းကို သင်္ဂါယနာ တင်ကုန်အံ့''ဟူ၍ မင်းကြီးအားကြားကုန်၏၊ မင်းကြီးလည်း ''ကောင်း ၏ အရှင်ဘုရားတို့…. ပြုတော်မူပါကုန်၊ လွတ်လွတ် ပြုတော်မူပါကုန်၊ အကျွန်ုပ်၏ အာဏာစက်လည်း ဖြစ်ပါစေမည်၊ အရှင်ဘုရားတို့၏ ဓမ္မစက်ကိုလည်း ဖြစ်စေတော်မူပါကုန်၊ အဘယ်အမှုကိုပြုရအံ့နည်း'' ဟု လျှောက်၏။

''မြတ်သောမင်းကြီး…. သင်္ဂါယနာတင်ကုန်သော ရဟန်းတို့၏ နေရာကို ပြုအပ်၏''ဟု မိန့်တော်မူကုန်သော် ''အရှင်ဘုရားတို့…. အဘယ် အရပ်၌ ပြုရအံ့နည်း'' ဟု မေးလျှောက်၍ ''မြတ်သော မင်းကြီး…ဝေဘာရတောင်နံရံ စရည်းပင် ရောက်ရာလိုဏ်ဝ၌ ပြုအပ် ၏''ဟု မိန့်ကုန်သော် ''ကောင်းလှပါပြီ အရှင်ဘုရားတို့'' ဟု ဝန်ခံ၍ အဇာတသတ်မင်းကြီးသည် ဝိသုကြံနတ်သား ဖန်ဆင်းသည်နှင့်တူသော ကောင်းစွာသော ဝေဘန်အပ်သော နံရံသည်တိုင် စောင်းတန်းရှိသော အထူးထူး အပြားပြားသော ခြူးပန်း ခြူးနွယ်အမှုတို့ဖြင့် ဆန်းကြယ် သော မင်းအိမ်တော်၏ တင့်တယ်ခြင်းကို နှိပ်စက်ဘိသကဲ့သို့ နတ် ဗိမာန်၏ တင့်တယ်ခြင်းကို ပြက်ရယ်မှုပြုသကဲ့သို့, အသရေဖြင့် တောက်ပသကဲ့သို့, နတ်အသုရာ ဂဠုန် နဂါး ဂန္ဓဗ္ဗနတ်တို့၏ မျက်စိ တည်းဟူသော ငှက်အပေါင်းတို့၏ တခဲနက် ကျရာဆိပ်ကဲ့သို့, လူတို့၏ မွေ့လျော်ဘွယ်ဟူသမျှကို တပေါင်းတည်းပြုသကဲ့သို့, ရှုဘွယ်ဘနန်း ရှိသော မဏ္ဍပ်ကို ပြုစေ၍–

အထူးထူး အပြားပြားရှိသော ပန်းဆိုင်းတို့ဖြင့် တွဲရရွဲဆွဲလျက် ပြိုးပြိုးပြက်တောက်ပသော ရွှေဗိတာန်ကြက်ထသော ရတနာ တို့ဖြင့် ဆန်းကြယ်သော ပတ္တမြားကျောက်တို့ဖြင့် စီအပ်သော အပြင်ကဲ့သို့ အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ဆန်းကြယ်သော ကောင်းစွာ ပြီးပြီး သောမြေအမှုရှိသော မဏ္ဍပ်ကို ဗြဟ္မာမင်း၏ဗိမာန်ကဲ့သို့ တန်ဆာ ဆင်၍ ထိုဗိမာန်၌ ငါးရာသော ရဟန်းတို့အား အဘိုးအတိုင်းမသိ ထိုက်ကုန်သော ငါးရာသောခင်းနှီးတို့ကို ခင်းစေ၍ တောင်အဘို့ကိုမှီ၍ မြောက်မျက်နှာသို့ ရှေးရှု မထေရ်ကြီး၏ နေရာကိုခင်း၍ မဏ္ဍပ်၏ အလယ်၌ အရှေ့မျက်နှာသို့ရှေးရှု မြတ်စွာဘုရား၏ နေတော်မူခြင်း

၄ါ ထိုက်သော တရားဟောနေရာ ကို ခင်း၍ ဤတရားဟော နေရာ၌ ဆင်စွယ်ဖြင့် စီအပ်သောယပ်ကိုထား၍“အရှင်ဘုရားတို့…. အကျွန်ုပ် ၏ ပြဲ့ဘွယ်ကိစ္စသည် ပြီးပြီ”ဟူ၍ ကြားလျှောက်စေ၏။

## အရှင်အာနန္ဒာရဟန္တာဖြစ်ခြင်း

ထိုအခါ အရှင်အာနန္ဒာကို ရည်မှတ်၍ ရဟန်းတို့သည်“ဤရဟန်း သံဃာ၌ တငယောက်သောရဟန်းသည် အဆိပ်နံ့ကို လှိုင်စေလျက်သွား လတ္တံ့”ဟု ဆိုကုန်၏၊ အရှင်အာနန္ဒာသည် ထိုစကားကိုကြား၍ ငါမှ တပါး ဤရဟန်းသံဃာ၌ အဆိပ်နံ့လှိုင်စေ၍ သွားတတ်သော ရဟန်း မည်သည်မရှိ၊ ဤရဟန်းတို့သည် မချွတ်စင်စစ် ငါ့ကိုရည်၍ ဆိုကုန်၏ ဟု ကြံ၍ ထိတ်လန့်ခြင်းသို့ရောက်၏၊ အချို့သော ရဟန်းတို့သည် အရှင်အာနန္ဒာကို ဤသို့ဆိုကုန်၏၊ “ငါ့ရှင် အာနန္ဒာ…. နက်ဖြန်နေ့၌ သံဃာ အစည်းအဝေးသည် ဖြစ်လတ္တံ့၊ သင်သည်လည်း တောတာပန် သေက္ခသာတည်း၊ အထက်မဂ်သုံးပါးအလို့ငှါ ပြုဘွယ်ကိစ္စ ရှိသေး၏၊ ထို့ကြောင့် သင်သည် သံဃာအစည်းအဝေးသို့ ဝင်ခြင်းငှါ မသင့်၊မမှဲ့ မလျော် ဖြစ်ပါလော့”ဟု ဆိုကုန်၏။

ထိုရောအခါ အရှင်အာနန္ဒာသည် နက်ဖြန်နေ့၌ သံဃာ အစည်း အဝေးသည် ဖြစ်လတ္တံ့၊ အကြင်ငါသည် သေက္ခသာဖြစ်လျက် သံဃာ အစည်းအဝေးသို့ အကြင်အကြောင်းဖြင့် ဝင်ရာ၏၊ ထိုအကြောင်းသည် ငါ့အား မလျော်ပတ်၊ ဤသို့ နှလုံးပြု၍ များစွာသော ညဉ့်ပတ်လုံး ကာယ၏ အစု၌ အောက်မေ့ခြင်းသတိနှင့်ယှဉ်လျက် လွန်စေ၏၊ ညဉ့်၏ မိုးသောက်ယံ အခါ၌ စင်္ကြံမှသက်၍ ကျောင်းတွင်းသို့ ဝင်၍ အိပ်ဦး တော့အံ့ဟု ညောင်စောင်း၌ ထိုင်၍ကိုယ်ကို စောင်း၏၊ ခြေနှစ်ဘက် တို့သည် မြေမှလွတ်ကုန်ပြီ၊ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ ဤအကြား၌ တဏှာဒိဋ္ဌိတို့သည် မစွဲလမ်းမူ၍ အာသဝေါတရား လေး ပါးတို့မှ စိတ်သည်လွတ်၏၊ ရဟန္တာဖြစ်၏ ဟူလိုသည်။

ဤအရှင်အာနန္ဒာသည် စင်္ကြံသွားခြင်းဖြင့် များစွာသော ညဉ့်ပတ် လုံး အပ၌ လွန်စေ၍ ရှာန်မဂ်ဖိုလ်အထူးကို ဖြစ်စေခြင်းငှါ မတတ်နိုင် သည်ရှိသော် ဤသို့ ကြံ၏၊ မြတ်စွာဘုရားသည် ဤသို့ မိန့်တော် မူ၏၊

"အာနန္ဒာ....သင်သည်ပြုအပ်ပြီးသောဘုန်းရှိ၏၊ကမ္မဋ္ဌာန်းကို စီးဖြန်းလော့၊ လျင်စွာ အာသဝေါကင်းသည် ဖြစ်လတ္တံ့"ဟု မိန့်၏၊ မြတ်စွာဘုရားတို့၏ စကားမည်သည် ပျက်ယွင်းခြင်းမရှိ၊ ငါ့အား အလွန် အားထုတ်လွန်းသော လုံ့လရှိ၏၊ ထို့ကြောင့် ငါ၏စိတ်သည် ပျံ့လွင့်ခြင်းငှါ ဖြစ်၏၊ ယခု အခါ၌ ငါသည် **ဝီရိယနှင့်သမာဓိ** ကို ယှဉ်စေအံ့ဟု စင်္ကြံမှ သက်၍ ခြေတို့ကိုဆေး၍ ကျောင်းတွင်းသို့ဝင်၍ ညောင်စောင်း၌ ထိုင်၍ အတန်ငယ် စက်ဦးအံ့ဟု ညောင်စောင်း၌ ကိုယ်တော်ကို‧ညွတ်၏၊ ခြေနှစ်ဘက်တို့သည် မြေမှလွတ်ကုန်ပြီ၊ဦးခေါင်းသည် ခေါင်းအုံးသို့မရောက်မီ ဤအကြား၌ ရဟန္တာ အဖြစ်သို့ ရောက်၏။

အရှင်အာနန္ဒာ၏ ရဟန္တာ အဖြစ်သည် ဣရိယာပုထ်လေးပါးမှ လွတ်၏၊ ထို့ကြောင့် ဤသာသနာတော်၌ မလျောင်းဘဲ မထိုင်ဘဲ မရပ်ဘဲ စင်္ကြံမသွားဘဲ ရဟန္တာ အဖြစ်သို့ ရောက်သည် အဘယ် ရဟန်းနည်းဟု ဆိုသော်"အရှင်အာနန္ဒာတည်း"ဟု ဖြေရာ၏၊ ထိုအခါ မထေရ်ကြီးတို့သည် နောက်တရက်၌ ဆွမ်းစားခြင်းကိစ္စ ပြီးပြီးသော် သပိတ်သင်္ကန်းတို့ကို သိုမှီး၍ **သင်္ဂါယနာတင်ရာမဏ္ဍပ်** ၌ စည်းဝေးကုန်၏၊ အရှင်အာနန္ဒာသည်လည်း ရဟန္တာ အဖြစ်သို့ ရောက်ပြီးသည် ဖြစ်၍ အစည်းအဝေးသို့ သွားလေ၏၊ အဘယ်သို့ သွားလေသနည်း ဟူသော်—ဤအခါသည် ငါ့အား သံဃာ့ အစည်းအဝေးသို့ ဝင်အံ့သော အခါတည်းဟု ရွှင်သောစိတ်ရှိသည်ဖြစ်၍ ပခုံးတဘက်၌ ကိုယ်ဝတ်စံပယ်တင်သည်ကိုပြု၍ အညှာမှ ကြွေလွတ်သော ထန်းသီးမှည့်ကဲ့သို့ ဖြော့တော့သော အဆင်းအရှိသော ကမ္ဗလာ၌ ကောင်းစွာထားအပ်သော ပတ္တမြားစစ် ကဲ့သို့, ကင်းသော တိမ်တိုက်ရှိသော ကောင်းကင်၌ ကောင်းစွာတက်သော လပြည့်ဝန်းကဲ့သို့, နေလုလင်၏ အရောင်နှင့် တွေ့သည်ဖြစ်၍ ကောင်းစွာ ပွင့်သော ဝတ်မှုံတိုက်ရှိသော ပဒုမာကြာ ကဲ့သို့,ကောင်းစွာ စင်ကြယ်ဖြူစင်သော အရောင်နှင့်တကွသော မျက်နှာတော်ဖြင့် မိမိ၏ **ရဟန္တာ၏ အဖြစ်** ကို **သံဃာ**တော် တို့အား ကြားသကဲ့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ လေ၏။

အရှင်အာနန္ဒာသည် မိမိ၏ ရဟန္တာ အဖြစ်ကို သိစေလို၍ ရဟန်းတို့နှင့်အတူ မသွား၊ ရဟန်းတို့သည် သီတင်းကြီး အစဉ်အတိုင်း မိမိ

တို့အား ရောက်သောနေရာ၌ နေကုန်သော် အရှင်အာနန္ဒာ၏ နေရာကို လွှတ်၍ နေကုန်၏၊ ထိုသို့ နေရာ၌ အချို့သောရဟန်းတို့သည်''ဤနေရာ သည်အဘယ်သူ၏နေရာနည်း''ဟု ဆိုကုန်၏၊''အရှင်အာနန္ဒာ၏ နေရာ တည်း''ဟုဆိုကုန်သော်''အာနန္ဒာသည် အဘယ်မှာနည်း''ဟုမေးမြန်း ကုန်၏၊ ထိုအခါ၌ အရှင်အာနန္ဒာသည် ဤအခါငါသွားအံ့သောအခါ တည်းဟု မိမိ၏ အာနုဘော်ကို ပြသျက် မြေ၌ငုပ်၍ မိမိအား ရောက် သော နေရာ၌လျှင် ကိုယ်ကိုပြ၏ ဟူ၍လည်း ဆိုကုန်၏၊ ဤသို့ နေပြီး သော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို မြင်တော်မူ၍ မြတ်စွာဘုရားသည် အကယ်၍ ထင်ရှား ရှိတော် မူအံ့၊ ယခုအခါ မချွတ်လျှင် အာနန္ဒာအား ကောင်းချီးပေးရာ၏၊ မြတ်စွာဘုရား ပေး တော်မူအံ့သော ကောင်းချီးကို ငါသည်ပင် ပေးအံ့ဟု သုံးကြိမ်မြောက် အောင် ကောင်းချီး ပေးတော် မူ၏။

### ရှေးဦးစွာဝိနည်းကို သင်္ဂါယနာတင်ခြင်း

ထိုရောအခါ **အရှင်မဟာကဿပ** သည် ရဟန်းတို့ကို ''ငါ့ရှင်တို့.... သုတ်, အဘိဓမ္မာကိုသော်တည်း ရှေးဦးစွာ သင်္ဂါယနာတင်အံ့လော၊ ဝိနည်းကိုသော်တည်း ရှေးဦးစွာသင်္ဂါယနာတင်အံ့လော''ဟုမေးတော် မူသော် ''ဘုန်းတော်ကြီးသော အရှင်မဟာကဿပ....ဝိနည်းသည် မြတ်စွာဘုရားသာသနာတော်၏ အသက်တည်း၊ ဝိနည်းပိဋကတ်တည် သည် ရှိသော် သာသနာတော်သည် တည်သည်မည်၏၊ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင် ကုန်အံ့''ဟု လျှောက်ကုန်၏၊ ''အဘယ်သူကို အကြီးပြု၍ သင်္ဂါယနာ တင်ရအံ့နည်း''ဟု မေးတော် မူသော် ''အရှင်ဥပါလိကို အကြီးပြု၍တင်ကုန်အံ့''ဟု လျှောက်ကုန်၏၊ အရှင်အာနန္ဒာသည် မစွမ်းနိုင် သလော ဟူတုံအံ့၊ မစွမ်းနိုင်သည် မ ဟုတ်၊ စွမ်းနိုင်၏၊ စင်စစ်သော်ကား ဘုရားမြတ်စွာ ကိုယ်တော်ထင် ရှားရှိစဉ်ကပင် ဝိနည်းပရိယတ်ကိုမှီ၍ ''ချစ်သားရဟန်းတို့....ဝိနည်း ကို ဆောင်ကုန်သော တပည့်သားတို့တွင် ဥပါလိသည် မြတ်၏ဟုအရှင် ဥပါလိကို **ဧတဒဂ်အရာ၌ထားတော်မူ၏**၊ ထို့ကြောင့် ဥပါလိကိုမေး၍ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့''ဟု လျှောက်ကုန်၏။

ထို့နောက်မှ အရှင်မဟာကဿပသည် အရှင်ဥပါလိကို ဝိနည်းကို မေးအံ့သောငှါ "ငါ့ရှင်တို့····သံဃာသည် ငါ၏စကားကို နာစေသတည်း၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါသည် ဖြစ်အံ့၊ ငါသည် ဥပါလိကို ဝိနည်းကိုမေးအံ့"ဟု မိမိသည်ပင် မိမိကိုယ်ကိုသမုတ်၍ သံဃာကို သိစေ၏၊ အရှင်ဥပါလိ သည်လည်း ဝိနည်းကိုဖြေအံ့သောငှါ၊"အရှင်တို့····သံဃာသည် အကျွန်ုပ်၏ စကားကို နာစေသတည်း၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါသည် ဖြစ်အံ့၊ အရှင်မဟာကဿပသည် ဝိနည်းကိုမေးအပ်သော အကျွန်ုပ်သည်ဖြေအံ့"ဟု မိမိသည်ပင်မိမိကိုယ်ကို သမုတ်၍ သံဃာကိုသိစေ၏၊ ဤသို့သမုတ်ပြီး၍ အရှင်ဥပါလိသည် နေရာမှထ၍ ပခုံးတဘက်၌ ကိုဝတ်စံပယ်တင်သည်ကို ပြု၍ မထေရ်ကြီးဖြစ်သော ရဟန်းတို့ကိုရှိခိုး၍ တရားဟောပလ္လင်သို့ တက်၍ ဆင်စွယ်ယပ်ကို ကိုင်၍နေ၏၊ အရှင်မဟာကဿပသည်မထေရ်၏ နေရာ၌နေ၍ အရှင်ဥပါလိကို ဝိနည်းကိုမေး၏။

၁။ "ငါ့ရှင်ဥပါလိ····ပဌမ ပါရာဇိကကို မြတ်စွာဘုရားသည် အဘယ်အရပ်၌ ပညတ်တော်မူသနည်း"ဟု မေး၏။

၂။ "ဘုန်းတော်ကြီးသောအရှင်မဟာကဿပ····ဝေသာလီပြည်၌ ပညတ်တော်မူ၏"ဟူ၍ ဖြေ၏။

၃။ "အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူသနည်း" ဟု မေး၏။

၄။ "ကလန္ဒပုဏ္ဏားၢ သားဖြစ်သော အရှင်သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူ၏"ဟု ဖြေ၏။

၅။ "အဘယ်ဝတ္ထုကြောင့် ပညတ်တော်မူသနည်း"ဟုမေး၏။

၆။ "မေထုန်လွန်ကျူးခြင်း ဝတ္ထုကြောင့် ပညတ်တော်မူ၏" ဟု ဖြေ၏။

ထိုအခါ အရှင်မဟာကဿပသည် အရှင်ဥပါလိကို ပဌမပါရာဇိက၏ နိဒါန်းကို မေး၏၊ ပုဂ္ဂိုလ်ကိုမေး၏၊ ဝတ္ထုကိုမေး၏၊ပညတ်ကိုမေး၏၊ အာပတ်ကိုမေး၏၊ အနာပတ္တိကို မေး၏၊ မေးတိုင်းမေးတိုင်း အရှင်ဥပါလိ ဖြေတော်မူ၏၊ဤသို့ မေး,ဖြေပြီးသော် ဤသည်ကား ပဌမပါရာဇိက

တည်း ဟုထားကုန်၏၊ ဤပဌမပါရာဇိကကို သင်္ဂါယနာ တင်ပြီးသော် ငါးရာသော ရဟန္တာတို့သည် သင်္ဂါယနာ တင်ပြီးသော နည်းဖြင့် တပေါင်းတည်း ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကိုပြုကုန်၏၊ တပေါင်းတည်း ရွတ်ခြင်းကို အားထုတ်သောအခါ၌ နှစ်သိန်း လေးသောင်း ယူဇနာ အထုရှိသောမြေကြီးသည် ရေအဆုံးရှိသည်ကိုပြု၍ ပြင်းစွာတုန်လှုပ်၏။

ဤသို့သောနည်းဖြင့် ကြွင်းသော ပါရာဇိက လေးပါးတို့ကို သင်္ဂါယနာတင်၍ ဤသည်ကား ပါရာဇိကကဏ္ဍတည်း ဟု ထားကုန်၏၊ တဆယ့်သုံးပါးသောသံဃာဒိသိသ်တို့ကို တေရသကကဏ္ဍဟု ထားကုန်၏၊နှစ်ပါးသော သိက္ခာပုဒ်တို့ကို အနိယတမည်၏ ဟုထားကုန်၏၊ သုံးဆယ်သော သိက္ခာပုဒ်တို့ကို နိဿဂ္ဂိယပါစိတ်ဟု ထားကုန်၏၊ကိုးဆယ့်နှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါစိတ်ဟူ၍ ထားကုန်၏၊ လေးပါးသော သိက္ခာပုဒ်တို့ကို ပါဋိဒေသနီ ဟူ၍ထားကုန်၏၊ ခုနစ်ဆဲ့ငါးပါးသော သိက္ခာပုဒ်တို့ကို သေခိယဟူ၍ ထားကုန်၏၊ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထမည်၏ ဟူ၍ထားကုန်၏၊ ဤသို့နှစ်ရာ့ နှစ် ဆယ့်ခုနစ်ပါးသောသိက္ခာပုဒ်တို့ကို မဟာဝိဘင်းဟု ကြား၍ထားကုန်၏၊ မဟာဝိဘင်းကို သင်္ဂါယနာတင်ပြီးသော အဆုံး၌ မြေကြီးသည် တုန်လှုပ်၏။

ထိုနောင်မှ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါရာဇိကကဏ္ဍဟု ထားကုန်၏၊ တဆဲ့ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို သတ္တရသကကဏ္ဍ ဟု ထားကုန်၏၊ သုံးဆယ်သောသိက္ခာပုဒ်တို့ကို နိဿဂ္ဂိယပါစိတ်ဟူ၍ ထားကုန်၏၊ တရာ့ခြောက်ဆဲ့ခြောက်ပါးသော သိက္ခာပုဒ်တို့ကိုပါစိတ်ဟု ထားကုန်၏၊ ရှစ်ပါးသော သိက္ခာပုဒ်တို့ကို ပါဋိဒေသနီ ဟု ထားကုန်၏၊ခုနစ်ဆဲ့ငါးပါးသောသိက္ခာပုဒ်တို့ကို သေခိယဟူ၍ ထားကုန်၏၊ ခုနစ်ပါးသော တရားတို့ကို အဓိကရဏသမထ ဟူ၍ ထားကုန်၏၊ ဤသုံးရာ့လေးပါးသော သိက္ခာပုဒ်တို့ကို ဘိက္ခုနီဝိဘင်းဟူ၍ ကြားကုန်၏၊ ဤသည်လျှင် ဥဘတောဝိဘင်းမည်၏၊ ခြောက်ဆဲ့လေးဘာဏဝါရရှိ၏၊ ဥဘတောဝိဘင်းကို သင်္ဂါယနာတင်သော အဆုံး၌ ဆိုအပ်ပြီးသောနည်းဖြင့် မြေကြီးတုန်လှုပ်၏။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် ရှစ်ဆယ်သောဘာဏဝါရ ရှိသော ခန္ဓကကိုရင်း, နှစ်ဆယ့်ငါး ဘာဏဝါရရှိသော ပရိဝါရကိုရင်း သင်္ဂါ

ယနာတင်ပြီး၍ ဤသည်လျှင် ဝိနည်းပိဋကတ် မည်၏ ဟုထားကုန်၏၊ ဝိနည်း ပိဋကတ်ကို သင်္ဂါယနာတင်ပြီးသော အဆုံး၌ မြေကြီးသည် ပြင်းစွာတုန်လှုပ်၏၊ဝိနည်းပိဋကတ်ကို သင်္ဂါယနာတင်ပြီးသော အဆုံး၌ အရှင်ဥပါလိသည် ဆင်စွယ်ယပ်ကိုချ၍ တရားဟောနေရာမှ သက်၍ မထေရ်ကြီးတို့ကို ရှိခိုး၍ မိမိအား ရောက်သောနေရာ၌ နေ၏။

## သုတ်,အဘိဓမ္မာကိုသင်္ဂါယနာတင်ခြင်း

ဝိနည်းပိဋကတ်ကို သင်္ဂါယနာတင်ပြီး၍ သုတ်, အဘိဓမ္မာကို သင်္ဂါယနာတင်လိုသော အရှင်မဟာကဿပသည် သုတ်,အဘိဓမ္မာကို သင်္ဂါယနာတင်သဖြင့်''အဘယ်သူ့ကိုအကြီးပြု၍ သင်္ဂါယနာတင်ရအံ့နည်း'' ဟု ရဟန်းတို့ကို မေး၏၊''အရှင်အာနန္ဒာကိုအကြီးပြု၍ တင်ကုန်အံ့''ဟု ရဟန်းတို့သည် ဆိုကုန်၏၊ ထိုအခါ အရှင်မဟာကဿပသည် သံဃာကို သိစေ၏၊ ''ငါ့ရှင်တို့····သံဃာသည် ငါ၏စကားကို နာစေသတည်း၊ အကယ်၍ လျှောက်ပတ်သောအခါသည် သံဃာအားဖြစ်အံ့၊ ငါသည် အာနန္ဒာကို သုတ်,အဘိဓမ္မာကို မေးအံ့''ဟု သိစေ၏၊အရှင် အာနန္ဒာသည်လည်း ''ဘုန်းတော်ကြီးသော အရှင်ဘုရားတို့···· သံဃာသည် အကျွန်ုပ်၏စကားကို နာစေသတည်း၊ သံဃာအား လျှောက်ပတ်သော အခါသည် အကယ်၍ ဖြစ်အံ့၊ အရှင်မဟာကဿပသည် သုတ်, အဘိဓမ္မာကို မေးအပ်သော အကျွန်ုပ်သည် ဖြေအံ့'' ဟု သိစေ၍ အရှင်အာနန္ဒာသည် နေရာမှထ၍ ပခုံးတဘက်၌ ကိုယ်ဝတ်စံပယ်တင်သည်ကို ပြု၍ မထေရ်ကြီးတို့ကို ရှိခိုး၍ ဆင်စွယ်ယပ်ကိုကိုင်၍ တရားဟောနေရာ၌ နေ၏။

အရှင် မဟာကဿပသည် ရဟန်းတို့ကို ''ငါ့ရှင်တို့····အဘယ်ပိဋကတ်ကို ရှေးဦးစွာ သင်္ဂါယနာတင်ရအံ့နည်း''ဟု မေး၏၊''သုတ္တန်ကို ရှေးဦးစွာတင်ကုန်အံ့''ဟု ဆိုကုန်၏၊သုတ္တန်ပိဋကတ်၌လေးပါးသော သင်္ဂီတိတို့သည်ရှိကုန်၏၊''အဘယ်သင်္ဂီတိကိုရှေးဦးစွာ တင်ရအံ့နည်း'' ဟုမေး၏၊ဒီဃသင်္ဂီတိဟုဆိုကုန်၏၊ဒီဃသင်္ဂီတိသည်ဝဂ်အားဖြင့်သုံးပါး, သုတ်အားဖြင့် သုံးဆယ့်လေးပါးရှိ၏၊''အဘယ်ဝဂ်ကို ရှေးဦးစွာ သင်္ဂါယနာတင်ရအံ့နည်း''ဟုမေး၏၊''သီလက္ခန္ဓဝဂ်ကို တင်အံ့''ဟုဆိုကုန်၏၊

သီလက္ခန္ဓဝဂ်၌ တဆယ့်သုံးပါးသောသုတ်တို့သည်ဖြစ်ကုန်၏၊''အဘယ်သုတ်ကို ရှေးဦးစွာ သင်္ဂါယနာတင်ရအံ့နည်း''ဟု မေး၏၊ ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ တင်အပ်၏ဟူ၍ ရဟန်းတို့ဆိုကုန်သော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို—

၁။ ''ငါ့ရှင် အာနန္ဒာ,ဗြဟ္မဇာလသုတ်ကို မြတ်စွာ ဘုရားသည် အဘယ်အရပ်၌ ဟောတော်မူသနည်း''ဟု မေး၏။

၂။ ''ရာဇဂြိုဟ်ပြည်၏ရင်း, နာဠန္ဒ၏ရင်း အကြား၌ အမ္ဗလဋ္ဌိက သရက်တော၌ မင်းကွန်းစရပ်၌ ဟောတော်မူ၏''ဟု ဖြေ၏။

၃။ ''အဘယ်သူကို အကြောင်းပြု၍ ဟောတော် မူသနည်း''ဟု မေးသော်—

၄။ ''သုပ္ပိယအမည်ရှိသော ပရိဗိုဇ်ကိုရင်း,ဗြဟ္မဒတ်အမည်ရှိသော လုလင်ကိုရင်းရည်၍ ဟောတော်မူ၏''ဟု ဖြေ၏။

၅။ ''အဘယ် ဝတ္ထုကြောင့် ဟောတော်မူသနည်း''ဟုမေး၏။

၆။ ''သုပ္ပိယသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို,ဗြဟ္မဒတ်လုလင်သည် မြတ်စွာဘုရား၏ကျေးဇူးတော်ကို ဤသို့ဆရာ, တပည့်သည် ဖြောင့်ဖြောင့်ဆန့်ကျင်သော အသူဖြင့် ကျေးဇူးရှိ, မဲ့ကို ဆိုသော ဝတ္ထုကြောင့် ဟောတော်မူ၏''ဟု ဖြေ၏။

ဤသို့လျှင် အရှင်မဟာကဿပသည် ဗြဟ္မဇာလသုတ်၏ နိဒါန်းကို မေး၏၊ ပုဂ္ဂိုလ်ကိုမေး၏၊ ဝတ္ထုကိုလည်းမေး၏၊ အရှင် အာနန္ဒာသည် မေးတိုင်းကိုဖြေ၏၊မေး,ဖြေပြီးသောအဆုံး၌ ငါးရာသောရဟန်းတို့သည် တပေါင်းတည်းရွတ်ကုန်၏၊ ထို့နောင်မှ သာမညဖလသုတ်အစရှိသော တဆယ့်နှစ်သုတ်တို့ကိုလည်း နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထုတို့ကိုမေး၍ ဖြေ၍ တပေါင်းတည်း ငါးရာသော ရဟန်းတို့သည် ရွတ်ပြီးသောအဆုံး၌ ဤသည်ကား သီလက္ခန္ဓဝဂ်မည်၏ဟု ထားကုန်၏၊ ထိုဝဂ်၏ အခြားမဲ့၌ မဟာဝဂ်ကို, ထိုမဟာဝဂ်၏နောက်၌ ပါထေယျဝဂ်ကို သင်္ဂါယနာတင်ကုန်၏၊ ဤသို့လျှင် သုံးပါးသော ဝဂ်တို့ဖြင့် သဂြိုဟ် အပ်သော သုံးဆယ့်လေးပါးသော သုတ္တန်တို့ဖြင့် တန်ဆာဆင်အပ်သော ခြောက်ဆယ့်လေး ဘာဏဝါရအတိုင်းရှည်စွာသော ပါဠိအစဉ်ကို သင်္ဂါယနာ

တင်ကုန်၍ ဤသည်ကား ရှည်စွာသော သုတ်၏အပေါင်း ဖြစ်သော ကြောင့်**ဒီဃနိကာယ်**မည်၏ဟု ကြားကုန်၍“ငါ့ရှင်အာနန္ဒာ….ဤဒီဃ နိကာယ်ကို ငါ့ရှင်၏တပည့်တို့ကို ဆောင်စေကုန်” ဟုဆို၍ ဝန်ခံစေ ကုန်၏။

ထိုနောက်မှ မူလပရိယာယဝဂ် အစရှိသော တဆယ့်ငါးပါးသော ဝဂ်တို့ဖြင့် သင်္ဂြိုဟ်အပ်သော မူလပရိယာယသုတ် အစရှိသော တရာ့ ငါးဆယ့်နှစ်သုတ်တို့ဖြင့် တန်ဆာဆင်အပ်သော ရှစ်ဆယ်သောဘာဏ ဝါရ အတိုင်းအရှည်ရှိသော ပါဠိအစဉ်ကို သင်္ဂါယနာတင်ကုန်၍ ဤ နိကာယ်သည် အလတ်သောပမာဏ ရှိကုန်သောသုတ်တို့၏ အပေါင်း ၏ တည်ရာဖြစ်သောကြောင့်**မဇ္ဈိမနိကာယ်**မည်၏ဟု ကြားကုန်၍ တရား စစ်သူကြီးဖြစ်သော အရှင်သာရိပုတြာ၏ တပည့်တို့ကို “သင်တို့သည် ဤမဇ္ဈိမနိကာယ်ကို သင်ကုန်, ဆောင်ကုန်”ဟု အပ်နှင်း၍ ဝန်ခံစေ ကုန်၏၊ထိုမဇ္ဈိမနိကာယ်၏ အခြားမဲ့၌ ဒေဝတာသံယုတ် အစရှိသည်တို့ ၏ အစွမ်းအားဖြင့်ဆိုအပ်ကုန်သော ဩဃတရဏသုတ် အစရှိသော ခုနစ်ထောင့် ခုနစ်ရာ့ ခြောက်ဆယ့် နှစ်သုတ်တို့ဖြင့် တန်ဆာ ဆင်အပ် ကုန်သော ဘာဏဝါရ အတိုင်းအရှည်ရှိသော သံယုတ္တနိကာယ်ကို သင်္ဂါယနာတင်ကုန်၍ ဤနိကာယ်ကား သံယုတ်အပေါင်းတို့၏ တည်ရာ ဖြစ်သောကြောင့် **သံယုတ္တနိကာယ်** မည်ကုန်၏ဟု အမည်ကိုကြားကုန်၍ အရှင်မဟာကဿပမထေရ်ကို ဝန်ခံစေကုန်၏၊ “ဘုန်းတော်ကြီးသော အရှင်မဟာကဿပ…ဤသံယုတ္တနိကာယ်ကို အရှင်ဘုရားတို့၏ တပည့် တို့ကို သင်ပါစေကုန်,ဆောင်ပါစေကုန်”ဟူ၍ အပ်နှင်းကုန်၏။

ထိုသံယုတ္တနိကာယ်၏ အခြားမဲ့၌ တခုတခုသော အင်္ဂါလွန်သည်၏ အစွမ်းအားဖြင့် ဆိုအပ်ကုန်သော စိတ္တပရိယာဒါနသုတ် အစရှိကုန် သော ကိုးထောင့် ငါးရာ့ ငါးဆယ့် ခုနစ်သုတ်တို့ဖြင့် တန်ဆာဆင်အပ် သော တရာ့နှစ်ဆယ်ဘာဏဝါရ အတိုင်းအရှည်ရှိသော အင်္ဂုတ္တရ နိကာယ်ကို သင်္ဂါယနာတင်ကုန်၍ ဤနိကာယ်သည်ကား တခုတခု သောအင်္ဂါလွန်ကုန်သော သုတ်တို့၏ အပေါင်းတို့၏ တည်ရာ ဖြစ်ကုန် သောကြောင့်**အင်္ဂုတ္တရနိကာယ်**မည်ကုန်၏ဟုကြားကုန်၍ အရှင်အနုရုဒ္ဓါ

မထေရ်ကို ဝန်ခံစေ၍''ဤနိကာယ်ကို အရှင်ဘုရားတို့၏ တပည့်တို့ကို သင်ပါစေကုန်,ဆောင်ပါစေကုန်''ဟူ၍ ဆောက်နှင်း ဝန်ခံစေကုန်၏။

ထို့နောင်မှဓမ္မသင်္ဂဏီ,ဝိဘင်း,ဓာတုကထာ, ပုဂ္ဂလပညတ်,ကထာဝတ္ထု,ယမိုက်,ပဋ္ဌာန်းဟူ၍ ပကရဏပရိစ္ဆေဒအားဖြင့် ခုနစ်ပါးအပြားရှိသော သိမ်မွေ့သောဉာဏ်၏ ကျက်စားရာဖြစ်သော ပါဠိတော်အစဉ်ကို သင်္ဂါယနာတင်ကုန်၍ ဤသည်ကားအဘိဓမ္မပိဋကတ်မည်၏ဟု ဆိုကုန်၍ ငါးရာသော ရဟန္တာတို့သည် တပေါင်းတည်း ရွတ်ကုန်၏၊ ရွတ်ပြီးသောအဆုံး၌ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးသည်ကောင်းချီးပေးသောအားဖြင့် ပြင်းစွာတုန်လှုပ်ကုန်၏၊ ထို့နောင်မှ ဇာတ်,နိဒ္ဒေသ,ပဋိသမ္ဘိဒါမဂ်, အပဒါန်,ဗုဒ္ဓဝံသ,စရိယပိဋက, သုတ္တနိပါတ်, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက, ဝိမာနဝတ္ထု, ပေတဝတ္ထု,ထေရဂါထာ,ထေရီဂါထာ,ဤအလုံးစုံကို သင်္ဂါယနာ တင်ကုန်၍ ဤအလုံးစုံသည်ငှင်း, ဝိနည်းပိဋကတ်, အဘိဓမ္မာ ပိဋကတ်သည်ငှင်း **ခုဒ္ဒကနိကာယ်**မည်ကုန်၏ဟူ၍ ကြားကုန်၏။

---

## ၂၆၆။ မြတ်စွာဘုရားစကားတော်ကို ကေရသစသည်ဖြင့် ခွဲဝေကောက်ယူပုံကိုပြခြင်း

ဤသို့ ဆိုပြီးသောနည်းဖြင့် အလုံးစုံသော မြတ်စွာဘုရား စကားတော်သည် ရသအားဖြင့် တပါးသာရှိ၏၊ ဓမ္မ,ဝိနယအားဖြင့်နှစ်ပါးအပြားရှိ၏၊ ပဌမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန အားဖြင့် သုံးပါးအပြားရှိ၏၊ပိဋကတ်အားဖြင့်လည်း သုံးပါးအပြားရှိ၏၊နိကာယ် အားဖြင့် ငါးပါးအပြားရှိ၏၊ အင်္ဂါအားဖြင့် ကိုးပါးအပြားရှိ၏၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင် အပြားရှိ၏။

၁။ ရသအားဖြင့် အဘယ်ကဲ့သို့ တပါးသာရှိသနည်းဟူမူကား- သဗ္ဗညုမြတ်စွာဘုရားသည် သစ္စာလေးပါးတရားဘို့ကို သိတော်မူပြီး၍ အကြင်မျှလောက်သောကာလ၌ ပရိနိဗ္ဗာန်ပြုတော်မမူသေး၊ ထိုမျှလောက်သောအကြား၌ လေးဆယ့်ငါးဝါတို့ပတ်လုံး လူ,နတ်,နဂါး, ဘီလူးအစရှိသည်တို့ကို ဆုံးမတော် မူလိုသဖြင့်ငှင်း, ဆင်ခြင်တော်မူ

သဖြင့်ဖူင်း ဟောတော်မူအပ်သော တရားအလုံးစုံသည် တူသောရသ ရှိ၏၊ ကိလေသာမှ အရဟတ္တဖိုလ်ဖြင့် လွတ်ခြင်းကိစ္စရှိသည်သာ ဖြစ်ကုန်၏၊ဤသို့လျှင် တပါးသာရှိ၏။

၂။ ဓမ္မ,ဝိနယ အားဖြင့်ကား ဝိနည်းပိဋကသည် ဝိနယမည်၏၊ ဝိနည်းမှ ကြွင်းသောအလုံးစုံသော တရားတော်သည် ဓမ္မမည်၏၊ဤသို့ လျှင် နှစ်ပါးဖြစ်သတည်း။

၃။ အလုံးစုံသော တရားတော်သည် ပဌမဗုဒ္ဓဝစန,မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန ဟူ၍သုံးပါးအပြားရှိ၏၊

> အနေကဇာတိသံသာရံ၊သန္ဓာဝိဿံ အနိဗ္ဗိသံ။
> ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
> ဂဟကာရကဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
> သဗ္ဗာ တေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
> ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။ ။

ဟူသော ဤတရားတော်သည် ပဌမဗုဒ္ဓဝစနမည်၏၊ ပရိနိဗ္ဗာန်ပြုတော်မူခါနီး၌—

> ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါ-
> ရာ အပ္ပမာဒေန သမ္ပာဒေထ။

ဟူ၍ တပည့်သားရဟန်းတို့ကို မှာခဲ့သောစကားတော်သည် ပစ္ဆိမဗုဒ္ဓဝစနမည်၏၊ ထိုစကားနှစ်ပါးတို့၏ အကြား၌ ဟောတော်မူသော တရားအလုံးစုံသည် မဇ္ဈိမဗုဒ္ဓဝစနမည်၏၊ ဤသို့လျှင် သုံးပါးအပြားရှိ၏။

၄။ အလုံးစုံသော တရားတော်သည် ဝိနည်းပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာပိဋကဟူ၍ သုံးပါး အပြား ရှိ၏၊ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက်, ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်း,နှစ်ဆယ့်နှစ်ပါးသောခန္ဓက, တဆယ့် ခြောက်ပါးသော ပရိဝါရ၊ ဤအလုံးစုံသည် ဝိနည်းပိဋက မည်၏၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်,သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကပါဌ, ဓမ္မပဒ, ဥဒါန, ဣတိဝုတ္တက,သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ,

ဇာတက, နိဒ္ဒေသ, ပဋိသမ္ဘိဒါမဂ်, အပဒါန်, ဗုဒ္ဓဝံသ, စရိယပိဋက, ဤသို့ အားဖြင့် တဆယ့် ငါးပါးအပြားရှိသော ခုဒ္ဒကနိကာယ်၊ ဤအလုံးစုံသည် သုတ္တန်ပိဋက မည်၏၊ဓမ္မသင်္ဂဏီ,ဝိဘင်း,ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း၊ ဤခုနစ်ပါးသည် အဘိဓမ္မာပိဋက မည်၏၊ ဤသည်လျှင် သုံးပါးအပြားရှိ၏။

၅။ နိကာယ်အားဖြင့် ငါးပါးအဘယ်သို့ ဖြစ်သနည်း ဟူမူကား- ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟူ၍ ငါးပါးတည်း၊ ဝဂ်သုံးပါးတို့ဖြင့် သင်္ဂြိုဟ်အပ်သော ဗြဟ္မဇာလသုတ် အစရှိသော သုံးဆယ့်လေးပါးသော သုတ်တို့သည် ဒီဃနိကာယ် မည်ကုန်၏၊ တဆယ့်ငါးပါးသော ဝဂ်တို့ဖြင့် သင်္ဂြိုဟ်အပ်သော မူလပရိယာယသုတ် အစရှိသော တရာ့ ငါးဆယ့် နှစ်သုတ်သည် မဇ္ဈိမနိကာယ် မည်၏၊ ဒေဝတာသံယုတ် အစရှိသည်တို့ဖြင့် ဆိုအပ်သော ဩဃတရဏသုတ် အစရှိသော ခုနစ်ထောင့် ခုနစ်ရာ့ ခြောက်ဆယ့်နှစ်သုတ်သည် သံယုတ္တနိကာယ် မည်၏၊ တခု တခုသော အင်္ဂါလွန်သည်၏ အစွမ်းအားဖြင့် ဖြစ်သော စိတ္တပရိယာဒါနသုတ် အစရှိကုန်သော ကိုးထောင့် ငါးရာ့ ငါးဆယ့် ခုနစ်သုတ်တို့သည် အင်္ဂုတ္တရနိကာယ် မည်ကုန်၏၊ အလုံးစုံသော ဝိနည်းပိဋက သည်ရင်း, အဘိဓမ္မာ ပိဋကသည်ရင်း, ခုဒ္ဒကပါဌ အစရှိသော ဆိုအပ်ပြီးသော တဆယ့်ငါးပါးအပြားတို့သည်ရင်း ခုဒ္ဒကနိကာယ်မည်၏၊ဤသို့အားဖြင့် နိကာယ်ငါးပါး ဖြစ်သတည်း။

၆။ အင်္ဂါအားဖြင့် ကိုးပါး အဘယ်ကဲ့သို့ ဖြစ်သနည်း ဟူမူကား- အလုံးစုံသော မြတ်စွာဘုရားစကားတော်သည် သုတ္တ,ဂေယျ,ဝေယျာကရဏ,ဂါထာ,ဥဒါန,ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူ၍ ကိုးပါးဖြစ်သတည်း၊ ထိုကိုးပါးတို့တွင်—

ဥဘတောဝိဘင်း, ခန္ဓက, ပရိဝါရ, သုတ္တနိပါတ်၌ မင်္ဂလသုတ်, ရတနသုတ်,နာလကသုတ်, တုဝဋ္ဋကသုတ်သည်ရင်း၊ ဆိုအပ်ပြီးသည်မှ တပါးသော သုတ်ဟူ၍ အမည်ရသော မြတ်စွာဘုရား စကားတော် သည်ရင်း သုတ်မည်၏၊ အလုံးစုံသော ဂါထာနှင့် တကွ ဖြစ်သော

သုတ်ကို ဝေယျာကဟူ၍ သိအပ်၏၊ အထူးအားဖြင့် သံယုတ္တနိကာယ်၌ အလုံးစုံသော သဂါထာ ဝဂ်သည်၎င်း,အလုံးစုံသော အဘိဓမ္မာပိဋက သည်၎င်း,ဂါထာမရှိသော သုတ်သည်၎င်း, ဆိုအပ်ပြီးသည်မှ တပါး သော အင်္ဂါရှစ်ပါးတို့ဖြင့် မသင်္ဂြိုဟ်အပ်သော မြတ်စွာဘုရား စကား တော်သည်၎င်း ရှိ၏၊ ထိုအလုံးစုံသည် ဝေယျာကရဏမည်၏၊ ဓမ္မပဒ, ထေရဂါထာ, ထေရီဂါထာ,သုတ္တနိပါတ်၌ သုတ်ဟူ၍ အမည်မရသော သက်သက်သော ဂါထာ,ဤအလုံးစုံသည် ဂါထာမည်၏၊ သောမနဿ ဉာဏ်ဖြင့်ပြီးသော ဂါထာနှင့်စပ်သောရှစ်ဆယ့်နှစ်ပါးသောသုတ်သည် ဥဒါနမည်၏၊"ဝုတ္တမိဒံဘဂဝတာ"အစရှိသောနည်းဖြင့်ဖြစ်သောတရာ့ တဆယ်သောသုတ်သည် ဣတိဝုတ္တကမည်၏၊အပဏ္ဏကဇာတ်အစရှိကုန် သော ငါးရာ့ငါးဆယ်သောဇာတ်တို့သည် ဇာတကမည်ကုန်၏၊"စတ္တာ ရော မေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတဓမ္မာ အာနန္ဒေ"အစရှိသောနည်း ဖြင့်ဖြစ်သော အံ့ဘွယ်သရဲသော ဂုဏ်ကျေးဇူးတရားနှင့်စပ်သော အလုံး စုံသောသုတ်သည် အဗ္ဘုတဓမ္မမည်၏၊စူဠဝေဒလ္လ,မဟာဝေဒလ္လ,သမ္မာ ဒိဋ္ဌိသုတ်, သက္ကပဥှသုတ်, သင်္ခါရဘာဇနီယသုတ်, မဟာပုဏ္ဏမသုတ် အစရှိကုန်သော အလုံးစုံသော ဝမ်းမြောက်ခြင်း,နှစ်သက်ခြင်းကိုရတိုင်း ရတိုင်း မေးအပ်သောသုတ်တို့သည် ဝေဒလ္လမည်ကုန်၏၊ဤသို့လျှင် အင်္ဂါ အားဖြင့် ကိုးပါး ဖြစ်သတည်း။

၇။ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အဘယ်သို့ဖြစ်သ နည်း။

ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေသဟဿာနိ ဘိက္ခုတော။
စတုရာသီတိသဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော။

ဟူ၍ အရှင်အာနန္ဒာသည်ပြအပ်သော ဓမ္မက္ခန္ဓာ၏အစွမ်းအားဖြင့် ရှစ်သောင်း လေးထောင် အပြားရှိ၏။

**အနက်။** ။ဘောပြာပဏ္ဍိတာ၊အိုပုဏ္ဏား။ ဗုဒ္ဓတော၊မြတ်စွာဘုရားမှ။ ဒွါသီတိသဟဿာနိ၊ ရှစ်သောင်း နှစ်ထောင်သော ဓမ္မက္ခန္ဓာ တို့ကို။ အဟံ၊ ငါသည်။ ဂဏှိံ၊ သင်ပြီ။ ဘိက္ခုတော၊ အရှင်သာရိပုတြာထံမှ။ ဒွေသဟဿာနိ၊ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို။ ဂဏှိံ၊သင်ပြီ။ဣတိ၊

သို့။ စတုရာသီတိသဟဿာနိ၊ ရှစ်သောင်း လေးထောင် ကုန်သော။ ယေဓမ္မာ၊ အကြင်တရားတို့သည်။ သန္တိ၊ရှိကုန်၏။ တေဓမ္မာ၊ ထိုတရားတို့ကို။ မေ-မယာ၊ ငါသည်။ ပဝတ္တိနော၊ နှလုံး၌ ဖြစ်စေအပ်ပြီ။

ထိုဓမ္မက္ခန္ဓာအပြား၌ တခုသောအနုသန္ဓေ ရှိသောသုတ်သည် တခုသောဓမ္မက္ခန္ဓာမည်၏၊ တပါးမက များသော အနုသန္ဓေရှိသောသုတ်၌ အနုသန္ဓေအရေအတွက်၏ အစွမ်းအားဖြင့် ဓမ္မက္ခန္ဓာ အရေအတွက်ကို သိအပ်၏၊ ဂါထာဗန္ဓတို့၌ တခုသောပြဿနာ အမေးသည် တခုသော ဓမ္မက္ခန္ဓာမည်၏၊ တခုသောအဖြေသည် တခုသောဓမ္မက္ခန္ဓာမည်၏၊ အဘိဓမ္မာ၌ တခုတခုသော တိတ်,ဒုက်ကို ခွဲဝေခြင်းသည်၎င်း, တခုတခုသော စိတ်အကြိမ်ကို ခွဲဝေခြင်းသည်၎င်း တခုတခုသော ဓမ္မက္ခန္ဓာမည်၏၊ ဝိနည်း၌ ဝတ္ထုသည်ရှိ၏၊မာတိကာသည်ရှိ၏၊ ပဒဘာဇနီသည်ရှိ၏၊ အန္တရာပတ္တိသည်ရှိ၏၊ အာပတ္တိဝါရသည်ရှိ၏၊ အနာပတ္တိဝါရသည်ရှိ၏၊ တိကပရိစ္ဆေဒသည်ရှိ၏၊ထိုအလုံးစုံတို့တွင် တခုတခုသော အစုသည် တခုတခုသော ဓမ္မက္ခန္ဓာမည်၏၊ ဤသို့လျှင် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင် အပြားရှိ၏။

ဤသို့လျှင် ရသအားဖြင့်တပါး, ဓမ္မဝိနယ အစရှိသော အားဖြင့် နှစ်ပါး, ပဌမဗုဒ္ဓဝစန စသောအားဖြင့် သုံးပါး အစရှိသည် အပြားရှိကုန်သော မြတ်စွာဘုရား၏ စကားတော်တို့ကို သင်္ဂါယနာတင်ကုန်သော အရှင်မဟာကဿပအမှူးရှိကုန်သော ငါးရာသော ရဟန္တာတို့သည် ဤသည်ဓမ္မ,ဤသည်ဝိနယမည်၏၊ ဤသည်ပဌမဗုဒ္ဓဝစန, ဤသည်မဇ္ဈိမဗုဒ္ဓဝစန, ဤသည်ပစ္ဆိမဗုဒ္ဓဝစန, ဤသည်ဝိနည်းပိဋက,ဤသည်သုတ္တန်ပိဋက, ဤသည် အဘိဓမ္မာပိဋက, ဤသည်ဒီဃနိကာယ်။ ပ။ ဤသည်ခုဒ္ဒက နိကာယ်မည်၏၊ဤသည်တို့သည် အင်္ဂါအားဖြင့် ကိုးပါးမည်ကုန်၏၊ ဤသည်တို့သည် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာမည်ကုန်၏ဟု ဤအလုံးစုံသော အပြားကို မှတ်၍ သင်္ဂါယနာတင်ကုန်၏။

ဤဆိုအပ်ပြီးသော အပြားကိုသာ မဟုတ်သေး၊ ဥဒ္ဒါနသင်္ဂဟ, ဝဂ္ဂသင်္ဂဟ, ပေယျာလသင်္ဂဟ, ဧကနိပါတ ဒုကနိပါတာ ဒိနိပါတ

သင်္ဂဟ,သံယုတ္တသင်္ဂဟ,ပဏ္ဏာသသင်္ဂဟ အစရှိသောများသော အပြား ရှိသော ပိဋကတ်သုံးပုံ၌ ကောင်းစွာထင်သော သင်္ဂဟအပြားကိုလည်း မှတ်၍သာလျှင် ခုနစ်လတို့ဖြင့် သင်္ဂါယနာတင်၏၊ဝါခေါင်လပြည့်ကျော် ငါးရက်နေ့မှစ၍ သင်္ဂါယနာတင်သည်၊တပေါင်းလပြည့်ကျော်မှပြီး၏၊ ဤပဌမ သင်္ဂါယနာတင်ခြင်းကို ငါးရာသောရဟန်းတို့သည် ပြုအပ် သောကြောင့် **ပဥ္စသတိက သင်္ဂါယနာ** ဟု ဆိုအပ်၏၊မထေရ်ကြီးတို့သည် သာလျှင် ပြုအပ်သောကြောင့် **ထေရိက** ဟူ၍လည်း ဆိုအပ်၏။

သင်္ဂါယနာ တင်ပြီးသောအဆုံး၌ အရှင်မဟာ ကဿပမထေရ် သည် မြတ်စွာဘုရား၏သာသနာတော်ကို အနှစ်ငါးထောင် ပတ်လုံး တည်ခြင်းငှါ စွမ်းနိုင်သည်ကိုပြု၏ဟု ပြင်းစွာဖြစ်သော ဝမ်းမြောက် ခြင်းရှိသည်ဖြစ်၍ ဤမြေကြီးသည် ရေအဆုံးရှိသည်ကိုပြု၍ အကြိမ် များစွာ အထက်သို့ တက်၍တက်၍ လှုပ်၏၊ အောက်သို့ သက်၍ သက်၍ ပြင်းစွာလှုပ်၏၊ အရှေ့,အနောက်,တောင်, မြောက်အားဖြင့် လေးပါး သော အရပ်တို့သည် ထိုမှဤမှ ပြေးသွား၍ ပြင်းစွာလှုပ်၏၊

ဤသာသနာတော်ကို မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ငါးဝါ မြောက်ဆိုတော်မူပြီး၍ ဝါကျွတ်ပြီးသောအခါ၌ မိထွေးတော်ဂေါတမီ သည် သုတ်,အဘိဓမ္မာ,ဝိနည်း၌ ရဟန်းပြုလိုပါသည်ဟု ခွင့်တောင်းရာ တွင် ဂရုဓမ္မတရားရှစ်ပါးကို မိထွေးတော်အား အလျှင်ဝန်မခံစေဘဲ မာတုဂါမတို့အား ရဟန်း၏အဖြစ်ကို ခွင့်ပြုချေမူ၊ပဋိသမ္ဘိဒါပတ္တဆဠ ဘိညရဟန္တာခေတ် သာသနာသည် အနှစ်ငါးရာသာ တည်လတ္တံ့ဟု မိန့်တော်မူ၍ မိထွေးတော်အား အဋ္ဌဂရုဓမ္မကို အလျှင်ဝန်ခံစေပြီးမှ မာတုဂါမတို့အား ရဟန်း၏အဖြစ်ကို ခွင့်ပေးတော်မူ သောကြောင့် ပဋိသမ္ဘိဒါပတ္တ ဆဠဘိညရဟန္တာခေတ် အနှစ်တထောင်,သုက္ခဝိပဿ ကရဟန္တာခေတ် တနှစ်တထောင်,အနာဂါမ်ခေတ် အနှစ်တထောင်, သကဒါဂါမ်ခေတ်အနှစ်တထောင်,သောတာပန်ခေတ် အနှစ်တထောင် **အားဖြင့်** အနှစ်ငါးထောင် ငါ၏သာသနာတည်လတ္တံ့ဟူ၍ မြတ်စွာ ဘုရားမိန့်တော်မူ၏။

## ၂၆၇။ ပညတ်တော်မူတိုင်းကျင့်ဆောင်ရန် အရှင်မဟာကဿပကြားတော်မူခြင်း

သင်္ဂါယနာတင်ပြီးသောအခါ၌ အရှင်အာနန္ဒာသည် ရဟန်းတို့ကို ဆို၏၊ "အရှင်ဘုရားတို့····မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုခါနီး၌ အကျွန်ုပ်ကို ဤသို့မှာခဲ့၏၊အာနန္ဒာ··သံဃာသည် အလိုရှိသော် ငါလွန်သဖြင့် ငယ်သောသိက္ခာပုဒ်, ငယ်သောအောက် ငယ်သော သိက္ခာပုဒ်တို့ကို နုတ်ရာ၏ဟု မှာတော်မူခဲ့၏"ဟူ၍ ရဟန်းတို့ကို လျှောက်သော် ရဟန်းတို့သည်"ငါ့ရှင်အာနန္ဒာ····သင်သည် မြတ်စွာဘုရားကို ဘုန်းတော်ကြီးသော အရှင်ဘုရား····အဘယ် သိက္ခာပုဒ်တို့သည် ငယ်သော သိက္ခာပုဒ်, ငယ်သောအောက် ငယ်သောသိက္ခာပုဒ် ဖြစ်ကုန်သနည်းဟု မေးလျှောက်လိုက်ပါ၏လော"ဟူ၍ အရှင်အာနန္ဒာကို မေးဆိုကုန်၏။

"အရှင်ဘုရားတို့····အကျွန်ုပ်သည် မြတ်စွာဘုရားကို မမေးလိုက်မိချေ"ဟု အရှင်အာနန္ဒာဆိုသော် အချို့သော ရဟန်းတို့သည် ပါရာဇိက လေးပါးကိုထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် မည်၏ဟု ဆိုကုန်၏၊ အချို့သော ရဟန်းတို့သည် ပါရာဇိက လေးပါး,သံဃာဒိသိသ်တဆယ့်သုံးပါးကို ထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည်၊ အချို့သော ရဟန်းတို့သည် ပါရာဇိက လေးပါး, သံဃာဒိသိသ်တဆယ့်သုံးပါး,အနိယတနှစ်ပါးကိုထား၍ အချို့သောရဟန်းတို့သည် ပါရာဇိက,သံဃာဒိသိသ်,အနိယတ,နိဿဂ္ဂိယပါစိတ်သုံးဆယ်ကို ထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ် မည်ကုန်၏ဟု ဆိုကုန်၏၊ အချို့သော ရဟန်းတို့သည် ပါရာဇိက,သံဃာဒိသိသ်,တိံသနိဿဂ္ဂိယပါစိတ်,ဒွေနဝုတိပါစိတ်ကိုထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် မည်ကုန်၏ဟု ဆိုကုန်၏၊ အချို့သော ရဟန်းတို့သည် ပါရာဇိက, သံဃာဒိသိသ်, အနိယတနှစ်ပါး, တိံသနိဿဂ္ဂိယပါစိတ်, ဒွေနဝုတိပါစိတ်, ပါဋိဒေသနီ လေးပါးကို ထား၍ ကြွင်းသော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်မည်ကုန်၏ဟု ဆိုကုန်၏။

ထိုသို့ ဆိုကြသောအခါ၌ အရှင်မဟာကဿပသည် သံဃာကို သိစေ၏၊ "ငါ့ရှင်တို့…သံဃာသည် ငါ၏ စကားကို နာစေသတည်း၊ ငါတို့အား လူတို့၌ ဖြစ်သော သိက္ခာပုဒ်တို့သည် ရှိကုန်၏၊ ဤအမှုသည် သကျဝင်မင်းသား ရဟန်းတို့အား အပ်၏၊ ဤအမှုသည် မအပ်ဟူ၍ လူတို့သည် သိကုန်၏၊ အကယ်၍ ငါတို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို နုတ်ကုန်အံ့၊ရဟန်းဂေါတမသည် ထင်းပုံ၌ မီးခိုးထသောကာလတိုင်ရှိသော တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်သည်၊ ဤတပည့်ရဟန်းတို့၏ ဆရာသည် အကြင်မျှလောက် ထင်ရှားရှိ၏၊ ထိုမျှလောက်သော ဤရဟန်းတို့သည် ကျင့်ကုန်၏၊ အကြင်အခါ၌ ဤရဟန်းတို့၏ ဆရာ ဘုရားသည် ပရိနိဗ္ဗာန် ပြု၏၊ ထိုအခါမှ စ၍ သိက္ခာပုဒ်တို့၌ မကျင့်ကုန်ဟူ၍ လူတို့သည် ဆိုကုန်လတ္တံ့၊ ထို့ကြောင့် သံဃာသည် မြတ်စွာဘုရား မပညတ်သည်ကိုလည်း မပညတ်ရာ၊ ဘုရားပညတ်တော်မူသော သိက္ခာပုဒ်ကိုလည်း မနုတ်ရာ၊ ပညတ်တော်မူတိုင်း ဖြစ်ကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ သံဃာသည် ကျင့်ရာ၏၊ ဤစကားကို အကြင်ရဟန်းသည် မနှစ်သက်၊ ထိုရဟန်းသည် ဆိုရာ၏၊ အကြင်ရဟန်းသည် နှစ်သက်၏၊ ထိုရဟန်းသည် ဆိတ်ဆိတ်နေရာ၏"ဟု ဥတ်ထား၍ အကြင်ကြောင့် သံဃာသည် နှစ်သက်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သော အဖြစ်ကို သိရာ၏ဟု အရှင်မဟာကဿပ မိန့်တော်မူ၏၊ သံဃာသည် ပညတ်တော်မူတိုင်း ဖြစ်သော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။

---

## ၂၆၈။ ရှင်အာနန္ဒာအား ဒုက္ကဋ် အာပတ်သို့ တင်၍ ဒေသနာကြားစေခြင်း

ထိုရောအခါ မထေရ်ဖြစ်ကုန်သောရဟန်းတို့သည် အရှင်အာနန္ဒာကို ဆိုကုန်၏။

၁။ "ငါ့ရှင်အာနန္ဒာ…သင်သည် မြတ်စွာဘုရားကို အဘယ်မည်သော သိက္ခာပုဒ်တို့သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်မည်ကုန်သနည်း ဟူ၍ ဤသို့ မမေးခြင်းသည် မကောင်းသဖြင့် ပြုသည်မည်၏၊ ဒုက္ကဋ် သင့်၏၊

ထိုဒုက္ကဋ်၏ ဒေသနာကြားလော့''ဟု ဆို၏၊ ''အရှင်ဘုရားတို့…. အကျွန်ုပ်သည် မေ့လျော့သဖြင့် မမေးဘဲ နေမိ၏၊ ထိုဒုက္ကဋ်ကို မမြင်၊ စင်စစ်သော်ကား အရှင်ကောင်းတို့အား သဒ္ဓါယုံကြည်သဖြင့် ဒေသနာ ကြားပါအံ့''ဟု ကြား၏။

၂။ ''အာနန္ဒာ….မြတ်စွာဘုရား၏ ရေသနုပ်တော်ကို သင်သည် ခြေဖြင့်နင်း၍ ချုပ်၏၊ ဒုက္ကဋ်သင့်၏၊ ဒေသနာကြားလော့''ဟု ဆိုကုန်၏၊ ''အရှင်ဘုရား….အကျွန်ုပ်သည် မရိုသေသဖြင့် ရေသနုပ်တော်ကို နင်း၍ ချုပ်သည်မဟုတ်၊ ထို့ကြောင့် ဒုက္ကဋ်အာပတ်ကို မမြင်၊ စင်စစ်သော်ကား အရှင်ကောင်းတို့အား ယုံကြည် သဖြင့် ကြားပါအံ့''ဟု ဒေသနာ ကြား၏။

၃။ ''အာနန္ဒာ….သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရား ကိုယ်တော်ကိုရှေးဦးစွာ ရှိခိုးစေ၍ ငိုကုန်သော မိန်းမတို့၏မျက်ရည်ဖြင့် မြတ်စွာဘုရား ကိုယ်တော်ကိုလူး၏၊ ထို့ကြောင့် ဒုက္ကဋ်သင့်၏၊ ထိုဒုက္ကဋ်ကို ဒေသနာကြားလော့''ဟူ၍ဆိုကုန်၏၊ ''အရှင်ဘုရားတို့….ဤမာတုဂါမတို့သည် ညဉ့်နက်သည်မဖြစ်စေကုန်သဘည်း''ဟု ရှေးဦးစွာ ရှိခိုးစေ၏ ထို့ကြောင့် ဒုက္ကဋ်ကိုမမြင်၊ စင်စစ်သော်ကား အရှင်ကောင်းတို့အား ယုံကြည်သဖြင့် ကြားပါအံ့''ဟု ဒေသနာကိုကြား၏။

၄။ ''အာနန္ဒာ….မြတ်စွာဘုရားသည် တောင်းပန် စေလိုသော နိမိတ်ဩဘာသကို ပြုပါလျက် ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား…. များစွာသောသူတို့၏ စီးပွါးချမ်းသာခြင်းအလို့ငှါ လူကို အစဉ်သနားခြင်းငှါ, နတ်လူတို့၏ အကျိုးစီးပွါးအလို့ငှါ ရှင်ပင်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါဟု မြတ်စွာဘုရားကို မတောင်းပန်၊ ထို့ကြောင့် ဒုက္ကဋ်သင့်၏၊ဒေသနာကြားလော့''ဟုဆိုကုန်၏၊ ''အရှင်ဘုရားတို့….အကျွန်ုပ်သည် မာရ်ထိုးကျင့်သော စိတ်ရှိသည်ဖြစ်၍ မတောင်းပန်မိ၊ထို့ကြောင့် အာပတ်ကိုမမြင်၊စင်စစ်သော်ကား အရှင်ဘုရားတို့အား ယုံကြည်သဖြင့် ကြားပါအံ့'' ဟု ဒေသနာကိုကြား၏။

၅။ ''အာနန္ဒာ….သင်သည် မြတ်စွာဘုရားဟောအပ်သော သုတ်, အဘိဓမ္မာ,ဝိနည်း၌ မာတုဂါမ၏ရဟန်းအဖြစ်ကိုလုံ့လပြု၏၊ထို့ကြောင့်

ဒုက္ကဋ်သင့်၏၊ဒေသနာကြားလော့”ဟုဆိုကုန်၏၊“အရှင်ဘုရားတို့…ပဇာပတိဂေါတမီသည် မြတ်စွာဘုရား မိထွေးတော်တည်း၊ မယ်တော် လွန်သည်ရှိသော် နို့ရည်ပေး၍ မွေးပေသောသူတည်းဟု သာသနာတော်၌ မာတုဂါမ၏ ရဟန်းအဖြစ်ကို အကျွန်ုပ်လုံ့လပြု၏၊ ဒုက္ကဋ်ကိုမမြင်၊ စင်စစ်သော်ကား အရှင်ဘုရားတို့ကို သဒ္ဓါသဖြင့် ဒေသနာကြားပါအံ့” ဟု ဒေသနာကိုကြား၏။

ထိုရောအခါ အရှင်ပုရာဏသည် များစွာသော ငါးရာမျှသောရဟန်းသံဃာနှင့်တကွ ဒက္ခိဏာဂိရိဇနပုဒ်၌နေ၏၊ မထေရ်ကြီးတို့သည် သင်္ဂါယနာ တင်ပြီးသည်ရှိသော် အရှင်ပုရာဏသည် ရာဇဂြိုဟ်ပြည်သို့လာ၍ ဝေဠုဝန်ကျောင်းတော်၌ မထေရ်ကြီးတို့ကိုကပ်၍ ရှိသေစွာ ရှိခိုးပြီးသော် မထေရ်ကြီးတို့နှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဟော၍နေ၏၊ အရှင်ပုရာဏကို မထေရ်ကြီးတို့သည် ပြောဆိုကုန်၏၊ “အရှင်ပုရာဏ… မထေရ်ကြီးတို့သည် သုတ်,အဘိဓမ္မာ,ဝိနည်းကို သင်္ဂါယနာတင်အပ်ပြီ၊ ထိုသင်္ဂါယနာသို့ ကပ်လော့”ဟု ဆိုကုန်၏၊ အရှင်ပုရာဏသည်“အရှင်တို့… မထေရ်ကြီးတို့သည် သင်္ဂါယနာကို ကောင်းစွာ တင်အပ်၏၊ သင်္ဂါယနာသည် ပြည့်စုံ၏၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ မျက်မှောက်တော်မှ အကြင်အခြင်းဖြင့် ငါသည်ကြား၏၊ အကြင်အခြင်းဖြင့် နာခံ၏၊ ထိုအခြင်းဖြင့် မှတ်ရာ၏”ဟု ဆို၏။

## ၂၆၉။ ဆန္နထေရ်အား ဗြဟ္မဒဏ်ထားခြင်း

ထိုအခါ အရှင်အာနန္ဒာသည် မထေရ်ကြီးတို့ကို လျှောက်၏၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုသောအခါ၌ အကျွန်ုပ်ကို ဤသို့ မှာခဲ့၏၊ “အာနန္ဒာ…ဆန္နသည် ရဟန်းသံဃာတို့ကို အရိုအသေ အလေးအမြတ်မပြု၊ အဆုံးအမ အဆိုအမြည်ကို မခံသောကြောင့်ကား သံဃာသည် ငါလွန်သဖြင့် ဆန္နရဟန်းအား ဗြဟ္မဒဏ် ကိုထားစေသတည်း ဟု မှာတော်မူခဲ့သည်”ဟု လျှောက်၏၊ မထေရ်ကြီးတို့သည် မေးကုန်၏၊ “ငါ့ရှင်အာနန္ဒာ…သင်သည် မြတ်စွာဘုရားကို ဗြဟ္မဒဏ် ဟူသည် အဘယ်ကဲ့သို့နည်း မေးလိုက်၏လော” ဟု ဆိုကုန်၏၊ အရှင်ဘုရားတို့ အကျွန်ုပ် မေးလိုက်ပါ၏၊ “အာနန္ဒာ…ဆန္နရဟန်းသည် အကြင်

စကားကိုဆိုလို၏၊ ထိုစကားကိုဆိုစေ၊ ရဟန်းတို့သည် ဆန္နကိုမဆုံးမအပ်၊ တစုံတခုသောစကားကို မဆိုအပ်၊ ဤသို့နေခြင်းသည် ပြဟ္မဒဏ်တည်းဟု မြတ်စွာဘုရား မိန့်တော်မူခဲ့၏''ဟု အရှင်အာနန္ဒာဆို၏။

''ထိုသို့တပြီးကား ငါ့ရှင် အာနန္ဒာ....ရှင်ပင်သည်ပင် ဆန္နရဟန်းအား ပြဟ္မဒဏ်ထားချေလော့''ဟု မထေရ်ကြီးတို့ ဆိုကုန်သော်''အရှင်ဘုရားတို့....ထိုအရှင် ဆန္နသည် ကြမ်းတမ်း ရုန့်ရင်းလှ၏၊ အကျွန်ုပ်သည် အဘယ်ကဲ့သို့ ပြဟ္မဒဏ်ကိုထားရအံ့နည်း''ဟု ဆိုလျှင် ''သံဃာများစွာနှင့်တကွသွား၍ ထားချေ''ဟု ဆိုသဖြင့် အရှင် အာနန္ဒာသည် ငါးရာသော သံဃာတို့ကိုယူ၍ လှေဖြင့် ရာဇဂြိုဟ်ပြည်မှ ကောသမ္ဗီသို့ ဆန်လေ၍ ကောသမ္ဗီသို့ ရောက်လေသော် လှေမှသက်၍ ဥတေနမင်း ဥယျာဉ်၏အနီး၌ တခုသော သစ်ပင်ရင်း၌နေ၏၊ ထိုအခါ ဥတေနမင်းသည် မောင်းမငါးရာတို့နှင့်တကွ ဥယျာဉ်သို့ ကစားလာသဖြင့် မောင်းမငါးရာတို့သည် အရှင်အာနန္ဒာ ရောက်လာ၏ ဟုကြား၍ အကျွန်ုပ်တို့၏ ဆရာဖြစ်သော အရှင်အာနန္ဒာကို ဖူးမြင်ရပါစေဟု မင်းကြီးကို ခွင့်တောင်း၍ ခွင့်ရသဖြင့် မောင်းမ ငါးရာတို့သည် အရှင်အာနန္ဒာသို့ ကပ်လာ၍ ရှိသေစွာရှိခိုး၍ ဝမ်းမြောက် ဝမ်းသာ ပြောဆို၍ နေသော မောင်းမတို့ကို အရှင်အာနန္ဒာသည် တရားစကားဖြင့် ကောင်းစွာပြပေ၏၊ ထက်စေ၏၊ ရွှင်စေ၏။

မောင်းမငါးရာတို့သည် ကိုယ်ဝတ်ငါးရာ အရှင်အာနန္ဒာအား လှူခဲ့၍ ပြန်လေကုန်သော် ''သင်တို့သည် အရှင်အာနန္ဒာကို ဖူးမြင်ရပါကုန်၏လော'' ဟု မင်းကြီးမေးသဖြင့် ''ဖူးမြင်ရပါကုန်၏ အရှင်မင်းကြီး'' ဟုလျှောက်ကုန်၏၊ ''တစုံတခုကို သင်တို့သည် လှူခဲ့ပါ၏လော'' ဟု မေး၍ ''ကိုယ်ဝတ်ငါးရာတို့ကိုလှူခဲ့ပါ၏'' ဟုလျှောက်သော် ''အလုံးစုံကိုပင် အရှင်အာနန္ဒာ အလှူခံ၏လော'' ဟုမေးပြန်၍ ''ခံပေ၏ အရှင်မင်းကြီး'' ဟု လျှောက်ကုန်သော် ''အဘယ့်ကြောင့် အရှင်အာနန္ဒာသည် ဤမျှလောက်ကိုပင် အလှူခံဘိ သနည်း၊ ကုန်သွယ်ခြင်းကို ပင်သော်လည်း ပြုလတ္တံ့လော၊ ပုဆိုးဈေးပင်သော်လည်း ကျင်းပလတ္တံ့လော'' ဟု ကဲ့ရဲ့၍ မင်းကြီးသည် အရှင်အာနန္ဒာသို့ ကပ်လာ၍ ရှိသေစွာရှိခိုး၍ ဝမ်းမြောက်ဝမ်းသာ

ပြောဟောပြီးသော်“အရှင်ဘုရား….မောင်းမတို့သည် လာ၏လော” ဟု မေး၍ “လာ၏မင်းကြီး” ဟု မိန့်သော် “တစုံတခု လျှော့ခဲ့ကုန်၏လော” ဟု မေးပြန်၍ “ကိုယ်ဝတ်ငါးရာလှူခဲ့ကုန်၏” ဟု မိန့်သော်–

“ဤမျှလောက်များစွာကို အရှင်အာနန္ဒာ အသို့ပြုလတ္တံ့နည်း” ဟုလျှောက်၍ “သက်နှိုးအားနည်းသော ရဟန်းတို့အား ခွဲဝေ၍ သုံးဆောင်အံ့” ဟု မိန့်သော် “သက်နှိုးဟောင်းတို့ကို အသို့ပြုအံ့နည်း” ဟု မေး၍ “အပေါ်လွှမ်းခင်းနှီးပြုအံ့” ဟု မိန့်သော် “အပေါ်လွှမ်းခင်းနှီးဟောင်းကိုအသို့ပြုအံ့နည်း” ဟု မေး၍“ဘုံလျှိုပြုအံ့”ဟု ဆိုသော် “ဘုံလျှိုဟောင်းကို အသို့ပြုအံ့နည်း” မေး၍ “မြေအခင်းပြုအံ့” ဟုဆိုသော် “မြေအခင်းဟောင်းကို အသို့ပြုအံ့နည်း” ဟုမေးပြန်၍ “ခြေသုတ်ပြုအံ့” ဟုဆိုသော် “ခြေသုတ်ဟောင်းကို အသို့ပြုအံ့နည်း”ဟုမေးပြန်၍ “မြူသုတ်ပြုအံ့” ဟုဆိုသော် “မြူသုတ်ဟောင်းကို အသို့ပြုအံ့နည်း” မေး၍ “မြူသုတ်ဟောင်းကို နုပ်နုပ်စဉ်း၍ မြေညွှန်နှင့် နယ်၍ အကျည့်ကို လိမ်းကျံအံ့”ဆိုသဖြင့်“သကျဝင်မင်းသား ရဟန်းတို့သည် အသင့်အားဖြင့် သုံးဆောင်ကုန်သည်၊ ကုသိုလ်ကို ပျက်စီးခြင်းသို့ မရောက်စေ”ဟု ကြည်ညို၍ အရှင်အာနန္ဒာအား ငါးရာသော ပုဆိုးတို့ကို ဥတေနမင်းသည် လှူပြန်၏။

ထိုအခါ အရှင်အာနန္ဒာသည် သံဃာငါးရာနှင့်တကွ ဃောသိတာရုံသို့ကပ်၍ ခင်းအပ်သော နေရာ၌ နေ၏၊ ရှင်ဆန္နသည် အရှင်အာနန္ဒာသို့ ကပ်လာ၍ ရှိခိုးလျက် တင့်အပ်သောနေရာ၌ နေ၏၊အရှင်အာနန္ဒာသည် ရှင်ဆန္နကို “အရှင်ဆန္န….သံဃာသည် အရှင့်အား ဗြဟ္မဒဏ်ကို ထားစေ၏”ဟူ၍ဆို၏၊ “အရှင်အာနန္ဒာ….ဗြဟ္မဒဏ်ဟူသည် အဘယ်သို့နည်း” ဟုမေး၏၊ “ငါ့ရှင်ဆန္န….သင်သည် ဆိုလိုတိုင်းဆိုရာ၏၊ ပြုလိုတိုင်း ပြုရာ၏၊ သံဃာသည် တစုံတခုသောစကားကို သင့်အား မဆိုမဆုံးမပြီ၊ ဤသည်လျှင် ဗြဟ္မဒဏ်တည်း” ဟူ၍ အရှင်အာနန္ဒာဆိုသော်၊ “အရှင်အာနန္ဒာ….ယခုအခါ၌ အကျွန်ုပ်ကို ဤမျှလောက်ဖြင့် အကြင်ကြောင့် သံဃာသည် တစုံတခုသော စကားကိုမဆိုပြီ၊ မဆုံးမပြီ၊ ထိုမျှလောက်ဖြင့် အကျွန်ုပ်ကို သတ်အပ်သည် မမည်ပါသေးလော”ဟု ထိုအရပ်၌ပင် မိန်းမော၍လည်း၏။

ထိုအခါရှင်ဆန္နသည် ဗြဟ္မဒဏ်ဖြင့် နှိပ်စက်အပ်သည် ညီးငွေ့သည် စက်ဆုပ်ရွံရှာသည်ဖြစ်၍ တယောက်တည်း ဆိတ်ငြိမ်ရာ၌နေ၍ ငြီးငြူသော အကျင့်ရှိသည်ဖြစ်၍ နိဗ္ဗာန်သို့ လွှတ်သောစိတ်ရှိသည်ဖြစ်၍ နေလျက် အကြင်မဂ်ဖိုလ်အလို့ငှါ အမျိုးသားသည် အိမ်မှထွက်၍ ကျောင်း၌ ရဟန်းပြု၏၊ ထိုမဂ်,ဖိုလ်ကို မျက်မှောက်၌ အလိုလို ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၏၊ ငါသည် ပဋိသန္ဓေကုန်ပြီ၊ မဂ်တည်းဟူသောအကျင့်ကို သုံးအပ်ပြီ၊ မဂ်ကိစ္စအလို့ငှါ ငါ့အားပြုဘွယ်ကိစ္စ မရှိပြီဟုသိ၍ တယောက်သော ရဟန္တာ ဖြစ်လေ၏၊ ထိုအခါ "ဗြဟ္မဒဏ်ကို ငြိမ်းပါစေ" ဟု အရှင်အာနန္ဒာကို လျှောက်သော် "အကြင်အခါမှစ၍ သင်သည် ရဟန္တာဖြစ်၏၊ထိုအခါမှစ၍ ဗြဟ္မဒဏ် ငြိမ်းပြီ" ဟု မိန့်တော်မူ၏။

[ရှင်ဆန္နဟူသည်ကား ဘုရားဘက်တော်မြင်းမြီးဆွဲပင်တည်း၊ နောက်အဘို့၌ ရဟန်းပြုသော် ဉာဏ်မရင့်သေးသဖြင့်၎င်း, မြတ်စွာဘုရား၌ ဂေဟာသိတပေမဖြင့် ဘုရားလည်း ငါ့အရှင်သာ ဖြစ်သည်၊ တရားလည်း ငါ့အရှင်သာ ဟောသော တရားဖြစ်သည် ဟု ယူ၍ သံဃာကို အရိုအသေမပြု၊ အဆုံးအမ မခံနေ၍ မဂ်,ဖိုလ်မရကျန်ရစ်၍ ဗြဟ္မဒဏ်ကို ဘုရားထားတော်မူခဲ့ရသည်။]

## ၂၇၀။ သက္ကရာဇ် ၁၄၈-ခု ကို အဇာတသတ်မင်း ဖြိုခြင်းနှင့် ရာဇဝင်အစဉ်အဆက်ကိုပြခြင်း

ပဌမသင်္ဂါယနာတင်ပြီးလျှင် အဇာတသတ်မင်းသည် အရှင်မဟာကဿပသို့ ကပ်၍ "အရှင်ဘုရား····မြတ်စွာဘုရား သာသနာ အနှစ်ငါးထောင်ထားသည်ကို ရေတွက်လွယ်စိမ့်သောငှါ ရှိနှင့်သည့် သက္ကရာဇ်ဟောင်းကိုချေ၍ အကျွန်ုပ်တွင် အစပြု၍ သာသနာတော်သက္ကရာဇ် အသစ်ထားလိုပါသည်"ဟု လျှောက်သော် "ကောင်းပြီမင်းကြီး····ထားလေ့"ဟု အရှင်မဟာကဿပ မိန့်တော်မူ၍ အရှင် ဒေဝိလရသေ့နှင့် မြတ်စွာဘုရား ဘိုးတော် အဉ္စနမင်း ထားသော သက္ကရာဇ်ဟောင်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော် မူသည့်နှစ်၌ ၁၄၈-ခု ရှိသည်ကို တပေါင်းလကွယ် တနင်္ဂနွေနေ့တွင် စုထား၍ ထို ၁၄၈-ခုကို

မပျောက်ရအောင် ပရမတ္ထဗိန္ဒု၊ သင်္ချာနည်း အင်္ဂဝေဒသတ ကိန်းဟု ထား၍ သုဗ္ဗိဓါတ် ဗျဥ္ဇတား အစရှိသည်တို့ကိုလည်း ပြင်ဆင်၍ ဘိုးတော် အဥ္စနမင်း၏ သက္ကရာဇ် ၁၄၈-ခု တန်ခူးလဆန်းတရက် တနင်းလာ နေ့ကို အစပြု၍ သာသနာတော် သက္ကရာဇ်တခု ဟူ၍ အဇာတသတ်မင်း ထားသတည်း။

အဇာတသတ်မင်း ထားသော သာသနာတော် သက္ကရာဇ် ၃-ခု ရောက်သော နှစ်တွင် ဝေသာလီပြည်ကို အဇာတသတ်မင်းတိုက်ဖျက်၍ လူသူတို့ကို သိမ်းယူ၏၊ အဇာတသတ်မင်း ၃၂-နှစ် မင်းပြု၏၊ သာသ နာတော် သက္ကရာဇ် ၂၅-ခု တွင် အဇာတသတ်မင်းကို သားဥဒယ ဘဒ္ဒသတ်၍ ၂၅-ခု ကပင် စ၍ ဥဒယဘဒ္ဒ မင်းပြု သဖြင့် ၁၆-နှစ် မြောက် သာသနာတော် သက္ကရာဇ် ၄၀-ပြည့်တွင် ထိုဥဒယဘဒ္ဒမင်းကို သား အနုရုဒ္ဓကသတ်၍ ၎င်းသက္ကရာဇ် ၄၁-ခု မှ စ၍ အနုရုဒ္ဓက မင်းပြု၏၊ ထိုအနုရုဒ္ဓက ၄-နှစ် မင်းပြု ပြီးသော် သာသနာတော် သက္ကရာဇ် ၄၅-ခု ရောက်သော အခါ၌ အနုရုဒ္ဓကကို သား မုဏ္ဍက သတ်၍ မင်းပြု၏၊ မုဏ္ဍကမင်းပြု၍ ၄-နှစ် ရှိပြီးသော် သာသနာတော် သက္ကရာဇ် ၄၉-ခု နှစ် ရောက်သော အခါ၌ မုဏ္ဍကကို သားနာဂ ဒါသကသတ်၍ ၎င်းသက္ကရာဇ် ၄၉-ခု ကပင်စ၍ မင်းပြု၏၊နာဂဒါသက မင်းပြု၍ ၁၄-နှစ် ရှိပြီးသော် သာသနာတော် သက္ကရာဇ် ၆၃-ခု ရောက်သည့် အခါ၌ ဤမင်းမျိုးသည် အဘသတ်ပိတုဃာတက အမျိုး ဖြစ်သည်ဟု ပြည်သူတို့ ညီ၍ ထိုနာဂဒါသက မင်းကို မင်းအဖြစ်မှ ချ၍ သုသုနာဂကို မင်းမြှောက် ကြ၏။

သုသုနာဂဟူသည် အဇာတသတ်မင်း ဝေသာလီပြည်ကို တိုက် ဖျက်၍ လူသူတို့ကို သိမ်းယူရာတွင် ပါသော ဝေသာလီ အမတ်ကြီး တယောက်၏ သမီးကို ရာဇဂြိုဟ်ပြည်၌ ပြည့်တန်ဆာမ၏ အရာ၌ ထား၍ ထိုပြည့်တန်ဆာမတွင် သားယောကျ်ား ဘွားမြင်သဖြင့် ထို သူငယ်ကို အိုး၌ ထည့်၍ ရာဇဂြိုဟ်ပြည်၏ အပဖြစ်သော တံမြက်ချေး စွန့်ရာအရပ်၌ပစ်ထားလေသော် နဂါးတခုသည်လာလျက် စောင့်နေ၍ အဇာတသတ်မင်း ပြည်လှည့်လည်သောအခါ၌ ထိုမင်းကိုမြင်စေလျက် ထိုနဂါးသည် "သုသု"ဟူ၍ မြည်ပြီးလျှင် အိုးမှဘဲလေ၏။

ထိုအိုး၌ ကြည့်သော် သူငယ်ကို မြင်၍ အမတ်တို့ကို မွေးစေ၏၊ နဂါး သုသု-ဟု မြည်သည်ကို အကြောင်းပြု၍"သုသုနာဂ"ဟူသော အမည်ကို မှည့်၍ အမတ် အရာ၌ ထားသော သူတည်း၊ ထိုသုသုနာဂ အမတ်ကို ပြည်သူတို့ မင်းမြှောက်၍ သုသုနာဂသည် သာသနာတော် သက္ကရာဇ် ၆၃-ခု ကပင် စ၍ မင်းပြု၏၊ သုသုနာဂ မင်းအဖြစ်သို့ ရောက်လျှင် ဝေသာလီပြည်ကို ပြုစုတည်ထောင်ပြန်၍ ဝေသာလီပြည်၌ နေ၏၊ ရာဇဂြိုဟ်ပြည်သည် သုသုနာဂမင်း လက်ထက်ကပင် မင်းနေပြတ်၏၊ သုသုနာဂအမတ်သည် ၁၈-နှစ် မင်းပြု၏၊ သာသနာတော် သက္ကရာဇ် ၈၀-ပြည့်တွင် သုသုနာဂမင်း လွန်၍ သားကာလာသောကသည် ၎င်းသက္ကရာဇ် ၈၁-ခုမှ စ၍ မင်းပြု၏၊ ကာလာသောက ၂၈-နှစ် မင်းပြု၏။

---

## ၂၇၁။ တေဒဂ်ရ ရှင်ဥပါလိမှ စ၍ သာသနာဝင် အစဉ် အဆက်ကို ပြခြင်း

ဘုရားကိုယ်တော်ထင်ရှားရှိသောကာလမှစ၍ တတိယသင်္ဂါယနာ တင်သည်တိုင်အောင် ဇမ္ဗူဒီပါကျွန်း၌ ပိဋကတ်သုံးပုံကို ဆရာ အဆက်ဆက်တို့သည် ဆောင်ကုန်၏၊ ဝိနည်း ပိဋကတ်ကို အရှင် ဥပါလိသည် မြတ်စွာဘုရား အထံတော်မှ သင်၍ ဆောင်၏၊ အရှင်ဒါသက မထေရ်သည် အရှင် ဥပါလိထံမှသင်၍ ဆောင်၏၊ အရှင် ဒါသက မထေရ်၏ တပည့်ဖြစ်သော အရှင်သောဏက မထေရ်သည် အရှင် ဒါသက မထေရ်၏ထံမှသင်၍ ဆောင်၏၊ အရှင်သောဏက မထေရ်၏ တပည့်ဖြစ်သော အရှင်သိဂ္ဂဝမထေရ်သည် အရှင်သောဏက၏ အထံမှ ဝိနည်းကိုသင်၍ ဆောင်၏၊ အရှင်သိဂ္ဂဝ၏ တပည့်ဖြစ်သော အရှင် မောဂ္ဂလိပုတ္တတိဿထေရ်သည် အရှင်သိဂ္ဂဝ၏ အထံမှသင်၍ဆောင်၏၊ဤဆရာတပည့် အဆက်ဆက်တို့သည် တတိယသင်္ဂါယနာ တင်သည်တိုင်အောင် မပြတ်စေမူ၍ ဆောင်ကုန်၏၊ ပိဋကတ်သုံးပုံကို ပင်ဆောင်ကုန်၏။

ထိုအဆက်ဆက်တို့တွင် **အရှင်ဒါသက**မထေရ်သည် ဝေသာလီပြည်၌ ပုဏ္ဏားမျိုး၌ဖြစ်၍ ဒါသကဟူသော အမည်ရှိ၏၊ ထိုဒါသက လုလင်သည်

သုံးရာကုန်သော ပုဏ္ဏားလုလင် အပေါင်းတို့နှင့်တကွ ဆရာ၏အထံ၌ ဗေဒင်သည်သည်ရှိသော် အသက်၁၂-နှစ်ပြည့်သောအခါ၌ ဗေဒင်သုံးပုံ အပြီးသို့ ရောက်၏၊ ထိုဒါသကလုလင်သည် တနေ့သ၌ သုံးရာသော ပုဏ္ဏားလုလင်နှင့်တကွ ပဌမသင်္ဂါယနာတင်ပြီး၍ ဝါလိကာရာမ၌ နေသော အရှင် ဥပါလိသို့ကပ်၍ မိမိ၏ဗေဒင်တို့၌ အလုံးစုံသော ခဲခက်သော အရာတို့ကို မေး၏၊ အရှင်ဥပါလိ မထေရ်သည် ပုဏ္ဏားမေးတိုင်း ဖြေ၍"လုလင်…ငါ့ကိုယ် သင်သည် များစွာမေးအပ်ပြီ၊ ငါသည် သင့်ကို တခုသောပြဿနာကို မေးပါအံ့"ဟု ထိုလုလင်၏ ဒါသက ဟူသော နာမပညတ်ကိုရည်၍ "လုလင်….တခုသော တရားသည် များစွာသော တရား၌ကျ၏၊ များစွာသော တရားအပေါင်းသည် တခုသော တရား၌ စုဝေး၍တည်၏၊ ထိုတခုသောတရားသည် အဘယ် တရားနည်း" ဟု မေးသော်—

ထိုဒါသကလုလင်သည် ပြဿနာ၏အနက်ကို မမြင်နိုင်သည် ဖြစ်၍ "အရှင်ရဟန်း….ဤဗေဒင်သည် အဘယ် ဗေဒင်နည်း" ဟု မေး၍ "လုလင်…. ဗုဒ္ဓဗေဒင်တည်း" ဟု မထေရ်ဆိုသော် "ဤ ဗေဒင်ကို အကျွန်ုပ်တို့အား ပေးအံ့သောငှါ တတ်ကောင်းပါအံ့လော"ဟု ဆို၍ "ငါတို့သည် ယူအပ်သော ရဟန်းအဖြစ်ကို ယူသောသူအား ပေးအံ့သောငှါ တတ်နိုင်၏"ဆိုသော်"အရှင်ရဟန်း….ကောင်းပြီ"ဟု ဝန်ခံ၍ အိမ်သို့သွား၍ အမိအဘတို့ကို ခွင့်ပြုစေ၍ အဘော်ပုဏ္ဏားလုလင် သုံးရာတို့နှင့်တကွ အရှင်ဥပါလိ၏အထံ၌ ရဟန်းပြု၍ အသက်နှစ်ဆယ် ပြည့်၍ ပဉ္စင်းအဖြစ်ကိုရ၏၊ ရဟန္တာအဖြစ်သို့ ရောက်၏၊ အရှင်ဥပါလိသည် ထိုဒါသကမထေရ်ကို အကြီးပြု၍ တထောင်သော ရဟန္တာတို့အား ပိဋကတ်သုံးပုံကို သင်စေ၏။

**အရှင်သောဏကမထေရ်ကား** ကာသိတိုင်း၌ ကုန်သည်ကြီး၏သား တည်း၊ ထိုသောဏကလုလင်သည် တဆယ့်ငါးနှစ်ရှိသော အခါ၌ အမိအဘတို့နှင့်တကွ ဝေဠုဝန်ကျောင်းတော်သို့သွား၍ ထိုဝေဠုဝန်ကျောင်းတော်၌ အရှင် ဒါသကမထေရ်ကို ပရိသတ်နှင့်တကွမြင်၍ အလွန် သဒ္ဒါကြည်ညိုသဖြင့် ရဟန်းအဖြစ်ကို တောင်းပန်၏၊ "အမိအဘတို့ ခွင့်မလွှတ်သောသူကို ငါတို့ရဟန်းမပြုကုန်"ဟုဆိုသော် အမိအဘတို့သို့

သွား၍ ခွင့်တောင်းလျှင် ခွင့်မပေးလိုကုန်၍ အာဟာရကို ဖြတ်သဖြင့် အမိအဘတို့ကို ခွင့်ပြုစေ၍ ထိုသောဏက လုလင်သည် ငါးကျိပ် ငါး ယောက်သော သတို့သားတို့နှင့်တကွ မဟေ့ဒ်၏အထံ၌ ရဟန်းပြု၍ ပဥ္စင်းအဖြစ်ကိုရပြီးသော် ရဟန္တာအဖြစ်သို့ရောက်၏၊ အရှင် ဒါသက မထေရ်သည် ထိုသောဏက မထေရ်ကို ပိဋကတ်သုံးပုံ အလုံးစုံကို သင်စေ၏၊ ထိုသောဏကမထေရ်သည် ဂိုဏ်း၏အကြီးဖြစ်၍ များစွာ သော သူတို့အား သုတ်, အဘိဓမ္မာ, ဝိနည်းကိုသင်စေ၏။

အရှင်သိဂ္ဂဝမထေရ်ကား ပါဋလိပုတ်ပြည်၌ သိဂ္ဂဝမည်သောအမတ် ဖြစ်၍ ဥတုသုံးပါးတို့အား လျောက်ပတ်သော ပြာသာဒ်သုံးဆောင်တို့၌ စည်းစိမ်ခံစား၏၊ ထိုသိဂ္ဂဝအမတ်သည် တနေ့သ၌ မိမိ၏အဆွေခင်ပွန်း ဖြစ်သော စဏ္ဍဝဇ္ဇီအမည်ရှိသော သူဌေးသားနှင့်တကွ များစွာသော အခြံအရံဖြင့် ခြံရံလျက် ကုက္ကုဋာရာမကျောင်းသို့သွား၍ ထိုကျောင်း၌ သမာပတ်ဝင်စားသောအရှင်သောဏကမထေရ်ကိုမြင်၍ ရှိခိုး၍ မိမိနှင့် တကွ စကားမပြောဆိုသည်ကိုသိ၍ ရဟန်းတို့ကို "ဤ အရှင်သည် အဘယ့်ကြောင့် စကားမပြောပါသနည်း"ဟုမေး၍"သမာပတ်ဝင်စား သော ရဟန်းတို့သည် စကားမပြောကုန်"ဟု ဆိုသော် "အဘယ်သို့ လျှင် သမာပတ်မှ ထကုန်သနည်း" ဟု မေးပြန်၍ "မြတ်စွာဘုရား ခေါ်တော်မူသဖြင့်, သံဃာခေါ်သဖြင့်, ပိုင်းခြားသော ကာလဖြင့်, အာယုသင်္ခါရကုန်သဖြင့် ထ၏"ဟု ဆိုကုန်၍ ထိုသိဂ္ဂဝအမတ်၏ အခြံ အရံနှင့်တကွ ဥပနိဿယကိုမြင်သဖြင့် သံဃာ၏စကားဖြင့် အရှင် သောဏကသည် သမာပတ်မှထ၏။

သမာပတ်မှ ထပြီးသော် သောဏကမထေရ်ကို သိဂ္ဂဝ အမတ်သည် "အဘယ်ကြောင့် စကားမပြောတော်မူပါသနည်း" ဟု မေး၏၊ "မင်း သား....စားအပ်သည်နှင့်ယှဉ်သည်ကို စားကုန်၏"ဟု ဆိုသော်"အရှင် ဘုရားတို့....ဘောဇဉ်ကို အကျွန်ုပ်တို့အားလည်း စားစေခြင်းငှါ တတ် နိုင်ပါအံ့လော" ဟု လျှောက်သော်"သတို့သား....ငါတို့ကဲ့သို့ ရဟန်း ပြုလျှင် စားစေခြင်းငှါတတ်နိုင်၏"ဟူ၍ မထေရ်မိန့်သော် ထိုအကြောင်း ကိုအမိအဘတို့အားကြား၍ ထိုအမိအဘတို့သည် ခွင့်ပြုအပ်သည်ဖြစ်၍ မိမိအဆွေခင်ပွန်း စဏ္ဍဝဇ္ဇီသူဌေးသားနှင့်ရင်း, ငါးရာသော မင်းချင်း

ယောက်ျားတို့နှင့်ငင်း တကွ အရှင်သောဏကမထေရ်၏အထံ၌ ရဟန်းပြုသဖြင့် ပဉ္စင်းဖြစ်၏။

ထိုငါးရာ နှစ်ယောက်တို့တွင် သိဂ္ဂဝမထေရ်, စဏ္ဍဝဇ္ဇီမထေရ် ဤနှစ်ယောက်တို့သည် ဥပဇ္ဈာယ်အရှင်သောဏကအထံ၌ ပိဋကတ်သုံးပုံကို တတ်အောင်သင်၍ နောက်အဘို့၌ ဆဠဘိညရဟန္တာ ဖြစ်ကြကုန်၏၊ ထိုနှစ်ပါးတို့တွင် အရှင်သိဂ္ဂဝမထေရ်၏ အထံ၌ ပိဋကတ်သုံးပုံကို သင်၍ တတ်ကုန်သောသူတို့ကား ရဟန္တာချည်းတထောင် အရေအတွက်ရှိ၏၊ ပုထုဇဉ်, သောတာပန်, သကဒါဂါမိ, အနာဂါမိတို့ကား အရာအထောင် အသောင်း အသိန်းဟူ၍ ပိုင်းခြားနိုင်သော မည်သည်မရှိ၊ ရေတွက်ခြင်းအစဉ်ကို လွန်စေကုန်၏၊ အရှင်သိဂ္ဂဝကျမ်းပို့သော အခါ ဇမ္ဗုဒီပါကျွန်း၌ ရဟန်းအတိုင်းမသိများသည် ဖြစ်၏။

## ၂၇၂။ ရှင်ယသထေရ်အစရှိသောရဟန္တာခုနစ်ရာတို့ ဒုတိယသင်္ဂါယနာတင်သည်ကိုပြခြင်း

ဘိုးတော်အဇ္ဇနမင်းကြီးထားသော သက္ကရာဇ် ၁၄၀-ခုတွင် အဇာတသတ်မင်းပြု၏၊ မြတ်စွာဘုရားကို မင်းအဖြစ်ဖြင့် ရှစ်နှစ် လုပ်ကျွေးရ၏၊ ဘုရားမရှိသည့်နောက် ၂၄-နှစ် ပေါင်း ၃၂-နှစ်မင်းပြု၏၊ သားဥဒယဘဒ္ဒ ၁၆-နှစ်၊ သားအနုရုဒ္ဓက ၄-နှစ်၊ သားမုဏ္ဍက ၄-နှစ်၊ နာဂဒါသက ၂၄-နှစ်၊ သုသုနာဂမင်း ၁၈-နှစ်မင်းပြုရ၏၊ သုသုနာဂမင်း လွန်သော် သားကာလာသောကသည် ၂၈-နှစ် မင်းပြု၏၊ ကာလာသောကမင်းပြု၍ အနှစ် ၂၀-ပြည့်တွင် မြတ်စွာဘုရား သာသနာတော် အနှစ် ၁၀၀-ပြည့်၏။ ။မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု၍ အနှစ် ၁၀၀-ရှိပြီးသည်မှနောက်၌ ကာလာသောကမင်း လက်ထက်တွင် ဝေသာလီပြည်၌ နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဆယ်ပါးသော ဝတ္ထုကို ထင်ရှားပြကုန်၏။

ဆယ်ပါးသောဝတ္ထုဟူသည်ကား "ကပ္ပတိသိင်္ဂီလောဏကပ္ပေါ၊ ကပ္ပတိဒွင်္ဂုလကပ္ပေါ" အစရှိသည်တို့တည်း၊ ထိုအခါ၌ ကာကဏ္ဍက ပုဏ္ဏားမ၏သားဖြစ်သောအရှင်ယသ သည် ဝဇ္ဇီတိုင်းမှ ဒေသစာရီကြွသည်ရှိသော် ဝေသာလီပြည်သို့ရောက်၍ မဟာဝုန်တောဝယ် ကူဋာဂါရ

သာလာ၍နေ၏၊ ထိုအခါ ဝေသာလီ၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဥပုသ်နေ့၌ လင်ပန်းကို ရေဖြင့်ပြည့်စေလျက် ရဟန်းသံဃာ၏ အလယ်၌ထား၍၊ လာတိုင်းလာတိုင်းသော ဝေသာလီပြည်သား ဒါယကာတို့ကို''ဒါယကာတို့....သံဃာ့အား တသပြာကိုလှူကုန်လော့၊ငါးမူးကို လှူကုန်လော့၊ တမတ်ကိုလှူကုန်လော့၊ ပဲယုတ်ကို လှူကုန်လော့၊ သံဃာ့အား ပရိက္ခရာဖြင့်ပြုဘွယ်ကိစ္စ ဖြစ်လတ္တံ့သည်''ဟူ၍ ဆိုကုန်၏၊ ထိုသို့ပြုသည်ကိုမြင်၍ အရှင်ယသသည် ဒါယကာတို့ကို ဤသို့ဆို၏။

''ဒါယကာတို့..သံဃာအား တသပြာကိုဎင်း,ငါးမူးကိုဎင်း,တမတ်ကိုဎင်း,ပဲယုတ်ကိုဎင်း မလှူကုန်လင့်၊သကျဝင်မင်းသား ရဟန်းတို့အား ရွှေငွေသည်မအပ်၊ သကျဝင်မင်းသား ရဟန်းတို့သည် မသာယာအပ်ကုန်၊သကျဝင်မင်းသား ရဟန်းတို့သည် ရွှေငွေကို အလှူမခံအပ်ကုန်'' ဟူ၍ဆို၏၊ ဤသို့ အရှင်ယသ ဆိုသော်လည်း ဝေသာလီ ပြည်သား ဒါယကာတို့သည် သံဃာအား တသပြာကိုဎင်း, ငါးမူးကိုဎင်း,တမတ်ကိုဎင်း,ပဲယုတ်ကိုဎင်းလှူကုန်၏၊ ထိုညဥ့်လွန်သဖြင့် ဝေသာယီပြည်သား ရဟန်းတို့သည် ရဟန်းအစဥ်ဖြင့် အဘို့ကိုထား၍ ဝေကုန်၏၊ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အရှင်ယသကို''ငါ့ရှင်ယသ....ဤအစုသည်သင်၏အဘို့ဟူ၍ဆိုကုန်၏၊''ငါ့ရှင်တို့....ငါ့အား အဘို့မရှိ၊ငါသည် ရွှေငွေကို မသာယာ''ဟူ၍ အရှင်ယသဆိုသော် ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ငါ့ရှင်တို့....ကာကဏ္ဍကပုတ္တ၏သား ဤယသသည် သဒ္ဓါကြည်ညိုကုန်သော ဒါယကာတို့ကို ဆဲရေး၏၊ငါတို့အား မကြည်ညိုအောင်ပြု၏၊ ထိုယသအား ငါတို့သည် **ပဋိသာရဏီယကံ** ကို ပြုကုန်အံ့'' ဟု ထိုဝဇ္ဇီရဟန်းတို့သည် အရှင်ယသအား ပဋိသာရဏီယကံကို ပြုကုန်၏၊ ထိုအခါ အရှင်ယသသည် ဤသို့ဆို၏၊အရှင်တို့....ပဋိသာရဏီယကံကို ပြုအပ်သော ရဟန်းအား တမန်အဆင့်ကို ပေးအပ်၏''ဟုဆို၏။

ထိုအခါ ဝဇ္ဇီရဟန်းတို့သည် ရဟန်းတယောက်ကိုသမုတ်၍ အရှင်ယသအား တမန်အဆင့်ကို ပေးကုန်၏၊အရှင်ယသသည် ထိုရဟန်းနှင့်တကွ ဝေသာလီပြည်သို့ဝင်၍ ဒါယကာတို့ကို ဤသို့ဆို၏၊''ဒါယကာတို့....အကြင်ငါသည် တရားမဟုတ်သည်ကို တရားမဟုတ်ဟု ဆို၏၊ တရားဟုတ်သည်ကို တရားဟုဆို၏၊ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်

ဟုဆို၏၊ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုဆို၏၊ ထိုငါသည်သဒ္ဒါကြည်ညို ကုန်သော သင်ဒါယကာတို့ကို ဆဲရေးသတတ်၊ မကြည်ညိုသည်ကို ပြု သတတ်၊ ဒါယကာတို့….မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌နေတော် မူသောအခါ ရဟန်းတို့ကို ဤသို့ဟောတော်မူ၏။

"ချစ်သားရဟန်းတို့…. တိမ်,ဆီးနှင်း,မီးခိုးမြူ,ရာဟုဤလေးပါးတို့ သည် အကြေးတို့အညစ်တည်း၊ ဤလေးပါးတို့ကြောင့် လ,နေတို့သည် မတောက်ပကုန်၊မလင်းကုန်၊မတင့်တယ်ကုန်၊ထို့အတူရှင်း၊ သေအရက် သောက်စားခြင်း, မေထုန်မှီဝဲခြင်း, ရွှေငွေတို့ကိုအလှူခံခြင်း, အနေသန နှစ်ဆယ့်တပါးစသော မတရားသဖြင့်ရသော ပစ္စည်းတို့ဖြင့် အသက် မွေးခြင်း ဤလေးပါးသောအကြောင်းတို့သည် ရဟန်းတို့အားအရောင် အဝါမရှိခြင်း၏ အကြောင်းတို့တည်း၊ ဤလေးပါးတို့ကြောင့် ရဟန်း တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်၊ ဤသို့ မြတ်စွာဘုရားဟောတော်မူသောကြောင့် သကျဝင်မင်းသား ရဟန်းတို့ အား ရွှေငွေတို့ကို အလှူမခံအပ်ဟု အယူရှိသည်ဖြစ်၍ အကြင်ငါသည် တရားမဟုတ်သည်ကိုလည်း တရားမဟုတ်၊ ဝိနည်းမဟုတ်သည်ကိုလည်း ဝိနည်းမဟုတ်ဟုဆို၏၊တရားဟုတ်သည်ကိုလည်း တရားဟုတ်၏၊ ဝိနည်း ဟုတ်သည်ကိုလည်း ဝိနည်းဟုတ်၏ဟုဆို၏၊ ထိုငါသည် ဒါယကာတို့ အား ဆဲရေးသတတ်,ရေရွတ်သတတ်,မကြည်ညိုသည်ကို ပြုသတတ်" ဤသို့အစရှိသည်ဖြင့် အရှင်ယသ မိန့်တော်မူသည်ရှိသော် ဝေသာလီ ပြည်သား ဒါယကာတို့သည် အရှင်ယသကို ဤသို့ဆိုကုန်၏။

"ဘုန်းတော်ကြီးသော အရှင်ယသ….အရှင်ယသတပါးသည်သာ လျှင် သကျဝင်မင်းသားရဟန်းဟုတ်၏၊ဤဝဇ္ဇီတိုင်းသား ရဟန်းအလုံးစုံ တို့သည် သကျဝင်မင်းသား ရဟန်းမဟုတ်ကုန်၊ ဘုန်းတော်ကြီးသော အရှင်ယသ….အရှင်ယသသည် အကျွန်ုပ်တို့ဝေသာလီပြည်၌ အမြဲနေ တော်မူပါ၊ အကျွန်ုပ်တို့သည် အရှင်ဘုရားယသအား သင်္ကန်း, ဆွမ်း, ကျောင်းအိပ်ရာ, ဆေး ပစ္စည်းလေးတို့ဖြင့် လုံ့လပြုပါကုန်အံ့"ဟု လျှောက်ကုန်၏၊ ထိုအခါ အရှင်ယသသည် ဝေသာလီပြည်သား ဒါယ ကာတို့အား တရားကိုသိစေ၍ အဆင့်တမန်နှင့်တကွ ကုသမ္ဘီပြည်သာလာ သို့သွား၏။

ထိုရောအခါ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အဆင့်အမန်ကို မေးကုန်၏၊ "ငါ့ရှင်....ဝေသာလီပြည်သား ဒါယကာတို့ကို ကာကဏ္ဍက ပုဏ္ဏားသား ယသသည် ကန်တော့အပ်ပြီလော" ဟု မေးကုန်၏၊ "ငါ့ရှင်တို့....ငါတို့ကို ဥပါသကာတို့သည် အယုတ်ကိုပြုအပ်ပြီ၊ ယသ ရဟန်းတယောက်ကိုသာ သကျဝင်မင်းသား ရဟန်းပြုအပ်ပြီ၊ ငါတို့ အလုံးစုံကို သကျဝင်မင်းသားရဟန်း မဟုတ်သည်ကို ပြုအပ်ပြီ"ဟူ၍ တမန်ရဟန်းက ကြားသော် ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့ သည် "ငါ့ရှင်တို့....ငါတို့ မသမုတ်အပ်ဘဲ ယသသည် လူတို့အား ရဟန်းတို့အကျင့်ကို ထင်ရှားပြ၏၊ ငါတို့သည် ယခုယသအား နှင်ထုတ် အပ်သော ဥက္ခေပနီယကံကို ပြုကုန်အံ့"ဟု တိုင်ပင်ကုန်၍ ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အရှင်ယသအား နှင်ထုတ်သောကံကို ပြုကုန်အံ့သောငှါ စည်းဝေးကုန်၏။

### အရှင်ယသကောသမ္ဗီပြည်သို့ကြွခြင်း

ထိုအခါ အရှင်ယသသည် ကောင်းကင်သို့ပျံတက်၍ ကောသမ္ဗီပြည်၌ တည်လေ၏၊ ထိုအခါ အရှင်ယသသည် ပါဝေယျက တိုင်းသား ရဟန်းတို့၏ရင်း၊ အဝန္တိဒက္ခိဏာပထတိုင်းသား ရဟန်းတို့၏ရင်း အထံ သို့ တမန်စေ၏၊ "ငါ့ရှင်တို့သည် လာကုန်လော့၊ သူတော်ကောင်းမဟုတ် သောသူတို့၏တရား,ဝိနည်းမဟုတ်သောတရားတို့သည် မထွန်းပကုန်မီ၊ သူတော်ကောင်းတို့၏တရား, ဝိနည်းတရားတို့သည် မတိမ်မြုပ်ကုန်မီ၊ သူတော်မဟုတ်သော သူတို့သည်ရင်း, ဝိနည်းကိုမယူသော သူတို့သည် ရင်း အားမကြီးကုန်မီ၊သူတော်ကောင်းတို့သည်ရင်း, ဝိနည်းဟုတ်သည် ကို ယူသော သူတို့သည်ရင်း အားမနည်းကုန်မီ ဤဝဇ္ဇီတိုင်းသားတို့ ပြုအပ်သောအဓိကရုဏ်းကို ငါတို့စိစစ်ကုန်အံ့"ဟု မှာစာနှင့် တကွ တမန်စေ၏။

ထိုအခါ သာဏဝါသီဖြစ်သော အရှင်သမ္ဘူတသည် အဟောဂင်္ဂါ တောင်၌နေ၏၊အရှင်ယသသည် ဂင်္ဂါတောင်၌ အရှင်သမ္ဘူတမထေရ်ရှိ ရာသို့ကပ်၍ မထေရ်ကို ရှိသေစွာရှိခိုး၍ တင့်အပ်သော အရပ်၌ နေပြီး သော် အရှင်ယသသည် အရှင်သမ္ဘူတမထေရ်ကို ဤသို့လျှောက်၏၊

"ဘုန်းတော်ကြီးသော အရှင်သူရား… ဤဝဇ္ဇီတိုင်းသား ဝေသာလီနေ ရဟန်းတို့သည် "ကပ္ပတိ သိင်္ဂီလောဏကပ္ပေါ"အစရှိသော ဆယ်ပါး သောဝတ္ထုတို့ကို ပြကုန်၏၊အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို စီစစ်ပါ ကုန်အံ့"ဟုအောက်၌ ဆိုခဲ့ပြီးသော သူတော်မဟုတ်သောသူတို့၏တရား မထွန်းပကုန်မီ၊ ဤသို့ အစရှိသောစကားကို ဆို၍လျှောက်၏၊ အရှင် သမ္ဘုတမထေရ်သည်လည်း အရှင်ယသအား"ကောင်းပြီ"ဟု ဝန်ခံ၏၊ ထိုအခါပါဝေယျကတိုင်းသားဖြစ်ကုန်သောအလုံးစုံသောအာရညကင် ဓုတင်, ပိဏ္ဍပါတ်ဓုတင်, ပံသုကူဓုတင် ဆောက်တည် ကုန်သော ခြောက်ကျိပ်ကုန်သော ရဟန္တာ မထေရ်တို့သည် အဟောဂင်္ဂါ တောင်၌ စည်းဝေးလာကုန်၏၊ အဝန္တိဒက္ခိဏာပထ တိုင်းသားဖြစ် ကုန်သော အချို့အာရညကင်ဓုတင်, အချို့ပိဏ္ဍပါတ်ဓုတင်, အချို့ ပံသုကူဓုတင်, အချို့တိစီဝရိက်ဓုတင် ဆောက်တည်ကုန်သော အလုံး စုံသော ရဟန္တာဖြစ်ကုန်သော ရှစ်ကျိပ်သော မထေရ်တို့သည်လည်း အဟောဂင်္ဂါတောင်၌ စည်းဝေးလာကုန်၏။

## မထေရ်မြတ်တို့တိုင်ပင်ကြခြင်း

ထိုအခါ အလုံးစုံသော မထေရ်တို့အား ဤသို့တိုင်ပင်ခြင်းသည် ဖြစ်၏၊ ဤအဓိကရုဏ်းသည် ကြမ်းတမ်းရဲရင့်၏၊ အကြင်အပေါင်းအ ဘော်ဖြင့် ငါတို့သည် ဤအဓိကရုဏ်း၌ အားကြီးကုန်သည် ဖြစ်ရာ၏၊ ထိုအပေါင်းအဘော်ကို ငါတို့သည် အဘယ်သို့လျှင် ရကုန်အံ့နည်း ဟု တိုင်ပင်ကုန်၏၊ ထိုအခါ များစွာသော အကြားအမြင်ရှိသော, ရောက်ပြီးသော မဂ်ဖိုလ်ရှိသော, သုတ်, အဘိဓမ္မာ, ဝိနည်းကိုဆောင် သော, မာတိကာကိုဆောင်သော, ပညာရှိသော, လိမ္မာသော, မိုယ်း ကြီးစက်နှင့်တူသောပညာရှိသော, အလိုလိုသိတတ်သော, သိက္ခာပုဒ် ကိုအလိုရှိသော အရှင်ရေဝတသည် **သောရေယျ** မြို့၌နေ၏၊ ထိုအခါ မထေရ်ကြီးတို့အား ဤသို့အကြံသည် ဖြစ်၏၊ အကြားအမြင်များ သော, ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိသော, သုတ်, အဘိဓမ္မာ, ဝိနည်းကိုဆောင်သော, ပညာရှိသော အရှင်ရေဝတသည် သောရေ ယျမြို့၌နေ၏၊ အကယ်၍ ငါတို့သည် အရှင်ရေဝတကို အပေါင်းအ

ဘော်ပြကုန်သည် ရှိသော် ငါတို့သည် ဤအဓိကရုဏ်း၌ အားကြီးသည် ဖြစ်အံ့ဟု တိုင်ပင်ပြောဆိုကုန်၏။

ထိုမထေရ်ကြီးတို့၏ တိုင်ပင်သော စကားကို အရှင်ရေဝတသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏အကြားကိုလွန်သော နတ်နားဖြင့် ကြားတော်မူ၍ ဤသို့ကြံ၏၊ ဤအဓိကရုဏ်းသည် ကြမ်းတမ်း၏၊ ရဲရင့်၏၊ ဤသို့ သဘောရှိသော အဓိကရုဏ်း၌ အကြင်ငါသည် နောက်သို့ ဆုတ်ငြားအံ့၊ ထိုသို့နောက်သို့ဆုတ်ခြင်းသည် ငါ့အား မလျောက်ပတ်၊ ယခုအခါ၌ ထိုရဟန်းတို့သည် ငါ့ထံလာကုန်လတ္တံ့၊ ငါသည် ထိုရဟန်းတို့နှင့် ပြွမ်းလျက် မချမ်းသာသည် ဖြစ်လတ္တံ့၊ အကယ်၍ ငါသည် ရှေးဦးစွာ သွားနင့်ရာ၏ ဟုကြံ၍ ထိုအရှင်ရေဝတသည် သောရေယျမြို့မှ သင်္ကဿ ပြည်သို့ ကြွတော်မူလေ၏။

အရှင်ယသအစရှိသော မထေရ်တို့သည် သောရေယျမြို့သို့သွားကုန်၍ "အရှရေဝတသည် အဘယ်အရပ်၌ နေတော်မူသနည်း" ဟု မေးကုန်၏၊ ထိုသောရေယျမြို့သား ရဟန်းတို့သည် "အရှင်ရေဝတသည် သင်္ကဿပြည်သို့ ကြွတော်မူလေ၏" ဟု ဆိုကုန်၏၊ အရှင် ရေဝတသည် တဖန် သင်္ကဿမှ ကဏ္ဏကုဇ္ဇမြို့သို့ ကြွတော်မူပြန်လေ၏၊ ထိုအရှင်ယသစသော မထေရ်တို့သည် သင်္ကဿပြည်သို့လိုက်၍ "အရှင်ရေဝတသည် အဘယ်အရပ်၌ နေတော်မူသနည်း" ဟု မေးကုန်၏၊ ထိုသင်္ကဿမြို့နေ ရဟန်းတို့သည် "အရှင်ရေဝတသည် ကဏ္ဏကုဇ္ဇ မြို့သို့ ကြွတော်မူလေပြီ" ဟူ၍ဆိုကုန်၏၊ အရှင်ရေဝတသည် ကဏ္ဏကုဇ္ဇမှ ဥဒုမ္ဗရမြို့သို့ ကြွတော်မူလေ၏၊ မထေရ်တို့သည် ကဏ္ဏကုဇ္ဇသို့လိုက်၍ မေးကုန်သော် ကဏ္ဏကုဇ္ဇသား ရဟန်းတို့သည် "အရှင်ရေဝတသည် ဥဒုမ္ဗရမြို့သို့ ကြွတော်မူလေပြီ" ဟူ၍ဆိုကုန်၏၊

ထိုအခါ အရှင်ရေဝတသည် ဥဒုမ္ဗရမှ အဂ္ဂဠပုရပြည်သို့ ကြွတော်မူလေ၏၊ ထိုမထေရ်ကြီးတို့သည် ဥဒုမ္ဗရမြို့သို့လိုက်၍ မေးပြန်ကုန်၏၊ ဥဒုမ္ဗရမြို့သား ရဟန်းတို့သည် "ထိုအရှင်ရေဝတသည် အဂ္ဂဠပုရသို့ ကြွတော်မူလေ၏" ဟုဆိုကုန်၏၊ ထိုအခါ အရှင်ရေဝတသည် အဂ္ဂဠပုရမှ သဟံဇာတိသို့ ကြွတော်မူလေ၏၊ အရှင်ရသစသော မထေရ်တို့သည်

အဂ္ဂဠပုရသို့လိုက်၍ မေးပြန်သော် အဂ္ဂဠပုရပြည်သား ရဟန်းတို့သည် "အရှင်ရေဝတသည် သဟံဇာတိသို့ ကြွတော်မူလေပြီ" ဟု ဆိုကုန်၏၊ ထိုမထေရ်ကြီးတို့သည် အဂ္ဂဠပုရမှ သဟံဇာတိသို့ လိုက်လေကုန်သော် ထိုသဟံဇာတိ၌ အရှင်ရေဝတကို မှီလေကုန်၏။

ထိုသို့ မှီသောအခါ၌ သာဏဝါသီအရှင်သမ္ဘူတသည် အရှင်ယသကို ဤသို့ဆို၏၊ "ငါ့ရှင်ရသ....အရှင်ရေဝတသည် များသောအကြားအမြင်ရှိ၏၊ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိ၏၊ သုတ်, အဘိဓမ္မာ, ဝိနည်းကိုဆောင်၏၊ မာတိကာကိုဆောင်၏၊ ပညာရှိ၏၊ လိမ္မာ၏၊ အကြောင်းဟုတ်သည်,မဟုတ်သည်ကို သိသောပညာရှိ၏၊ အလိုလိုသိတတ်၏၊ သိက္ခာပုဒ်ကိုအလိုရှိ၏၊ အကယ်၍ ငါတို့သည် အရှင်ရေဝတကို ပြဿနာ မေးကုန်အံ့၊ တခုသော ပြဿနာဖြင့်ပင် အရှင်ရေဝတသည် တညဉ့်လုံးကို ကုန်စေခြင်းငှါ စွမ်းနိုင်၏၊ ယခုအခါ၌ အရှင်ရေဝတသည် တပည့်ကို သရဇ္ဈာယ်ခြင်းကို တိုက်တွန်းလတ္တံ့၊ ငါ့ရှင်ယသသည် ထိုတပည့် သရဇ္ဈာယ်သောအဆုံး၌ အရှင်ရေဝတသို့ ကပ်၍ ဤဆယ်ပါးသောဝတ္ထုကို မေးချေလော့" ဟူ၍ ဆို၏၊ အရှင်ယသသည် "ကောင်းပြီအရှင်ဘုရား" ဟု အရှင်သမ္ဘူတအား ဝန်ခံ၍ အရှင်ရေဝတသို့ ကပ်လေ၍ ရှိခိုး၍ တင့်အပ်သော အရပ်၌ နေ၏၊အရှင်ရေဝတသည် တပည့်ကို သရဇ္ဈာယ်ခြင်းကို တိုက်တွန်း၍ သရဇ္ဈာယ်သောအဆုံး၌ အရှင်ယသ ဤသို့လျှောက်၏။

## ဆယ်ပါးသောဝတ္ထု၊

၁။ "ဘုန်းတော်ကြီးသော အရှင်ဘုရား....သိင်္ဂီလောဏ ကပ္ပကို သုံးဆောင်ခြင်းသည် အပ်ပါ၏လော"ဟု လျှောက်၏၊ "ငါ့ရှင်....ထို သိင်္ဂီလောဏ ကပ္ပကို သုံးဆောင်ခြင်း ဟူသည် အဘယ်သို့ သုံးဆောင်ခြင်းနည်း"ဟု မေးတော်မူသော် "အရှင်ဘုရား....အကြင် အရပ်၌ ဆားမရှိသော ဆွမ်းသည် ဖြစ်လတ္တံ့၊ ထိုအရပ်၌ သုံးဆောင်ရလတ္တံ့ဟု ဆားကို သားချို၌ ထည့်၍ သုံးဆောင်ခြင်းသည် အပ်ပါ၏လော"ဟု လျှောက်၏၊ "ငါ့ရှင်....မအပ်"ဟူ၍ မိန့်၏။

၂။ "အရှင်ဘုရား….ဒွင်္ဂုလကပ္ပသည် အပ်ပါ၏လော"ဟုလျှောက်၏၊ "ငါ့ရှင်….ဒွင်္ဂုလကပ္ပဟူသည် အဘယ်နည်း"ဟုမေးသော် "အရှင်ဘုရား…. လက်နှစ်သစ် အရိပ်မွန်းလွဲသော အခါ၌ ဘောဇဉ် ငါးပါးကို စားခြင်းသည် အပ်ပါ၏လော" ဟု လျှောက်၏၊ "ငါ့ရှင်….မအပ်"ဟု မိန့်၏။

၃။ "အရှင် ဘုရား….ဂါမန္တရ ကပ္ပသည် အပ်ပါ၏လော" ဟု လျှောက်၏၊ "ငါ့ရှင်….ဂါမန္တရကပ္ပဟူသည် အဘယ်နည်း" ဟု မေး၏၊ "အရှင်ဘုရား….ယခုအခါ၌ ရွာတပါးသို့ သွားအံ့ ဟု ဆွမ်းစားဆဲ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက် ဝိနည်းကံမပြုသော ဘောဇဉ်ကိုစားခြင်းငှါ အပ်ပါ၏လော" ဟုလျှောက်၏၊ "ငါ့ရှင်….မအပ်"ဟု မိန့်၏။

၄။ "အရှင်ဘုရား….အာဝါသ ကပ္ပသည် အပ်ပါ၏လော" ဟု လျှောက်၏၊ "ငါ့ရှင်….အာဝါသကပ္ပဟူသည် အဘယ်နည်း" ဟု မေး၏၊ "အရှင်ဘုရား….တသိမ်တည်း၌ နေကုန်သော တူသော ပေါင်းဘော်ခြင်းရှိကုန်သော ရဟန်းတို့သည် အထူး ထူးသော ဥပုသ်ကိုပြုခြင်းငှါ အပ်ပါ၏လော" ဟု လျှောက် သော် "ငါ့ရှင်….မအပ်"ဟု မိန့်၏။

၅။ "အရှင်ဘုရား….အနုမတိ ကပ္ပသည် အပ်ပါ၏လော" ဟု လျှောက်၏၊ "ငါ့ရှင်….အနုမတိကပ္ပဟူသည် အဘယ်နည်း" ဟု မေး၏၊ "အရှင်ဘုရား….မလာသေးသော ရဟန်းတို့ကို လာသောအခါ၌ အနုမတိကို ဆောင်အံ့ဟု ဝဂ်ဖြစ်သော သံဃာသည် ကံကိုပြုခြင်းငှါ အပ်ပါ၏လော"ဟု လျှောက်၏၊ "ငါ့ရှင်….မအပ်"ဟု မိန့်၏။

၆။ "အရှင်ဘုရား….အာစိဏ္ဏ ကပ္ပသည် အပ်ပါ၏လော" ဟု လျှောက်၏၊ ငါ့ရှင်….အာစိဏ္ဏကပ္ပဟူသည် အဘယ်နည်း" ဟု မေး၏၊ "အရှင်ဘုရား….ဤအလေ့ အကျက်သည် ငါ၏ ဥပဇ္ဈာယ်၏ အလေ့အကျက်အကျင့်,ဤသည်ကား ငါ၏ဆရာ၏ အလေ့အကျက် အကျင့်ဟု အတုကိုလိုက်၍ အလေ့ အကျက်

ပြုအံ့သောငှါ အပ်ပါ၏လော''ဟု လျှောက်သော် ''ငါ့ရှင်.... အချို့သော ဥပဇ္ဈာယ်ဆရာတို့၏ အလေ့အကျင့်သည် အပ်၏၊ အချို့သောအလေ့အကျင့်သည် မအပ်''ဟု မိန့်၏။

၇။ ''အရှင်ဘုရား....အမထိတ ကပ္ပသည် အပ်ပါ၏လော'' ဟု လျှောက်၏၊ ''ငါ့ရှင်....အမထိတကပ္ပဟူသည် အဘယ်နည်း'' ဟု မေး၏၊ ''အရှင်ဘုရား....နို့ရည်အဖြစ်ကို စွန့်ပြီး၍ နို့ဓမ်း အဖြစ်သို့ မရောက်သေးသောနို့ရည်ကို သုံးစားစဉ် ပဝါရိတ် သင့်သော ရဟန်းသည် အတိရိက်ဝိနည်းကံမပြုဘဲ သောက် ခြင်းငှါ အပ်ပါ၏လော''ဟု လျှောက်၏၊ ''ငါ့ရှင်....မအပ်ဟု မိန့်၏။

၈။ ''အရှင်ဘုရား....ဇဠောဂီကိုသောက်ခြင်းငှါ အပ်ပါ၏လော'' ဟု လျှောက်၏၊ ''ငါ့ရှင်....ဇဠောဂီဟူသည်အ ဘယ်နည်း'' ဟု မေး၏၊ ''အရှင်ဘုရား....သေအဖြစ် အရက် အဖြစ်သို့ မရောက်သေးသော စိမ်ပင်ရည်ကို သောက်ခြင်းငှါ အပ်ပါ၏ လော''ဟု လျှောက်၏၊ ''ငါ့ရှင်....မအပ်''ဟု အရှင်ရေဝတ မိန့်၏။

၉။ ''အရှင်ဘုရား....အမြိတ်မရှိသော နိသီဒိုန်သည် အပ်ပါ၏ လော''ဟု လျှောက်၏၊ ''ငါ့ရှင်ယသ....မအပ်''ဟု မိန့်၏။

၁၀။ ''အရှင်ဘုရား....ရွှေငွေတို့ကို အလှူခံခြင်းငှါအပ်ပါ၏လော'' ဟု အရှင်ယသ လျှောက်၏၊ ''ငါ့ရှင်...မအပ်'' ဟူ၍ အရှင် ရေဝတမိန့်တော်မူ၏။

''ဘုန်းတော်ကြီးသော အရှင်ဘုရား....ဝေသာလီ၌ နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဤဆယ်ပါးသော ဝတ္ထုတို့ကို ဝေသာလီ၌ ထင်ရှားပြုကုန်၏၊ ယခုအခါ၌ အကျွန်ုပ်တို့သည် ဤအဓိကရုဏ်းကို ယူပါကုန်အံ့၊ သူတော်မဟုတ်သော သူတို့၏တရားသည် မထွန်းပမီ'' ဤသို့အစရှိသော အောက်၌ဆိုခဲ့ပြီးသောနည်းဖြင့် အရှင်ယသ လျှောက် ၏၊ အရှင်ရေဝတသည် ''ကောင်းပြီ'' ဟု အရှင်ယသအား ဝန်ခံတော် မူ၏။

ဝေသာလီ၌ နေကုန်သော ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အရှင်ယသသည် ဤအဓိကရုဏ်းကို ယူအံ့သောငှါ အပင်းအသင်းကို ရှာသည်၊ အပင်းအသင်းကိုရပြီဟု ကြားလေကုန်၍ ဤအဓိကရုဏ်းသည် ကြမ်းတမ်း၏၊ ရဲရင့်၏၊ အကြင် အပင်းအသင်းဖြင့် ဤအဓိကရုဏ်း၌ ငါတို့သည် အားကြီးမြတ်ကုန်သည် ဖြစ်ရာ၏၊ ထို အပင်း အသင်းကို ငါတို့သည် အဘယ်ကဲ့သို့ ရပါကုန်အံ့နည်းဟု တိုင်ပင်ကုန်၏၊ ထိုရောအခါ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား ''ငါ့ရှင်တို့....ရှည်သော အသက်တော်ရှိသော အရှင်ရေဝတသည် အကြားအမြင်များ၏၊ ရောက်အပ်ပြီးသော မဂ်ဖိုလ်ရှိ၏၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်၏၊ ပညာရှိ၏၊ အရှင်ရေဝတကို အပေါင်းအဘော်ပြုရသော် ဤအဓိကရုဏ်း၌ အားကြီးမြတ်ကုန်သည် ဖြစ်ကုန်ရာ၏''ဟု တိုင်ပင်ကုန်၍ များစွာသော ရဟန်းပရိက္ခရာတို့ကို စီရင်ကုန်၏၊ သပိတ်, သင်္ကန်း, ခါးပန်း, ရေစစ်, ဓမကရိုဏ်, အပ်ကျည်တို့ကို စီရင်ကုန်၍ ဝေသာလီမှ လှေဖြင့် သဟံဇာတိသို့ ဆန်လေကုန်၏၊ ဆန်လေကုန်၍ သဟံဇာတိသို့ ရောက်ကုန်သော် လှေမှ သက်၍ တခုသော သစ်ပင်ရင်း၌ ဆွမ်းစားခြင်းကို ပြုကုန်၏။

### အရှင်သာဠ္ဌအား ဖြဟ္မာမင်းလျှောက်ထားခြင်း

ထိုရောအခါ ဆိတ်ကွယ်ရာနေရာ၌ နေ၍ ကိန်းအောင်းသော ရှည်သော အသက်တော်ရှိသော အရှင် သာဠှ အား ဤသို့သော စိတ်အကြံသည် ဖြစ်၏၊ အဘယ်ရဟန်းတို့သည် တရားကို ယူကုန်သနည်း၊ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို ယူကုန်သလော၊ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် တရားကို ယူကုန်သလောဟူ၍ ကြံဆင်ခြင်သော် သုတ်, အဘိဓမ္မာ, ဝိနည်းကို ဆင်ခြင်သော အရှင်သာဠ္ဌအား ငါတို့ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်၊ အနောက်မျက်နှာ ပါဝေယျက တိုင်းသားရဟန်းတို့သည် တရားကို ယူကုန်၏ဟု အကြံဖြစ်၏။

ထိုအခါ သုဒ္ဓါဝါသဘုံ၌ နေသော ဖြဟ္မာမင်းတယောက်သည် မိမိစိတ်ဖြင့် အရှင်သာဠ္ဌ၏ အကြံကို သိ၍ ဥပမာကား အားရှိစွာသော

ယောက်ျားသည် ကွေးသောလက်ကို ဆန့်ဘိသကဲ့သို့ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ၌ ကွယ်ခဲ့၍ အရှင်သာဂဋ၏ ရှေ့၌ ထင်ရှား ဖြစ်လာ၏၊ ထို ဗြဟ္မာသည် အရှင်သာဂဋအား ဤသို့ လျှောက်၏၊ "ဘုန်းတော်ကြီး သော အရှင်ဘုရားသာဂဋ....ကောင်းစွ, ကောင်းစွ၊ အရှင်ဘုရားတို့ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို မယူကုန်၊ အနောက်မျက်နှာ ပါဝေယျက တိုင်းသား အရှင်ယသစသော ရဟန်းတို့သည် တရားကို ယူပေကုန်သည်၊ ဘုန်းတော်ကြီးသော အရှင် ဘုရားသာဂဋသည် တရား ရှိတိုင်းတည်တော်မူပါ"ဟူ၍ ဗြဟ္မာမင်းသည် အရှင်သာဂဋကို လျှောက်၏၊ "ဗြဟ္မာကြီး....အကြင်အခြင်းဖြင့် တရား ရှိ၏၊ ထိုအခြင်းဖြင့် ငါသည် ရှေး၌လည်းတည်ပြီ၊ ယခုလည်း တည် ပါ၏၊ စင်စစ်သော်ကား ဗြဟ္မာကြီး....ငါသည် အယူကို ရှေးဦးက ထင်စွာမပြုအပ်၊ ဤအဓိကရုဏ်း၌ ငါ့ကိုသမုတ်ခြားအံ့လည်းမသိ"ဟု အရှင်သာဂဋ မိန့်တော် မူ၏၊

ထိုရောအခါ ဝေသာလီ၌ နေသော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် များစွာသော ရဟန်းပရိက္ခရာတို့ကို ယူ၍ အကြင်အရပ်၌ အရှင်ရေဝတ သည် ရှိ၏၊ ထိုအရပ်သို့ ကပ်လေကုန်၍ အရှင်ရေဝတကို ဤသို့ ဆိုလေ ကုန်၏၊ "အရှင်ရေဝတသည် ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာ သပိတ်,သင်္ကန်း,ခါးပန်း,ရေစစ်, ဓမကရိဏ်, အပ်ကျည်တို့ကို အလှူခံ တော်မူပါ"ဟု ဆို၏၊ ငါ့ရှင်တို့....ငါအလိုမရှိ ငါ၌ သပိတ် သင်္ကန်း ပြည့်စုံပြီ"ဟူ၍ အရှင်ရေဝတ ဆို၏။

ထိုရောအခါ အဝါနှစ်ဆယ်ရှိပြီးသော ဥတ္တရ အမည်ရှိသော ရဟန်း သည် အရှင်ရေဝတမထေရ်၏ အလုပ်အကျွေး ဖြစ်၏၊ ထိုဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အရှင်ဥတ္တရသို့ ကပ်လေကုန်၍ အရှင် ဥတ္တရကို ဤသို့ဆို၏၊ "အသက်ရှည်သော အရှင်ဥတ္တရသည် ရဟန်း တို့၏ ပရိက္ခရာ သပိတ်,သင်္ကန်း,ခါးပန်း,ရေစစ်,ဓမကရိဏ်,အပ်ကျည် ကို အလှူခံတော်မူပါ"ဟု ဆိုကုန်၏၊"ငါ့ရှင်တို့....ငါအလိုမရှိ၊ငါ့အား သပိတ်,သင်္ကန်း ပြည့်စုံပြီ"ဆို၍ အလှူမခံလို ရှိ၏၊ "ငါ့ရှင်ဥတ္တရ.... လူတို့သည်လည်း မြတ်စွာဘုရားအား ရဟန်းပရိက္ခရာကို ကပ်လှူ

ကုန်၏၊ အကယ်၍ မြတ်စွာဘုရား အလျှုခံအံ့၊ ထိုသို့မြတ်စွာဘုရား အလျှုခံတော်မူသဖြင့် ထိုလူတို့သည် နှစ်သက်ကုန်၏၊ အကယ်၍ မြတ်စွာဘုရား အလျှုခံတော်မမူအံ့၊ အရှင်အာနန္ဒာအား ကပ်လျှုကုန်၏၊ အရှင်ဘုရားသည် ရဟန်းပရိက္ခရာကို အလျှုခံတော်မူပါလော့၊ အရှင်ဘုရား အလျှုခံသည်ရှိသော် မြတ်စွာဘုရား အလျှုခံသကဲ့သို့ ဖြစ်ပါလတ္တံ့"ဟု ဆို၍ ကပ်လျှု ကုန်၏၊ "အရှင်ဥတ္တရသည် ရဟန်းပရိက္ခရာကို အလျှုခံတော်မူပါ၊ အရှင်ဥတ္တရသည် အလျှုခံပါသည်ရှိသော် ဤအလှူသည် အရှင်ရေဝတ အလျှုခံတော်မူသကဲ့သို့ ဖြစ်ပါလတ္တံ့"ဟု ဆို၍ ကပ်လျှု ကုန်၏။

ဤသို့ ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် အထပ်ထပ် ဆိုဘန်များသဖြင့်၊ သက်န်းတထည်ကို အရှင်ဥတ္တယူ၍ "ငါ့ရှင်တို့…. အကြင်အမှုဖြင့် အလိုရှိ၏၊ ထိုအမှုကို ဆိုကုန်လော့"ဟု အရှင်ဥတ္တရ ဆို၏၊ "အရှင်ဥတ္တရ….အရှင်သည် ဤမျှသော စကားကို ရှည်သော သက်တော်ရှိသော အရှင်ရေဝတကို လျှောက်တော်မူပါ၊ အရှင်ရေဝတ မထေရ်သည် သံဃာ့အလယ်၌ အရှေ့မျက်နှာ အရပ်၌ ဘုန်းကြီးကုန်သော ဘုရားတို့သည် ဖြစ်တော်မူကုန်၏၊ အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် တရားကို အယူရှိကုန်၏၊ အနောက်မျက်နှာပါဝေယျက တိုင်းသားရဟန်းတို့သည် တရားကို အယူမရှိကုန်၊ ဤမျှကို ဆိုတော်မူပါစေသတည်း" ဟု ရှင်ဥတ္တရကို ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့ ဆိုကုန်၏။

အရှင်ဥတ္တရသည် "ကောင်းပြီ"ဟု ဝေသာလီနေ ဝဇ္ဇီတိုင်းသား ရဟန်းတို့အား ဝန်ခံ၍ အရှင်ရေဝတရှိရာသို့ ကပ်၍ ရှိခိုး၍"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် သံဃာ့အလယ်၌ အရှေ့မျက်နှာ အရပ်၌ ဘုန်းကြီးကုန်သော ဘုရားတို့သည် ဖြစ်ကုန်၏၊အရှေ့မျက်နှာ ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် တရားကိုယူကုန်၏၊ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် တရားကိုမယူကုန်၊ ဤမျှသော စကားကို မိန့်တော်မူပါ"ဟု လျှောက်၏၊ ထိုသို့ လျှောက်သော် အရှင်ရေဝတသည် အရှင်ဥတ္တရကို"ရဟန်း….သင်သည် ငါ့ကိုတရားမဟုတ်သည်၌ ယှဉ်စေဘိ၏၊ သင်သွားလေ" ဟုနှင်ထုတ်၏၊ ထိုရောအခါ

ဝေသာလီနေ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် လာကုန်၍ အရှင်ဥတ္တရကို မေးကုန်၏၊ "ငါ့ရှင် ဥတ္တရ····အရှင်ရေဝတမထေရ်သည် အဘယ်သို့ ဆိုအပ်သနည်း" ဟု မေးကုန်၏၊ "ငါ့ရှင်တို့····အရှင် ရေဝတသည် ငါတို့အား သူယုတ်ကိုပြုအပ်ကုန်ပြီ၊ သင်သည် အဘယ့်ကြောင့် မတရား သောအမှု၌ ယှဉ်စေဘိသနည်း"ဟုဆို၍ မထေရ်သည် ငါ့ကိုနှင်ထုတ်၏ ဟု အရှင်ဥတ္တရ ဆိုသော် "အရှင် ဥတ္တရ····သင်သည်ကြီးပြီ၊ အဝါ နှစ်ဆယ်ရှိပြီမဟုတ်လော"ဟုဝဇ္ဇီတိုင်းသားရဟန်းတို့ ဆိုကုန်၏၊"ငါ့ရှင် တို့··ကြီးပြီးသည်မှန်၏၊စင်စစ်သော်ကား ငါတို့သည် မထေရ်၌ အလေး အမြတ်နိဿရည်းကို ယူကုန်၏"ဟု ဆို၏။

ထိုရောအခါ အရှင်ရေဝတစသော မထေရ်တို့သည် ထိုအဓိကရုဏ်း ကို ဆုံးဖြတ်လိုကုန်၍ စည်းဝေးကုန်၏၊ ထိုအခါ အရှင် ရေဝတသည် သံဃာကိုသိစေ၏၊ "အရှင်ဘုရားတို့····သံဃာသည် အကျွန်ုပ်၏ စကား ကို နာစေသတည်း၊ အဓိကရုဏ်းကို ဤအရပ်၌ အကျွန်ုပ်တို့သည် အကယ်၍ ငြိမ်းစေကုန်အံ့၊ အဓိကရုဏ်းပြုသောရဟန်းတို့သည် တဖန် လှန်ပြန်ကုန်ရာ၏၊ သံဃာတော်အား လျောက်ပတ်သော အခါသည် ဖြစ်အံ့၊ အကြင်အရပ်၌ အဓိကရုဏ်းဖြစ်၏၊ ထိုအရပ်၌သာလျှင်ငြိမ်းစေ ရာ၏"ဟုသံဃာကိုသိစေ၍ အရှင်ရေဝတစသော အလုံးစုံသော မထေရ် ရဟန်းတို့သည် ထိုအဓိကရုဏ်းကို ဆုံးဖြတ်အံ့သောငှါ ဝေသာလီပြည် သို့ ကြွလေကုန်၏။

ထိုအခါ **အရှင်သဗ္ဗကာမိ** မထေရ်သည် မြေအပြင်၌ သံဃာ့ထေရ် တည်း၊ ပဥ္စင်းခံသည်မှ အနှစ်တရာ့နှစ်ဆယ်ရှိ၏၊ အရှင် အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်တည်း၊ ဝေသာလီပြည်၌ခနေ၏၊ ထိုအခါ အရှင် ရေဝတသည် သာဠှဝါသီ အရှင်သမ္ဘုတကိုစေ၏၊ "ငါ့ရှင်··အကြင် ကျောင်း၌ အရှင်သဗ္ဗကာမိ မထေရ်နေ၏၊ ထိုကျောင်းကို ငါသည် ကပ်လေအံ့၊ သင်သည် နံနက်စောစော အရှင်သဗ္ဗကာမိသို့ကပ်၍ ဆယ် ပါးသော ဝတ္ထုတို့ကို မေးလော"ဟုစေ၏၊ "ကောင်းပြီအရှင်ဘုရား"ဟု အရှင်သမ္ဘုတသည် အရှင်ရေဝတမထေရ်အား ဝန်ခံ၏၊အရှင်ရေဝတ သည် အရှင် သဗ္ဗကာမိ နေသောကျောင်းသို့ ကပ်လေ၏၊ အရှင် သဗ္ဗကာမိ၏အိပ်ရာကို တိုက်တွင်း၌ ခင်း၏၊တိုက်မုတ်ဦး၌ အရှင်ရေဝတ

၏အိပ်ရာကို ခင်း၏၊ ထိုအခါ အရှင်ရေဝတသည် ဤအရှင် သဗ္ဗကာမိသည် အသက်ကြီးရင့်သည်ဖြစ်၍ မအိပ်ဟုကြံ၍ အိပ်ခြင်းကို မပြုနေ၏၊ အရှင်သဗ္ဗကာမိသည်လည်း ဤအာဂန္တုကရဟန်းသည် ပင်ပန်းသဖြင့် မအိပ်ဟု အိပ်ခြင်းကို မပြုနေ၏။

အရှင် သဗ္ဗကာမိသည် မိုးသောက်သောအခါ၌ စောစောထ၍ အရှင် ရေဝတကိုဆို၏၊ "ငါ့ရှင်....သင်သည် ယခုအခါ၌ အဘယ်သို့သော နေခြင်းဖြင့် များစွာနေသနည်း"ဟု မေး၏၊ "အရှင်ဘုရား.... အကျွန်ုပ်သည် ယခုအခါ၌ မေတ္တာဈာန်ဖြင့် များစွာနေပါ၏" ဟု လျှောက်၏၊ ငါ့ရှင် သင်သည် ယခုအခါ၌ ကုလ္လကဝိဟာရဖြင့် များစွာနေသတတ် "ငါ့ရှင်....အကြင် မေတ္တာသည်ရှိ၏၊ ထိုမေတ္တာသည် ကုလ္လကဝိဟာရမည်၏"ဟု အရှင်သဗ္ဗကာမိ ဆို၏၊ "အရှင်ဘုရား.... အကျွန်ုပ်သည် ရှေးလူဖြစ်သောအခါ၌လည်း မေတ္တာကို လေ့ကျက်၏၊ ထို့ကြောင့် ယခုအခါ၌လည်း မေတ္တာဟူသော နေခြင်းဖြင့် များစွာနေ၏၊ စင်စစ်သော်ကား အကျွန်ုပ်သည် ရဟန္တာအဖြစ်သို့ ရောက်ပြီးသည်ကြာပြီ၊ အရှင်ဘုရားသည်ကား ယခုအခါ၌ အဘယ် မည်သောနေခြင်းဖြင့် များစွာနေတော်မူပါသနည်း"ဟု အရှင် သဗ္ဗကာမိအား အရှင် ရေဝတသည် လျှောက်၏၊ "ငါ့ရှင်....ယခုအခါ၌ ငါသည် သုညတဝိဟာရဖြင့် များစွာနေ၏ဟု အရှင်သဗ္ဗကာမိမိန့်၏ "မဟာပုရိသဝိဟာရဖြင့် ယခုအခါ၌ အရှင်ဘုရားသည် များစွာသော နေခြင်းကို ပြုတော်မူသတတ်၊ အရှင်ဘုရား....သုညတ ဝိဟာရသည် မဟာပုရိသဝိဟာရတည်း" ဟု အရှင်ရေဝတ လျှောက်သော် "ငါ့ရှင်....လူဖြစ်သောအခါ၌လည်း သုညတကိုလေ့ကျက်၏၊ ထိုကြောင့် သုညတဝိဟာရဖြင့် များစွာနေ၏ စင်စစ်သော်ကား ငါသည် ရဟန္တာ အဖြစ်သို့ရောက်သည်ကြာပြီ"၊ ဤသို့အရှင်ပဗ္ဗကာမိထေရ်မိန့်၏။

ဤသို့မထေရ်ကြီးနှစ်ပါးတို့ စကားပြောစဉ် သာဏဝါသီ အရှင်သမ္ဘူတသည် ရောက်လာ၏၊ အရှင်သမ္ဘူတသည် အရှင်သဗ္ဗကာမိသို့ ကပ်၍ရှိခိုး၍ တင့်အပ်ရာ၌ နေပြီးသော် အရှင်သဗ္ဗကာမိကို ဤသို့ လျှောက်၏၊ အရှင်ဘုရား...ဤဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားရဟန်းတို့သည်"ကပ္ပတိသိင်္ဂိလောဏကပ္ပေါ"အစရှိသော ဆယ်ပါးသောဝတ္ထု၊

တို့ကို ပြကုန်၏၊ "အရှင်ဘုရားသည် ဥပဇ္ဈာယ်ဆရာ၏အထံ၌ များစွာသော သုတ်,အဘိဓမ္မာ,ဝိနည်းကို သင်တော်မူ၏၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ဆင်ခြင်တော်မူသော အရှင်ဘုရားအား အဘယ်သို့ အယူတော်ရှိသည်ဖြစ်သနည်း၊ အဘယ်ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန် သနည်း၊ အရှေ့မျက်နှာ ဝေသာလီသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်သလော၊ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်သလော"ဟု အရှင်သမ္ဘူတ လျှောက်၏။

အရှင်သဗ္ဗကာမိ ဆိုပြန်၏၊ "ငါ့ရှင်သမ္ဘူတ···· သင်သည်လည်း ဥပဇ္ဈာယ်တို့၏အထံ၌ သုတ်,အဘိဓမ္မာ,ဝိနည်းကို များစွာသင်၏၊သုတ်, အဘိဓမ္မာ,ဝိနည်းကိုဆင်ခြင်သော ငါ့ရှင်အား အဘယ်သို့ အယူရှိသနည်း၊ အဘယ်ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်သနည်း၊ အရှေ့မျက်နှာ ဝေသာလီသား ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်သလော၊ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်သလော"ဟု အရှင်သမ္ဘူတကို မေးသော်–

"အရှင်ဘုရား···· သုတ်, အဘိဓမ္မာ, ဝိနည်းကို ဆင်ခြင်သော အကျွန်ုပ်အားအရှေ့မျက်နှာ ဝေသာလီသား ရဟန်းတို့သည် အဓမ္မဝါဒီ ဖြစ်ကုန်၏၊ အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီဖြစ်ကုန်၏"ဟု ဤသို့အယူရှိ၏၊ ထိုသို့အယူ ရှိသော်လည်း ဤအဓိကရုဏ်း၌ ငါ့ကိုတည်း အကယ်၍ သမုတ်ရာ၏ဟုကြံ၍ ထိုအယူကို ထင်စွာမပြု"ဟု အရှင်သမ္ဘူတသည် အရှင်သဗ္ဗကာမိကို လျှောက်သော်"သုတ်,အဘိဓမ္မာ, ဝိနည်းကိုဆင်ခြင်သော ငါ့အားလည်း အရှေ့မျက်နှာဝေသာလီသားရဟန်းတို့သည် အဓမ္မဝါဒီဖြစ်ကုန်၏၊ အနောက်မျက်နှာပါဝေယျကတိုင်းသား ရဟန်းတို့သည် ဓမ္မဝါဒီ ဖြစ်ကုန်၏ဟု အယူရှိ၏၊ ထိုသို့အယူရှိသော်လည်း ဤအဓိကရုဏ်း၌ ငါ့ကိုတည်း သမုတ်ချေ ငြားအံ့မသိဟု ထိုအယူကို ထင်စွာငါမပြု"ဟူ၍ အရှင်သဗ္ဗကာမိဆို၏။

ထိုအခါ သံဃာသည် ထိုအဓိကိုရုဏ်းကို ဆုံးဖြတ်အံ့သောငှါ စည်းဝေး၍ ထိုအဓိကရုဏ်းကို ဆုံးဖြတ်သည်ရှိသော် များစွာကုန်သော

စကားတို့သည်ဖြစ်ကုန်၏၊ဆိုအပ်သော တခုသောစကား၏ အနက်ကိုမျှ မသိအပ်၊ ထို အခါအရှင်ရေဝတသည် သံဃာကိုသိစေ၏၊ "အရှင်ဘုရားတို့…သံဃာသည် အကျွန်ုပ်၏ စကားကိုနာစေသတည်း၊ဤအဓိကရုဏ်းကို ဆုံးဖြတ်သည်ရှိသော် များစွာသောစကားတို့သည် ဖြစ်ကုန်၏၊ တခုသောစကား၏ အနက်ကိုမျှ မသိအပ်ကုန်၊ သံဃာအား လျောက်ပတ်သော အခါသည်ဖြစ်အံ့၊ သံဃာသည် ဤအဓိကရုဏ်းကို ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် ငြိမ်းစေရာ၏"ဟုသိစေ၍–

အရှေ့မျက်နှာ ဝေသာလီသား ရဟန်းတို့တွင်–

၁။ အရှင်သဗ္ဗကာမိ,

၂။ အရှင်သာဠှ,

၃။ အရှင်ခုဇ္ဇသောဘိတ,

၄။ အရှင်ဝါသဘဂါမိ,

အနောက်မျက်နှာ ပါဝေယျကတိုင်းသား ရဟန်းတို့တွင်–

၁။ အရှင်ရေဝတ,

၂။ သာဏဝါသီ အရှင်သမ္ဘူတ,

၃။ အရှင်ယသ,

၄။ အရှင်သုမန,

ဤသို့အားဖြင့် ရှစ်ပါးရှိသော မထေရ်ကြီးတို့ကိုရွေး၍ အရှင်ရေဝတသည် သံဃာကိုသိစေ၏။

"အရှင်ဘုရားတို့…သံဃာသည် အကျွန်ုပ်၏ စကားကို နာစေသတည်း၊သံဃာအား လျောက်ပတ်သော အခါသည် အကယ်၍ဖြစ်ပါအံ့၊ ပါစီနကရဟန်းလေးယောက်,ပါဝေယျက ရဟန်းလေးယောက်တို့ကို အဓိကရုဏ်းကို ငြိမ်းစေခြင်းငှါ သံဃာသည် သမုတ်ရာ၏၊ ဤသို့သမုတ်ခြင်းကို အကြင်ပုဂ္ဂိုလ်အား မနှစ်သက်၊ ထိုပုဂ္ဂိုလ်သည်ဆိုရာ၏၊အကြင်ပုဂ္ဂိုလ်သည် နှစ်သက်အံ့၊ ထိုပုဂ္ဂိုလ်သည် ဆိတ်ဆိတ်နေရာ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် နှစ်သက်သောအဖြစ်ကို မှတ်ရာ၏"ဟူ၍ သမုတ်၏။

ထိုရောအခါ ဆယ်ဝါရှိပြီးသော အရှင် **အဇိတ** သည် သံဃာအား ပါတိမောက်ပြသော ရဟန်းတည်း၊ ထိုအရှင်အဇိတကိုလည်း မထေရ်

ကြီးတို့အား နေရာခင်းစိမ့်သော်ငါ သံဃာသည် သမုတ်၏၊ ထိုအခါ၌ ထိုရှစ်ပါးသော မထေရ်ကြီးတို့အား အဘယ်အရပ်၌ ဤအဓိကရုဏ်းကို ငြိမ်းစေကုန်ရအံ့နည်းဟု အကြံဖြစ်၏၊ ထိုအခါ ဤ ဝါလိကာရာမ ကျောင်းသည် နှလုံးမွေ့လျော်ဘွယ်ရှိ၏၊ လူတို့၏ အသံလည်းနည်း၏၊ မြို့၏ကြွေးကြော်သံလည်း ကင်း၏၊ ဝါလိကာရာမ ကျောင်း၌ ဤအဓိကရုဏ်းကို ငြိမ်းစေကုန်အံ့ဟု ကြံကုန်၍ ဝါလိကာရာမ ကျောင်းသို့ မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည်ကြွလေကုန်၍ စည်းဝေးပြီးသော်-

“အရှင်ဘုရားတို့····သံဃာသည် အကျွန်ုပ်၏ စကားကို နာစေသတည်း၊အကယ်၍ သံဃာအား လျောက်ပတ်သော အခါသည်ဖြစ်အံ့၊ အကျွန်ုပ်သည် အရှင်သဗ္ဗကာမိကို ဝိနည်းကိုမေးအံ့”ဟု အရှင်ရေဝတသည် သံဃာကို သိစေ၏၊ အရှင်သဗ္ဗကာမိသည်လည်း သံဃာကို သိစေ၏၊ “ငါ့ရှင်တို့····သံဃာသည် ငါ၏စကားကို နာစေသတည်း၊ အကယ်၍ လျောက်ပတ်သော အခါသည် သံဃာအား ဖြစ်အံ့၊အရှင်ရေဝတသည် ငါ့ကို ဝိနည်းကို မေးသည်ရှိသော် ငါသည် အရှင်ရေဝတကို ဝိနည်းကို ဖြေအံ့”ဟု ဤသို့ သိစေ၏။

ထိုရေအခါ အရှင်ရေဝတသည် အရှင်သဗ္ဗကာမိကို “အရှင်ဘုရား····သိင်္ဂီလောဏကပ္ပကို သုံးဆောင်ခြင်းငါ အပ်ပါ၏လော”ဟု မေးလျှောက်၏၊ “ငါ့ရှင်ရေဝတ····သိင်္ဂီလောဏကပ္ပဟူသည် အဘယ်နည်း”ဟု အရှင်သဗ္ဗကာမိ မေးသော် “အရှင်ဘုရား····ဆားမရှိသော ဆွမ်းနှင့် ရော၍ စားအံ့ဟု ဆားကို သားချို၌ထည့်၍ သွားရာ လာရာ ဆောင်အံ့သော်ငါ အပ်ပါ၏လော”ဟု လျှောက်၏၊ “ငါ့ရှင်···· မအပ်”ဟု အရှင်သဗ္ဗကာမိ ဖြေ၏၊ “အဘယ်၌ ပယ်သနည်း”ဟု မေးပြန်သော် “သာဝတ္ထိပြည်၌ သုတ္တဝိဘင်း၌ ပယ်၏”ဟု ဖြေ၏၊ “အဘယ်အာပတ်သို့ ရောက်သနည်း”ဟု မေးပြန်သော်၊ “သိုမှီးခြင်းကို ပြုသောကြောင့် သင့်သော ပါစိတ်သို့ ရောက်၏”ဟု ဖြေ၏၊ ဖြေပြီးသော်—

“အရှင်ဘုရားတို့····သံဃာသည် အကျွန်ုပ်၏ စကားကို နာစေသတည်း၊ ဤရှေးဦးစွာ သိင်္ဂီလောဏ ဝတ္ထုကို သံဃာသည် ဆုံးဖြတ်

အပ်ပြီ၊ ဤဝတ္ထုသည် တရားမှလွဲ၏၊ ဝိနည်းမှလွဲ၏၊ မြတ်စွာဘုရားသာသနာတော်မှ အပ ဖြစ်၏၊ ရှေးဦးစွာ ဤစာရေးတံကိုချ၏''ဟု ကမ္မဝါစာရွတ်၏။

ဤသို့ စသည်ဖြင့် အောက်၌ အရှင်ယသသည် အရှင်ရေဝတကို မေး၍ အရှင်ရေဝတဖြေသကဲ့သို့ ကြွင်းသောဝတ္ထု ကိုးပါးတို့ကိုလည်း အရှင်ရေဝတသည် အရှင်သဗ္ဗကာမိကို မေး၍မအပ်ဟူ၍ ဖြေပြီးသော် ''အဘယ်၌ ပယ်သနည်း၊ အဘယ် အာပတ်သို့ ရောက်သနည်း''ဟု မေးပြန်၍—

ဒုတိယ ဒွင်္ဂုလဝတ္ထု၌ ရာဇဂြိုဟ်ပြည်၌ သုတ္တဝိဘင်း၌ ပယ်သည်၊ ဝိကာလဘောဇနပါစိတ်သို့ ရောက်၏။

တတိယ ဂါမန္တရဝတ္ထု၌ သာဝတ္ထိပြည်၌ သုတ္တဝိဘင်း၌ ပယ်၏၊ အတိရိက်ဝိနည်းကံ မပြုသော ဘောဇဉ်ကို စားသောကြောင့် ပါစိတ်သို့ ရောက်၏။

စတုတ္ထ အာဝါသ ဝတ္ထု၌ ရာဇဂြိုဟ်ပြည်၌ ဥပေါသထ သံယုတ်၌ ပယ်၏၊ ဝိနယာတိသာရ ဒုက္ကဋ်သို့ ရောက်၏။

ပဉ္စမ အနုမတိဝတ္ထု၌ စမ္ပေယျကဝိနယဝတ္ထု၌ ပယ်၏၊ ဝိနယာတိသာရ ဒုက္ကဋ်သို့ ရောက်၏။

ဆဋ္ဌ အာစိဏ္ဏဝတ္ထု၌ အချို့သော ဥပဇ္ဈာယ်ဆရာတို့၏ အာစိဏ္ဏသည် အပ်၏၊ အချို့သော အာစိဏ္ဏသည် မအပ်။

သတ္တမ အမထိတဝတ္ထု၌ သာဝတ္ထိပြည်၌ သုတ္တဝိဘင်း၌ ပယ်၏၊ အနတိရိတ္တ ဘောဇန ပါစိတ်သို့ ရောက်၏။

အဋ္ဌမ ဇဠောဂိဝတ္ထု၌ ကောသမ္ဗီပြည်၌ သုတ္တဝိဘင်း၌ ပယ်၏၊ သေအရက်သောက်ခြင်းကြောင့် သင့်သောပါစိတ်သို့ ရောက်၏။

နဝမ အဒသကနိသီဒန ဝတ္ထု၌ သုတ္တဝိဘင်း၌ ပယ်၏၊ ဆေဒနက ပါစိတ်သို့ ရောက်၏။

ဆယ်ခုမြောက်သော ဇာတရူပရဇတဝတ္ထု၌ ရာဇဂြိုဟ်ပြည်၌ သုတ္တဝိဘင်း၌ ပယ်၏၊ ရွှေငွေတို့ကို အလှူခံခြင်းကြောင့် သင့်သော ပါစိတ်သို့ ရောက်၏ဟု ဖြေ၏။

ဤဆယ်ပါးသော ဝတ္ထုတို့၌လည်း အောက်ပဌမဝတ္ထုကို ဖြေပြီး ဆုံးဖြတ်ပြီးသော အဆုံး၌ ကမ္မဝါစာကဲ့သို့ ပဌမအရာတွင် ဒုတိယ၊ ဒုတိယ အရာတွင် တတိယ အစရှိသည်ထည့်၍ "အရှင်ဘုရားတို့…. သံဃာသည် အကျွန်ုပ်၏ စကားကို နာစေသတည်း၊ ဤဒသမဆယ်ခု မြောက်သော ဝတ္ထုကို သံဃာသည် ဆုံးဖြတ်အပ်ပြီ၊ ဤဝတ္ထုသည် တရားနှင့်လွဲ၏၊ ဝိနည်းနှင့်လွဲ၏၊ မြတ်စွာဘုရား သာသနာတော်မှ အပ ဖြစ်၏၊ ဤဆယ်ခုမြောက် ဖြစ်သော စာရေးတံကိုချ၏" ဟု အရှင် ရေဝတသည် ကမ္မဝါစာကိုရွတ်၏၊ ထို့နောင်မှ အရှင် သဗ္ဗကာမိ သည်–

သုဏာတု မေ အာဝုသော သံဃော။ ဣမာနိ ဒသဝတ္ထူနိ သံဃေန ဝိနိစ္ဆိတာနိ၊ ဣတိဣမာနိ ဒသဝတ္ထူနိ ဥဒ္ဓမ္မာနိ ဥဗ္ဗိနယာနိ အပဂဘသတ္ထုသာသနာနိ။ နိဟတမေတံ အာဝုသော အဓိကရဏံ၊ သန္တံ ဝူပသန္တံ။

ဟူ၍ ကမ္မဝါစာရွတ်၏။

ဤပါဠိ၌ အဓိပ္ပါယ်ကား "ငါ့ရှင်တို့….သံဃာသည် ငါ၏စကားကို နာစေသတည်း၊ ဤဆယ်ပါးသော ဝတ္ထုတို့ကို သံဃာသည် ဆုံးဖြတ် အပ်ပြီ၊ ဤသို့ ဆုံးဖြတ်သဖြင့် ဤဆယ်ပါးသော ဝတ္ထုတို့သည် သုတ်, အဘိဓမ္မာ,ဝိနည်းနှင့် ဆန့်ကျင်ကုန်၏၊ မြတ်စွာဘုရား သာသနာ တော်မှ အပ ဖြစ်ကုန်၏၊"ငါ့ရှင်တို့….ဤအဓိကရုဏ်းငြိမ်းပြီ၊ ကောင်း စွာ ငြိမ်းပြီ"ဟူ လိုသည်။

ထိုနောင်မှ အရှင်သဗ္ဗကာမိသည် အရှင်ရေဝတကို ဤသို့ ဆို၏၊ စင်စစ်သော်ကား "အရှင်ရေဝတ….သင်သည် ဤဆယ်ပါးသော ဝတ္ထုတို့ကို ထိုရဟန်းတို့အား သိစေခြင်းငှါ ငါ့ကို သံဃာ့အလယ်၌ မေးဦးလော့"ဟု ဆို၍ ခုနစ်ရာသော သံဃာသည် စည်းဝေးသော အခါ၌ သံဃာ့အလယ်၌ ဤဆယ်ပါးသော ဝတ္ထုတို့ကို အရှင်သဗ္ဗ မိကာကို အရှင်ရေဝတသည် မေးပြန်၏၊ အရှင် သဗ္ဗကာမိ ဖြေတော် မူ၏။

ထိုရောအခါ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာ တင်ကုန်အံ့ ဟူ၍–

၁။ အရှင်သဗ္ဗကာမိ,
၂။ အရှင်သာဠ္ဌ,
၃။ အရှင်ခုဇ္ဇသောဘိတ,
၄။ အရှင်ဝါသဘဂါမိ,
၅။ အရှင်ရေဝတ,
၆။ အရှင်သမ္ဘူတ,
၇။ အရှင်ယသ,
၈။ အရှင်သုမန,

ဤမထေရ် ရှစ်ပါးတို့သည် ပဋိသမ္ဘိဒါပတ္တရဟန္တာချည်း ဖြစ်ကုန်သော ခုနစ်ရာသော ရဟန်းတို့ကိုရွေး၍ ဝေသာလီပြည် ဝါလိကာရာမကျောင်း၌ စည်းဝေးကုန်၍ အရှင်မဟာကဿပ အမှူးရှိသော ငါးရာကုန်သောရဟန္တာကြီးတို့သည် သင်္ဂါယနာတင်အပ်သည်နှင့် အတူလျှင် အလုံးစုံသော သာသနာတော်၏အညစ်အကြေးကို သုတ်သင်၍ ပိဋကတ်၏အစွမ်းအားဖြင့်,နိကာယ်၏အစွမ်းအားဖြင့်,အင်္ဂါ၏အစွမ်းအားဖြင့် ဤအလုံးစုံသော သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာ တင်ကုန်၏၊ ဒုတိယသင်္ဂါယနာသည် ရှစ်လတို့ဖြင့်ပြီး၏၊ ဤသင်္ဂါယနာကို ခုနစ်ရာသော ရဟန္တာတို့သည် ပြုအပ်သောကြောင့် **သတ္တသတိက** ဟူ၍လည်း ဆိုအပ်၏၊ ရှေးပြုအပ်သော သင်္ဂါယနာကိုစွဲ၍ ဒုတိယ သင်္ဂါယနာဟူ၍ လည်း ဆိုအပ်၏၊ ဤဒုတိယသင်္ဂါယနာ တင်ကုန်သော မထေရ် အပေါင်းတို့တွင်–

၁။ အရှင်သဗ္ဗကာမိ,
၂။ အရှင်သာဠ္ဌ,
၃။ အရှင်ခုဇ္ဇသောဘိတ,
၄။ အရှင်ရေဝတ,
၅။ အရှင်ယသ,
၆။ အရှင်သာဏသမ္ဘူတ,

ဤမထေရ်ကြီးခြောက်ပါးတို့သည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်တို့တည်း၊ မြတ်စွာဘုရားကို မြင်ဘူးလိုက်ကုန်၏၊ အရှင်သုမန, အရှင်ဝါသဘဂါမိ ဤနှစ်ပါးတို့သည် အရှင်အနုရုဒ္ဓါ၏ သဒ္ဓိဝိဟာရိက တပည့်တို့တည်း၊ မြတ်စွာဘုရားကို မြင်ဘူးလိုက်ကုန်၏၊ ဒုတိယ သင်္ဂါယနာဖြစ်သည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်လွန်သည်မှ နောက်၌ အနှစ် တရာ့နှစ်နှစ်တွင် ကာလာသောကမင်းကြီး လက်ထက်တော်၌ ဖြစ်သတည်း၊ ကာလာသောကမင်းကား ဆယ်ပါးသော ဝတ္ထုတို့ကို ထင်ရှားပြကုန်သော ဝဇ္ဇီတိုင်းသားရဟန်းတို့၏ အပင်းအသင်းတည်း။

---

## ၂၇၃။ ဒုတိယသင်္ဂါယနာတင်ပြီးနောက် တဆယ့်ရှစ်ဂိုဏ်းကွဲပြားသည်ကိုပြခြင်း

ဒုတိယသင်္ဂါယနာ တင်ခြင်းကိုပြုကုန်သော ခုနစ်ရာသော မထေရ်ကြီးတို့သည် နှင်ထုတ်အပ်ကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အပင်းအသင်းကို ရှာကုန်သည်ရှိသော် မိမိတို့အား လျောက်ပတ်သော အားနည်းသော အပင်းအသင်းကိုရ၍ အသီးအခြား **မဟာသင်္ဂီက** ဟူသော ဆရာနွယ်ကိုပြုကုန်၏၊ မဟာသင်္ဂီက ဆရာနွယ်မှ ကွဲပြား၍ ဂေါကုလိကဆရာနွယ်, ဧကဗ္ဗောဟာရိက ဆရာနွယ်ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့သည် ဖြစ်ကုန်၏၊ ဂေါကုလိကဆရာနွယ်မှ ကွဲပြန်၍ ပဏ္ဏတ္တိဝါဒဆရာနွယ်, ဗဟုလိကဆရာနွယ်ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့သည် ဖြစ်ကုန်၏၊ ထိုဆရာနွယ် နှစ်ပါးတို့၏အကြား၌ စေတိယဝါဒ အမည်ရှိသော တပါးသော ဆရာနွယ်သည်ဖြစ်၏၊ ဤသို့လျှင် မဟာသင်္ဂီက ဆရာနွယ်မှ အနှစ် ၁၀၀-အတွင်း၌ ငါးပါးသော ဆရာအနွယ်တို့သည် ဖြစ်ကုန်၏၊မူလရင်း မဟာသင်္ဂီကနှင့်သော် ခြောက်ပါးသောဆရာနွယ် တို့သည် ဖြစ်ကုန်၏။

ထိုအနှစ် ၁၀၀-အတွင်း၌သာလျှင် ဒုတိယသင်္ဂါယနာကို ပြုကုန်သော ထေရဝါဒဂိုဏ်းမှကွဲ၍ မဟိသာသက ဆရာနွယ်, ဝဇ္ဇိပုတ္တက ဆရာနွယ်ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့သည် ဖြစ်ကုန်၏၊ ထိုနှစ်ပါး တို့တွင် **ဝဇ္ဇိပုတ္တက** ဆရာနွယ်မှကွဲ၍ ဓမ္မုတ္တရိယဆရာနွယ်,ဘဒြယာနိက

ဆရာနွယ်, ဆန္နာဂါရိက ဆရာနွယ်,သမ္မိတိ ဆရာနွယ်ဟူ၍ လေးပါးကုန်သောဆရာနွယ်တို့သည် ဖြစ်ကုန်၏၊ထိုအနှစ်၁၀၀-တွင်း၌သာလျှင် မဟိသာသက ဆရာနွယ်မှကွဲ၍ သဗ္ဗတ္ထိဝါဒီဆရာနွယ်, ဓမ္မဂုတ္တိက ဆရာနွယ်ဟူ၍ နှစ်ပါးသော ဆရာနွယ်တို့သည် ဖြစ်ကုန်၏၊ သဗ္ဗတ္ထိဝါဒီဆရာနွယ်မှ ကွဲပြန်၍ ကဿပိယ ဆရာနွယ်တပါးဖြစ်၏၊ ကဿပိယ ဆရာနွယ်မှကွဲ၍ သင်္ကန္တိက ဆရာနွယ်တပါးဖြစ်၏၊ သင်္ကန္တိက ဆရာနွယ်မှကွဲပြီးသောနောက်၌ သဗ္ဗတ္ထိဝါဒ ဆရာနွယ်မှပင် ကွဲပြန်၍ သုတ္တဝါဒဟူသော ဆရာနွယ်သည် ဖြစ်၏။

ဒုတိယသင်္ဂါယနာကိုပြုကုန်သော မထေရ်တို့၏ ဝါဒဟုဆိုအပ်သော ထေရဝါဒဂိုဏ်းမှ ကွဲပြားကုန်၍ **မဟိသာသက** အစရှိသော ဤတဆယ့်တပါးသော အာစရိယဝါဒတို့သည် ဖြစ်ကုန်၏၊ ထို တဆယ့်တပါးတို့သည် ထေရဝါဒ ဂိုဏ်းနှင့်တကွ ၁၂- ပါးတို့သည် ဖြစ်ကုန်၏၊ ဤထေရဝါဒမှ ကွဲပြားသောဂိုဏ်း ၁၂-ပါး မဟာသံဃိကမှ ကွဲပြားသော ဂိုဏ်း ၆-ပါးအားဖြင့် ၁၈-ပါးသော ဂိုဏ်းဆရာနွယ်တို့သည် အနှစ် ၁၀၀-အတွင်း၌ ဖြစ်ကုန်၏၊ ထိုတဆယ့်ရှစ်ပါးသော ဂိုဏ်းဆရာ ဝါဒတို့တွင် ၁၇-ပါးသောဂိုဏ်းဆရာဝါဒတို့သည် ကွဲပြားကုန်၏၊ ထေရဝါဒဂိုဏ်းတပါးသည်လျှင် မကွဲမပြားမူ၍ တည်၏။

ထို ၁၇-ပါးသော ဂိုဏ်းဆရာတို့သည် အမည်, အသွင်အပြင်, အသုံးအဆောင်ပရိက္ခရာ, အပြုအမူအလုံးစုံတို့ကို ပကတိမကွဲပြားမီကာလ၌ သဘောကိုစွန့်၍ တပါးသော အခြင်းအရာတို့ကို ပြုကုန်၏၊ ထို ၁၇-ပါးသော ဂိုဏ်းဆရာဝါဒတို့သည် သစ်ပင်၌ ဆူးငြောင့်တို့ကဲ့သို့ သာသနာတော်၌ ဆူးငြောင့် ဖြစ်ကုန်၏၊ သစ်ပင်တကာတို့တွင် ပညောင်ပင်ကြီးသည် မြတ်သကဲ့သို့ ၁၈-ပါးသော ဂိုဏ်းဆရာဝါဒတို့တွင် ထေရဝါဒဂိုဏ်းသည်သာ မြတ်၏၊ သာသနာတော်သည်ကား ဤတဆယ့်ရှစ်ပါးသော ဂိုဏ်းဆရာတို့၏ အစွမ်းအားဖြင့် ဓမ္မာသော ကမင်းကြီး လက်ထက်တိုင်အောင် လာ၏၊ အဆင့်ဆင့်အားဖြင့်ကား ဟေမဝတိကာ, ရာဇဂိရိယာ, သိဒ္ဓတ္ထိကာ, ပုဗ္ဗသေလိယာ, အပရသေလိယာ, ဝါဇိရိယာ ဟူ၍ ဆရာနွယ်တို့သည် ဖြစ်ကုန်၏။

မဟာသင်္ဂီတိကဂိုဏ်းရင်းဖြစ်သော တသောင်းသော ရဟန်းတို့သည်ကား အညီအညွတ်စည်းဝေးကုန်၍ တရားကိုသင်္ဂါယနာတင်ခြင်းကို ပြုကုန်၏၊ ဤတသောင်းသော ရဟန်းတို့ တင်သော သင်္ဂါယနာကို မဟာသင်္ဂီတိဟူ၍ ဆိုအပ်၏၊ မဟာသင်္ဂီတိ ပြုကုန်သော တသောင်းသောရဟန်းတို့သည် သာသနာ၌ မညီညွတ်ပြုကုန်၏၊ မူလသင်္ဂါယနာကိုဖျက်၍ တပါးသောသင်္ဂါယနာကိုပြုကုန်၏၊ တပါးသောပိဋကတ်၌ သင်္ဂါယနာတင်သော သုတ်ကို တပါး၌ တင်ကုန်၏၊ ထိုမဟာသင်္ဂီတိကရဟန်းတို့သည် အနက်ကိုရင်း, ပါဠိကိုရင်း, ဖျက်ဆီးကုန်၏၊ ဝိနည်းတို့၌ရင်း, နိကာယ်ငါးပါးတို့၌ရင်း, အနက်, ပါဠိတို့ကို ဖျက်ကုန်၏။

ထိုမဟာသင်္ဂီတိကရဟန်းတို့သည် မသိကုန်၍၊ ပရိယာယ်ဒေသနာကို မုချဒေသနာ၊ နီတတ္ထသုတ်ကို နေယျတ္ထသုတ် ပြုကုန်၏၊ တပါးကို ရည်၍ ဆိုသောအနက်ကို တပါးပြု၍ ထားကုန်၏၊ ထိုရဟန်းတို့သည် သဒ္ဒါအရိပ်ဖြင့် များစွာသော အနက်ကို ဖျက်ကုန်၏၊ ဝိနည်း၌ နက်နဲသော တစိတ်တဒေသကို စွန့်၍ မိမိတို့အလိုနှင့်လျော်သော သုတ်ကို ပြုကုန်၏ ပရိဝါရကိုရင်း, အတ္ထုဒ္ဓါရကိုရင်း, အဘိဓမ္မာခြောက်ကျမ်းကိုရင်း, ပဋိသမ္ဘိဒါ နိဒ္ဒေသကိုရင်း, အချို့သောဇာတ်ကိုရင်း ဤမျှကို ခွဲဝေ၍ တပါးကို စွန့်ကုန်၏။

---

## ၂၇၄။ သာသနာတော်၌ဘေးရန်ကိုမြင်၍ တိဿမြဟ္မာအား တောင်းပန်သည်ကိုပြခြင်း

အရှင်မဟာကဿပ အမှူးရှိသော ငါးရာသော ရဟန္တာတို့သည် ပြုအပ်သော ပဌမသံဃာယနာနှင့်လျော်စွာသော ဒုတိယသံဃာယနာကို တင်ကုန်သော အရှင်သဗ္ဗကာမိ အစရှိသောမထေရ်ကြီးတို့သည် နောက်အခါ၌လည်း သာသနာတော်အား ဤသို့သဘောရှိသောဘေးရန်သည်ဖြစ်လတ္တံ့လောဟု ကြည့်ကုန်သည်ရှိသော် ဤနှစ်မှ ၁၁၈–နှစ် အထက်၌ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းဖြစ်၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်းအဖြစ်ကို ပြုလတ္တံ့၊ ထိုမင်းသည် သာသနာတော်၌ ကြည်ညို၍ ကြီးစွာသော လာဘ်သပ္ပကာကို ဖြစ်စေလတ္တံ့၊ ထိုသို့ဖြစ်စေသောကြောင့် တိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာရကို တောင့်တ

ကုန်သည်ဖြစ်၍ သာသနာတော်၌ မိမိတို့အလိုလို ရဟန်းပြုကုန်၍ မိမိ မိမိတို့၏အယူကို ပြကုန်လတ္တံ့၊ ဤသို့ပြုကုန်သဖြင့် သာသနာတော်၌ ကြီးစွာသော ဘေးရန်တို့ကို ဖြစ်စေလတ္တံ့ဟူ၍ ဤအကြောင်းကိုမြင်ကုန်၏။

## မထေရ်ကြီးတို့အကြံဖြစ်ခြင်း

ထိုရောအခါ ထိုမထေရ်ကြီးတို့အား ဤသို့ကြံကုန်၏၊ အဘယ်သို့နည်း၊ ဤဘေးရန် ဖြစ်သောအခါ၌ ငါတို့သည် မျက်မှောက်ဖြစ်ကုန်လတ္တံ့လော၊ မျက်ကွယ်ဖြစ်ကုန်လတ္တံ့လောဟု ကြံကုန်သော် ထိုအလုံးစုံသောမထေရ်ကြီးတို့သည် ထိုဘေးရန်ဖြစ်သောအခါ၌ မိမိတို့၏မျက်မှောက်မဖြစ်လတ္တံ့သော အဖြစ်ကိုသိကုန်၍ အဘယ်သူသည်ထိုဘေးရန်ကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်လတ္တံ့နည်းဟု အလုံးစုံသော လူ့ပြည်ကိုရင်း, ကာမာဝစရနတ်ပြည် ခြောက်ထပ်ကိုရင်း ကြည့်ကုန်သော် တစုံတယောက်သောသူကို မမြင်ကုန်သောကြောင့် ဗြဟ္မာ့ပြည်ကိုကြည့်သည်ရှိသော် နည်းသောအသက်ကြွင်းရှိသော အထက် ဗြဟ္မာ့ပြည်သို့ဖြစ်စေခြင်းငှါ ပွါးစေအပ်သော အခြကြောင်းရှိသော တိဿ အမည်ရှိသော ဗြဟ္မာကိုမြင်၏၊ မြင်ပြီး၍ ထိုမထေရ်ကြီးတို့အား ဤသို့သောအကြံသည်ဖြစ်၏၊ အကယ်၍ ငါတို့သည် ထိုဗြဟ္မာမင်းအား လူ့ပြည်၌ဖြစ်ခြင်းငှါ တိုက်တွန်းခြင်းကိုပြုကုန်အံ့၊ စစ်စစ်လျှင်ဤဗြဟ္မာကြီးသည် မောဂ္ဂလိပုဏ္ဏားး၏အိမ်၌ ပဋိသန္ဓေယူလတ္တံ့၊ ထိုနောက်မှ ဗေဒင်တို့ဖြင့် ဖြားယောင်းအပ်သည်ဖြစ်၍ ထောထွက်၍ ရဟန်းပြုလတ္တံ့၊ ထိုတိဿသည် ဤသို့ရဟန်းပြုပြီး၍ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို သင်၍ ရအပ်ပြီးသော ပဋိသမ္ဘိဒါ လေးပါးရှိသည်ဖြစ်၍ တိတ္ထိတို့ကို နှိပ်နင်း၍ ထိုအဓိကရုဏ်းကို ဆုံးဖြတ်၍ သာသနာတော်ကို ချီးမြှောက်လတ္တံ့ဟု မြင်ကုန်၍ ထိုသဗ္ဗကာမိ အစရှိသော မထေရ်တို့သည် ဗြဟ္မာ့ပြည်သို့ သွားကုန်၍ တိဿဗြဟ္မာကို ဤသို့ ဆိုကုန်၏။

''ဗြဟ္မာမင်း…ဤနှစ်မှသည် အနှစ် ၁၁၈-နှစ်အထက်၌ သာသနာတော်၌ ကြီးစွာသော ဘေးရန်သည် ဖြစ်လတ္တံ့၊ ငါတို့သည် အလုံးစုံသော လူ့ပြည်ကိုရင်း, ကာမာဝစရနတ်ပြည်ခြောက်ထပ်ကိုရင်း ကြည့်ကုန်သော် တစုံတယောက်သောသူကိုမျှ သာသနာတော်ကို ချီးမြှောက်

ခြင်းငှါ စွမ်းနိုင်အံ့သည်ကို မမြင် ဖြဟ္မာ့ပြည်ကို ကြည့်ကုန်သည်ရှိသော် အရှင်ဖြဟ္မာကို မြင်ပါကုန်သည်၊ ငါတို့သည် တောင်းပန် ပါ၏၊ သူတော်ကောင်း….လူ့ပြည်၌ ဖြစ်လာ၍ မြတ်စွာဘုရား သာသနာ တော်ကို ချီးမြှောက်ခြင်းငှါ ဝန်ခံခြင်းကို အရှင် ဖြဟ္မာမင်းသည် ပေးပါ''ဟု ဆိုကုန်၏။

**တိဿဖြဟ္မာမင်းဝန်ခံခြင်း**

ဤသို့ ဆိုကုန်သော် တိဿဖြဟ္မာမင်းသည် ငါသည် သာသနာ တော်၌ဖြစ်သော ဘေးရန်ကို သုတ်သင်၍ သာသနာတော်ကို ချီး မြှောက်ခြင်းငှါ စွမ်းနိုင်သည် ဖြစ်လတ္တံ့ဟူ၍ ဝမ်းမြောက်သည် ဖြစ်၍ ''အရှင်ဘုရားတို့….ကောင်းပါပြီ''ဟု ဝန်ခံ၍ အဆုံးအဖြတ်ကို ပေး၏၊ မထေရ်ကြီးသည် ဖြဟ္မာ့ပြည်၌ ပြုအပ်သည်ကို ပြီးစေ၍ တဘန် လာကုန်၏။

ထိုအခါ အရှင် **သိဂ္ဂဝ** အရှင် **စဏ္ဍဝဇ္ဇိ** နှစ်ပါးတို့သည် ရဟန်းငယ် ဖြစ်ကုန်၏၊ ပဋ္ဌင်းငယ်ဖြစ်ကုန်၏၊ ပိဋကတ်သုံးပုံကို ဆောင်ကုန်၏၊ ပဋိ **သ**မ္ဘိဒါလေးပါးသို့ ရောက်ကုန်၏၊ ကုန်ပြီးသော အာသဝေါရှိကုန်၏၊ ထိုမထေရ်နှစ်ပါးတို့သည် ဒုတိယသင်္ဂါယနာ အဓိကရုဏ်းကိုမမှီကုန်၊ မထေရ်ကြီးတို့သည် ဆိုကုန်၏၊ ''ငါ့ရှင်တို့….သင်တို့သည် ဤအဓိ ကရုဏ်း၌ အဘော်မဖြစ်ပါကုန်၊ ထို့ကြောင့် သင်တို့အား ဤဒဏ်အမှု သည် ဖြစ်စေ၊ တိဿဖြဟ္မာသည် မောဂ္ဂလိ ပုဏ္ဏားအိမ်၌ ပဋိသန္ဓေ ယူလတ္တံ့၊ သင်တို့နှစ်ယောက်တွင် တယောက်သည် ထိုတိဿကို အိမ်မှ ထုတ်၍ ရဟန်းပြု၊ တယောက်သည် မြတ်စွာဘုရား စကားတော်ကို သင်စေသတည်း''ဟု ဒဏ်ထားခဲ့၍ ထိုအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံတော်မူလေကုန်၏။

---

## ၂၇၅။ ပါဋလိပုတ်ပြည် မင်းဆက်ရာဇဝင် အစဉ်ကိုပြခြင်း

အဇာတသတ်မင်းနှင့် အရှင်မဟာကဿပထားသော သာသနာ တော် သက္ကရာဇ် ၈၁-ခုနှစ်က စ၍ ကာလာသောကမင်း မင်းပြု၍ သာသနာတော် သက္ကရာဇ် ၁၀၀-ခုနှစ်တွင် ကာလာသောကမင်း

၂၈-နှစ်ပြည့်၍ လွန်သော် ကာလာသောကမင်း၏ သား ဘဒ္ဒသေန, ကောရဏ္ဍဝဏ္ဏ, မင်္ကုရ, သဗ္ဗဇဟ, ဇာလိက, ဥဘက, သဉ္စယ, ကောရဗျ, နန္ဒိဝဍ္ဍန, ပဉ္စမက ဟူ၍ ညီနောင်တကျိပ်တို့ အစဉ်အတိုင်း မင်းပြု၍ သာသနာတော်ကို ရွက်ဆောင်သည့်ကာလကား ၂၂-နှစ်မျှ ကြာ၏၊ ထိုမင်းညီနောင်တကျိပ်တွင် အဆုံးစွန်သော ပဉ္စမကမင်းသည် ပါဋလိပုတ်ပြည်၌ မင်းပြုသော အခါ ခိုးမှူးဥဂ္ဂသေနနန္ဒသည် ပြည်ကိုလု၍ မင်းပြုလေ၏။

### ခိုးမှူးဥဂ္ဂသေနနန္ဒ မင်းပြုခြင်း

အကြောင်းကား ဤသို့ လျှင်တည်း၊ ထိုမင်းညီနောင်လက်ထက် မဂဓတိုင်း၌ ခိုးသားငါးရာတို့သည် အညီ အညွတ်ဖြစ်ကုန်၍ ပြည်ရွာတို့ကို လုယက်ဖျက်ဆီး၍ ရသော ဥစ္စာတို့ကို ဥစ္စာရှင်ကိုပင် ဆောင်ရွက် ထမ်းယူခဲ့စေ၍၊ ချင်းတို့နေရာသို့ ရောက်မှ ဆောင်ရွက်သူတို့ကို လွှတ် လိုက်ကုန်၏၊ တရံသောအခါ၌ အလုံးအရပ် ခွန်အားနှင့် ပြည့်စုံသော ဥဂ္ဂသေနနန္ဒမည်သောခိုးသူကို ဘမ်း၍ ရသော ဥစ္စာကို ထမ်း၍ ပို့စေ၏၊ ထိုဥဂ္ဂသေနနန္ဒသည် ခိုးသူတို့ကို မေး၏၊ ''အချင်းတို့····သင်တို့သည် အဘယ်သို့ ပြု၍ အသက်မွေးကုန်သနည်း''ဟူ၍ မေးသော် ''ငါတို့ သည် လယ်လုပ် ကုန်သွယ် အမှုကို မပြုကုန်၊ ပြည်ရွာကို လုယက် ဖျက်ဆီး၍ရသော ဥစ္စာကိုသာ စားသောက်၍ နေထိုင်ကြတော့သည်'' ဟု ဆိုသော် ဥဂ္ဂသေနနန္ဒလည်း ထိုအမှုကို နှစ်သက်၍ ခိုးသူတို့နှင့် အပေါင်းအဘော်ပြုလေ၏၊ ထိုဥဂ္ဂသေနနန္ဒအားကား-

၁။ ပဏ္ဍုကနန္ဒ,
၂။ ပဏ္ဍုဂတိနန္ဒ,
၃။ ဘူတပါလနန္ဒ,
၄။ ရဋ္ဌပါလနန္ဒ,
၅။ ဂေါဝိသာဏကနန္ဒ,
၆။ သမိဒ္ဓိကနန္ဒ,
၇။ ကာဝဋ္ဋကနန္ဒ,
၈။ ဓနနန္ဒ,

ဟူ၍ ရှစ်ယောက်သော ညီတို့သည် ဖြစ်ကုန်၏။

ထိုရှစ်ယောက်တို့သည်လည်း အစ်ကိုယ်သို့ လိုက်၍ ခိုးသူချည်း ပြုလေကုန်၏၊ တရံရောအခါ ပြည်တပြည်ကို လုယက်ဖျက်ဆီးရာတွင် ထိုပြည်သားတို့ အထောက်အထောက် ဆီး၍ တိုက်သောကြောင့် ခိုးမှူး အကြီးကိုဘမ်းမိ၍ သတ်လေကုန်၏၊ ခိုးမှူးအကြီး သေလေသော် ခိုးသား ငယ်တို့သည် ပရမ်းပတာပြေးလေကုန်၍ ငါတို့ခိုးမှူးသေခဲ့ပြီ၊ငါတို့သည် အဘယ်သို့ အသက်မွေးပါရကုန်အံ့နည်းဟု ခိုးမှူးကိုရှာ၍ ငိုကုန်၏၊ ထိုအခါ ဥဂ္ဂသေနနန္ဒဆို၏၊ "အချင်းတို့... သင်တို့ခိုးမှူးသာလျှင် ရဲစွမ်း ခွန်အားရှိသည်မဟုတ် ငါလည်း ရဲစွမ်းခွန်အားရှိ၏၊ သင်တို့ ခိုးမှူးနှင့် တူအောင် ဖြစ်စေမည်၊ သင်တို့ ယနေ့မှစ၍ မစိုးရိမ်ကုန်လင့်" ဟု ဆိုသော် ခိုးသူတို့ဝမ်းမြောက်၍ ခိုးမှူးအရာကိုပေးကုန်၏၊ ဥဂ္ဂသေနနန္ဒ သည် ခိုးမှူးအရာကိုရလျှင် ညီရှစ်ယောက်တို့သည်လည်း ခိုးမှူးလက် အောက် အမှုထမ်းဖြစ်၏။

ထိုရောအခါ အညီအညွတ် စည်းဝေး၍ ခိုးမှူးသည်ဆို၏၊ "အချင်း တို့....ရွာသိမ်ပြည်သိမ်ကို လုယက်ခြင်းသည် ရဲစွမ်းခွန်အား ရှိသော သူတို့၏ အမှုမဟုတ် ပြည်ကြီးကိုလုပ်ကြံ၍ အလှည့်အလှည့် မင်းပြုကုန် အံ့" ဟု ဆိုသော် စိတ်ညီကုန်၍ အပေါင်းအဘော် များအောင်ပြု၍ ပါဋလိပုတ်ပြည်ကို တိုက်လေကုန်၏၊ ပဋ္ဌမကမင်းသည် ပြည်ထဲရေး၌ မေ့လျော့ချေသောကြောင့် ပဋ္ဌမကမင်းကို ခိုးမှူးဥဂ္ဂသေနနန္ဒဘမ်း၍ သတ်ပြီးလျှင် ပါဋလိပုတ်ပြည်ကို ခိုးမှူးမင်းပြု၏၊ ဥဂ္ဂသေနနန္ဒ ဟူသော အမည်ကိုခံ၏၊ ထိုမင်းနောက်၌ ရှစ်ယောက်သော ညီတို့သည်လည်း အစဉ်အတိုင်းမင်းပြု၏၊ ထိုခိုးမှူးဥဂ္ဂသေနနန္ဒတို့ ညီနောင် ကိုးယောက် အစဉ်အားဖြင့်မင်းပြု၍ အုပ်စိုးသောကာလကား ၂၂-နှစ်မျှငင်းကြာ၏၊ အဆုံးစွန်ကား ဓနနန္ဒမင်းလျှင်တည်း။

ထို ဓနနန္ဒမင်းသည် စဉ်းလဲဝန်တိုသဖြင့် အကုဋေ ရှစ်ဆယ်သော အသပြာဥစ္စာတို့ကို သူတပါးတို့ မရနိုင်စိမ့်သော ဌါ ဂင်္ဂါမြစ်တွင်း၌ ကျောက်ဆောင်ကို ထွင်း၍ အကုဋေရှစ်ဆယ်သော ဥစ္စာကို ထည့်ပြီး သော် ကျောက်ဖျာတခုဖြင့်ပိတ်၍ ရေမဝင်ရအောင် အစပ်ကိုခဲမရည် ဖြင့်သွင်း၍ ဆည်ကိုဖြတ်၍ ရေကိုစီးစေ၏၊ ရှေးမင်းတို့ အစဉ်ကိုမှုကား

မပျက်စေမူ၍ နန်းယင်ပြင်၌ မဏ္ဍပ်ကြီးစွာဆောက်၍ ပုဏ္ဏားကြီးတို့အား တသိန်းတန်,ပုဏ္ဏားငယ်တို့အား လေးထောင်တန် အလှူဝတ္ထုကို စီရင်၍လှူ၏။

ထို ဓနနန္ဒမင်းကို ဇာနက္ကပုဏ္ဏားသည် သေကြောင်း ကြံလေ၏၊ ကြံဟန်အကြောင်းကား တက္ကသိုလ်ပြည်၌ ဇာနက္ကပုဏ္ဏားသည် ဗေဒင်သုံးပုံကို သင်သဖြင့် တတ်၏၊ ယတြာကျမ်း, ဆေးကျမ်း တို့ကိုလည်း အပြီးတိုင် အကြွင်းမဲ့တတ်၏၊ အထူးထူးသော နိမိတ်ကျမ်း တို့ကိုလည်း တတ်၏၊ ဥပါယ်တမျဉ်၌လည်း လိမ္မာ၏၊ ထီးဖြူဆောင်းမင်း ဖြစ်ထိုက်သော ဘုန်းရှိသောသူဟူ၍လည်း ကျော်စော၏၊ အဘလွန်၍ အမိကို လုပ်ကျွေးသော သူဟူ၍လည်း အများကြည်ညို၏၊ အခါတပါးသော် အမိပုဏ္ဏေးမသည် မိမိသားမင်းဖြစ်လတ္တံ့သည်ဟု ကျော်စောသည်ကို ကြား၍ "ငါ့သားသည် မင်းဖြစ်ခဲ့မူကား မင်းတို့စည်းစိမ် ကြီးသဖြင့် မေ့လျော့၍ငါ့အား ချစ်ခြင်းကင်းရာ၏၊အဘယ်သူသည် ငါ့အား မွေးပါလတ္တံ့နည်း"ဟု ငိုယိုမြည်တမ်း၏၊ အမိငိုယိုမြတမ်းကြောင်းကိုကြား၍ မေးသော် အချင်းခပ်သိမ်းကိုပြန်ပေ၏၊ အမိစိုးရိမ်ခြင်း ဖြစ်တပြီးကား ငါမင်းဖြစ်ရသော်လည်း အဘယ်အကျိုးရှိအံ့နည်း၊ ငါ၏ကိုယ်၌ မင်းဖြစ်ထိုက်သော အင်္ဂါကိုဖျက်ဆီး၍ မင်းမဖြစ်စေဘဲ အမိကိုသာလုပ်ကျွေးရသော် မြတ်၏ဟုကြံ၍"ငါ့အားမင်းဖြစ်ထိုက်သောအင်္ဂါသည် အဘယ်နည်း"ဟု အမိကိုမေး၍ သိပြီးသော် မိမိအစွယ်ကိုချိုး၍ အင်္ဂါကိုချို့တဲ့စေ၍ မင်းအဖြစ်ကိုစွန့်၍ အမိကိုလုပ်ကျွေးသတည်း။

အခါတပါးသော် ထိုဇာနက္ကပုဏ္ဏားသည် အထူးထူး အပြားပြားသော အဲမေးပုစ္ဆာကို ရှာသဖြင့် ပုဗ္ဗပုရသို့ရောက်လာ၏၊ ပုဗ္ဗပုရဟူသည်ကား ပါဋလိပုတ်ပင်လျှင်တည်း၊ ထိုအခါ ဓနနန္ဒမင်း အလှူပေးခိုက်ကြုံသဖြင့် ဇာနက္ကပုဏ္ဏားသည် မိမိကျေးဇူးဂုဏ်ကို ယုံကြည်သူဖြစ်၍ အလှူမဏ္ဍပ်သို့ဝင်၍ ပုဏ္ဏားကြီးတို့၏အညာ၌ နေလေ၏၊ ဓနနန္ဒမင်းသည် ဇာနက္ကပုဏ္ဏားကိုမြင်လျှင် မကြည်ညို၍ "ပုဏ္ဏားကြီးတို့၏အထက်၌နေသောထိုပုဏ္ဏားကိုနှင်ထုတ်လေ"ဟုမင်းချင်းတယောက်ကို စေ၏၊အလှူကိုစီရင်သောသူတို့သည်လည်း အလှူခံကို"မနှင်ထုတ်ရာ"ဟု လျှောက်ကုန်၏၊ မင်းလည်း မကြည်ညိုလှသောကြောင့် နှင်ထုတ်လေဟု

စေပြန်၏၊ မင်းကြီးစေသောသူသည် မင်း၏အာဏာဖြင့် လာပြီးလျှင် ဆရာသည် မလျှာပ်၍ နေခြင်းငှါ မရဟူ၍ မဆိုဝံ့၊"အလှူဝတ္ထုကို လိုချင် တပ်မက်သော တဏှာကား စက်ဆုပ်ဘွယ်ရှိလှ၏၊ ပေးမည့်သူ မနှစ် သက်ဘဲလျက် တပ်မက်၍နေရခြင်းသည် မကောင်း"ဟုတပ်တတ်သော တဏှာကိုသာ အပြစ်တင်၏။

ဇာနက္ကပုဏ္ဏားသည် မင်းချင်းတို့၏စကားကိုကြားလျှင် မင်းတို့မည် သည်ကို ဆန့်ကျင်ဘက်မပြုအပ်ဟု ရက်ကြောက် အားကျ၍ မင်းကို အမျက်ထွက်သဖြင့် သွားလေ၍ လည်၌ဝတ်သော ချည်မျှင်ကို အထုံး အထုံးဖြတ်၍ ကရားကိုတံခါးတိုင်၌ ပုတ်ခွဲ၍ မြေပြင်အလုံး၌ ဓနနန္ဒမင်း ၏အကျိုးမဲ့သာဖြစ်စေသတည်းဟုကျိန်ဆဲ၍ ထွက်ခဲ့၏၊မင်းလည်း ကျိန်ဆဲ သော အသံကိုကြားလျှင် ပုဏ္ဏားကိုရအောင် ဘမ်းလေဟု စေ၏၊ ဇာနက္ကပုဏ္ဏားလည်း မင်းချင်းတို့လိုက်ကြောင်းကိုသိလျှင် အဝတ်မဝတ် ဘဲ တက္ကတွန်း အသွင်းဖြင့်သွား၍ လွတ်ရာပုန်းရှောင်လေ၏၊ထိုအခါမှ စ၍ ဓနနန္ဒမင်းကို ပျက်စီးစိမ့်ဟုကြံ၍ ရန်ငြိုးဖွဲ့လျက် ထိုမင်း၏သား ပဗ္ဗတအမည်ရှိသော သတို့သားငယ်ကို ဥပါယ်တမျဉ်ဖြင့် ရအောင် ခိုး၍ တောနက်စွာသို့ဝင်၍ နေလေ၏၊ ထိုပဗ္ဗတမင်းသား၌ မင်းဖြစ် အံ့သော ကြန်အင်လက္ခဏာကို စူးစမ်းသော် မမြင်၍ မင်းဖြစ်အံ့သော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောသူကို ရှာပြန်၏။

### စန္ဒဂုတ္တသတို့သားဘွားမြင်ခြင်း

ထိုရောအခါ မြတ်စွာဘုရားရှိစဉ်ကာလ ဝိဋဋူဘ ဘေးကြောင့် အသက်လွတ်ရာပုန်းရှောင် ထွက်ပြေးရသော သာကီဝင် မင်းမျိုးတို့ သည် ဥဒေါင်း,ကြိုးကြာတို့ဖြင့် မွေ့လျော်ပျော်ဘွယ်ရှိသော အရပ်၌ မြို့တည်၍ မောရိယ ဟူသော အမည်ကို သမုတ်၍ နေကုန်၏၊ ထိုသာကီ ဝင်မင်းမျိုးတို့ကို အရိုင်းတို့သည် တိုက်ဖျက်သဖြင့် တဘန်ပျက်စီးခြင်းသို့ ရောက်ပြန်၍ ပြေးသွားရကုန်သဖြင့် မောရိယမင်း၏မယားသည် ကိုယ် ဝန်အရင့်အမာနှင့်တကွ ပုဗ္ဗပုရသို့ရောက်လာ၍ မကြာမြင့်မီ ဘွားသော သတို့သားကို အိုးသစ်တွင်ထည့်၍ နွားနင်း၍သေလေစိမ့်ဟု နွားခြံ တခု၌ ထားလေသော်၊ ထိုသတို့သား၏ဘုန်းကံကြောင့် နတ်တို့စောင်မ

သဖြင့် စန္ဒ မည်သော နွားဥသဘသည် တပါးသောနွားတို့ မနင်း သွားရအောင် လေးဘက်ခြေခွ၍ စောင့်ပေသဖြင့် အန္တရာယ်ကင်းသော သတို့သားကို အိုး၌နွားထိန်း ယောကျ်ားမြင်လျှင် သား၏ချစ်ခြင်းဖြင့် ချစ်သည်ဖြစ်၍ ကောင်းစွာမွေးမြူလေ၏၊ စန္ဒမည်သောနွား စောင်မ သည်ကိုအကြောင်းပြု၍ သတို့သား၏ အမည်ကို စန္ဒဂုတ္တ ဟူ၍မှည့်ပေ၏။

ထိုသတို့သား နွားကျောင်းနိုင်သော အရွယ်သို့ရောက်လျှင် နွား ထိန်းယောကျ်ားသည် နွားကိုကျောင်းစေသဖြင့် နွားကျောင်းသော စန္ဒဂုတ္တသည် နွားကျောင်းတစု၌ မင်းအဟန်ပြု၍ တယောက်ကိုလည်း အိမ်ရှေ့မင်းအဟန်ပြုစေ၍ အမတ်, တရားသူကြီး, မင်းစေယောကျ်ား တို့၏ အဟန်ကိုလည်းပြုစေ၍ ခိုးသူဆက်လာဟန်, အပြစ်ကြီးငယ်ကို တရားသူကြီးကို စစ်ကြောစေဟန်ပြုစေ၍ စစ်ကြောပြီးသော် အပြစ် အလျောက် ခြေလက်ကိုဖြတ်လေဟုစေ၍ ဖြတ်စရာပုဆိန် မရှိလျှောက် သော် ဆိတ်ချိုကိုအရိုးတပ်၍ စန္ဒဂုတ္တမင်းကြီး အာဏာဟုဆို၍ ဖြတ် စေ၏၊ ခြေလက်ပြတ်ဟန် ပြုပြီးသော် စန္ဒဂုတ္တမင်းအာဏာဖြစ်မြဲတိုင်း ဖြစ်ပြန်စေဟုဆို၍ ဖြစ်မြဲတိုင်းဖြစ်ဟန်ပြုရ၏၊ ထိုသို့ပြု၍ ကစားကြစဉ် အခိုက် ဇာနက္ကပုဏ္ဏားနှင့် ကြိမ်သဖြင့် မြင်လေသော် အံ့ဘွယ်သရဲဖြစ် ၍ အသပြာတထောင်ပေးလျက် စန္ဒဂုတ္တကိုယူ၍ ကြန်အင်လက္ခဏာ ကိုကြည့်သော် မင်းဖြစ်အံ့သော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်ကို မြင်၍ ဗေဒင်သုံးပုံးကိုလည်း တတ်အောင် သင်ပြီးလျှင် အသပြာ တထောင်အဘိုးထိုက်သော ရွှေလည်ရွဲကို တမုတ်ကြိုးတပ်၍ လည်၌ ဆင်စေ၏၊ ပဗ္ဗတသတို့သားအားလည်း ထိုအတူဆင်စေ၏။

ထိုသူငယ်နှစ်ယောက်တို့သည် ပုဏ္ဏားလက်တွင်ကြီး၏၊ထိုသတို့သား တို့အိမ်မက်မြင်သည်ကိုကြားလျှင် ဆရာသည် ခတ်မဆိတ်နေ၏၊ဇာနက္က ပုဏ္ဏားကား မိမိကျေးဇူးပညာအစွမ်းဖြင့် တသပြာထိုက်သော ဥစ္စာကို တထောင်ထိုက်အောင်ပြု၍ ရဲမက်တို့ကို ဖြည့်တင်းစရာ ဥစ္စာကံကျွေး ဆည်းပူးသည်ကား အကုဋေ ရှစ်ဆယ်ဖြစ်၏၊ ထိုဥစ္စာကိုကောင်းစွာမြှုပ် ထား၍ အခါတပါးသော် တောခြိုတွင်း၌ အိပ်နေကြလေ၏၊ ဆရာ လည်း ပဗ္ဗတကိုနှိုး၍ အိမ်မှထုတ်သော သန်လျက်ကိုအပ်၍ စန္ဒဂုတ္တ

အိပ်ပျော်စဉ် ကြိုးကိုလည်းမဖြတ်နှင့်၊ ဖြေလည်းမဖြေနှင့်၊ လည်ရွဲကို ရအောင်ယူချေဟု စေ၏၊ သန်လျက်ကိုကိုင်၍ ပဗ္ဗတ သွားလေသော် မဖြေဘဲမဖြတ်ဘဲ လည်ရွဲကိုမရသာ၍ မရနိုင်ဟုပြန်ခဲ့၏၊ ဆရာလည်း တိတ်တိတ်နေ၏။

အခါတပါး ဤသို့ရင်းနေပြန်ရာ စန္ဒဂုတ္တကိုနှိုး၍ သန်လျက်ကို အပ်၍ ပဗ္ဗတအိပ်ပျော်စဉ် ကြိုးကိုမဖြတ်မဖြေဘဲ လည်ဝတ် တန်ဆာကို ရအောင်ယူချေဟုစေ၏၊ စန္ဒဂုတ္တသည် သန်လျက်ကို ကိုင်၍သွားလေ၍ ကြိုးကို မဖြတ်မဖြေနှင့်ဟူသော် ဦးခေါင်းကို မဖြတ်ဘဲ မရသာဟူ၍ ဦးခေါင်းကိုဖြတ်၍ လည်ဝတ်တန်ဆာကိုယူခဲ့၏၊ ဆရာ ပုဏ္ဏားလည်း လည်ဝတ်တန်ဆာကိုမြင်လျှင် တိတ်တိတ်နေ၏၊ စန္ဒဂုတ္တသည် ဗေဒင် သုံးပုံလုံးကိုလည်းတတ်၏၊ ကြီးမြင့်လတ်သော် အကြားအမြင် အတတ် အလိမ်အမာနှင့်လည်း ပြည့်စုံ၏၊ လုပ်ရည်ကြံရည်လည်း တတ်လှပြီး သော် မြှုပ်၍ထားသော အကုဋေရှစ်ဆယ်သော ဥစ္စာကိုကံကျွေးပြုလော့ ဟု ဆောက်နှင်း၍ မနန္ဒမင်းကိုတိုက်ဖျက်၍ ပြည်ကိုရဆောင်ယူ၍ မင်းပြုလေ၊ မင်းဖြစ်သော်ကား ငါ့ကိုမမေ့လင့်ဟုဆို၍ ပြည်ထဲရေးကို လုပ်ကြံခြင်း၌ အပေါင်းအဘော်ပြုခြင်းသည် အရေးမလှသော် ခဲခက် စွာ၏ဟုကြံ၍ စန္ဒဂုတ္တမှခွါ၍ အရပ်တပါးသို့သွားလေ၏။

## စန္ဒဂုတ္တသတို့သားမင်းအဖြစ်သို့ ရောက်ခြင်း

စန္ဒဂုတ္တလည်း အတတ်အလိမ်မာ အမြော်အမြင်နှင့် ပြည့်စုံပြီးသည် ဖြစ်သောကြောင့် ဆရာပေးသော ဥစ္စာနှင့် ရဲမက်ဗိုလ်ပါရအောင် ဖြည့် တင်း၍ များစွာသော ရဲမက်ဗိုလ်ပါနှင့် မင်းနေပြည်သို့ ဝင်၍ တိုက်လေ ၏၊ မင်းနေပြည်သို့ ဆိုက်အောင်ဝင်၍ တိုက်ချေသောကြောင့် အစွန် လက်နားနေသောသူတို့သည် အထောက် အထောက် တိုက်နှင့်ကြလေ သဖြင့် ပျက်ချေ၏၊ ဆုတ်၍နေရာမှ သူလျှိုလွှတ်၍ သတင်းသံကိုနာစေ သော် ရွာငယ်တခု၌ ရေမုံ့သည်မသည် ရေမုံ့လုပ်သောအခါ သားငယ် အား စားစိမ့်သောငှါ ပေး၏၊ သားငယ်သည် မလိမ်မာသောအားဖြင့် အနားမှစ၍ မစားမူ၍၊ အလယ်မှစ၍ စားချေသောကြောင့် ပူလှ၍ လက်မှ လွှတ်၍ ကျသဖြင့် အမိကိုတောင်းပြန်၏၊ အမိလည်းပေးပြန်၏၊

ထိုသို့ဂုင်းစား၍ ကျပြန်သော် မဝသေးဟု တောင်းပြန်၏၊ ပေးရဘန်များသဖြင့် အမိသည် ငါ့သားမှုံစားသည်မှာ စန္ဒဂုတ္တ စစ်ထိုးသည်နှင့်တူ၏ဟု ဆိုသော်—

သားယော်သည် "အမိ....ငါကား အဘယ်သို့ ပြုသနည်း၊ စန္ဒဂုတ္တကား အဘယ်သို့ ပြုသနည်း"ဟု မေး၍ "နင်မှုံစားသည်ကား အနားမှစ၍ စားသော်ကား စားရတော့မည်၊ အလယ်မှ စ၍ စားသောကြောင့် ပူလှ၍ လွှတ်ရသည်၊ မဝနိုင်၊ စန္ဒဂုတ္တသည်လည်း အစွန်အနားကိုစ၍ မသိမ်းမူ၍ အလယ်ပြည်ကြီးကိုသာ လာ၍တိုက်သည်၊ မရနိုင်၊ နင်မှုံစားသည်နှင့် တူ၏"ဟု ဆိုသော် စကားနာခံ သူလျှိုသည် ထိုမှုံသည်မစကားကိုကြားသည့်အတိုင်း စန္ဒဂုတ္တအား ပြန်ကြား၏၊ စန္ဒဂုတ္တလည်း ဤမှုံသည်မ စကားသည် အရေးစင်စစ်မှန်၏ဟု နည်းကိုယူ၍ ကျေးစွန်ပြည်နားကို စ၍ လုပ်ကြံသဖြင့် ရွာငယ် ရွာကြီးရသမျှ လက်နက်ကိုင်ပြု၍ ပါဋလိပုတ်ပြည်ကို လုပ်ကြံလျှင် အောင်၍ ဓနနန္ဒမင်းကိုသတ်ပြီးလျှင် မင်းပြုလေ၏။

ဇာနက္ကပုဏ္ဏားလည်း မင်းဖြစ်ပြီဟု ကြားလျှင် ငါ၏ အကြံသည် အပြီးရောက်ပြီဟု စန္ဒဂုတ္တမင်းကို ပေါင်းပြန်၍ အစီအရင်ပြု၍ စန္ဒဂုတ္တမင်းကို အဘိသိက်မသွန်းဦးဘဲ ဓနနန္ဒမင်း မြှုပ်၍ထားသော ဥစ္စာကို တံငါတယောက်သာ သိသည်ဖြစ်၍ ဥစ္စာကို ရလိုသဖြင့် တံငါကို မင်းပြုဟု ထီးဖြူဆောင်းစေ၏၊ တံငါလည်း ငါမင်းဖြစ်ပြီမှတ်၍ ဥစ္စာကို ဘော်၍ယူစေ၏၊ ဥစ္စာအကုန်ရပြီးသော် တံငါကိုသတ်၍ စန္ဒဂုတ္တမင်းကို အဘိသိက်သွန်း၏၊ အဇာတသတ်မင်းနှင့် အရှင်မဟာကဿပ ထားသော သာသနာတော် သက္ကရာဇ် ၁၆၃-ခုတွင် စန္ဒဂုတ္တမင်း အဘိသိက်သွန်းသဖြင့် မင်းပြု၏၊ နန်းထက် ၂၄-နှစ် စံရ၏၊ စန္ဒဂုတ္တမင်း လွန်သောနှစ်သည် သာသနာတော်သက္ကရာဇ် ၁၈၆-နှစ်ရှိ၏။

### ဗိန္ဒုသာရမင်းသား ဘွားမြင်ခြင်း

စန္ဒဂုတ္တမင်းဖြစ်ပြီးသော် မလိုသောသူတို့ သေဆေးထည့်၍ မဖြစ်စိမ့်သောငှါ စားသောအစာဟူသမျှ အဆိပ်နှင့် တဆိတ်တဆိတ်ရော၍ စားစေ၏၊ စန္ဒဂုတ္တမင်း၏ မယား မိဖုရားကား မောရိယ ပြည်၌ မင်း

သမီးတည်း၊ ထိုမိဖုရားသည် ရင့်ပြီးသော ကိုယ်ဝန်နှင့် တကွ မင်းကြီး စားတော်ခွက်တွင် အဆိပ်နှင့်ရောသော ထမင်းကို တလုပ်မျှ ယူ၍ခွံမိ၏၊ ထွေးစေသော်လည်း မိဖုရားမှာ အသက်မရှင်ချေပြီ၊ ဝမ်းထဲ၌ရှိသော သူငယ်မှအသက်ရှင်စေတော့ဟု မိဖုရားလည်ကိုဖြတ်၍ ဝမ်းထဲမှသား ငယ်ကိုထုတ်၍ ဆိတ်မဝမ်းကိုဖောက်၍ထည့်ထား၏၊ အလှည့်အလှည့် ဆိတ်မဝမ်းကို ဖောက်၍ ထည့်ထား၏၊ ခုနစ်ရက်ပတ်လုံး ထားပြီးမှ ဘွားစေ၏၊ ဆိတ်မဝမ်းတွင် အဘန်များစွာ သွတ်သောကြောင့် အရေ တို့သည် အပိမ့်ဖြစ်သည်ကို အကြောင်းပြု၍ ထိုသူငယ်အား ဗိန္ဒုသာရ ဟူသောအမည်ကို မှည့်၏။

ထိုဗိန္ဒုသာရ မင်းသား တဆယ့်ခြောက်နှစ်ရွယ် ရှိသောအခါ၌ စန္ဒဂုတ္တမင်းစည်းစိမ် ၂၄- နှစ်ပြည့်၍ လွန်လေ၏၊ သာသနာတော် သက္ကရာဇ် ၁၈၆-နှစ်တွင် သားဗိန္ဒုသာရမင်းပြု၏၊ စန္ဒဂုတ္တမင်း၏ အသေကောင်၌ ဒေဝဂုတ္တဘီလူးဝင်၍ မင်းကိုအရှင်ကဲ့သို့ ဖြစ်စေ၏၊ သားစိမ်းငါးစိမ်း စားလှသောကြောင့် ပုဏ္ဏားတို့ အခြင်းအရာကိုစုံစမ်း လေသော် ဘီလူးဝင်၍နေသည်ကိုသိ၍ ဗိန္ဒုသာရမင်းသားအား ခမည်း တော် မရှိပြီ၊ ဘီလူးဝင်၍ ခမည်းတော်အယောင် ပြုသည်ဟု ကြား လျှောက်ကုန်၏၊ဗိန္ဒုသာရမင်းသား သိပြီးလျှင် ဘီလူးကိုသတ်ရအောင် ကြံ၍ ဥပါယ်တမျဉ်ဖြင့် ကျွန်နှစ်ယောက်ကို နှုတ်ထည့်၍ သန့်လျက် ဓားကို လုစေ၏၊ ဆီးတားမနိုင် မင်းရှေ့သို့ရောက်လေ၏၊

ဗိန္ဒုသာရမင်းသားလည်း ဘီလူး၏အနီး၌ခစား၍ နေနှင့်၏၊ဘီလူး လည်း မင်းကဲ့သို့ပင်"သင်းတို့နှစ်ယောက်ရန်ကို ငြိမ်းအောင်ပြုချေ"ဟု ဗိန္ဒုသာရမင်းသားကိုစေ၏၊ ဗိန္ဒုသာရမင်းသားလည်း "သွား၍ဆိုပါ သည်ကိုမနိုင်"ဟု ပြန်၍လျှောက်၏၊"ဆို၍မနိုင်သော် သင်းတို့ကို သည် သို့ခေါ်ခဲ့"ဟူ၍ ဘီလူးဆို၏၊"သင်းတို့လက်၌ လက်နက်ရှိသည်၊မင်းပါး သို့မချဉ်းစေကောင်း"ဟူ၍လျှောက်၏၊ချဉ်းလာစေဟု ဆိုသောကြောင့် ချဉ်းလာစေမှသင်းတို့လက်၌ဓားကိုယူ၍ ဤသန့်လျက်ဓားကြောင့် သင်း တို့နှစ်ယောက်အချင်းများကြသည်ဟူ၍ သန့်လျက်ဓားကို ဘီလူးအား ပြလိုသောအဟန် အပါးသို့ကပ်လာ၍ လည်ကိုလှီးဖြတ်၏၊ လည်ပြတ်၍

ဘီလူးသေလေ၏၊ဘီလူးသေလေလျှင် စန္ဒဂုတ္တမင်း၏ အကောင်ကို ဖုတ်ကြည်းသဂြိုဟ်ရ၏၊ထို့နောင်မှ ဗိန္ဒုသာရမင်း အဘိသိက်ခံ၍မင်းပြု၏၊ မင်းပြုသောနှစ်ကား သက္ကရာဇ် ၁၀၆-ခုတည်း။

သာသနာတော် သက္ကရာဇ် ၁၀၀-ခုတွင် ကာလာသောကမင်းလွန်၏၊အဘလွန်လျှင် ဘဒ္ဒသေန အစရှိသောညီနောင်တကျိပ်တို့ အစဉ်အတိုင်းမင်းပြုသည် ၂၂-နှစ်ကြာ၏၊ သက္ကရာဇ် ၁၄၀-ပြည့်တွင် ပဥ္စမကမင်းလွန်၏၊ နောက်ဥဂ္ဂသေနနန္ဒစသော နန္ဒကိုးယောက်တို့ အစဉ်အတိုင်းမင်းပြုကြသည် ၂၂-နှစ်ကြာ၏၊ ကိုးယောက်တွင် အဆုံးဖြစ်သော ဓနနန္ဒမင်းကား သာသနာတော် သက္ကရာဇ် ၁၆၂- ခုတွင် လွန်၏၊ သက္ကရာဇ် ၁၆၃- ခုမှစ၍ စန္ဒဂုတ္တမင်းပြု၏၊ စန္ဒဂုတ္တသည် ဇာနက္ကပုဏ္ဏားကြောင့် မင်းအဖြစ်ကိုရသဖြင့် ပုဏ္ဏားတို့ကိုကြည်ညိုလေရကား ခြောက်သောင်းမျှသော ပုဏ္ဏားတို့အား နန်းတွင်း၌ မဏ္ဍပ်ကြီးစွာဆောက်၍ မပြတ်လျှင် ထမင်းကျွေးသတည်း၊စန္ဒဂုတ္တ ၂၄-နှစ်နန်းထက်နေ၍ သက္ကရာဇ် ၁၀၆-ခုတွင်လွန်၏၊ စန္ဒဂုတ္တသား ဗိန္ဒုသာရကား ၁၀၆-ခုမှစ၍မင်းပြု၏။

---

## ၂၇၆။ ဒုတိယသင်္ဂါယနာတင်ပြီးနောက် သာသနာဝင်အစဉ်အဆက်ကိုပြခြင်း၊

### အရှင်သိဂ္ဂဝထေရ်ဆွမ်းခံကြွခြင်း

စန္ဒဂုတ္တမင်းပြု၍ ၂-နှစ်မြောက်သော သက္ကရာဇ် ၁၆၄- ခုတွင် တိဿမြဟ္မာသည် ဗြဟ္မာ့ပြည်မှစုတေ့ခဲ့၍ ပါဋလိပုတ်ပြည်၌ မောဂ္ဂလိပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေယူ၏၊ ဆယ်လစေ့လျှင် ဘွား၏၊ ထိုသူငယ်အား **တိဿ** ဟူ၍ အမည်မှည့်ကုန်၏၊ပဋိသန္ဓေယူသည့်နေ့မှစ၍ အရှင်သိဂ္ဂဝမထေရ်သည် ပုဏ္ဏား၏အိမ်သို့ ဆွမ်းရပ်ကြွတော်မူ၏၊ တနေ့မျှလည်း တဟင်းချိုသော ယဂုကိုင်း,၊တယောက်မျှသော ဆွမ်းကိုင်း မရမူ၍ ခုနစ်နှစ်ကြာ၏၊ ခုနစ်နှစ်လွန်သဖြင့် တနေ့သ၌ **ကန်တော့ပါ၏** အရှင်ဘုရားဟု ပုဏ္ဏေးမဆိုသော စကားမျှကိုရ၏၊ ထိုနေ့၌ ပုဏ္ဏားသည် အရပ်တပါးတွင် တစုံတခုသော ကိစ္စကိုပြု၍ ပြန်လာသော် အရှင်

သိဂ္ဂဝကို ခရီးရင်ဆိုင်တွေ့၍ "အရှင်ရဟန်း.... ငါတို့အိမ်သို့ရောက်ခဲ့၏ လော"ဟု မေး၍"ပုဏ္ဏား....ရောက်ခဲ့၏"ဟု ဆိုသော် "တစုံတခုကို ရခဲ့၏လော"ဟု မေးပြန်၍ "ရခဲ့၏ပုဏ္ဏား"ဟူ၍ဆို၏၊

ပုဏ္ဏားသည်အိမ်သို့သွား၍ ရဟန်းအား "တစုံတခုကို လှူလိုက်၏ လော"ဟု မေး၍"မလှူလိုက်"ဟု ပုဏ္ဏေးမဆိုသော် ပုဏ္ဏားသည် နှစ် ရက် မြောက်သောနေ့၌ မထေရ်ကို မုသာဝါဒဖြင့် နှိပ်အံ့ဟုကြံ၍ အိမ် တံခါးဝ၌ နေနှင့်၏၊ မထေရ်သည် ဆွမ်းခံကြွ၍ ပုဏ္ဏားအိမ်သို့ရောက် သော် ပုဏ္ဏားသည်မထေရ်ကို"သင်သည် ယမန်နေ့က ငါတို့အိမ်၌ တစုံ တခုမျှ မရဘဲလျက် ရ၏ဟူ၍ဆိုဘိ၏၊သင်တို့အား မုသာဝါဒသည် အပ် သလော" ဟူ၍ဆို၏၊"ပုဏ္ဏား...ငါသည် သင်တို့အိမ်၌ ဆွမ်းရပ်သည် ခုနစ်နှစ်ရှိပြီ ကန်တော့ပါ၏ ဟူသောစကားကိုမျှ မရဘူးပါ၊ ယမန်နေ့ တွင် ကန်တော့ပါ၏-ဟူသောစကားမျှကိုရ၏၊ ထို့ကြောင့် ငါတို့သည် ပဋိသန္ထာရကိုစွဲ၍ ရ၏ဆိုသည်"ဟု မထေရ်မိန့်တော်မူသော်-

"ဤရဟန်းတို့သည် ပဋိသန္ထာရမျှကိုရ၍လည်း ရ၏ဟုချီးမွမ်းကုန် သေး၏၊ တစုံတခုသော ခဲဘွယ်ဘောဇဉ်ကိုရမူကား အဘယ့်ကြောင့် မချီးမွမ်းကုန်လတ္တံ့နည်း"ဟု ကြည်ညို၍မိမိ၏အလို့ငှါ စီရင်အပ်သော အိုးမှ တယောင်းမျှသော ဆွမ်းကိုငင်း, ထိုဆွမ်းနှင့် လျော်ရုံသော ဟင်းလျာကိုငင်းလှူစေ၍ "ဤမျှသောဆွမ်းကို အခါ ခပ်သိမ်းသင်တို့ သည်ရကုန်လတ္တံ့"ဟုလျောက်၏၊ပုဏ္ဏားသည် ထိုညဥ့်မိုးသောက်သော နေ့မှစ၍ ကပ်လာသော မထေရ်အား ငြိမ်သက်ခြင်းကိုမြင်၍ အတိုင်း ထက် အလွန် ကြည်ညို၍ အခါခပ်သိမ်း အိမ်တွင်း၌ ဆွမ်းစားခြင်း ကို ပြုစိမ့်သောငှါ မထေရ်အား တောင်းပန်၏၊ မထေရ်သည် ဝန်ခံ၍ နေ့တိုင်းနေ့တိုင်းဆွမ်းစားခြင်းကိုပြု၍ သွားအံ့သောအခါ မထေရ် သည် အနည်းငယ် အနည်းငယ်သော ဘုရားစကားကို ဟော၍သွား၏။

ထိုတိဿလုလင်သည် ၁၆-နှစ်ရွယ်ရှိသော အခါ၌သာလျှင် ဗေဒင် သုံးပုံတို့၌ အပြီးရောက်၏၊ ဗြဟ္မာ့ပြည်မှလာသော စင်ကြယ်သော သူ ဖြစ်သောကြောင့် ထိုတိဿ၏ နေရာ၌ငင်း,အိပ်ရာ၌ငင်း နေရသောသူ မည်သည်မရှိ၊ထိုလုလင်သည် အကြင်အခါ၌ ဆရာ့အိမ်သို့သွား၏၊ ထို အခါ၌ လုလင်၏ညောင်စောင်းအင်းပျဉ်းကို ဖြူသောပုဆိုးဖြင့် ဖုံးလွှမ်း

၍ ဆွဲထားရကုန်၏၊မထေရ်သည် ယခုအခါ၌ လုလင်ကို သာမဏေ ရဟန်းပြုခါတန်ပြီ၊ ဤအိမ်သို့ကပ်ရသော ငါ့အားလည်း ကြာမြင့်ပြီ၊ တရံတခါမျှလည်းလုလင်နှင့် စကားပြောဟောခြင်းသည် မဖြစ် ယခု အခါ၌ ဤအကြောင်းဖြင့် ပလ္လင်ကိုမှီ၍ စကားသည်ဖြစ်လတ္တံ့ဟု ကြံ၍ အကြင်အခြင်းဖြင့် ထိုအိမ်၌လုလင်၏ နေရာပလ္လင်ကိုထား၍ တပါး သောနေရာကိုမမြင် ထိုအခြင်းဖြင့် ဓိဋ္ဌာန်၍ ဆွမ်းခံကြွလေ၏၊ ဓိဋ္ဌာန် တိုင်းဖြစ်ရကား ပုဏ္ဏားဏ်အိမ်၌ အလုပ်အကျွေးဖြစ်သော သူတို့သည် မထေရ်ကို မြင်လေလျှင် တိဿလုလင်၏နေရာ အင်းပျဉ်ကို ထား၍ တပါးသော နေရာကို မမြင်သဖြင့်လုလင်၏ ပလ္လင်ကိုခင်း၍ ပေး၏၊ မထေရ်သည် ပလ္လင်၌ နေဘိ၏။

တိဿလုလင်သည်လည်း ထိုခဏ၌လျှင် ဆရာ့အိမ်မှလာ၍ မိမိ ပလ္လင်၌ နေသောမထေရ်ကိုမြင်လျှင် အမျက်ထွက်သဖြင့် "ငါ၏ပလ္လင်ကို အဘယ်သူခင်းသနည်း"ဟု ဆို၏၊ မထေရ်လည်း ဆွမ်းစားခြင်းကို ပြုပြီး ၍ လုလင်၏ ကြမ်းတမ်းသောအဖြစ်ကို ငြိမ်းစေပြီးသော် "အသို့နည်း လုလင်....သင်သည် တစုံတခုသော ဗေဒင်ကို တတ်ပါပြီလော" ဟု မေး၏၊ "အိုရဟန်း....ယခုအခါ၌ ဗေဒင်ကို ငါမတတ်သည် ရှိသော် ငါမှတပါး အဘယ်သူသည် တတ်လတ္တံ့နည်း"ဟု လုလင်ဆို၍ "အရှင် ရဟန်းတို့သည်ကား ဗေဒင်ကိုတတ်ကုန်၏လော"ဟု မထေရ်ကို မေးပြန် ၏၊ "လုလင်....မေး၍စမ်းမူ သိအံ့သောငှါ တတ်ကောင်း၏" ဟု မထေရ်ဆို၏၊ လုလင်သည် နိဃဏ္ဍုကျမ်း, ကေဋုဘကျမ်း, သဒ္ဒါကျမ်း တို့နှင့်တကွ ဣတိဟာသကျမ်းလျှင် ငါးခုမြောက်ကုန်သော ဗေဒင်သုံးပုံ တို့၌ မိမိသည်ရင်း၊ မိမိ၏ဆရာသည်ရင်း၊ မသိမမြင်နိုင်သော ခဲ့ခက်သော အရာတို့ကို မထေရ်အားမေး၏။

မထေရ်သည် ပြကတေ့ သဘောအားဖြင့်လည်း ဗေဒင် သုံးပုံကို ကမ်းတဘက်ရောက် တတ်မြောက်၏၊ ယခုအခါ၌ကား ပဋိသမ္ဘိဒါပတ္တ ရဟန္တာတည်း၊ ထိုကြောင့် မထေရ်အား ထိုပြဿနာကို ဖြေဆိုခြင်းငှါ ဝန်မလေးသဖြင့် ထိုမေးသောခဏ၌လျှင် မေးတိုင်း မေးတိုင်း ဖြေ၍ လုလင်ကို "လုလင်....သင်သည် ငါ့ကိုများစွာမေးအပ်ပြီ၊ ယခုအခါ

ငါသည် တခုသောပြဿနာကို သင့်အား မေးပါအံ့၊ဖြေနိုင်လတ္တံ့လော" ဟု မထေရ်သည်ဆို၏၊ "အိုရဟန်း····မေးလော့၊ ငါဖြေအံ့" ဟူ၍ လုလင်ဆိုသော် အရှင်သိဂ္ဂဝမထေရ်သည် စိတ္တယမိုက်၌ ရဟန္တာ၏ စုတိစိတ် ဥပ္ပါဒက္ခဏာကိုရည်၍ မြတ်စွာဘုရား ဟောတော်မူသော—

ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ တဿ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတီတိ၊ ဟူသောအနုလောမပုစ္ဆာကိုရင်း,

ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတီတိ။ ဟူသော ပဋိလောမပုစ္ဆာကိုရင်း ယူ၍-

"လုလင်····အကြင်ပုဂ္ဂိုလ်အား စိတ်သည်ဖြစ်ဆဲ ဟုတ်၏၊ ချုပ်ဆဲ မဟုတ်၊ထိုပုဂ္ဂိုလ်အား စိတ်သည် ချုပ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော၊ [အနုလုံအမေး] အကြင် ပုဂ္ဂိုလ်အား စိတ်သည်ချုပ်လတ္တံ့၊ မဖြစ်လတ္တံ့၊ ထိုပုဂ္ဂိုလ်အား စိတ်သည် ဖြစ်ဆဲလော၊ ချုပ်ဆဲ မဟုတ်လော၊ [ပဋိလုံအမေး] ဤအမေး နှစ်ပါးကိုမထေရ်ကမေးသော် လုလင်သည် အထက်ကိုရင်း, အောက်ကိုရင်း အောက်မေ့ခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ "အရှင်ရဟန်း····ဤ ဗေဒင်သည် အဘယ်မည်သော ဗေဒင်နည်း"ဟု မေး၏၊ "ဗုဒ္ဓမန္တဘုရားဗေဒင်မည်၏ လုလင်"ဟူ၍ မထေရ်က ဆိုသော် "အရှင် ရဟန်း····ငါ့အားလည်း ဤဗေဒင်ကို ပေးအံ့သော ငှါ တတ်နိုင်ပါအံ့လော" ဟူ၍ မေး၏၊ "ငါတို့သည် ယူအပ်သော ရဟန်း၏အဖြစ်ကို ယူသောသူအား ပေးခြင်းငှါတတ်နိုင်၏" ဟူ၍ မိန့်တော်မူ၏။

### တိဿသတို့သားသောတာပတ္တိဖိုလ်၌တည်ခြင်း

ထိုနောင်မှ လုလင်သည် အမိအဘတို့သို့ကပ်၍ "အိုအမိအဘတို့···· ဤရဟန်းသည် ဗုဒ္ဓဗေဒင်ကိုတတ်၏၊ မိမိအထံ၌ ရဟန်း မပြုသော သူတို့အားလည်းမပေး၊ ငါသည် ထိုရဟန်း၏အထံ၌ ရဟန်းပြု၍ ဗေဒင်ကိုသင်အံ့"ဟူ၍ ခွင့်တောင်း၏၊ ထိုအခါ၌ အမိအဘတို့သည် ငါတို့၏ သားသည် ရဟန်းပြု၍ သင်စေတော့၊သင်ပြီးလျှင်တဘန်လာပြန်လတ္တံ့ ဟုမှတ်၍ "သင်ချေတော့ ချစ်သား"ဟု ခွင့်လွှတ်ကုန်၏၊ မထေရ်သည်

တိဿလုလင်ကို ရဟန်းပြု၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ရွေးဦးစွာ သင်၏၊ ထိုတိဿသာမဏေသည် ဒွတ္တိံသာကာရကမ္မဋ္ဌာန်း၌ ပရိကံကို ပြုသော် မကြာမြင့်မီ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထို့နောင်မှ မထေရ်သည် ကြံပြန်၏၊သာမဏေသည် သောတာပတ္တိဖိုလ်၌တည်ပြီ၊ သာသနာတော်မှ ပြန်နစ်အံ့သောငှါမထိုက်ပြီ၊ အကယ်၍ကား ငါသည် သာမဏေအား ကမ္မဋ္ဌာန်းကို ပွါးစေလေ့ဟု ဆိုအံ့၊ ရဟန္တာအဖြစ်သို့ ရောက်သဖြင့် မြတ်စွာဘုရား စကားတော်ကို သင်ခြင်ငှါ လုံ့လမပြုသည်ဖြစ်ရာ၏၊ ယခုအခါ၌ သာမဏေကိုစဏ္ဍဝဇ္ဇီ မထေရ်၏အထံသို့ စေလွှတ်အံ့သောငှါ အခါတန်ပြီဟုကြံ၍“သာမဏေ သင်လာလှည့် မထေရ်၏အထံသို့သွား၍ ဘုရားစကားတော်ကိုသင်ချေ၊ ငါ၏စကားဖြင့် အနာမရှိသောအဖြစ်ကို မေးလေ၊ အရှင်ဘုရား.... အကျွန်ုပ်ကို ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား၏အထံသို့ စေလွှတ်လိုက်၏၊ ဤသို့လည်းဆိုလေ” ဟု မှာ၍ “သင်၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်း” ဟု မေးသော် “အရှင်ဘုရား....သိဂ္ဂဝ မထေရ်အမည်ရှိ၏” ဟု လျှောက်ရာ၏၊“ငါသည် အဘယ်အမည်ရှိသနည်း” ဟု၍ မထေရ်မေးသော်“အရှင်ဘုရား....အရှင်ဘုရားတို့၏ အမည်ကို အကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာသည် သိပါ၏ ဟုဆိုလေဟု မိန့်တော်မူသော် “ကောင်းပြီအရှင်ဘုရား” ဟု ဝန်ခံ၍ မထေရ်ကိုရှိခိုး၍ လက်ျာရစ်လှည့်၍သွားလေ၏။

အစဉ်သဖြင့် စဏ္ဍဝဇ္ဇီမထေရ်၏အထံသို့ရောက်၍ မထေရ်ကိုရှိခိုး၍ တင့်အပ်ရာ၌နေ၏၊ မထေရ်သည် သာမဏေကို “သင်သည် အဘယ်အရပ်မှလာသနည်း” ဟု မေး၏၊“ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားတို့ အထံသို့ စေလိုက်၏” ဟု လျှောက်သော် “သင်၏ ဥပဇ္ဈာယ်သည် အဘယ်အမည် ရှိသနည်း” စသည်ကို မေးသဖြင့် ဆရာမှာလိုက်တိုင်းသောအခြင်အရာဖြင့် လျှောက်၍ “သပိတ်သက်န်းကို သိမ်းလေ့” ဟု မိန့်တော်မူသော် “ကောင်းပြီ အရှင်ဘုရား” ဟု သိမ်း၍ မိုးသောက်သောနေ့၌ ပရိဝုဏ်ကို တံမြက်လှည်း၍ မျက်သစ်ရေ ဒန်ပူကိုကပ်၏၊ မထေရ်သည် သာမဏေတံမြက်လှည်းရာသို့ ထပ်၍လှည်း၏၊ မျက်သစ်

ရေ ဒန်ပူကိုစွန့်၍ တပါးသောရေဒန်ပူကိုယူ၏၊ ဤသို့ ခုနစ်ရက်ပတ်လုံး ပြု၍ ခုနစ်ရက်မြောက်သောနေ့၌ တဘန်မေးပြန်၏၊ သာမဏေလည်း ရှေးကလျှောက်မြဲတိုင်းကို လျှောက်၏၊မထေရ်သည် ဤသာမဏေသည် ငါတို့တောင်းပန်သော တိဿမြဟ္မာပင်တည်းဟုသိ၍ "အဘယ်အလို့ ငါ လာသနည်း" ဟု မေးသော် "ဘုရားသခင်၏ စကားတော်ကို သင် ခြင်းငှါ လာပါသည်" ဟု လျှောက်၍ "သင်လော့ သာမဏေ" ဟု မထေရ်သည် ခွင့်ပေး၍ မိုးသောက်သောနေ့မှစ၍ မြတ်စွာဘုရားစကား တော်ကိုသင်စေ၏၊တိဿသည် သာမဏေအဖြစ်ဖြင့် ဝိနည်းပိဋကတ်ကို ထား၍ အလုံးစုံသော မြတ်စွာဘုရား စကားတော်ကို သုံးနှစ်သင်၍ တတ်၏၊အဋ္ဌကထာနှင့်တကွ သင်၏၊အသက် နှစ်ဆယ်ပြည့်၍ ပဉ္စင်းခံ သောအခါ၌ တဝါမျှမရမီ ပိဋကတ်သုံးပုံကို ဆောင်သည်ဖြစ်၏၊ပဉ္စင်း ဖြစ်သောအခါ၌ မောဂ္ဂလိပုဏ္ဏေးမ၏ သားဖြစ်သည်ကိုစွဲ၍ "မောဂ္ဂလိ ပုတ္တတိဿ" ဟူ၍ အမည်ကို သမုတ်၏၊အရှင်သိဂ္ဂဝ, အရှင်စဏ္ဍဝဇ္ဇီမ ထေရ်တို့သည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ နှလုံးတည်းဟူသော လက်၌ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကိုထား၍ အသက်အ တိုင်းတည်၍ ပရိနိဗ္ဗာန်စံလေကုန်၏၊အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ် သည်လည်း နောက်အဘို့၌ ကမ္မဋ္ဌာန်းကို ပွားစေ၍ ရဟန္တာအဖြစ်သို့ ရောက်၍ များစွာသောရဟန်းတို့အား သုတ်,အဘိဓမ္မာ,ဝိနည်းကိုသင် စေ၏၊ သာသနာတော် သက္ကရာဇ် ၁၈၄-ခုတွင် ပဉ္စင်းဖြစ်၏။

---

## ၂၇၇။ စန္ဒဂုတ္တမင်းမှ သိရီဓမ္မာသောကမင်းတိုင်အောင် ရာဇဝင်အစဉ်အဆက်ကိုပြခြင်း

### ဓမ္မာမိဖုရားချင်ခြင်းဖြစ်ခြင်း

၁၈၆-ခုတွင် စန္ဒဂုတ္တမင်းလွန်၍ ထိုသက္ကရာဇ်တွင်ပင် စန္ဒဂုတ္တမင်း ၏သား ဗိန္ဒုသာရမင်း မင်းပြု၏၊ ဗိန္ဒုသာရမင်းသည် အဘစန္ဒဂုတ္တ မင်း၏ ပုဏ္ဏားခြောက်သောင်းတို့အား ထမင်းကျွေးသော အစဉ်ကို မဖျက်မူ၍ ထမင်းကျွေး၏၊ ဗိန္ဒုသာရမင်း၏ မိဖုရားကား မောရိယ ပြည်၌ သကျဝင်မင်း၏ သမီးတည်း၊ ဓမ္မာအမည်ရှိ၏၊ ထိုဗိန္ဒုသာရ

မင်းကြီးအား တရာ့တယောက်သော သားတို့သည် ဖြစ်ကုန်၏၊ ထို သားတို့တွင် အသောကမင်းသားနှင့် တိဿမင်းသားကား ဓမ္မာမိဖုရား၏ သားတည်း၊ ထို နှစ်ယောက်တို့တွင် အကြီးဖြစ်သော အသောက မင်းသား ပဋိသန္ဓေနေသောအခါ၌ ဓမ္မာမိဖုရားအား ငါးပါးသော ချင်ခြင်းတို့သည် ဖြစ်ကုန်၏။

ငါးပါးတို့သည်ဟူသည်ကား—

၁။ နေကိုခြေတဘက်, လကိုခြေတဘက် နင်းချင်သည်။
၂။ ကောင်းကင်၌ ကြယ်များကို စားချင်သည်။
၃။ ကောင်းကင်၌ တိမ်တိုက်တို့ကို စားချင်သည်။
၄။ မြေကြီး၌ တီကျစ်စာတို့ကို စားချင်သည်။
၅။ သစ်ပင်ဖျား၌ သစ်ရွက် သစ်သီးတို့ကို စားချင်သည်။
ဤသည်လျှင် ချင်ခြင်းငါးပါးတို့တည်း။

ဤသို့သော ချင်ခြင်းငါးပါးဖြစ်သည်ကို မိဖုရားသည် မင်းကြီးအား ကြားပေ၏၊ မင်းကြီးလည်း မိဖုရားအား ချင်ခြင်းကို ငြိမ်းစေပြီး၍ ချင်ခြင်းငါးပါးကို ဆရာဇရုဏာဇီဝကအား ကြား၏၊ ဇရုဏာဇီဝက လည်း ပညာအဆင်အခြင်နှင့် ပြည့်စုံသဖြင့် ထိုအကြောင်းကို နိမိတ် ဘတ်၍ မင်းကြီးအား ဤသို့ကြား၏။

"မိဖုရား၌ရှိသော ပဋိသန္ဓေသည် သားယောကျ်ား ဘွား လတ္တံ့၊ နေကိုခြေတဘက်, လကိုခြေတဘက် နင်းချင်သည့် အလိုကား ဇမ္ဗူဒီပါကျွန်းအလုံးကို အစိုးရသော မင်းဖြစ် လတ္တံ့၊ ကြယ်ကို စားချင်သည့် အလိုကား တဘသားချင်း မင်းသားညီနောင်အပေါင်းတို့ကို သတ်လတ္တံ့၊ တိမ်တိုက်တို့ကို စားချင်သည့် အလိုကား သာသနာတော်၏ အညစ် အကြေး ဖြစ်သော မိစ္ဆာဒိဋ္ဌိအယူကိုပယ်ဖျောက်နိုင်လတ္တံ့၊ တီကျစ်စာ တို့ကို စားချင်သည့်အလိုကား မင်းဖြစ်သောအခါ အောက်ကို တယူဇနာပိုင်လတ္တံ့၊ သစ်ပင်ဖျား၌ သစ်ရွက်သစ်သီးတို့ကို စား ချင်သည့်အလိုကား၊ ကောင်းကင်ထက်သို့လည်း တယူဇနာပိုင် လတ္တံ့" ဤသို့နိမိတ်စကားကို ကြားပေ၏။

ထိုစကားကို မိဖုရားကြားလျှင် ရွှေပေ၌ အက္ခရာရေး၍ ထား၏၊ ဆရာဆိုတိုင်း မင်းဖြစ်သောအခါ ဆရာရှိရာရှာ၍ ရွှေထမ်းစင်ဖြင့် ဆရာ့ကိုထမ်းလာစေအံ့၊ များစွာသော ပူဇော်သက္ကာရကို ပြုအံ့ဟုဆို၏။သက္ကရာဇ်၁၈၈-ခုတွင် အသောကမင်းသား ဆယ်လပဋိသန္ဓေနေ၍ ဘွား၏၊ ဘွား၍တလရှိပြီးသော် အသောကမင်းသားကို ဗိန္ဒုသာရမင်းကြီးသည် တင်ပြင်ထက်၌ တင်ထား၍ အမတ်အပေါင်းခြံရံလျက် နေ၏။ ထိုရောအခါ သတို့သားသည် ခမည်းတော်လက်၌ရှိသော ခရုသင်းလက်ျာရစ်ထက် ကျင်ငယ်စွန့်၏၊ ခမည်းတော်သည် ခရုသင်း၌ရှိသော ကျင်ငယ်ရည်ကို သတို့သား၏ဦးထိပ်၌သွန်း၏၊ ထိုအကြောင်းကို ဇရုဏာဇီဝကတက္ကတွန်းဆရာ မြင်လျှင်''သားတော်ကို ယခုအခါ၌ပင် အဘိသိက်သွန်းသည်မည်၏၊ မချွတ်လျှင် ဇမ္ဗူဒိပါကျွန်းအလုံးကို အစိုးရသော မင်း၏အဘိသိက်ကိုခံလတ္တံ့''ဟုဆို၏။

ဇရုဏာဇီဝကသည်လည်း ဤမျှသော စကားကိုဆို၍ ''ငါဆိုတိုင်း ဤမင်းသားမင်းဖြစ်သောအခါ ငါရှိရာရှာ၍ ထမ်းစင်ဖြင့် ထမ်းလာလတ်မည်''ဟု ပါဋလိပုတ်မြို့မှ ယူဇနာတရာခြားသောအရပ်သို့သွား၍ နေလေ၏၊ ဓမ္မာမိဖုရားလည်း နောက်သားတော်တယောက်ဘွားပြန်၏၊ ထိုသတို့သားအား တိဿဟူသောအမည်ကို မှည့်ကုန်၏၊ အသောကမင်းသား တဆယ့်ခြောက်နှစ်အရွယ် ရှိသောအခါ၌ သက္ကရာဇ် ၂၀၃- ခုတွင် ဗိန္ဒုသာရမင်းကြီးသည် အသောကမင်းသားအား ဥစ္စေနီပြည်ကိုစားကြေးပေး၏၊ အမြင့်မြို့ကိုပင် ဥစ္စေနီဟူ၏။

အသောကမင်းသားသည် မိမိစားရသောမြို့သို့ တက်လေသောအခါ၌ ဘုရားကိုယ်တော်ထင်ရှားရှိစဉ် ဝိဋူဍဘေးကြောင့် ကပိလဝတ်ပြည်မှထွက်၍ အသက်လွတ်ရာရှာကုန်လျက် ပါဋလိပုတ်ပြည်မှ ယူဇနာ ၅၀-ခြားသော အရှေ့အရပ် ဝေဒိယကတောင်ကို မှီလျက် သစ်ခက်မြို့တည်၍နေကုန်သော သာကီဝင်မင်းတို့၏ ဝေဒိယကမြို့သို့ ရောက်၍ ထိုမြို့၌ဒေဝသူဌေးအိမ်၌ တဲနေသော် ထိုသူဌေးသမီး အသန္ဓိမိတ္တာ၏ အင်္ဂါကြီးငယ် လက္ခဏာနှင့် ပြည့်စုံခြင်းကိုမြင်၍ ကြည်ညိုလေးမြတ်သဖြင့် မိဘတို့အား ခွင့်တောင်းလျက် ဥစ္စေနီပြည်သို့ ဆောင်ယူ၍ မိဖုရားမြှောက်ပြီးလျှင် ဥစ္စေနီပြည်ကို ပိုင်စားမင်းပြု၍နေ၏၊ထိုဥစ္စေနီသို့

ရောက်သောနှစ် သက္ကရာဇ် ၂၀၃-ခုတွင်ပင် သားယောကျ်ားဘွား၏၊ **မဟိန္ဒ** ဟူသော အမည်ကိုမှည့်၏၊သက္ကရာဇ် ၂၀၅-ခုရောက်သောအခါ သမီး **သင်္ဃမိတ္တာ** ကိုဘွား၏၊ အသောကမင်းသား ဥဇ္ဇေနီ ပြည်ကိုမင်းပြု ၍ ကိုးနှစ်, ဆယ်နှစ်မျှ ကြာသောအခါ၌ ခမည်းတော် ဗိန္ဒုသာရမင်း မကျန်းမာကြောင်းကိုကြား၍ ဥဇ္ဇေနီမြို့ကိုစွန့်ခဲ့၍ မိဖုရားသားသမီးတို့ နှင့်တကွ လာခဲ့သော် ဝေဒိယကမြို့သို့ရောက်၍ မိဘတို့၏အထံ၌ သား သမီးတို့နှင့်တကွ မိဖုရားကို ထားခဲ့၍ လျင်မြန်စွာလာ၍ ပါဋလိပုတ် ပြည်သို့ရောက်လျှင် ခမည်းတော်အား လုပ်ကျွေးစောင်မ၏၊ ဗိန္ဒုသာရ မင်းသည် ထိုအနာမှမထွက်မြောက်နိုင်ဖြစ်၍ သာသနာတော်သက္ကရာဇ် ၂၁၄-ခုတွင်လွန်၏၊ ဗိန္ဒုသာရမင်း ၁၈၆-ခုမှစ၍ မင်းပြုသည်၊ နန်း ထက် ၂၈-နှစ်နေ၍ ၂၁၄-ခုနှစ်တွင်လွန်၏။

### အသောကမင်းသား မင်းအဖြစ်သို့ရောက်ခြင်း

အသောကမင်းသားသည် အဘလွန်လျှင် လွန်သည့်နှစ် ၂၁၄-ခုနှစ် တွင် မင်းပြု၏၊ အသောကမင်းသား ပါဋလိပုတ်ပြည်ကို မင်းပြုသည် လျှင် တမိဘွား နောင်တော်အကြီး သုမနမင်းသားသည် အသောက မင်း၏ညီရင်း တိဿမှတပါး ကိုးကျိပ်ရှစ်ယောက်သော ညီတို့ဖြင့်ခြံရံ လျက် အသောကမင်းကိုစစ်ပြု၏၊ အသောကမင်းထွက်၍ တိုက်သော် အောင်၍ နောင်တော်သုမနမင်းကို ဘမ်း၍သတ်လေ၏၊ ထိုသုမန မင်း သားကိုဘမ်းမိ၍ သတ်လေလျှင် ညီတော်ကိုးကျိပ် ရှစ်ယောက်တို့သည် ထွက်ပြေးလေကုန်၏။

အသောကမင်းသည် ထိုမင်းပြုသည့်နှစ်မှစ၍ ညီရင်းတိဿ မင်း သားကိုထား၍ ညီနောင်မင်းသား ကိုးကျိပ်ကိုးယောက်တို့ကို လိုက်လံ ရှာဖွေ သတ်ဖြတ်လျက် လေးနှစ်တိုင်တိုင် အဘိသိက်မသွန်းဘဲ မင်းပြု ၏၊ မင်းပြု၍ငါးနှစ်မြောက်သော် သာသနာတော်သက္ကရာဇ် ၂၁၈-နှစ် ကဆုန်လတွင် ဇမ္ဗူဒိပ်ကျွန်း၌ ကေရာဇ်အဖြစ်ဖြင့် အဘိသိက်သွန်း၏၊ ဓမ္မာမိဖုရား၏သားဖြစ်သည်ကိုအကြောင်းပြု၍ **ဓမ္မာသောက** ဟူသောအ မည်ကိုလည်းခံ၏၊ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသော မင်းဖြစ်၏၊မြေ အောက်သို့လည်း တယူဇနာတိုင်တိုင်ပိုင်၏၊ကောင်းကင်ထက်သို့လည်း

တယုဇနာတိုင်တိုင်ပိုင်၏၊အနဝတတ်အိုင်မှရေတို့ကို ၁၆-လုံးသော အိုးတို့၌ ပြည့်စေ၍ ရှစ်စင်းသောထမ်းပိုးတို့ဖြင့် နေ့တိုင်းနေ့တိုင်း နတ်တို့သည် ဆောင်ခဲ့ကုန်၏။

ထိုမင်းသည် သာသနာတော်၌ ကြည်ညိုသောအခါ ထို ၁၆-လုံးသော အိုးတို့မှ နှစ်လုံးသော အိုးတို့ကို ခြောက်သောင်းသော တိပိဋက ဓရရဟန်းတို့အား လှူ၏၊ နှစ်လုံးသော ရေအိုးတို့ကို အဂ္ဂမဟေသီ အသန္ဓိမိတ္တာအားပေး၏၊ ရှစ်လုံးသော ရေအိုးတို့ကို ရဟန်းသံဃာအား လှူ၏၊ လေးလုံးသော ရေအိုးတို့ကို မိမိသုံးဆောင်၏၊ ဟိမဝန္တာ၌ ရှိသော သိမ်မွေ့နူးညံ့သော ကောင်းသော အရသာရှိသော ကောင်းကင်နွယ်ဒန်ပူတို့ကို နတ်တို့သည် နေ့တိုင်း နေ့တိုင်း ဆက်လာကုန်၏၊ ထိုဒန်ပူဖြင့် မင်းကြီး, မိဖုရား,၁၆၀၀၀-ကုန်သော မောင်းမ, ၆၀၀၀၀ ကုန်သော ရဟန်းတို့အား ဒန်ပူသုံးဆောင်ခြင်းကိစ္စသည် ပြီး၏၊ ဆေးဖြစ်သော သျှိသျှားသီး,သဖန်းခါးသီးတို့ကိုင်း၊ ရွှေအဆင်းနှင့်တူသော ကောင်းသောအနံ့အရသာရှိသော သရက်သီးမှည့်ကိုင်း၊ နေ့တိုင်းနေ့တိုင်း နတ်တို့သည် ဆက်လာကုန်၏၊ ဆဒ္ဒန်အိုင်မှ ငါးပါးသော အဆင်းရှိသော အဝတ်အရုံပုဆိုးတို့ကိုင်း၊ ရွှေအဆင်းနှင့် တူသော လက်သုတ်ပုဝါကိုင်း၊ နတ်၌ ဖြစ်သော အဖျော်ကိုင်း၊ နတ်တို့သည် နေ့တိုင်းနေ့တိုင်း ဆက်လာကုန်၏၊ အထူးထူးသော အနံ့ရှိသော နံ့သာပျောင်းကိုင်း၊ မင်းကြီး၏ အပေါ်ရုံအလို့ငှါ ချည်ဖြင့် မရက်သော မြတ်လေးပန်း ပုဆိုးကိုင်း၊ မြတ်သော သူတို့သာ သုံးဆောင်ထိုက်သော မျက်စဉ်းကိုင်း၊ နဂါးပြည်မှ နဂါးမင်းတို့သည် နေ့တိုင်းနေ့တိုင်း ဆက်လာကုန်၏။

ဆဒ္ဒန်အိုင်၌ အလိုလို ပေါက်ရောက်သော သလေးစပါး တို့ကို ကျေးသားတို့သည် နေ့တိုင်းနေ့တိုင်း ဝါဟကိုးထောင် အတိုင်းအရှည်ဖြင့် ဆက်လာကုန်၏၊ အတင်းလေးဆယ်လှည်းနှစ်စီးဝန်သည် တဝါဟမည်၏၊ တဝါဟသည် အတင်းလေးဆယ်ရှိ၏၊ တနေ့လျှင် ရောက်လာသည့် စပါးတင်းပေါင်း ၃၆၀၀၀၀-ရှိ၏၊ ထိုစပါးတို့ကို ကြွက်တို့သည် အခွံမရှိသည်ကို ပြုရကုန်၏၊ မင်းမိဖုရားတို့သည် ဤအစာကိုသာ သုံးဆောင်ကုန်၏၊ ယင်ပျားတို့သည် နန်းတော် ပတ်လည် ထက်ဝန်း

ကျင်၌ ပျားအုံတို့ကို ပြုလာရကုန်၏၊ ပန်းပဲဖိုဝ်၌ဝံဘို့သည် တူခတ်လာရကုန်၏၊ ကရဝိက်ငှက်တို့သည် နေ့တိုင်းနေ့တိုင်းလာ၍ သာယာစွာသော အသံဖြင့် ကျူးရင့် တွန်မြည်ကုန်လျက် မင်းကြီးအား အခွန်ဆက်လာရကုန်၏၊ ဤမျှသော တန်ခိုးနှင့် ပြည့်စုံခြင်းသည် အဘိသိက် သွန်းသော အခါမှစ၍ ဖြစ်သတည်း။

ဓမ္မာသောကမင်းသည် ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဘုန်းတန်ခိုးကြီးသောအခါ၌ ငါ့ကို ဤသို့ ဖြစ်လတ္တံ့ဟူ၍ နိမိတ်ဩဘာ ထင်မြင်၍ ကြားဆိုဘူးသောသူရှိသလောဟု အမိကို မေးသော် ဇရုဏာဇီဝက အမည်ရှိသော အဝတ်မဝတ်သော တက္ကတွန်းဆရာ ဆိုဘူး၏ဟု ရေးမှတ်၍ထားသော ရွှေပေစာကို ပြပေ၏၊ မင်းကြီးလည်း ထိုရွှေပေ၌စာကိုမြင်လျှင် ဤသို့ ကောင်းသော နိမိတ်ကို ဆိုသောသူအား ပူဇော်သက္ကာရပြုအံ့ဟု ရွှေထမ်းစင်ဖြင့် ဇရုဏာဇီဝကရှိရာရှာ၍ ထမ်းစေ၏၊ ဇရုဏာဇီဝကသည် ရွှေထမ်းစင်စီး၍ လာသော် ခရီးအကြား၌ အရှင်အဿဂုတ္တရဟန္တာ၏ကျောင်းသို့ ရောက်လေသော အခါ၌ ရေသောက်လိုသဖြင့် ထမ်းစင်မှသက်၍ ကျောင်းတွင်းသို့ ဝင်၍ တခုသော အစွန်၌ နေလေ၏။

ထိုအခါအရှင်ရဟန္တာ သရဇ္ဈာယ်အပ်သော အာယတနတရားသံကို ကြား၍"အရှင်ကောင်း....ဤတရားသည် အဘယ်တရားနည်း"ဟု မေးသော် အရှင်ရဟန္တာလည်း ရှေး၌ အာယတနတရားကိုကြားဘူး၍မေးသည်ဟု သိ၍"အာယတန"ဟု ဆိုပေ၏၊ "အရှင်ကောင်း....ဤ သွားသွားလာလာပြုသည်ကား အသူနည်း"ဟု မေးပြန်၏၊ "ဤသည်လည်း အာယတနပင်တည်း"ဟု ဆိုတော်မူပြန်၏၊ဇရုဏာဇီဝကလည်း အာယတနတရားကို အကုန်အစင်မကြားရဘဲ ဤမျှလောက် စင်ကိုသာ ကြားရလေသည် ဖြစ်လျက် သတိကိုရင်း, ဟိရိ-ဩတ္တပ္ပကိုရင်း ဖြစ်စေ၏။

ထိုကာလ အရှင်အဿဂုတ္တသည် ဤဇရုဏာဇီဝကသည် အရက် အကြောက်၌ တည်၏ဟုသိ၍ ရေသနုပ်တော်ကို ကမ်း၏၊ ဇရုဏာလည်း ရေသနုပ်တော်ကို လှမ်းယူဝတ်ဆင်၍ အရှင်ကောင်း၏ အနီးသို့ ကပ်၍ "အကျွန်ုပ်ကို ရဟန်းပြုပါ"ဟု တောင်းပန်၏၊ အရှင်ရဟန္တာလည်း

ဇရုဏကို သာမဏေရဟန်းပြု၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို ပေး တော်မူ၏၊ ဇရုဏသည် စီးဖြန်း၍ ရဟန္တာဖြစ်လေ၏၊ရဟန္တာဖြစ်လျှင် မင်း၏ပူဇော်သက္ကာရကိုမငဲ့မူ၍ အရှင်အဿဂုတ္တ၏ အထံ၌ နေလေ၏၊ မင်းကစေလိုက်သော သူလေးယောက်တို့သည် ထမ်းစင်ချည်းဖြင့်ပြန်၍ မင်းကြီးအား ကြားလျှောက်ရလေသတည်း။

---

## ၂၇၈။ သိရိဓမ္မာသောကမင်းကြီးသည် သာသနာတော်၌ သက်ဝင်ကြည်ညိုသည်ကိုပြခြင်း

ထိုဓမ္မာသောကမင်းကြီးသည် အဘာဗိန္ဒုသာရမင်းကြီး အလှူပေး သော အစဉ်ဖြင့် ၆၀၀၀၀-သော ပုဏ္ဏားတို့အား နေ့တိုင်း နေ့တိုင်း ထမင်းကျွေး၏၊ ထိုပုဏ္ဏားတို့၏စကားကိုယူ၍ အဘိသိက်ခံသည်မှစ၍ သုံးနှစ်ပတ်လုံး မိစ္ဆာဒိဋ္ဌိအယူကိုယူ၏၊ အဘိသိက်ခံသည့်နှစ်မှ နောက် လေးနှစ်မြောက် သာသနာတော်သက္ကရာဇ်၂၁၈-နှစ်တိုင် ရောက်သော အခါမှလျှင် မြတ်စွာဘုရား သာသနာတော်၌ သဒ္ဓါရှင်ရှင် သက်ဝင် ကြည်ညိုခြင်းဖြစ်၏၊ ထိုဓမ္မာသောက မင်းကြီးသည် ခမည်းတော် ဗိန္ဒု သာရမင်း ပုဏ္ဏားတို့ကိုလုပ်ကျွေးသော အစဉ်ဖြင့် ပုဏ္ဏားတို့အားငင်း, ပုဏ္ဏားမျိုးဖြစ်ကုန်သော ပါသဏ္ဍအယူရှိသော အဝတ်ဖြူဝတ်ကုန်သော ပရိဗိုဇ်အစရှိကုန်သော ၆၀၀၀၀-သော ကိတ္ထိတို့အားငင်း နန်းတွင်း၌ နေ့တိုင်းနေ့တိုင်း အလှူပေးသည်ရှိသော်—

တနေ့သ၌ ခြသေ့်ခံသော လေသာတံခါး၌ရပ်လျက် ရှုကြည့်နေစဉ် ကိုယ်စိတ်တို့၏ ငြိမ်သက်ခြင်းမရှိ၊မျက်စိအစရှိသော မငြိမ်သက်သော ဣန္ဒြေရှိကြသဖြင့် မဆုံးမအပ်သော ထိုင်ခြင်း,ရပ်ခြင်း အစရှိသော ဣရိ ယာပုထ်နှင့်ပြည့်စုံ၍ ထမင်းစားကြကုန်သော တိတ္ထိတို့ကိုမြင်၍ ဤသို့ လျှင် စီရင်ဘန်တီး ကြီးစွာသော အလှူအတန်းကို စူးစမ်း ဆင်ခြင် ဉာဏ်လျှင်ရွေးပြေး ထောက်တွေးမြော်ချင့် သင့်တင့် လျှောက်ပတ်သော အရပ်၌ ပေးခြင်းငှါ သင့်၏ဟု ကြံလျက် “အို အမတ်တို့····လာကုန် လော့၊ သင်တို့သည် မိမိတို့အမြင် သူတော်စင် သူတော်ကောင်း ဟူ၍ သမုတ်စွဲလမ်းအပ်သော မြတ်သော ရဟန်းပုဏ္ဏား ဂိဏ္ဏ်းသားအသင်း

တို့ကို နန်းတွင်းသို့ဆောင်ခဲ့ကုန်၊ ကြည်ယုံမြတ်လေး ငါအလှူပေးအံ့" ဟူ၍ ဆို၏၊ အမတ်တို့သည် "ကောင်းပြီ အရှင်မင်းကြီး"ဟု ဝန်ခံ၍ ထိုထိုသို့သော အဝတ်ဖြူဝတ်သော ပရိဗိုဇ်, အဝတ်မဝတ်သော အာဇီဝက, နိဂဏ္ဌတက္ကတွန်း အစရှိသော သူတို့ကိုဆောင်ခဲ့ကုန်၍ "မြတ်သောမင်းကြီး....ဤ သူတို့သည် အကျွန်ုပ်တို့၏ ရဟန္တာတည်း" ဟု ဆိုကုန်၏။

ထိုရောအခါ မင်းကြီးသည် ဤနန်းတွင်း၌ အမြတ်အယုတ်ဖြစ်သော နေရာတို့ကိုခင်း၍ "ထိုရဟန္တာတို့ကို လာစေကုန်"ဟု ဆို၍ လာတိုင်းလာတိုင်းသော သူတို့ကို "သင်တို့အား လျောက်ပတ်သော နေရာ၌ နေလေကုန်" ဟု ဆိုတော်မူ၏၊ ထိုသူတို့တွင် အချို့သော သူတို့သည် ထမင်းစားသော အင်းပျဉ်ငယ်၌ နေကုန်၏၊ အချို့သော သူတို့သည် အင် ပျဉ်ကြီးတို့၌ နေကုန်၏၊ထိုသို့နေသည်ကိုမြင်တော်မူလျှင် ဤသူတို့၏ ကိုယ်တွင်း၌ အရှင်းအနှစ်မရှိဟု သိလျက်ပင်မူ ထိုသူတို့အား လေးစား မမြတ် တော်သင့်ရုံဆုံးဖြတ်၍ လျောက်ပတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ပေး၍ လွှတ်လိုက်၏။

ဤသို့အားဖြင့် ကာလလွန်သည်ရှိသော် တနေ့သောနေ့၌ မင်းကြီးသည် ခြင်္သေ့ခံသော လေသာတံခါး၌ ရပ်လျက်ကြည့်စဉ် မင်းယင်ပြင်ဖြင့်သွားသော ယဉ်ကျေးငြိမ်သက်သော စောင့်ရှောက် အပ်သော ဣန္ဒြေရှိသော ကွေးခြင်းဆန့်ခြင်း အစရှိသော ဣရိယာပုထ်နှင့် ပြည့်စုံသောနိဂြောဓသာမဏေကို မြင်လေ၏၊ မြင်သည်နှင့် ကဲလျှင် ထိုသာမဏေအား ပြင်းစွာသောချစ်ခြင်းသည် ဖြစ်၏၊ နိဂြောဓသာမဏေဟူသည် အဘယ်သူ့သားနည်း ဟူကုံအံ့၊ ဗိန္ဒုသာရမင်း၏သား တရာ့တယောက်တို့တွင် အကြီးဆုံးဖြစ်သော သုမနမင်းသား၏ သားတည်း။

ထိုနိဂြောဓသာမဏေ၏ စကားအစဉ်ကား ဗိန္ဒုသာရမင်း အားနည်းသောအခါ၌ အသောက မင်းသားသည် မိမိစားသော ဥဇ္ဇေနီပြည်ကိုစွန့်၍ အဆောတလျင်လာ၍ ပါဋလိပုတ်ပြည်ကို လက်ရောက်ပြု၍ သုမနမင်းသားကိုဘမ်း၏၊ ထိုနေ့၌ သုမနမင်းသား၏ မိဖုရား သုမနဒေဝီသည် ရင့်သော ကိုယ်ဝန်ရှိသည် ဖြစ်၍ ကိုယ်ဝန်ကိုရင်း,

အသက်ကိုရင်း စောင့်လိုသဖြင့် မထင်ရှားသော အသွင်ဖြင့် ထွက်၍ မြို့အရှေ့ မနီးမဝေးသောအရပ်၌ ဒွန်းစဏ္ဍားရွာသို့ သွားလေရာ ဒွန်းစဏ္ဍားအကြီးအိမ်မှ မနီးမဝေးသော အရပ်၌ ပဒေါင်ပင်ကြီးသို့ ရောက်လေလျှင် ပဒေါင်ပင်စောင့် နတ်သည် သုမနဒေဝီကို ''ဤသို့ လာလှည့်''ဟု ခေါ်၍ ပဒေါင်ပင်ရင်းသို့ ချဉ်းလေသော် နတ်တို့၏ အာနုဘော်ဖြင့် စရပ်တခုဘန်ဆင်း၍ ''ဤစရပ်၌ နေလော့''ဟု ပေးသဖြင့် စရပ်တွင်းသို့ဝင်၍ သုမနဒေဝီသည် နေလေ၏။

ထိုနေ့၌ပင် သတို့သားကိုဘွားလေ၏၊ ပဒေါင်ပင်စောင့် နတ်သည် သိမ်းဆည်းသောကြောင့် သုနမဒေဝီသည် ထို သူငယ်အား နိဂြောဓ ဟူသောအမည်ကို မှည့်၏၊ ဒွန်းစဏ္ဍားကြီးသည်လည်း သုမနဒေဝီကို မြင်သောအခါမှစ၍ မိမိအရှင့်သွိုးဟူသောအမှတ်ဖြင့် အမြဲပင်ဝတ်ကြီး ဝတ်ငယ်ပြု၏၊မင်းသမီးသည် ထိုစရပ်၌ ခုနစ်နှစ်ပတ်လုံးနေ၏၊ထိုအခါ မဟာဝရုဏမည်သော ရဟန္တာသည် ထိုနိဂြောဓ သတို့သား၏ မင်ဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံခြင်းကိုမြင်၍ ထိုအရပ်၌ပင် စောင့်၍နေလေ၏၊ သတို့သားသည် ခုနစ်နှစ်ရှိပြီးသော် ယခုအခါ၌ သတို့သားကို ရဟန်းပြုချိန်တန်ပြီဟု မှတ်၍ မင်းသမီးအား ကြားစေ၍ ရဟန်းပြု၏၊ သတို့သားအား ''တစပဥ္စက''ကမ္မဋ္ဌာန်းကိုပေး၍ ခေါင်းရိတ်သော အဆုံး၌ ရဟန္တာဖြစ်လေ၏၊အရှင်မဟာဝရုဏ၏ ကျောင်းသည်ကား ပါဋလိပုတ်မြို့၏တောင်အရပ်မျက်နှာ၌ ဖြစ်သတည်း၊ထိုနိဂြောဓ သာမဏေသည် တနေ့သ၌ နံနက်ကလျှင် ကိုယ်လက်သုတ်သင်ခြင်းကိုပြု၍ ဆရာအား ဝတ်ကြီးဝတ်ငယ်ကိုပြု၍ သပိတ်သင်္ကန်းကိုယူ၍ အမိ၏ အိမ်သို့ သွားအံ့ဟုမြို့၏ တောင်တံခါးဖြင့်ဝင်၍ အရှေ့တံခါးဖြင့်သက်အံ့ဟု နန်းတော်၏ အရှေ့နန်းယင်ပြင်ဖြင့် သွား၏။

ထိုအခါ ဓမ္မာသောကမင်းကြီးသည် အရှေ့မျက်နှာသို့ ရှေးရှုပြုလျက် ခြင်္သေ့ခံသော လေသာတံခါး၌ စင်္ကြံသွား၍ နေစဉ် ဖြစ်သဖြင့် နန်းယင်ပြင်သို့ ရောက်လာသော ငြိမ်သက်သော ဣန္ဒြေရှိသည် ဖြစ်၍ ငြိမ်သက်သောနှလုံးရှိသည် ဖြစ်လျက် ရထားထမ်းပိုးတပြန်မျှ ကြည့်လျက်သွားသော နိဂြောဓသာမဏေကို မြင်လေသတည်း၊ ထိုသို့မြင်ပြီး

၍ ဤသို့ကြံ၏၊ အလုံးစုံကုန်သော ဤလူများအပေါင်းသည် ပွင့်လင်းသောစိတ်ရှိ၏၊ တုန်လှုပ်သော သမင်နှင့်တူသော အဘိုရှိ၏၊ ဤသတို့သားသည်ကား ပွင့်လင်းသောစိတ်မရှိ အလွန်လျှင် ဤသတို့သား၏ တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်းသည်တင့်တယ်၏၊ မချွတ်လျှင် ဤသတို့သားငယ်၏ ကိုယ်တွင်း၌ လောကုတ္တရာတရားရှိသည်ဖြစ်လတ္တံ့ဟု အကြံဖြစ်၍ သာမဏေကို မြင်ခြင်းနှင့်တကွလျှင် မင်းကြီးသည်စိတ်၌ ကြည်ညို၏၊ ချစ်ခြင်းသည် ပြင်းစွာတည်၏၊အဘယ်ကြောင့်ကား မြင်ကာမျှဖြင့် ချစ်ခြင်းပြင်းစွာ ဖြစ်လေသနည်း ဟူမူကား ရှေးကောင်းမှုပြုသောအခါ ညီနောင်ဖြစ်ဘူးသော ကြောင့်တည်း။

## ညီနောင်သုံးယောက်တို့၏ရှေးအကြောင်း

ဖြစ်ကြောင်းကား မဓုသောကမင်း,သီဟိုရ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း,နိဂြောဓသာမဏေ၌သုံးယောက်တို့သည် ရှေးအခါဗာရာဏသီပြည်၌ ပျားကုန်သည်အမျိုး ညီနောင်တဝမ်းပေါက်ဖြစ်၍ ပျားကုန်သွယ်သောအမှုကို ပြုကုန်၏၊ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါတဦး ကိုယ်မကျန်းရှိ၍ အရှင်ပစ္စေကဗုဒ္ဓါ တဦးသည် အစ်ကိုယ် အကြီးနှစ်ယောက် တောသို့သွားခိုက်တွင် ပျားအလှူခံလာ၏၊ မဓုသောကမင်းကြီးအလောင်း ညီအငယ်သည် အရှင်ပစ္စေကဗုဒ္ဓါအား ပျားရည်တသပိတ်အပြည့်အလှူ ယိုစီးဘိတ်အောင်လှူ၍ "အရှင်ဘုရား.... ဤကောင်းမှုကြောင့် တကျွန်းလုံးကို အစိုးရသောမင်းသည် ဖြစ်ရပါလို၏၊ အထက်သို့ တယူဇနာ,အောက်သို့ တယူဇနာပိုင်ရလို၏"ဟု ဆုတောင်း၏။

ရှင်ပစ္စေကဗုဒ္ဓါလည်း "ဒါယကာ.... တောင်းသည့် ဆုအတိုင်းပြည့်စေသော"ဟု အနုမောဒနာပြု၍လာခဲ့သော် အသွားက "ပျားကုန်သည်အိမ် ဤသည်တွင်"ဟု ညွှန်လိုက်သော သတို့သမီးငယ်နှင့်တွေ့ပြန်၍ သပိတ်မှ ပျားရည်လျှံ၍ဘိတ်သည်ကို သုတ်သင်စိမ့်သောငှါ ပုဆိုးတဘက်ကိုလှူ၍"ပျားကုန်သည်အဘယ်သို့ဆုတောင်းသနည်း"ဟု မေး၍"ဇမ္ဗုဒီပါကျွန်းကို အစိုးရသောမင်းဖြစ်လို၏"ဟု ဆုတောင်း၏ ကြားလျှင်"အကျွန်ုပ်သည်လည်း ဤပုဆိုးလှူရသောကြောင့် ပျားကုန်

သည် မင်းဖြစ်သောအခါ ထိုမင်း၏ မိဖုရားဖြစ်ရလို၏''ဟု ဆုတောင်းလေ၏၊ ပစ္စေကဗုဒ္ဓါဘုရားလည်း ''တောင်းသည့်ဆုအတိုင်း ပြည့်စေသော''ဟု အနုမောဒနာခေါ်၍ ကြွတော်မူလေ၏။

ပျားကုန်သည်ညီငယ်လည်း ရောက်လာသော အစ်ကိုယ်တို့အား အကြောင်းကြားလေသော် ''မောင်မင်း လှူလိုက်သော ပစ္စေကဗုဒ္ဓါသည် ဒွန်းစဏ္ဍားဖြစ်လေလတ္တံ့''ဟု အစ်ကိုယ် တယောက်ဆို၏၊ တယောက်လည်း''ပစ္စေကဗုဒ္ဓါကို သမုဒ္ဒါတဘက်သို့ မပစ်လိုက်ရလေ'' ဟုဆို၏၊ ညီငယ်လည်း အလှူ၏အကျိုးကြီးသောအဖြစ်ကို အစ်ကိုယ်တို့အား ပြောဆို၍ ကြည်ညိုစေ၏။

၁။ ''ဒွန်းစဏ္ဍားဖြစ်လေလတ္တံ့'' ဟု ဆိုမိသော အစ်ကိုကြီးသည် နိဂြောဓသာမဏေဖြစ်လာ၏။

၂။ ''သမုဒ္ဒါတဘက်သို့မပစ်လိုက်ရ''ဆိုသော အစ်ကိုလတ်သည် သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း ဖြစ်လာ၏။

၃။ ပျားလှူသော ညီငယ်ကား ဓမ္မာသောကမင်း ဖြစ်လာ၏။

၄။ တဘက်လှူသော သတို့သမီးငယ်ကား အသန္ဓိမိတ္တာမိဖုရားဖြစ်လာ၏။

ဤသို့လျှင် ရှေး၌အတူတကွ နေဘူးသောကြောင့် မြင်ကာမျှ၌သာလျှင် သာမဏေ၌မင်းကြီးအား ပြင်းစွာသောချစ်ခြင်းသည်ဖြစ်သတည်း၊ ဤသို့ချစ်ခြင်းပြင်းစွာ ဖြစ်သဖြင့်အမတ်တယောက်ကိုစေ၍ ပင့်ရလေ၏၊ ထိုသို့ပင့်လေသော အမတ်တယောက်သည် ကြာနိုးသဖြင့် တယောက် ထပ်ဆင့်ပြန်၏၊နောက်လည်း တယောက်ထပ်ဆင့် ပင့်ပြန်ရ၏၊သာမဏေလည်း ပကတိကြွမြဲသော သဘောဖြင့်ကြွ၍ ပြာသာဒ်ထက်သို့ တက်လေသော် မင်းကြီးသည် ''လျောက်ပတ်သော နေရာကို ကြည့်၍ နေလော့''ဟုဆိုသဖြင့်၊ ငါမှတပါး ရဟန်းတပါးရှိသလောဟု ထိုမှဤမှသာမဏေကြည့်သော် မမြင်၍ ဆောက်အပ်သော ထီးဖြူရှိသော ရာဇပလ္လင်သို့ ကပ်လေ၍ သပိတ်ကို လှမ်းစိမ့်သော၄ါ အခြင်း အရာကို မင်းကြီးအား ပြပေ၏၊ မင်းကြီးသည် သပိတ်ကို လှမ်း၍ ပလ္လင်သို့တက်

သော သာမဏေကိုမြင်၍ ယခုအခါ ယနေ့၌သာလျှင် ဤသာမဏေ သည် ဤမင်းအိမ်၏ အရှင်ဖြစ်လတ္တံ့ဟု ကြံ၏၊ သာမဏေသည် ပလ္လင်ထက်သို့ တက်၍နေ၏။

မင်းကြီးသည် မိမိအလို့ငှါ ပြည့်စုံစေအပ်သော အလုံးစုံသော ယာဂုခဲဘွယ်ထမင်း အထူးထူးကို သာမဏေအားကပ်လှူ၏၊သာမဏေ သည် မိမိအားမျှလောက်ရုံသော ယာဂုခဲဘွယ်ကို အလှူခံ၍ ဘုဉ်းပေး ပြီးသော် မင်းကြီးသည် သာမဏေကိုလျှောက်၏၊ "အရှင်ဘုရားတို့ ဆရာသည် ပေးအပ်သော အဆုံးအမကို ရှင်ပင်ဘုရားတို့သည် သိပါ ကုန်၏လော"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး····တစိတ်တဒေသ အားဖြင့် သိ၏"ဟု နိဂြောဓသာမဏေမိန့်၏၊ "ချစ်သား····အကျွန်ုပ် အားလည်း ဟောတော်မူပါ"ဟု မင်းကြီး လျှောက်သော် "ကောင်း ပြီ မြတ်သောမင်းကြီး"ဟု ဝန်ခံ၍ မင်းကြီးသည် လေးနှစ်ပတ်လုံး ညီနောင်သားချင်း ကိုးကျိပ် ကိုးယောက်တို့ကို သတ်သဖြင့် ကုသိုလ်ဓမ္မ ၌ မေ့လျော့၏၊ ကုသိုလ်တရား၌ မမေ့မလျော့ကျင့်စိမ့်သောငှါ အပ္ပ မာဒတရားကို ဟောခြင်းငှါ လျှောက်ပတ်၏ဟု ကြံ၍-

> အပ္ပမာဒေါ အမတံ ပဒံ၊
> ပမာဒေါ မစ္စုနော ပဒံ။
> အပ္ပမတ္တာ နမိယန္တိ၊
> ယေ ပမတ္တာ ယထာ မတာ။ ။

ဟူသော တရားကို ဟော၏။

**အနက်**။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ အပ္ပမာဒေါ၊ ကုသိုလ် ကောင်းမှု၌ မမေ့မလျော့ကျင့်သောသူသည်။အမတံ၊သေခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်သို့ ရောက်အံ့သော အကြောင်းတည်း။ ပမာဒေါ၊ ကုသိုလ် ကောင်းမှု၌ မေ့လျော့သော သူသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊ အကြောင်းတည်း။ အပ္ပမတ္တာ၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ ပြုသော သူတို့သည်။ နမိယန္တိ၊ သေရသည်မမည်ကုန်။ ယေ၊ အကြင် သူတို့သည်။ ပမတ္တာ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ကုန်၏။ တေ၊ ထိုသူ တို့သည်။ မတာယထာ၊ သေသောသူတို့ ကဲ့သို့တည်း။

ဤတရားတော်၌ ရှေးနှစ်ပါဒ ဟောပြီးလျှင် မင်းကြီးသည် "ချစ်သား….အကျွန်ုပ်သိအပ်ပြီ၊ ဆုံးစေလော့"ဟု လျှောက်၏၊ တရားဟောတော်မူသောအဆုံး၌ "ချစ်သား….ရှစ်လုံးသော ဆွမ်းကျက်ဝတ်တို့ကို အကျွန်ုပ်သည် သင့်အားလှူပါ၏"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး….ဤရှစ်လုံးသော ဆွမ်းဝတ်တို့ကို ငါသည် ဥပဇ္ဈာယ်အားလှူ၏"ဟု သာမဏေကို ဆိုသော် "ချစ်သား….ဥပဇ္ဈာယ် ဟူသည် အဘယ်သူနည်း"ဟု မေးလျှောက် သဖြင့် "မြတ်သောမင်းကြီး….ဥပဇ္ဈာယ်ဟူသည်ကား အပြစ်ကြီးငယ်ကို မြင်၍ ဆုံးမပေတတ်သော ဆရာတည်း"ဟု သာမဏေ ဆို၏၊ "ချစ်သား….တပါးကုန်သော ဆွမ်းကျက်ဝတ်ရှစ်လုံး တို့ကို သင့်အား လှူပြန်ပါ၏"ဟု မင်းကြီး လျှောက်၏၊ "မြတ်သောမင်းကြီး….ဤဆွမ်းဝတ် ရှစ်လုံး တို့ကိုလည်း ဆရာ့အားငါလှူ၏"ဟု ဆိုသော် "ချစ်သား….ဆရာဟူသည် အဘယ်နည်း"ဟု မေးပြန်၍ "မြတ်သောမင်းကြီး….ဆရာဟူသည်ကား ဤသာသနာတော်၌ ကျင့်အပ်သော တရားတို့၌ တည်စေတတ်သော သူတည်း"ဟု သာမဏေ ဆို၏။

"ချစ်သား….တပါးလည်းဖြစ်ကုန်သော ရှစ်လုံးသော ဆွမ်းကျက်အိုးတို့ကို သင့်အား လှူပါ၏"ဟု မင်းကြီးလျှောက်ပြန်သော် "မြတ်သောမင်းကြီး….ဤရှစ်လုံးသော ဆွမ်းအိုးတို့ကို ရဟန်းသံဃာအား လှူ၏"ဟု သာမဏေဆိုပေသော် "ရဟန်းသံဃာဟူသည် အဘယ်သူပေနည်း"ဟု မင်းကြီးမေးပြန်သဖြင့် "မြတ်သောမင်းကြီး….အကြင်သူကို အမှီပြု၍ ငါ၏ဆရာ ဥပဇ္ဈာယ်တို့အားရင်း, ငါ့အားရင်း,ပဗ္ဗဇ္ဇကံ,ဥပသမ္ပဒကံသည် ဖြစ်၏၊ ထိုသူတို့သည် ရဟန်းသံဃာမည်၏"ဟု ဆိုသော် မင်းကြီးသည် အဘိုင်းထက် အလွန်ကြည်ညို၍ "ချစ်သား….တပါးလည်း ဖြစ်ကုန်သော ဆွမ်းကျက်အိုးတို့ကို သင့်အား လှူ၏"ဟု လှူပြန်၏၊ ဤသို့ သာမဏေရှင်နိဂြောဓသည် တနေ့ခြင်းဖြင့် မင်းကြီးဓမ္မာသောကအထံမှ သုံးဆယ့်နှစ်လုံးသော ဆွမ်းကျက်အိုးတို့ကိုရ၍ တမိုးသောက်သောနေ့၌ သုံးကျိပ်နှစ်ပါးသော ရဟန်းတို့ကို ယူ၍ မင်း၏ နန်းတော်သို့ဝင်၍ ဆွမ်းစားခြင်းကိစ္စ ပြု၏၊ "ချစ်သား….တပါးလည်း ဖြစ်ကုန်သော သုံးကျိပ်နှစ်ပါးသော ရဟန်းတို့သည် အရှင်

ဘုရားတို့နှင့်အတူတကွ နက်ဖြန်နေ့၌ အကျွန်ုပ်၏ ဆွမ်းကို ခံစေကုန်သတည်း''ဟု မင်းကြီးလျှောက်၏။

ဤသို့ သောနည်းဖြင့် နေ့တိုင်း နေ့တိုင်း ထမ်းပိုး ထမ်းပိုးသော ရဟန်းသံဃာကို ပွါးစေလျက် ခြောက်သောင်းကုန်သော ပုဏ္ဏားပရိဗိုဇ် စသော သူတို့အား ထမင်းကျွေး မြဲသော ဝတ်ကို ဖြတ်၍ မင်းကြီး ဓမ္မာသောက နန်းတွင်း၌ ခြောက်သောင်းသော ရဟန်းတို့အား အမြဲဆွမ်းကျွေးဝတ်ကို ဖြစ်စေ၏၊ နိဂြောဓသာမဏေ၌ဖြစ်သော ကြည်ညိုခြင်းဖြင့် ကျွေးသတည်း၊ နိဂြောဓ မထေရ်သည် ပရိသတ်နှင့်တကွ မင်းကြီးကို သရဏဂုံသုံးပါးတို့၌၎င်း ပဉ္စသီ သီတင်းတို့၌၎င်း တည်စေ၍ ဘုရားရှင့်သာသနာတော်၌ ပုထုဇဉ်၌ဖြစ်သော ကြည်ညိုခြင်းဖြင့် မတုန်မလှုပ် ကြည်ညိုခြင်းကို ဖြစ်စေ၏။

---

## ၂၇၉။ သိရီဓမ္မာသောက မင်းကြီးသည် မြတ်စွာဘုရား ရုပ်ပုံတော်ကိုပူဇော်သည်ကိုပြခြင်း

ဓမ္မာသောက မင်းကြီးသည် အဘိသိက်သွန်းခြင်းသို့ ရောက်ပြီး၍ သုံးနှစ်ပတ်လုံး မိစ္ဆာဒိဋ္ဌိအယူကိုယူ၏၊ အဘိသိက်သွန်း၍ လေးနှစ်မြောက်၌ နိဂြောဓသာမဏေကို အမှီပြု၍ ဘုရား သာသနာတော်၌ ကြည်ညို၏၊ သာသနာတော်၌ ကြည်ညိုပြီးသော် မင်းကြီးသည် ဘုရားမြတ်စွာကို ကြားကာသာလျှင် မမြင်ရသည်ဖြစ်၍ ဖူးမြင်လိုသော စိတ်ရှိသဖြင့် တနေ့သ၌ ရွှေသံခြေကျဉ်းအဖွဲ့ကိုစေ၍ ကကုသန်, ကောဏဂုံ, ကဿပ, ဂေါတမ ဘုရားလေးဆူတို့၏ အရုပ်တော်ကို မြင်ဘူးလိုက်သော တကပ်ပတ်လုံး အသက်ရှည်သော မြေကြီးအောက် တယူဇနာ အရပ်၌တည်သော နဂါးပြည်ကို အစိုးရသော ကာလနဂါးမင်းကို ဆောင်ချေစေ၍ ထီးဖြူဆောက်အပ်သော ရာဇပလ္လင်ထက် နေစေ၍ ရေ၌ဖြစ်သောပန်း, ကြည်း၌ဖြစ်သောပန်း, ရွှေပန်း ငွေပန်း တို့ဖြင့် ပူဇော်ခြင်းကိုပြု၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်ကုန်သော ၁၆၀၀၀-ကုန်သော မောင်းမကချေသည်တို့ဖြင့် ခြံရံ၍—

အဆုံးမရှိသော ဉာဏ်တော်ရှိသော မြတ်သောဓမ္မစကြာ တရားကို ဟောတော်မူတတ်သော မြတ်စွာဘုရား၏ အရုပ်တော်ကို ဤမျက်စိ

အပေါင်း သုံးသောင်း နှစ်ထောင့် နှစ်လုံးတို့အား ထင်ခြင်းကိုပြလော့ ဟုဆို၍ ထိုကာလနဂါးမင်းသည် ဘန်ဆင်းအပ်သော အလုံးစုံသော ကိုယ်တော်၌ဖရိုဖရဲကြဲသကဲ့သို့ပြွမ်းသောရှစ်ဆယ်သောလက္ခဏာတော် ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော် အသရေ၏ တင့်တယ်ခြင်းတို့ဖြင့် ပွင့်သစ်စ ဖြစ်သော ကြာပဒုမာ, ကြာပုဏ္ဍရိက်တို့ဖြင့် တန်ဆာ ဆင်အပ်သော ရေအပြင်ကဲ့သို့ ကြယ်အပေါင်းတို့၏ ရောင်ခြည်ကွန်ယက်ဖြင့် သန့်ရှင်း စွာ ပြည့်လျက် တင့်တယ်စွာ တောက်ပသော ကောင်းကင်ပြင်ကဲ့သို့—

အညို,အရွှေ, အနီစသောအားဖြင့်ပြားသော အထူးသဖြင့် ဆန်း ကြယ်သောအဆင်းရှိသောအရောင်တို့ဖြင့်မွေးအပ်သောတလံမျှလောက် သော ရောင်ခြည်တော်အဝန်း တောက်ထွန်း တင့်တယ် ဆန်းကြယ် ဝင်းပြောင် ဆည်းရှာရောင်ဖြင့် ဆိုးထားအပ်သော သိကြားမင်း၏ လင်းလေး သက်တင်ရေးသဘွယ် လျှပ်စစ်နွယ်တို့ဖြင့် ခြယ်လှယ်ခြီရံ အပ်သော ရွှေတောင်ထွတ်ဦးကဲ့သို့ အထူးထူးသော အဆင်းတို့ဖြင့် ဆိုအပ်သည်ဖြစ်၍ အညစ်အကြေး ရှင်းလင်းသော မှန်ကင်းပန်းဟု ဆိုအပ်သော ရောင်ခြည်တော် အထွေထွေဖြင့် တဝေဝေ စီးယိုဘိတ် မတတ် ထိပ်တော်မြတ်၏ တောက်ပခြင်းရှိထသော ဗြဟ္မာ နတ်လူ, သူရာအပြား, နဂါးဂဠုန်, ကုမ္ဘဏ်ယက္ခ, ဂန္ဓဗ္ဗနတ်တို့ လေးမြတ် ကြည့်ရှု စက္ခုအရသာတို့၏ တည်ရာဖြစ်သော မြတ်စွာဘုရား၏ ရုပ်ပုံ တော်ကို မြတ်သောမင်းကြီးသည် ခုနစ်ရက်တို့ပတ်လုံး မျက်စိတို့ဖြင့် ပူဇော်ခြင်းမည်သည်ကိုပြ၏။

---

## ၂၀၀။ ဇမ္ဗူဒီပ်ကျွန်းအပြင်၌စေတီရှစ်သောင်း လေးထောင်, ကျောင်းရှစ်သောင်း လေးထောင် တည်ထား၌ပနာသည်ကိုပြခြင်း

တနေ့သ၌ ဓမ္မာသောက မင်းကြီးသည် နန်းတွင်း၌ ဆွမ်းကျွေးမြဲ ဖြစ်သော ခြောက်သောင်းသောသံဃာတော်တို့အားအသောကာရာမ အမည်ရှိသော အရာမ်ကိုလှူ၏၊ ထိုအရာမ်၌ သံဃာတော် ခြောက် သောင်းအား ပရိက္ခရာစုံ ရှစ်ပါးနှင့်တကွ အလှူကြီးကိုပေး၍ ဆွမ်း

လုပ်ကျွေးပြီးသော် ရဟန်းသံဃာ၏ အလယ်၌နေလျက် သံဃာတို့အား ပစ္စည်းလေးပါးဖြင့် ဘိတ်မန်၍ "အရှင် ဘုရားတို့....မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်သည် အဘယ်မျှရှိ သနည်း"ဟု မေး၏၊ "မြတ်သောမင်းကြီး....မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်သည် အင်္ဂါအားဖြင့် ကိုးပါးဖြစ်ကုန်၏၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်တို့သည် ဖြစ်ကုန်၏"ဟု ရဟန်းသံဃာတို့သည် ကြားကုန်၏။

ဓမ္မာသောကမင်းကြီးသည် တရားတော်၌ ကြည်ညို၍ တပါးတပါး သော ဓမ္မက္ခန္ဓာကို တဆောင်တဆောင်သောကျောင်းဖြင့် ပူဇော်အံ့ဟု ကြံ၍ တနေ့ချင်း၌သာလျှင် ကိုးဆယ့်ခြောက်ကုဋေသော အသပြာ ဥစ္စာကိုစွန့်၍ အမတ်တို့ကိုစေ၏၊ "အမတ်တို့....သင်တို့သည် ဤ အသပြာတို့ဖြင့် တခုတခုသောမြို့၌ တဆောင်တဆောင်သော ကျောင်း ကို ပြုကုန်လျက် ရှစ်သောင်း လေးထောင်သော မြို့တို့၌ ရှစ်သောင်း လေးထောင်သောကျောင်းတို့ကို ဆောက်လေကုန်"ဟူ၍ အမတ်တို့ကို စေ၏။

မိမိသည်လည်း အသောကာရာမ ဥယျာဉ်၌ အသောကာရာမ ကျောင်းအမှုကို ဖြစ်စေ၏၊ သာသနာတော် သက္ကရာဇ် ၂၀၀-ပြည့်နှစ်မှ စ၍ ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို ဆောက်စေ၏၊ သံဃာတို့သည် တန်းခိုးအာနုဘော်ကြီးသော ရဟန္တာဖြစ်သော အရှင် ဣန္ဒဂုတ္တမထေရ်ကို စီရင်စိမ့်သောငှါ မင်းကြီးအားပေး၏၊ မထေရ်သည် အကြင်အကြင် အမှုသည်မပြီး၊ ထိုထိုသောအမှုကို မိမိ၏တန်းခိုးအာနု ဘော်ဖြင့် ဘန်ဆင်း၍ ပြီးစေ၏၊ ဤသို့အားဖြင့် သုံးနှစ်တို့ဖြင့် ကျောင်း ဆောက်သောအမှုကိုမင်းကြီးပြီးစေ၍ တနေ့ချင်း၌သာလျှင် ရှစ်သောင်း လေးထောင်သော မြို့တို့မှ ကမ္ပည်း လျှောက်စာတို့သည် ရောက်ကုန်၏၊ အမတ်တို့သည် "အရှင် မင်းကြီး....ရှစ်သောင်း လေးထောင်သော မြို့တို့၌ ရှစ်သောင်း လေးထောင်သော ကျောင်းတို့သည် ပြီးကုန်ပြီ" ဟူ၍ မင်းကြီးအား ကြားလျှောက်ကုန်၏။

ဓာတ်တော်တို့ကိုပင့်ဆောင်ခြင်း

ထိုအကြောင်းကို ကြားပြီးသော် မင်းကြီးသည် ရဟန်းသံဃာကို မေးလျှောက်၏၊ "အရှင်ဘုရားတို့....အကျွန်ုပ်သည် ရှစ်သောင်း လေး ထောင်သော မြို့တို့၌ ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို ဆောက်၍ ပြီးပါပြီ၊ ထိုကျောင်းတို့၌ စေတီတည်ပါအံ့၊ ဓာတ်တော် သည် အဘယ်မှာရပါအံ့နည်း"ဟုလျှောက်၏၊ "မြတ်သောမင်းကြီး... မြှုပ်၍ ထားသောဓာတ်တော်သည် ရှိ၏ဟူ၍ ငါတို့ ကြားဘူးကုန်၏၊ အဘယ်အရပ်၌ဟူ၍ မထင်ရှားပါကုန်" ဟူ၍ ရဟန်းတို့ ဆိုကုန်၏၊ ထိုစကားကိုကြားသော် မင်းကြီးသည် ရာဇဂြိုဟ်ပြည်၌ ရှိရှိသမျှသော စေတီတို့ကိုဖျက်၍ ဓာတ်တော်တို့ကို မမြင်သော် ပကတိပြုစေ၍ ရဟန်း ယောကျာ်း, ရဟန်းမိန်းမ, ဥပါသကာယောကျာ်း, ဥပါသကီမိန်းမ တည်းဟူသော ပရိသတ် လေးပါးတို့ကို ယူ၍ ဝေသာလီပြည်သို့ သွား လေ၏။

ထိုဝေသာလီပြည်၌လည်း မရ၍ ကပိလဝတ်ပြည်သို့ သွားလေ၏၊ ထိုကပိလဝတ်ပြည်၌လည်း မရ၍ ရာမဂ္ဂါသို့ သွားလေရာ ထိုရာမဂ္ဂါ၌ စေတီတို့ကို ဖျက်အံ့သော်ငါ နဂါးတို့သည် မပေးကုန်၊ စေတီ၌ကျသော ပေါက်တူးတို့သည် အပိုင်းအပိုင်း ပြတ်သည်ဖြစ်ကုန်၏၊ ဤသို့ ဖြစ်သဖြင့် ထိုရာမဂ္ဂါ၌လည်းမရ၍ အလ္လကပ္ပတိုင်း, ဝေဋ္ဌဒီပကတိုင်း, ပါဝါပြည်, ကုသိနာရုံပြည်တို့၌လည်း စေတီတို့ကိုဖျက်၍ဓာတ်တော်တို့ကိုမရသဖြင့် တဘန် အလုံးစုံသော စေတီတို့ကို ပကတိပြုလုပ်ခဲ့၍ ရာဇဂြိုဟ်ပြည်သို့ သွား၍ လေးပါးသော ပရိသတ်တို့ကို စည်းဝေးစေ၍—

"ဤမည်သော အရပ်၌ ဓာတ်တော်တို့ကို မြှုပ်ထား၏ဟု တစုံတယောက်သောသူသည် ကြားဘူး၏လော" ဟု မေးသော် ထိုပရိသတ်တို့တွင် အသက် ၁၂၀-ရှိပြီးသော တယောက်သော မထေရ်ကြီးသည် "ဤမည်သော အရပ်၌ ဓာတ်တော်တို့ကို မြှုပ်ထား၏ဟု ငါမသိ၊ အဘဖြစ်သော မဟာထေရ်သည် ငါ အသက် ခုနစ်နှစ် ရှိသောအခါ၌ ငါ့ကို ပန်းကလပ်ကို ကိုင်စေ၍ သာမဏေ လာလှည့်၊ ဤမည်သော ခြုံ၏အကြား၌ ကျောက်

စေတီသည်ရှိ၏၊ ထိုစေတီသို့သွားကုန်အံ့''ဟုသွား၍ ပန်းပူဇော်၍ နောက်သောအခါ ဤအရပ်ကို စူးစမ်းရှာဘွေ အပ်၏ သာမဏေဟု မထေရ်ကြီးသည် ငါ့ကိုပြောဘူး၏၊ ငါသည် ဤမျှကိုသိ၏မင်းကြီး''--

ဟူ၍ အသက် ၁၂၀-ရှိပြီးသော ထိုမထေရ်ဆိုသော် ထိုကျောက်စေတီတည်ရာအရပ်သည် ဓာတ်တော်မြှုပ်ထားရာ စင်စစ်မှန်လှတော့သည်ဟု မင်းကြီးဆို၍ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ထောင့် အရပ်၌ တောခြုံတို့ကိုခုတ်ထွင်ပယ်ရှားသော် ကျောက်စေတီကိုတွေ့၍ကျောက်ပုံ အစုကိုငှင်း, မြေမုန့်တို့ကိုငှင်းပယ်၍ အောက်၌ အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုအပ်သော မြေကိုမြင်၍ ထိုနောင်မှ အင်္ဂတေတို့ကိုငှင်း, အုဌ်တို့ကိုငှင်း, ပယ်၍ ပရိဝုဏ်သို့သက်၍ ရတနာအတိ ပြီးသောသည်တိုင်တို့ကိုငှင်း, လေ၏လျင်ခြင်းဖြင့် အစဉ်အပြတ် တပတ်ပတ် လည်သော လက်၌ထက်စွာသော သန်လျက်စွဲကုန်သော ဘီလူး နတ်ရုပ်တို့ကိုငှင်း မြင်၍ ရှိုးခန့်ညားသည်ဖြစ်၍ နတ်ဝင်နတ်ထိန်းကို ခေါ်ချ၍ ပသကိုး ကွယ် ပူဇော်သက္ကာရဖြင့် တောင်းပန်စေသော်လည်း အဆုံးကိုမမြင် အစကိုမမြင်ဖြစ်၍ မင်းကြီးသည် စန္ဒီ,ပရမိဿ,မဟာဝိန္ဓ္ဒ အစရှိသော နတ်တို့ကို ရှိခိုးလျက်—

''ငါသည် ဤဓာတ်တော်တို့ကိုယူ၍ ရှစ်သောင်း လေးထောင်သော ကျောင်းတို့၌စေတီဌာပနာ၍ပူဇော်သက္ကာရပြုပါအံ့၊ငါ့အားအန္တရာယ် တစုံတခုကို မပြုကုန်လင့်'' ဟု တောင်းပန်သောအခါ သိကြားမင်း သည် ဝိသုကြံနတ်သားကိုခေါ်၍ ''အချင်းဝိသုကြံ....အသောက ဓမ္မရာဇာသည် ဓာတ်တော်တို့ကို ထုတ်ဆောင်အံ့ဟူ၍ ပရိဝုဏ်သို့သက်ပြီ၊ စက်ယန္တရားနှင့် ထားသော သစ်သား နတ်ရုပ်တို့ကို ကြောက်၍ အရောက်မချဉ်းဝံ့ရှိသည်၊ အသင်သွား၍ သစ်သားနတ်ရုပ်တို့ကို ပယ်ချေ''ဟုဆို၏၊ ထိုဝိသုကြံနတ်သားသည် ဦးစွန်းအစုံ ငါးစုစည်းသော ရွာသူသားငယ်၏ အသွင်ဖြင့် လက်ငင်လေးကိုကိုင်လျက် မြားနှင့်တကွ လာလတ်၍ မင်း၏ ရှေ့၌ရပ်လျက် ''နတ်ရုပ်တို့ကို ပယ်ရအံ့လော မင်းကြီး''ဟု ဆိုသော် ''ချစ်သား..ပယ်ပါလေ့''ဟုဆိုသဖြင့် ဝိသုကြံ

နတ်သားသည် မြှားကို လင်းလေးဖြင့် ငင်၍ ဆင်ထားသော ယန္တရားစက်ကြိုးအဆက်၌ တချက်လွှတ်ပစ်လေ၏၊ ထိုအခါယန္တရားစက်ကြိုး ပြတ်၍ နတ်ရုပ်ထိုထိုတို့သည် ဖရိုဖရဲကျလေကုန်၏၊

ထိုရောအခါ မင်းကြီးလည်း တံခါးရွက်ငင်သည့်ကြိုး၌ ဖွဲ့အပ်သော မင်းတုံးကိုယူပြီးနောက် သံကောက်ကိုလည်းယူပြန်၏၊ ပတ္တမြားတုံးကို မြင်ရာ"နောင်အခါကား မင်းဆင်းရဲစေ၍ဖြားသည် ဤပတ္တမြားတုံး ကိုယူ၍ အဆူဆူသော ဓာတ်တော်တို့ ဒုံး ပူဇော်သက္ကာရကို ပြုစေ သတည်း"ဟူသော အက္ခရာမှာ စာတို့ကိုမြင်ပြန်က အခံရခက် အမျက် ထွက်၍ "လက်ျာကျွန်းပြင်ငါသို့စင်ကို အထင်မှတ်လွဲ မင်းဆင်းရဲဟူ၍ ဆိုခြင်းငှါအရာမသင့်လေတကား"ဟုဆိုလျက်အဘန်တလဲလဲစွေဆော်၍ အတွင်းတံခါးကို ဘွင့်ပြီးလျှင် ဓာတ်တော်အိမ်တွင်းသို့ဝင်၍ ဤဓာတ်တော်ဖေါ်သောနှစ်မှပြန်၍ရေသော် ၂၁၀-နှစ်တို့၏ အထက်၌ ထွန်း အပ်သော ဆီမီးတို့သည် ညီးညီးမစဲ ထွန်းမြဲတိုင်းသာ ကြာညိုအစရှိသော ပန်းတို့သည်လည်း လန်းလန်းပျပျ ထိုခဏ၌ ဆောင်၍တင်အပ်သော ပန်းကဲ့သို့ မယွင်း ပန်းအခင်းတို့သည်လည်း ထိုခဏ၌ ခင်းအပ်သကဲ့သို့ သင်းသင်းပျံ့ပျံ့ ရနံ့ထောင်းထောင်း နံ့သာပျောင်းနံ့သာမှုန့်ဟူသမျှလည်း ထိုခဏ၌ ကြိတ်သွေး၍ ထားအပ်သော အမုန့်အရည် ကဲ့သို့မြင်တပြီးကား မင်းကြီးသည် ရွှေပေကိုကိုင်၍ "နောင်အခါ၌ ပိယဒါသ အမည်ရှိသော မင်းသားသည် ထီးဖြူဆောင်း၍ ဓမ္မသောက ဟူသော အမည်ဖြင့် မင်းပြုလတ္တံ့၊ ထိုဓမ္မသောကမင်းသည် ဤဓာတ် တော်တို့ကို ပျံ့နှံ့သည်ကို ပြုလတ္တံ့"ဟု မှာစာကိုဘတ်၍"အချင်းတို့.... ငါ့ကို အရှင်မဟာကဿပမထေရ်သည် မြင်အပ်ပေစွတကား"ဟုဆို၍ လက်ဝဲလက်မောင်းကိုခွေ၍ လက်ျာလက်ဖြင့် လက်ပန်းပေါက် ခတ်၏။

ထိုအခါ ဓမ္မာသောကမင်းကြီးသည် အလုံးစုံသောစေတီကြွတ်တို့ကို ဘွင့်လှစ်၍ အလုံးစုံသော ဓာတ်တို့ကို ယူပြီးသော် ထိုအရပ်၌ ပူဇော် သက္ကာရခံရုံမျှထား၍ ကြွတ်စေတီတို့ကို ပကတိထားခဲ့၍ ဓာတ်တော် အိမ်ကိုလည်း ရှေးပိတ်မြဲတိုင်းပိတ်၍ အင်္ဂတေတို့ဖြင့် ပကတိပြု၍ အပေါ်၌ ကျောက်ပုံစေတီကိုဖြစ်စေ၍ ၈၄၀၀၀-သော ကျောင်းတို့၌

သန်တောင် ၅-တောင် ထီး ၅-ဆင့်ရှိသောစေတီ ၈၄၀၀၀-တည်စေပြီးသော် ထိုစေတီတို့၌ ထိုဓာတ်တော်တို့ကိုဌာပနာ၍ သက္ကရာဇ် ၂၂၃-ခုနှစ်၌ ကျောင်းပူဇော်ခြင်းကိုပြုအံ့ဟု ပါဋလိပုတ်မြို့၌ ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌ ကျောင်းပူဇော်ခြင်းသည်ဖြစ်လတ္တံ့၊ ခပ်သိမ်းသောမြို့သူမြို့သားတို့အား ရှစ်ပါးသောသီလတို့ကို ဆောက်တည်စေ၊မြို့တွင်း၌၎င်း,မြို့ပ၌၎င်း ကျောင်းပူဇော်ရန် လျှာဘွယ်တန်းခင်းတို့ကို စီရင်စေဟုစည်လည်စေ၍ ခုနစ်ရက်လွန်သဖြင့် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တင့်တယ်သော အသိန်းမကသော အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် ခြံရံလျက် တာဝတိံသာနတ်ပြည်၏ အသရေထက် လွန်မြတ်သော အသရေကဲ့သို့ တမြို့လုံးကိုပြုစေသဖြင့် အားထုတ်ခြင်းနှင့်တကွဖြစ်သော လူများအပေါင်းဖြင့် တန်ဆာဆင်ခြင်းနှင့်စပ်သော မြို့ကိုပတ်ပတ်လည်လျက် ကျောင်းသို့သွား၍ ရဟန်းသံဃာ၏အလယ်၌ ရပ်၏။

ထိုခဏ၌ အလျှုခံစည်းဝေးကုန်သော ရဟန်းတို့သည် အကုဋေရှစ်ဆယ်အရေအတွက်ရှိကုန်၏၊ ရဟန်းမိန်းမတို့သည် ကိုးသန်းခြောက်သိန်း အရေအတွက်ကုန်ရှိ၏၊ထိုအစည်းအဝေး၌ ရဟန္တာချည်း တသိန်းအရေအတွက်ရှိ၏၊ ထိုရဟန်းတို့အား အကယ်၍တည်း ဤမင်းကြီးသည်မိမိကောင်းမှုဖြစ်သော ကျောင်း ၈၄၀၀၀-တို့ကို အကြွင်းမဲ့ မြင်ပြောအံ့၊ အလွန်လျှင် မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုရာ၏ဟု အကြံရှိသည်ဖြစ်၍ လောကဝိဝရဏပြာဋိဟာကိုပြုကုန်၏၊ မင်းကြီးသည်အသောကာရာမကျောင်း၌ တည်၍ အရပ်လေးမျက်နှာကို ကြည့်သည်ရှိသော် ရေအဆုံးရှိသော ဇမ္ဗုဒီပါကျွန်းကိုမြင်၍ ပြန့်ပြောစွာစေတီနှင့်တကွ ကျောင်းပူဇော်ခြင်းဖြင့် တင့်တယ်ကုန်သော ၈၄၀၀၀-သောမြို့တို့၌ ၈၄၀၀၀-သော ကျောင်းတို့ကို မြင်ကုန်၏။

---

## ၂၈၁။ သာသနာ့အမွေခံသည်ကို ပြခြင်း

ထိုမင်းသည် ထိုတင့်တယ်ခြင်းကို ရှုလျက် များစွာသော နှစ်သက်ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ငါမှတပါး တစုံတယောက်သောသူအားလည်း ဤသို့ သဘောရှိသော နှစ်သက် ဝမ်းမြောက်

ခြင်းသည် ဖြစ်ဘူးသောမည်သည် ရှိသလောဟု ကြံလျက် "အရှင်ဘုရားတို့····လူသုံးပါးတို့ ကိုးကွယ်ရာ ဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်သူသည် ကြီးစွာသော စွန့်ကြဲခြင်းကို စွန့်ကြဲဘူးသနည်း၊ အဘယ်သူ၏ စွန့်ကြဲခြင်းသည် ကြီးမြတ်သနည်း"ဟု ရဟန်းသံဃာတို့ကို မေး၏၊ ရဟန်းသံဃာတို့သည် မောဂ္ဂလိပုတ္တတိဿမထေရ်အား ထိုမင်း၏ ပြဿနာကို ဖြေစေခြင်းငှါ ဝန်ပြု၏၊ မထေရ်သည် ဆို၏၊ "မြတ်သောမင်းကြီး···· မြတ်စွာဘုရား၏ သာသနာတော်၌ ပစ္စည်းလေးပါးကို လှူသောသူမည်သည်ကား သင်မင်းကြီးနှင့် တူသောသူမည်သည် မြတ်စွာဘုရားကိုယ်တော် ထင်ရှားရှိသော အခါ၌လည်း မရှိ၊ သင်မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် မြတ်၏"ဟူ၍ ဆို၏။

မင်းကြီးသည် မထေရ်၏ စကားကို ကြား၍ များမြတ်သော နှစ်သက် ဝမ်းမြောက်ခြင်းနှင့် တွေ့သောကိုယ်ရှိသည် ဖြစ်၍ ငါနှင့်တူသော ပစ္စည်းလေးပါးဒါယကာမည်သည် မရှိ၊ ငါ၏စွန့်ကြဲခြင်းသည်သာလျှင် ကြီးမြတ်၏၊ ငါသည် ပစ္စည်းလေးပါးဖြင့် သာသနာတော်ကို ချီးမြှောက်၏၊ အသို့နည်း ငါသည် ဤသို့ ချီးမြှောက်ပါသည်ရှိသော် သာသနာတော်၏ အမွေခံသည် ဖြစ်ရအံ့လော, မဖြစ်ရအံ့လောဟု ကြံလျက် "အရှင်ဘုရားတို့····အကျွန်ုပ်သည် သာသနာတော်၏ အမွေခံသည် ဖြစ်ရပါအံ့လော"ဟု ရဟန်းသံဃာကို မေး၏၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မင်းကြီး၏ စကားကိုကြား၍ သားတော်မဟိန္ဒ၏ ဥပနိဿယနှင့် ပြည့်စုံသောအဖြစ်ကို ရှုလျက် ဤမင်းသားသည် သာသနာတော်၌ အကယ်၍ ရဟန်းပြုအံ့၊သာသနာတော် အလွန်ပြန့်ပွါးခြင်းသည် ဖြစ်လတ္တံ့ဟု ကြံ၍ ဤသို့ မိန့်တော်မူ၏။

မြတ်သောမင်းကြီး····ဤသို့ လှူဒါန်းကာမျှဖြင့် သာသနဒါယကာ မဖြစ်ရသေး၊ စင်စစ်ကား ပစ္စည်းဒါယကာဟူ၍ သော်ငှင်း, အလုပ်အကျွေးဒါယကာဟူ၍ သော်ငှင်း ဆိုအပ်၏၊ "မြတ်သောမင်းကြီး···· အကြင်သူသည် မြေကြီးမှ ဗြဟ္မာ့ပြည် တိုင်အောင် ပစ္စည်းလေးပါးကို စုပုံ၍ လှူအံ့၊ ထိုသူသည် သာသနာတော်၌ အမွေခံဟူသော အခေါ် အဝေါ်သို့ မရောက်ဟူ၍ မိန့်တော်မူသော် ထိုသို့မူကား "အရှင်

ဘုရား····အဘယ်သူသည်လျှင် သာသနာတော်၏ အမွေခံ ဖြစ်ရအံ့နည်း''ဟူ၍ လျှောက်၏၊ ''မြတ်သောမင်းကြီး····အကြင်အမှတ်မရှိသော သူသည် မိမိရင်၌ ဖြစ်သော သားကို သာသနာတော်၌ ရဟန်းပြု၏၊ ဤသူကိုသာလျှင် သာသနာတော်၏ အမွေခံဟူ၍ ဆိုအပ်၏''ဟု မိန့်တော်မူသော်—

မင်းကြီးသည် ငါသည် ဤသို့ သဘောရှိသော ကိုးဆယ့်ခြောက်ကုဋေ မျှသော အသပြာတို့ကို စွန့်၍ အလှူကြီးစွာ ပေးပါသော်လည်း သာသနာတော်၏ အမွေခံအဖြစ်သို့ မရောက်ပါသေးဟု သာသနာတော်၌ အမွေခံ၏ အဖြစ်ကို တောင့်တလျက် ထိုမှ ဤမှ ကြည့်သော် အနီး၌ တည်သော သားတော်မဟိန္ဒမင်းသားကို မြင်၍ ငါသည် စင်စစ်သဖြင့် ဤမင်းသားကို ငါ၏ ညီတော် တိဿမင်းသား ရဟန်းပြုသော အခါမှစ၍ အိမ်ရှေ့အရာ၌ ထားလို၏၊ အိမ်ရှေ့မင်း၏အဖြစ်ထက်လည်း ရဟန်း၏ အဖြစ်သည် သာလျှင် လွန်မြတ်၏ဟု ကြံ၍ မင်းသားကို ''ချစ်သားမဟိန္ဒ····သင်သည် ရဟန်းပြုခြင်းငှါ တတ်နိုင်ပါလတ္တံ့လော''ဟူ၍ ဆို၏။

မဟိန္ဒမင်းသားသည်လည်း မိမိသဘော အားဖြင့် ဘထွေးတော် တိဿမင်းသားရဟန်းပြုသော ကာလမှ စ၍ ရဟန်းပြုလိုသည် ဖြစ်၍လျှင် ခမည်းတော်မင်းကြီး၏ စကားကို ကြား၍ အတိုင်းထက် အလွန်ဝမ်းမြောက်သည်ဖြစ်၍ ''အရှင်မင်းကြီး····အကျွန်ုပ်သည် ရဟန်းပြုပါအံ့၊ အကျွန်ုပ်ကို ရဟန်းပြု၍ အရှင်မင်းကြီးသည် သာသနာတော်၏ အမွေခံ ဖြစ်တော်မူလော့''ဟူ၍ မဟိန္ဒမင်းသားလျှောက်၏၊ ထိုအခါ သမီးတော်သင်္ဃမိတ္တာသည်လည်း မင်းကြီး၏အနီး၌တည်၏၊ ထိုသင်္ဃမိတ္တာ၏လင်ဖြစ်သော အဂ္ဂိဗြဟ္မာ မင်းသားသည်လည်း အိမ်ရှေ့အရာထားသောညီတော် တိဿမင်းသားနှင့် အတူတကွ ရဟန်းပြုလေ၏၊ ''ချစ်သမီး····သင်သည်လည်း ရဟန်းပြုနိုင်ပါလတ္တံ့လော''ဟူ၍ မင်းကြီးမေးသော် ''ခမည်းတော်မင်းကြီး····ကောင်းပြီ တတ်နိုင်ပါ၏''ဟု လျှောက်သဖြင့် မင်းကြီးသည် သားတော်,သမီးတော်တို့၏ စိတ်ကိုရ၍ ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ရဟန်းသံဃာကို''အရှင်

ဘုရားတို့····ဤသူငယ်တို့ကို ရဟန်းပြု၍ အကျွန်ုပ်ကို သာသနာတော်၌ အမွေခံကို ပြုတော်မူပါကုန်''ဟူ၍ ရဟန်းသံဃာကို လျှောက်၏။

ရဟန်းသံဃာလည်း''ကောင်းပြီ''ဟု ဝန်ခံ၍ အရှင်မောဂ္ဂလိပုတ္တတိဿကို ဥပဇ္ဈာယ်ဆရာပြုစေ၍ မဟာဒေဝမထေရ်ကို သိက္ခာပကဆရာပြုစေ၍ မဟိန္ဒမင်းသားကို သာမဏေပြု၏၊ ထိုအခါ၌ မဟိန္ဒ မင်းသားသည် အသက်နှစ်ဆယ်ပြည့်သည် ဖြစ်၍ သာမဏေပြုပြီးလျှင်ပင် မဇ္ဈန္တိကမထေရ် ကမ္မဝါစာဆရာဖြင့်ပဉ္စင်းခံပြန်၏၊အရှင်မဟိန္ဒမထေရ်သည် ခမည်းတော်မင်းကြီး အဘိသိက်ခံ၍ ခြောက်နှစ်မြောက် အဇာတသတ်မင်း ထားသော သာသနာတော် သက္ကရာဇ် ၂၂၃-ခုနှစ်၌ ပဉ္စင်းခံ၏၊ ထိုအရှင်မဟိန္ဒမထေရ်သည် ပဉ္စင်းခံသော သိမ်အပြင်၌ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၏၊ သင်္ဃမိတ္တာအားလည်း သိက္ခာပကဆရာ အာယုပါလိထေရီမဖြင့်,ဥပဇ္ဈာယ်ဆရာ ဓမ္မပါလိထေရီမဖြင့် သာမဏေပြု၏၊ ပဉ္စင်းလည်းခံ၏၊ ထိုအခါသင်္ဃမိတ္တာကား ၁၈-နှစ်သာရှိ၏၊ သာမဏေရီက ရဟန်းပြု၍ပြီးကာမျှ ဖြစ်သော သင်္ဃမိတ္တာကို ထိုသိမ်အပြင်၌ပင် ပဉ္စင်းသိက္ခာ၌ တည်စေကုန်၏၊အိမ်ရာကျပြီးသော မင်းသမီးဖြစ်သောကြောင့် အသက်နှစ်ဆယ် ပြည့်သည်, မပြည့်သည်ဟူ၍ မစိစစ်ရပြီ၊ ထိုမောင်နှမ ရဟန်းပြုသော နှစ်သည် ခမည်းတော် ဓမ္မာသောကမင်းကြီး အဘိသိက်သွန်း၍ ၆-နှစ်မြောက်သော နှစ်တည်း။

အရှင်မဟိန္ဒမထေရ်သည် ပဉ္စင်း အဖြစ်သို့ ရောက်သည်မှ စ၍ ဥပဇ္ဈာယ်ဆရာ အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ်၏ အထံ၌ သုတ်, အဘိဓမ္မာ,ဝိနည်းကို သင်သော် သင်္ဂါယနာ နှစ်တန် တင်အပ်သော ပိဋကတ်သုံးပုံဖြင့် သင်္ဂြိုဟ်အပ်သော အဋ္ဌကထာနှင့်တကွ ဖြစ်သော အလုံးစုံသော ထေရဝါဒကို သုံးနှစ်တို့၏ အတွင်း၌ တတ်အောင်သင်၍ ဥပဇ္ဈာယ်ဆရာ၏ တပည့် ဖြစ်ကုန်သော တထောင်မျှလောက် ကုန်သော ရဟန်းတို့၏ အကြီးဖြစ်၏။

## ၂၇၂။ တတိယသင်္ဂါယနာတင်တော် မူသည်ကိုပြခြင်း

ဓမ္မာသောကမင်းကြီး အဘိသိက်သွန်း၍ ရှစ်နှစ်မြောက်သောနှစ်၌ ကောန္တပုတ္တတိဿထေရ်သည် အနာကိုဆေးကုအံ့သော်ငှါ ညီတော် သုမိတ္တမထေရ်ကို ပါဋလိပုတ်မြို့တွင်းသို့ဝင်၍ ဆွမ်းခံဝတ်ဖြင့် တလက် ဘက်မျှသော ထောပတ်ကိုရှာစေသည်ရှိသော် မရ၍ အနာအားကြီး သဖြင့် အာယုသင်္ခါရ ကုန်သည်ဖြစ်၍ ရဟန်းသံဃာကို အပ္ပမာဒ တရားဖြင့် ဆုံးမ၍ အဘိညာဉ်၏ အခြေဖြစ်သော ရူပါဝစရ ကြိယာ ပဉ္စမဈာန်ကို ဝင်စား၍ ကောင်းကင်ထက်သို့ ပျံတက်၍ ထက်ဝယ် ပလ္လင်ဖြင့်နေ၍ တေဇောကသိုဏ်းလျှင် အာရုံရှိသောဈာန်ကို ဝင်စား၍ ပရိနိဗ္ဗာန်ပြု၏၊ ထိုအကြောင်းကို မင်းကြီးကြား၍ မထေရ်၏အလောင်း တော်ကို ကြီးစွာသော ပူဇော်သက္ကာရဖြင့် သင်္ဂြိုဟ်၍ "ငါသို့သောသူ သည် မင်းအဖြစ်ကိုပြုပါလျက် အရှင်ကောင်းတို့အား ပစ္စည်းရခဲခြင်း သည် ဖြစ်လေဘိ၏"ဟုကြံ၍ မြို့တံခါးလေးပေါက်တို့၌ လေးထောင့်ရေ ကန်တို့ကိုတူးစေ၍ ဆေးဖြစ်သော ထောပတ်,ပျား,တင်လဲတို့ဖြင့်ပြည့် စေ၍ စတုဒိသာ သံဃာအား လှူ၏။

ထိုရောအခါ ပါဋလိပုတ်မြို့တွင် တံခါးလေးပေါက်တို့၌ လေးသိန်း သော အသပြာတို့သည် အခွန်အလို့ငှါ တက်ကုန်၏၊ မြို့လယ်သဘင်၌ တသိန်းသော အသပြာတို့သည် တက်ကုန်၏၊ ဤသို့ အားဖြင့် နေ့တိုင်း နေ့တိုင်း ငါးသိန်း ငါးသိန်းကုန်သော အသပြာတို့သည် အခွန်တက် ကုန်၏၊ ထိုအသပြာဥစ္စာတို့မှ တသိန်းသော အသပြာကို နိဂြောဓ မထေရ်အားစွန့်၏၊ မြတ်စွာဘုရား၏ စေတီတော်၌ ပန်းနံ့သာ စသည် တို့ဖြင့် ပူဇော်စေခြင်းငှါ တသိန်းသော အသပြာကိုစွန့်၏၊ တရားတော် အားတသိန်းသောအသပြာကို စွန့်၏၊ ထိုအသပြာကို တရားတော်ကို ဆောင်ကုန်သော အကြား အမြင် များကုန်သော ရဟန်းတို့အား ပစ္စည်းလေးပါးအလို့ငှါ ဆောင်အပ်၏၊ သံဃာတော်အား အသပြာ တသိန်းကို စွန့်၏၊ မြို့လေးပေါက်တို့၌ အသပြာတသိန်းကို စွန့်၏၊ ဤသို့ လျှင် သာသနာတော်၌ ပြန့်ပြောသောလာဘ်သပ္ပကာ ပူဇော်သက္ကာရ သည် ဖြစ်၏။

ထိုရောအခါ တိတ္ထိတို့သည် ယုတ်သောလာဘ်သပ္ပကာ ရှိကုန်သည် ဖြစ်၍ အယုတ်သဖြင့် ဝမ်းဝရုံမျှကိုလည်း မရကုန်သည် ဖြစ်ရကား လာဘ်သပ္ပကာကို တောင့်တကြကုန်သဖြင့်သာသနာတော်၌ ရဟန်းပြုကြကုန်လျက် မိမိ မိမိတို့၏ တိတ္ထိ အယူတို့ကို ဤသည်ကား သုတ်,အဘိဓမ္မာ,ဤသည်ကား ဝိနည်းဟူ၍ပြကုန်၏၊ရဟန်းအဖြစ်ကိုမရကုန်သော တိတ္ထိတို့သည်မိမိတို့အလိုလို ဦးပြည်းရိတ်ကုန်လျက် ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ကုန်၍ ကျောင်းတို့၌ သွားလာကုန်လျက် ဥပုသ်ကံပြုရာသို့ငင်း,ပဝါရဏာကံပြုရာသို့ငင်း ဝင်ကုန်၏၊ရဟန်းကောင်းတို့သည် ထိုတိတ္ထိတို့နှင့် အတူတကွ ဥပုသ်မပြုကုန်ဘဲ, ပဝါရဏာ မပြုကုန်ဘဲ သံဃကံမပြုကုန်ဘဲ နေကြကုန်၏၊ အရှင်မောဂ္ဂလိ ပုတ္တ တိဿမထေရ်သည် "ယခုအခါ၌ အဓိကရုဏ်းဖြစ်ပြီ၊ ဤအဓိကရုဏ်းသည် မကြာမြင့်မီပင်လျှင်ကြမ်းတမ်းသည် ဖြစ်လတ္တံ့၊စင်စစ်ဤအဓိကရုဏ်းကိုဤသူတို့၏အလယ်၌ နေသဖြင့် ငြိမ်းစိမ့်သောငှါ မတတ်ကောင်း"ဟု ကြံ၍ အရှင်မဟိန္ဒ မထေရ်အား ဂိုဏ်းကိုနှင်းခဲ့၍ မိမိသည် ချမ်းသာစွာနေခြင်းဖြင့် နေလိုသည်ဖြစ်၍ အဟောဂင်္ဂါမည်သော တောင်သို့ကြွလေ၏။

တိတ္ထိတို့သည်လည်း ရဟန်းသံဃာတို့သည် တရားဖြင့် ဝိနည်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြ[illegible] နှိပ်ကုန်သော်လည်း သုတ်, အဘိဓမ္မာ,ဝိနည်းနှင့်လျော်သော အကျင့်၌ မတည်ကုန်မူ၍ တပါးမကများသောသဘောရှိသော သာသနာတော်၏ ဘေးရန်ကိုငင်း, အညစ်အကြေးကိုငင်း, အဆူးကိုငင်း, ဖြစ်စေကုန်၏၊အချို့သောတိတ္ထိတို့သည် မီးကိုလုပ်ကျွေးကုန်၏၊အချို့သောတိတ္ထိတို့သည် ငါးပါးသောအပူခံခြင်း အကျင့်ကို ကျင့်ကုန်၏၊ အချို့သောတိတ္ထိတို့သည် နေကိုအစဉ်လိုက်ကုန်၏၊ အချို့သောတိတ္ထိတို့သည် သင်တို့၏သုတ်, အဘိဓမ္မာ, ဝိနည်းတို့ကို ဖျက်ကုန်အံ့ဟူ၍ ခြိမ်းချောက်ကုန်၏၊ ထိုအခါ ရဟန်း သံဃာသည် တိတ္ထိတို့နှင့်အတူတကွ ဥပုသ်ကိုငင်း, ပဝါရဏာကိုငင်း မပြုကုန်ပြီ၊ အသောကာရာမကျောင်း၌ ခုနစ်နှစ်ပတ်လုံး ဥပုသ်ပြတ်၏။

### ရဟန်းတို့ဥပုသ်ပြုရန် အမတ်အားစေခိုင်းခြင်း

ထိုအကြောင်းကို မင်းကြီးအား ကြားကုန်၏၊မင်းကြီးသည် အမတ်တယောက်ကိုခေါ်ပြီးလျှင် "ကျောင်းသို့သွားချေ၊ ထိုအဓိကရုဏ်းကို

ငြိမ်းစေ၍ ဥပုသ်ကိုပြုစေလော့”ဟူ၍စေ၏၊အမတ်သည် မင်းကို တဘန်မေးအံ့သောငှါ မဝံ့သည်ဖြစ်၍ အမတ်ဘယောက်သို့ကပ်၍“အချင်း… မင်းကြီးသည် ငါ့ကိုကျောင်းသို့သွား၍ အဓိကရုဏ်းကို ငြိမ်းစေသဖြင့် ဥပုသ်ပြုစေလော့ဟူ၍ စေ၏၊ အဘယ်သို့ ငြိမ်းစေရအံ့နည်း” ဟူ၍ မေး၏၊ ထိုမေးအပ်သောအမတ်သည် ဤသို့ဆို၏၊ “ဥပမာကား ပစ္စန္တရာဇ်ကို ငြိမ်းစေသည်ရှိသော် ခိုးသူတို့ကို သတ်၍ ငြိမ်းစေသကဲ့သို့ ထို့အတူ အကြင်ရဟန်းတို့သည် ဥပုသ်မပြုကုန်၊ ထိုရဟန်းတို့ကို မင်းကြီးသည် သတ်စေလိုသည်ဖြစ်လတ္တံ့၊ ဤသို့ငါတို့သည် မှတ်ထင်ကုန်၏”ဟုဆို၏။

ထိုအခါ ထိုအမတ်သည် ကျောင်းသို့သွားပြီးလျှင် ရဟန်း သံဃာကို စည်းဝေးစေ၍“ငါ့ကိုမင်းကြီးသည် ဥပုသ်ပြုစေလော့ဟူ၍ စေ၏၊ ယခုအခါ၌ အရှင်ဘုရားတို့သည် ဥပုသ်ကိုပြုကုန်လော့”ဟူ၍ ဆို၏၊ “တိတ္ထိတို့နှင့်တကွ ငါတို့သည် ဥပုသ်မပြုကုန်”ဟု ရဟန်းတို့ဆိုကုန်၏၊ အမတ်သည် မထေရ်ကြီးနေရာမှစ၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ကာ ဖြတ်ကာ လာသဖြင့် ဖြတ်အံ့သော်ငှါ တဘန်အားထုတ် ပြန်၏၊ ထိုရောအခါ၌ တိဿ မထေရ်သည် ချွတ်ယွင်းသော အကျင့်ရှိသော ထိုအမတ်ကိုမြင်၍“မင်းကြီးသည်မထေရ်တို့ကို သတ်စေခြင်းငှါမစေရာ၊ စင်စစ်မချွတ် အမတ်၏သာလျှင် မကောင်းသော အယူသည် ဖြစ်လတ္တံ့ဟု”ကြံ၍ နေရာမှထ၍သွား၍ ထိုအမတ်၏အနီးဖြစ်သော နေရာ၌နေ၏၊ ထိုအမတ်သည် အရှင်တိဿမထေရ်ကို သိ၍ ထားကိုချအံ့သောငှါ မဝံ့သည်ဖြစ်၍ သွား၍ မင်းကြီးအား လျှောက်လေ၏။

တိဿမထေရ်ဟူသည်ကား ဟူဟူညားညားသော သူမဟုတ်၊ ဓမ္မာသောကမင်း၏ တမိတည်းဘွား ဖြစ်သော ညီတော်တည်း၊ အဘိသိက်သွန်းပြီးသောမင်းကြီးသည် ထိုညီတော် တိဿမင်းသားကို အိမ်ရှေ့မင်းအရာ၌ထား၏၊ ထိုအိမ်ရှေ့မင်းသည် တနေ့သ၌ တောလည်သည်ရှိသော် စိတ်လိုလက်သွန့် တောမြိုင်ဦးဝယ် မြူးတူးကစားကြကုန်သော များစွာသော သမင်အပေါင်းတို့ကိုမြင်၍ မြက်ကိုစားသော သမင်တို့စင်လျက်လည်း ဤသို့ကစားကုန်သေး၏၊ ဤရဟန်းတို့သည်ကား မင်း

အိမ်တော်၌ မြိန်မြတ်သောဘောဇဉ်တို့ကို စားကုန်၍ နူးညံ့သောအိပ်ရာတို့၌ အိပ်ကုန်လျက် အဘယ်ကြောင့်လျှင် ကစားမြူးတူးခြင်းကို မပြုကုန်လတ္တံ့နည်း''ဟုကြံ၏၊ ထိုမင်းသားသည် တောမှပြန်လာ၍ မိမိ၏အကြံကိုမင်းကြီးအားကြားလျှောက်လေ၏။

မင်းကြီးလည်း ဤတိဿမင်းသားသည် အရာမဟုတ်သည်၌ အလိုလိုကိုပြုဘိ၏၊ ယခုထိုတိဿကို သိစေအံ့ဟုကြံ၍ တနေ့သ၌ တစုံတခုသောအကြောင်းဖြင့် အမျက်ထွက်သကဲ့သို့ပြု၍''တိဿ… လာလှည့် သင်သည် ခုနစ်ရက်ပတ်လုံးမင်းပြုလော့၊ခုနစ်ရက်လွန်ပြီးသည်မှနောက်၌ သင့်ကိုသတ်အံ့''ဟု သေဘေးဖြင့် ခြိမ်းချောက်၍ ထိုအကြောင်းကို သိစေ၏၊ ထိုမင်းသားသည်ကား ခုနစ်ရက်လည်သောအခါ ငါ့ကို သတ်လတ္တံ့ဟု စိတ်ရှိသည်နှင့်လျော်စွာ မစားမသောက် မအိပ်သဖြင့် အလွန်လျှင် ခေါင်းပါး သော ကိုယ်ရှိသည်ဖြစ်၏၊ ထိုအခါ မင်းသားကို''တိဿ…. အဘယ့်ကြောင့် သင်သည် ဤကဲ့သို့ ဖြစ်သနည်း''ဟုမင်းကြီး မေးသော် ''အရှင်မင်းကြီး…. သေခြင်းမှ ကြောက်သောကြောင့်''ဟု လျှောက်၏၊ ထိုသို့လျှောက်သောအခါ ''အချင်းတိဿ….သင်သည် လျက်လည်းပိုင်းခြားခြင်းနှင့်တကွ ဖြစ်သော သေဘေးကိုမြင်သဖြင့် စိတ်ရှိသည်နှင့်လျော်စွာ လွတ်လွတ်မကစား၊ ဤရဟန်းတို့သည်ကား ထွက်သက်ဝင်သက်နှင့် စပ်သောသေခြင်းကို ရှုကုန်လျက်အဘယ့်ကြောင့်လျှင် ကစားကုန်လတ္တံ့နည်း'' ဟု ဆို၍ အကြောင်းကို သိစေ၏၊ ထိုနေ့မှစ၍ အိမ်ရှေ့မင်းတိဿသည် သာသနာတော်၌ ကြည်ညို၏။

### ညီတော်တိဿမင်းသားရဟန်းပြုခြင်း

ထိုအိမ်ရှေ့မင်းသည် တနေ့သ၌ သမင်တောဝယ် လှည့်ပတ်ပျော်ပါးသွားလာသည်ရှိသော် ဆင်ပြောင်တခုသည် အင်ကြင်းခက်ကိုနှာမောင်းဖြင့်ကိုင်၍ ယပ်လေခပ်လျက်နေသော ယောနက မဟာဓမ္မရက္ခိတမထေရ်ကိုမြင်၍ ဝမ်းမြောက်ဝမ်းသာ သဒ္ဒါခြင်းရှိသည်ဖြစ်၍ အဘယ်အခါ၌လျှင် ဤမထေရ်ကဲ့သို့ ငါသည်လည်း ရဟန်းပြုပါရအံ့နည်း ဟုကြံ၏၊ ထိုအိမ်ရှေ့မင်း၏အလိုကို မထေရ်သိ၍ ''ဤ မင်းသားသည် ဤအရပ်မှပင် မြင်စေသတည်း''ဟု မိဌာန်တော်မူ၍ မင်းသားမြင်စဉ်

ကောင်းကင်သို့ပျံ၍ အသောကာရာမ ကျောင်းရေကန်၌ ရေအပြင်၌ ရပ်လျက် သင်းပိုင်ကိုရင်း, ကိုယ်ဝတ်ကိုရင်း,ကောင်းကင်၌ဆွဲ၍ ရေချိုး တော်မူ၏။

အိမ်ရှေ့မင်းသည် မထေရ်၏အာနုဘော်ကိုမြင်၍ အလွန်လျှင် ကြည် ညို၍ ယနေ့ပင် ရဟန်းပြုအံ့ဟု အိမ်သို့ပြန်၍ မင်းကြီးအား "အရှင် မင်းကြီး…အကျွန်ုပ်ရဟန်း ပြုပါတော့အံ့"ဟူ၍ လျှောက်၏၊ မင်းကြီး သည် များစွာသော အကြောင်းတို့ဖြင့် တောင်းပန် တားမြစ်သော် လည်း ထိုညီတော်မင်းသားကို ဆုတ်နစ်စိမ့်သော၄ါ မတတ်နိုင်ရကား အသောကာရာမ ကျောင်းသို့သွားသော ခရီးကို တန်ဆာ ဆင်စေ၍ မင်းသားကို ကချေသည်၏အသွင်ကို ယူစေလျက် တန်ဆာ ဆင်အပ် သော စစ်အင်္ဂါလေးပါးဖြင့်ခြံရံ၍အသောကာရာမကျောင်းသို့ ပို့လေ ၏၊ မင်းသားပျိုသည် ရဟန်းပြုလတ္တံ့ဟုကြား၍ များစွာသော ရဟန်း တို့သည် များစွာသော သပိတ်သင်္ကန်းတို့ကိုစီရင်ကုန်၏၊ မင်းသားသည် ကမ္မဋ္ဌာန်းအိမ်သို့သွား၍ယောနကတိုင်းသား မဟာဓမ္မရက္ခိတမထေရ် ၏ အထံ၌လျှင် မင်းချင်းယောကျ်ား တသိန်းနှင့်တကွ ရဟန်းပြု၏၊ အိမ်ရှေ့မင်း ရဟန်းပြုသည်ကို အစဉ်လိုက်၍ ရဟန်းပြုကြ ကုန်သော သူတို့သည်ကား အပိုင်းအခြားမရှိသည်သာတည်း။

ညီတော်တိဿ အိမ်ရှေ့မင်းသည် ဓမ္မာသောကမင်းကြီးအဘိသိက် သွန်း၍ လေးနှစ်မြောက်၌ ရဟန်းပြု၏၊ မင်းကြီးတူတော် ဖြစ်သော သမီးတော်သင်္ဃမိတ္တာ၏လင်ဖြစ်သော အဂ္ဂိဗြဟ္မာ မင်းသားသည်လည်း သင်္ဃမိတ္တာအား သားတယောက်သာဘွားကာမျှ၌ အိမ်ရှေ့မင်းရဟန်း ပြုပြီဟုကြားလျှင် မင်းကြီးကို ခွင့်တောင်း၍ ခွင့်ရသဖြင့် ထိုနေ့၌ပင် ရဟန်းပြုလေ၏၊ ဤသို့ မင်းချင်းယောကျ်ား တသိန်းနှင့်တကွ ရဟန်း ပြုသောညီတော်တိဿမထေရ်တည်း။

ထိုအမတ်သည်လာ၍ "အရှင်မင်းကြီး….ဥပုသ် မပြုလိုသော ဤ မျှသောရဟန်းတို့၏ ဦးခေါင်းကိုချအပ်ပြီ၊ ယခုညီတော်တိဿမထေရ်၏ အလှည့်သို့ရောက်ပြီ၊ အသို့ ပြုရအံ့နည်း" ဟု ကြားလျှောက်၏၊ ထိုသို့ ကြားလျှောက်သော စကားကို မင်းကြီးကြားလျှင် "ဟယ် အချင်း…. နင့်ကိုငါသည် ရဟန်းတို့ကို သတ်စိမ့်သော၄ါ စေအပ်သလော" ဟု

ဆိုလျက် ထိုခဏ၌သာလျှင် မင်းကြီး၏ကိုယ်၌ ပြင်းစွာ ဖြစ်သော ပူလောင်ခြင်း ရှိသည်ဖြစ်သောကြောင့် ကျောင်းသို့သွား၍ "အရှင်ဘုရားတို့....အကျွန်ုပ်သည် သတ်ချေဟူ၍ မစေပါဘဲလျက် အမတ်မိုက်သည် ဤသို့ပြုဘိ၏၊ ဤမကောင်းမှုသည် အဘယ်သူအားဖြစ်ရာသနည်း" ဟု မထေရ်ကြီးတို့ကို မေး၏။

အချို့သော မထေရ်တို့သည် ဤအမတ်သည် "သင်မင်းကြီး၏စကားကြောင့်ပြု၏၊ ဤမကောင်းမှုသည် သင်မင်းကြီး၏ အပေါ်၌ဖြစ်၏"ဟု ဆိုကုန်၏၊ အချို့သော မထေရ်တို့သည်ကား "ဤမကောင်းမှုသည် နှစ်ယောက်ကုန်သောသူတို့၏အပေါ်၌ ဖြစ်၏"ဟုဆိုကုန်၏၊အချို့သော မထေရ် တို့သည်ကား "မင်းကြီး....ကျောင်းသို့ သွား၍ ရဟန်းတို့ကို သတ်စေခြင်းငှါ ဤအမတ်ကို သင်မင်းကြီးစေသလော၊ သင်မင်းကြီး၌ သတ်စေလိုသော စိတ်ရှိသလော"ဟု မေးကုန်၏၊ထိုသို့မေးသောအခါ မင်းကြီးသည် "အရှင်ဘုရားတို့....အကျွန်ုပ်သည် ရဟန်းတို့ကို သတ်စေလိုသေစေလိုသောစိတ်ရှိ၍ စေသည်မဟုတ်၊အကျွန်ုပ်သည် ကောင်းမှုကိုအလိုရှိ၍ သာစေပါ၏၊ အညီအညွတ် သံဃာသည် ဥပုသ်ကို ပြုပါစေသတည်းဟုစေပါ၏"ဟု လျှောက်သော် "အကယ်၍ သင်မင်းကြီးသည် ကောင်းမှုကိုသာ အလိုရှိ၍ စေသည်ဖြစ်အံ့၊ ဤမကောင်းမှုသည် သင်မင်းကြီး၏အပေါ်၌မဖြစ် အမတ်၏အပေါ်၌သာလျှင် ဤမကောင်းမှုသည် ဖြစ်၏"ဟု ဆိုကုန်၏။

မင်းကြီးသည် နှလုံးနှစ်ခွဖြစ်၍ "အရှင် ဘုရားတို့....အကျွန်ုပ်၏ ဤနှစ်လုံးနှစ်ခွကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်သော တစုံတယောက်သော ရဟန်းသည် ရှိပါအံ့လော" ဟု မေးလျှောက်၏"မင်းကြီး....အရှင်မောဂ္ဂလိပုတ္တတိဿ အမည်ရှိသော မထေရ်သည်ရှိ၏၊ ထိုမထေရ်ကြီးသည် ဒါယကာမင်းကြီး၏ ဤနှလုံးနှစ်ခွကို ဆုံးဖြတ်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်၏" ဟု ရဟန်းတို့ဆိုကုန်၏"မထေရ်သည် အဘယ်အရပ်၌ရှိလေသနည်း" ဟု မေးလျှောက်ပြန်သဖြင့် "ဂင်္ဂါ၏အညာ၌ ရှိတော်မူ၏"ဟု ဆိုကုန်သော် မင်းကြီးသည် ထိုနေ့၌ပင်လျှင် တထောင်တထောင်စီ အခြံအရံရှိကုန်သော လေးပါးကုန်သော မဟာကထိက ရဟန်းတို့ကိုငင်း, တ

ထောင်တထောင်စီ မင်းချင်းယောကျ်ား အခြံအရံရှိကုန်သော လေးယောက်ကုန်သော အမတ်တို့ကိုငင်း မထေရ်ကိုယူ၍ လာကုန်ဟုစေ၏။

ထိုရှစ်ထောင် ရှစ်ယောက်တို့သည် သွားကုန်၍"မင်းသည်ခေါ်၏" ဟု ဆိုကုန်၏၊ မထေရ်သည် လိုက်တော်မမူ၊ နှစ်ကြိမ်မြောက်လည်း မင်းသည် တထောင်တထောင် အခြံအရံ ရှိကုန်သော ရှစ်ပါးကုန်သော ဓမ္မကထိက ရဟန်းတို့ကိုငင်း၊ တထောင်တထောင် အခြံအရံ ရှိကုန်သော အမတ်ရှစ်ယောက်တို့ကိုငင်း စေပြန်၏၊ ထိုတသောင်း ခြောက်ထောင် တကျိပ်ခြောက်ယောက်တို့သည် သွားကုန်၍ "မင်းကြီးသည် ခေါ်၏"ဟု ဆိုပြန်ကုန်သော် မထေရ်သည် မလိုက်နေပြန်၏၊မင်းသည် ရဟန်းတို့ကို"အရှင်ဘုရားတို့....အကျွန်ုပ်သည် နှစ်ကြိမ်စေအပ်ပါပြီ၊ အဘယ့်ကြောင့် မထေရ်သည် မလိုက်နေလေ သနည်း"ဟု မေး၏၊ "မင်းသည်ခေါ်၏ ဆိုသောကြောင့် မလိုက်သည်၊ ရှင်ပင် ဘုရား.... သာသနာတော်သည် နှစ်ခဲ့ပြီ၊ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ အကျွန်ုပ်တို့အား အဘော်ဖြစ်တော်မူပါလော့၊ ဤသို့ လျှောက်သော် မထေရ်သည် ကြွတော်မူရာ၏"ဟု ရဟန်းတို့ဆိုကုန်၏။

## ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်အားပင့်ရန်စေလွှတ်ခြင်း

ထိုအခါ မင်းကြီးသည် ရဟန်းတို့ဆိုတိုင်းမှာ၍ တထောင်တထောင်စီ အခြံအရံရှိကုန်သော တကျိပ် ခြောက်ယောက်သော ရဟန်းတို့ကိုငင်း၊ တထောင်တထောင်စီ အခြံအရံရှိကုန်သော တကျိပ် ခြောက်ယောက်သော အမတ်တို့ကိုငင်း စေပြန်၍ "အရှင်ဘုရားတို့.... မထေရ်သည် ကြီးရင့်တော်မူပြီလော၊ ပဉ္စင်းပျိုပင်ဖြစ်လေသလော"ဟု ရဟန်းတို့ကိုမေး၏၊"အသက်အရွယ်ကြီးတော်မူပြီ"ဟု ရဟန်းတို့ဆိုကုန်သော် "အရှင်ဘုရားတို့..ရထားပေါင်းချပ်ကိုငင်း, ထမ်းစင်ကိုငင်း စီးတော်မူပါလတ္တံ့လော"ဟု မေး၏"မင်းကြီး..မစီးလတ္တံ့"ဟူ၍ဆိုကုန်သော် "အရှင်ဘုရားတို့..အဘယ်အရပ်၌ နေသနည်း"ဟု မေး၍"မင်းကြီး.. ဂင်္ဂါ၏ အညာ၌နေတော်မူ၏"ဟု ဆိုကုန်သော် "အချင်းတို့.... လှေဖေါင်တို့ကိုဖွဲ့၍ ထိုဖေါင်၌မထေရ်ကို နေစေ၍ ကမ်းနားနှစ်ဘက်တို့၌ အစောင့်အရှောက်ကိုစီရင်၍ မထေရ်ကိုဆောင်ခဲ့ကုန်လော့"ဟု စေ

၏၊ ထိုသုံးသောင်းနှစ်ထောင့်သုံးကျိပ် နှစ်ယောက်ကုန်သော တမန်တို့သည် သွားလေကုန်၍ မင်းကြီး၏ သတင်းစကားကို ကြားလျှောက်ကုန်၏။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ထိုသတင်းစကားကို ကြား၍ "အကြင်ငါသည် ရှေးဦးကလျှင် သာသနာတော်ကို ချီးမြှောက်အံ့သောငှါသာ ရဟန်းပြု၏၊ထိုငါ့အား ယခုသာသနာတော်ကို ချီးမြှောက်ရအံ့သော အခါရောက်ပြီ"ဟူ၍ စမ္မခဏ်နေရာ ထိုင်ကိုယူ၍ထ၏၊ ထိုရောအခါ မထေရ်သည် ပါဋလိပုတ်ပြည်သို့ နက်ဖြန် မိုးသောက်ရောက်လတ္တံ့သောညဉ့်၌ "အလုံးစုံဖြူသောဆင်ပြောင်ကြီးသည် လာ၍ မင်းကြီးဦးခေါင်းမှစ၍ သုံးသပ်၍ လကျာလက်၌ ကိုင်သည်"ဟု မင်းကြီးအိပ်မက်မြင်နှင့်၍ နက်ဖြန် မိုးသောက်ထ၍ အိပ်မက် ဘတ်တတ်ကုန်သော ပုရောဟိတ်တို့အားကြားသော် "အရှင်မင်းကြီး.... ရဟန်းတည်းဟူသော ဆင်ဖြူသည် ရှင်းမင်းကြီး၏ လကျာ လက်တော်ကို ကိုင်လတ္တံ့"ဟူ၍ အိပ်မက်ကိုဘတ်ကုန်၏။

ထိုခဏ၌လျှင် မထေရ်ရောက်လာပြီဟုကြား၍ ဂင်္ဂါနားသို့ သွားပြီးလျှင် ရေသို့သက်၍ မင်းကြီးခရီးဦးကြိုသော် ပုဆစ်ဒူး မျှလောက်သောရေ၌ မထေရ်ကိုမှီ၍ လှေမှသက်သော မထေရ်အား ကိုင်စိမ့်သောငှါ လကျာလက်ကိုပေး၏၊ မထေရ်သည်လည်း ဤမင်းသည် ငါ့ကိုပြဿနာမေးလတ္တံ့သည် ဖြစ်သောကြောင့် အန္တေ ဝါသိကပင် ဖြစ်လတ္တံ့ဟု နှလုံးသွင်းတော်မူ၍ မင်းကြီး၏လက်ကိုကိုင်တော်မူ၏၊ မင်းကြီး၏ ဓားထမ်းသောယောကျ်ားတို့သည်လည်း မင်း၏လက်ကို သုံးသပ်သောသူ၏ ဦးခေါင်းကို ဓားဖြင့် ချမြဲအလေ့အကျက်ဖြစ်သောကြောင့် မထေရ်၏ ဦးခေါင်းကို ချအံ့ဟုကြံ၍ အအိမ်မှသန်လျက်ကို နုတ်၏၊ ထိုသို့နုတ်သောအရိပ်ကို ရေ၌မင်းကြီးမြင်၍"ငါသည် ရှေးအခါဝယ်ရဟန်းတို့၌ ချွတ်ယွင်းသောအမှုကြောင့် သက်သာရာကိုမျှမရ ယခု အခါလည်း မထေရ်၌ မချွတ်ယွင်းပါ စေကုန်လင့်"ဟု မင်းကြီးဆို၍ မင်းကြီးသည် မထေရ်ကို မိမိဥယျာဉ်သို့ဆောင်၍ ဥယျာဉ်အပမှ သုံးထပ်ရံစေ၍ကျက် အစောင့်အရှောက်ကိုထား၍ မင်းကြီးကိုယ်တိုင်ပင် မထေရ်၏ခြေတို့ကို ဆေးပြီးလျှင် ဆီဖြင့်လိမ်းသုတ်၍ မထေရ်၏ အထံ၌နေ၍။

## တန်ခိုးပြာဋိဟာပြတော်မူခြင်း

မထေရ်သည် ငါ၏ယုံမှားသက်ာကို ဖြတ်လျက် ဖြစ်သော အဓိက ရုဏ်းကို ငြိမ်းစေ၍ သာသနာတော်ကို ချီးမြှောက်အံ့သော်ငါ စွမ်းနိုင်လတ္တံ့လောဟု အလိုစမ်းလိုသဖြင့် "ရှင်ပင်ဘုရား....အကျွန်ုပ်သည် တခုသောပြာဋိဟာကို မြင်လိုပါ၏"ဟု လျှောက်၏၊ "မင်းကြီး.... အဘယ်သို့သော ပြာဋိဟာကို မြင်လိုသနည်း"ဟု မေး၍ မြေလှုပ်ခြင်းကိုမြင်လိုပါ၏ဟု လျှောက်သော် "မင်းကြီး....အလုံးစုံသော မြေ၏လှုပ်ခြင်းကိုတည်း မြင်လိုသလော၊တစိတ်သောမြေ၏လှုပ်ခြင်းကို တည်းမြင်လိုသလော"ဟု မေးတော်မူ၍ "ရှင်ပင်ဘုရား....အဘယ်မြေ လှုပ်ခြင်းကို ပြုနိုင်ခဲမည်နည်း"ဟု လျှောက်သော်"မင်းကြီး....ရေဖြင့် ပြည့်သော လင်ပန်း၌ အလုံးစုံသောရေ၏ လှုပ်ခြင်းကိုပြုနိုင်ခဲသလော၊ ထက်ဝက်သောရေ၏ လှုပ်ခြင်းကို ပြုနိုင်ခဲသလော"ဟု မေးတော်မူ၍ ထက်ဝက်သော ရေ၏လှုပ်ခြင်းကို ပြုနိုင်ခဲ၏ဟု လျှောက်သော် "ထို ကဲ့သို့ပင် မင်းကြီး.... တစိတ်သောမြေ၏ လှုပ်ခြင်းကို ပြုနိုင်ခဲ၏ဟု မိန့်တော်မူသဖြင့် "ထိုသို့တပြီးကား ရှင်ပင်ဘုရား....တစိတ်သော မြေ၏လှုပ်ခြင်းကို မြင်လိုပါ၏"ဟု လျှောက်၏။

"ထိုသို့တပြီးကား မင်းကြီး....ထက်ဝန်းကျင်မှ တယူဇနာရှိသော အရပ်၌ အရှေ့မျက်နှာ၌ လှည်းဘီးတဘီးဖြင့် အပိုင်းအခြားကိုနင်း၍ ရထားကိုတည်စေ၊ တောင်မျက်နှာ၌ ခြေနှစ်ချောင်းတို့ဖြင့် အပိုင်း အခြားကိုနင်း၍ မြင်းကိုတည်စေ၊ အနောက်မျက်နှာ၌ ခြေတဘက်ဖြင့် အပိုင်းအခြားကိုနင်း၍ လူကိုရပ်စေ၊ မြောက်မျက်နှာ၌ ထက်ဝက်သော အဘို့ဖြင့် အပိုင်းအခြားကိုနင်း၍ရေပြည့်သောလင်ပန်းကိုတည်စေ"ဟု မိန့်တော်မူ၏၊ ထိုသို့မိန့်တော်မူတိုင်း မင်းကြီးသည် ပြုစေ၏၊ မထေရ် သည် အဘိညာဉ်၏ အခြေဖြစ်သော စတုက္ကနည်းအားဖြင့် ရူပါဝစရ ကြိယာ စတုတ္ထဈာန်ကိုဝင်စား၍ ထိုဈာန်မှထ၍ "မင်းသည် မြင်စေ သတည်း"ဟု မိဋ္ဌာန်တော်မူ၍ တစိတ်သောမြေ၏လှုပ်ခြင်းကို ဆောက် တည်တော်မူ၏။

အရှေ့မျက်နှာ၌ အပိုင်းအခြား၏ အတွင်း၌တည်သော ရထား လှည်းဘီးသည်သာ လှုပ်၏၊ တဘက်သော လှည်းဘီးသည် မလှုပ်၊

တောင်မျက်နှာ၌ အနောက်မျက်နှာ၌ မြင်းလူတို့၏ အပိုင်း အခြား အတွင်း၌တည်ကုန်သော ခြေတို့သာ လှုပ်ကုန်၏၊ ပြင်၌တည်ကုန်သော ခြေတို့သည် မလှုပ်ကုန်၊ မြောက်မျက်နှာအရပ်၌ တည်သောလင်ပန်း၌ အပိုင်းအခြား၏ အတွင်း၌တည်သော ထက်ဝက်သော ရေသည်သာ တုန်လှုပ်၏၊ ကြွင်းသောရေသည် မတုန်မလှုပ်သည်ဖြစ်၏၊မင်းကြီးသည် ထိုပြာဋိဟာကိုမြင်၍"မထေရ်သည်သာသနာတော်ကိုချီးမြှောက်ခြင်းငှါ တတ်နိုင်လတ္တံ့"ဟူ၍ ဆုံးဖြတ်ခြင်းသို့ရောက်၍ မိမိအလိုလိုကို မေး၏၊ "အရှင်ဘုရား…အကျွန်ုပ်သည် အမတ်တယောက်ကို ကျောင်းသို့သွား၍ အဓိကရုဏ်းကိုငြိမ်းစေ၍ ဥပုသ်ပြုစေလော့ဟူ၍ စေပါ၏၊ ထိုအမတ်မိုက်သည် ကျောင်းသို့ သွား၍ ဤမျှလောက်သော ရဟန်းတို့ကို အသက်မှချခဲ့၏၊ ဤမကောင်းမှုသည် အဘယ်သူအားဖြစ်အံ့နည်း"ဟု လျှောက်၏ "မင်းကြီး….ဤအမတ်သည် ကျောင်းသို့သွား၍ ရဟန်းတို့ကို သတ်စေသတည်းဟု စိတ်ရှိသလော"ဟု မေးတော်မူ၍ "မရှိပါ အရှင်ဘုရား"ဟု လျှောက်သော် "မြတ်သောမင်းကြီး….သင်မင်းကြီးအား ဤသို့စိတ်သည်မရှိအံ့၊ သင်မင်းကြီးအား မကောင်းမှုသည် မရှိဟု မိန့်တော်မူ၍—

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" အစရှိသော သုတ္တန်ပါဠိဖြင့် မင်းကြီးကို သိစေ၏။

**အဓိပ္ပါယ်ကား။** ။"ချစ်သား ရဟန်းတို့….စေတနာကို ကံဟူ၍ ငါဟောတော်မူ၏၊ ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း,စိတ်ဖြင့်ရင်း စေ့ဆော်၍ "ကောင်းမှုကံကိုပြု၏"ဟူလိုသည်။

### တိတ္တိရဇာတ်ကိုဟောတော်မူခြင်း

ထို့နောင်မှ ထိုစိတ်မရှိသော် အပြစ်မရှိသော အကြောင်းကို ထင်ရှားပြအံ့သောငှါ တိတ္တိရဇာတ်ကို ဆောင်တော်မူ၏၊ "မြတ်သော မင်းကြီး…. လွန်လေပြီးသောအခါ၌ ဒီပကအမည်ရှိသော ခါသည် ငါတို့ဘုရားလောင်းရှင်ရသေ့ကိုမေး၏၊"ရှင်ရသေ့….အကျွန်ုပ်ရှိသည်-ဟု များစွာကုန်သော အကျွန်ုပ်၏ အဆွေအမျိုးဖြစ်သော ခါတို့သည် လာကုန်သော် အကျွန်ုပ်၏ အဆွေအမျိုးဖြစ်ကုန်သော ခါများသည်

သေခြင်းသို့ရောက်၏၊ထိုသို့သေရာ၌အကျွန်ုပ်သည် ငါ့အား ဤမကောင်းမှုသည် ဖြစ်မည်လော, မဖြစ်မည်လော-ဟု ယုံမှားသက်ာရှိ၏'' ဟု လျှောက်သော် ဘုရားလောင်းရှင်ရသေ့ မိန့်တော်မူ၏။

''အို-ခါ....သင်အား ငါ၏ အသံကို ကြားသဖြင့် ငါ၏အဆင်းကို မြင်သဖြင့် ငါ၏အဆွေအမျိုး ခါတို့သည် လာကုန်၍ ညွတ်၍ မိစေကုန်သတည်း၊ သေစေကုန်သ-တည်းဟူ၍ စိတ်ရှိသလော''ဟု မေး၏၊ ''မရှိပါ''ဟု လျှောက်သော် ''အကယ်၍ သင့်အား စိတ်မရှိအံ့၊ မကောင်းမှုသည် သင့်အားမရှိ''ဟု ဆိုတော်မူ၏၊ ''ထို့ကြောင့် သင်မင်းကြီးအား ရဟန်းတို့ကို သတ်စေလိုသော စိတ်မရှိသော် မကောင်းမှုသည် သင်မင်းကြီးအား မရှိ'' ဟူ၍ မိန့်တော်မူပြီးလျှင် မထေရ်သည် ထိုဥယျာဉ်၌ပင် ခုနစ်ရက်ပတ်လုံးနေတော်မူ၍ မင်းကြီးအား အယူကို သင်စေ၏။

မင်းကြီးသည် ခုနစ်ရက်မြောက်သောနေ့၌ ပါဋလိပုတ်ပြည်၌ ရှိသည့် ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ တင်းထိမ်ကာရံစေ၍ တင်းထိမ်တွင်း၌ နေလျက် တူသောအယူ ရှိကုန်သော ရဟန်းတို့ကို တပေါင်းတည်း,တပေါင်းတည်းပြု၍ တစုတစုသောရဟန်းအပေါင်းကို ခေါ်စေ၍ ''မြတ်စွာဘုရားသည် အဘယ်သို့ အယူရှိသနည်း''ဟု မေး၏၊ သဿတဝါဒီအယူရှိကုန်သော တိတ္ထိတို့သည်''သဿတအယူရှိ၏''ဟုဆိုကုန်၏၊ အချို့သောသတ္တဝါသာမြဲ၏ဟု အယူရှိကုန်သောတိတ္ထိတို့ကား ''မြတ်စွာဘုရားသည် ဧကစ္စသဿတဝါဒီ အယူရှိ၏''ဟု ဆိုကုန်၏၊ အန္တာနန္တိကစသော ထိုထိုသို့သော အယူရှိကုန်သော တိတ္ထိတို့သည် မိမိ မိမိတို့၏အယူသို့လိုက်၍''မြတ်စွာဘုရားသည် အန္တာနန္တိက အယူရှိ၏၊ အမရာဝိက္ခေပိကအယူရှိ၏၊ အဓိစ္စသမုပ္ပန္နိက အယူရှိ၏''၊ ဤသို့အစရှိသည်ဖြင့် ဆိုကုန်၏။

မင်းကြီးသည် ရှေးဦးစွာ အယူကိုသင်အပ်ပြီးသည်ဖြစ်သောကြောင့် ''ဤသူတို့သည် ရဟန်းမဟုတ်ကုန်၊သာသနာတော်မှအပဖြစ်ကုန်သော အညတိတ္ထိတို့တည်း''ဟု သိ၍ ထိုတိတ္ထိတို့ကို အဝတ်ဖြူတို့ကိုပေး၍ လူထွက်စေကုန်၏၊ ထိုအလုံးစုံတို့သည် ခြောက်သောင်းမျှ ရှိသည်ဖြစ်ကုန်၏၊ ထိုနောက်မှ တပါးသော ရဟန်းတို့ကိုခေါ်စေ၍ ''အရှင်

ဘုရားတို့···· မြတ်စွာဘုရားသည် အဘယ်အယူ ရှိတော်မူသနည်း''ဟု မေးတော်မူ၏၊ ''မြတ်သောမင်းကြီး····ဝိဘဇ္ဇဝါဒီအယူရှိ၏''ဟုဆိုကုန်၏၊ ဤသို့ဆိုသော် မင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကို မေး၏၊ ''အရှင်ဘုရား···· မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီ အယူရှိသလော''ဟု မေး၏၊''မြတ်သောမင်းကြီး···· ဩော်–ဟုတ်၏''ဟု မိန့်တော်မူ၏။

ထိုနောက်မှ မင်းကြီးသည်''အရှင်ဘုရားတို့··ယခုအခါ၌ သာသနာတော်သည် စင်ကြယ်ပါပြီ၊ ရဟန်းသံဃာသည် ဥပုသ်ပြုတော် မူစေသတည်း''ဟု လျှောက်၍ အစောင့်အရှောက်ကိုပေး၍ မြို့သို့ဝင်လေ၏၊ သံဃာသည် အညီအညွတ်စည်းဝေး၍ ဥပုသ်ပြု၏၊ ထိုအစည်းအဝေး၌ တသိန်းခြောက်သောင်းကုန်သော ရဟန်းတို့သည် ဖြစ်ကုန်၏၊ ထိုအစည်းအဝေး၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ပရပ္ပဝါဒကိုနှိပ်နင်း၍ **ကထာဝတ္ထု**ကျမ်းကို ဟောတော်မူ၏၊ ထိုနောက်မှ တသိန်းခြောက်သောင်းကုန်သော ရဟန်းတို့တွင် ရွေးချယ်၍ ပိဋကတ်သုံးပုံဟုဆိုအပ်သောပရိယတ္တိကိုဆောင်ကုန်သော အပြားနှင့်တကွပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်သော ဝိဇ္ဇာသုံးပါး အစရှိသော အပြားရှိကုန်သော ရဟန်းတထောင်ကိုယူ၍ အရှင်မဟာကဿပသည်၎င်း, အရှင်မဟာယသသည်၎င်း သုတ်အဘိဓမ္မာကို၎င်း, ဝိနည်းကို၎င်း သင်္ဂါယနာတင်ကုန်သကဲ့သို့ ထိုအတူ သုတ် အဘိဓမ္မာကို၎င်း, ဝိနည်းကို၎င်း သင်္ဂါယနာတင်ကုန်၏၊ အလုံးစုံသော သာသနာတော်၏ အညစ်အကြေးကို သုတ်သင်၍ တတိယသင်္ဂါယနာကို ပြုတော်မူ၏။

သင်္ဂါယနာတင်ပြီးသော အဆုံး၌ ဤမြေကြီးသည် ရေအဆုံးရှိသည်ကို ပြု၍ အကြိမ်များစွာ ကောင်းချီးပေးသော အချင်းအရာဖြင့် ပြင်းစွာလှုပ်၏၊ ဤတတိယသင်္ဂါယနာတင်ခြင်းသည် ကိုးလတို့ဖြင့်ပြီး၏၊ ဝါဆိုလပြည့်ပြီးသည်ဟူ၏၊ ဤတတိယသင်္ဂါယနာတင်သော နှစ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ အနှစ် ၂၃၅–နှစ်တွင်စ၍တင်သည်၊ ၂၃၆-နှစ်တွင်ပြီး၏၊ဤတတိယသင်္ဂါယနာတင်သောနှစ်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် အသက်တော် ၇၂-နှစ်ရှိတော်မူ၏။

## ၂၀၃။ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူသည်ကိုပြခြင်း

ဤသို့ တတိယသင်္ဂါယနာ တင်ပြီးသောအခါ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အား ဤသို့သောအကြံသည်ဖြစ်၏၊နောင်အခါ အဘယ်အရပ်၌ သာသနာတော်သည် ကောင်းစွာတည်ပါလတ္တံ့နည်းဟု အကြံတော်ဖြစ်၏၊ထိုသို့ အကြံတော်ဖြစ်သဖြင့် အဘန်တလဲလဲ ဆင်ခြင်တော်မူသော မထေရ်အား မဇ္ဈိမဒေသမှ ပြင်ဖြစ်သော ဇနပုဒ်တို့၌ သာသနာတော် ကောင်းစွာတည်သည် ဖြစ်လတ္တံ့ဟု မြင်တော်မူ၍ ထိုသို့သော ရဟန်းတို့အားဝန်ကိုပြု၍ ထိုထိုရဟန်းတို့ကို ထိုထိုသို့သော အရပ်တို့သို့ ငါးပါး,ငါးပါးစီ စေလွှတ်တော်မူ၏။

၁။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေတော်မူ၏၊ ''သင်သည် ထိုတိုင်းသို့သွား၍ ထိုတိုင်း၌ သာသနာတော်ကို တည်စေလော့''ဟု စေ၏။

၂။ မဟာရေဝတမထေရ်ကို ထို့အတူဆို၍ မဟိံသကမဏ္ဍလသို့ စေတော်မူ၏။

၃။ ရက္ခိတမထေရ်ကို ဝနဝါသီသို့ စေတော်မူ၏။

၄။ ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တကတိုင်းသို့ စေတော်မူ၏။

၅။ မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌသို့ စေတော်မူ၏။

၆။ မဟာရက္ခိတမထေရ်ကို ယောနကလောကသို့ စေတော်မူ၏။ [ယောနကလောကဟူသည်ကား ပန်းသေးတို့ပြည်ဟူ၏။]

၇။ မဇ္ဈိမမထေရ်ကို ဟိမဝန္တာအရပ်အဘို့သို့ စေတော်မူ၏။

၈။ သောဏမထေရ်, ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိသို့ စေတော်မူ၏။

၉။ မိမိ၏သဒ္ဓိဝိဟာရိကဖြစ်သော အရှင်မဟိန္ဒမထေရ်ကို ဣဋ္ဋိယမထေရ်, ဥတ္တိယမထေရ်, သမ္ဗလမထေရ်, ဘဒ္ဒသာလမထေရ်တို့နှင့်တကွ တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့ စေတော်မူ၏၊ ''သင်တို့သည် သီဟိုဠ်ကျွန်းသို့သွား၍ ထိုသီဟိုဠ်ကျွန်း၌ သာသနာတော်ကို တည်စေလော့''ဟူ၍ စေတော်မူ၏။

ထိုအလုံးစုံသောမထေရ်တို့သည် ထိုထိုသို့သော အရပ်တို့သို့ သွားကုန်သည်ရှိသော် ပစ္စန္တဇနပုဒ်တို့၌ ငါးယောက်ရှိသောဂိုဏ်းသည် ဥပသမ္ပဒကံအား လျောက်ပတ်၏ဟူ၍မှတ်ကုန်လျက် မိမိကိုယ်လျှင် ငါးယောက်မြောက်ဖြစ်ကုန်၍ သွားလေကုန်၏။

၁။ ထိုအခါ ကသ္မီရဂန္ဓာရတိုင်း၌ ကောက်မှည့်သောအခါ၌ အရဝါဠမည်သောနဂါးမင်းသည် ရွာသွန်းမိုဃ်းကိုရွာစေ၍ ကောက်ကို မိုဃ်းရည်အယဉ်ဖြင့် ဆောင်စေ၍ သမုဒ္ဒရာသို့ ရောက်စေ၏၊ မဇ္ဈန္တိကမထေရ်သည် မိမိကိုယ်လျှင် ငါးယောက်မြောက်ဖြစ်၍ ပါဋလိပုတ်ပြည်မှ ကောင်းကင်သို့ပျံတက်၍ ဟိမဝန္တာ အရဝါဠအိုင်၏ အထက်၌ သက်၍ ရေအပြင်၌ စင်္ကြံသွား၏၊ ရပ်၏၊ ထိုင်၏၊ အိပ်ခြင်း, လျောင်းခြင်းကိုပြု၏၊ နဂါးလုလင်တို့သည် မထေရ်ကိုမြင်၍ အရဝါဠနဂါးမင်းအား ကြားကုန်၏၊ "မြတ်သောမင်းကြီး....ပြတ်သောပျက်သောပုဆိုး ကိုဆောင်သော ဖြော့တော့သောအဆင်းရှိသော အဝတ်ကိုဝတ်သော တယောက်သောသူသည် ငါတို့၏ရေကို ဖျက်ဆီး၏"ဟု ကြား၏။

နဂါးမင်းသည် ထိုစကားချင်းလျှင် အမျက်ဖြင့် နှိပ်စက်သည်ဖြစ်၍ နေရာမှထွက်၍ မထေရ်ကိုမြင်၍ ရန်ငြိုးကို သည်းမခံနိုင်သည်ဖြစ်၍ ကောင်းကင်ပြင်၌ ကြောက်မက်ဘွယ်များစွာတို့ကို ဘန်ဆင်း၏၊ ထိုထိုသို့သောအရပ်တို့မှ ပြင်းစွာသောလေတို့သည် လာကုန်၏၊ သစ်ပင်တို့သည် ကျိုးကုန်၏၊တောင်ထွဋ်တို့သည် ကျကုန်၏၊မိုဃ်းတို့သည် ကြူးကုန်၏၊ လျှပ်စစ်တို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏၊ မိုဃ်းကြိုးစက်တို့သည် ကွဲကုန်၏၊ ကောင်းကင်ကွဲသကဲ့သို့ ရေအယဉ်စီး၏၊ ကြောက်မက်ဘွယ်သောအရုပ်ရှိကုန်သော နဂါးလုလင်တို့သည် စည်းဝေးကုန်၏၊ မိမိလည်း အခိုးလွှတ်၏၊ အလျှံတောက်၏၊ လက်နက်မိုဃ်းတို့ကို လွှတ်၏၊ "ပြတ်သောပျက်သော ပုဆိုးကိုဆောင်သော ဤဦးခေါင်းပြည်းသည့် အသူနည်း"ဟု ဤသို့အစရှိသော ကြမ်းကြုတ်စွာသော စကားတို့ဖြင့် မထေရ်တို့ကိုခြိမ်း၏၊ "အချင်းတို့....လာကုန်လော့၊ဤရဟန်းကို ဘမ်းကုန်လော့၊ သတ်ကုန်လော့၊ နှင်ထုတ်ကုန်လော့"ဟု နဂါးဗိုလ်ပါတို့ကို စေ၏။

မဇ္ဈန္တိကမထေရ်သည် အလုံးစုံသော ထိုကြောက်မက်ဘွယ်ကို မိမိ၏ တန်ခိုးဖြင့်တားမြစ်၍ နဂါးမင်းကိုဆို၏၊ "နဂါးမင်း‥နတ်နှင့်တကွသော လူသည်လာ၍ ငါ့ကိုချောက်ငြားအံ့၊ ငါ့အား ကြောက်ခြင်းကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သည်သာဖြစ်၏၊ အလုံးစုံသောမြေတို့ကို အစိုးရသော နဂါးမင်း····အကယ်၍လည်း သင်သည် သမုဒြာနှင့်တကွ တောင်နှင့် တကွဖြစ်သော အလုံးစုံသောမြေကို ငါ၏အထက်၌ချငြားအံ့၊ ငါ့အား ကြောက်ခြင်းကိုဖြစ်စေခြင်းငှါ မတတ်နိုင်ရာ၊ စင်စစ်ကား သင့်အားသာ လျှင် ပင်ပန်းခြင်းသည်ဖြစ်ရာ၏"ဟု ဆို၏။

ဤသို့ မထေရ်ဆိုတော်မူသည်ရှိသော် နဂါးမင်းသည် ကင်းသော အာနုဘော်ရှိသည်ဖြစ်၍ အကျိုးမဲ့လုံ့လပြုခြင်းရှိသည်ဖြစ်၍ နှလုံးမသာ ယာသည်ဖြစ်၏၊ ထိုနဂါးမင်းကို မထေရ်သည် ထိုခဏ၌ လျောက်ပတ် သော တရားစကားဖြင့် ကောင်းစွာပြ၍ ဆောက်တည်စေ၍ ထက်စေ၍ ရွှင်စေ၍ သရဏဂုံသုံးပါးတို့၌၎င်း, ပဉ္စသီ၌၎င်း တည်စေ၏၊ ရှစ်သောင်း လေးထောင်သော နဂါးတို့နှင့်တကွဖြစ်သော နဂါးမင်းကို သရဏဂုံ ပဉ္စသီတို့၌ တည်စေပြီး၍ ဟိမဝန္တာ၌နေကုန်သော နဂါးတို့မှ တပါးကုန် သော ဘီလူး, ကုမ္ဘဏ်, ဂန္ဓဗ္ဗနတ်, ရက္ခိုသ်တို့သည်လည်း မထေရ်၏ တရားစကားကို ကြား၍ သရဏဂုံပဉ္စသီတို့၌ တည်ကုန်၏။

ပဉ္စကအမည်ရှိသောဘီလူးသည်လည်း မယားဖြစ်သော ဘီလူးမနှင့် ၎င်း, ငါးရာကုန်သော သားယောက်ျားဘီလူးတို့နှင့်၎င်း တကွ သော တာပတ္တိဖိုလ်၌ တည်လေ၏၊ အရှင်မဇ္ဈန္တိကမထေရ်လည်း အလုံးစုံ ကုန်သောနဂါး, ဘီလူး, ရက္ခိုသ်, ကုမ္ဘဏ်တို့ကိုခေါ်၍ "ဤအခါမှ အထက်၌ ရှေး၌ကဲ့သို့ အမျက်ထွက်ခြင်းကို သင်တို့သည် မဖြစ်စေကုန် လင့်၊ ကောက်ကိုဖျက်ခြင်းကိုလည်း မပြုကုန်လင့်၊ ခပ်သိမ်းသောသတ္တဝါ တို့သည် ချမ်းသာခြင်းကို အလိုရှိကုန်၏၊ သတ္တဝါတို့၌ ချစ်ခြင်းမေတ္တာ ကိုပြုကုန်လော့၊ လူတို့သည် ချမ်းသာစွာနေပါစေကုန်"ဟူ၍ မထေရ် ဆိုတော်မူ၏၊ ထိုအလုံးစုံသော သူတို့သည်လည်း "ကောင်းပြီ"ဝန်ခံ၍ ဆုံးမတော်မူတိုင်း ကျင့်ကုန်၏၊ ထိုနေ့၌ပင်လျှင် နဂါးမင်းအား ပူဇော် သောအခါသည်ဖြစ်၏၊ နဂါးမင်းသည် ရတနာဖြင့်ပြီးသော မိမိနေရာ

ပလ္လင်ကိုဆောင်စေ၍ မထေရ်အား ခင်း၏၊ မထေရ်လည်း နေတော်မူ၏၊ နဂါးမင်းသည် မထေရ်ကိုယပ်ခပ်လျက် အနီး၌ တည်၏။

ထိုခဏ၌ ကသ္မီရဂန္ဓာရတိုင်း၌ နေကုန်သော သူတို့သည် လာကုန်သော် မထေရ်ကိုမြင်၍ ငါတို့နဂါးမင်းထက်လည်း မထေရ်သည် တန်ခိုးကြီးတော်မူ၏ဟု မထေရ်ကို ရှိခိုး၍ နေကုန်၏၊ မထေရ်သည် ထိုသူတို့အား အာသီဝိသောပမသုတ်ကို ဟောတော်မူ၏၊ သုတ္တန်ကို ဟောတော်မူသောအဆုံး၌ ရှစ်သောင်းသောဝေနေယျတို့သည် သစ္စာလေးပါးတရားကို သိသည်ဖြစ်၍ အကျွတ်တရားရကုန်၏၊တသိန်းသော အမျိုးသားတို့သည်ရဟန်းပြုကုန်၏၊ထိုနေ့မှစ၍ ယနေ့ထက်တိုင်အောင် ကသ္မီရဂန္ဓာရတိုင်းသည် သင်္ကန်းရောင်ဖြင့် တောက်ပ၏၊ ရဟန်းတို့၏ ဟန်ပန်လေဖြင့် ထက်ဝန်းကျင်မှ လာ၏။

၂။ မဟာဒေဝ မထေရ်သည်လည်း မဟိံသကမဏ္ဍလသို့သွား၍ ဒေဝဒူတသုတ်ကို ဟောတော်မူ၏၊ လေးသောင်းကုန်သောသတ္တဝါတို့သည် သောတာပတ္တိမဂ်ဉာဏ် တည်းဟူသော ဓမ္မစက္ခုကို ရကုန်၏၊ လေးသောင်းသော အမျိုးသားတို့သည် ရဟန်းပြုကုန်၏။

၃။ ရက္ခိတမထေရ်သည် ဝနဝါသီသို့ကြွ၍ ကောင်းကင်ပြင်၌ရပ်တော်မူ၍ အနမတဂ္ဂသုတ္တန်ဒေသနာတော်ဖြင့် ဝနဝါသီ၌ နေကုန်သော သူတို့ကို ကြည်ညိုစေ၏၊ ဒေသနာတော်အဆုံး၌ ခြောက်သောင်းကုန်သောသူတို့အား အမြိုက်တရားရခြင်းသည် ဖြစ်၏၊ ခုနစ်သောင်းမျှလောက်သော သူတို့သည်လည်း ရဟန်းပြုကုန်၏၊ ဤသို့လျှင် ထိုအရှင်ရက္ခိတထေရ်သည် ဝနဝါသီအရပ်၌ သာသနာတော်ကို တည်စေ၏။

၄။ ယောနကဓမ္မရက္ခိတ မထေရ်သည် အပရန္တတိုင်းသို့ သွား၍ အဂ္ဂိက္ခန္ဓောပမသုတ္တန်တရားဒေသနာတော်ဖြင့် အပရန္တတိုင်း၌ နေကုန်သောသူတို့ကို ကြည်ညိုစေ၍ ခုနစ်သောင်းသော ဝေနေယျတို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၏၊မင်းမျိုးမှပင် ယောကျ်ားတထောင်တို့သည် ရဟန်းပြုကုန်၏၊ အမျှမလွန်ကုန်သော ခြောက်ထောင်သော မိန်းမတို့သည်လည်း ရဟန်းပြုကုန်၏၊ ဤသို့လျှင် ယောနကဓမ္မရက္ခိတမထေရ်သည် အပရန္တတိုင်း၌ သာသနာတော်ကို တည်စေ၏။

၅။ **မဟာဓမ္မရက္ခိတ** မထေရ်သည် မဟာရဋ္ဌတိုင်းကြီးသို့ သွား၍ မဟာနာရဒကဿပဇာတ်ကို ဟောတော်မူသဖြင့် မဟာရဋ္ဌတိုင်းသားတို့ကိုကြည်ညိုစေ၍ ရှစ်သောင်းလေးထောင်ကုန်သောဝေနေယျတို့အား မဂ်ဖိုလ်တို့၌တည်စေ၏၊တသောင်းသုံးထောင်ကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏၊ ဤသို့မဟာဓမ္မရက္ခိတ မထေရ်သည် ထိုမဟာရဋ္ဌတိုင်း၌ သာသနာတော်ကို တည်စေ၏။

၆။ **မဟာရက္ခိတ**မထေရ်သည် ယောနကတိုင်းသို့သွား၍ ကာဠကာရာမသုတ်ကို ဟောတော်မူသဖြင့် ယောနကတိုင်းသားတို့ကို ကြည်ညိုစေ၍ တသိန်းခုနစ်သောင်းကုန်သော ဝေနေယျတို့အား မဂ်ဖိုလ်တည်းဟူသော တန်ဆာကို ပေးတော်မူ၏၊ ထိုမဟာရက္ခိတမထေရ်၏ အထံ၌လည်း တသောင်းကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏၊ ဤသို့လျှင် ထိုမဟာရက္ခိတမထေရ်သည် ထိုယောနကတိုင်း၌ သာသနာတော်ကို တည်စေ၏။

၇။ **မဇ္ဈိမ**မထေရ်သည် ကဿပဂေါတ္တမထေရ်, အဠကဒေဝမထေရ်, ဒုန္ဒုဘိယမထေရ်, မဟာဒေဝမထေရ် ဤမထေရ်လေးပါးတို့နှင့်တကွ ဟိမဝန္တာအရပ်အဘို့သို့သွား၍ ဓမ္မစကြာသုတ်ကိုဟောသဖြင့် ထိုအရပ်သားတို့ကို ကြည်ညိုစေ၍ အကုဋေရှစ်ဆယ်သောဝေနေယျတို့အား မဂ်ဖိုလ်တရားကို ရစေ၏၊ထိုမထေရ်ငါးပါးတို့သည် ထိုဟိမဝန္တာအရပ်အဘို့၌ တိုင်းငါးတိုင်းသားတို့ကိုကြည်ညိုစေ၏၊တပါးတပါးသော မထေရ်၏အထံ၌ တသိန်းမျှကုန်သော အမျိုးသားတို့သည် ရဟန်းပြုကုန်၏၊ ဤသို့လျှင် ထိုမထေရ်ငါးပါးတို့သည် ထိုဟိမဝန္တာအရပ်အဘို့၌ သာသနာတော်ကို တည်စေကုန်၏။

၈။ အရှင် **သောဏ**မထေရ်, ဥတ္တရမထေရ်တို့သည် သုဝဏ္ဏဘူမိအရပ်သို့သွား၍ သာသနာတော်ကို ပြုကုန်၏၊ ထိုအခါ၌ ထိုသုဝဏ္ဏဘူမိတွင် တယောက်သော ရက္ခိုသ်ဘီလူးမသည် သမုဒ္ဒရာမှထွက်လတ်၍ မင်းမျိုး၌ ဘွားတိုင်းဘွားတိုင်းသော သူငယ်တို့ကိုစား၏၊ ထိုအရှင်သောဏ, အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိသို့ ရောက်သောနေ့၌လည်း မင်းအိမ်ဝယ် တယောက်သောသူငယ်ဘွား၏၊ လူတို့သည် မထေရ်တို့ကို

မြင်၍"ဤဦးပြည်းတို့သည် ရက္ခိုုသ်တို့၏အဘော်တို့တည်း"ဟုမှတ်ကုန် ၍ လက်နက်တို့ကို ယူကုန်လျက် ပုတ်ခတ်ကုန်အံ့ဟုမထေရ်တို့သို့ ရှေးရှု လာကုန်၏၊ အရှင်သောဏမထေရ်သည်"အဘယ့်ကြောင့် သင်တို့သည် လက်နက်စွဲကာ လာကုန်သနည်း"ဟု မေးတော်မူ၏၊ ထိုလူတို့သည် ဤသို့ဆိုကုန်၏၊"မင်းအိမ်၌ ဘွားတိုင်းဘွားတိုင်းကုန်သော သူငယ်တို့ကို ရက္ခိုုသ်ဘီလူးတို့သည် စားကုန်၏၊ သင်တို့သည် ထိုရက္ခိုုသ်ဘီလူးတို့၏ အဘော်တို့တည်း"ဟု ဆိုကုန်၏၊ "ငါတို့သည် ရက္ခိုုသ်ဘီလူးတို့၏ အဘော်မဟုတ်ကုန်၊ ငါတို့သည် ရဟန်းမည်ကုန်၏၊ ငါတို့သည် သူ၏ အသက်ကို သတ်ခြင်းမှ ကြဉ်ကုန်၏၊ အရှင်မပေးသော သူ့ဥစ္စာကို ယူ ခြင်းမှ ကြဉ်ကုန်၏၊ သူ့သားသူ့မယားကို ပြစ်မှားခြင်းမှကြဉ်ကုန်၏၊ မုသားဆိုခြင်းမှ ကြဉ်ကုန်၏၊ သေအရက်သောက်ခြင်းမှ ကြဉ်ကုန်၏၊ ထမင်း တထပ်သာစားကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောတရားရှိ ကုန်၏"ဟူ၍ အရှင်သောဏက ဆိုတော်မူ၏။

ထိုခဏ၌ပင်လျှင် ရက္ခိုုသ်ဘီလူးမသည် မိမိအခြံအရံနှင့်တကွ သမုဒ္ဒရာမှထွက်လတ်၍ မင်းအိမ်၌ သူငယ်ဘွားပြီ၊ ထိုသူငယ်ကို စားအံ့ ဟူ၍လာ၏၊လူတို့သည် ထိုရေစောင့်ဘီလူးမကိုမြင်ကုန်၍"အရှင်ဘုရား တို့....ဤရက္ခိုုသ်ဘီလူးသည် လာလတ်ပြီတကား"ဟု ကြောက် ထိတ် လန့်၍ မြည်တမ်းကြကုန်၏၊ အရှင်သောဏမထေရ်သည် ရက္ခိုုသ်တို့ ထက် နှစ်ဆတက်သောရဟန်း,နှစ်ဆတက်သောကိုယ်တို့ကို ဖန်ဆင်း ၍ ထိုကိုယ်တို့ဖြင့် အခြံအရံနှင့်တကွဖြစ်သော ရက္ခိုုသ်ဘီလူးမကို အလယ်၌ပြု၍ နံပါးနှစ်ဘက်တို့၌ ရံ၏၊ အခြံအရံနှင့်တကွ ဖြစ်သော ရက္ခိုုသ်ဘီလူးမအား ဤသို့သောအကြံသည် ဖြစ်၏၊"စင်စစ်လျှင် ဤသူ တို့သည် ဤအရပ်ကို ရသည်ဖြစ်လတ္တံ့၊ ငါတို့သည် ဤသူတို့၏ အစာ ဖြစ်ချေကုန်လတ္တံ့"ဟု ကြံ၍ ခပ်သိမ်းသော ရက္ခိုုသ်ဘီလူးတို့သည် ကြောက်ကုန်သည်ဖြစ်၍ လျင်စွာ ပြေးလေကုန်၏။

အရှင် သောဏ မထေရ်သည် ထိုရက္ခိုုသ်တို့ကို မျက်စိ မမြင် ကောင်းသော အရပ်တိုင်အောင် ပြေးစေ၍ ကျွန်း၏ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ထား၏၊ ထိုအခါ စည်းဝေးလာကုန်သော လူ များအပေါင်းတို့အား ဗြဟ္မဇာလသုတ္တန်ကို ဟောသဖြင့် ကြည်ညိုစေ၍

သရဏဂုံသုံးပါးတို့၌၎င်း, ပဉ္စသီငါးပါးတို့၌၎င်း တည်စေ၏၊ ခြောက်သောင်းကုန်သော ဝေနေယျတို့သည် သစ္စာလေးပါးကိုသိ၍ အကျွတ်တရားရသည် ဖြစ်ကုန်၏၊ အခွဲနှင့်တကွ လေးထောင်ကုန်သော အမျိုးသတို့သားငယ်တို့သည် ရဟန်းပြုကုန်၏၊ တထောင့်ငါးရာသော အမျိုးသမီးတို့သည်လည်း ရဟန်းပြုကုန်၏၊ ဤသို့လျှင် ထိုအရှင်သောဏ မထေရ်သည် ထိုသုဝဏ္ဏဘူမိအရပ်၌ သာသနာတော်ကို တည်စေ၏။

[သထုံပြည်ကို သုဝဏ္ဏဘူမိဟူ၍ ဆရာတို့ဆိုကုန်၏၊ ဇင်းမယ်ပြည်ကို သုဝဏ္ဏဘူမိဟူ၍လည်း အချို့ဆရာတို့ဆိုကုန်၏။]

(၉) ဓမ္မာသောကမင်းကြီး၏သား အရှင်မဟိန္ဒမထေရ်သည်ကား ဆရာအရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည်၎င်း, ရဟန်းသံဃာသည်၎င်း "သင်သည် တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့သွား၍ သာသနာတော်ကို တည်စေလော့"ဟူ၍ တိုက်တွန်းအပ်သည်ရှိသော် "တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့ သွားအံ့သောအခါ တန်ပြီလော,မတန်သေးလော"ဟု အကြံသည်ဖြစ်၏၊ ထိုသို့အကြံဖြစ်သောအခါ စူးစမ်းဆင်ခြင်သော မထေရ်အား "ယခု တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်းသို့ သွားအံ့သော၄ါ အခါမတန်သေး"ဟု အကြံသည်ဖြစ်၏၊ အဘယ်သို့သောအကြောင်းကိုမြင်၍ ဤသို့သော အကြံဖြစ်လေသနည်း ဟူမူကား မုဋသိဝ မင်းကြီး၏ အသက်အရွယ် ကြီးရင့် အိုမင်းသောအဖြစ်ကိုမြင်၍ အကြံဖြစ်သတည်း။

ထို့နောင် ဤသို့ကြံပြန်၏၊ "ဤမုဋသိဝမင်းသည် အသက်ကြီးရင့်ပြီ၊ ဤမင်းကိုယူ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ မတတ်နိုင်ရာ၊ ယခုအခါ၌ ဤမုဋသိဝမင်း၏သားဖြစ်သော ဒေဝါနံပိယတိဿမင်းသည် မင်း၏အဖြစ်ကို ပြုလတ္တံ့၊ ထိုမင်းကိုယူ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ တတ်နိုင်သည် ဖြစ်လတ္တံ့၊ အကြင်မျှလောက် ထိုဒေဝါနံပိယတိဿမင်းသည် မင်းအဖြစ်သို့ မရောက်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး အဆွေအမျိုးတို့ကို ကြည့်ဦးအံ့၊ ယခုအခါ၌ ငါတို့သည် ဤဇနပုဒ်သို့ ပြန်ရအံ့မည်ကိုလည်းမသိ၊မပြန်ရအံ့မည်ကိုလည်းမသိ"ဟု ကြံ၏၊ ထိုသို့ကြံပြီး၍ ဥပဇ္ဈာယ်ကို၎င်း, ရဟန်းသံဃာကို၎င်း ရှိခိုး၍ ပါဋလိပုတ်ပြည် အာသောကာရာမကျောင်းမှထွက်၍ ဣဋ္ဋိယ, ဥတ္တိယ,

သမ္ဗလ, ဘဒ္ဒသာလ, ဤမထေရ်လေးယောက်တို့နှင့်၎င်း, နှမတော် သယ်မိတ္တာ၏သား သုမနသာမဏေနှင့်၎င်း ဘဏ္ဍာကဥပါသကာနှင့် တကွ ရာဇဂြိုဟ်မြို့၏အရှေ့ဖြင့် ဒက္ခိဏာဂိရိဇနပုဒ်၌ ဒေသစာရီကြွ၍ အဆွေအမျိုးတို့ကို ကြည့်လျက် ဇ-လတို့ကို လွန်စေ၏။

[ဇ-လဟူသည်ကား တန်ဆောင်မုန်း လပြည့်ကျော် တရက်မှစ၍ ကဆုန်လပြည့်တိုင်တည်း။]

ထိုအခါ ပါဠလိပုတ်မှ အရှေ့အရပ် ယူဇနာ ငါးဆယ်ကွာ မယ်တော် အသန္ဓိမိတ္တာ၏ ဘွားရာဖြစ်သော ဝေဠုသကမြို့သို့ ရောက်လေ၏၊ ထိုရောအခါ မယ်တော်လည်း ထိုမြို့၌ရှိသဖြင့် သားတော်မထေရ် ကိုမြင်၍ ရှိသေစွာရှိခိုး၍ ဆွမ်းလုပ်ကျွေးပြီးလျှင် မိမိဆောက်အပ် သော ဝေဠုသကဂိရိ အမည်ရှိသော ကျောင်းကြီးကို တင်လှူ၏၊ ထိုကျောင်း၌ ကဆုန်လပြည့်နေ့မှစ၍ နယုန်လပြည့်တိုင် တလနေ တော်မူ၏၊ ထိုဝေဠုသကဂိရိကျောင်း၌ နေတော်မူသောအခါ မထေရ် သည် ဤသို့ကြံတော်မူ၏၊ ငါတို့အား ဤအရပ်၌ ပြုဘွယ်ကိစ္စသည် ပြီးပြီ၊ လက်ာဒီပကျွန်းသို့ သွားအံ့သောအခါ တန်ပြီလော, မတန်သေးလော ဟူ၍ ကြံပြီးသော် တဘန် ဤသို့ကြံပြန်၏။

"ဒေဝါနံပိယတိဿမင်းသည် ရှေးဦးစွာ ငါ့ခမည်းတော်မင်းကြီးက ပို့စေအပ်သော အဘိသိက်ကိုလည်းခံစေဦး၊ရတနာသုံးပါး၏ကျေးဇူးကို လည်း ကြားစေဦး၊သမင်တောကစားအံ့သော၄ါ မြို့မှထွက်၍ မိဿက တောင်သို့လည်း တက်စေဦး၊ထိုအခါ ထိုမိဿကတောင်၌ ထိုမင်းကြီးကို ငါတို့မြင်ကုန်အံ့"ဟု ကြံတော်မူ၍ ထိုကျောင်း၌ နယုန်လပြည့်တိုင် တလနေတော်မူသတည်း၊တလလွန်သဖြင့် နယုန်လပြည့် ဥပုသ်နေ့၌ အရှင်မဟိန္ဒစသော အလုံးစုံသော ခုနစ်ယောက်တို့သည် စည်းဝေး၍ "ငါတို့အား တမ္ဗပဏ္ဏိကျွန်းသို့ သွားအံ့သောအခါ တန်ပြီလော,မတန် သေးလော"ဟူ၍ တိုင်ပင်ကုန်၏။

### တမ္ဗပဏ္ဏိကျွန်းသို့ကြွရန် သိကြားမင်းလျှောက်ထားခြင်း

ထိုအခါ သိကြားမင်းသည် မဟိန္ဒမထေရ်သို့ ကပ်လာ၍ ဤသို့ လျှောက်၏၊ "အရှင်ဘုရား····မုဋသိဝမင်းသည် သေလွန်ပြီ၊ ယခုအခါ

ဒေဝါနံပိယတိဿမင်းသည် မင်းပြု၏၊မြတ်စွာဘုရားသည်လည်း အရှင်ဘုရားတို့ကို ဗျာဒိတ်ကြားတော်မူခဲ့၏၊ နောင်အခါ၌ မဟိန္ဒအမည်ရှိသော ရဟန်းသည် တမ္ဗပဏ္ဏိကျွန်းကို ကြည်ညိုစေလတ္တံ့ဟူ၍ ကြားတော်မူခဲ့၏၊ ထို့ကြောင့် အရှင်ဘုရားသည် ယခုကျွန်းမြတ်သို့ ကြွတော်မူအံ့သောအခါ တန်ပြီ၊ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့၏ အဘော်သည် ဖြစ်ပါအံ့”ဟူ၍ လျှောက်၏၊ အဘယ့်ကြောင့်ကား သိကြားမင်းသည် ဤသို့ဆိုသနည်း ဟူငြားအံ့၊ မြတ်စွာ ဘုရားသည် ဗောဓိပင်ရင်း၌နေတော်မူသော အခါ၌လျှင် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူသော် နောင်အခါ၌ ဤကျွန်း၏ပြည့်စုံခြင်းကိုမြင်တော်မူ၍ သိကြားအား “ထိုအခါ၌ သင်သိကြားသည်လည်း အဘော်ဖြစ်လေလော့”ဟူ၍ စေမှာတော်မူ၏၊ ထို့ကြောင့် မထေရ်အား ကြားလျှောက်လာသတည်း။

မထေရ်သည် သိကြားမင်း၏စကားကိုဝန်ခံ၍ ကိုယ်တော်လျှင် ခုနစ်ယောက်မြောက်ဖြစ်သဖြင့် ဝေဒိသကတောင်ထိပ်မှ ကောင်းကင်သို့ပျံတက်၍ သီဟိုဠ်ကျွန်း အနုရာဓပြည်၏အရှေ့အရပ် မိဿကတောင်ထိပ်၌ တည်တော်မူလေ၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၂၃၆-နှစ် နယုန်လပြည့်နေ့၌ အရှင်မဟိန္ဒမထေရ်သည်သီဟိုဠ်ကျွန်းသို့ ရောက်၍ မိဿကတောင်၌ တည်တော်မူ၏။

[အရှင်မဟိန္ဒကို ထိုတောင်၌ ဝါဆိုကျောင်းဆောက်၍ ကိုးကွယ်သည့်နှစ်မှ စ၍ကား ထိုမိဿကတောင်သည် စေတိယတောင်ဟု တွင်သတည်း။]

---

## ၂၇၄။ သီဟိုဠ်ကျွန်းအဋ္ဌုပ္ပတ် ရာဇဝင်ကိုပြခြင်း

အဇာတသတ်မင်း မင်းဖြစ်၍ ရှစ်နှစ်မြောက်သောနှစ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထိုပရိနိဗ္ဗာန်ပြုသောနေ့၌ လာလတိုင်း သီဟပုရပြည် သီဟဗာဟုမင်း၏သား ဝိဇယဗာဟုသည် ကျွန်ခုနစ်ရာနှင့်တကွ သီဟိုဠ်ကျွန်းသို့ရောက်၍ လူနေတည်ထောင်စပြုသတည်း၊ ဤဝိဇယဗာဟု သီဟိုဠ်ကျွန်းသို့ရောက်ကြောင်းကား ဝင်္ဂတိုင်း ဝင်္ဂပုရပြည်၌ ဝင်္ဂရာဇ်မင်း၏သားနှင့် ကာလိင်္ဂရာဇ်မင်း၏သမီး မင်းပြုသောအခါ

သုပတိဒေဝီဟူသော သမီးတယောက်ကို ဘွားမြင်၏၊ ထိုမင်းသမီးသည် ကာမရာဂကြူးသောကြောင့် အဒိအဘတို့သည် စက်ဆုပ်၍ စွန့်ပစ်နှင်ထုတ်လေသော် သာဝတ္ထိပြည်မှ ကုန်ရောင်းလာ၍ ပြန်သော လှည်းကုန်သည် ငါးရာတို့နှင့် လိုက်လေ၏၊ လာလမည်သောတောအရပ်သို့ ရောက်လေသော် ခြင်္သေ့တခုနှင့်တွေ့၍ လှည်းကုန်သည်တို့ ကြောက်လန့်၍ ထိုမှ ဤမှ ပြေးလေကုန်၏။

ထိုသတို့သမီးကား ခြင်္သေ့ အဘမ်းကိုခံ၍ ခြင်္သေ့၏ အင်္ဂါဇာတ်ကို အဘန်တလဲလဲသုံးသပ်သဖြင့် ခြင်္သေ့သည် မာတုဂါမ၏ အတွေ့၌သာယာ၍ ချစ်ခင်လေးမြတ်သဖြင့် မိမိနေရာ ကျောက်ဂူသို့ ဆောင်၍ ခင်ပွန်းပြုလေ၏၊ သားယောကျ်ားတယောက်ဘွားမြင်သည်ကိုသီဟဗာဟုဟုမှည့်၏၊နောက်သမီးမိန်းမဘွားမြင်သည်ကို သီဟသီဝလိဟုမှည့်၏၊သီဟဗာဟုသိကြားလိမ်မာ၍ခွန်အားနှင့်ပြည့်စုံသောအရွယ်သို့ရောက်သော် ဇာတ်မတူသောခြင်္သေ့နှင့် အတူနေရကြောင်းကိုမေး၍ သိပြီးလျှင် အဘသည် အစာကျက်စားအံ့သောငှါ သွားခိုက် အဘပိတ်၍ထားခဲ့သော ကျောက်ဖျာကို တယူဇနာ ကွာဝေးသောအရပ်တိုင်အောင်ပို့ပြီးမှ ပြန်၍ အမိနှင့်နှမကိုထမ်း၍ ပြေးခဲ့သော် ဝင်္ဂတိုင်း၌ မိမိဦးရီးစားသောဇနပုဒ်သို့ရောက်လေ၍ အကြောင်းကို ရွာစားမင်းဦးရီး သိလျှင် ငါ၏နှမပင်ဖြစ်သည်ဟု သိမ်းပိုက်၍ တူမောင်နှမကို မွေးမြူ၏။

### သီဟဗာဟုမင်းသား ခြင်္သေ့ရန်နှိမ်နှင်းခြင်း

ခြင်္သေ့သည် သားမယားတို့ကို ရှာအံ့သောငှါ လိုက်လာ၍ ဝင်္ဂတိုင်းသို့ ရောက်လာသောအကြောင်းကို ဝင်္ဂရာဇ်မင်းကြီး ကြားလေလျှင် ဝင်္ဂရာဇ်မင်းကြီးက ခြင်္သေ့ကိုခွင်းအံ့သောသူကို ရွှေသုံးထောင်နှင့်လည်း၍ရှာစေသည်ကို သီဟဗာဟုတွေ့၍ အမိသည် မြစ်တားသော်လည်း မနိုင်၊ ရွှေကိုသိမ်းယူ၍ လေးတစင်းနှင့်သွားပြီးလျှင် အဘခြင်္သေ့ကိုပစ်သတ်၍ ဦးခေါင်းကိုယူ၍လာခဲ့သော် ဝင်္ဂရာဇ်မင်းကြီးသေနှင့်၍ ပြည်သူတို့သည် မိမိတို့မင်း၏ အမျိုးအနွယ်ဖြစ်သောအကြောင်းကို သိသဖြင့် သီဟဗာဟုကို ဝင်္ဂပုရပြည်၌ မင်းမြှောက်လေ၏၊ ထိုသီဟဗာဟုမင်းဖြစ်ပြီးသော် အမိနှင့်ဝရီးအား ဝင်္ဂပုရပြည်ကိုအပ်ခဲ့၍ နှမသီဟသီဝလိနှင့်

တကွ ဗိုလ်ပါများစွာယူ၍ မိမိတို့ဘွားရာကျောက်ဂူသို့သွား၍ ပြည်တည်၍ လာလတိုင်း သီဟပုရပြည်ဟုသမုတ်၍ နမကိုမိဖုရားမြှောက်၍ သီဟဗာဟုမင်းပြု၏၊ သားယောက်ျားချည်းအစုံအစုံ ၁၆-ကြိမ်ဘွား၏၊ ရှေးဦးစွာ ဘွားသောသားနှစ်ယောက်တွင် အကြီးကို ဝိဇယဗာဟုဟုမှည့်၏၊ အငယ်ကို သုမိတ္တဟုမှည့်၏၊ ဝိဇယဗာဟုမင်းသားကို အိမ်ရှေ့အရာပေး၏၊ ကျွန်ခုနစ်ရာလက်ဘွဲ၏။

ထိုအိမ်ရှေ့မင်းသည် အကျင့်အာစာရမရှိ၊ ကြမ်းတမ်းရုန့်ရင်း၏၊ ကျွန်တို့ကို ခိုးဖွက်လုယက်ဖျက်စားပြုစေ၏၊ ထိုကြောင့် ပြည်သူတို့ဝန်းညီ၍ မင်းကိုလျှောက်သဖြင့် နှစ်ကြိမ်သုံးကြိမ် မြစ်တားသော်လည်း မနိုင်၊ အမျက်ထွက်သဖြင့် ကျွန်ခုနစ်ရာနှင့်တကွ မင်းသားကို ဦးပြည်းရိတ်၍ လှေတွင်တင်၍ သမုဒ္ဒရာ၌ မျှောလိုက်၏၊ ထိုသူတို့၏ မယားတို့ကိုလည်း လှေတစင်းနှင့်တင်၍ မျှောလိုက်၏၊ သားငယ်တို့ကိုလည်း လှေတစင်းနှင့်တင်၍ မျှောလိုက်၏၊ သားငယ်တို့၏ လှေဆိုက်ရာကျွန်းသည် အချည်းစည်း အဝတ်မဝတ်သောသူငယ်တို့ နေရာဖြစ်လေသောကြောင့် နဂ္ဂဒီပ ဟု တွင်လေ၏၊ မယားတို့လှေဆိုက်ရာကျွန်းသည် မိန်းမတို့ယူအပ်သော ကျွန်းဖြစ်သောကြောင့် မဟိလာဒီပဟုတွင်လေ၏၊ ဝိဇယဗာဟုမင်းသားတို့လှေကား လင်္ကာကျွန်း၌ ဆိုက်လေ၏။

### သိကြားမင်းအား မြတ်စွာဘုရား မှာကြားတော်မူခြင်း

ထိုသို့ လှေဆိုက်သောအခါသည်လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုအံ့ဟု မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ် ညောင်စောင်း၌ လျောင်းတော်မူသောအခါဖြစ်၍ လောကကို ဆင်ခြင်တော်မူသော် ထိုမင်းတို့လင်္ကာကျွန်းသို့ ဆိုက်သည်ကို မြင်တော်မူသဖြင့် ထိုအခါ သိကြားမင်းလည်း ခစားလာသဖြင့် သိကြားမင်းကိုခေါ်တော်မူ၍ "သိကြားမင်း.. ယခုအခါ လာလတိုင်း သီဟပုရပြည်မှ ဝိဇယဗာဟုမင်းသားသည် ကျွန်ခုနစ်ရာနှင့်တကွ လင်္ကာကျွန်းသို့ဆိုက်လေပြီ၊ လင်္ကာကျွန်း၌ နောင်သောအခါ ငါ၏သာသနာတော် တည်လမည်ဖြစ်သောကြောင့် မင်းသားတို့ကို ဘေးအန္တရာယ်ကင်းလွတ်အောင် စောင့်မဘိ"ဟု မိန့်တော်မူ၏၊ မင်းသားတို့ လှေမှတက်၍ အစဉ်သဖြင့် သွားလေကုန်သော်

ပင်ပန်း၍ နားကြရာတွင် မြေ၌လက်ဝါးထောက်မိသဖြင့် လက်ဝါး၌ ကြေးနီအဆင်းနှင့်တူသော မြေမှုန့်တို့သည် စွဲကပ်သောကြောင့် "ဤ ကျွန်းသည် တမ္ဗပဏ္ဏိဒီပ တွင်စေသတည်း"ဟု သမုတ်၏။

ထိုနောင်မှ အစဉ်သဖြင့် သွားလေကုန်သော် ကုဝဏ္ဏာမည်သော ဘီလူးမနှင့်တွေ့၍ ထိုဘီလူးမနှင့် အိမ်ယာပြု၍ သားယောကျ်ားတ ယောက်မြင်သည်ကို ဇိဇ္ဇတဟုမှည့်၏၊ သားမိန်းမမြင်ပြန်သည်ကို ဒိပ္ပလ ဟုမှည့်၏၊ ကုဝဏ္ဏာနှင့်ညှိ၍ လက်ာဒီပ၌ ဘီလူးတို့ကို သတ်ပြီးသော် ဘီလူးတို့၏ အဝတ်တန်ဆာတို့ကို ဆင်ကုန်လျက် ဝိဇယဗာဟုမင်းပြု၏၊ အနုရာဓနက္ခတ်နှင့်ယှဉ်၍ အနုရာဓပြည်တည်၏၊ ကုဝဏ္ဏာဘီလူးမကို လည်း"သားသမီးတို့ကိုယူ၍ သွားလေ"ဟုနှင်လိုက်၏၊ဥပတိဿပုရောဟိတ်သည် ဥပတိဿရွာကိုတည်၏၊ အမတ်တယောက် ဥစ္စေနီကို တည်၏၊ အမတ်တယောက် ဥရုဝေဠကို တည်၏၊အမတ်တယောက် ဝိဇိတာ ဝီကို တည်၏။

ဤသို့အရပ်စည်ပင်မှ ဇမ္ဗုဒီပါ မဒ္ဒတိုင်း ဥတ္တရပဥ္စနဂိုရ်ပြည်၌ သမီး ကညာတောင်းစေ၏၊မဒ္ဒရာဇ်မင်းက သမီးတော်ကို အမျှုးအမတ် သူဌေး သူကြွယ်တို့ သမီးတရာ အခြံအရံနှင့်တကွ ပို့လေစေသော် ဝိဇယဗာဟု မင်းသည် မဒ္ဒရာဇ်မင်း၏ သမီးတော်နှင့်တကွ အဘိသိက်ခံ၍ အနုရာဓ ပြည်၌ ထီးနန်းတည်လျက် သီဟိုဠ်ကျွန်း၌ မင်းပြု၏၊ ထိုမင်းသည် အ သက် ၃၈-နှစ်နေ၍ လွန်၏၊ ထိုမင်းလွန်ခါနီးကာလ နန်းဆက်သားမရှိ သောကြောင့် ဇမ္ဗုဒီပါကျွန်း၌ ညီသုမိတ္တကိုမင်းပြုစိမ့်ဟု ခေါ်လေစေ ၏၊ ခေါ်မည့်သွားသူ သမုဒြာနားသို့ ရောက်ကာမျှလျှင် ဝိဇယဗာဟု မင်းလွန်ပြီဟု ကြား၍ ပုဗ္ဗဒီပ၌ တနှစ်နေလေ၏၊ ထိုတနှစ်သည် မင်း မရှိ၊အမတ်တို့သည် ညီညာ၍ အနုရာဓပြည်ကို စောင့်ရှောက်အုပ်ချုပ် ကြရ၏။

တနှစ်လည်မှ သီဟပုရပြည်သို့သွားလေသော် ခမည်းတော် သီဟ ဗာဟုမင်းလွန်သဖြင့် ညီတော်သုမိတ္တ မင်းပြုနှင့်ပြီဖြစ်၍ ညီတော်ကိုမရ ညီတော်တွင် သားသုံးယောက်ရှိသည်တွင် အငယ်ဆုံး ပဏ္ဍုဝါသုဒေဝ ကို အမတ်သား သုံးကျိပ်တို့နှင့်တကွ သီဟိုဠ်ကျွန်းသို့ ကူးလေစေ၏၊

သီဟဗာဟုမင်း၏မြေး ပဏ္ဍုဝါသုဒေဝသည် ဘုရားလွန်တော်မူသည်မှ အနှစ် ၄၀-ပြည့်နှစ်အဝင်တွင်စ၍ သီဟိုဠ်ကျွန်း၌ မင်းပြု၏။

မြတ်စွာဘုရားရှိတော်မူစဉ် ဝိဋူဍဘကြောင့် ပျက်စီးလေသောဆွေတော်မျိုးတော်တို့တွင် အမိတ္တောဒနသာကီဝင်မင်း၏ အဆက်ဖြစ်သော မင်းသားသည် မြစ်ပင်လယ်နား၌ မြို့တည်၍ ပဏ္ဍုသက္ကာရဟူသော အမည်ဖြင့် မင်းပြု၏၊ ထိုပြည်သည် ရက္ခဏမတုအမည်တွင်၏၊ ရက္ခိုဏ် လည်းဟူ၏၊ ထိုပဏ္ဍုသက္ကာရမင်း၌ သားယောကျာ်း ရှစ်ယောက်ရှိ၏၊ သမီးကား တယောက်ရှိ၏၊ ဘဒ္ဒိယကညာဟူသောအမည်ရှိ၏၊ သီဟိုဠ်ကျွန်းက ပဏ္ဍုဝါသုဒေဝမင်းသည် ရွှေ,ငွေ လက်ဆောင်များစွာနှင့် ပဏ္ဍုသက္ကာရမင်းထံ ဘဒ္ဒိယကညာသမီးတော်ကို တောင်းလေစေ၏၊ သီဟိုဠ်မှတပါး ဇမ္ဗူဒီပါမှ ခုနစ်ပြည်ထောင်သော မင်းတို့သည်လည်း ပဏ္ဏာလက်ဆောင်များစွာယူခဲ့၍ စစ်အင်္ဂါနှင့်တကွ သမီးတောင်းလာကုန်၏။

ပဏ္ဍုသက္ကာရမင်းသည် တစုံတယောက်သောသူကိုမျှ မျက်နှာမကြည့်မူ၍ ရသောသူယူစေတော့ဟု သမီးတော်ကို တန်ဆာဆင်သော အမတ်သမီး သုံးကျိပ်နှစ်ယောက်နှင့်တကွ လှေနှင့်တင်၍ မြစ်၌မျှောလေ၏၊ ရှစ်ယောက်သောမင်းတို့ လိုက်ကြကုန်သော် ပဏ္ဍုဝါသုဒေဝမင်း ရလေ၏၊ ပဏ္ဍုဝါသုဒေဝမင်းသည် ပဏ္ဍုသက္ကာရမင်း၏သမီးတော်နှင့်တကွ အဘိသိက်ခံ၏၊ အခြံအရံပါသော အမတ်သမီးသုံးကျိပ်နှစ်ယောက်တို့ကိုလည်း ဇမ္ဗူဒီပါကပါသော ကျွန်ရင်းသုံးကျိပ်နှစ်ယောက်တို့နှင့် ပေးစား၏၊ထိုပဏ္ဍုဝါသုဒေဝမင်း၏သားကား တကျိပ်တည်း၊ သားအကြီးသည် အဘယမည်၏၊ သမီးကား တယောက်သာရှိ၏၊ စိတ္တာအမည်တွင်၏။

ပဏ္ဍုသက္ကာရမင်းသည် သီဟိုဠ်၌ သမီးတော်ဘဒ္ဒိယကညာ၏ အကြောင်းကိုသိလို၍ သားတော်အငယ်ကို နေစေပြီးနောက် ခြောက်ယောက်သော သားတို့ကို သီဟိုဠ်သို့ ကူးစေပြန်သော် ထိုခြောက်ယောက်တို့တွင် ဒီဃာဝုမင်း၏သား ဒီဃဂါမဏိနှင့် ပဏ္ဍုဝါသုဒေဝမင်း၏သမီး စိတ္တာနှင့် အိမ်သင့်လေ၏၊ ပဏ္ဍုဝါသုဒေဝမင်းသည် သားတော်အကြီး အဘယကုမ္မာကို အိမ်ရှေ့ပေးလေ၏၊ နှမတော်စိတ္တာမှာ

လည်း သားယောကျ်ားတယောက် ဘွား၏၊ ထိုသားအား ပဏ္ဍုကာဘယ ဟူသောအမည်ကိုမှည့်၏၊ ပဏ္ဍုဝါသုဒေဝမင်းသည် နန်းထက်အနှစ်သုံးဆယ်နေ၍ လွန်၏၊ သားတော်အဘယကုမ္မာသည် သာသနာတော်သက္ကရာဇ် ၇၀-ပြည့်နှစ်တွင် စ၍ မင်းပြု၏၊အဘယကုမ္မာမင်းပြု၍ အနှစ် ၂၀-ပြည့်လျှင် အဘယကုမ္မာကို နှမတော်စိတ္တာသားစစ် ပြု၍ ပြည်ကိုလု၏၊ အဘယကုမ္မာမင်းကို သတ်လေ၏၊ သာသနာတော်သက္ကရာဇ် ၉၀-ပြည့်တွင် စ၍လုသတည်း၊ ထိုနှစ်မှစ၍ ၁၇-နှစ်တိုင် ပဏ္ဍုကာဘယသည် မိမိ၏ဝရီးတော် ၉-ယောက်တို့ကို ထိုထိုသောအရပ်၌ စစ်ပြု၍ သတ်လေ၏။

သာသနာတော်သက္ကရာဇ် တရာပြည့်နှစ်မှစ၍ ၁၇-နှစ်ပတ်လုံး ပဏ္ဍုကာဘယသည် အဘိသိက်မသွန်းမူ၍မင်းပြု၏၊အဘိသိက်သွန်းပြီးလည်း အနှစ် ၇၀-မင်းပြု၏၊ သာသနာတော်သက္ကရာဇ် ၁၇၆-နှစ်တွင် ပဏ္ဍုကာဘယလွန်၍ သားမုဋသီဝမင်းပြု၏၊ မုဋသီဝအနှစ် ၆၀-မင်းပြု၍ သာသနာတော်သက္ကရာဇ် ၂၃၅-နှစ်တွင် လွန်၏၊ သားဒေဝါနံပိယတိဿသည် သာသနာတော်သက္ကရာဇ် ၂၃၅-နှစ် နတ်တော်လဆန်း တရက်နေ့တွင် သီဟိုဠ်အဘိသိက်သွန်း၍ မင်းပြု၏၊ အဘိသိက်သွန်းသည်မှ ခြောက်လမြောက် သာသနာတော်သက္ကရာဇ် ၂၃၆-နှစ် ကဆုန်လပြည့်နေ့၌ တဘန်ထပ်၍ ဇမ္ဗူဒိပ်က အဘိသိက်ဖြင့်သွန်းပြန်၏။

---

## ၂၈၅။ အဘိသိက်အစီအရင်ကိုပြခြင်း

ဇမ္ဗူဒီပါ ဓမ္မာသောကမင်းနှင့် သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းကား မမြင်ဘူးသောအဆွေခင်ပွန်းတည်း၊ဇမ္ဗူဒီပါ၌ ဓမ္မာသောကမင်း အဘိသိက်သွန်း၍ ၁၇-နှစ်မြောက်၌ သီဟိုဠ်ကျွန်းတွင် မုဋသီဝမင်းလွန်၍ ဒေဝါနံပိယတိဿမင်း မင်းအဖြစ်သို့ရောက်၏၊ ဒေဝါနံပိယတိဿမင်း မင်းအဖြစ်သို့ရောက်လျှင် ထိုမင်း၏ဘုန်းကြောင့် အနုရာဓပြည်မှ အရှေ့တောင် သုံးယူဇနာကွာအရပ်၌ ဆာတ အမည်ရှိသော တောင်ခြေရင်း၌ တခုသောဝါးရုံ၌ ရထားထမ်းပိုးလုံးမျှ ပမာဏရှိသော—

၁။ လတာယဋ္ဌိ,
၂။ ပုပ္ဖယဋ္ဌိ,
၃။ သကုဏယဋ္ဌိ–
ဟူ၍ သုံးချောင်းသော တောင်ဝှေးတို့သည် ဖြစ်ကုန်၏။

လတာယဋ္ဌိသည် ငွေအဆင်းနှင့်တူ၏၊ ထိုတောင်ဝှေးကို ရစ်ပတ်၍ တန်ဆာဆင်သော ခြူးနွယ်တို့သည် ရွှေအဆင်းနှင့်တူသည်ဖြစ်၍ ထင်ကုန်၏။

ပုပ္ဖယဋ္ဌိတောင်ဝှေး၌ ညိုသောအဆင်း, ရွှေသောအဆင်း,နီသောအဆင်း, ဖြူသောအဆင်း, မည်းသောအဆင်း ရှိကုန်သော ပန်းပွင့်တို့သည် ကောင်းစွာဝေဘန်အပ်သော အညှာ,ပွင့်ချပ်,ဝတ်ဆံဝတ်မှုံရှိကုန်သည်ဖြစ်၍ ထင်ကုန်၏။

သကုဏယဋ္ဌိတောင်ဝှေး၌ ဟင်္သာ, ဝမ်းဘဲ, ကရဝိတ်, ရေကြက်, ဇီဝဇိဝ်း အစရှိသော ငှက်၏အရုပ်တို့သည်၎င်း,ဆင်ရုပ်,မြင်းရုပ် အစရှိကုန်သော အထူးထူး အပြားပြားသော အခြေလေးခု သတ္တဝါရုပ်တို့သည်၎င်း အသက်ရှိသကဲ့သို့ ထင်ကုန်၏၊ ထိုမှတပါးလည်း သမုဒြာမှ ပုလဲ,ပတ္တမြား,ကြောင်မျက်ရွဲ အစရှိသော အထူးထူးသော ရတနာတို့သည် ဖြစ်ကုန်၏၊ မြင်းမှဖြစ်သော ပုလဲ, ဆင်မှဖြစ်သော ပုလဲ, ရထားမှဖြစ်သော ပုလဲ,သျှိသျှားသီးမှဖြစ်သော ပုလဲ, လက်ကောက်မှဖြစ်သော ပုလဲ, လက်စွပ်မှဖြစ်သော ပုလဲ, ရေခံတက်သီးမှဖြစ်သော ပုလဲ, ပကတိသော ပုလဲဟူ၍ ရှစ်ပါးသောပုလဲတို့သည် သီဟိုဠ်ကျွန်း၌ ဖြစ်ကုန်၏။

### ဓမ္မာသောကမင်းထံ လက်ဆောင်ပဏ္ဏာ ပို့ဆက်ခြင်း

ဒေဝါနံပိယတိဿမင်းကြီးသည် ထိုတောင်ဝှေးသုံးချောင်းကို၎င်း, ရှစ်ပါးအပြားရှိသော ပုလဲတို့ကို၎င်း, ထိုမှတပါး သမုဒြာမှဖြစ်သော ပုလဲ,ပတ္တမြား, ကြောင်မျက်ရွဲ စသော ရတနာတို့ကို၎င်း ဓမ္မာသောကမင်းကြီးအား ပဏ္ဏာလက်ဆောင်အလို့ငှါ ပို့လေစေ၏၊ ဓမ္မာသောကမင်းကြီးသည် ကြည်ညို၍ ဒေဝါနံပိယတိဿမင်းအား ထီးဖြူ, သားမြီးယပ်, သန်လျက်, သင်းကျပ်, ရွှေခြေနင်း, ဦးငါးပါးသော မင်းမြောက်

တန်ဆာတို့ကိုငင်း, ထိုမှတပါး အဘိသိက်အခြံအရံဖြစ်သော သမုဒြာမှဖြစ်သော လက်ျာရစ်ခရုသင်း, အနဝတတ်အိုင်ရေ, မျက်နှာချေ, ထုံသင်းမှုန့်, နား၌ဆင်သော ဦးဆောက်ပန်းတန်ဆာ, ရွှေကရား, မင်္ဂလာအလို့ငှါ ကျီးခြေသဏ္ဍာန်ဖြင့်ပြုအပ်သော ရွှေတန်ဆာအထူး, ထမ်းစင်, မင်းသမီး,ညစ်နွမ်းသောအခါ မီး၌ထည့်ကာမျှဖြင့် သန့်ရှင်းဖြူစင်ခြင်းသို့ ရောက်သော မဖွပ်လျှော်ရသော ပုဆိုးတစုံ, ရွှေသောအဆင်းရှိသော အဘိုးထိုက်သော လက်သုတ်ပုဝါ,ဆေးဒန်းအဆင်းနှင့်တူသောစန္ဒကူး, နဂါးပြည်မှဖြစ်သော အရုဏဝတီမြေ, လျင်စွာကိုယ်လက်အညစ်အကြေးကို သုတ်သင်တတ်သော ဆေးဖြစ်သော သဖန်းခါးသျှိသျှား,ဆေးဖြစ်သောနဂါးပြည်မှဆောင်ခဲ့သောမျက်စဉ်း,ဆဒ္ဒန်အိုင်မှ ကျေးတို့သည် ဆောင်ခဲ့အပ်သော ကောင်းသောအနံ့ရှိထသော ဝါဟ ၆၀၀၀၀-အတိုင်းအရှည်ရှိသော သလေးစပါးတို့ကိုငင်း။

မင်းမျိုး သတို့သမီး ရှစ်ယောက်,ပုဏ္ဏားမျိုး သတို့သမီး ရှစ်ယောက်, သူကြွယ်မျိုး သတို့သမီးရှစ်ယောက်တို့ကိုငင်း,ရွှေမြူတာရှစ်လုံး,ငွေမြူတာရှစ်လုံး, မြေဖြင့်ပြီးသော မြေမြူတာ ရှစ်လုံးတို့ကိုငင်း, သေနီအမျိုးရှစ်ယောက်တို့နှင့်တကွ အမတ်မျိုး ရှစ်ယောက်တို့ကိုငင်း အဘိသိက်အဆောင်အရွက် အလို့ငှါ ပို့စေ၏၊ ထိုသို့ ပို့စေခြင်းကား ဒေဝါနံပိယတိဿမင်းက ပို့လာသော ပဏ္ဏာလက်ဆောင်တို့ကို မြင်သဖြင့်နှစ်သက်၍ ဤပဏ္ဏာလက်ဆောင်တို့ထက် လွန်မြတ်စွာ ပဏ္ဏာလက်ဆောင်ကို အဘယ်သို့ပို့ရအံ့နည်းဟု အမတ်တို့နှင့် တိုင်ပင်၍ သီဟိုဠ်ကျွန်း အဘိသိက် အဆောင်အရွက်သည် ဤသို့သဘောရှိ၏ဟု ကြား၍ "ငါ့အဆွေအား သမုဒြာမှဖြစ်သော ခရုသင်း အစရှိသော ဆိုအပ်ပြီးသော အလုံးစုံ အဆောင်အရွက်တို့ဖြင့် တဘန်အဘိသိက်သွန်းခြင်းကို ပြုစေသတည်း"ဟုမှာ၍ပို့စေ၏၊ဤအာမိသပဏ္ဏာကာရကိုသာမဟုတ်၊ ဓမ္မပဏ္ဏာကာရကိုလည်း ပို့စေ၏။

### ဒေဝါနံပိယတိဿမင်းထံ ဓမ္မလက်ဆောင်ပို့စေခြင်း

အဘယ်သို့ပို့စေသနည်းဟူမူကား—

"အဆွေ သီဟိုဠ်မင်း…· ငါသည် သာကီဝင် မင်းမျိုးဖြစ်သော ဘုရား၏ သာသနာတော်၌ ကြည်ညို၍ ဘုရားကို ကိုး

ကွယ်၏၊ တရားကိုဋင်း,သံဃာကိုဋင်း ကိုးကွယ်၏ဟု သရဏဂုံ ဆောက်တည်သော ဒါယကာ၏အဖြစ်ကို ကြားရောက်၍ သင် အဆွေမင်းမြတ်သည်လည်း မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုခြင်းကို ဖြစ်စေလော့၊ ကြည်ညိုပြီးသော် ဘုရား,တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်လော့''ဟု ဓမ္မပဏ္ဏာကာရ လက်ဆောင်ကိုလည်း ပို့စေ၏။

ဓမ္မာသောကမင်း ပို့ခစသော ဤအာမိသပဏ္ဏာကာရ, ဓမ္မပဏ္ဏာ ကာရတို့သည် ကဆုန်လဆန်း ၁၂-ရက်နေ့ သီဟိုဠ်ကျွန်းသို့ ရောက် လေသဖြင့် နတ်တော်လဆန်း တရက်နေ့က သီဟိုဠ် အဘိသိက်ဖြင့် အဘိသိက်ခံပြီးသော ဒေဝါနံပိယတိဿမင်းသည် ထိုအဘိသိက်ခံသည် မှ ငါးလခွဲမြောက် သာသာနာတော် သက္ကရာဇ် ၂၃၆-နှစ်ရောက် ကဆုန်လပြည့်နေ့ နေတက်နံနက် အခါတွင် ဇမ္ဗုဒီပါက ပါသော အဘိသိက် အဆောင် အရွက်တို့ဖြင့် တဘန်ထပ်၍ အဘိသိက်သွန်း ပြန်၏။

အဘိသိက် သွန်းသောအခြင်းအရာကား ဤသို့တည်း၊ အဘိသိက် မင်္ဂလာအလို့ငှါ တန်ဆာဆင်ခြင်းနှင့်စပ်သော မဏ္ဍပ်ကိုပြု၍ ထိုမဏ္ဍပ် ၏အတွင်း၌ ရေသဖန်းသား အင်းပျဉ်ထက်၌ အဘိသိက် သွန်းအပ် သော မင်းသားကို နေစေ၍ မင်္ဂလာတန်ဆာဖြင့် ဆင်အပ်ပြီးသော အမျိုးနှင့်ပြည့်စုံသော မင်းသမီးသည် အနဝတတ်အိုင်ရေဖြင့် ပြည့်သော လက်ျာရစ်ခရုသင်းကို လက်နှစ်ဘက်တို့ဖြင့် ရိုသေစွာချီ၍ မင်းသား၏ ဦးထိပ်ပေါ်သို့ဆောင်၍ ထိုမင်း၏ဦးထိပ်၌ ထိုရေဖြင့်သွန်း၍—

''အရှင်မင်းမြတ်····ခပ်သိမ်းသော မင်းတို့သည် မိမိတို့ကို စောင်မအုပ်ချုပ်စိမ့်သောငှါ ဤရေစင်ဖြင့် သွန်း၍ အရှင်မင်း သားကို မင်းပြုကုန်၏၊ သင်မင်းမြတ်သည် မင်းကျင့် တရား၌ တည်လျက် တရားနှင့်ညီသဖြင့် မင်းပြုလော့၊မင်းသားအပေါင်း တို့၌ သား၏ချစ်ခြင်း သနားခြင်း ရှိသည်ဖြစ်၍ အကျိုးစီးပွါး ကို အလိုရှိသော စိတ်ရှိသည် ဖြစ်စေလော့၊ လုံခြုံစွာ စောင့် ရှောက်စေခြင်းဖြင့် ထိုမင်းသားတို့ကို စောင့်ရှောက်သည် ဖြစ် စေလော့''ဟူ၍ နှုတ်ဖြင့်ဆို၏။

ထိုနောင်မှ ပုဏ္ဏားသည် ပုဏ္ဏားနှင့်လျော်သော တန်ဆာကိုဆင်၍ မင်းသမီးကဲ့သို့ သွန်း၍ ''အရှင် မင်းမြတ်....ပုဏ္ဏားတို့သည် မိမိတို့ကို လုံခြုံစွာ စောင့်ရှောက်စေခြင်းငှါ အရှင်မင်းသားကို ထိပ်၌ ရေစင် သွန်း၍မြတ်သောမင်းကိုပြုကုန်၏'' ဤသို့စသည်ဖြင့်မင်းသမီးဆိုသကဲ့သို့ ဆို၏၊ ထိုနောင်မှ သူဌေးသည် သူဌေးနှင့် ထိုက်တန်သော တန်ဆာကို ဆင်၍ မင်းသမီးကဲ့သို့ သွန်း၍ ''အရှင် မင်းမြတ်....သူဌေး သူကြွယ် အပေါင်းတို့သည် မိမိတို့ကို စောင့်ရှောက်စိမ့်သောငှါ အရှင်မင်းမြတ် ကို ရေစင်သွန်း၍ မင်းအဖြစ်ကို ပြုကုန်၏'' ဤသို့ စသည်ဖြင့် မင်းသမီး ဆိုသကဲ့သို့ဆို၏၊ ထိုသူတို့သည် ဤသို့ ဆိုကုန်သဖြင့် ''မြတ်သော မင်း ကြီး....သင်မင်းကြီးသည် အကယ်၍ ငါတို့ ဆိုအပ်သော စကားနှင့် ညီစွာ မင်းအဖြစ်ကိုပြုအံ့၊ ဤသို့ပြုသည်ရှိသော် ဘုန်းတော်ကြီး၍ သက် တော်ရှည်ပါစေသတည်း၊ အကယ်၍ ငါတို့ဆိုအပ်သောစကားနှင့်ညီစွာ မင်းမပြုအံ့၊ သင်မင်းကြီး၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲစေသတည်း'' ဟု ကျိန်ဆဲသကဲ့သို့ ဖြစ်၏။

ကဆုန်လပြည့်နေ့၌ ဒေဝါနံပိယတိဿမင်း အဘိသိက် သွန်းသည်ကို အကြောင်းပြု၍ ယခုတိုင်မင်းတို့သည် ကဆုန်လပြည့်နေ့၌ အဘိသိက် သွန်းကုန်၏၊ ဒေဝါနံပိယတိဿမင်းကား မုဋသိဝမင်း၏သား တကျိပ်တွင် အကြီးတည်း၊ ထိုမင်း၌သမီးလည်း နှစ်ယောက်ရှိ၏။

## ၂၈၆။ နတ်လူတို့ မဂ်,ဖိုလ် ရသည်ကို ပြခြင်း

ထို ဒေဝါနံပိယတိဿ မင်းသည် ကဆုန်လပြည့်နေ့ အဘိသိက် သွန်း၍ ပြီးသည်မှ တလမြောက်ဖြစ်သော နယုန်လပြည့်နေ့၌ တော ကစားနက္ခတ်သဘင် ထွက်မည်ဖြစ်၍ မြို့၌ကြွေးကြော် ဆော်ဟစ်စေ၍ အမတ်တို့ကို တောကစားသဘင် ပြုကုန်အံ့ဟုဆို၍ လေးသောင်းသော မင်းချင်းယောကျာ်းတို့ဖြင့် ခြံရံလျက် မြို့မှထွက်၍ မြို့၏အရှေ့၌ မိဿက တောင်ရှိသော တောအရပ်သို့ သွားလေ၏၊ ထိုအခါ၌ အရှင်မဟိန္ဒ မထေရ်သည် မိမိကိုယ်လျှင် ခုနစ်ယောက်မြောက်ဖြစ်၍ ဇမ္ဗူဒီပါမှ ကောင်းကင်ခရီးဖြင့် လာ၍ မိဿကတောင်ထိပ်၌ တည်လေ၏။

## ရှင်မဟိန္ဒမထေရ်ဒေဝါနံပိယတိဿမင်းနှင့်တွေ့ပုံ

ထိုရောအခါ မိဿကတောင်၌ စောင့်သောနတ်သည် မထေရ်တို့ကို မင်းကြီးအားပြအံ့ဟုကြံ၍ စိုင်၏အရုပ်ကို ဖန်ဆင်းလျက် မင်းမှမနီး မဝေးသောအရပ်၌ မျက်သစ်ရွက်တို့ကို စား၍သွား၏၊ မင်းကြီးသည် ထိုစိုင်ကိုမြင်၍ ယခုအခါ မေ့လျော့၏၊ ပစ်အံ့သောငှါ မသင့်သေးဟု လေးညှို့ကိုဖြန်း၏၊ စိုင်သည် သရက်ကုန်းခရီးကိုယူ၍ ပြေးအံ့သောငှါ အားထုတ်၏၊ မင်းသည် နောက်မှ နောက်မှ အစဉ် လိုက်လေသဖြင့် သရက်ပင်ကုန်းသို့လျှင် တက်လေ၏၊ စိုင်သည်လည်း မထေရ်တို့၏ အနီး၌ ကွယ်လေ၏၊ အရှင်မဟိန္ဒမထေရ်သည် မနီးမဝေးမှ လာသော မင်းကြီးကိုမြင်၍ "ငါ့ကိုသာမင်းကြီးမြင်စေသတည်း၊ ငါမှတပါးသော ခြောက်ယောက်တို့ကို မမြင်စေသတည်း"ဟုဓိဋ္ဌာန်၍ "တိဿ,တိဿ·· ဤသို့လာခဲ့လော့"ဟု မိန့်တော်မူ၏။

မင်းကြီးသည် ထိုစကားကိုကြား၍"ဤသီဟိုဠ်ကျွန်း၌ ဘွားသောသူ သည် ငါ့ကို"တိဿ,တိဿ"ဟုအမည်ကိုယူ၍ခေါ်ခြင်းငှါ စွမ်းနိုင်သော သူမည်သည်မရှိ၊ပြတ်သောပျက်သော ပုဆိုးကိုဆောင်သော ဖြော့တော့ သောအဝတ်ကိုဝတ်သော ဤသူသည်ကား ငါ့ကို အမည်ဖြင့်ခေါ်ဘိ၏၊ ဤသူသည် အဘယ်သူနည်း၊လူဖြစ်သလော,နတ်ဖြစ်သလော"ဟု ကြံ၏၊ မထေရ်သည် ထိုအကြံကိုသိ၍ "မြတ်သောမင်းကြီး···· ငါတို့သည် တရားမင်းဘုရား၏တပည့်ဖြစ်သော ရဟန်းတို့တည်း သင့်အား သနား သဖြင့် ဇမ္ဗူဒိပါကျွန်းမှ ဤကျွန်းသို့လာကုန်သည်"ဟု မိန့်တော်မူ၏။

ထိုရောအခါ ဒေဝါနံပိယတိဿမင်းသည် ဓမ္မာသောကမင်း ပေး မှာလိုက်သော ဘုရား,တရား,သံဃာဟူသော သတင်းစကားကိုအောက် မေ့၍ ငါတို့သည် ရဟန်းတို့တည်း၊ တရားမင်းဘုရား၏ တပည့်တို့တည်း ဟူသောစကားကိုကြား၍ အရှင်မြတ်တို့သည် လာကုန်သလောဟု အောက်မေ့၍ လေးလှံလက်နက်တို့ကိုချ၍ ဝမ်းမြောက် ဝမ်းသာသော စကားကိုပြောလျက် တင့်အပ်သောအရပ်၌နေ၏၊ ထိုမင်း စကားပြော ၍နေစဉ် ထိုလေးသောင်းသော မင်းချင်းယောကျ်ားတို့သည် မှီလာ၍ ခြံရံကုန်၏၊ထိုအခါ မထေရ်သည် ကိုယ်တော်မှတပါး ခြောက်ယောက် သောသူတို့ကိုလည်း မင်းအား မြင်စေကုန်၏။

မင်းသည် "ဤသူတို့သည် အဘယ်အခါ၌လာကုန်သနည်း"ဟုမေး၏၊ "မြတ်သောမင်းကြီး.... ငါနှင့်အတူပင်လာ၏"ဟု မိန့်တော်မူ၏၊ "ယခုအခါ ဇမ္ဗူဒီပါကျွန်း၌ အရှင်ဘုရားတို့မှတပါး အရှင်ဘုရားတို့ကဲ့သို့သဘောရှိသော ရဟန်းတို့သည် ရှိကုန်သေး၏လော"ဟု မင်းကြီးမေး၏၊ "မြတ်သောမင်းကြီး.... ရှိကုန်၏၊ ယခုအခါ ဇမ္ဗူဒီပါကျွန်းသည် သင်္ကန်းရောင်ဖြင့်တောက်ပ၏၊ ရဟန်းတို့၏ဟန်ပန်လေဖြင့် ထက်ဝန်းကျင်မှလာ၏၊ ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံကုန်သော တန်ခိုးကြီးကုန်သော သူတပါးတို့၏စိတ်ကို သိတတ်ကုန်သော ကုန်ပြီးသောအာသဝေါရှိကုန်သော ဘုရားတပည့်ရဟန္တာတို့သည် များစွာရှိကုန်၏"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရားတို့သည် အဘယ်ခရီးဖြင့်လာကုန်သနည်း" ဟုမေး၍ "မင်းကြီး....ရေခရီးဖြင့်လည်းမလာ ကြည်းခရီးဖြင့်လည်း မလာ"ဟူ၍ မိန့်တော်မူသော် ကောင်းကင်ဖြင့်လာသည်ဟု မင်းကြီး သိတော်မူ၏။

### မထေရ်မြတ်၏အမေးပြဿနာကို မင်းကြီးဖြေဆိုခြင်း

မထေရ်သည် မင်းကြီးအား ပညာအဆင်အခြင်ရှိ၏လော,မရှိလော ဟု စုံစမ်းအံ့သောငှါ အနီး၌ရှိသောသရက်ပင်ကို အကြောင်းပြု၍ ပြဿနာမေး၏၊ "မင်းကြီး.... ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်း"ဟုမေး၏၊ "အရှင်ဘုရား....သရက်ပင်အမည်ရှိ၏"ဟုလျှောက်၏၊ "မင်းကြီး.... ဤသရက်ပင်ကိုလွတ်၍ တပါးသောသရက်ပင်သည် ရှိသလော, မရှိသလော"ဟု မထေရ်မေးသော် "အရှင်ဘုရား.... တပါးသော သရက်ပင်တို့သည် များစွာရှိကုန်၏"ဟု လျှောက်၏၊ "မင်းကြီး....ဤသရက်ပင်ကိုရင်း,တပါးသောသရက်ပင်တို့ကိုရင်းလွတ်၍ တပါးသောသစ်ပင်တို့သည် ရှိကုန်၏လော"ဟု မေးတော်မူ၏၊ "အရှင်ဘုရား.... ရှိကုန်၏၊ ရှိသော်လည်း ထိုသစ်ပင်တို့သည် သရက်ပင်မဟုတ်ကုန်"ဟုလျှောက်၏၊ "မင်းကြီး....တပါးကုန်သောသရက်ပင်တို့ကိုရင်း, သရက်ပင်မဟုတ်ကုန်သော သစ်ပင်တို့ကိုရင်း လွတ်၍ တပါးသောသစ်ပင်သည် ရှိသလော"ဟုမေးတော်မူပြန်သော် "ရှိပါ၏ အရှင်ဘုရား....ဤသရက်ပင်ပင်တည်း"ဟုလျှောက်သဖြင့် "မင်းကြီး.. ကောင်း၏၊ သင်မင်းကြီးသည်ပညာရှိ၏"ဟု မိန့်တော်မူ၍—

"မင်းကြီး.... သင်မင်းကြီးအား အဆွေအမျိုးရှိ၏လော"ဟု မေးတော်မူပြန်၏၊"များစွာသောအဆွေအမျိုးတို့သည်ရှိကုန်၏"ဟုလျှောက်သော် "မင်းကြီး.... ထိုအဆွေအမျိုးတို့ကိုလွှတ်၍ တပါးကုန်သောအဆွေအမျိုးမတော်သော သူတို့သည်ရှိ၏လော"ဟု မေးတော်မူပြန်၏၊ "အရှင်ဘုရား.... ရှိကုန်၏၊ အဆွေအမျိုးမတော်သော သူတို့သည် အဆွေအမျိုးတော်သောသူတို့ထက်များစွာရှိကုန်၏"ဟု လျှောက်သော် "မင်းကြီး.... သင်၏အဆွေအမျိုးတို့ကိုဧ၎င်း, အဆွေအမျိုးမတော်သော သူတို့ကိုဧ၎င်းလွှတ်၍ တပါးသော တစုံတယောက်သောသူသည် ရှိ၏လော"ဟု မထေရ်မေးတော်မူသော် "အရှင်ဘုရား....အကျွန်ုပ်ပင်တည်း"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး.... ကောင်း၏၊ မိမိကိုယ်မည်သည် မိမိ၏အဆွေအမျိုးလည်းမဟုတ်၊ အဆွေအမျိုးမဟုတ်သော သူလည်းမဟုတ်"ဟုမိန့်တော်မူ၏၊ ထိုအခါ မထေရ်သည် ဤမင်းကြီးသည် ပညာရှိ၏၊ တရားကိုသိခြင်းငှါ တတ်နိုင်လတ္တံ့ဟုနှလုံးသွင်းတော်မူ၍ စူဠဟတ္ထိပဒေါပမသုတ်ကို ဟောတော်မူ၏၊ ဟောတော်မူသောအဆုံး၌ မင်းသည် လေးသောင်းသောမင်းချင်းယောက်ျားတို့နှင့်တကွ သရဏဂုံသုံးပါးတို့၌ တည်လေ၏။

ထိုခဏ၌သာလျှင် မင်းကြီးအား စားတော်ထမင်းဆောင်ခဲ့ကုန်၏၊ မင်းကြီးသည် သုတ္တန်တရားကိုနာစဉ်ကပင် ဤအရှင်တို့အား ဤအခါ၌ ဘောဇဉ်သည် မအပ်ဟူ၍သိ၏၊ မပန်မူ၍ စားအံ့သောငှါကား မလျှောက်ပတ်ဟုကြံ၍ "အရှင်ဘုရား....စားတော်မူလတ္တံ့လော"ဟု မေး၏၊ "မင်းကြီး....ငါတို့အား ဤအခါ၌ ဘောဇဉ်သည်မအပ်"ဟု မိန့်တော်မူသော်"အဘယ်အခါ၌အပ်သနည်း"ဟုမေး၏၊ "မြတ်သောမင်းကြီး.... အာရုဏ်တက်သောအခါမှစ၍ မွန်းတည့်သောအခါတိုင်အောင် အပ်၏"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား.... မြို့သို့သွားကုန်အံ့"ဟု မင်းကြီးပင့်လျှောက်၏၊ "မင်းကြီး.... ဤအရပ်၌ပင်လျှင် ငါတို့နေကုန်အံ့"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား.... အကယ်၍ အရှင်ဘုရားတို့သည် နေတော်မူကုန်၊ ဤသူငယ်ကို လိုက်ပါစေသတည်း" ဟု လျှောက်၏၊ "မင်းကြီး.... ဤသူငယ်သည် သောတာပတ္တိဖိုလ်သို့ရောက်ပြီ၊ မြတ်စွာဘုရား အဆုံးအမတော်ကိုသိပြီ၊ ရဟန်းအဖြစ်ကိုငဲ့

သော သူတည်း၊ ယခုအခါ၌ ရဟန်းပြုလတ္တံ့''ဟုမိန့်တော်မူ၏၊ ''ထိုသို့တပြီးကား အရှင်ဘုရားထံသို့ နက်ဖြန်ရထားစေလိုက်အံ့၊ ထိုရထားကို စီး၍ အရှင်ဘုရားတို့သည် လာကုန်လော့''ဟုဆို၍ ရှိခိုး၍ ဘဲလေ၏။

### တရားနာအံ့သောငှါ သုမနသာမဏေ ကြွေးကြော်ခြင်း

အရှင်မဟိန္ဒမထေရ်သည် မင်းကြီးဘဲပြီးသည့်နောက် မမြင့်မီ သုမနသာမဏေကို ''လာလှည့် သင်သည် တရားနာအံ့သောအခါကို ကြွေးကြော်လော့''ဟုစေ၏၊ ''အရှင်ဘုရား… အဘယ်မျှလောက်သောအရပ်ကို ကြားစေရအံ့နည်း''ဟု သာမဏေမေးသော် ''အလုံးစုံသော ကျွန်းသူတို့ကို ကြားစေ''ဟု မိန့်၏၊ သာမဏေသည် ''ကောင်းပြီ အရှင်ဘုရား''ဟု ဝန်ခံ၍ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ ဈာန်မှထ၍ အဓိဋ္ဌာန်၍ တည်ကြည်သောစိတ်ဖြင့် အလုံးစုံသော တမ္ဗပဏ္ဏိကျွန်းသူတို့ကို ကြားစေလျက် သုံးကြိမ်တရားနာလှည့်ကုန်''ဟူ၍ဟစ်၏၊ ဒေဝါနံပိယတိဿမင်းသည် ထိုအသံကိုကြား၍''တစုံတခုသောဘေးရန်သည် ဖြစ်သလော''ဟု မထေရ်၏အထံသို့စေလိုက်၏၊ ''ငါတို့အား တစုံတခုသောဘေးရန်မရှိ၊ တရားနာလှည့်ကုန်''ဟု ကြွေးကြော်စေ၏၊ မြတ်စွာဘုရားစကားတော်ကို ငါတို့သည် ဟောလိုကုန်၏''ဟု မိန့်တော်မူလိုက်၏။

ထိုသာမဏေ ကြွေးကြော်သောအသံကို ဘုမ္မဇိုဝ်းနတ်တို့သည်ကြားကုန်၏၊ ဤသို့သောနည်းဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် အသံနှံ့၍တက်၏၊ ထိုအသံဖြင့် စေတိယတောင်၌ များစွာသောနတ်တို့၏ အစည်းအဝေးသည်ဖြစ်၏၊ မထေရ်သည် များစွာသော နတ်အစည်းအဝေးကိုမြင်၍ သမစိတ္တသုတ်ကိုဟော၏၊ သုတ္တန်၏အဆုံး၌ အသချေကုန်သောနတ်တို့အား မဂ်ဖိုလ် ရကုန်၏၊ များစွာသော နဂါး, ဂဠုန် တို့သည်လည်း သရဏဂုံ၌တည်ကုန်၏၊ အရှင်သာရိပုတြာ သမစိတ္တသုတ်ကို ဟောတော်မူသောအခါ နတ်တို့၏အစည်းအဝေးနှင့်အတူ အရှင်မဟိန္ဒဟောတော်မူသောအခါ၌ ဖြစ်၏။

## ၂၀၇။ နှစ်ထောင့်ငါးရာမျှသောလူတို့ မဂ်,ဖိုလ်တရားရသည်ကိုပြခြင်း

ထိုညဉ့်လွန်သဖြင့် မင်းသည် ရထားကို မထေရ်တို့၏အထံသို့ စေလိုက်၏၊ ရထားထိန်းသည် တခုသောအစွန်၌ ရထားကိုထား၍ မထေရ်တို့အား "အရှင်ဘုရားတို့....ရထားရောက်ပါပြီ၊ တက်ကုန်လော့၊သွားကုန်အံ့"ဟုလျှောက်သော် မထေရ်တို့သည် "ငါတို့ရထားမစီးကုန် သင်သွားလော၊ ငါတို့နောက်မှလာကုန်အံ့"ဟုဆို၍ ကောင်းကင်သို့ပျံတက်၍ အနုရာဓပြည်၏ အရှေ့အရပ်၌ ပဌမကစေတီတည်ရာအရပ်၌ သက်လေကုန်၏။

[ထိုစေတီကို မထေရ်တို့ ရှေးဦးစွာသက်ရာအရပ်၌တည်သောကြောင့် ပဌမကစေတီဟူ၍ သမုတ်၏။]

မင်းကြီးသည်လည်း ရထားထိန်းကိုစေပြီး၍"နန်းတွင်း၌ မဏ္ဍပ်ဆောက်ကုန်လော့"ဟုအမတ်တို့ကိုစေ၏၊ထိုခဏ၌ အလုံးစုံသောသူတို့သည်ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်လျက်ကြည်ညိုဘွယ်ရှိသော မဏ္ဍပ်ကိုပြုကုန်၏၊ တဘန်မင်းသည်ကြံ၏၊ ယမန်နေ့သီလအစုကို မထေရ်ဟောတော်မူသော် မြတ်သော မြင့်သောနေရာသည် မအပ်ဟုဆို၏၊ ဤနေရာတို့၌ အရှင်တို့သည်နေလတ္တံ့လော,မနေလတ္တံ့လောဟုကြံ၏၊ထိုခဏ၌ ရထားထိန်းသည် မြို့တံခါးသို့ရောက်လျှင် မိမိ၏ ရှေးဦးစွာရောက်နှင့်ကုန်၍ သင်းပိုင်သင်္ကန်းဝတ်ရုံကုန်သော မထေရ်တို့ကိုမြင်သဖြင့် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ နန်းတော်သို့လာ၍ မင်းကြီးအား "မထေရ်တို့ရောက်ပြီ"ဟု ကြားလျှောက်၏၊"ရထားစီးကုန်၏လော" ဟု မင်းကြီးမေးသော်"မစီးကုန်၊စင်စစ်ကားအကျွန်ုပ်၏နောက်မှထွက်ကုန်လျက် ရှေးဦးစွာရောက်ကုန်၍ မြို့ရှေ့တံခါး၌ ရှိနှင့်ကုန်၏"ဟု လျှောက်၏။

မင်းကြီးသည် ရထားမစီးကုန်ဟုကြား၍ ယခုအခါ အရှင်ကောင်းတို့သည် မြင့်သောနေကို မသာယာကုန်လတ္တံ့ဟုကြံ၍ "အမတ်တို့....ထိုသို့တပြီးကား မထေရ်တို့အား မြေအခင်း၏အသွင်ဖြင့် နေရာတို့ကိုခင်းကုန်လော့"ဟုဆို၍ ခရီးဦးကြိုလေ၏၊ အမတ်တို့သည် မြေ၌ကပ်စိပ်

တို့ကိုခင်း၍ အထက်၌ ကော်ဇောအစရှိသော ဆန်းကြယ်သော အခင်းတို့ကိုခင်းကုန်၏၊နိမိတ်ဘတ်တတ်ကုန်သော သူတို့သည်မြင်ကုန်၍“ယခုအခါ၌ ဤအရှင်တို့သည် ဤကျွန်းမြေကိုယူအပ်ကုန်ပြီ၊ဤအရှင်တို့သည် သီဟိုဠ်ကျွန်း၏ အရှင်တို့သည်ဖြစ်ကုန်လတ္တံ့”ဟု ကြားကုန်၏၊မင်းကြီးသည်သွား၍ မထေရ်တို့ကိုရှိခိုး၍ အရှင်မဟိန္ဒမထေရ်၏လက်မှ သပိတ်ကိုယူ၍ များမြတ်သောပူဇော်သက္ကာရဖြင့် မထေရ်တို့ကို မြို့တွင်းသို့ဝင်စေ၍ နန်းတွင်းသို့ သွင်း၏။

အရှင်မဟိန္ဒထေရ်သည် နေရာ၏ အခြင်းအရာကို မြင်၍ ငါတို့၏အဆုံးအမသည် အလုံးစုံသော သီဟိုဠ်ကျွန်း၌ မြေကြီးကဲ့သို့ ပြန့်လျက်မတုန်လှုပ်သည်ဖြစ်၍တည်လတ္တံ့ဟု ကြံ၍ နေ၏၊မင်းကြီးသည် မထေရ်တို့ကို မွန်မြတ်သောခဲဘွယ်ဘောဇဉ်ဖြင့် မိမိလက်ဖြင့် လုပ်ကျွေး၍အနုဠာဒေဝီအမှူးရှိသော ငါးရာသောမိန်းမတို့သည် မထေရ်တို့အား“ပူဇော်သက္ကာရပြုလှည့်ကုန်”ဟုခေါ်စေ၍ တင့်အပ်သောအရပ်၌ နေ၏၊ မထေရ်သည် ဆွမ်းစားပြီးသော် အလုပ်အကျွေးနှင့် တကွသောမင်းကြီးအား ပေတဝတ္ထု, ဝိမာနဝတ္ထု, သစ္စသံယုတ်ကို ဟော၏၊ ထိုတရားကိုကြား၍ ထိုငါးရာသောမိန်းမတို့သည် သောတာပန်ဖြစ်ကုန်၏။

အကြင်လူတို့သည် ယမန်နေ့ညဉ့်၌ မိဿကတောင်၌ မထေရ်တို့ကိုမြင်ကုန်၏၊ထိုသူတို့သည် ထိုထိုသို့သော အရပ်တို့၌ မထေရ်တို့၏ကျေးဇူးစကားကို ဆိုကုန်၏၊ထိုစကားကိုကြား၍ လူများအပေါင်းသည်မင်းရင်ပြင်၌ စည်းဝေး၍ သည်းစွာသော အသံကိုပြု၏၊ “ဤသည်းစွာသောအသံသည် အဘယ်အသံနည်း”ဟု မင်းကြီးမေး၍ “အရှင်မင်းကြီး....ပြည်သူတို့သည် အရှင်ကောင်းတို့ကို ငါတို့မဖူးမြင်ရပါကုန် ဟု မြည်တမ်းကုန်၏”ဟုလျှောက်ကုန်သော်အကယ်၍ဤအရပ်သို့ဝင်စေငြားအံ့၊ဤအရပ်သည် မဆံ့သည်ဖြစ်လတ္တံ့ဟု မင်းကြီးသည် ကြံ၍ “အချင်းတို့....သွားချေကုန်၊ ဆင်တင်းကုပ်ကိုသုတ်သင်၍ သဲတို့ကိုကြဲ၍ ငါးပါးသောအဆင်းရှိကုန်သော ပန်းတို့ကိုကြဲ၍ ပုဆိုးဇိတာန်တို့ကိုဖွဲ့၍မင်္ဂလာဆင်၏နေရာ၌ မထေရ်တို့၏နေရာကိုခင်းကုန်လော့”ဟုဆို၏၊အမတ်တို့သည် မင်းဆိုတိုင်း ပြုကုန်၏၊အရှင်မဟိန္ဒထေရ်သည် ထိုအရပ်သို့ သွား၍

ဒေဝဒူတသုတ်ကိုဟော၏၊ဟောပြီးသောအဆုံး၌ တထောင်မျှလောက်ကုန်သော တရားနာပရိသတ်တို့သည် သောတာပန် ဖြစ်ကုန်၏။

ထိုနောက် ဆင်တင်းကုပ်သည် ကျဉ်းသေး၏ ဟု မြို့တောင်တံခါးအနီး နန္ဒဝန်ဥယျာဉ်၌ နေရာကို ခင်းကုန်၏၊ မထေရ်သည် ထိုနန္ဒဝန်ဥယျာဉ်၌နေ၍ အာသီဝိသောပမသုတ်ကိုဟော၏၊ ထိုသုတ္တန်ကိုကြား၍ တထောင်မျှလောက်သော,ပရိသတ်တို့သည် သောတာပန် ဖြစ်ကုန်၏၊ ဤသို့လျှင် သီဟိုဠ်ကျွန်းသို့ရောက်သောနေ့မှ နှစ်ရက်မြောက်သောနေ့၌ နှစ်ထောင့်ငါးရာ ကုန်သော ပရိသတ်တို့အား မဂ်,ဖိုလ်ရခြင်းသည်ဖြစ်၏။

## ၂၀၀။ ရှစ်ထောင့်ငါးရာမျှသောလူတို့ မဂ်ဖိုလ်ရသည်ကိုပြခြင်း

မထေရ်အားနန္ဒဝန်ဥယျာဉ်သို့လာတိုင်းလာတိုင်းသောအမျိုးမိန်းမ,အမျိုးချွေးမ,အမျိုးသတို့သမီးတို့နှင့်ဝမ်းမြောက်ဝမ်းသာ ပြောဟောနေစဉ်မိုးချုပ်သောအခါသည်ဖြစ်၏၊မထေရ်သည် အခါကိုမှတ်၍ယခုအခါငါတို့သည်မိဿကတောင်သို့သွားကုန်အံ့ဟု နေရာမှထ၏၊"အရှင်ဘုရားတို့....အဘယ်သို့သွားကုန်အံ့နည်း"ဟု အမတ်တို့မေး၍ "ငါတို့နေရာအရပ်သို့သွားကုန်အံ့"ဟု ဆိုသော် ထိုအမတ်တို့သည် မင်းကြီးအားကြားလျှောက်သည်ကိုပြု၍ မင်းကြီး၏အလိုအားဖြင့်"အရှင်ဘုရားတို့...ယခုထိုရပ်သို့သွားအံ့သောငှါ အခါမဟုတ်၊ဤနန္ဒဝန်ဥယျာဉ်သည်ပင်အရှင်ဘုရားတို့၏ နေရာဖြစ်စေလော့"ဟုအမတ်တို့လျှောက်ကုန်သော် "မလျှောက်ပတ်၊ ငါတို့သွားအံ့"ဟု ဆိုသဖြင့် တဘန်အမတ်တို့သည်မင်းကြီး၏စကားဖြင့် ဤသို့လျှောက်ကုန်၏။

"အရှင်ဘုရားတို့....မင်းကြီးသည် ဤသို့ဆိုပါ၏ "ဤမေဃဝန်ဥယျာဉ်သည် ငါ့အဘမုဋသိဝမင်း၏ ဥယျာဉ်တည်း၊ မြို့မှဝေးလည်းမဝေးလွန်း၊ နီးလည်း မနီးလွန်း၊ အသွားအလာနှင့်ပြည့်စုံ၏၊ဤမေဃဝန်ဥယျာဉ်၌ မထေရ်တို့နေတော်မူပါစေလော့ ဆိုပါသည်"ဟုလျှောက်ကုန်၏၊ မထေရ်တို့သည် ထိုဥယျာဉ်၌ နေကုန်၏၊ ထိုညဉ့်လွန်သဖြင့်မင်းသည် မထေရ်၏အထံသို့သွား၍ ချမ်းသာစွာအိပ်ရသော အဖြစ်ကို

မေး၍ "အရှင်ဘုရားတို့····ရဟန်းသံဃာအား အရာမ်ဥယျာဉ်သည် အပ်ပါ၏လော"ဟု မေး၏၊ မြတ်သော မင်းကြီး···· အပ်ပါ၏" ဟု အရှင်မဟိန္ဒမထေရ်မိန့်၍ "အနုဇာနာမိ ဘိက္ခဝေ အာရာမံ"ဟူသော ဤသုတ်ကို ရွတ်၏။ ။ဘိက္ခဝေရဟန်းတို့။ တုမာကံ၊ သင်တို့အား။ အာရာမံ၊ အရာမ်ဥယျာဉ်ကို။ အနုဇာနာမိ၊ ခွင့်ပြု၏၊ ဤကား အနက်တည်း။

### မဟာမေဃဝန်ဥယျာဉ်ကိုလှူဒါန်းခြင်း

မင်းသည် နှစ်သက်၍ ရွှေကရားဖြင့် မထေရ်၏လက်၌ ရေစက်ချ၍ မဟာမေဃဝန်ဥယျာဉ်ကိုလှူ၏၊ မြေသို့ရေစက်ကျသည်နှင့် တပြိုင်နက် မြေကြီးပြင်းစွာတုန်လှုပ်၏၊ ဤမြေကြီးပြင်းစွာတုန်လှုပ်ခြင်းသည် မဟာဝိဟာရဝါသီကျောင်းကြီးဆောက်ရာအရပ်၌ ရှေးဦးစွာသော တုန်လှုပ်ခြင်းတည်း၊ မင်းကြီးသည် ကြောက်သည်ဖြစ်၍ "အရှင်ဘုရား····မြေကြီး အဘယ့်ကြောင့် တုန်လှုပ်သနည်း"ဟု မေးသော် "မင်းကြီး···· မကြောက်လင့်၊ ဤကျွန်း၌ မြတ်စွာဘုရား၏သာသနာတော်တည်လတ္တံ့၊ ဤအရပ်သည် ရှေးဦးစွာသော ကျောင်းကြီး၏တည်ရာဖြစ်လတ္တံ့၊ ဤမြေ တုန်လှုပ်ခြင်းသည် ထိုကျောင်းကြီး၏ပုဗ္ဗနိမိတ်တည်း"ဟုမိန့်တော်မူ၏၊ မင်းသည် အတိုင်းထက်အလွန် ကြည်ညို၏။

တနေ့ မိုယ်းသောက်၌ မထေရ်သည် မင်းအိမ်၌ ဆွမ်းစား၍ နန္ဒဝန် ဥယျာဉ်၌ **အနမတဂ္ဂ**သုတ်ကို ဟော၏၊ တနေ့မိုယ်းသောက်၌ **အဂ္ဂိက္ခန္ဓောပမ** သုတ်ကိုဟော၏၊ ဤသို့သောနည်းဖြင့် ခုနစ်ရက်ပတ်လုံး ဟောတော်မူ၏၊ ဒေသနာတော်အဆုံး၌ ရှစ်ထောင့်ငါးရာ ကုန်သော ပရိသတ်တို့အားမဂ်,ဖိုလ်ရခြင်းသည်ဖြစ်၏၊ ထိုနေ့မှစ၍နန္ဒဝန်ဥယျာဉ် သည် သာသနာတော်၏ ထင်ရှားထွန်းပရာ ဖြစ်သည်ကိုအကြောင်းပြု၍ "ဇောတိဝန"ဟူသော အမည်ကိုရ၏။

---

## ၂၀၉။ အရှင်မဟိန္ဒထေရ်စေတိယတောင်၌ ဝါဆိုသည်ကိုပြခြင်း

ခုနစ်ရက်မြောက်သောနေ့၌ မထေရ်သည် နန်းတွင်း၌ ဆွမ်းစားပြီး သော် မင်းကြီးအား **အပ္ပမာဒ**သုတ်ကိုဟော၍ မိဿကတောင်သို့သွား

လေကုန်၏၊ ထိုအခါ မင်းကြီးသည် အမတ်တို့ကို မေး၏၊ ''မထေရ်သည် ငါတို့ကို ပြင်းစွာသော အဆုံးအမဖြင့် ဆုံးမ၏၊ ဇမ္ဗူဒီပါသို့သွားလေ အံ့လော''ဟုမေး၏၊အမတ်တို့သည် ''အရှင်မင်းကြီး.... အရှင်မင်းကြီး တို့သည် မထေရ်ကိုမတောင်းပန်ဘဲ မိမိအလိုလို ကြွလာ၏၊ ထိုကြောင့် ထိုမထေရ်တို့သည် မင်းကြီးအား မပန်ကြားမူ၍ သွားခြင်းသည် ဖြစ်ရာ ၏ဟု ဆို၏၊ မင်းကြီးသည်ရထားစီး၍ မိဖုရားနှစ်ယောက်တို့ကို ရထား ၌တင်၍ စေတီယတောင်သို့ သွားလေ၏၊ရောက်သောအခါ မိဖုရားတို့ကို တင့်အပ်ရာ၌ နေရစ်စေ၍ မိမိသည် မထေရ်တို့၏အထံသို့ အလွန် ပင်ပန်းသော သဘောဖြင့် ကပ်လေ၏။

မင်းကိုမြင်၍ မထေရ်သည် မိန့်တော်မူ၏၊ ''မင်းကြီး.... အဘယ့် ကြောင့် ပင်ပန်းစွာလာသနည်း''ဟု မေးတော်မူ၏၊ ''အရှင်ဘုရား.... အရှင်ဘုရားတို့သည် အကျွန်ုပ်ကို ပြင်းစွာဆုံးမခဲ့၍ ဇမ္ဗူဒီပါကျွန်းသို့ သွားလိုကုန်သလောဟုသိခြင်းငှါလာ၏''ဟုလျှောက်သော်''မင်းကြီး.... ငါတို့သွားလို၍မဟုတ်၊ စင်စစ်သော်ကား မင်းကြီး ဤအခါသည် ဝါ သို့ ကပ်အံ့သော အခါမည်၏၊ ဤအခါ၌ ရဟန်းတို့အား ဝါဆိုရာအရပ် ကို သိအံ့သောငှါအပ်၏''ဟု မိန့်တော်မူ၏၊ ထိုနေ့၌ပင် အရိဋ္ဌ အမည် ရှိသော အမတ်သည် ငါးကျိပ် ငါးယောက်ကုန်သော နောင်ကြီး ညီငယ်တို့နှင့်တကွ မင်းကြီး၏အနား၌တည်လျက် ''အရှင်မင်းကြီး.... အကျွန်ုပ်တို့သည် အရှင်ကောင်းတို့၏အထံ၌ ရဟန်းပြုလိုပါကုန်၏''ဟု လျှောက်၏၊ ''အမတ်.... ကောင်းပြီ၊ သင်တို့ရဟန်းပြုလေလော့''ဟု ခွင့်ပြု၍ မထေရ်ကို ဝန်ခံစေ၏။

မထေရ်လည်း ထိုနေ့၌ပင် ငါးကျိပ်ငါးယောက်ကုန်သော အမတ် ညီနောင်တို့ကို ရဟန်းပြု၏၊ အလုံးစုံသောသူတို့သည် သင်တုန်းတင် သောအဆုံး၌ ရဟန္တာအဖြစ်သို့ရောက်ကုန်၏၊ မင်းကြီးသည် ထိုခဏ ၌ပင် ဆူးခက်တို့ဖြင့် စေတီယတောင်အပြင်ကိုရံစေ၍ ၆၂-ပါးသော လိုဏ်တို့၌ အမှုကိုဖြစ်စေ၍ မြို့သို့ဝင်လေ၏၊ ထိုမထေရ်တို့သည် ညီ နောင်တကျိပ်တို့ဖြင့် ပြွမ်းသောမင်းမျိုးကို ကြည်ညိုစေ၍ လူများ အပေါင်းတို့ကို ဆုံးမလျက် စေတီယဂိရိတောင်၌ ဝါဆိုကုန်၏၊ ထိုအခါ

စေတိယဂိရိတောင်၌ ပဌမ ဝါဆိုကုန်သော ရဟန္တာတို့သည် ၆၂-ယောက်ဖြစ်ကုန်၏။

---

## ၂၉၀။ ထူပါရုံစေတီတည်ထားကိုးကွယ်သည်ကိုပြခြင်း

ဝါကျွတ်သောအခါ အရှင်မဟိန္ဒထေရ်သည် သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးသော် ဒေဝါနံပိယတိဿမင်းကြီးကို ဤသို့ဆို၏၊"မြတ်သောမင်းကြီး····ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည်ကြာပြီ၊ ကိုးကွယ်ရာမရှိနေခြင်းကို နေရကုန်ပြီ၊ ဇမ္ဗူဒီပါကျွန်းသို့သွားခြင်း၌ အလိုရှိကုန်၏"ဟုမိန့်တော်မူသော်"အရှင်ဘုရား····အကျွန်ုပ်တို့သည် အရှင်ဘုရားတို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပါကုန်၏၊ဤလူများ အပေါင်းသည်လည်း အရှင်ဘုရားတို့ကိုမှီ၍ သရဏဂုံတို့၌ တည်ကုန်၏၊ အဘယ့်ကြောင့် ဆန့်ကျင်ကုန်သနည်း"ဟု လျှောက်၏၊ "မင်းကြီး···· ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည်ကြာပြီ၊ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, ရိုသေခြင်းအမှုတို့ကို ပြုရာဌာနသည် ဤသီဟိုဠ်ကျွန်း၌မရှိ၊ ထို့ကြောင့် ဆန့်ကျင်ကုန်၏"ဟု မထေရ်မိန့်၏။

မင်းကြီးသည်"အရှင်ဘုရား····အရှင်ဘုရားတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီဟု မိန့်တော်မူသည်မဟုတ်တုံလော"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး····အကယ်၍ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှန်၏၊ ထိုသို့မှန်သော်လည်း ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့သည် တည်ကုန်သေး၏"ဟု မိန့်တော်မူလျှင် "သိပြီအရှင်ဘုရား စေတီတည်ခြင်းကို အရှင်ဘုရားတို့သည် အလိုရှိကုန်၏၊ စေတီကို ပြုပါအံ့၊ စေတီတည်ရာမြေကိုသာ စူးစမ်းတော်မူပါကုန်၊စင်စစ်သဖြင့် ဓာတ်တော်တို့ကို အဘယ်မှာရကုန်အံ့နည်း" ဟု လျှောက်သော် "မင်းကြီး····သုမနသာမဏေနှင့်တိုင်ပင်လော့"ဟု မိန့်တော်မူ၏။

### သုမနသာမဏေအား ညှပ်ရိုးဓာတ်တော်ပင့်ဆောင်ရန်စေလွှတ်ခြင်း

မင်းကြီးလည်း"ကောင်းပြီ"ဟု သုမနသာမဏေသို့ကပ်၍ "မောင်ရှင် သုမန···· ယခုဓာတ်တော်တို့ကို အဘယ်မှာရပါကုန်အံ့နည်း"ဟု မေး၏၊ "မြတ်သောမင်းကြီး····သင်မင်းကြီးတို့သည် ဓာတ်တော်ရမှု၌

ကြောင့်ကြမရှိမူ၍ ခရီးတို့ကို သုတ်သင်၍ တမ်းခွန်-ကုက္ကားစိုက်ခြင်း, ရေမြှုတာတည်ခြင်း အစရှိသည်တို့ဖြင့် တန်ဆာဆင်၍ အခြံအရံနှင့်တကွ ဥပုသ်ဆောက်တည်၍ အလုံးစုံသော မောင်းကြေးနင်းတို့ကို တီးမှုတ်စေ၍ မင်္ဂလာရှိသောဆင်ကို အလုံးစုံတန်ဆာဆင်ခြင်းကိုပြု၍ အထက်၌ ထီးဖြူစိုက်၍ ညနေချမ်းသောအခါ၌ မဟာနာဂဝန်ဥယျာဉ်သို့ ရှေးရှုသွားလေ၊ စင်စစ် ထိုအရပ်၌ ဓာတ်တော်တို့ကိုရလတ္တံ့"ဟု သုမနသာမဏေဆို၍၊ မင်းလည်း"ကောင်းပြီ"ဟု ဝန်ခံ၍၊ မထေရ်တို့သည် စေတိယဂိရိသို့သာလျှင် သွားလေကုန်၏၊ ထိုစေတိယတောင်၌ အရှင်မဟိန္ဒသည် သုမနသာမဏေကို—

"သုမန....သင်သွားချေ၊ဇမ္ဗူဒိပ၌ သင်၏ဘိုးတော်ဖြစ်သော အသောကတရားမင်းသို့ကပ်၍ ငါ၏စကားဖြင့် ဤသို့ဆိုလေ၊ မြတ်သောမင်းကြီး.... သင်မင်းကြီးတို့၏ အဆွေ ဖြစ်သော ဒေဝါနံပိယတိဿမင်းသည် သာသနာ၌ ကြည်ညိုပြီ၊ စေတီတည်လို၏၊ သင်မင်းကြီးတို့၏လက်၌ ဓာတ်တော်ရှိ၏၊ ထိုဓာတ်တော်ကို ငါတို့အား ပေးလေဟု ဆိုလေ၊ ထိုဓာတ်တော်တို့ကို ယူ၍ သိကြားမင်းသို့ ကပ်လေ၍ သိကြားမင်း....သင်သိကြားမင်းကြီးတို့၏လက်၌ လကျ်ာစွယ်တော်,လကျ်ာညှပ်ရိုးတော်အားဖြင့် ဓာတ်တော်နှစ်ဆူတို့သည် ရှိကုန်၏၊ ထိုနှစ်ဆူမှ လကျ်ာစွယ်တော်ကို သင်နတ်မင်းတို့ ကိုးကွယ်ရစ်၊ လကျ်ာညှပ်ရိုးတော်ကို ငါတို့အား ပေးလိုက် ဟူ၍ဆိုလေ၊ သင်နတ်မင်းတို့သည် ငါတို့ကို သီဟိုဠ်သို့စေလိုက်ပြီး၍ အဘယ့်ကြောင့် မေ့လျော့ကုန်သနည်း၊ ဤသို့လည်းဆိုလေ"—

ဟုမှာ၍ စေ၏၊သုမနသာမဏေလည်း မထေရ်၏စကားကို"ကောင်းပြီ„ဟု ဝန်ခံ၍ ထိုခဏ၌လျှင် သပိတ်သက်န်းကိုယူ၍ ကောင်းကင်ခရီးဖြင့် သွားလေ၍ ပါဋလိပုတ်ပြည်၏ အရှေ့တံခါး၌သက်၍ ဘိုးတော်မင်းကြီးသို့ကပ်၍ ထိုအကြောင်းကို မင်းကြီးအား ကြား၏၊ မင်းကြီးသည် နှစ်သက်စွာဖြစ်၍ သာမဏေ၏လက်မှ သပိတ်ကိုယူ၍ နံ့သာတို့ဖြင့် လိမ်းကျံ၍ ပုလဲအဆင်းနှင့်တူကုန်သော မြတ်သောဓာတ်တော်တို့

ကို ပြည့်စေ၍ပေး၏၊သာမဏေသည် ထိုဓာတ်တော်တို့ကိုယူ၍ သိကြားမင်းသို့ ကပ်လေ၏။

သိကြားမင်းသည် သာမဏေကိုမြင်၍“မောင်ရှင်သုမန….အဘယ့်ကြောင့် လှည့်ပတ်သနည်း”ဟု ဆိုသော် “နတ်မင်းကြီး….သင်တို့သည် ငါတို့ကို သီဟိုဠ်ကျွန်းသို့ စေလိုက်ပြီး၍ အဘယ့်ကြောင့် မေ့လျော့သနည်း” ဟု သာမဏေ ဆို၏၊“အရှင်ဘုရား…. မမေ့မလျော့ပါ၊ အဘယ်သို့ပြုရအံ့နည်း၊ အလိုရှိရာမိန့်တော်မူပါ”ဟု ဆိုသော်“သင်နတ်မင်းကြီးတို့၏လက်၌ လကျ်ာစွယ်တော်,လကျ်ာညှပ်ရိုးတော်အားဖြင့် ဓာတ်တော်နှစ်ဆူတို့သည် ရှိကုန်၏၊ ထိုနှစ်ဆူတို့တွင် လကျ်ာစွယ်တော်ကို သင်နတ်မင်းတို့ပူဇော်လေကုန်၊ လကျ်ာညှပ်ရိုးတော်ကို ငါ့အား ပေးကုန်လော့” ဟု ဆို၏၊ သိကြားမင်းသည် “ကောင်းပြီ”ဟု ဝန်ခံ၍ တယူဇနာ အတိုင်းအရှည်ရှိသော မြစေတီကိုခွါ၍ လကျ်ာညှပ်ရိုးတော်ဓာတ်ကို ထုတ်ယူ၍ သာမဏေအား ပေး၏၊သာမဏေသည် ထိုဓာတ်တော်တို့ကိုယူ၍ စေတိယဂိရိ၌ တည်လေ၏။

### သုမနသာမဏေ ဓာတ်တော်တို့ကို ပင့်ဆောင်ခဲ့ခြင်း

ထိုအခါ အရှင်မဟိန္ဒထေရ် အမှူးရှိသော ထိုရဟန္တာတို့သည် အသောကဓမ္မရာဇာ ပေးအပ်သော ဓာတ်တော်တို့ကို စေတိယဂိရိ၌ ထားခဲ့၍ လကျ်ာညှပ်ရိုးဓာတ်ကိုယူ၍ မွန်းယိမ်းသောအခါ၌ မဟာနာဂဝန်ဥယျာဉ်သို့ သွားလေကုန်၏၊ ဒေဝါနံပိယတိဿမင်းသည်လည်း သုမနသာမဏေဆိုတိုင်းသော ပူဇော် သက္ကာရကိုပြု၍ မြတ်သော ဆင်ကျောက်ကုန်းထက် စီးလျက် မိမိသည် မင်္ဂလာဆင်တခု၏ ဦးကင်းထက်၌ ထီးဖြူဆောင်းလျက် မဟာနာဂဝန်ဥယျာဉ်သို့ ရောက်လာ၏၊ ထိုရောအခါ မင်းကြီးအား ဤသို့မိဋ္ဌာန်၏၊“အကယ်၍ ဤဓာတ်တော်သည် မြတ်စွာဘုရား ဓာတ်တော်စစ် ဖြစ်အံ့၊ ထီးဖြူသည် ညွတ်စေသတည်း၊ မင်္ဂလာဆင်တော်သည် ပုဆစ်ဖြင့် မြေ၌တုပ်ဝပ်စေသတည်း၊ ဓာတ်တော်ခံစရာ ရွှေကလပ်သည် ငါ၏ထိပ်၌ တည်စေသတည်း”ဟု မိဋ္ဌာန်၏၊မိဋ္ဌာန်သည်နှင့်တပြိုင်နက် ထီးဖြူသည် ဓာတ်တော်သို့ညွတ်၏၊ ဆင်သည် ပုဆစ်တုပ်၏၊ ဓာတ်တော် ရွှေကလပ်သည် မင်းကြီးထိပ်၌ တည်၏။

မင်းကြီးသည် အမြိုက်ရေစင်ဖြင့် သွန်းဘိသကဲ့သို့ အလွန်နှစ်သက် ဝမ်းမြောက်ခြင်းဖြစ်၍ "အရှင်ဘုရားတို့.... ဓာတ်တော်ကို အသို့ပြုရ ကုန်အံ့နည်း"ဟု မေး၏၊ "မြတ်သောမင်းကြီး.... ဓာတ်တော်တို့ကို ဆင်၏ဦးကင်းထက်၌သာလျှင် ထိုရွှေလောက်တည်စေဦး"ဟု မထေရ် မိန့်သဖြင့် မိမိဦးခေါင်းထက်တည်လာသော ဓာတ်တော်ကလပ်ကိုယူ၍ ဆင်၏ဦးကင်းထက်၌ ထားပေ၏၊ ဆင်သည် ဝမ်းမြောက်၍ ကြိုးကြာ သံကိုမြည်၏၊ မိုယ်းကြီးတက်လတ်၍ ပေါက္ခရဝဿ မိုယ်းရွာ၏၊ ရေ အဆုံးရှိသည်ကိုပြု၍ ပြင်းစွာမြေလှုပ်ခြင်းသည်ဖြစ်၏၊ ပစ္စန္တရစ်၌လည်း မြတ်စွာဘုရား၏ ဓာတ်တော်သည် တည်လာပေ၏ဟု နတ်တို့သည် ဝမ်းမြောက်ကုန်၏၊ ဤသို့သော တန်းခိုးအာနုဘော် အသရေဖြင့် နတ်လူတို့၏ ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် မြတ်စွာဘုရား၏ ဓာတ် တော်သည် တန်ဆောင်မုန်းလပြည့်နေ့၌ ဤသီဟိုဠ်ကျွန်းသို့ သာ၍ ဆင်၏ဦးကင်း၌ တည်တော်မူ၏။

ထိုအခါ ဓာတ်တော်တင်သောဆင်သည် များစွာသော မောင်း ကြေးနင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ အလွန်မြတ်သော ပူဇော် သက္ကာရဖြင့် အရှိအသေ ပြုအပ်သည်ဖြစ်၍ နောက်ဆုတ်သာလျှင် အနောက်အရပ်သို့သွား၍ ဘဲခဲ့လျက် အကြင်မျှလောက် အနုရာဓ မြို့၏ အရှေ့တံခါးသည် ရှိ၏၊ ထိုမျှလောက် သွား၍ အနုရာဓမြို့ အရှေ့ တံခါးဖြင့် မြို့တွင်းသို့ဝင်၍ အလုံးစုံသော မြို့သူမြို့သားတို့သည် ပူဇော် သက္ကာရပြုပြီးသော် တောင်တံခါးဖြင့် မြို့မှထွက်၍ ထူပါရုံစေတီ တည်ရာ အရပ်၏ အနောက်အဘို့၌ **မဟေဇ** အမည်ရှိသော ဘီလူးမ၏ နေရာ အရပ်သည် ရှိသတတ်၊ ထိုမဟေဇဝတ္ထုသို့သွား၍ တဘန်ထူပါရုံ စေတီတည်ရာ အရပ်သို့သာလျှင် နစ်ခဲ့ပြန်၏။

ထိုအခါ **ထူပါရုံစေတီ**တည်ရာအရပ်၌ကား ကကုသန်,ကောဏာဂုံ, ကဿပ ဘုရားသုံးဆူတို့၏ပရိဘောဂစေတီ တည်ဖြစ်ရာ၏၊ ထိုစေတီတို့ သည် သာသနာတော်ကွယ်သဖြင့် ပျက်စီးကုန်သော် အရာမျှသာကြွင်း ရစ်၏၊ မစင်တီးပြင် စားကြွင်းအဖတ် တံမြက်ချေး အစရှိသည့် အညစ် အကြေးတို့ဖြင့် တစုံတယောက်သောသူသည် မဖျက်ဆီးစေသတည်းဟု

နတ်တို့၏အာနုဘော်ဖြင့် အဆူးရှိသောခြံနွယ်တို့ဖြင့် ဖုံးလွှမ်း၍တည်၏၊ ထိုရောအခါ မင်းချင်းတို့သည် ဆင်၏ရှေ့မှရှေ့မှ သွားကုန်၍ ခြံနွယ်တို့ကို သုတ်သင်ခုတ်ထွင်၍ ထိုထူပါရုံတည်ရာ မြေအဘို့ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်စွာပြုကုန်၏၊ဓာတ်တော်တင်သောဆင်သည် သွား၍ ထိုစေတီ တည်မြဲဖြစ်သော အရပ်ကိုရှေ့ပြု၍ ထိုအရပ်၏ အနောက်အဘို့၌ ဗောဓိပင် စိုက်မြဲဖြစ်သော အရပ်၌ တည်၏။

ထိုသို့တည်နေသောအခါ၌ ဆင်၏ထိပ်မှ ဓာတ်တော်တို့ကို ချအံ့သောငှါ အားထုတ်ကုန်၏၊ ဆင်သည် ချအံ့သောငှါမပေး၊ မင်းသည် မထေရ်ကို မေး၏၊ "အရှင်ဘုရား···· အဘယ့်ကြောင့် ဆင်သည် ဓာတ်တော်ကို ချအံ့သောငှါ မပေးသနည်း"ဟု မေး၏၊ "မင်းကြီး····တက်သောဓာတ်တော်ကို ချအံ့သောငှါ မအပ်"ဟု မိန့်တော်မူ၏၊ ထိုအခါ အဘယဝါပိရေအိုင်သည် ရေခန်းသည်ဖြစ်၍ ထက်ဝန်းကျင်ကွဲပပ်သော မြေရှိသဖြင့် မြေစိုင်တို့ကို ထုတ်လွယ်၏၊ လူများသည် ထိုရေအိုင်မှ မြေစိုင်တို့ကို လျင်စွာလျင်စွာ ထုတ်ဆောင်၍ ဆင်ဦးကင်းနှင့်မျှအောင် အကျည်ပြု၏၊ ထိုခဏ၌ပင် စေတီတည်အံ့သောငှါ အုဌ်တို့ကို လုပ်ကုန်၏၊အုဌ်လုပ်၍မပြီးမီ ကာလပတ်လုံး ဆင်သည် နေ့အခါဗောဓိစိုက်မည့်နေရာ ဆင်တင်းကုတ်၌ တည်၏၊ညဉ့်အခါ စေတီတည်မည့် အရပ်ကို လှည့်လည်၍နေ၏၊ အုဌ်လုပ်ပြီးသော် အကျည်စီပြီး၍ "အဘယ်ကဲ့သို့ သဏ္ဍာန်ရှိသော စေတီကိုပြုရမည်နည်း အရှင်ဘုရား"ဟု မင်းကြီးသည် အရှင်မဟိန္ဒကိုမေးသော် "စပါးစုနှင့်အတူ ပြုအပ်၏"ဟု မိန့်တော်မူသဖြင့် "ကောင်းပြီ"ဟု မင်းကြီးဝန်ခံ၍ ပန်းတင် ပမာဏ စေတီတည်ပြီးသော် ဓာတ်တော်ကို ဌာပနာအံ့သောငှါ ကြီးစွာသော ပူဇော်သက္ကာရကို ပြု၏။

### ဓာတ်တော်မှ တန်ခိုးပြာဋိဟာပြတော်မူခြင်း

တမြို့လုံး၌နေသောသူသည်၎င်း,ဇနပုဒ်၌နေသောသူသည်၎င်း ဓာတ်တော်တို့ကို ပူဇော်ခြင်းကို ကြည့်အံ့သောငှါ စည်းဝေး၏၊ လူများစည်းဝေးပြီးသော် ဓာတ်တော်သည် ဆင်ဦးကင်းထက်မှ ထန်းခုနစ်ဆင့်မျှ မြင့်သောကောင်းကင်သို့ ပျံတက်၍ ယမိုက်ပြာဋိဟာကို ပြတော်မူ၏၊

ထိုထိုသို့သော ဓာတ်တော်အရပ်မှ ရောင်ခြည်တော် ခြောက်ပါးတို့သည် ထွက်ကုန်၏၊ မီးရေအစုံအစုံတို့သည် ထွက်ကုန်၏၊သာဝတ္ထိပြည်၌ ကဏ္ဍမ္ဗသရက်ပင်ရင်း၌ မြတ်စွာဘုရားပြုအပ်သော ပြာဋိဟာနှင့်အတူ ဖြစ်၏၊ ထိုပြာဋိဟာသည် မထေရ်တို့၏အာနုဘော်အားဖြင့်၎င်း, နတ်တို့၏ အာနုဘော်အားဖြင့်၎င်း ဖြစ်သည်မဟုတ်၊ စင်စစ်သဖြင့်ကား မြတ်စွာဘုရား၏ အာနုဘော်အားဖြင့်သာ ဖြစ်သတည်း၊ မြတ်စွာဘုရားသည် အသက်တော်ရှိစဉ် ကာလ၌လျှင် "နောင်သောအခါ သီဟိုဠ်ကျွန်း၏ တောင်မျက်နှာအဘို့၌ရှေးဘုရားသုံးဆူတို့၏ပရိဘောဂ စေတီ တည်ရာအရပ်၌ ငါ၏လက်ျာညှပ်ရိုးတော် ဌာပနာသောအခါ၌ ယမိုက်ပြာဋိဟာပြုစေသတည်း"ဟု မိန့်ဓာန်တော်မူ၏။

မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတော်မူသောအခါ၌ ဤသီဟိုဠ်ကျွန်းသို့ သုံးကြိမ် ကြွတော်မူ၏၊ ရှေးဦးစွာ ဘီလူးတို့ကို ဆုံးမအံ့သောငှါ ကိုယ်တော် တပါးတည်း ကြွ၍ ဘီလူးတို့ကို ဆုံးမ၍ "နောင်သောအခါ ဤကျွန်း၌ ငါ၏သာသနာတည်လတ္တံ့"ဟု ကျွန်းကို စောင့်ရှောက်လိုသဖြင့် သုံးကြိမ်ကျွန်းကိုလှည့်၏၊ နှစ်ကြိမ်မြောက်၌ နဂါးတူဦးရီးတို့ကို ဆုံးမလိုသဖြင့် ကိုယ်တော်တပါးတည်း ကြွလာ၍ ထိုနဂါးတူဦးရီးတို့ကို ဆုံးမ၍ ပြန်တော်မူ၏၊ သုံးကြိမ်မြောက်၌ကား ရဟန္တာငါးရာနှင့်တကွကြွ၍ မဟာစေတီ,ထုပါရုံစေတီ,မဟာဗောဓိ, မဟိယင်္ဂဏစေတီ, မုဒုင်္ဂဏစေတီ, ဒီဃဝါပိစေတီ, ကလျာဏိယစေတီ ဤအလုံးစုံတည်မည့်အရပ်တို့၌ နိရောဓသမာပတ် ဝင်စား၍ နေတော်မူ၏၊ ဤဓာတ်တော် ရောက်ခြင်းသည်ကား မြတ်စွာဘုရား၏ လေးကြိမ်မြောက် ရောက်ခြင်းတည်း။

ဓာတ်တော်မှ ထွက်သော ရေပေါက်တို့ဖြင့် သီဟိုဠ်ကျွန်းအပြင်၌ တစုံတခုသော မတွေ့သော အရပ်မည်သည် မရှိ၊ထိုညှပ်ရိုးတော် ဓာတ်သည် ရေပေါက်တို့ဖြင့် သီဟိုဠ်ကျွန်းအပြင်၌နေသော သူအပေါင်းတို့၏ ပူပန်ခြင်းကို ငြိမ်းစေ၍ လူအပေါင်းအား ပြာဋိဟာကိုပြ၍ ကောင်းကင်မှသက်၍ မင်းကြီး၏ ဦးထိပ်၌ တည်လေ၏၊ ဒေဝါနံပိယတိဿမင်းသည် လူ့အဖြစ်ကိုရခြင်းသည် အကျိုးရှိလှ၏ဟု အောက်မေ့လျက်

ဓာတ်တော်ကို ပူဇော်သက္ကာရပြု၍ ဌာပနာ၏၊ဓာတ်တော်ကို ဌာပနာ သည်နှင့် တပြိုင်နက် ကြီးစွာသော မြေ၏ တုန်လှုပ်ခြင်းသည် ဖြစ်၏။

ထိုဓာတ်တော်၏ ပြာဋိဟာ၌ ကြည်ညို၍ မင်းကြီး၏ညီတော် အဘယ တိဿ မင်းသားသည် မင်းချင်းယောကျ်ား တထောင်နှင့်တကွ ရဟန်း ပြု၏၊ စေတရဂ္ဂါမမှထွက်၍ ငါးရာသော သူငယ်တို့သည် ရဟန်းပြုကုန် ၏၊ထို့အတူ ဒွါရမဏ္ဍလအစရှိကုန်သော ရွာငယ်တို့မှ ထွက်၍လည်း ငါးရာငါးရာကုန်သော သူငယ်တို့သည် ရဟန်းပြုကုန်၏၊ မြို့တွင်းမြို့ပမှ ထွက်၍ ရဟန်းပြုကုန်သဖြင့် အလုံးစုံသောရဟန်းတို့သည် သုံးသောင်း ဖြစ်ကုန်၏၊ စေတီပြုပြီးသော် မင်း,၊မင်း၏ညီသားချင်း, မိဖုရားတို့သည် နတ်နဂါး ဘီလူးတို့အားလည်း အံ့ဘွယ်သရဲကို ဖြစ်စေလျက် အသီး အသီး ပူဇော်ကုန်၏၊ ဓာတ်တော်ပူဇော်ပွဲ ပြီး၍ပြီးသော် အရှင်မဟိန္ဒ မထေရ်သည် တပည့်သံဃာနှင့်တကွ မေဃဝန်ဥယျာဉ်သို့ ကြွ၍ နေ တော်မူလေ၏။

---

## ၂၉၁-သီဟိုဠ်ကျွန်း၌ မဟာဗောဓိပင်စိုက်ပျိုးသည်ကိုပြခြင်း

ထိုသို့ ဓာတ်တော်ပူဇော်ပွဲပြီးသောအခါ၌ အနုဠာဒေဝီသည် ရဟန်း ပြုလိုသည်ဖြစ်၍ မင်းကြီးအား ကြား၏၊ မင်းကြီးသည် ထိုမိဖုရား၏ စကားကို ကြား၍ အရှင်မဟိန္ဒမထေရ်ကို“အရှင်ဘုရား…အနုဠာဒေဝီ သည် ရဟန်းပြုလို၏၊ရဟန်းပြုတော်မူပါ”ဟုလျှောက်၏“မင်းကြီး…. မာတုဂါမကို ငါတို့ ရဟန်းမပြုအပ်၊ ပါဋလိပုတ်၌ကား ငါ၏နှမ သင်္ဃမိတ္တာထေရီသည် ရှိ၏၊ ထိုထေရီကို ပင့်စေလော့၊ ဤကျွန်း၌ ရှေး ဘုရား သုံးဆူတို့၏ ဗောဓိသည် တည်တော်မူ၏၊ ငါတို့မြတ်စွာဘုရား၏ ဗောဓိသည်လည်း တည်တော်မူရာ၏၊ ထို့ကြောင့် အကြင်အခြင်း ဖြင့်မှာသော် သင်္ဃမိတ္တာသည် ဗောဓိကိုယူဆောင်၍ လာရာ၏၊ ထို အခြင်းဖြင့် သတင်းစကား ကြားမှာလိုက်”ဟူ၍ မထေရ်မိန့်တော်မူ၏။

မင်းကြီးလည်း “ကောင်းပြီအရှင်ဘုရား”ဟု ဝန်ခံ၍ အမတ်တို့နှင့် တိုင်ပင်၍ မိမိတူဖြစ်သော အရိဋ္ဌမင်းသားကို “ချစ်သား….သင်သည် ပါဋလိပုတ်သို့ သွား၍ မဟာဗောဓိပင်နှင့်တကွ သင်္ဃမိတ္တာထေရီကို

ဆောင်နိုင်ပါအံ့လော''ဟု မေး၏၊ အရိဋ္ဌမင်းသားလည်း ''ငါ့အား ရဟန်းအဖြစ်ကို ခွင့်ပြုသော် တတ်နိုင်၏''ဟုဆို၏၊ ''ချစ်သား....သွား လေ၊သယ်မိတ္တာထေရီကို ဆောင်ပြီးလျှင် ရဟန်းပြုလေတော့''ဟုဆို၏၊ ထိုအရိဋ္ဌသည် အရှင်မဟိန္ဒမထေရ်၏ရင်း, မင်းကြီး၏ရင်း သတင်း စကားကို ယူ၍ မထေရ်၏ အဓိဋ္ဌာန်အာနုဘော်ဖြင့် အနုရာဓပြည်မှ ထွက်၍ တနေ့ချင်းဖြင့်ဇမ္ဗုကောလပဋ္ဋသင်္ဘောဆိပ်သို့ရောက်၍ သင်္ဘော ဖြင့် သမုဒ္ဒြာသို့ကူး၍ ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။

အနုဠာဒေဝီသည် ငါးရာသောမင်းသမီး, ငါးရာသောနန်းတွင်းသူ ပေါင်း တထောင်သောမိန်းမတို့နှင့်တကွ ဆယ်ပါးသော သီလကို ဆောက်တည်၍ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍ မြို့၏အထောင့် တစိတ်သောအရပ်၌ ကျောင်းကိုဆောက်လုပ်စေ၍ နေနှင့်၏၊ အရိဋ္ဌ မင်းသားသည် ပါဋလိပုတ်သို့ ရောက်သောနေ့၌ပင် မင်းကြီးအား သတင်းစကားကို ဆက်၍ ဤသို့လည်း လျှောက်၏၊ ''အရှင်မင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ်သည် အဆွေတော် ဒေဝါနံပိယတိဿ မင်း၏ ညီတော်၏မိဖုရား အနုဠာဒေဝီသည် ရဟန်းပြုလို၏၊ ထိုမိဖုရား ကို ရဟန်းပြုစိမ့်သောငှါ သယ်မိတ္တာထေရီမကို ဗောဓိပင်နှင့်တကွ စေလိုက်ပါဟူ၍ မှာလိုက်၏''ဟု မထေရ်၏စကားကို ကြားလျှောက်၍ သယ်မိတ္တာထေရီမသို့ ကပ်၍ ''အရှင်မ....သင်တို့မောင်တော် အရှင် မဟိန္ဒမထေရ်သည် အရှင်မ၏အထံသို့ အကျွန်ုပ်ကို စေလိုက်၏၊ဒေဝါနံ ပိယတိဿမင်းကြီး ညီတော်၏မယား အနုဠာဒေဝီသည် ငါးရာသော မင်းသမီး, ငါးရာသော နန်းတွင်းသူတို့နှင့်တကွ ရဟန်းပြုလို၏၊ အရှင် မသည်လာ၍ ထိုအနုဠာဒေဝီကို ရဟန်းပြုလှည့်ပါဟု အရှင်မ၏မောင် တော်သည် စေလိုက်၏''ဟု ကြားလျှောက်၏။

ထိုစကားကို ကြားသောခဏ၌ပင်လျှင် သယ်မိတ္တာထေရီမသည် အဆောတလျင် ခမည်းတော်မဗ္ဗာသောကမင်း၏ အထံသို့သွား၍ ''ဘခင်မင်းကြီး.... အကျွန်ုပ်၏မောင်ကြီး အရှင်မဟိန္ဒသည် ဤသို့စေ လိုက်၏၊ ဒေဝါနံပိယတိဿမင်းကြီး ညီတော်၏မယား အနုဠာဒေဝီ သည် မင်းသမီးငါးရာ, နန်းတွင်းသူ ငါးရာတို့နှင့်တကွ ရဟန်းပြုလို၍ အကျွန်ုပ်၏လာခြင်းကို မျှော်၏ဟု စေလိုက်၏၊ အကျွန်ုပ်သည် သီဟိုဠ်

ကျွန်းသို့ သွားပါအံ့''ဟုဆို၏၊ ဓမ္မာသောကမင်းကြီးဆို၏၊ ''အမိ····
သားတော် အရှင်မဟိန္ဒသည်၎င်း,မြေးတော်မောင်ရှင်သုမနသည်၎င်း,
အဘကို လက်ပြတ်သကဲ့သို့ပြု၍ သီဟိုဠ်သို့သွားချေပြီ၊ထိုသူတို့ကို မမြင်
ရသောအဘအား ဖြစ်သောစိုးရိမ်ခြင်းသည် အမိ၏မျက်နှာကိုမြင်ရ
သဖြင့် ငြိမ်း၏၊ မသင့်၊ မသွားလင့်''ဟုဆို၏ ''မြတ်သောမင်းကြီး····
မောင်တော်၏စကားသည် ဝန်လေး၏၊ အနုဠာဒေဝီသည်လည်း မင်း
မိန်းမပေတည်း၊ မိန်းမတထောင်အခြံအရံနှင့်တကွ ရဟန်းအဖြစ်ကို
ငံ့၍ အကျွန်ုပ်ကိုတောင့်တ၏၊ အကျွန်ုပ်သွားချေအံ့''ဟုဆို၏၊ ''ထိုသို့
တပြီးကား အမိ····မဟာဗောဓိကိုယူ၍ သွားလေ''ဟုဆို၏။

မင်းကြီးအား မဟာဗောဓိ အဘယ်မှာရသနည်းဟူမူကား မင်းကြီး
သည် ထိုသယ်မိတ္တာကိုအခေါ်မလာမီ,သုမနသာမဏေ ဓာတ်တော်
ယူမလာမီကပင် မဟာဗောဓိကို လင်္ကာဒီပကျွန်းသို့ပို့လို၍ ဓားဖြင့်
ဖြတ်ခြင်းငှါ မထိုက်သောဗောဓိကို အဘယ်သို့လျှင်ရ၍ လင်္ကာဒီပ
ကျွန်းသို့ ပို့ရပါအံ့နည်းဟု ကြံသော် အကြောင်းကိုမမြင်၍ မဟာဒေဝ
အမတ်ကို မေး၏၊ မဟာဒေဝအမတ်သည် ''အရှင်မင်းမြတ်····ပညာ
ရှိသော ရဟန်းများစွာရှိပါ၏တကား''ဟု ဆို၏၊ ထိုစကားကိုကြား၍
မင်းကြီးသည် ရဟန်းသံဃာအား ဆွမ်းလုပ်ကျွေး၍ ဆွမ်းစားပြီး
သောအဆုံး၌ ''အရှင်ဘုရားတို့···· မြတ်စွာဘုရား၏ ဗောဓိသည်
လင်္ကာကျွန်းသို့ ကြွရာသလော,မကြွရာသလော''ဟု ရဟန်းသံဃာတို့
ကို မေး၏၊ သံဃာသည် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်အား ဝန်ကို
ပြု၏၊မထေရ်သည်''မြတ်သောမင်းကြီး··မဟာဗောဓိသည်လင်္ကာကျွန်း
သို့ကြွရာ၏''ဟုဆို၍ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ငါးပါးကို ကြား၏၊
အဓိဋ္ဌာန်ငါးပါးဟူသည် အဘယ်သည်တို့နည်း ဟူမူကား—

### မြတ်စွာဘုရား၏ အဓိဋ္ဌာန်ငါးပါး

၁။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူရာ ညောင်စောင်း၌
လျောင်းတော်မူလျက် ''သီဟိုဠ်ကျွန်း၌ မဟာဗောဓိကိုတည်
စိမ့်သောငှါ အသောကမင်းသည် မဟာဗောဓိဒက္ခိဏသာခါ
ကို ယူအံ့ဟူ၍လာလတ္တံ့၊ ထိုအခါ မဟာဗောဓိ၏ ဒက္ခိဏ

သာခါ လက်ျာတောင်ခက်သည် အလိုလိုပြတ်၍ ရွှေဖျဥ်း၌တည် စေသတည်း''ဟု မိဋ္ဌာန်တော်မူ၏၊ ဤကား ရှေးဦးစွာသော အမိဋ္ဌာန်။

၂။ ''ရွှေဖျဥ်း၌ တည်ပြီးသောကာလ မဟာဗောဓိသည် ဆီးနှင်းတိမ်တိုက်တွင်းသို့ဝင်၍ ခုနစ်ရက်တည်စေသတည်း''ဟု မိဋ္ဌာန်တော်မူ၏၊ ဤကား ဒုတိယအမိဋ္ဌာန်။

၃။ ''ခုနစ်ရက် လည်ပြီးသောအခါ ဆီးနှင်းတိမ်တိုက်မှ သက်၍ ရွှေဖျဥ်း၌ တည်လျက် အရွက် အသီးတို့မှ ရောင်ခြည်တော် ခြောက်သွယ် လွှတ်စေသတည်း''ဟု မိဋ္ဌာန်တော်မူ၏၊ ဤကား တတိယ အမိဋ္ဌာန်။

၄။ ''ညှပ်ရိုးတော်ကိုထုပါရုံစေတီ၌ ဌာပနာသောအခါ ယမိုက်ပြာဋိဟာ ပြစေသတည်း'' ဟု မိဋ္ဌာန်တော်မူ၏၊ ဤကား စတုတ္ထ အမိဋ္ဌာန်။

၅။ ''တစရွတ်မျှသော ဓာတ်တော်တို့ကို မဟာစေတီ၌ ဌာပနာသောအခါ ငါဘုရား၏အသွင်ကိုယူ၍ ကောင်းကင်ထက်၌ ပြာဋိဟာပြစေသတည်း''ဟုမိဋ္ဌာန်တော်မူ၏၊ဤကား ငါးကြိမ်မြောက် အမိဋ္ဌာန်တည်းဟု မင်းကြီးအား ကြားပေ၏။

ဤငါးပါးသောမိဋ္ဌာန်ခြင်းတို့ကို မင်းကြီးကြားလျှင် ကြည်ညိုသော စိတ် ရှိသည်ဖြစ်၍ မဟာဗောဓိမှသည် ပါဋလိပုတ်တိုင် ခုနစ်ယူဇနာရှိသော ခရီးကို သုတ်သင်စေ၍ ရွှေဖျဥ်းလုပ်စိမ့်သောငှါ များစွာသော ရွှေတို့ကိုထုတ်၏၊ကိုခဏ၌ မင်းကြီး၏စိတ်ကိုသိ၍ ဝိသုကြံနတ်သားသည် ရွှေပန်းထိမ်သည်၏အသွင်ကိုဘန်ဆင်း၍ ရွှေ၌ရပ်လာ၏၊မင်းကြီးသည် ရွှေပန်းထိမ်ကိုမြင်၍ ''အမောင်ရွှေပန်းထိမ်····ဤရွှေကိုယူ၍ ရွှေဖျဥ်း လုပ်ပါ''ဟုဆို၏၊''အရှင်မင်းကြီး····အတိုင်းအရှည်ကိုဆိုပါလော့''ဟု ၍ဆိုသော်''ချစ်သား···သင်သည်သာ အတိုင်းအရှည်ကိုသိ၍ လုပ်ပါ'' ဟု ဆိုသဖြင့် ''ကောင်းပြီ အရှင်မင်းကြီး ပြုအံ့''ဟု ရွှေကိုယူ၍ မိမိ၏ အာနုဘော်အားဖြင့် လက်ဖြင့်ဆုပ်နယ်၍ အခန်းလုံးပတ်ကိုးတောင်, အစောက်ငါးတောင်, အပြန့်သုံးတောင်, အထူလက်ရှစ်သစ်, ဆင်နှာမောင်းအတိုင်းအရှည် အနားလုံးရှိသောရွှေဖျဥ်းကို ဘန်ဆင်း၏။

## မဟာဗောဓိမှ တန်နိုးပြာဋိဟာပြတော်မူခြင်း

ထိုရောအခါ မင်းကြီးသည် ခုနစ်ယူဇနာအလျား, သုံးယူဇနာ အနံ ရှိသော များစွာသော စစ်သည်ဖြင့် ပါဋလိပုတ်မှထွက်၍ အရိယာ သံဃာအပေါင်းကိုယူ၍ မဟာဗောဓိအနီးသို့ သွားလေ၏၊ စစ်သည် တို့သည် ဆောက်အပ်သော တမ်းခွန်,ကုဏ္ဍားရှိသည်ဖြစ်၍ အထူးထူး သော ရတနာတို့ဖြင့် ဆန်းကြယ်သော တန်ဆာတို့ဖြင့် တန်ဆာဆင် အပ်သည်ဖြစ်၍ အထူးထူးသော ပန်းဆိုင်းတို့ဖြင့် ပြွမ်းသည်ဖြစ်၍ တပါးမကများစွာသော စည်, ခေါင်းလောင်း, မောင်း,ကြေးနင်းတို့ ဖြင့် ချောက်ချားသည်ဖြစ်၍ ဗောဓိပင်ကို ဝန်းရံ၏၊ မင်းကြီးသည် တထောင်မျှသောက်ကုန်သော ဂိဏ်းဆရာအကြီးဖြစ်ကုန်သောမထေရ် တို့ကိုယူ၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ အဘိသိက်သွန်းခြင်းသို့ ရောက်ကုန်သော မင်းတို့၏တထောင်ကို မိမိကိုရင်း,မဟာဗောဓိကိုရင်း ဝန်းရံစေ၍ ဗောဓိပင်ရင်း၌ ရပ်လျက် မဟာဗောဓိကို မော်၍ကြည့် သော် အတောင်ငါးဆယ်မြင့်သော ပင်စည်ကိုရင်း, လက်ျာတောင် ခက်မ၌ လေးတောင်ပမာဏရှိသော အရပ်ကိုရင်း ထား၍ အလုံးစုံ သော မဟာဗောဓိအခက်အရွက်တို့သည် မမြင်ခြင်းသို့ ရောက်ကုန်၏။

အသောကမင်းကြီးသည် ဤအံ့ဘွယ်သရဲရှိသော ယမိုက်ပြာဋိဟာ ကို မြင်၍ နှစ်လိုဝမ်းမြောက်ခြင်းဖြစ်၍ "အရှင်ဘုရားတို့....အကျွန်ုပ် သည် ဤပြာဋိဟာကိုမြင်၍ နှစ်သက်သည်ဖြစ်၍ အလုံးစုံသောဇမ္ဗူဒီပါ ကျွန်း၌ မင်း၏အဖြစ်ဖြင့် မဟာဗောဓိကို ပူဇော်ပါ၏"ဟု ရဟန်း သံဃာအားဆို၍ အဘိသိက်ကို ပေး၏။

ထိုနောက်မှ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍ သုံးကြိမ်လက်ျာရစ် လှည့်၍ ရှစ်ပါးသောအရပ်တို့၌ ရှိခိုးပြီးသော် ထ၍ လက်အုပ်ချီလျက် ရပ်၍ သစ္စာစကားဖြင့် မဟာဗောဓိကို ယူလိုသည်ဖြစ်၍ မြေမှသည် မဟာဗောဓိ၏ ဒက္ခိဏာသာခါတိုင်အောင် အမြင့်အကျည်ပြု၍ ထို အကျည်အထက်၌ ထားအပ်သော အလုံးစုံရတနာဖြင့်ပြီးသော အင်း ပျဉ်အထက်၌ ရွှေဖျဉ်းကိုတင်စေ၍ ရတနာအင်းပျဉ်ထက်သို့တက်၍ ရွှေစုတ်ကိုကိုင်၍ မြင်းသီလာဖြင့်အရေးကို ပြု၍ "အကယ်၍ မဟာ

ဗောဓိသည် လက်ာကျွန်း၌ တည်အပ်သည်ဖြစ်အံ့၊ အကယ်၍ ငါသည်လည်း မြတ်စွာဘုရား သာသနာတော်၌ ယုံမှားခြင်းကင်းသည် ဖြစ်အံ့၊ မဟာဗောဓိသည် အလိုလို၌ရွှေဖျဉ်း၌ တည်စေသတည်း''ဟု သစ္စာစကားကို ပြု၏။

သစ္စာပြုသည်နှင့်တကွ မဟာဗောဓိသည် မြင်းနသီလာဖြင့် ပိုင်းခြား ရာ၌ပြတ်၍ နံ့သာညွန်ဖြင့်ပြည့်သော ရွှေဖျဉ်း၏အထက်၌ တည်၏၊ ထိုခက်မသည် ပင်စည်အစောက်အားဖြင့် ဆယ်တောင်ရှိ၏၊ ထိုဆယ်တောင်အထက်၌ခွ၍ လေးတောင်လေးတောင် အလျားရှိသော ခက်မငါးဖြာရှိ၏၊ အသီးတလုံးတလုံးစီဖြင့် တန်ဆာဆင်အပ်၏၊ ခက်မတခုတခု၌ ခက်ငယ်နှစ်ရာစီဖြစ်၍ ခက်ငယ်တထောင်ရှိ၏၊ထိုအခါ၌ မင်းကြီးသည် ရှေးဦးစွာသောအရေး၏အထက် လက်သုံးသစ်ခြား၌ တခုသောအရေးကို ရေးသားပြန်၏၊ ထိုခဏ၌ ထိုရေးသားရာ အရပ်မှ အမြစ်အညွှောက်တို့သည် ထွက်ကုန်သည်ဖြစ်၍ ဆယ်ခုကုန်သောမြစ်မတို့အသစ်ထွက်ကုန်၏၊ ဘဘန် အထက်၌ သုံးသစ်ခြား, သုံးသစ်ခြားစီတပါးကုန်သော ကိုးခုကုန်သော အရေးတို့ကို ရေးသားပြန်၏၊ ထိုအရေးကိုးခုတို့မှလည်း ဆယ်ခုဆယ်ခုသော မြစ်ညွှောက်တို့သည် ဖြစ်ကုန်၍ ကိုးဆယ်သော မြစ်သေးတို့သည် ထွက်ကုန်၏။

ရှေးဦးစွာထွက်ကုန်သော တဆယ်သော မြစ်မတို့သည် လက်လေးသစ်မျှ ထွက်ကုန်၏၊ကိုးဆယ်သော မြစ်သေးတို့သည်ကား နွားနှာရှုပ်ကွန်ယက်နှင့်အတူ အထပ်ထပ်ချုပ်ကုန်လျက် ထွက်ကုန်၏၊ဤမျှသော ပြာဋိဟာကို မင်းသည် ရတနာအင်းပျဉ်ထက်၌ ရပ်လျက် မြင်၍ လက်အုပ်ချီ၍ သည်းစွာသောအသံဖြင့် ဟစ်၏၊ အထောင်မက များစွာကုန်သော ရဟန်းတို့သည် ကောင်းချီးပေးခြင်းကို ပြုကုန်၏၊ မင်း၏ အလုံးစုံသောစစ်သည်တို့သည် ပွဲတင်ထပ်ခြင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏၊ ဦးရစ်ပုဆိုး မြှောက်ခြင်း အသောင်းတို့ကို ဖြစ်စေကုန်၏၊ ဘုမ္မဇိုဝ်နတ်တို့ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးပေးခြင်းကို ဖြစ်စေကုန်၏၊ မင်းကြီးအား ဤပြာဋိဟာကိုမြင်၍ နှစ်သက်ခြင်းဖြင့်တွေ့သော ကိုယ်ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် တည်စဉ်ပင်

မဟာဗောဓိသည် အမြစ်တရာဖြင့် ရွှေဖျဉ်း၌ တည်လေ၏၊ဆယ်ခုသော မြစ်မတို့သည် ရွှေဖျဉ်းအပြင်ကိုထိ၍ တည်ကုန်၏၊ ကိုးဆယ်သော မြစ်သေးတို့သည်ကား အစဉ်သဖြင့် ရှည်ကုန်သည်ဖြစ်၍ နံ့သာညွန်၌ သက်၍ တည်ကုန်၏။

### မဟာဗောဓိခုနစ်ရက်ပတ်လုံး တိမ်တိုက်ကြား၌တည်ခြင်း

ဤသို့ မဟာဗောဓိသည် ရွှေဖျဉ်း၌တည်ကာမျှ၌လျှင် မြေကြီးသည် တုန်လှုပ်၏၊ ကောင်းကင်၌ နတ်စက်မိုယ်းကြီးတို့သည် ကွဲကုန်၏၊ တောင်တို့၏ တောင်ယိမ်းမြောက်ယိမ်းကခြင်းတို့ဖြင့်,နတ်တို့၏ကောင်း ချီးပေးခြင်းတို့ဖြင့်,ဘီလူးတို့၏ ဟိန်းလေးတိုက်ခြင်းတို့ဖြင့်, အသုရာတို့၏ ချီးမွမ်း ဟစ်ကြွေးခြင်းတို့ဖြင့်, ဗြဟ္မာတို့၏ လက်ပန်း ဖေါက်ခတ်ခြင်း တို့ဖြင့်,မိုယ်းတို့၏ကျိုးခြင်းတို့ဖြင့်, အခြေလေးခု သတ္တဝါတို့၏ မြည်ခြင်း တို့ဖြင့်,ငှက်တို့၏ တွန်မြူးခြင်းတို့ဖြင့်, အလုံးစုံကုန်သော စည်, စောင်း ငြင်း,ကြေးနင်း,မောင်း, ခေါင်းလောင်းတို့၏ အသီးအသီးမြည်ခြင်းတို့ ဖြင့် မြေအပြင်မှ ဗြဟ္မာ့ပြည်တိုင်အောင် တပြိုင်နက် အုတ်အုတ် ကျက် ကျက် ပွဲတင်ထပ်ခြင်းသည် ဖြစ်၏၊ ခက်မငါးဖြာတို့၌ အသီးတို့မှ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည် ထွက်ကုန်၍ အလုံးစုံ စကြဝဠာကို ရွှေမိုးရွှေခြင်တို့ဖြင့် မြေးရှက်ဘိသကဲ့သို့ ပြုလျက် ဗြဟ္မာ့ ပြည်တိုင်အောင် တက်လေ၏၊ ထိုခဏမှစ၍ ခုနစ်ရက်ပတ်လုံး မဟာ ဗောဓိသည် ဆီးနှင်းတိမ်တိုက်သို့ဝင်၍ တည်လေ၏။

တစုံတယောက်သောသူသည် မဟာဗောဓိကို မမြင်ပြီ၊ မင်းကြီး သည် ရတနာအင်းပျဉ်မှသက်၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိကို ပူဇော်ခြင်းကိုပြု၏၊ ခုနစ်ရက်မြောက်သောနေ့၌ ခပ်သိမ်းသော အရပ် တို့မှ ဆီးနှင်းတို့သည်ဝင်း, ခြောက်သွယ်သော ရောင်ခြည်တို့သည်ဝင်း လည်၍ မဟာဗောဓိသို့သာလျှင် ဝင်လေကုန်၏၊ ဆီးနှင်းတိမ်တိုက် ကင်းပြီးသည်ဖြစ်၍ စကြဝဠာတိုက် ကြည်လင်သည်ရှိသော် မဟာ ဗောဓိသည် ပြည့်စုံသော ပင်စည် ခက်မ ခက်သေးရှိသည်ဖြစ်၍ ငါးလုံး သောအသီးတို့ဖြင့် တန်ဆာဆင်လျက် ရွှေဖျဉ်း၌ တည်လျက်သာလျှင် မြင်ကုန်၏၊ မင်းကြီးသည် မဟာဗောဓိကိုမြင်၍ ထိုတန်ခိုးပြာဋိဟာ

တို့သည် ဖြစ်စေအပ်သော နှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌ မင်း၏အဖြစ်ဖြင့် ဗောဓိပင်ပျိုကိုပူဇော် အံ့ဟု အဘိသိက်သွန်းခြင်းကိုပေး၍ ခုနစ်ရက်ပတ်လုံး မဟာဗောဓိ အနီး၌သာလျှင် တည်၏။

မဟာဗောဓိပင်ပျိုသည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညချမ်းအခါ၌ ရှေးဦးစွာ ရွှေဖျဉ်း၌တည်၏၊ ထို့နောင် ဆီးနှင်း တိမ် တိုက်တွင်းသို့ဝင်၍နေသည် ခုနစ်ရက်, အဘိသိက်ပေးသည် ခုနစ်ရက် တို့ကို လွန်စေ၍ သီတင်းကျွတ်လကွယ် ဥပုသ်နေ့၌ မင်းကြီးသည် တရက်ခြင်းဖြင့်လျှင် ပါဋလိပုတ်မြို့သို့ သွင်း၍ တန်ဆောင်မုန်းလဆန်း တရက်နေ့ နံနက် နေတက်အခါ၌ မဟာဗောဓိကိုမြို့၏အရှေ့ အင်ကြင်း ပင်ကြီးအနီး၌ အရိပ်ကိုမှီ၍ ထား၏၊ ရွှေဖျဉ်း၌တည်သောနေ့မှ တဆယ့် ခုနစ်ရက်မြောက်ဖြစ်သော တန်ဆောင်မုန်းလဆန်း နှစ်ရက်နေ့၌ မဟာဗောဓိပင်ပျိုအား အညွန့်သစ်တို့သည် ပေါက်ကုန်၏၊ ထိုသို့ ပေါက်ကုန်သည်ကိုမြင်၍ မင်းကြီးသည် ကြည်ညိုသဖြင့် တဖန် မဟာ ဗောဓိပင်ပျိုကို မင်း၏အဖြစ်ဖြင့် ပူဇော်၍ အလုံးစုံသော ဇမ္ဗူဒီပါ ကျွန်း၌ မင်း၏အဘိသိက်ကို ပေး၏။

အရှင် မဟိန္ဒမထေရ် စေအပ်သော သုမနသာမဏေသည် တန် ဆောင်မုန်းလပြည့်နေ့ ဓာတ်တော် ယူအံ့သောငှါ ပါဋလိပုတ်သို့ ရောက်လာသည်ရှိသော် မဟာဗောဓိအား တန်ဆောင်မုန်းလပြည့် နေ့ ပူဇော်သော နက္ခတ်သဘင်ကို မြင်လေ၏၊ ထိုအကြောင်းကို အရှင် မဟိန္ဒအား သုမနသာမဏေ လျှောက်ကြား၍ သိနှင့်၏၊ ဤ မဟာဗောဓိမဏ္ဍိုင်မှဆောင်၍ ပါဋလိပုတ်၌ထားသော မဟာဗောဓိ ဒက္ခိဏသာခါကိုရည်၍ "ထိုသို့ လင်္ကာကျွန်းသို့ ကူးလိုတပြီးကား အမိ-ဗောဓိပင်ကိုယူ၍ ကူးပါလေ"ဟု မင်းကြီးဆိုသတည်း။

သင်္ဃမိတ္တာထေရီမလည်း "ကောင်းပြီ"ဟု ဝန်ခံ၏၊ မင်းကြီးသည် မဟာဗောဓိကို စောင့်ရှောက်စိမ့်သောငှါ တဆယ့်ရှစ်ပါးသော နတ် မျိုးတို့ကိုင်၄်း, ရှစ်ယောက်သော အမတ်မျိုးတို့ကိုင်၄်း, ရှစ်ယောက် သော ပုဏ္ဏားမျိုးတို့ကိုင်၄်း, သူကြွယ်ရှစ်အိမ်ထောင်တို့ကိုင်၄်း, ဂေါပ

ကမျိုး ရှစ်အိမ်ထောင်တို့ကိုင်း, တရစ္ဆမျိုး ရှစ်အိမ်ထောင်တို့ကိုင်း, ကာလိင်္ဂအမျိုး ရှစ်အိမ်ထောင်တို့ကိုင်း ပေးလိုက်၏၊ ရေသွန်းစိမ့်သော ၄ါ ရွှေအိုးရှစ်လုံး, ငွေအိုးရှစ်လုံးတို့ကိုင်း ပေးလိုက်၏၊ ဤသို့သောအခြံအရံနှင့်တကွ မဟာဗောဓိကို ဂင်္ဂါမြစ်၌ လှေသို့တင်၍ မိမိသည်လည်း မြို့မှထွက်၍ ဝိဥ္စျာဋဝီတောအုပ်ကိုလွန်၍ အစဉ်သဖြင့် ခုနစ်ရက်တို့ဖြင့် တာမလိတ္တိ သင်္ဘောဆိပ်သို့ ရောက်လေ၏။

## ခရီးအကြား၌ နတ်,နဂါးတို့ပူဇော်ခြင်း

ခရီးအကြား၌ နဂါး,နတ်,လူတို့သည် မဟာဗောဓိကို မွန်မြတ်သော ပူဇော်ခြင်းကို ပြုကုန်၏၊မင်းကြီးသည် သမုဒ္ဒါကမ်းနား၌ ခုနစ်ရက်တို့ပတ်လုံး မဟာဗောဓိကိုထား၍ အလုံးစုံသော ဇမ္ဗူဒိပါကျွန်း၌မြတ်သောမင်း၏အဖြစ်ကိုပေး၏၊ဤအကြိမ်သည်ကား ထိုမဟာဗောဓိအား သုံးကြိမ်မြောက် ဇမ္ဗူဒိပါမင်းအဖြစ်၏ ပြည့်စုံခြင်းသည်ဖြစ်၏၊ ဤသို့မြတ်သောမင်း၏အဖြစ်ဖြင့်ပူဇော်၍ နတ်တော်လဆန်းတရက်နေ့၌ အသောကမင်းသည် မဟာဗောဓိကိုရွက်ချီ၍ လည်ပမာဏရှိသောရေသို့သက်၍ သင်္ဘော၌တည်စေ၍ သင်္ဃမိတ္တာထေရီမကိုလည်း အခြံအရံနှင့်တကွ သင်္ဘော၌တင်၍ အရိဋ္ဌအမတ်ကို ဤသို့ဆို၏၊ "အမောင်အရိဋ္ဌ.... ငါသည် မဟာဗောဓိကို ဇမ္ဗူဒိပါ၌ မင်း၏အဖြစ်ဖြင့် သုံးကြိမ်ပူဇော်၍ လည်တိုင်အောင်သော ရေသို့သက်၍ ငါ၏အဆွေခင်ပွန်းအား ပို့စေလိုက်၏၊ ထိုငါ၏အဆွေသည်လည်း ငါ၏အတူ မဟာဗောဓိကို ပူဇော်စေသတည်း"ဟု အဆွေလက်ဘဒိပမင်းအား သတင်းစကားမှာလိုက်၍—

"အချင်းတို့.... အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ရောင်ခြည်ကွန်ယက်ကိုလွှတ်တတ်သော မဟာဗောဓိသည် သွားခဲ့ပြီတကား"ဟု ရှိခိုး၍ လက်အုပ်ချီလျက် မျက်ရည်ကိုဖြစ်စေလျက် ရပ်၏၊မဟာဗောဓိတင်အပ်သော ထိုသင်္ဘောသည်လည်း မင်းကြီး၏မြင်စဉ်ပင် သမုဒ္ဒါ၏အပြင်၌ ပြေးလေ၏၊မဟာသမုဒ္ဒါ၌လည်း ထက်ဝန်းကျင်မှ တယူဇနာ အတိုင်းအရှည်ရှိသော အရပ်တိုင်တိုင် လှိုင်းတံပိုးတို့သည် ငြိမ်ကုန်၏၊ အဆင်းငါးပါးရှိသော ပဒုမာကြာတို့

သည် မဟာသမုဒ္ဒရာအပြင်၌ ပွင့်ကုန်၏၊ ကောင်းကင်ပြင်၌ နတ်၌ဖြစ်သော စည်, စောင်းငြင်း, ကြေးနင်း, မောင်း, ခေါင်းလောင်းတို့သည် တီးမြည်ကုန်၏၊ ကောင်းကင်၌ ရေ,ကြည်း,သစ်ပင် အစရှိသည်တို့ကိုမှီ၍ နေကုန်သော နတ်တို့သည် ဖြစ်စေအပ်သော အလွန်လျှင်မြတ်မွန်သော ပူဇော်ခြင်းသည် ဖြစ်၏။

သင်္ဃမိတ္တာထေရီမသည် ဂဠုန်၏အသွင်ဖြင့် မဟာသမုဒ္ဒရာ၌နေသော နဂါးမျိုးတို့ကို ထိတ်လန့်စေ၏၊ ပြင်းစွာထိတ်လန့်ခြင်းသဘောရှိကုန်သော ထိုနဂါးတို့သည် လာကုန်၍ ထိုသို့သော တင့်တယ်ခြင်းကို ရှုကုန်၍ သင်္ဃမိတ္တာထေရီမကို တောင်းပန်ကုန်၍ မဟာဗောဓိကို နဂါးပြည်သို့ဆောင်၍ ခုနစ်ရက်ပတ်လုံးနဂါးပြည်ဖြင့် ပူဇော်၍ တဖန်သင်္ဘော၌တည်စေကုန်၏၊ ထိုနဂါးပြည်မှ ထွက်သောနေ့၌ပင်လျှင် သင်္ဘောလှေသည် ဇမ္ဗုကောလပဋ္ဋနဆိပ်သို့ ဆိုက်လေ၏၊ အသောကမင်းကြီးသည်လည်း မဟာဗောဓိနှင့် ကွေကွင်းရသဖြင့် ဆင်းရဲသည်ဖြစ်၍ ငိုမြည်တမ်းလျက် မျက်စိမြင်ကောင်းသော အရပ်တိုင်အောင် မြော်လိုက်၍ ပြန်လေ၏။

## ဒေဝါနံပိယတိဿမင်းကြီး ကြိုဆိုခြင်း

ဒေဝါနံပိယတိဿမင်းသည်လည်း သုမနသာမဏေ၏ စကားဖြင့် နတ်တော်လဆန်းတရက်နေ့မှစ၍ အနုရာဓမြို့၏ မြောက်တံခါးမှ ဇမ္ဗုကောလပဋ္ဋနဆိပ်တိုင်အောင် ခရီးကိုသုတ်သင်လျက် တန်ဆာဆင်၍ မြို့မှထွက်သောနေ့၌ မြောက်တံခါး၏အနီး၌ သမုဒ္ဒသာလာအရပ်၌ တည်လျက် ထိုသို့သောတင့်တယ်ခြင်းဖြင့်လာသော မဟာဗောဓိကို မထေရ်၏ အာနုဘော်ဖြင့် မြင်လျှင် နှစ်သက်သော နှလုံးရှိသည်ဖြစ်၍ ထွက်၍ အလုံးစုံသောခရီးကို ငါးပါးသော အဆင်းရှိသောပန်းတို့ဖြင့် ကြဲစေလျက် အကြားအကြား၌ ပန်းဖြင့်ပြီးသော သည်တိုင်ဖူးရပ်တို့ကို ထား၍ တရက်ခြင်းဖြင့်လျှင် ဇမ္ဗုကောလပဋ္ဋနဆိပ်သို့သွား၍ အလုံးစုံသော ကြေးနင်း, မောင်း, ခေါင်းလောင်းတို့ဖြင့် ခြံရံလျက် ပန်းနံ့သာ အစရှိသည်တို့နှင့် ပူဇော်လျက် လည်ပင်းပမာဏရှိသော ရေသို့ သက်၍—

''အချင်းတို့…အားဆယ်ပါးရှိသော မြတ်စွာဘုရား၏ ရောင်ခြည်တော်ကွန်ယက်ကို လွှတ်တတ်သော မဟာဗောဓိသည် ရောက်လာပြီတကား''ဟု ကြည်ညိုသောစိတ်ရှိသဖြင့် မဟာဗောဓိကိုချီ၍ မြတ်သော ဦးခေါင်းထက်၌တင်၍ မဟာဗောဓိကို ခြံရံကာ လာကုန်သော တဆယ့်ခြောက်ဦးကုန်သော အမျိုးနှင့်ပြည့်စုံကုန်သော သူတို့နှင့်တကွ သမုဒ္ဒရာမှ တင်၍ သမုဒ္ဒရာနား၌ မဟာဗောဓိကိုထား၍ သုံးရက်တို့ ပတ်လုံး အလုံးစုံသော လင်္ကာဒီပကျွန်း၌ မင်းအဖြစ်ဖြင့် ပူဇော်၏၊ တဆယ့်ခြောက်ဦးကုန်သော ဇာတ်နှင့်ပြည့်စုံကုန်သော အမျိုးတို့အား ပြည်ကို စီရင်စေ၏၊ ထိုနောက် လေးရက်မြောက်သောနေ့၌ မဟာဗောဓိကိုယူ၍ မြတ်သောပူဇော်ခြင်းကို ပြုလျက် အစဉ်သဖြင့် သွား၍ အနုရာဓပြည်သို့ ရောက်လေ၏။

အနုရာဓပြည်၌လည်း ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ နတ်တော်လကွယ်နေ့ မွန်းလွဲသောအခါ၌ မြောက်တံခါးဖြင့် မဟာဗောဓိကို မြို့သို့သွင်း၍ မြို့လယ်ဖြင့်ဆောင်၍ တောင်တံခါးဖြင့်ထွက်၍ တောင်တံခါးမှ လေးအပြန်ငါးရာကွာ အကြင်အရပ်၌ ငါတို့မြတ်စွာဘုရားသခင်သည် နိရောဓသမာပတ်ကို ဝင်စား၍နေတော်မူဘူး၏၊ ကကုသန်, ကောဏာဂုံ, ကဿပ ဟူကုန်သော ရှေးဘုရားသုံးဆူတို့သည်လည်း နိရောဓသမာပတ်ဝင်စား၍ နေတော်မူဘူးကုန်၏၊ အကြင်အရပ်၌ ကကုသန်မြတ်စွာဘုရား၏ ကုက္ကိုဗောဓိ, ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းဗောဓိ,ကဿပမြတ်စွာဘုရား၏ ပင်ညောင်ဗောဓိသည် တည်ဘူးကုန်၏၊ မဟာမေဃဝန်ဥယျာဉ်၏ မှန်ကူသဘွယ်လည်း ဖြစ်ထသော သုမနသာမဏေ၏ စကားဖြင့် ရှေးမဆွကပင် အပြေအပြစ် ပြုအပ်သော ဘူမိပရိကမ္မရှိသော မင်းရာတံခါးမုတ်ဖြစ်သော ထိုအရပ်၌ မဟာဗောဓိကို ထား၏၊ အဘယ်သို့တည်ထားသနည်း ဟူမူကား–

မဟာဗောဓိကိုခြံရံ၍ လာကုန်သောတဆယ့်ခြောက်ဦး ကုန်သော ဇာတ်နှင့် ပြည့်စုံကုန်သော အမျိုးတို့သည် မင်း၏အသွင်ကို ယူကုန်၏၊ ဒေဝါနံပိယတိဿမင်းသည်ကား တံခါးစောင့်အသွင်ကိုယူ၏၊ တဆယ့်ခြောက်ပါးသော အမျိုးတို့သည် မဟာဗောဓိကို ကိုင်၍ ချကုန်၏၊

မဟာဗောဓိသည် ထိုသူတို့၏လက်မှ လွတ်ကာမျှ၌လျှင် အတောင်ရှစ်ဆယ်မျှလောက်သော ကောင်းကင်သို့ပျံတက်၍ ခြောက်သွယ်သော ရောင်ခြည်တို့ကို လွှတ်၏၊ ရောင်ခြည်တို့သည် အလုံးစုံသော လက်ာကျွန်းကိုပြန့်၍ အထက်၌ ဗြဟ္မာ့ပြည်သို့ ဆိုက်၍ တည်ကုန်၏၊ မဟာဗောဓိ၏ တန်ခိုးပြာဋိဟာကိုမြင်၍ ဖြစ်သောကြည်ညိုခြင်း ရှိကုန်သော တထောင်သော ယောကျ်ားတို့သည် အစဉ်အတိုင်း ဝိပဿနာကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ရောက်ကုန်၍ ရဟန်းပြုကုန်၏၊ နေဝင်သည်တိုင်အောင် မဟာဗောဓိသည် ကောင်းကင်၌ တည်၏၊နေဝင်ပြီးသော် ရောဟိဏီ နက္ခတ်နှင့်ယှဉ်လျက် မြေ၌ တည်၏။

## ခုနစ်ရက်ပတ်လုံး တိမ်တိုက်ကြား၌တည်ပြန်ခြင်း

မဟာဗောဓိပင်မြေ၌ တည်သည်နှင့်တပြိုင်နက် ရေအဆုံးရှိသည်ကိုပြု၍ မြေကြီးသည် ပြင်းစွာတုန်လှုပ်၏၊ မြေ၌တည်ပြီး၍ မဟာဗောဓိသည် ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ ကောင်းစွာနေပြန်လေ၏။ လူအပေါင်းအား မမြင်ခြင်းသို့ရောက်၏၊ ခုနစ်ရက်မြောက်သောနေ့၌ တိမ်တိုက်ကင်းသော ကောင်းကင်သည် ဖြစ်၏၊ ခြောက်သွယ်သော ရောင်ခြည်တို့သည် တောက်ပကုန်လျက် ပြိုးပြိုးပြက် တက်ကုန်၏၊မဟာဗောဓိ၏ ပင်စည်သည်၎င်း, ခက်မငါးဖြာသည်၎င်း, အသီးငါးလုံးတို့သည်၎င်း ထင်ကုန်၏၊ အရှင်မဟိန္ဒမထေရ်သည်၎င်း, သင်္ဃမိတ္တာထေရီသည်၎င်း, မင်းကြီးသည်၎င်း အခြံအရံနှင့်တကွ မဟာဗောဓိ တည်ရာသို့သာလျှင် လာကုန်၏၊ များသောအားဖြင့် အလုံးစုံ ကျွန်း၌ နေကုန်သော သူတို့သည် စည်းဝေးကုန်၏။

ထိုအလုံးစုံသောသူတို့၏ မြင်စဉ်သာလျှင် မြောက်အခက်မှ တလုံးသော အသီးသည် ရင့်၍ အညာမှ လွတ်၏၊ အရှင်မဟိန္ဒမထေရ်သည် လက်ကိုညွှတ်၍ခံ၏၊အသီးသည်မထေရ်၏လက်၌ တည်၏၊"ထိုအသီးကို စိုက်လော့ မင်းကြီး"ဟုဆို၍ မင်းအား ပေး၏၊မင်းသည်ယူ၍ ရွှေဖျဉ်း၌ ကောင်းမြတ်သော မြေမှုန့်ကိုကြဲ၍ နံ့သာညွန်ကို ပြည့်စေ၍ စိုက်၍ မြင့်မြတ်သော နေရာ၌ ထား၏၊ ခပ်သိမ်းသောသူတို့၏ မြင်ကုန်စဉ်သာလျှင် လေးတောင်ပမာဏအမြင့်ရှိသော ရှစ်ပင်သောဗောဓိပင်ငယ်တို့သည်

ပေါက်ကုန်၏၊ မင်းကြီးသည် ထိုအံ့ဘွယ်သရဲကိုမြင်၍ ဗောဓိပင်ငယ်ရှစ်ပင်တို့ကို ထီးဖြူဖြင့်ပူဇော်၍ အဘိသိက်သွန်းခြင်းကို ပေး၏၊ ထိုဗောဓိပင်ငယ်ရှစ်ပင်အနက်-

၁။ တပင်ကို မဟာဗောဓိဒက္ခိဏသာခါ လာသောအခါ ရှေးဦးစွာ တည်ရာဖြစ်သော ဇမ္ဗုကောလပဋ္ဋဆိပ်၌ စိုက်စေ၏။
၂။ တပင်ကို တဝက္ကပုဏ္ဏားရွာတံခါး၌ စိုက်၏။
၃။ တပင်ကို ထူပါရုံ၌ စိုက်၏။
၄။ တပင်ကို ဣဿရနိမ္မာနကျောင်း၌ စိုက်၏။
၅။ တပင်ကို မြို့ရှေ့တံခါးအနီး ပဌမကစေတိယအရပ်၌ စိုက်၏။
၆။ တပင်ကို စေတိယတောင် ကျောင်း၌ စိုက်၏။
၇။ တပင်ကို ရောဟဏဇနပုဒ် ဘောဇနရွာ၌ စိုက်၏။
၈။ တပင်ကို ထိုရောဟဏဇနပုဒ်၌ပင် စန္ဒနရွာ၌ စိုက်၏။

ဤမြောက်ခက် အသီးမှတပါး လေးကိုင်းမှ လေးလုံးကုန်သော အသီးတို့၏ မျိုးစေ့တို့မှ ရောက်ကုန်သော သုံးဆယ့်နှစ်ပင်ကုန်သော ဗောဓိပင်ငယ်တို့ကိုလည်း တယူဇနာကွာ, တယူဇနာကွာ အရပ်တို့၌ စိုက်စေကုန်၏။

ဤသို့လျှင် သား,မြေး,မြစ် အဆက်ဆက်အားဖြင့် ထက်ဝန်းကျင် အလုံးစုံသော လက်ာကျွန်းသူတို့၏ စီးပွါးခြင်းငှါ, ချမ်းသာခြင်းငှါ မြတ်စွာဘုရား၏ တရားတည်းဟူသော တမ်းခွန်သဖွယ် ဖြစ်သော မဟာဗောဓိ တည်ပြီးသည်ရှိသော် မင်းကြီး၏ညီတော်- မင်းချင်း ယောကျ်ား တထောင်နှင့်တကွ ရဟန်းပြုသော အဘယမင်းသား၏ မိဖုရား အနုဋ္ဌာဒေဝီသည် မင်းသမီးငါးရာ, နန်းတွင်းသူငါးရာအားဖြင့် တထောင်သောမိန်းမတို့နှင့်တကွ သဃမိတ္တာထေရီ၏အထံ၌ ရဟန်းပြု၍ မကြာမြင့်မီပင်လျှင် အခြံအရံနှင့်တကွ ရဟန္တာအဖြစ်၌ တည်လေ၏၊ မင်းကြီး၏ တူဖြစ်သော အရိဋ္ဌ သည်လည်း ငါးရာသော ယောကျ်ားတို့နှင့်တကွ အရှင်မဟိန္ဒအထံ၌ ရဟန်းပြု၍ မကြာမြင့်မီပင် လျှင် အခြံအရံနှင့်တကွ ရဟန္တာအဖြစ်၌ တည်လေ၏။

## ၂၉၂။ သီဟိုဠ်သာသနာအစဉ်အဆက်ကိုပြခြင်း

### မြေကြီးသုံးကြိမ်လှုပ်ခြင်း

ထိုရောအခါ တနေ့သ၌ မင်းကြီးသည် မဟာဗောဓိကို ရှိခိုး၍ မထေရ်နှင့်တကွ ထူပါရုံစေတီသို့ သွား၏၊ လောဟပါသာဒ ကြေးပြာသာဒ်တည်ရာသို့ ရောက်သော ထိုမင်းအား မင်းချင်းယောက်ျားတို့သည် ပန်းပွင့်တို့ကို ဆောင်ခဲ့ကုန်၍ ပေးဆက်၏၊ မင်းကြီးသည် မထေရ်အား လှူ၏၊ မထေရ်သည် ပန်းပွင့်တို့ကို လောဟပါသာဒ တည်ရာအရပ်၌ ပူဇော်၏၊ ပန်းပွင့် မြေသို့ ရောက်ကာမျှ၌ မြေသည် တုန်လှုပ်၏၊ မင်းကြီးသည် "အရှင်ဘုရား....အဘယ့်ကြောင့် မြေကြီး တုန်လှုပ်သနည်း" ဟု မေး၏၊ "မြတ်သောမင်းကြီး.... နောင်သော အခါ ဤအရပ်၌ သံဃာ၏ဥပုသ်အိမ် ကြေးပြာသာဒ် ဖြစ်လတ္တံ့၊ ထို ကြေးပြာသာဒ်ဖြစ်လတ္တံ့သည်၏ ပုဗ္ဗနိမိတ်တည်း"ဟူ၍ မိန့်တော်မူ၏။

မင်းကြီးသည် မထေရ်နှင့်တကွ သွားပြန်သော် အမ္ဗင်္ဂဏအရပ်သို့ ရောက်၏၊ ထိုအရပ်၌ အဆင်းအနံ့အရသာနှင့် ပြည့်စုံသော သရက်သီးမှည့်တလုံးကို မင်းအား ဆက်လာကုန်၏၊ မင်းကြီးသည် မထေရ် အား ဘုဉ်းပေးစိမ့်သောငှါ လှူ၏၊မထေရ်သည် ထိုနေရာ၌ပင် ဘုဉ်းပေး၍ "ဤအရပ်၌ ဤသရက်စေ့ကို စိုက်လော့" ဟု ဆို၏။

မင်းကြီးသည် ထိုသရက်စေ့ကိုယူ၍ ထိုအရပ်၌ စိုက်၍ ရေသွန်း၏၊ သရက်စေ့ မြေကြီးသို့ ရောက်သည်နှင့်တပြိုင်နက် မြေကြီး တုန်လှုပ်၏၊ မင်းကြီးသည် "အရှင်ဘုရား....အဘယ့်ကြောင့် မြေကြီးလှုပ်သနည်း" ဟု မေး၏၊ "မင်းကြီး....နောင်သောအခါ ဤအရပ်၌ သံဃာ၏စည်းဝေးရာ အမ္ဗင်္ဂဏ အမည်ရှိသော အရပ်သည် ဖြစ်လတ္တံ့၊ ဤမြေကြီး လှုပ်ခြင်းသည် ထိုသို့ဖြစ်လတ္တံ့သည်၏ ပုဗ္ဗနိမိတ်တည်း" ဟု ကြား၍ မင်းကြီးသည် ထိုအရပ်၌ ရှစ်ဆုပ်သောပန်းတို့ဖြင့် ပူဇော်၍ မထေရ် နှင့်တကွ သွားပြန်သော် မဟာစေတီကြီး တည်ရာအရပ်သို့ ရောက် လေ၏၊ ထိုအရပ်၌ စံကားပန်းတို့ကို မင်းကြီးအား ဆက်လာကုန်၏၊ မင်းသည် ထိုပန်းတို့ကို မထေရ်အား လှူ၏၊ မထေရ်သည် ထိုအရပ်ကို ထိုပန်းတို့ဖြင့် ပူဇော်၍ ရှိခိုး၏၊ ထိုခဏ၌ မြေကြီးတုန်လှုပ်၏၊မင်းသည်

"အဘယ့်ကြောင့် မြေကြီးလှုပ်သနည်း"ဟု မေးပြန်၏၊ "မင်းကြီး…. နောင်သောအခါ ဤအရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော်ဌာပနာရာ အတုမရှိ ကြီးစွာသော စေတီဖြစ်လတ္တံ့၊ဤမြေလှုပ်ခြင်းသည် ထိုစေတီ ကြီးဖြစ်လတ္တံ့သည်၏ ပုဗ္ဗနိမိတ်တည်း"ဟု မထေရ် မိန့်တော်မူ၏။

"အရှင်ဘုရား..အကျွန်ုပ်သည်ပင်ပြုအံ့"ဟုလျှောက်၏၊"မင်းကြီး.. မသင့်၊သင်မင်းကြီးအား အမှုတပါး များစွာရှိသေး၏၊သင်မင်းကြီး၏ မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းသည် စေတီကြီးစွာ ပြုလတ္တံ့"ဟု မိန့်တော်မူသော် "အရှင်ဘုရား….အကယ်၍ အကျွန်ုပ်၏ မြေးသည် ပြုငြားအံ့၊ အကျွန်ုပ်ပြုသည်ပင်မည်၏"ဟု လျှောက်၍ တဆယ့်နှစ် တောင်ရှိသော ကျောက်သည်တိုင်ကို ဆောင်စေ၍ "ဒေဝါနံပိယ တိဿမင်း၏ မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းသည် ဤအရပ်၌ မြတ်စွာဘုရား၏ ဓာတ်တော်တစရွတ်မျှလောက်ကို ဌာပနာ၍ ကြီးစွာ သောစေတီကို ပြုစေသတည်း"ဟု ကမ္ပည်းမှာစာ အက္ခရာရေး၍ စိုက် ထားစေပြီးသော် မင်းကြီးသည် "အရှင်ဘုရား….ဤတမ္ဗပဏ္ဏိကျွန်း၌ မြတ်စွာဘုရား၏ သာသနာတော် တည်ပါပြီလော"ဟု လျှောက်၏၊ "မြတ်သောမင်းကြီး….သာသနာတော်ကား တည်ပြီ၊သာသနာတော် ၏အမြစ်တို့သည်ကား ယခုအခါ မသက်ကုန်သေး"ဟူ၍ မိန့်တော် မူ၏။

"အရှင်ဘုရား….အဘယ်အခါ၌ သာသနာ၏အမြစ်တို့သည် သက် သည် မည်ကုန်သည် ဖြစ်ကုန်လတ္တံ့နည်း" ဟု မင်းကြီးလျှောက်သော် "မင်းကြီး….အကြင်အခါ တမ္ဗပဏ္ဏိကျွန်း၌နေကုန်သော အမိအဘ တို့၏ တမ္ဗပဏ္ဏိကျွန်း၌ဖွားသော သတို့သားတို့သည် တမ္ဗပဏ္ဏိကျွန်း၌ ရဟန်းပြု၍ တမ္ဗပဏ္ဏိကျွန်း၌သာလျှင် ဝိနည်းပိဋကတ်ကို တတ်အောင် သင်၍ တမ္ဗပဏ္ဏိကျွန်းသား ရဟန်းတို့ကို ပို့ချလတ္တံ့၊ ထိုအခါ သာသနာတော်၏အမြစ်တို့သည် သက်သည်မည်ကုန်သည် ဖြစ်ကုန် လတ္တံ့"ဟု အရှင်မဟိန္ဒ မထေရ် မိန့်တော်မူ၏၊ "အရှင်ဘုရား…. ဤသို့သော အမှုကိုပြုခြင်းငှါ စွမ်းနိုင်သော တမ္ဗပဏ္ဏိကျွန်းသားရဟန်း ရှိပါ၏လော"ဟုမင်းကြီးလျှောက်သော် "မင်းကြီး….ရှိ၏၊ ငါတို့လာ

စဉ်းက စေတီယတောင်၌ ငါးကျိပ် ငါးယောက်သော မင်းချင်း ယောက်ျားတို့နှင့် တကွရဟန်းပြုသော မဟာအရိဋ္ဌမည်သော ရဟန်း သည် ထိုအမှုကို ပြုခြင်းငှါ စွမ်းနိုင်၏''ဟု မိန့်တော်မူ၏။

''ဤအမှု၌ အကျွန်ုပ်သည် အဘယ်သို့ ပြုရအံ့နည်း''ဟု မင်းကြီး လျှောက်သော် ''မြတ်သောမင်းကြီး....မဏ္ဍပ်ကြီးစွာ ပြုအံ့သောငှါ သင့်၏''ဟု မိန့်တော်မူ၍ ''ကောင်းပြီ အရှင်ဘုရား''ဟု ဝန်ခံ၍ မေဃဝဏ္ဏာဘယအမတ်၏ ပရိဝုဏ်အရာ၌ ပဌမသင်္ဂါယနာတင်သော အခါ အဇာတသတ်မင်းသည် ပြုအပ်သောမဏ္ဍပ်နှင့်တူသော အပြား ရှိသော မဏ္ဍပ်ကို မင်း၏အာနုဘော်ဖြင့်ပြုစေ၍ အလုံးစုံသော မောင်း, ကြေးနင်း,ခွက်ခွင်း,နှဲ,ပြွေအတတ်သည်တို့ကို မိမိ မိမိတို့၏ အတတ်၌ ယှဉ်စေ၍ သာသနာတော်၏ အမြစ်သက်ကုန်သည်တို့ကို မြင်ရကုန် လတ္တံ့ဟု အထောင်မကသော မင်းချင်းယောက်ျားတို့ဖြင့် ခြံရံလျက် ထူပါရုံစေတီသို့ လာ၏။

### မဟာအရိဋ္ဌမထေရ်ဝိနည်းပိဋကတ်ကိုဟောခြင်း

ထိုရောအခါ ထူပါရုံ၌ ခြောက်သောင်း ရှစ်ထောင်သော ရဟန်း တို့သည် စည်းဝေးကုန်၍အရှင်မဟာမဟိန္ဒမထေရ်၏နေရာကို တောင် သို့ မျက်နှာပြု၍ ခင်း၏၊ မဟာအရိဋ္ဌမထေရ်၏နေရာကို မြောက်သို့ မျက်နှာပြု၍ ခင်း၏၊ ထိုရောအခါ မဟာအရိဋ္ဌ မထေရ်သည် အရှင် မဟိန္ဒမထေရ် တိုက်တွန်းအပ်သည်ဖြစ်၍ မိမိအား လျောက်ပတ်သော အစဉ်ဖြင့် တရားဟောနေရာ၌ နေ၏၊အရှင်မဟိန္ဒမထေရ်အမှူးရှိသော ခြောက်ကျိပ်ရှစ်ယောက်သော မထေရ်ကြီးတို့သည် တရားဟောနေရာ ကိုခြံရံ၍ နေကုန်၏၊ ထိုအခါ မင်းကြီး၏ညီတော်ဖြစ်သော မတ္တာဘယ မထေရ်သည် အဦးကိုယူသည်ဖြစ်၍ ဝိနည်းပိဋကတ်ကို သင်အံ့ဟု ငါးရာသော ရဟန်းတို့နှင့်တကွ မဟာအရိဋ္ဌမထေရ်၏ တရားဟော နေရာကို ခြံရံ၍ နေကုန်၏၊ထိုမထေရ်တို့မှ ကြွင်းကုန်သော ငါးထောင့် ကိုးရာ လေးဆယ့် သုံးကျိပ်သော ရဟန်းတို့သည်၎င်း, မင်းနှင့်တကွ ဖြစ်သော ပရိသတ်တို့သည်၎င်း မိမိ မိမိတို့အားရောက်သောနေရာ၌ နေ

ရာ၌ နေကုန်၏၊ ထိုအခါ ရှည်သောအသက်တော်ရှိသော အရှင်အရိဋ္ဌ မထေရ်သည်—

တေန ခေါ ပန သမယေန ဗုဒ္ဓေါဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ နဠေရု ပုစိမန္ဒမူလေ—

အစရှိသော နိဒါန်းကို အစတည်၍ ဝိနည်းပိဋကတ်ကို ဟော၏။

ဤသို့ မဟာအရိဋ္ဌမထေရ် ဝိနည်းနိဒါန်းကို ဟောသည်ရှိသော် ကြီးစွာသောအသံသည် ကောင်းကင်သို့မြည်၍ တက်၏၊အခါမဲ့လျှပ်စစ်တို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏၊နတ်တို့သည် ကောင်းချီးပေးကုန်၏၊ ရေအဆုံးရှိသည်ကိုပြု၍ မြေကြီးသည် တုန်လှုပ်၏၊ ဤသို့တပါးမက များသော ပြာဋိဟာတို့သည် ဖြစ်ကုန်စဉ်ပင် မဟာအရိဋ္ဌမထေရ်သည် မဟာမဟိန္ဒမထေရ်အမှူးရှိသော အသီးအသီးသော ဂိုဏ်းကို ဆောင်ကုန်သော ခြောက်ကျိပ်ရှစ်ယောက်သော ရဟန္တာတို့သည်၎င်း, ထိုမှ တပါးကုန်သော ခြောက်သောင်း ရှစ်ထောင်မျှလောက် ကုန်သော ရဟန်းတို့သည်၎င်း ခြံရံအပ်အပ်သည်ဖြစ်၍ သီတင်းကျွတ် ပဝါရဏာနေ့၌ ထူပါရာမကျောင်း၏အလယ်၌ မြတ်စွာဘုရား၏ ကရုဏာဂုဏ်တော်ကို ပြတတ်သော မြတ်စွာဘုရားဆုံးမတိုင်း ကျင့်သောသူတို့အား ကာယကံ,ဝစီကံ တုန်လှုပ်ခြင်းကို ဖျောက်တတ်သော ဝိနည်းပိဋကတ်ကို ထင်ရှားပြတော်မူ၏။

ဤသို့ ထင်ရှားပြပြီး၍ မဟာအရိဋ္ဌမထေရ်သည် အသက်တော်ရှည်သမျှကာလပတ်လုံး တည်လျက် များစွာသော ရဟန်းတို့ကို သင်စေ၍ များစွာသော ရဟန်းတို့၏နှလုံး၌ ဝိနည်းပိဋကတ်ကို ထား၏၊ ဤသို့လျှင် အရှင်မဟိန္ဒမထေရ် အစရှိသော အသီးအသီးသော ဂိုဏ်းကို ဆောင်ကုန်သော ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော တန်ခိုးဘန်ဆင်းခြင်း၌ လိမ္မာကုန်သော ခြောက်ကျိပ် ရှစ်ယောက်ကုန်သော မထေရ်တို့သည် မြတ်သောနိဗ္ဗာန်မဂ်ဖိုလ်ဟူသော အကျိုးကို သိသဖြင့် မင်းကိုဆုံးမကုန်၍ ၂ အလျှားအနံ လေးဆယ့်ကိုးယူဇနာရှိသော လင်္ကာကျွန်း၌ အလင်းကိုဖြစ်စေ၍ လင်္ကာကျွန်း အလုံးကို ထွန်းလင်းစေ၍ ပရိနိဗ္ဗာန် ပြုတော်မူလေကုန်၏။

### သာသနာတော်၏ဝန်ဆောင်မထေရ်များ

ထိုမထေရ်ကြီး ခြောက်ကျိပ်ရှစ်ယောက်တို့ ပရိနိဗ္ဗာန်ပြုပြီးသော နောက်အဘို့၌ ထိုမထေရ်ကြီးတို့၏ရင်း, မဟာအရိဋ္ဌမထေရ်၏ရင်း တပည့်ဖြစ်ကုန်သော—

၁။ တိဿဒတ္တမထေရ်,
၂။ ကာဠသုမနမထေရ်,
၃။ ဒီဃသုမနမထေရ်တို့သည်ရင်း-

ထိုမထေရ်တို့၏ တပည့်အဆင့်ဆင့်ဖြစ်ကုန်သော တဘန်လျှင်—

၁။ ကာဠသုမနမထေရ်,
၂။ နာဂမထေရ်,
၃။ ဗုဒ္ဓရက္ခိတမထေရ်,
၄။ တိဿမထေရ်,
၅။ ရေဝမထေရ်,
၆။ တဘန်-သုမနမထေရ်,
၇။ စူဠနာဂမထေရ်,
၈။ ရောဟဏဇနပုဒ်၌ သူတော်ကောင်းဟု သမုတ်အပ်သော ဓမ္မပါလမထေရ်-

ထိုမထေရ်၏တပည့်ဖြစ်ကုန်သော—

၁။ ခေမမထေရ်,
၂။ ဥပတိဿမထေရ်,
၃။ ဖုဿဒေဝမထေရ်,
၄။ တဘန်-သုမနမထေရ်,
၅။ မဟာသိဝမထေရ်,
၆။ ဥပါလိမထေရ်,
၇။ မဟာနာဂမထေရ်,
၈။ အဘယမထေရ်,
၉။ တိဿမထေရ်-

ထိုမထေရ်တို့၏ တပည့်ဖြစ်ကုန်သော စောရနာဂဘေးကြောင့် ဇမ္ဗုဒိပါသို့ကူး၍-သာသနာတော်ကို စောင့်ကုန်သော—

၁။ သုမနမထေရ်၊

၂။ စူဠာဘယမထေရ်၊

၃။ တိဿမထေရ်၊

၄။ စူဠဒေဝမထေရ်၊

၅။ သိဝမထေရ်—

ဤသို့လျှင် အရှင်မဟိန္ဒတို့မှ တပည့်အဆင့်ဆင့်ဖြစ်ကုန်သော အရှင်သိဝမထေရ်မှ ထောက်၍ ဆရာအဆင့်ဆင့်ဖြစ်ကုန်သော ဤနှစ်ကျိပ်ခြောက်ပါးကုန်သော မထေရ်ကြီးတို့သည် ပိဋကတ်သုံးပုံကို ဆောင်ကုန်သည်ဖြစ်၍ သီဟိုဠ်ကျွန်း၌ သာသနာတော်ကို စည်ပင်ထွန်းလင်းအောင် ဆောင်တော်မူကုန်၏။

ဤသို့လျှင် မြတ်စွာဘုရား သာသနာတော်သည် ဘုရားကိုယ်တော်ထင်ရှားရှိတော်မူသောကာလ၌ ဇမ္ဗူဒိပ်ကျွန်း၌ အဝန်းယူဇနာကိုးရာရှိသော မဇ္ဈိမဒေသအတွင်း၌သာလျှင် စည်ပင်ပွင့်လင်း ထွန်းလင်းစွာဖြစ်သတည်း၊ ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသောနောက် အနှစ် ၂၃၆-နှစ် ရောက်သောအခါ၌ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် တထောင်သောရဟန္တာတို့နှင့်တကွ ဘုရားရှင်မှုခပါ၌ ပိဋကတ်သုံးပုံကိုပေါင်း၍ အညီအညွတ်ရွတ်သဖြင့် တတိယသင်္ဂါယနာ တင်ပြီးသောအခါ၌ မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ပစ္စန္တဒေသတို့၌လည်း ဘုရားသာသနာ ပြန့်ပွားစည်ပင် တည်စိမ့်သောငှါ—

၁။ မဇ္ဈန္တိကမထေရ်၊

၂။ မဟာရေဝမထေရ်၊

၃။ ရက္ခိတမထေရ်၊

၄။ ယောနကတိုင်းသား-ဓမ္မရက္ခိတမထေရ်၊

၅။ မဟာဓမ္မ ရက္ခိတမထေရ်၊

၆။ မဟာရက္ခိတမထေရ်၊

၇။ မဇ္ဈိမမထေရ်၊

၈။ အရှင်သောဏမထေရ်,
၉။ အရှင်ဥတ္တရမထေရ်,
၁၀။ အရှင်မဟိန္ဒမထေရ်-

ဤတကျိပ်သောမထေရ်တို့ကို အသီးအသီး ဝန်ခံစေ၍ ပစ္စန္တဒေသ၌ သာသနာတော်ကို ပြုစေသဖြင့် ဇမ္ဗူဒိပါကျွန်းထက်၌ မဇ္ဈိမဒေသ၏ ပြင်ပ ပစ္စန္တဒေသဖြစ်သော ကသ္မီရဂန္ဓာရတိုင်း, မဟိံသကမဏ္ဍလ, ဝနဝါသီ, အပရန္တကတိုင်း, မဟာရဋ္ဌတိုင်း, ယောနကလောက, ဟိမဝန္တဒေသဘာဂ, သုဝဏ္ဏဘူမိအားဖြင့် ရှစ်ပါးသော အရပ်တို့၌၎င်း, အရံကျွန်းငယ်ဖြစ်သော သီဟိုဠ်ကျွန်း၌၎င်း ဤသို့အားဖြင့် ကိုးပါးသော ပစ္စန္တဒေသအရပ်တို့၌ ယခုထက်တိုင်အောင် မြတ်စွာဘုရား သာသနာတော်သည် စည်ပင်ပွင့်လင်း ထွန်းလင်းထောက်ပစွာ တည်သတည်း။

---

## ၂၉၃။ ဘုရားသုံးဆူတို့၏ သာသနာတည်ဘူးသည်ကိုပြခြင်း

### ကကုသန်ဘုရားသာသနာ

သီဟိုဠ်ကျွန်း၌ကား ငါတို့မြတ်စွာဘုရားသာသနာတော်သာ တည်သည်မဟုတ်၊ ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရား သုံးဆူတို့၏ သာသနာတော်သည်လည်း တည်ဘူးလေကုန်သလျှင် ကတည်း၊ ထိုသုံးဆူတို့တွင် ကကုသန် မြတ်စွာဘုရား ဖြစ်တော်မူသည့် အခါ၌ ဤသီဟိုဠ်ကျွန်းသည် ဩဇဒီပ ကျွန်းမည်၏၊ မင်းသည် အဘယမည်၏၊ စေတိယတောင်သည် ဒေဝကူဋတောင်မည်၏၊ ထုပါရာမသည် ပဋိယာရာမမည်၏၊ ထိုအခါ ကကုသန်ဘုရားသည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏၊ ထိုကကုသန်မြတ်စွာဘုရား၏ တပည့်သားတော် ဖြစ်သော မဟာဒေဝမထေရ်သည် ရဟန်းတထောင်နှင့်တကွ ဇမ္ဗူဒိပါမှ ကောင်းကင်ဖြင့်သွား၍ အရှင်မဟိန္ဒမထေရ်သည် စေတိယတောင်ထိပ်၌ တည်တော်မူသကဲ့သို့ ဒေဝကူဋတောင်ထိပ်၌ တည်၏။

ထိုအခါ ဩဇကျွန်း၌ သတ္တဝါတို့သည် ယဉ်းအနာဖြင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ကကုသန်မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခု

ဖြင့် လောကကို ကြည့်တော်မူသော် ထိုအကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်သော သတ္တဝါတို့ကိုမြင်၍ သနားတော်မူသောအားဖြင့် လေးသောင်းသော ရဟန်းတို့ဖြင့် ခြီရံလျက် ထိုကျွန်းသို့ ကြွတော်မူ၏၊ ထိုခဏ၌ပင် မြတ်စွာဘုရား၏ တန်းခိုးအာနုဘော်ဖြင့် ယဉ်းအနာသည် ကင်းငြိမ်း၏၊ ရောဂါငြိမ်းပြီးသော် မြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် သစ္စာလေးပါးကို သိ၍ မဂ်,ဖိုလ်ရကုန်၏၊ ကကုသန်မြတ်စွာဘုရားသည် ဓမကရိုဏ်ကို ပေးခဲ့၍ ဇမ္ဗူဒီပါသို့ ကြွလာ၏။

ထိုဓမကရိုဏ်ကို ဌာပနာ၍ ထူပါရာမအရာ၌ **ပဋိယာရာမစေတီ** တည်၍ ထိုသူတို့သည် ကိုးကွယ်လေကုန်၏၊ မဟာဒေဝမထေရ်သည် ကျွန်းကိုစောင့်၍ နေတော်မူရစ်၏၊ မေဃဝန်ဥယျာဉ်သည် **မဟာတိတ္ထ** ဥယျာဉ်တွင်၏၊ ကကုသန်မြတ်စွာဘုရားသည် ဗောဓိတည်မည့်အရာ၌ ဖလသမာပတ်ဝင်စားတော်မူ၍"ရာဇနန္ဒာထေရီမသည် ဗောဓိလက်ျာခက်ကို ဆောင်ခဲ့စေသတည်း"ဟု မိန့်တော်မူလျှင် ထိုထေရီမသည် နတ်နားဖြင့်ကြား၍ ကုက္ကိုဗောဓိလက်ျာခက်ကို ဆောင်ခဲ့သဖြင့် ကကုသန်ဘုရား၏ ကုက္ကိုဗောဓိ လက်ျာခက်သည် အရှင် ဂေါတမဘုရား ဗောဓိတည်ရာ၌ တည်၏။

### ကောဏာဂုံဘုရားသာသနာ

ကောဏာဂုံဘုရား ဖြစ်တော်မူသောအခါ၌ ဤကျွန်းသည် **ဝရဒီပ** မည်၏၊ ပြည်သည်ကား ဝဍ္ဎမာနမည်၏၊ မင်းသည် သမေဏ္ဍိမည်၏၊ စေတိယတောင်သည် သုဝဏ္ဏကူဋမည်၏၊ မေဃဝန် ဥယျာဉ်သည် **မဟာနာမ**ဥယျာဉ်တွင်၏၊ ထိုအခါ ဝရဒီပကျွန်း၌ မိုယ်းခေါင်သဖြင့် ရခဲသော ထမင်းအစာရှိ၏၊ ပျက်စီးသော ကောက်စပါးရှိ၏၊ သတ္တဝါတို့သည် ငတ်မွတ်သောဘေးဖြင့် အကျိုးမဲ့ သေကြေပျက်စီးခြင်းသို့ ရောက်ကုန်၏၊ကောဏာဂုံမြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့်လောကကို ကြည့်တော်မူသော် ငတ်မွတ်ခြင်းဘေးဖြင့် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကုန်သော ထိုသတ္တဝါတို့ကို မြင်တော်မူ၍ သနားသဖြင့် ရဟန်း သုံးသောင်းခြီရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ **သုဝဏ္ဏကူဋ** တောင်ထိပ်၌ တည်တော်မူ၏၊ မြတ်စွာဘုရား တန်ခိုးတော်ဖြင့် မိုယ်း

သည် အလျဉ်ထန်စွာ ရွာသွန်း၏၊ ရလွယ်သောထမင်းအစာ ရှိသည်၊ ဝပြောသည် ဖြစ်ကုန်၏၊ကောဏာဂုံမြတ်စွာဘုရားသည် ရောက်လာကုန်သော ကျွန်းသူတို့အား တရားဟောတော်မူ၏၊ ရှစ်သောင်း လေးထောင်ကုန်သော ဝေနေယျတို့သည် တရားရကုန်၏။

မြတ်စွာဘုရားသည် သုမနမထေရ်ကို ရဟန်းတထောင်အခြံအရံနှင့်တကွ ထားခဲ့၏၊ ကိုးကွယ်ရစ်စိမ့်သောငှါ ခါးပန်းတော်ကိုလည်း ပေးခဲ့၏၊ ဗောဓိတည်မည့်အရပ်၌ ဖလသမာပတ်ကို ဝင်စားတော်မူ၍"ကဏ္ဍကာနန္ဒာမည်သော ထေရီမသည် ရဟန္တာမငါးရာနှင့်တကွ ငါ၏ဗောဓိဒက္ခိဏာသာခါကိုယူ၍ လာစေသတည်းဟု" မိန့်တော်မူသဖြင့် ထိုရဟန္တာမလည်း ရေသဖန်းဗောဓိ ဒက္ခိဏာသာခါကိုယူ၍ လာ၏၊ ခါးပန်းတော်ကို ဌာပနာ၍ ထူပါရာမစေတီ တည်ရာ၌ စေတီတည်၍ ကိုးကွယ်ကုန်၏၊ရေသဖန်းဗောဓိကိုလည်း အရှင်ဂေါတမဗောဓိစိုက်ရာ၌ စိုက်၍ ကိုးကွယ်ကုန်၏။

### ကဿပဘုရားသာသနာ

ကဿပမြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ ဤကျွန်းသည် **မဏ္ဍဒီပ** မည်၏၊မင်းသည် ဇယန္တ မည်၏၊ပြည်သည် ဝိသာလ မည်၏၊ စေတိယတောင်သည် သုဘကူဋတောင် မည်၏၊ မေဃဝန်ဥယျာဉ်သည် **မဟာသာလ** ဥယျာဉ် တွင်၏၊ထိုအခါ ထိုမဏ္ဍဒီပကျွန်း၌ ကြီးစွာသော ငြင်းခုံခြင်းသည် ဖြစ်၏၊များစွာသောသတ္တဝါတို့သည် ငြင်းခုံခိုက်ရန်ဖြစ်ကုန်၍ အကျိုးမဲ့သေကြေပျက်စီးခြင်းသို့ ရောက်ကုန်၏၊ထိုအကြောင်းကို ဗုဒ္ဓစက္ခုဖြင့် မြင်တော်မူ၍ သနားတော်မူသောအားဖြင့် ကဿပမြတ်စွာဘုရားသည် ရဟန္တာနှစ်သောင်းခြံရံလျက် ကြွလာ၍ သုဘကူဋတောင်ထိပ်၌ တည်တော်မူ၏၊ ငြင်းခုံခိုက်ရန်ကို ငြိမ်းစေ၍ တရားဟောတော်မူ၏၊ငြင်းခုံခြင်းဘေးရန်သည်လည်း ငြိမ်းလေကုန်၏၊ ရှစ်သောင်းလေးထောင်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။

ကဿပမြတ်စွာဘုရားသည် သဗ္ဗနန္ဒိ အမည်ရှိသော မထေရ်ကို အခြံအရံ ရဟန္တာတထောင်နှင့် တကွ ထိုကျွန်း၌ထားခဲ့၍ ကိုးကွယ်စိမ့်သောငှါလည်း ရေသနုပ်တော်ကိုပေးခဲ့၍ ဗောဓိတည်မြဲရာ၌ ဖလသမာပတ်ဝင်စားတော်မူ၍"သုဓမ္မာရဟန္တာမသည် ငါ၏ဗောဓိဒက္ခိဏာ

သာခါကိုယူ၍လာစေသတည်းဟု''မိဋ္ဌာန်တော်မူလျှင်သုမ္မောရဟန္တာမသည် ဒိဗ္ဗသောတဖြင့်ကြား၍ ညောင်ကြွတ်ဗောဓိဒက္ခိဏသာခါကိုယူ၍ ရဟန္တာမအခြံအရံ ငါးရာနှင့်တကွ လာ၏၊ ထူပါရာမစေတီရာ၌စေတီတည်၍ ရေသနုပ်တော်ကို ဌာပနာ၍ ကိုးကွယ်ကုန်၏၊ ညောင်ကြွတ်ဗောဓိဒက္ခိဏသာခါကိုလည်း အရှင်ဂေါတမ၏ ဗောဓိဒက္ခိဏသာခါစိုက်ရာ၌ စိုက်၍ ကိုးကွယ်ကုန်၏။

ဤသို့လျှင် ကကုသန်, ကောဏာဂုံ, ကဿပ ဘုရားသုံးဆူတို့၏သာသနာတော်, ပရိဘောဂစေတီ, ဒက္ခိဏသာခါဗောဓိတို့သည် ဤလင်္ကာဒီပကျွန်း၌ တည်ဘူးလေကုန်သလျှင်တည်း၊ ထိုမြတ်စွာဘုရားတို့၏ သာသနာတော်ကုန်သဖြင့်ကား ထိုသို့သောစေတီရာ, ဗောဓိရာတို့၌ တစုံတယောက်သောသူသည် စားကြွင်း, အန်ဖတ်, တံမြက်ချေးအစရှိသည့် အညစ်အကြေးတို့ဖြင့် မဖျက်ဆီးစိမ့်သောငှါ နတ်တို့၏အာနုဘော်ဖြင့် အဆူးရှိသော သစ်ပင်ခြုံနွယ်တို့သည် ဖုံးအုပ်လျက်တောဖြစ်၍ တည်၏။

## ဂေါတမဘုရားသာသနာ

ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ကား လူနေမဖြစ်မီ ရှေးကာလက ဤကျွန်း၌ ဘီလူးတို့နေရာ လင်္ကာပုရပြည် ရှိသည်ကိုစွဲ၍ **လင်္ကာဒီပ** ကျွန်းဟု သမုတ်၏၊ ဇမ္ဗူဒိပ်၌ လာလတိုင်း သီဟပုရပြည်၌ ခြင်္သေ့သားဖြစ်သော သီဟဗာဟုမင်း၏သား ဝိဇယဗာဟု မင်းသည် ''သီဟဿ အပစ္စံ ဂေါတ္တံ သီဟော''ဟူသော ဝစနတ္ထနှင့်အညီသီဟမည်၏၊ ထိုသီဟအမည်ရှိသော ဝိဇယဗာဟုသည် အစတည်ထောင်၍ လူနေပြုသဖြင့် ဤကျွန်းကိုယူအပ်သည်ကို စွဲ၍ ''သီဟောလာတိ ဂဏှာတီတိ သီဟဠော၊ လဿ ဠတ္တံ''ဟူသော ဝစနတ္ထနှင့်အညီ **သီဟဠဒီပ** ဟူ၍ သမုတ်၏။

ထိုမင်းသားတို့ လှေမှသက်၍ အစဉ်သဖြင့်သွားကြသော် ပင်ပန်းသဖြင့် နားရာတွင် မြေ၌လက်ဝါးထောက်မိလျှင် ကြေးနီကဲ့သို့မြေမှုန့်နီလက်ဝါး၌ စွဲသည်ကိုအကြောင်းပြု၍ တမ္ဗပဏ္ဏိဟူ၍လည်း ဤကျွန်းကိုသမုတ်ကုန်၏၊ ထိုကြောင့် ငါတို့ဘုရားလက်ထက်တော်အခါ ဤကျွန်း

သည် အမည်သုံးပါးကိုရ၏၊ ထိုသီဟိုဠ်ကျွန်း၌ ငါတို့မြတ်စွာဘုရား သာသနာတော် တည်သောအခါကား ဘုရားမြတ်စွာ ပရိနိဗ္ဗာန် လွန်တော်မူသည်မှ အနှစ် ၂၃၆-နှစ်ရောက် မင်းခြောက်ဆက်မြောက်၌ တည်၏။

ထိုကျွန်း၌ အစစွာ လူနေတည်ထောင်သော ဝိဇယဗာဟုသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည့် ကဆုန်လပြည့်နေ့ သီဟိုဠ်ကျွန်းသို့ရောက်၍ လူနေအစတည်ထောင်၍ ၃၈-နှစ် မင်းပြု၏၊ ထိုနောက် ထိုမင်း၏ညီတော်ဖြစ်သော သုမိတ္တာမင်း၏သား ပဏ္ဍုဝါသုဒေဝသည် ဇမ္ဗူဒိပ်ကျွန်း သီဟပုရပြည်မှလာ၍ မင်းပြု၏၊ အနှစ် ၃၀-ကြာ၏၊ ပဏ္ဍုဝါသုဒေဝ ဇမ္ဗူဒီပါမှမရောက်မီတနှစ် သီဟိုဠ်၌ မင်းမရှိ၊ အမတ်တို့သာ စီရင်အုပ်ချုပ်ရ၏၊ ထိုနောက် ထိုပဏ္ဍုဝါသုဒေဝမင်း၏ သားကိုးယောက်တွင် အကြီး အဘာယကုမ္မာ မင်းသား အနှစ် ၂၀-မင်းပြု၏၊ ထိုနောက် ထိုမင်း၏နှမ စိတ္တာမိဖုရား၏ သား ပဏ္ဍုကာဘယသည် ဦးရီးတော် အကြီး အဘာယကုမ္မာမင်းအား စစ်ပြု၍ ပြည်ကိုလု၍ ဦးရီးတော်အငယ် ရှစ်ယောက်တို့ကိုလည်း တိုက်ခိုက်လုပ်ကြံစဉ် ၁၇-နှစ်ကြာ၏၊ထို ၁၇-နှစ် မင်းမရှိ၊ သီဟိုဠ်ကျွန်း၌ လပ်၏၊ ၁၇-နှစ်လွန်မှ ပဏ္ဍုကာဘယ အဘိသိက်ခံ၍ အနှစ် ၇၀-မင်းပြု၏၊ မင်းဖြစ်မှ အနုရာဓမြို့ကို တည်၏။

ထိုနောက် သား မုဋသိဝ အနှစ် ၆၀-မင်းပြု၏၊ ထိုနောက် သား ဒေဝါနံပိယတိဿ မင်းပြု၏၊ ထိုဒေဝါနံပိယတိဿမင်း အဘိသိက်ခံ၍ ခုနစ်လမြောက် မြတ်စွာဘုရားသာသနာတော် ၂၃၆-နှစ်အဝင် နယုန်လပြည့်နေ့ အရှင်မဟာမဟိန္ဒစသော မထေရ်ငါးပါး, သုမနသာမဏေ, ဘဏ္ဍုကဥပါသကာ ခုနစ်ယောက်တို့သည် ဇမ္ဗူဒီပါမှ ကောင်းကင်ခရီးဖြင့်သွား၍ သီဟိုဠ်အနုရာဓပြည်မှ အရှေ့တယူဇနာခြား မိဿကတောင်ထိပ်၌ တည်၏၊ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရား သာသနာတော်သည် စည်ပင်ပွင့်လင်း ထွန်းလင်းစွာ ဖြစ်သတည်း။

## ၂၉၄-ကျောင်း,ကန်,စေတီ ကောင်းမှုတို့ကိုပြုခြင်း

ဒေဝါနံပိယတိဿ မင်းသည် သာသနာတော်၌ စေတီ,ဗောဓိ, ကျောင်း,ကန် များစွာပြု၏၊ အရှင်မဟိန္ဒမထေရ်တို့ အစပဌမ ဝါဆိုတော်မူရာ စေတိယတောင်၌ပြုအပ်သော ၃၈မင်ကျောင်းတို့သည် မဟိန္ဒဂုဟာ, မဟိန္ဒဝိဟာရ, မဟိန္ဒပဗ္ဗာရဟူ၍ တွင်ကုန်၏၊ လက်ျာညှပ်ရိုးတော်ကိုဌာပနာ၍ ထူပါရုံစေတီတည်၏၊သုမနသာမဏေ ဓမ္မာသောကမင်းကြီးထံမှ ပင့်ဆောင်ခဲ့၍ စေတိယတောင်၌ ထားခဲ့သော တသပိတ်ပြည့်မျှသော ဓာတ်တော်တို့ကို တယူဇနာခြား တယူဇနာခြားအရပ်၌ ဌာပနာ၍ စေတီတည်၍ ဓာတ်တော်ဆောင်ခဲ့သော မြတ်စွာဘုရားကျောက်သပိတ်တော်ကို နန်းရှေ့၌ ပြာသာဒ်ဆောက်၍ ကိုးကွယ်၏၊ ဒက္ခိဏသာခါ မဟာဗောဓိပင်မကို မေဃဝန်ဥယျာဉ်၌ စိုက်၏၊ ဗောဓိပင်ပွါးငယ်လေးဆယ်တို့ကို တယူဇနာခြား,တယူဇနာခြားတို့၌စိုက်၏။

ရှေးဦးစွာ မေဃဝန်ဥယျာဉ်၌ ကျောင်းကြီးဆောက်၍ အရှင်မဟိန္ဒအား လှူ၏၊ နှစ်ကြိမ်မြောက် စေတိယတောင်၌ ကျောင်းဆောက်၍ လှူ၏၊ သုံးကြိမ်မြောက် ထူပါရာမ၌ ကျောင်းဆောက်၍ လှူ၏၊လေးကြိမ်မြောက် မဟာဗောဓိအနီး၌ ကျောင်းဆောက်၍လှူ၏၊ငါးကြိမ်မြောက် သုမနသာမဏေအား ကျောင်းဆောက်၍ လှူ၏၊ ခြောက်ကြိမ်မြောက် တိဿဝါပိ၌ ကျောင်းဆောက်၍ လှူ၏၊ခုနစ်ကြိမ်မြောက် အဘယဂိရိ၌ ကျောင်းဆောက်၍ လှူ၏။ သင်္ဃမိတ္တာထေရီအား မဟာဗောဓိအနီး၌ ကျောင်းဆောက်၍ လှူ၏၊ ဟတ္ထိပလ္လကျောင်းဟု တွင်၏၊မဟာပါလိတ အမည်ရှိသော သိမ်ကြီးကို သမုတ်စေ၏၊ ဇမ္ဗုဒိပ်သို့ကူးသော ဇမ္ဗုကောလပဋ္ဋဆိပ်၌ ကျောင်းဆောက်၍ လှူ၏၊ တိဿမဟာဝိဟာရဟု သမုတ်၏၊နောက်အခါ ပါစီနဝိဟာရ ဟုတွင်၏၊ ဤသို့သော ကောင်းမှုတို့ကို ပြု၍ နန်းထက်အနှစ် ၄၀-နေ၍ အနိစ္စဖြစ်၏။

## ၂၉၅- မဟာဂါမ မင်းဆက်ရာဇဝင်ကိုပြခြင်း

ဒေဝါနံ ပိယတိဿမင်းကြီး အသက်ရှိစဉ်ကာလ ညီမဟာနာဂကို အိမ်ရှေ့ပေး၏၊ ဒေဝါနံပိယတိဿမင်း၏ မိဖုရားသည် မိမိသားကို မင်းဖြစ်စေလိုသောကြောင့် သရက်သီးမှည့်တွင် အဆိပ်ထည့်၍ အိမ်ရှေ့မင်းသို့ပို့စေ၏၊ ထိုသို့ပို့စေရာ မိမိသားပါ၍ သရက်သီးကိုစားသဖြင့် သားသေလေ၏၊ ထိုအကြောင်းကို အိမ်ရှေ့မင်းသိသော် မိဖုရားကို ကြောက်သောကြောင့် မိမိအခြွေအရံကိုယူ၍ ရောဟဏဇနပုဒ်သို့ သွား၍ မဟာဂါမ၌နေ၍ ထိုဇနပုဒ်၌ မင်းပြု၏။

အနုရာဓပြည်၌လည်း ဒေဝါနံပိယတိဿမင်းလွန်လျှင် ထိုမင်း၏ ဒုတိယညီတော် ဥတ္တိယမင်းပြု၏၊ စည်းစိမ်ထက် ၁၀-နှစ်နေ၍ လွန်၏၊ ဥတ္တိယမင်းပြု၍ ရှစ်နှစ်မြောက်တွင် အရှင်မဟိန္ဒထေရ် အသက်တော် ၆၀-ပြည့် သီတင်းကျွတ်လဆန်း ၂-ရက်နေ့ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ သင်္ဃမိတ္တာထေရီမသည်လည်း အနှစ် ၇၉-နှစ်နေ၍ ဟတ္ထိပလ္လက တောင်၌ ပရိနိဗ္ဗာန်ပြု၏၊ ဇမ္ဗုဒိပါ၌ ခမည်းတော် ဓမ္မာသောက မင်းကြီးသည် အဘိသိက်ခံသည်မှ ၃၇-နှစ်နေ၍ အနိစ္စဖြစ်၏၊ မယ်တော် အသန္ဓိမိတ္တာကား မင်းကြီးအဘိသိက်ခံသည်မှ ၁၆-နှစ်မြောက်တွင် အနိစ္စဖြစ်၏။

ဒေဝါနံပိယတိဿမင်းကြီးညီ အိမ်ရှေ့မင်း မဟာနာဂအောက် ဥတ္တိယမင်း နန်းထက် ၁၀-နှစ်နေ၍ လွန်လျှင် မင်းကြီးညီရင်းပင် မဟာသီဝမင်းပြု၏၊ ထိုမင်းနန်းထက် ၁၀-နှစ်နေ၍ အနိစ္စဖြစ်၏၊ ထိုမင်းလွန်လျှင် ထိုမင်းညီ သူရတိဿမင်းပြု၏၊ ထိုမင်းမင်းဖြစ်၍ ၁၀-နှစ်ရှိလျှင် ထိုသူရတိဿကို သေနဂုတ္တ ကျည်းညီနောင် နှစ်ယောက်တို့ ဘမ်း၍ အနုရာဓပြည်၌ မင်းပြု၏၊ ထိုကျည်းညီနောင်မင်းပြု၍ ၁၂-နှစ်ရှိလျှင် ထိုကျည်းညီနောင်တို့ကို သူရတိဿမင်းညီ အသေလဘမ်း၍ မင်းပြု၏၊ အသေလမင်းပြု၍ ၁၀-နှစ်ရှိလျှင် ထိုအသေလကိုဘမ်း၍ စူဠရဋ္ဌမှလာ၍ ဧဠာရကျည်းသည် အနုရာဓပြည်၌ ၄၄-နှစ်မင်းပြု၏။

မဟာဂါမ၌လည်း ဒေဝါနံပိယတိဿမင်းညီ မဟာနာဂလွန်လျှင် ထိုမင်းသား ယဋ္ဌာလာယကတိဿ မဟာဂါမ၌ မင်းပြု၏၊ ထိုမင်းလွန်

လျှင် ထိုမင်း သား ဝေါဟာရဘယ မဟာဂါမ၌ မင်းပြု၏၊ ဝေါဟာရဘယ လွန်လျှင် သားကာကဝဏ္ဏ မဟာဂါမ၌ မင်းပြု၏၊ ထိုမင်း သားကား ဂါမဏိ, တိဿဟူ၍ ညီ,အစ်ကိုရှိ၏၊ အစ်ကိုဂါမဏိမင်း အဘနှင့် အတူ မဟာဂါမတွင် နေ၏၊ ညီတိဿကိုကား ဒီဃဝါပိကို စားစေ၏၊ ဂါမဏိလည်း အဘအမျက်ရှိရာတွင် မဟာဂါမမှခွါ၍ မလယဇနပုဒ်၌ နေ၏၊ အဘအမျက်ထွက်သည်ကို အစွဲပြု၍ ဒုဋ္ဌဂါမဏိဟုနောက်မှတွင်၏၊ ကာကဝဏ္ဏမင်းတနှစ်တကျောင်း၊ ၆၄-ကျောင်းဆောက်၏၊ စည်းစိမ်ထက် ၆၄-နှစ်နေ၍ ကာကဝဏ္ဏလွန်လျှင် ဒုဋ္ဌဂါမဏိ မဟာဂါမ၌ မင်းပြု၏။

---

## ၂၉၆-ဒုဋ္ဌဂါမဏိသီဟိုဠ်ကျွန်း၌ မင်းပြုသည်ကိုပြခြင်း

အနုရာဓပြည်၌ ဧဠာရကျည်း မင်းပြုသောအခါ ကျည်းမိစ္ဆာဒိဋ္ဌိတို့သည် သီဟိုဠ်ကျွန်း၌ စေတီ, ဗောဓိ, ကျောင်းရပ်တို့ကို ဖျက်ဆီး၍ သာသနာတော်သည် ပူပန်ဆင်းရဲစွာဖြစ်သတည်း၊ ဒုဋ္ဌဂါမဏိမင်းသည် ကျည်းမိစ္ဆာဒိဋ္ဌိတို့ကို နှိပ်နင်းလျက် သာသနာတော်ကို ချီးမြှောက်အံ့ဟု ကြံ၍ သံဃာငါးရာကို ပင့်၍ ခမည်းတော် ကာကဝဏ္ဏ မင်းပေးခဲ့သော ကဏ္ဍာလဆင်မြူနှင့်ဒုင်း–

၁။ နန္ဒိမိတ္တ,

၂။ သူရနိမ္မလ,

၃။ မဟာသောဏ,

၄။ ဂေါဌယိမ္ဗရ,

၅။ ထေရပုတ္တာဘယ,

၆။ ဘရဏ,

၇။ ဝေဠုသုမန,

၈။ ခဉ္ဇဒေဝ,

၉။ ဖုဿဒေဝ,

၁၀။ လဗိတဝသဘ-

ဤသူရဲတကျိပ်တို့နှင့်ရင်းတကွ များစွာသော စစ်သည်တို့ဖြင့် ခြီရံ လျက် မဟာဂါမမှထွက်၍ ဂင်္ဂါတဘက်သို့ကူး၍ မဟိယင်္ဂဏနှင့်နီး သော မလယဇနပုဒ်၌နေ၍ သတ္တုဟူသောကျည်းတို့ကို နှိပ်နင်း၍ မဟိယင်္ဂဏ၌ အတောင်ရှစ်ဆယ်အမြင့်ရှိသောစေတီတည်၍ ထိုမှသည် အမ္ဗတိတ္ထသို့လာ၍ အမ္ဗတိတ္ထကျည်းတို့ကိုလေးလဖြင့်ဘမ်း၍ ခွန်အား ကြီးသော ကျည်းခုနစ်ယောက်တို့ကို တနေ့တည်းဘမ်း၍ ထိုမှသည် အန္တရာသောမ၌ မဟာသောမကျည်းကို,ဒေါဏဂါမ၌ ဒေါဏကျည်း, တာလတောလ၌ မဟိသာရကျည်း, နာဝိသောဏ၌ နာလိကကျည်း, ဒီဃာဘာယကျည်းတို့ကို ဘမ်း၏။

ထို့နောင် ကစ္ဆပတိတ္ထ၌ ကပိသီသကျည်းကို လေးလဖြင့်ဘမ်း၏၊ ဝေတ္တမြို့၌ တာလကျည်း, ကဏုက၌ ကဏုကကျည်း, တသိဋ္ဌကျည်း, ဂါမဏိ၌ ဂါမဏိကျည်း, ကပ္ပ၌ ကပ္ပကျည်း, နန္ဒိဂါမ၌ နန္ဒိကကျည်း, ခါဏု၌ ခါဏုကျည်း,တမ္ဗဏ၌ တူဦးရီးကျည်းနှစ်ယောက်တို့ကိုဘမ်း၏၊ ကြွင်းသောကျည်းတို့သည် ဝိဇိတမြို့သို့ ဝင်လေကုန်၏၊ ဝိဇိတမြို့ကို သူရဲ တကျိပ်တို့နှင့် ကြိုးအားထုတ်၍ လများစွာဖျက်ရ၏၊ ထို့နောက် ဂိရိ လောက၌ ဂိရိယကျည်းကို ဘမ်း၏။

ထိုကသည် မဏိဟူသောပြည်, တလဟရမည်သောပြည်, ပတိတ ဟူသောပြည်, ကဏ္ဍကာမဟူသော ပြည်တို့ကိုရ၏၊ အနကဟူသော ပြည်ကိုလည်းရ၏၊ထို့နောင် ကြံခတ်ဝါးအတိရံသောဝိဇယမြို့၌ မဟော လကျည်းကိုကြံစည်၍ လေးလဖြင့်ဘမ်းရ၏၊ ထိုကမှ အနုရာဓပြည်သို့ ချီလာ၍ ဧဠာရကျည်းကို ဘမ်း၏၊ ဤသို့လျှင် ဒုဋ္ဌဂါမဏိမင်းသည် သုံးနှစ်တို့ဖြင့် ကျည်းသုံးဆယ့်သုံးပြည်၌ ကျည်းတို့ကို ကွပ်နှိပ်၍ အနု ရာဓပြည်၌ မင်းပြု၏။

---

## ၂၉၇။ မဟာစေတီတည်ထားသည်ကိုပြခြင်း

### မရိစဝဋ္ဋိကျောင်းနှင့် လောဟပါသာဒကြေးပြာသာဒ်

ဤသို့လျှင် ဒုဋ္ဌဂါမဏိမင်းသည် ကျည်းမိစ္ဆာဒိဋ္ဌိတို့ကို သုတ်သင်ရှင်း လင်းပြီး၍ အနုရာဓပြည်၌ မြတ်သောမင်းအဖြစ်သို့ ရောက်ပြီးသော်

စေတီနှင့်တကွ မရိစဝလ္လိမည်သော ကျောင်းကြီးကို သုံးနှစ်တို့ဖြင့် ဆောက်၍ တသိန်းသောသံဃာတို့အားလှူ၏၊ "ကာကဝဏ္ဏသား-အဘယဒုဋ္ဌဂါမဏိသည် သံဃာဥပုသ်အိမ် ဘုံကိုးဆင့်ရှိသော လောဟပါသာဒ အတောင် ၁၀၀-ရှိသော စေတီကိုပြုလတ္တံ့"ဟု ဒေဝါနံပိယ တိဿမင်း ရေးထားမှာခဲ့သောရွှေပေစာကိုကြား၍ ဝမ်းမြောက်သဖြင့် တာဝတိံသာ၌ အတုယူစေသော အစောက် တဆယ့်နှစ်ယူဇနာ အဝန်း လေးဆယ့်ရှစ်ယူဇနာ အထွဋ်တထောင် တိုက်တထောင် ဘုံကိုး ဆင့်ရှိသော ဝရဇာနတ်သမီး၏ ဗိမာန်အတူ အစောက်အတောင်တရာ, အဝန်း အတောင်လေးရာ, ဘုံကိုးဆင့်, အထွဋ်ကိုးရာရှိသော ကြေးပြာသာဒ်ကိုပြု၍ သံဃာအား လှူ၏၊ ဘုံကိုးဆင့်တွင် တဆင့်တဆင့်၌ အထွဋ်တို့သည် တရာစီရှိကုန်၏၊ ငွေဖြင့်ပြီးကုန်၏၊ ကြေးနီအတိမိုး သောကြောင့် လောဟပါသာဒဟု တွင်သတည်း။

## ကျောက်တိုင်စိုက်၍ မြေပရိကံပြုခြင်း

လောဟပါသာဒပြီးလျှင် ဒုဋ္ဌဂါမဏိမင်းသည် ဘိုးတော် ဒေဝါနံပိယတိဿမင်း တဆယ့်နှစ်တောင်ရှိသောကျောက်ကိုစိုက်၍"ဤအရပ်၌ ဒုဋ္ဌဂါမဏိမင်းစေတီကြီးစွာတည်လတ္တံ့"ဟုမှာထားခဲ့သောအရပ်၌ စေတီကြီးစွာတည်အံ့ဟု ကဆုန်လပြည့်နေ့ကစ၍ မြေပရိကံကိုပြု၏၊ ပြုဟန်ကား ထက်ဝန်းကျင် အစောက်ခုနစ်တောင် အနံ ဆင်တကန့် ပမာဏရှိသောအရပ်၌ မြေမှုန့်တို့ကိုပယ်၍ ဟင်္သာပြဒါးကျောက်တို့ကို မှုန့်မှုန့် ညက်ညက်ကြေအောင် တူဖြင့်ခတ်၍ ဆင်ဖြင့်သိပ်နင်းစေ၍ ထိုအထက်၌ ကောင်းကင်ဂင်္ဂါမှ ရေပေါက်ကျရာ ယူဇနာသုံးဆယ်ရှိ သောအရပ်၌ မြေတို့သည် ရေပေါက်တို့ဖြင့် အမြဲစွတ်သည်ဖြစ်၍ အလွန်သိမ်မွေ့ညံ့သက်သောကြောင့် နဝနီတမည်၏။

ထိုမြေကို ရဟန္တာတို့ကို ဆောင်ယူစေ၍ခင်း၏၊ ထိုအထက်၌ အုဋ် စီ၍ အင်္ဂတေကျုံ၏၊ အင်္ဂတေအထက်၌ မှတ်ကျောက်မှုန့် ထိုအထက်၌ သံကွန်ယက် ထိုအထက်၌ ရဟန္တာတို့ဆောင်ယူအပ်သော ဟိမဝန္တာ၌ ရှိသော ကောင်းသောအနံ့ရှိသော ရွှံ့ကိုကျုံ၏၊ ထိုအထက်၌ ကျောက် စရစ် ထိုအထက်၌ ကျောက်ကိုခင်း၏၊ ထိုအထက်၌ လက်ခုနစ်သစ်

အထူရှိသောကြေးနီပြား ထိုအထက်၌ လက်ခုနစ်သစ်အထူရှိသော ငွေပြားကို ခင်းစေ၏၊ ဓာတ်တော်တိုက်ကား အတောင်ရှစ်ဆယ် အစောက်နက်၏၊ နံပါးလေးဘက်တို့၌ တထောင့်ကသည် တထောင့် တိုင်အောင် အတောင်ရှစ်ဆယ်စီရှိ၏၊ ဓာတ်တော်တိုက်၌ ခင်းသော ကျောက်ဖျာ, ပိတ်သောကျောက်ဖျာတို့ကား အလျားအနံ အတောင် ရှစ်ဆယ်စီရှိ၏၊ ထိုကျောက်ဖျာတို့ကား ရဟန္တာဖြစ်သော ဥတ္တရ သာမဏေ,သုမနသာမဏေတို့ကိုစေ၍ ဥတ္တရကုရုကျွန်းမှ ဆောင်အပ် သော ဆီအဆင်းနှင့်တူသော ကျောက်တို့တည်း၊ ဝါဆိုလပြည့် ဥပုသ် နေ့ မင်္ဂလာအုတ်တည်သတည်း။

မင်္ဂလာအုတ်တည်အံ့သောငှါ ဝါဆိုလဆန်း ၁၄-ရက်နေ့ သံဃာကို စည်းဝေးစေ၏၊ အဝမင်္ဂလသာမန္တမှ အရှင်ဣန္ဒဂုတ္တသည် ရဟန်း ရှစ်သောင်းတို့ကိုယူ၍ ဝေသာလီ၌ ဝါလိကာရာမမှ မဟာဗုဒ္ဓရက္ခိတ မထေရ်သည် ရဟန္တာ တသောင်း ရှစ်ထောင်တို့ကို, ကောသမ္ဗီ၌ ဃောသိတာရုံမှ မဟာဓမ္မရက္ခိတမထေရ်သည် ရဟန်းသုံးသောင်း တို့ကို,မဟာရဋ္ဌမှ ဓမ္မရက္ခိတမထေရ်သည် ရဟန်းလေးသောင်းတို့ကို, ပါဋလိပုတ်၌ အသောကရာမမှ မိတ္တမထေရ်သည် ရဟန်းကိုးသောင်း ခြောက်ထောင်တို့ကို, ဂန္ဓာရတိုင်းမှ အနိမိတ္တမထေရ်သည် ရဟန်း နှစ်သောင်းရှစ်ထောင်တို့ကို, မဟာပလ္လဝဘောဂမှ မဟာဒေဝမထေရ် သည် ရဟန်းခြောက်သန်းလေးသိန်းတို့ကို—

ယောနကတိုင်း အလသန္ဒမြို့မှ ယောနက ဓမ္မရက္ခိတမထေရ်သည် ရဟန်း သုံးသောင်းတို့ကို, ဝိဥ္ဈာဋဝီ၌ ဝတ္တနိယကျောင်းမှ ဥတ္တရ မထေရ်သည် ရဟန်းရှစ်သောင်းတို့ကို, မဟာဗောဓိမဏ္ဍလဝိဟာရမှ စိတ္တဂုတ္တမထေရ်သည် ရဟန်း သုံးထောင်တို့ကို, စန္ဒဝါသီဘောဂမှ စန္ဒဂုတ္တမထေရ်သည် ရဟန်ရှစ်သောင်းတို့ကို,ကလာသမဟာဝိဟာရမှ သူရိယဂုတ္တ မထေရ်သည် ရဟန်းကိုးသောင်းတို့ကိုယူ၍ ကောင်းကင် ခရီးဖြင့် ဇမ္ဗူဒိပါမှလာ၍ စည်းဝေးကုန်၏၊ သီဟိုဠ်ကျွန်း၌ နေကုန် သော ရဟန်းတို့ စည်းဝေးလာသည်ကား မရေတွက်နိုင်၊ ရဟန္တာ ချည်း တဆယ့်ခြောက်ကုဋေရှိ၏။

### သောနုတ္တရသာမဏေအား ဓာတ်တော်ပင့်ရန် စေလွှတ်ခြင်း

မင်းကြီးလည်း ဝါဆိုလဆန်း ၁၄-ရက်နေ့ ကျောင်းသို့ လာ၍ သုံးသောင်းမျှသော ရဟန်းတို့ကို စည်းဝေးစေ၍ "အရှင်ဘုရားတို့…. နက်ဖြန် ဝါဆိုလပြည့် ဓာတ်တော်ဌာပနာအံ့သည်၊ ဓာတ်တော်ရတော် မမူကုန်လေသလော" လျှောက်သဖြင့် သံဃာသည် ဆဉ္ဇာတိည ရဟန္တာ ဖြစ်သော သောနုတ္တရ သာမဏေကိုစေ၏၊ "သာမဏေ….မြတ်စွာ ဘုရားရှိစဉ် သိကြားကိုခေါ်၍ သိကြား….ငါ၏ဓာတ်တော် ရှစ်စရွတ် တွင် ကောလိယမင်းတို့ ပူဇော်သော တစရွတ်သော ဓာတ်တော်သည် နောင်သောအခါ သီဟိုဠ်ကျွန်း၌ မဟာစေတီ၌ တည်လတ္တံ့၊ စောင်မ ဘိဟု မိန့်တော်မူ၏၊ ဒေါဏပုဏ္ဏား ဝေသောအခါ ရသောထို ဓာတ်တော်ကို ဌာပနာ၍ ရာမဂါမ၌ကောလိယမင်းတို့ ကိုးကွယ်သော ထိုစေတီသည် သမုဒ္ဒရာရေအယဉ်တိုက်၍ ဖျက်သဖြင့် ဓာတ်တော်ကြုတ် ရေ၌မျော၍ ရတနာသဲပြင်ထက်တင်လေသည်ကို နဂါးတို့မြင်၍ ပဏ္ဏရ နဂါးပြည်၌ ကာလနဂါးမင်းအား ကြား၍ နဂါးမင်းသည် နဂါး ကုဋေတသောင်း ခြံရံလျက် ယူလာ၍ ကိုးဆယ့်ခြောက်ကုဋေသော ဥစ္စာကို ပူဇော်၍ အထူးထူးသော ရတနာတို့ဖြင့်ပြီးသော စေတီကို ဘန်ဆင်း၍ ကိုးကွယ်ပူဇော်၏၊ ထိုဓာတ်တော်ကို သင်ဆောင်ချေ"ဟု ဆို၍ စေ၏။

သာမဏေလည်း "ကောင်းပြီ အရှင်ဘုရား"ဟု ဝန်ခံ၍ မြေ၌ ငုတ်လေ၍ နဂါးပြည်သို့ ရောက်လေသော် "အဘယ်ကြောင့် လာ သနည်း"ဟု နဂါးမင်းမေးသဖြင့် "နဂါးမင်းမှာရှိသော ဓာတ်တော် ကို ဆောင်ယူချေဟု သံဃာသည်စေ၍လာရ၏"ဟု ဆို၏၊ ထိုစကားကို ကြား၍ ရဟန်းသည် တန်းခိုးကြီး၏၊ ငါတို့ကိုပင်နှိပ်စက်၍ ယူရာ၏၊ ဓာတ်တော်ကို တပါးသို့ဘဲအပ်၏ဟုကြံ၍ ဝါသုလဒတ္တမည်သောနဂါး အား အမှတ်ပေးသဖြင့် ဝါသုလဒတ္တသည် ဓာတ်တော်ကြုတ်ကိုမျို၍ မြင်းမိုရ်ခြေရင်းသို့သွား၍ နဂါးများစွာဝန်းရံလျက် သဲပြင်၌နေ၏၊ ကာလနဂါးမင်းသည် သောနုတ္တရသာမဏေအား"ငါ့အထံ၌ ဓာတ် တော်မရှိ၊ သံဃာသည် တပါးမှာရှာ၍ ဓာတ်တော်ကိုဆောင်လေ့ဟု

သင်ကြားချေ''ဆို၏၊ သာမဏေလည်း အကြောင်းကိုသိသဖြင့်''မကြာစေလင့်၊ ယခုပေး၊ နဂါးမင်းတွင်ပင်ရှိ၏''ဟု ဆိုသော်—

ရတနာဖြင့်ပြီးသော စေတီအိမ်ကိုပြ၍''အရှင်သည် ဤစေတီအိမ်၌ဓာတ်တော်ရှိ,မရှိကိုမသိ၊ ပေးလော့ ပေးလော့ဟူ၍သာ တောင်း၏၊ ''ဓာတ်တော်ရှိသော် ယူလော့''ဟုဆို၏၊''ကောင်းပြီနဂါးမင်း ယူအံ့'' ဟုဆို၍ ဝါသုလဒတ္တသွားရာသို့လိုက်၍ ဝါသုလဒတ္တကိုတွေ့လျှင် သိမ်မွေ့စွာ လက်ကိုဘန်ဆင်း၍ ခံတွင်းဖြင့်သွင်း၍ ဝမ်းထဲ၌ ဓာတ်တော်ကြုတ်ကိုယူခဲ့၍ သံဃာအား နှင်း၏၊ သိကြားမင်းသည် ဝိသုကြံနတ်သားကို သာမဏေ၏အနီး၌ ရတနာမဏ္ဍာပ်ဘန်ဆင်းစေ၍ မိမိလည်း ရွှေပန်းတောင်းနှင့်တကွ ရတနာပလ္လင်ကိုယူခဲ့၍ ထိုမဏ္ဍာပ်၌ ထား၍ သာမဏေလက်မှ ဓာတ်တော်ကြုတ်ကိုယူ၍ ပလ္လင်၌ထား၍ လူနတ်တို့သည် ပူဇော်ကုန်၏။

### မဟာစေတီတည်တော်မူခြင်း

ထိုဝါဆိုလပြည့်နေ့မင်္ဂလာအုဋ်၌ ရွှေအုဋ်ရှစ်ချပ်တွင် တချပ်တချပ်၌ ငွေအုဋ် တရာ့ရှစ်ချပ်စီရံ၍ ခင်းတည်ပြီးသော် ဓာတ်တော်တိုက်အလယ် ဣန္ဒနီလာမဏိမြေ၌ အမြစ်သန္တာ ပင်စည်တဆယ့်ရှစ်တောင် ငွေခက် ရင်းဖျားစောက်တဆယ့်ရှစ်တောင်,ငွေရွက်ရင့်,မြရွက်နု, ရွှေအသီး,အညွန့်သန္တာ ဤအလုံးစုံ ရတနာအတိပြီးသော ဗောဓိပင်ကိုတည်ထား၍ အထက်၌ ဗိတာန်ကြက်၍ ပုလဲဖြင့်ပြီးသော ခြူကွန်ရက်ရွှေထီးရွှေပန်းဆိုင်းဆွဲ၍ လေးထောင့်တို့၌ ကိုးသိန်းထိုက်သော ပုလဲကုံးကိုဆွဲ၍ ဗောဓိပင်ဝန်းကျင် ရတနာခုနစ်ပါးအတိပြီးသော ပွတ်လုံးဖြင့်ရံ၏၊ မဟာဝလာဟ ပုလဲကိုခင်း၏၊ ပွတ်လုံးတို့၏ အကြားအကြား၌ နံ့သာရည်ဖြင့် ပြည့်သော ရတနာခုနစ်ပါးဖြင့် ပြီးသောအိုးတို့ကိုတည်စေ၍ ရွှေအိုး၌ သန္တာပွင့်သန္တာအိုး၌ ရွှေပွင့် ဤသို့စသည်ဖြင့် ရတနာ ခုနစ်ပါးဖြင့်ပြီးသော ပန်းပွင့်တို့ကို စိုက်ကုန်၏။

ဗောဓိပင်၏အရှေ့၌ ရတနာဖြင့်ပြီးသော တကုဋေအဘိုးထိုက်သောပလ္လင်၌ တခဲနက်ရွှေဖြင့်ပြီးသောရုပ်ထုတော်ကိုထား၍ သဟမ္ပတိဗြဟ္မာ ထီးမိုးဟန်ပြု၏၊ သိကြားမင်းဝိဇယုတ္တရ ခရုသင်းမှုတ်ဟန်ပြု၏၊

ပဥ္စသိခနတ်သား ဗေလုဝစောင်းကို တီးဟန်ပြုစေ၏၊ နဂါးသမီးခြံရံလျက် ကာလနဂါးမင်း ဘောင်းချီးပေးဟန်ကိုပြု၏၊ ဂိရိမေခလာဆင်စီး၍ မိုလ်ပါနှင့်တကွ မာရ်နတ်စစ်လာဟန်ကိုပြု၏၊ အရှေ့မျက်နှာ၌ ပလ္လင်နှင့်တူသော တကုဋေထိုက်သော အုဋ်ပလ္လင်ကိုခင်းစေ၍ ဆင်စွယ်ယပ်ကိုထား၏၊ အရှေ့မြောက်ထောင့်မှ ဗောဓိပင်ကိုဦးခေါင်းပြု၍ အထူးထူးသောရတနာဖြင့် တန်ဆာဆင်သော တကုဋေထိုက်သော ငွေနေရာကိုခင်း၍ ထိုနေရာထက်ရပ်လျက် မမှိတ်သော မျက်စိဖြင့် ပလ္လင်ကိုကြည့်ဟန်ပြုစေ၏၊ အနိမိသနှင့် ပလ္လင်အကြား၌ အရှေ့အနောက်အလျား ရတနာစင်္ကြံ၌စင်္ကြံသွားဟန်ပြု၏၊ အနောက်မြောက်ထောင့်၌ ရတနာဃရ၌ အဘိဓမ္မာကို သုံးသပ်ဟန်ပြု၏။

မုစလိန္ဒာနဂါး ခုနစ်ခွေရစ်၍နေဟန်, အဇပါလ ညောင်ပင်ရင်း၌နေဟန်, လင်းလွန်းပင်၌နေဟန်, သိကြားကြစုသီးလှူဟန်, တပုဿဘလ္လိက ပျားဆွမ်းလှူဟန်, စာတုမဟာရာဇ် နတ်မင်းလေးယောက်သပိတ်လှူဟန်, သပိတ်ဖြင့်ပျားဆုပ်ကိုခံဟန်, သဟမ္ပတိဗြဟ္မာတောင်းပန်ဟန်, တိံသဘဒ္ဒဝဂ္ဂီတို့ကိုချွတ်ဟန်, ဥရုဝေလကဿပစသော ရသေ့တထောင့်သုံးယောက်ကိုချွတ်ဟန်, လဋ္ဌိဝန၌ ဗိမ္ဗိသာရမင်း ခရီးဦးကြိုပြုဟန်, ရာဇဂြိုဟ်သို့ဆွမ်းခံဝင်ဟန်, ဝေဠုဝန်ကျောင်းကို အလှူခံဟန်ကိုပြုစေ၏၊ အသီတိမဟာသာဝကကို ပြုစေ၏။

ကပိလဝတ်သို့ကြွဟန်, ရတနာစင်္ကြံဘန်ဆင်း၍ ပြာဋိဟာပြဟန်, ရာဟုလာ- မင်းနန်တို့ကို ရဟန်းပြုဟန်, ဇေတဝန်ကျောင်းကို ခံဟန်, ကဏ္ဍမ္ဗသရက်ပင်၌ ပြာဋိဟာပြဟန်, နတ်ပြည်၌ အဘိဓမ္မာတရားဟောဟန်, နတ်ပြည်မှသက်သော် ပြာဋိဟာကိုပြဟန်, ဓနပါလ-အာဠဝက- အင်္ဂုလိမာလတို့ကို ဆုံးမဟန်, အာယုသင်္ခါရလွှတ်ဟန်, ဝက်သားဆွမ်းခံဟန်, ပရိနိဗ္ဗာန်ပြုဟန်, အရှင်မဟာကဿပ ခြေတော်ကိုရှိခိုးဟန်, ဒေါဏပုဏ္ဏား ဓာတ်တော်ဝေဟန်, ငါးရာ့ငါးဆယ်ဇာတ်, ဝေဿန္တရာဇာတ်၌ အခြင်းအရာအလုံးစုံ အစရှိသည်တို့ကို ပြုစေ၏။

ဓာတ်တော်တိုက်၌ ကိစ္စပြီးလျှင် သုံးကြိမ် ဓာတ်တော်ကိုပူဇော်၍ မဏ္ဍပ်၌ ဓာတ်တော်ကိုယူ၍ ဦးခေါင်း၌ရွက်၍ ရဟန်းသံဃာခြံရံလျက် မဟာစေတီကို လက်ျာရစ်သုံးကြိမ်လှည့်၍ အရှေ့တံခါးဖြင့်

ဓာတ်တော်တိုက်သို့ သက်၏၊ ကိုးဆယ့်ခြောက်ကုဋေသော ရဟန်းတို့သည် မဟာစေတီကိုရံ၍ တည်၏၊ မင်းသည် ဦးခေါင်းမှ ဓာတ်တော်ကြုတ်ကိုချအံ့ဟု ကြံသောခဏ၌ ထန်းခုနစ်ဆင့်မျှ ကောင်းကင်၌ ဘုရားအသွင်ကိုယူ၍ ဓာတ်တော်တို့သည် ကဏ္ဍမ္ဗ၌ကဲ့သို့ ပြာဋိဟာပြကုန်၏၊ ထိုပြာဋိဟာကိုမြင်သဖြင့် ကြည်ညို၍ ၉၂-ကုဋေမျှသောနတ်လူတို့သည် ရဟန္တာဖြစ်ကုန်၏၊ အောက်မဂ်, အောက်ဖိုလ်သို့ရောက်သည်ကား မရေတွက်နိုင်၊ ဓာတ်တော်တို့သည် ဓာတ်တော်ကြုတ်သို့ ဝင်၍ တည်သောအခါ နံ့သာမျိုးလေးပါးတို့ဖြင့်ပက်၍ "ဘုရားအိပ်သောအခြင်းအရာဖြင့် အိပ်စေသတည်း"ဟု ဓိဋ္ဌာန်၍ မြတ်သောအိပ်ရာ၌ ထား၏။

ထိုခဏ၌ ဓာတ်တော်တို့သည် ဘုရားအသွင်ဖြင့် ကျိန်းတော်မူ၏၊ ဝါဆိုလပြည့်နေ့ ဌာပနာပြီးသော် ဓာတ်တော်တိုက်ကို ပိတ်စေ၍ နတ်တို့သည် ဖန်ဆင်း၍ပေးအပ်သော အုဋ်တို့ဖြင့် မဟာစေတီကို လုပ်၍ ပန်းတင်သုံးဆင့်ပြီးသော် ရဟန္တာတို့မြစ်မှသောဌါ မြေနှင့်အမျှ နစ်စေကုန်၏၊ တဘန်စီလုပ်၍ ပန်းတင်သုံးဆင့်ပြီးပြီးလည်း နစ်ပြန်စေကုန်၏၊ တဘန် ပန်းတင်သုံးဆင့် လုပ်ပြန်၍ မဟာစေတီ ပြီးအောင်လုပ်၍ အင်္ဂတေမပြီးမီ,ထီးမပြီးမီ အဘယဒုဋ္ဌဂါမဏိမင်းသည် စည်းစိမ်ထက် ၂၄-နှစ်နေ၍ အနိစ္စဖြစ်၏၊ မဟာစေတီသည် ဟေမမာလာစေတီမည်၏၊ ဒုဋ္ဌဂါမဏိမင်း လွန်လျှင် ဒီဃဝါပိမြို့မှ လာ၍ ညီသဒ္ဓါတိဿ အနုရာဓပြည်၌ မင်းပြု၏၊ ဟေမမာလာစေတီကို ထီးအင်္ဂတေတို့ဖြင့် ပြီးစေ၏။

---

## ၂၉၈။ မဟိယင်္ဂဏစေတီထပ်မံတည်သည်ကိုပြခြင်း

မဟိယင်္ဂစေတီ၌ကား မြတ်စွာဘုရားဆံတော်တဆူ,လည်ချောင်းရိုးဓာတ်တော်တဆူအားဖြင့် သရီရဓာတ်တော် နှစ်ဆူ ဌာပနာ၏၊ ထိုမဟိယင်္ဂဏစေတီ၏ အကြောင်းကား မြတ်စွာဘုရားသည် သီဟိုဠ်ကျွန်းသို့ ရှေးဦးစွာကြွတော်မူ၍ နာဂဝန်ဉယျာဉ်၏ အထက် ကောင်းကင်၌ နေတော်မူ၍ ဘီလူးတို့အား ကြောက်ထိတ်လန့်စေပြီးမှ

တရားဟောတော်မူသဖြင့် သုမနဂုတ်တောင်၌စောင့်သော မဟာသုမန နတ်သည် သောတာပန်ဖြစ်၏၊ ကိုးကွယ်ရန် တောင်းပန်သဖြင့် မြတ်စွာ ဘုရား ပေးအပ်တော်မူသော ဆံတော်ကို ဘုရားကြွတော်မူပြီးသော နောက်၌ ဘုရားနေတော်မူရာ ကောင်းကင်အောက်ကျယ်သောအပြင်၌ ထိုမဟာသုမနနတ်သည် အထူးထူးသော ရတနာတို့ဖြင့် စေတီပြု၍ ဌာပနာပြီးသော် ဣန္ဒနီလာ ပတ္တမြားညိုဖြင့် စေတီအထွဋ်ကိုပြု၍ ကိုးကွယ်၏။

ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးသော် လည်ရိုးတော်ဓာတ်ကို အရှင် သာရိပုတြာ၏တပည့် သရဘူအမည်ရှိသော ရဟန္တာမထေရ်သည် တန်းခိုးအားဖြင့် ထင်းပုံထက်မှယူ၍သုမနနတ်ကိုးကွယ်သော ပတ္တမြား ညိုစေတီ၌ ဌာပနာ၍ တိမ်ညိုအဆင်းရှိသော ကျောက်ဖြင့် အစောက် တဆယ့်နှစ်တောင်မြင့်အောင် မျှိမ်း၍ စေတီတည်၏၊ ဒေဝါနံပိယတိဿ မင်းပြုသောအခါ ထိုမင်းညီစူဠာဘယမင်းသားသည် ထိုစေတီကိုမြင်၍ သဒ္ဓါကြည်ညိုသဖြင့် ထိုစေတီကို မျှိမ်း၍ အတောင်သုံးဆယ်မြင့်အောင် စေတီတည်၏၊ ဒုဋ္ဌဂါမဏိ မင်းဖြစ်ပြီးသော် ကျည်းကုလားတို့ကို နှိပ်နင်းအံ့ဟု မဟာဂါမမှထွက်၍ မဟာဝါလုကဂင်္ဂါကိုကူး၍ ဂင်္ဂါ မြောက်ဘက် မဟိယင်္ဂဏအနီး၌နေ၍ သတ္တုကျည်းကုလားပြည်ကို ရံပြီးသော် ထိုမဟိယင်္ဂဏစေတီကို အတောင်ရှစ်ဆယ် မြင့်အောင် မျှိမ်း၍ တည်ပြန်၏။

---

## ၂၉၉။ နလဋဓာတ်၏ အစီအစဉ်ကိုပြခြင်း

### ဓာတ်တော်စောင့်ရှောက်ရန် အရှင်မဟာကဿပမိန့်မှာခြင်း

ဤမှတပါး မြတ်စွာဘုရား နဖူးသင်းကျပ်တော် ဓာတ်သည်လည်း သီဟိုဠ်ကျွန်း၌တည်၏၊အကြောင်းကား ဒေါဏပုဏ္ဏားရှစ်ပြည်ထောင် သော မင်းတို့အား ဓာတ်တော် ခွဲဝေသောအခါ ကုသိနာရုံ မလ္လာမင်းတို့ အစု၌ ပါလေသော နဖူးသင်းကျပ်တော်ဓာတ်ကို အရှင်မဟာကဿပ သည် "မလ္လာမင်းတို့....မြတ်စွာဘုရားသည် နောင်သောအခါ သီဟိုဠ် ကျွန်း၌ ငါ၏နဖူးသင်းကျပ်တော်တည်လတ္တံ့ဟု အမိန့်တော်ရှိခဲ့သည်၊ ထိုနဖူးသင်းကျပ်တော်ကို ငါ့အား ပေးကုန်လော့"ဟု တောင်း၍

အရှင်မဟာကဿပ ဆောင်ရွက်ကိုးကွယ်၍ ပရိနိဗ္ဗာန်ပြုခါနီး၌ သဒ္ဓိဝိဟာရိကဖြစ်သော မဟာနန္ဒမထေရ်အား နဖူးသင်းကျပ်တော်ကို အပ်၍—

"ဤဓာတ်တော်တို့ကို နောင်သော အခါ လက်ာဒီပ၌ မဟာဝါလုက ဂင်္ဂါ၏တောင်ဘက် မေရုအမည်ရှိသော အင်း၏အဆုံး ဝဋ္ဋဘိယမည်သော ထုံး၏ထိပ်၌ ကာကဝဏ္ဏမင်းသည်ဌာပနာ၍ စေတီကြီးစွာ တည်လတ္တံ့၊ သံဃာ၏ အရာမ်ကိုကောင်းစွာပြုလတ္တံ့၊ သင်သည် ဤဓာတ်တော်ကိုယူ၍ ဝေသာလီ၌ မဟာဝုန်ကူဋာဂါရသာလာ၌ မြတ်စွာဘုရား နေတော်မူရာ ဂန္ဓကုဋိ၌ထား၍ ပူဇော်သက္ကာရပြု၍နေလေ၊ သင်ပရိနိဗ္ဗာန်ပြုလိုသော် သင်၏တပည့် စန္ဒဂုတ္တအား အစဉ်စကားကိုဆို၍ အပ်လေ"ဟု မိန့်တော်မူ၍ နဖူးသင်းကျပ်တော်ကို မဟာနန္ဒမထေရ်အား အပ်၏။

မဟာနန္ဒလည်း ဝေသာလီပြည်သို့ ဓာတ်တော်ကို ဆောင်၍ ကူဋာဂါရသာလာ၌ထား၍ ကိုးကွယ်၏၊ ပရိနိဗ္ဗာန်ပြုခါနီးသော် တပည့် စန္ဒဂုတ္တမထေရ်ကိုခေါ်၍ ဆရာအရှင်မဟာကဿပ မိန့်ဆိုသည့်အတိုင်း မှာဆို၍ အရှင်စန္ဒဂုတ္တအား ဓာတ်တော်ကိုနှင်း၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေလေစေ၏၊ အရှင်စန္ဒဂုတ္တမထေရ်ပရိနိဗ္ဗာန်ပြုခါနီး၌ မိမိ၏တပည့် အရှင်ဘဒ္ဒသေန မထေရ်အား ဆရာမဟာနန္ဒမထေရ်မှာဆိုတိုင်း မှာဆို၍ ဓာတ်တော်ကိုပေးအပ်၍ အရှင်ဘဒ္ဒသေနကို ဗာရာဏသီပြည်၌ ဣသိပတနမိဂဒါဝုန် ကျောင်း၌ နေလေစေ၏၊ အရှင်ဘဒ္ဒသေနမထေရ် ပရိနိဗ္ဗာန်ပြုခါနီး၌လည်း တပည့်ဖြစ်သော အရှင်ဇေယသေနမထေရ်အား နဖူးသင်းကျပ်တော်ကိုအပ်၍ ဆရာအရှင်စန္ဒဂုတ္တ မှာဆိုတိုင်းမှာ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားနေရာ ဂန္ဓကုဋိ၌ ဓာတ်တော်ကိုထား၍ နေလေစေ၏။

အရှင်ဇေယသေနလည်း ပရိနိဗ္ဗာန်ပြုခါနီး၍ တပည့်ဖြစ်သော သံဃရက္ခိတမထေရ်အား ဓာတ်တော်ကိုအပ်၍ ဆရာဘဒ္ဒသေနမထေရ် မှာတိုင်းမှာ၍ အရှင်သံဃရက္ခိတမထေရ်ကို ကောသမ္ဗီ၌ ဃောသိတာရုံကျောင်း ဂန္ဓကုဋိ၌ ဓာတ်တော်ကို ထား၍ နေလေစေ၏၊

အရှင်သံဃရက္ခိတမထေရ် ပရိနိဗ္ဗာန်ပြုခါနီး၌လည်း တပည့်ဖြစ်သော မဟာဒေဝမထေရ်အား ဓာတ်တော်ကိုအပ်၍ "ဤဓာတ်တော်ကို သီဟိုဠ်ကျွန်း၌ ကာကဝဏ္ဏမင်းသည် ဌာပနာ၍ စေတီတည်လတ္တံ့၊ သံဃာ့အရာမ်ကို ပြုလတ္တံ့၊မမေ့မလျော့စေနှင့်"ဟု မှာဆို၍ ပရိနိဗ္ဗာန် ပြုလေ၏။

အရှင်မဟာဒေဝမထေရ်သည် ဆရာလွန်ပြီးသောနောက် သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်း၏ညီ အိမ်ရှေ့မင်း မဟာနာဂသည် အနုရာဓပြည်မှခွါ၍ မဟာဝါလုကဂင်္ဂါ၏ တောင်ဘက်သို့ကူး၍ ရောဟဏာ ဇနပုဒ် မဟာဂါမ၌ ထီးဆောင်းမင်းပြုသောအခါ ကောင်းကင်ခရီးဖြင့် သီဟိုဠ်သို့ကူး၍ ထိုရောဟဏာဇနပုဒ်၌ ကုဏ္ဍုရုတောင်ဝှမ်း၌ အင်ကြင်းပင်ကြီးအရင်း၌ ကောင်းကင်မှသက်၍ နေ၏၊ ထိုအရပ်၌ မဟာကာလမည်သော ဥပါသကာသည် သားမယားနှင့်တကွ ကြီးစွာသော ပူဇော်ခြင်းဖြင့် နဖူးသင်းကျပ်ဓာတ်တော်ကို ပူဇော်လုပ်ကျွေး၍ ရှည်မြင့်စွာနေ၏၊ဓာတ်တော်သည် တလ-လေးသီတင်းတို့၌ရောင်တော် ခြောက်သွယ်လွှတ်၏၊ထိုအရပ်သည် ဘုရားဖြစ်သောအခါကဲ့သို့ ဖြစ်၏။

ထိုအကြောင်းကို မဟာနာဂမင်းကြား၍ ထိုမဟာကာလကိုခေါ်၍ အကြောင်းကိုမေးသော် ဆရာမဟာဒေဝမထေရ်၏လက်၌ ရှိကြောင်းကိုသိ၍ ထိုမဟာကာလအား အသပြာတသိန်း, သိန္ဓောမြင်းလေးစီးကသော ရထား, ရွှေကြီးရွှေက တန်ဆာဆင်သော မြင်းလေးစီး, ရေသင့် ချောင်းသင့်လယ်, ကျွန်မငါးရာ, ဆင်သောတန်ဆာ ဤမျှလောက်သော ဝတ္ထုပစ္စည်းတို့ဖြင့် ပူဇော်သက္ကာရပြု၍ ထိုသူကိုခရီးညွှန်ပြုစေ၍ ထိုနေ့၌ပင် စစ်အင်္ဂါလေးပါးနှင့်တကွ မဟာဂါမမှထွက်၍ ရောဟဏာဇနပုဒ် ကုဏ္ဍုရုတောင်ဝှမ်း မဟာဒေဝမထေရ်၏ အထံသို့ လာ၍ ဓာတ်တော်ကိုရင်း, မထေရ်ကိုရင်း ပူဇော်သက္ကာရပြု၍ "အရှင်ဘုရား....ဤဓာတ်တော်ကို အကျွန်ုပ်ပူဇော်ကိုးကွယ်ပါအံ့"ဟု တောင်း၏။

မထေရ်သည် "မင်းကြီး....မြတ်စွာဘုရားသည် သင်မင်းကြီး၏ အနွယ်ဖြစ်သော ကာကဝဏ္ဏမင်းသည် မဟာဝါလုကဂင်္ဂါ၏ တောင်ဘက်၌ မေရုမည်သော အင်း၏အဆုံး၌ ဝဠ္ဍဘိယ မည်သော ထုံး၏

အထက်၌ ဌာပနာ၍ စေတီတည်လတ္တံ့ဟု ဤဓာတ်တော်အား ဗျာဒိတ်ကြားတော်မူ၏''ဟု ဆို၍ မဟာနာဂမင်းအား နဖူးသင်းကျပ်တော်ဓာတ်ကို ပေးအပ်၏၊ မြတ်စွာဘုရားသည် သီဟိုဠ်သို့ သုံးကြိမ်မြောက်ကြွတော်မူသောအခါ ထိုဝဋ္ဋဘီယမည်သော ထုံး၏အထက်၌ နိရောဓသမာပတ်ဝင်စား၍ ထပြီးသော် ''ဤအရပ်၌ နောင်သောအခါ ငါ၏နဖူးသင်းကျပ်တော်ကို ဌာပနာ၍ ကာကဝဏ္ဏမင်းသည် စေတီတည်လတ္တံ့၊ သင်နဂါးမင်းသည် ဤအရပ်ကို စောင့်ရှောက်လော့''ဟု သုမနနဂါးမင်းကို အစောင့်ထားခဲ့၏။

ထိုမဟာနာဂမင်းသည် နဖူးသင်းကျပ်ဓာတ်တော်ကို မဟာဂါမသို့ဆောင်၍ မင်းအိမ်မှ မနီးမဝေးသောအရပ်၌ ပြာသာဒ်ဆောက်၍ ကိုးကွယ်၏၊ မဟာနာဂမင်း ဆောက်သော ကျောင်းကြီးတို့ကား–ဒလေနကျောင်း, သန္ဓဂိရိကျောင်း, ကောဋိပဗ္ဗတကျောင်း, စာရုဂဏ ကျောင်း, သေလကကျောင်း,တာလကကျောင်းဟူ၍ ခြောက်ကျောင်းတည်း။

ထိုမဟာနာဂမင်း သေလွန်ခါနီး၍ သားယဋ္ဌာလာယကတိဿအား ဓာတ်တော်ကို ပူဇော်ကိုးကွယ်ရစ်ဟု အပ်ခဲ့၍ အနိစ္စဖြစ်လျှင် ယဋ္ဌာလာယကတိဿသည် မဟာဂါမ၌ မင်းပြု၍ နလာဋဓာတ်တော်ကို ကိုးကွယ်ပူဇော်၏၊ဓမ္မပါလကျောင်း, မဟာဓမ္မပါလကျောင်း,သေလာဘယကျောင်းဟူ၍ ကျောင်းကြီးဆောက်၍ မဟာအရိဋ္ဌမထေရ်၏တပည့် မဟာနာဂမင်း၏ အဘိုးဖြစ်သော တိပိဋကမဟာအဘယမထေရ်အား လှူ၏၊ ထို ယဋ္ဌာလာယကတိဿမင်း လွန်ခါနီး၌လည်း သားဂေါဌာဘယတိဿမင်းအား ဤဓာတ်တော်ကို ပူဇော်ကိုးကွယ်ရစ်ဟု မှာထား၍ သေလွန်၏၊ သားဂေါဌာဘယတိဿသည် မဟာဂါမ၌ မင်းပြု၍ နလာဋဓာတ်တော်ကို ပူဇော်ကိုးကွယ်၏။

ထိုမင်းကား မဟာဂါမ၌ တကျိပ်သောညီတို့ကို သတ်သောကြောင့် အပြစ်လွတ်ပါစေဟု ဂင်္ဂါ၏တောင်ဘက်၌–

၁။ မဏ္ဍိကလေဏကျောင်း,

၂။ ဒိယသာလကျောင်း,

၃။ နာမမဟာဝိဟာရကျောင်း,
၄။ ကပ္ပါသေလကျောင်း,
၅။ စေတိယပဗ္ဗတကျောင်း,
၆။ သာနုပဗ္ဗတကျောင်း,
၇။ ကဏိကာရသေလကျောင်း,
၈။ ပစ္စေကလ္လကျောင်း,
၉။ ဘိက္ခုကလေဏကျောင်း,
၁၀။ ကဏ္ဏကကျောင်း,
၁၁။ ဂေါစရပါလကျောင်း,
၁၂။ ဝါလုကတိတ္ထကျောင်း-

ဤသို့ အစရှိသောအားဖြင့် ဂင်္ဂါ၏တောင်ဘက်၌ငါးရာ, မြောက်ဘက်၌ ငါးရာအားဖြင့် တထောင်သော ကျောင်းတို့ကို ဆောက်၍ မိမိနှင့် အမည်တူသော ဇနပုဒ်၌နေသော တိပိဋကဓရ ဂေါဠာဘယ မထေရ်အား လှူ၏။

ထိုမင်းသေခါနီး၌ သား ကာကဝဏ္ဏတိဿကို ခေါ်၍ "ဤနလာဋ ဓာတ်တော်ကို ငါတို့အမျိုး အဆက်ဆက်ဆောင်၍ ကိုးကွယ်၏၊ သင်ချစ်သားအားမူကား ကာကဝဏ္ဏမင်းသည် မဟာဝါလုက ဂင်္ဂါ၏ တောင်ဘက်၌ မေရု အင်း၏အဆုံး၌ ဝင္ကဘိယထုံး၏ထိပ်၌ ဤနဖူး သင်းကျပ်တော်ဓာတ်ကို ဌာပနာ၍ စေတီတည်လတ္တံ့၊ သံဃာ့အရာမ်ကိုပြုလတ္တံ့ဟု မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူ၏၊ ထို့ကြောင့် သင်သည် ဤဓာတ်တော်ကို စေတီတည်၍ ကိုးကွယ် ပူဇော်ရစ်" ဟု မှာထား၍ သေလွန်၏။

### ကာကဝဏ္ဏတိဿ မဟာဂါမ၌မင်းပြုခြင်း

ဂေါဠာဘယလွန်လျှင် သား ကာကဝဏ္ဏတိဿသည် မဟာဂါမ၌ မင်းပြု၏၊ နဖူးသင်းကျပ်တော်ဓာတ်ကို မပြတ်ပူဇော်သက္ကာရပြု၍ ကိုးကွယ်၏၊ရဟန်းသံဃာအားရင်း,ခြောက်ကျိပ်မျှကုန်သော တိပိဋကဓရ မထေရ်တို့အားရင်း ပစ္စည်းလေးပါးဖြင့် လုပ်ကျွေး၏၊ မိမိနှမငယ်သောမဒေဝီကို နှမအကြီးသား အဘယမင်းနှင့် ထိမ်းမြား၍ ဂိရိမြို့၌

နေစေ၏၊ ဂိရိမြို့၌နေသောကြောင့် ဂိရိအဘယမင်းဟုတွင်၏၊ သား ဒုဋ္ဌဂါမဏိမင်းသားကိုလည်း ဂိရိမြို့မှာ နေလေစေ၏။

ထိုမြို့၌ ဂိရိအဘယမင်းနှင့် ဒုဋ္ဌဂါမဏိမင်း ငြင်းခုံခြင်းဖြစ်ရာတွင် ဂိရိအဘယမင်းသည် မိဖုရားနှင့် ဗိုလ်ပါများစွာယူ၍ မြို့မှထွက်၍ မေရုမြို့၌ အဆွေခင်ပွန်း သိဝမင်း၏အထံသို့ သွား၍နေလေ၏။ သိဝမင်းသည် အဘယမင်းအား တခုသောအစွန်၌ မြို့တည်၍ နေစေ၏၊ မြို့ကိုလည်း အဘယမင်း၏ မိဖုရား အမည်နှင့်အတူ သောမ မြို့ဟူ၍ သမုတ်၏၊ အရှင်မဟိန္ဒ၏တပည့် မဟာအရိဋ္ဌမထေရ်၏ အနွယ်အဆက်ဖြစ်သော မဟိန္ဒမည်သော မထေရ်သည် ခြောက်ကျိပ်မျှသော ရဟန်းသံဃာနှင့်တကွ ထိုသောမမြို့မှ မနီးမဝေးသော အင်ကြင်းတော၌ ထိုအခါ နေ့နေ၏၊ ဂိရိအဘယမင်းသည် ထိုမထေရ်အား ကျောင်းကြီးဆောက်၍ စေတီတည်၍ လှူ၏၊ ကျောင်းကို သောမဝိဟာရ ဟူ၍ သမုတ်၏။

ထိုသောမကျောင်း၌ ကာကဝဏ္ဏမင်း၏ မိဖုရား ဝိဟာရဒေဝီ၏ မောင်ဖြစ်သော စူဠပိဏ္ဍပါတိကတိဿမထေရ်သည်ကား ကာကဝဏ္ဏမင်းအား နီးသောသေခြင်းရှိသည်ကိုမြင်၍ ကာကဝဏ္ဏမင်း၏ အထံသို့ လာ၍ ''မြတ်သောမင်းကြီး.... မြတ်စွာဘုရားသည် သင်မင်းကြီးတို့အား နောင်အခါ ငါ၏နဖူးသင်းကျပ် ဓာတ်တော်ကို မေရုအင်း၏ အဆုံး၌ ဝင္ကဘီယမည်သောထုံး၏ထိပ်၌ ဌာပနာ၍ စေတီကြီးစွာတည်လတ္တံ့၊ သံဃာ့အရာမ်ကို ပြုလတ္တံ့ဟု ဗျာဒိတ်ကြားတော်မူခဲ့၏၊ ထိုထုံး၏ထိပ်၌ မြတ်စွာဘုရား သမာပတ်ဝင်စား၍ နေတော်မူရာရှိ၏၊ မင်းကြီးကောင်းမှုပြုလော့''ဟု ဆို၏။

ကာကဝဏ္ဏမင်းလည်း ''ကောင်းပြီ''ဟု ဝန်ခံ၍ ဂိရိမြို့မှ သား ဒုဋ္ဌဂါမဏိကိုခေါ်၍ မဟာဂါမ၌နေစေ၍ မိဖုရား ဝိဟာရဒေဝီကိုရင်း, သဒ္ဓါတိဿမင်းကိုရင်းယူ၍ ဝိဟာရဒေဝီမောင် စူဠပိဏ္ဍပါတိကတိဿ မထေရ်ကိုလည်း တပည့်သံဃာငါးရာနှင့်တကွပင့်၍ နန်းဦးပြာသာဒ်မှ နလာဋဓာတ်ကို ရွှေကြုတ်နှင့်တကွ ယူဆောင်၍ စစ်အင်္ဂါ လေးပါးနှင့်တကွ မဟာဂါမမှ ထွက်၍သွားလေသော် ဒီဃဝါပိမြို့သို့ ရောက်၍ သဒ္ဓါတိဿမင်းသားကို ထိုမြို့၌နေရစ်စေ၍ သွားပြန်လေသော် သုမန

မာလာဝုဋ္ဌိတွင်စခန်းချ၍ နက်ဖြန်မိုးသောက်၌ ဝင္ကဘီယထုံးသို့ရောက်၍ အကုဋေခြောက်ဆယ်မျှသော နဂါးအခြွေအရံရှိသော သုမနနဂါးကို စောင့်ရှောက်စေအပ်သော ဘုရားမြတ်စွာ သမာပတ်ဝင်စားရာအရပ်ကို သစ္စာမိဋ္ဌာန်ဖြင့် နွား,မြင်း,ဆင်တို့ကို သုံးကြိမ်လွှတ်သဖြင့် ရှာ၍ ရသော် ထိုအရပ်၌ သိကြားဝိသုကြံတို့သည် ကုက္ကုဋ္ဌပုဏ္ဏားဓာလယ်၌ ဘန်ဆင်း၍ပေးအပ်သော အုဋ္ဌ်တို့ဖြင့် စေတီကြီးစွာတည်၍ နလာဋဓာတ်ကို ဌာပနာ၏။

ထိုစေတီအရပ်နှင့် နီးသော မေရုမြို့မှ သိဝမင်း,လောကမြို့မှ မဟာနာဂမင်းတို့သည် ပဏ္ဏာကာရများစွာနှင့် လာကုန်၍ စေတီအမှု၌ အဘော်ဖြစ်လာကုန်၏၊ သောမမြို့၌ တူဖြစ်သော ဂိရိအဘယမင်းကိုလည်းခေါ်စေ၍ အဘော်ဖြစ်စေ၏၊ ကာကဝဏ္ဏမင်း ဓာတ်တော်ကို ယူ၍ စေတီတည်အံ့ဟု လာသောအခါ သုမန နဂါး ခရီးဦးကြိုပြုသဖြင့် ဆုံရာ၌ မြတ်လေးပန်းမိုယ်း ချက်ထိနစ်အောင်ရွာစေ၍ ဓာတ်တော်ကို ပူဇော်သောကြောင့် ထိုအရပ်ကို သုမနဇုဋ္ဌိ ဟု သမုတ်သတည်း၊ နဖူး သင်းကျစ်တော် ဌာပနာသော ထိုမင်းကောင်းမှုစေတီကို မင်္ဂလာစေတီဟူ၍ သမုတ်သတည်း၊ ထိုစေတီ၌ ဆံတော် ဓာတ်ကိုလည်း ဌာပနာ၏။

ထိုဆံတော်၏အကြောင်းကား—

ဇေယသေန နဂါးမင်းသည် တပုဿ ဘလ္လိကတို့ လက်မှ ဆံတော်ဓာတ်နှစ်ဆူခိုးယူလိုက်၍ ဘုမ္မိန္ဓရနဂါးဗိမာန်၌ ထား၍ ကိုးကွယ်ရာ ရဟန္တာ ခုနစ်ထောင်တို့၏ အကြီး ဖြစ်သော စူဠပိဏ္ဍပါတိကတိဿ မထေရ်သည် တပည့်ဖြစ်သော သိဂ္ဂဝ မထေရ်ကို ဘုမ္မိန္ဓရနဂါးဗိမာန်မှ ယူဆောင်စေ၍ ဌာပနာရသတည်း။

ကာကဝဏ္ဏမင်းသည် တနှစ်တကျောင်းအားဖြင့် ကျောင်းကြီးချည်း ခြောက်ဆယ့်လေးကျောင်းဆောက်၍ စူဠပိဏ္ဍပါတိကတိဿ မထေရ်၏လက်၌ ရေစက်ချ၍ စတုဒိသာသင်္ဃာအား လှူ၏။

## ၃၀၀။ ဝင္ဂုဂါမဏိမင်းလက်ထက် ပေထက်အက္ခရာ တင်သည်ကိုပြခြင်း

ကာကဝဏ္ဏမင်းသည် ၆၄-နှစ် မင်းပြု၍လွန်လျှင် သားဒုဋ္ဌဂါမဏိသည် မဟာဂါမ၌ မင်း၏အဘိသိက်ကိုခံပြီးမှ အနုရာဓပြည်၌ ဧဠာရကျည်းမင်းနှင့်တကွ ကျည်းသုံးဆယ့်သုံးပြည်ကို နှိပ်နင်း၍ အနုရာဓပြည်၌ မင်းနေပြည်တည်၍ ၂၄-နှစ်မင်းပြု၏၊ ထို ဒုဋ္ဌဂါမဏိမင်းလွန်လျှင် ညီသဒ္ဓါတိဿ ဒီဃဝါပိမှလာ၍ အနုရာဓပြည်၌ မင်းပြု၏၊ထိုမင်း ၁၈-နှစ်နေ၍လွန်၏၊ သဒ္ဓါတိဿလွန်လျှင် သား ထူလထန တလနှင့်ဆယ်ရက်မင်းပြု၏၊ ထိုမင်းလွန်လျှင် ထိုမင်းအစ်ကို လဇ္ဇတိဿ ၉-နှစ်နှင့် တဆယ့်ငါးရက် မင်းပြု၏၊ ထိုမင်းလွန်လျှင် ထိုမင်းညီငင်း ခလ္လာဋနာဂ ၆-နှစ်မင်းပြု၏၊ ခလ္လာဋနာဂကိုလု၍ အမတ်မင်းပြု၏၊ ထိုအမတ်ကို ခလ္လာဋနာဂ၏ညီ ဝဋ္ဋဂါမဏိလု၍မင်းပြု၏၊ ဝဋ္ဋဂါမဏိလု၍ ငါးလရှိလျှင် ခုနစ်ပြည်နေ ကျည်းမင်းခုနစ်ယောက်တို့လု၍ ၁၄-နှစ် ခုနစ်လမင်းပြုကုန်၏၊ ဝဋ္ဋဂါမဏိကား အမတ်ခုနစ်ယောက်တို့နှင့်တကွ ပုန်း၍နေရ၏၊ ၁၂-နှစ်မြောက်၌ အမတ်ခုနစ်ယောက်တို့နှင့်တိုင်ပင်၍ ဗိုလ်ပါရုံးစု၍ ကျည်းတို့ကိုတိုက်ပြန်၍ အနုရာဓကိုရသဖြင့် ၁၂-နှစ် မင်းပြုရပြန်၏။

ဒေဝါနံပိယတိဿမင်းလက်ထက် သာသနာတည်သည်မှစ၍ ဝဋ္ဋဂါမဏိမင်းလက်ထက်တိုင် ၂၁၀-နှစ်ပတ်လုံး သီဟိုဠ်ကျွန်း၌ သာသနာသည် အရှင်မဟိန္ဒ အန္တယ်အဆက်ဖြစ်သော ကုလဒူသကအနေသန စသည်တို့မှကင်းသော မဟာဝိဟာရဝါသီ သံဃာ၏အပေါင်းအဖြစ်ဖြင့် တဂိုဏ်းတည်းသာလျှင် သန့်ရှင်းစင်ကြယ်စွာ ဖြစ်၏။

ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၄၅၄-နှစ် သီဟိုဠ်၌ အစမှစ၍ မင်း ၁၈-ဆက်မြောက် ဝဋ္ဋဂါမဏိလက်ထက်တိုင် ရဟန်း သံဃာ အရိယာတို့သည် ပိဋကတ်သုံးပုံကို အာဂုံနှုတ်ကျက်သာ ဆောင်သတည်း၊ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင်မှ နောက်နောက်သောတပည့်သံဃာတို့ ပိဋကတ်ကို အာဂုံနှုတ်ကျက် မဆောင်ရွက်နိုင်လတ္တံ့သည်ကို ရဟန္တာ အရှင်မြတ်တို့မြင်ကုန်၍ ငါးရာသောရဟန္တာတို့သည် မလယ

ဇနပုဒ်၌ နေကုန်၍ ပိဋကတ်သုံးပုံကို သင်္ကရိုင်ဘာသာဖြင့် ပေ၌ အက္ခရာရေးတင်ကုန်သတည်း။

ပိဋကတ်သုံးပုံကို ပေ၌ အက္ခရာရေးတင်ပြီးသည့်နောက် လေးနှစ်မြောက်တွင် ဝဋ္ဋဂါမဏိမင်းသည် ခုနစ်ပြည်ထောင်သော ကျည်းတို့ကြောင့် တဆယ့်လေးနှစ်ပတ်လုံး ပုန်း၍ခနေသောအခါ သိမ်းမြန်းအုပ်ချုပ်ပေသော မဟာတိဿမထေရ်အား ကျောင်းကြီးစွာဆောက်၍ လှူ၏၊ ထိုကျောင်းကို အဘယဂိရိဟူ၍သမုတ်၏၊ ထိုကျောင်းလှူသည်မှစ၍ အဘယဂိရိဝါသီသံဃာဂိုဏ်းဟူ၍ ကွဲပြားသဖြင့် သာသနာတော်၌ သံဃာသည် မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်းဟု နှစ်ကွဲဖြစ်လေသတည်း၊ ထိုမဟာတိဿမထေရ်သည်ကား မိမိ၏ကုလဒူသက အနေသနစသော အမှုကြောင့် မဟာဝိဟာရဝါသီ သံဃာတို့နှင့်ထုတ်အပ်သော မထေရ်တည်း။

ထိုအဘယဂိရိကျောင်းကို ဆောက်ပြီးသောနောက်ရောဟဏဇနပုဒ်၌နေသောပုဏ္ဏားသည် ဝဋ္ဋဂါမဏိမင်း၏ ညီတော်ကို ကုန်းချော၍ ဝဋ္ဋဂါမဏိနှင့်ညီတော် စစ်မက်ကြီးစွာဖြစ်၍ သီဟိုဠ်တကျွန်းလုံး ငတ်မွတ်ခြင်း ပြင်းစွာဖြစ်သဖြင့် လူတို့သည် သေကြေပျက်စီးခြင်းသို့ များစွာရောက်ကုန်၏၊ လူဆိုးသူပျက်တို့သည် အရိယာသခင်တို့၏ ဝမ်းကိုပင်ဖေါက်၍ ဝမ်းထဲ၌ရှိသောထမင်းလုံးကို ဆေးကြော၍စားကုန်၏၊ ထိုအခါ သိကြားမင်းသည် ဖေါင်ကြီးစွာဘန်ဆင်း၍ သီဟိုဠ်ကျွန်းမှ ရဟန်းသံဃာတို့ကိုတင်၍ ဇမ္ဗူဒီပါသို့ကူးစေ၍ သာသနာတော်ကို ဆောင်ရွက်စေသတည်း။

### သီဟိုဠ်မင်းစဉ်မင်းဆက်များ

ဝဋ္ဋဂါမဏိအဘယမင်း ၁၂-နှစ်နေ၍ လွန်လျှင် အနုဠာမိဖုရားသည် ဝဋ္ဋဂါမဏိမင်း၏ နောင်တော်ဖြစ်သော မိမိ၏အထက် ခင်ပွန်းခလ္လာဋနာဂမင်း၏သား မဟာစူဠိကကို မင်းပြုစေ၏၊ ထိုမင်း ၁၄-နှစ်နေ၍ လွန်လျှင် ဝဋ္ဋဂါမဏိမင်း၏သား အဘာရှိစဉ်ကခိုးသူဖြစ်၍ နေသော စောရနာဂမင်းပြု၏၊စောရနာဂမင်းဖြစ်လျှင် ခိုးသူပြုစဉ်ကာလ မတဲ့မအိပ် မခနေပါရသော ကျောင်းတို့ကို အငြိုးဖွဲ့၍ ဖျက်ဆီးလေ

သည်ကား ကျောင်းရပ်ကြီး ၁၀-ရပ်စင် ပျက်လေ၏၊ စောရနာဝ ၁၂-နှစ်လျှင် လွန်၏၊ ထိုမင်းကိုလည်း အနုဥ္စာဆေးထည့်၍ သတ်သတည်း။

စောရနာဝလွန်လျှင် မဟာစုဠိကသား တိဿနှင့် အနုဥ္စာမင်းပြု၏၊ ၃-နှစ်ရှိလျှင် အနုဥ္စာပင် အဆိပ်ထည့်၍ တိဿကိုသတ်ပြန်၍ တံခါးစောင့် သိဝကို မင်းမြှောက်၏၊ တနှစ်နှင့်နှစ်လရှိလျှင် သတ်ပြန်၍ နန်းကံကျေး ဝဋုကကို မင်းမြှောက်၏၊ တနှစ်နှင့်နှစ်လရှိလျှင် သတ်ပြန်၍ ထင်းသည် ဒါရုဘတိကတိဿကို မင်းမြှောက်၏၊ တနှစ်နှင့်တလရှိလျှင် သတ်ပြန်၍ ပုရောဟိတ်နိလိယကို မင်းမြှောက်၏၊ ခြောက်လရှိလျှင် နိလိယကိုသတ်ပြန်၍ အနုဥ္စာချည်း လေးလမင်းပြု၏၊ ထိုအနုဥ္စာကို တိဿမင်းညီတော် ကူဋကဏ္ဏတိဿသတ်၍ မင်းပြု၏၊ ထိုမင်း ၂၂-နှစ်နေ၍ လွန်လျှင် သား မဟာဘတ္တိကမင်းပြု၏၊ ၁၂-နှစ် စည်းစိမ်ထက်နေ၍ ထိုမင်းလွန်လျှင် ညီ စူဠဘတ္တိကာဘယမင်းပြု၏၊ ၂၀-နှစ် နေ၍ လွန်၏၊ ထိုမင်းလွန်လျှင် ညီ မဟာဒါဠိကနာဝ ၁၂-နှစ် မင်းပြု၏။

ထိုမင်းလွန်လျှင် သား အာမဏ္ဍဂါမဏိမင်းပြု၏၊ ၉-နှစ်နေ၍ လွန်လျှင် ထိုမင်းညီ ဂဏိဇလ္လတိဿမင်းပြု၏၊ ၃-နှစ်တွင်လွန်လျှင် ထိုမင်းညီ စူဠာဘယမင်းပြု၏၊ တနှစ်ရှိလျှင်လွန်၏၊ ထိုမင်းလွန်လျှင် ထိုမင်းမိဖုရား သီဝလိလေးလမင်းပြု၏၊သီဝလိကိုလု၍ မောင်အကြီး ဣဠနာဝမင်းပြု၏၊ ၆-နှစ်တွင်လွန်၏၊ သား စန္ဒမုက္ခမင်းပြု၏၊ ၈-နှစ်နှင့် ခုနစ်လတွင် လွန်၏၊ စန္ဒမုက္ခလွန်လျှင် ထိုမင်းညီ ယသလောလတိဿမင်းပြု၏၊ ၇-နှစ်နှင့် ရှစ်လတွင် လွန်၏၊ထိုမင်းကို တံခါးစောင့်သုဘသတ်၍ မင်းပြု၏၊ သုဘ ၆-နှစ်တွင်လွန်၏၊ သုဘကို စစ်သူကြီး ဝသဘ သတ်၍ မင်းပြု၏၊ ၄၄-နှစ်လျှင် လွန်၏၊ ထိုမင်းလွန်လျှင် သား ဝင်္ကနာသိကတိဿ မင်းပြု၏၊ မင်းစည်းစိမ် ၃-နှစ်နေ၍ လွန်၏၊ ဝင်္ကနာသိကတိဿလွန်လျှင် သားကဋ္ဌဗာဟုကဂါမဏိမင်းပြု၏၊ ၂၂-နှစ်တွင် လွန်၏။

ကဋ္ဌဗာဟုကဂါမဏိလွန်လျှင် ယောက္ခမ မဟလ္လကနာဝ ၆-နှစ်မင်းပြု၏၊ ထိုမင်းလွန်လျှင် ထိုမင်းသား ဘာတိကတိဿ မင်းပြု၏၊ ၂၄-နှစ်နေ၍ လွန်၏၊ ထိုမင်းလွန်လျှင် ညီ ကဏိဋ္ဌတိဿ မင်းပြု၏၊

၂၂-နှစ်တွင်လွန်၏၊ ထိုမင်းလွန်လျှင် သားခုဋ္ဌနာဂမင်းပြု၏၊ ၂-နှစ်တွင် လွန်၏၊ ထိုမင်းလွန်လျှင် ညီကုဉ္စနာဂမင်းပြု၏၊ တနှစ်တွင်လွန်၏၊ ထိုမင်းလွန်လျှင် ယောက်ဖ သိရိနာဂမင်းပြု၏၊ ၁၉-နှစ်တွင် လွန်၏၊ ထိုမင်းလွန်လျှင် သား ဝေါဟာရတိဿမင်းပြု၏၊ ၂၂-နှစ်တွင် လွန်၏၊ ညီအဘယမင်းပြု၏၊ ၂-နှစ်တွင် လွန်၏၊ ထိုမင်းလွန်သော် နောင်တော် ဝေါဟာရတိဿ သား သိရိနာဂမင်းပြု၏၊ ထိုမင်းလွန်လျှင် သားဝိဇယ မင်းပြု၏၊ ၂-နှစ်တွင် လွန်၏။

ထိုဝိဇယမင်း၌ ခစားသော သင်္ဃတိဿ,သင်္ဃဗောဓိ,ဂေါဌာဘယ ဟူသော ကျည်းသုံးယောက်တို့တွင် သင်္ဃတိဿသည် ဝိဇယမင်းကို သတ်၍ မင်းပြု၏၊ ၃နှစ်လျှင် အနိစ္စဖြစ်၏၊ သင်္ဃတိဿကို သတ်၍ သင်္ဃဗောဓိ မင်းပြု၏၊ ၂၂-နှစ်တွင် လွန်၏၊ သင်္ဃဗောဓိကိုလည်း ဂေါဌာဘယသတ်၍ မင်းပြု၏၊ ၁၃-နှစ်တွင် လွန်၏၊ ဂေါဌာဘယလွန်လျှင် သား ဇေဋ္ဌတိဿမင်းပြု၏၊ ၁၀-နှစ်တွင်လွန်၏၊ ထိုမင်း လွန်လျှင် ညီ မဟာသေန ၂၇-နှစ် မင်းပြု၏။

ဝဋ္ဋဂါမဏိမင်း အဘယဂိရိ ကျောင်းဆောက်သော နှစ်မှစ၍ ၃၅၇-နှစ်စေ့ပြီးနောက် တနှစ်၌ မဟာသေနမင်းပြု၏၊ထိုသီဟိုဠ်ကျွန်း၌ သာသနာတော် တည်ပြီးမှ ၅၇၅-နှစ်သည် မဟာသေနမင်းပြုသော နှစ် ဆိုက်ရုံဖြစ်၏၊ ဘုရားပရိနိဗ္ဗာန်ပြုတော်မူသည်မှကား ၈၁၁-ဖြစ်၏၊ မဟာသေနမင်းဖြစ်လျှင် ဇေတဝန်ကျောင်းကို ဆောက်၍ ဒက္ခိဏာ ဝိဟာရမှ တိဿမထေရ်ကိုပင့်၍ လှူ၏၊ ထိုတိဿမထေရ် သည်လည်း ကုလဒူသက,အနေသန,ဂိဟိသံသဋ္ဌတို့ကိုပြုသောကြောင့် မဟာဝိဟာရ ဝါသီသံဃာ နှင်ထုတ်သောသူ ဖြစ်၍ ဇေတဝန ဝါသီသံဃာ ဟူ၍ တဂိုဏ်းကွဲပြန်လေ၏။

ဤသို့အားဖြင့် သီဟိုဠ်ကျွန်း၌ သံဃာသည် မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်း, ဇေတဝနဝါသီဂိုဏ်းဟူ၍ သုံးဂိုဏ်းကွဲ၏၊ ထိုသုံးဂိုဏ်းတို့တွင် မဟာဝိဟာရဝါသီဂိုဏ်း သံဃာသည်သာလျှင် ဘုရားသာသနာနှင့်ညီစွာ သန့်ရှင်း စင်ကြယ်သတည်း၊ ကြွင်းသော နှစ်ဂိုဏ်းသားတို့၌ သာသနာသည် မသန့်ရှင်း မစင်ကြယ်လေကုန်။

## ၃၀၁။ လက်ဝဲစွယ်တော်ဓာတ် သီဟိုဠ်သို့ ရောက်သည်ကိုပြခြင်း

မဟာသေနမင်းသည် ၂၇-နှစ် မင်းပြု၍လွန်လျှင် သားကိတ္တိသိရိမေဃမင်းပြု၏၊ ထိုမင်းအဘိသိက်ခံ၍ ၉-နှစ်မြောက်သောအခါလျှင် မြတ်စွာဘုရားသာသနာတော်သည် ၈၄၇-နှစ်မြောက် ဖြစ်သတည်း၊ ထိုအခါလျှင် မြတ်စွာဘုရား အထက်လက်ဝဲစွယ်တော်သည် သီဟိုဠ်ကျွန်း ကိတ္တိသိရိမေဃမင်းလက်သို့ ရောက်သတည်း၊ ရောက်သောအကြောင်းကား ဤသို့တည်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ၌ ခေမာ အမည်ရှိသော ရဟန္တာမထေရ်သည် မြတ်စွာဘုရား၏ အထက်လက်ဝဲစွယ်တော်ကို မိမိတန်ခိုးအားဖြင့် ထင်းပုံမှယူ၍ ကလိင်္ဂတိုင်းကိုအစိုးရသော ဒန္တပုရပြည် ဗြဟ္မဒတ်မင်းအားကိုးကွယ်စိမ့်သောငှါ အပ်တော်မူပေ၏၊ ဒန္တပုရပြည်၌ စွယ်တော်စင်ပြာသာဒ် နန်းရင်ပြင်တွင်ဆောက်၍ ဗြဟ္မဒတ်မင်းမှစ၍ ကုဟာသိဝမင်းတိုင်အောင်သော မင်းတို့သည် အစဉ်အတိုင်း ကိုးကွယ်ကုန်၏။

ကုဟာသိဝမင်းကား ရှေးဦးစွာ ရတနာသုံးပါး၌ မကြည်ညို မိစ္ဆာဒိဋ္ဌိအယူရှိ၏၊ နိဂဏ္ဌတက္ကတွန်းတို့ကို လုပ်ကျွေးကိုးကွယ်၏၊ နောက်မှ အမတ်ပညာရှိစကားကို ကြား၍ မိစ္ဆာအယူကိုစွန့်၍ ရတနာသုံးပါးကို ကြည်ညိုသဖြင့် မြတ်စွာဘုရားစွယ်တော်ဓာတ်ကို မြတ်နိုးတနာ ပူဇော်သက္ကာရပြု၍ ထိုနိဂဏ္ဌတက္ကတွန်းတို့ကိုလည်း မိမိတိုင်းမှနှင်ထုတ်လေ၏၊ထိုနိဂဏ္ဌတက္ကတွန်းတို့သည်လည်း မင်းအာဃာတကို ကြောက်သဖြင့် ကလိင်္ဂတိုင်း ဒန္တပုရပြည်မှ ထွက်ပြေးခဲ့ကုန်၍ မဇ္ဈိမဒေသ၏ အတွင်းဖြစ်သော မဂဓတိုင်း ပါဋလိပုတ်ပြည်သို့ လာကုန်၏၊ထိုအခါ ပါဋလိပုတ်ပြည်၌ ပဏ္ဍုအမည်ရှိသောမင်းသည် မင်းပြု၏၊ ထိုပဏ္ဍုမင်းသည် ဇမ္ဗုဒီပါတကျွန်းလုံးကို အစိုးရသတည်း။

ထိုနိဂဏ္ဌတက္ကတွန်းတို့သည် ပဏ္ဍုမင်းအား အရှင်မင်းကြီးကိုသည် ပူဇော်သက္ကာရ မြတ်နိုးတနာပြုအပ်သော ဗိဿနိုးနတ် အစရှိသည်တို့ကို ကုဟာသိဝမင်း ရှိမခိုး၊သင်းချိုင်း၌ရသော လူရိုးကိုသာရှိခိုးလေသည်ဟု ချောပစ်၍ ပဏ္ဍုမင်းသည် သာမန္တရာဇ်မင်းတယောက်ကို "သင်သည် စစ်အင်္ဂါလေးပါးနှင့်တကွ သွား၍ ကုဟာသိဝမင်းကိုဖမ်း,

ထိုမင်း ရှိခိုး ကိုးကွယ်သော အရိုးကိုငှင်း ဆောင်ချေ''ဟု စေလိုက်၏၊ သာမန္တရာဇ်မင်းလည်း ပဏ္ဍုမင်း၏အာဏာဖြင့် ကလိင်္ဂတိုင်း ဒန္တပုရပြည်သို့သွားလေ၍ ကုဟသိဝမင်းနှင့်တကွ မြတ်စွာဘုရား၏ အထက်လက်ဝဲ စွယ်တော်ဓာတ်မြတ်ကို ဆောင်ခဲ့သဖြင့် ပါဋလိပုတ်ပြည်သို့ရောက်လျှင် ထိုစွယ်တော်ဓာတ်သည် အထူးထူးသော ပြာဋိဟာကိုပြလျက် ပဏ္ဍုမင်းကို ကြည်ညိုစေသဖြင့် ထိုပဏ္ဍုမင်းသည် စွယ်တော်ဓာတ်အား အထူးထူးသော ပူဇော်ခြင်းဖြင့်ပူဇော်၍ မရောင့်ရဲနိုင်သောကြောင့် အလုံးစုံသော တိုင်းနိုင်ငံဖြင့် ပူဇော်၍ ကုဟသိဝမင်းအားလည်း မြတ်နိုးတနာ ပူဇော်သက္ကာရကြီးစွာပြုပြီးလျှင် တဘန် ဒန္တပုရမြို့သို့ပင် ပို့ဆောင်စေပြန်၍ ကုဟသိဝမင်းကိုးကွယ်ပြန်ရ၏။

ဒက္ခိဏာပထအဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ ဥဇ္ဇေနီမင်း၏သား ဒန္တမင်းသားသည် ဒန္တပုရပြည်၌ စွယ်တော်ဓာတ်ကို ရှိခိုးပူဇော်လာများသဖြင့် ချစ်ခင်လေးမြတ်၍ သမီး ဟေမမာလာနှင့် ထိမ်းမြားလေသတည်း၊ တရံရောအခါ ကုဟသိဝမင်း၏တူဖြစ်သော ခီရဓာရမြို့၌နေသော မင်းသားတို့သည် စွယ်တော်ဓာတ်ကို ငါတို့အားပေးကောင်းသည်ဟု စစ်ပြုလာကုန်၏၊ ကုဟသိဝမင်းလည်း သမက်ဖြစ်သော ဒန္တမင်းသားကို ''ချစ်သား ဦးရီးသည် ထိုမင်းသားတို့ကို အောင်ခြင်းငှါမတတ်နိုင်ချေလျှင် ချစ်သားတို့သည် စွယ်တော်ဓာတ်ကိုယူ၍ သီဟိုဠ်ကျွန်း၌ ငါ၏အဆွေဖြစ်သော မဟာသေနမင်း၏ အထံသို့ကူးပါလေ'' မှာ၍ စစ်ဆိုင်လေသော် ကုဟသိဝမင်းသည် ရှုံး၍ သေခြင်းသို့ရောက်လေ၏။

ထိုအကြောင်းကိုကြား၍ ဟေမမာလာနှင့် ဒန္တမင်းသား သမီးခင်ပွန်းတို့သည် စွယ်တော်ကိုယူ၍ မထင်ရှားသောအသွင်ဖြင့် မြို့မှထွက်ပြေး၍ တာမလိတ္တိဆိပ်၌ ကုန်ပြုသင်္ဘောတွင်စီး၍ သီဟိုဠ်ကျွန်း မဟာသေနမင်းအထံသို့ သွားလေသော် မဟာသေနမင်းလွန်၍ သား ကိတ္တိသိရိမေဃမင်း အဘိသိက်ခံ၏ ၉-နှစ်မြောက် သာသနာတော်နှစ် ၈၄၇-နှစ်ရှိသောအခါ ကိတ္တိသိရိမေဃမင်း၏ လက်သို့ရောက်၍ နန်းရင်ပြင်၌ ပြာသာဒ်ဆောက်လျက် ရတနာပလ္လင်ထက်ဝယ် ရွှေကြုတ်၌ စွယ်တော်ကိုထည့်ထား၍ ကိုးကွယ်သတည်း။

## ၃၀၂။ ပိဋကတ်ကို သီဟဠဘာသာဖြင့် ရေးတင်သည်ကိုပြခြင်း

ထိုကိတ္တိသိရီမေဃမင်း ၁၈-နှစ်နန်းစံ၍ လွန်လျှင် ထိုမင်းသား ဇေဋ္ဌတိဿယူ၏၊ ထိုမင်းသားနှစ်ယောက်တို့သည် အချင်းများ၍ မင်းမပြုဘဲ ဇေဋ္ဌတိဿသည် ပြည်ကိုဆိုးမကွပ်ညှပ်၍ ၉-နှစ်နေ၏၊ ဇေဋ္ဌတိဿလွန်လျှင် ထိုမင်းသား ဗုဒ္ဓဒါသ ၂၉-နှစ် မင်းပြု၏၊ ထိုမင်းလက်ထက် ပိဋကတ်သုံးပုံကို တတ်သော မထေရ် ငါးပါးတို့သည် သင်္ကေရိုဂ် ဘာသာဖြင့်ရှိသော ပိဋကတ်သုံးပုံကို သီဟဠဘာသာဖြင့် ရေး၍ထား၏။

---

## ၃၀၃။ ပိဋကတ်ကိုသထုံပြည်သို့ ဆောင်ယူသည်ကို ပြခြင်း

ဗုဒ္ဓဒါသမင်းလွန်လျှင် ထိုမင်းသား ဥပတိဿ ၄၂-နှစ်မင်းပြု၏၊ ဥပတိဿမင်းလွန်လျှင် ဥပတိဿညီ မဟာနာမ မင်းပြု၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှသည် အနှစ် ၉၄၃-နှစ် မင်းဆက် ၆၆-ဆက်မြောက် မဟာနာမမင်းလက်ထက် ရောက်သောအခါ ဇမ္ဗူဒိပ်၌ မဇ္ဈိမဒေသ၏ အရှေ့တောင် ရာမညတိုင်း မွန်လူမျိုးတို့၏ နေရာ သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ မြတ်စွာဘုရား သာသနာ ၂၃၆-နှစ်အခါက သာသနာပြုလာသော အရှင်သောဏ,အရှင်ဥတ္တရ မထေရ်တို့၏ အနွယ်အဆက်ဖြစ်သော အရှင်ဗုဒ္ဓဃောသမထေရ်သည် သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်မှ သီဟိုဠ်သို့ သင်္ဘောဖြင့်ကူး၍ သီဟိုဠ်ဘာသာအက္ခရာဖြင့် ပေ၌ရေးတင်၍ရှိသော ပိဋကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် မဂဓဘာသာရေးကူး၍ ရာမညတိုင်း သုဝဏ္ဏဘူမိသို့ ဆောင်ခဲ့သတည်း။

ထိုသီဟိုဠ်၌ မဟာနာမမင်းလက်ထက်ရောက်သောအခါ ဂေါဇာ သက္ကရာဇ်ကား မြတ်စွာဘုရားသာသနာတော် ၆၂၄-ခုကို ဒေါဒေါ ရသကိန်းဖြင့် ဖြိုပြီးနောက် ၃၂၁-ခုတည်း၊ အဘယ့်ကြောင့် ၃၂၁-ခု ဟူ၍ သိရသနည်း ဟူတုံအံ့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ အနှစ် ၆၀-ပြည့်တွင် ရကုဋ္ဌပြည်၌ ရသေ့မြှိတည်၍ တကောင်းမင်းသား

မဟာသမ္မတ မင်းပြုသည်မှ စ၍ ရသေ့မြို့၌ပင် ၂၃-ယောက်မြောက် သုမနန္ဒရီမင်းလက်ထက် ရောက်သောအခါ သာသနာတော်နှစ်သည် ၆၂၄-ခုဖြစ်၏၊ ထို ၆၂၄-ခုကို သုမနန္ဒရီမင်းသည် ဒေါ်ဒေါ်ရသ ကိန်းဖြင့်ဖြို၍ သက္ကရာဇ် ၂-ခုဟု ထား၏၊ ထိုထားသော သက္ကရာဇ် ၂-ခု၌ ထိုမင်းလွန်လျှင် သားအတိတျာ ၃-နှစ်မင်းပြု၏၊ ထိုနောက် ညီ သုပညာနဂရဆိန္ဒ ၁၁-နှစ် မင်းပြု၏၊ ထိုမင်းလက်ထက်တွင် ရသေ့ပြည် ပျက်၏။

သုမနန္ဒရီလွန် သက္ကရာဇ် ၂-ခု၊ အတိတျာမင်းပြုနှစ် ၃-နှစ်၊ ညီ သုပညာနဂရမင်းပြု ၁၁-နှစ်၊ သုံးရပ်ကိုပေါင်း၍ ရသေ့ပြည်မပျက်မီ သက္ကရာဇ် ၁၆-ခု၊ရသေ့မြို့ပျက်ပြီးနောက် မင်းမရှိ၊လပ်သည် ၁၂-နှစ်၊ ပေါင်း ၂၀-နှစ်ဖြစ်၏၊ သုမနန္ဒရီမင်း ထားသည့်သက္ကရာဇ် ၂၉-ခုတွင် သမုဒ္ဒရာဇ်မင်းသည် ယုန်လွှတ်ကျွန်းတွင် ၁၉-ရွာကို တည်ထောင်၍ မင်းပြု၏၊ ပုဂံ၌သမုဒ္ဒရာဇ်မင်းမှစ၍ မင်းရှစ်ဆက်မြောက် ကြောင်ဖူရစ် မင်းပြုသောအခါလျှင် သုမနန္ဒရီမင်း ဒေါ်ဒေါ်ရသဖြင့်ဖြိုပြီး သက္ကရာဇ် ၃၂၁-ခု ရောက်သတည်း။

---

## ၃၀၄။ သာသနာ နှစ်ကြောင်းနှစ်သွယ် ဆင်းသက်သည်ကိုပြခြင်း

ပုဂံ၌ အစသမုဒ္ဒရာဇ်မင်းမှသည် ၂၁-ဆက်မြောက်ပုပ္ပါးစောရဟန်း မင်း လက်ထက်ရောက်သောအခါ သုမနန္ဒရီမင်းထားသောသက္ကရာဇ် သည် ၅၆၂-ခုဖြစ်သတည်း၊ ထိုသက္ကရာဇ်ကို ပုပ္ပါးစောရဟန်းသည် ခဆပဥ္စကိန်းဖြင့် ၅၆၀-ကိုဖြို၍ အစွန်း ၂-ခုကိုသာ ဂေါဇာသက္ကရာဇ် ၂-ခုဟူ၍ထားပြန်သတည်း၊ ထိုပုပ္ပါးစောရဟန်းထားသော ၂-ခုသက္က ရာဇ်မှစ၍ ဂေါဇာသက္ကရာဇ် ၄၁၉-ခု၊ ဘုရားပရိနိဗ္ဗာန်စံတော်မူသည် မှ ၁၆၀၁ ခုနှစ်တွင် ပုဂံ၌မင်း ၄၃-ဆက်မြောက်ဖြစ်သော အနော်ရထာမင်းစောသည် ပုသိမ်သုံးဆယ့်နှစ်မြို့၊ ဟံသာဝတီသုံးဆယ့်နှစ်မြို့၊ မုတ္တမသုံးဆယ့်နှစ်မြို့အားဖြင့် ပြည့်သောလူနေရှိသော ရာမညတိုင်း တလိုင်းသုံးရပ်ကို သုဝဏ္ဏဘူမိသထုံပြည်၌ မနူဟာမင်း လက်ထက်

အောင်၍ မနူဟာမင်းကိုင်း, အရှင်သောဏ, အရှင်ဥတ္တရတို့၏ သာသနာအနွယ်အဆက်ဖြင့်လာသော အရှင်ဗုဒ္ဓဃောသမြန်မာအက္ခရာဖြင့် မဂဓဘာသာရေးကူးအပ်သော ပိဋကတ်သုံးပုံကိုင်း, ရဟန်းသံဃာအပေါင်းကိုင်း သိမ်းယူခဲ့၍ ပုဂံ၌ သက္ကရာဇ် ၄၁၉-ခုတွင် သာသနာတော် တည်စဖြစ်သတည်း။

ပုဂံ၌ သာသနာတော်တည်စနှစ်မှသည် ၁၀၇-ခုမြောက် သီဟိုဠ်သာသနာနှစ် ၁၄၇၂-နှစ်မြောက် ဘုရားပရိနိဗ္ဗာန်စံတော်မူသောနှစ်မှ ၁၇၀၀-နှစ်မြောက် ပုပ္ပါးစောရဟန်း ခဆပဥ္စဖြင့် သာသနာကိုဖြို၍ထားသော ဂေါဇာသက္ကရာဇ် ၅၂၆-နှစ်မြောက် ရောက်သောနှစ်အခါ သီဟိုဠ်၌ သိရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းပြု၍ ၁၀-နှစ်မြောက်ဖြစ်သတည်း၊ ထိုနှစ်၌လျှင် ထိုမင်းသည် သီဟိုဠ်သာသနာ၌ မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်း, ဇေတဝနဝါသီဂိုဏ်းဟု သုံးဂိုဏ်းကွဲပြား၍ ရှိသည်တွင်—

မဟာဝိဟာရဝါသီဂိုဏ်း ဆရာတို့၏ ဝါဒသို့သက်၍ သာသနာတော်အညစ်အကြေးဖြစ်သော အဘယဂိရိကျောင်းမှ အနှစ် ၁၂၅၄-နှစ်တိုင်တိုင် စည်ပင်ပြန့်ပွါးသော မကောင်းသော အကျင့်သီလအာစာရရှိသော အဘယဂိရိဝါသီဂိုဏ်း သံဃာအပေါင်းကိုင်း, ဇေတဝန်ကျောင်းမှအနှစ် ၈၉၇-နှစ်တိုင်တိုင် စည်ပင်ပြန့်ပွါး၍လာသော မကောင်းသော အကျင့်သီလအာစာရရှိသော ဇေတဝနဝါသီဂိုဏ်း သံဃာအပေါင်းကိုင်း တရားနှင့်ညီစွာနှိပ်၍ စွန့်ပစ်ပယ်ရှား၍ သာသနာတော်၌ ကောင်းသောအကျင့်သီလရှိသော မဟာဝိဟာရဝါသီဂိုဏ်း သံဃာ၏အပေါင်းဖြင့် တဂိုဏ်းတည်းသာတည်စေ၍ သာသနာတော်ကို ပွတ်သစ်သောခရုသင်း ထွန်းလင်းစွာသော လက်ရုံ့သို့ရှိအောင် သိရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းသည် သုတ်သင်ဆေးကြောပေသတည်း၊ ထိုသုတ်သင်သောနှစ်၌ ဂေါဇာသက္ကရာဇ်ကား ၅၂၇-ခု ဖြစ်၏။

သီဟိုဠ်၌ သိရိသင်္ဃဗောဓိပရက္ကမဗာဟုမင်း သာသနာကိုသုတ်သင်သည်မှ ၆-နှစ်မြောက် သာသနာတော် ၁၇၁၄-နှစ် ပုပ္ပါးစောရဟန်းထားသော သက္ကရာဇ် ၅၃၂-ခုရောက်သောအခါ၌ သဃိုနေလောကီ

ချာန်ရ ပြာဏာဒဿီမထေရ် တပည့် ကမုက်မြို့သား မဟာကာလ၊ မဟာကာလတပည့်အရိယဝံသ၊ အရိယဝံသတပည့် ရာမညတိုင်းသား ဥတ္တရာဇီဝမထေရ်သည် ဆပဒရွာသား သာမဏေ အလုပ်အကျွေးနှင့် တကွ ရဟန်းသံဃာများစွာတို့နှင့် သီဟိုဠ်သို့ စေတီပေါမိတို့ကိုရှိခိုး အံ့ဟုကူးလေ၍ ထိုနှစ်ပင် ပုဂံပါသံဃာ မဟာဝိဟာရဝါသီဂိုဏ်း သံဃာဘို့နှင့်တပေါင်းတည်း ဆပဒသာမဏေကိုပဉ္စင်းခံခဲ့၍ စေတီပေါမိ ကိုရှိခိုး၍ ပုဂံသို့ပြန်ခဲ့၏။

ဆပဒမထေရ်မူကား ဆရာကို ခွင့်တောင်းလိုက်၍ သီဟိုဠ်၌ပင် ဆယ်ဝါတိုင်တိုင် ပိဋကတ်သုံးပုံကိုတတ်အောင်သင်ပြီးမှ သီဟိုဠ်သံဃာ မဟိန္ဒ,သီဝလိ,အာနန္ဒာ,ရာဟုလာ ဤမထေရ်လေးပါးကို သဘောညှိ ၍ ဇမ္ဗူဒိပ်သို့ကူးခဲ့သော် ဝါလနီးသဖြင့် ပုသိမ်မြို့တွင် ဝါဆိုခဲ့ပြီး၍ ပုဂံ၌ သထုံသာသနာ ၁၂၄-နှစ် စောရဟန်းသက္ကရာဇ် ၅၄၃-ခု ပုဂံ၌ မင်းဆက်ငါးဆယ်မြောက် နရပတိစည်သူမင်းပြု၍ ၁၀-နှစ်ရောက်သော အခါတွင် ပုဂံသို့ရောက်လာကုန်၍ သီဟိုဠ်သာသနာလည်း ပုဂံ၌တည် သတည်း၊ထိုအခါ ဘုရားသာသနာတော်နှစ်ကား ၁၇၂၅-ဖြစ်သတည်း။

---

## ၃၀၅။ မြန်မာနိုင်ငံ၌ သာသနာ ထွန်းလင်းသည်ကိုပြခြင်း

ဤသို့ သုဝဏ္ဏဘူမိ၌ အရှင်သောဏ,အရှင်ဥတ္တရတို့ပြုသော သာသနာ,သီဟိုဠ်၌ အရှင်မဟိန္ဒပြုသော သာသနာအားဖြင့် သာသနာနှစ်ပါး ပြန့်ပွါးစည်ပင်သော ပုဂံပြည်၌ နရပတိစည်သူမှ ၆-ဆက်မြောက်ဖြစ် သော နန်းကျကျော်စွာသည် စောရဟန်းထားသော သက္ကရာဇ် ၆၄၀-ခုတွင်မင်းပြု၏၊ ထိုမင်း မင်းပြု၍ ၁၄-နှစ် သက္ကရာဇ် ၆၆၂-ခုတွင် ရာဇသင်္ကြံ, အသင်္ခယာ, သီဟသူ, ဤအမတ်သုံးယောက်တို့ မြင်စိုင်း၌ မြို့ တည်၍ ကျော်စွာမင်းကိုပင့်ခေါ်၍ ရောက်လျှင် ဘမ်း၍ ထိုအမတ် သုံးယောက်မင်းပြု၍ ရာဇသင်္ကြံ မြင်စိုင်း၌နေ၏၊ အသင်္ခယာ မက္ခရာ၌ နေ၏၊ သီဟသူ ပင်လယ်၌ နေ၏၊ ထိုအကြောင်းကိုကြား၍ ကျော်စွာ သား စောနစ်သည် ပုဂံ၌ နန်းတက်၍ မင်းပြု၏၊ မင်းပြု၍ ၂၂-နှစ်

နေ၍ လွန်လျှင် စောနစ်ညီ မွန်နစ်သည် သက္ကရာဇ် ၆၀၄-ခုတွင် ပုဂံ၌ မင်းပြု၍ စည်းစိမ် ၄၅-နှစ်နေ၍ လွန်၏၊ ထိုမွန်နစ်တွင် ပုဂံ၌ မင်းဆက်ပြတ်၏။

ပုဂံ၌ နန်းဆက်ပြတ်သော သက္ကရာဇ်ကား ၇၂၉-တည်း၊ ဘုရားလွန်တော်မူသည်မှ ၁၉၁၁-နှစ်တွင် ပုဂံနန်းဆက်ပြတ်သတည်း၊ ပုဂံ၌ အနော်ရထာစောလက်ထက်မှစ၍ မွန်နစ်တိုင် သာသနာတည်သော နှစ်ပေါင်းကား ၃၀၀-နှစ်တည်း၊ ရာမညတိုင်း သုဝဏ္ဏဘူမိဖြစ်သော သထုံ၌ သာသနာတည်သော နှစ်ပေါင်းကား အရှင်သောဏုတ္တရတို့ သာသနာပြုစ မဟာသိရိမာသောကမင်းမှသည် သထုံနန်းဆက်ပြတ် မနူဟာမင်းတိုင်အောင် ၁၃၆၅-နှစ်တည်း။

သီဟသူသည် ပင်လယ်၌ ၁၂-နှစ်နေ၍ စောရဟန်းသက္ကရာဇ် ၆၇၄-ခုတွင် ပင်းယ၌ မြို့နန်းတည်၍ မင်းပြု၏၊ သီဟသူမှစ၍ ပင်းယ၌ မင်းခြောက်ဆက်တည်း၊ ထိုခြောက်ဆက်မင်းတို့ စိုးအုပ်သောနှစ်ပေါင်းကား ၅၂-နှစ်တည်း။

ပင်းယမြို့တည် သီဟသူသား အသင်္ခယာစောယွန်းသည် သာသနာတော်နှစ် ၁၈၆၆-နှစ် စောရဟန်း သက္ကရာဇ် ၆၈၄-ခုတွင် စစ်ကိုင်းအရပ်၌ မြို့နန်းတည်၍ မင်းပြု၏၊ စစ်ကိုင်း၌ အသင်္ခယာစောယွန်းမှစ၍ ၇-ဆက် မင်းပြု၏၊ ထို ၇-ဆက်မင်းတို့မင်းပြု၍ အုပ်စိုးသည့်နှစ်ပေါင်းကား ၄၁-နှစ်တည်း၊ သာသနာတော်နှစ် ၁၉၀၇-နှစ် သက္ကရာဇ် ၇၂၅-ခုတွင် စစ်ကိုင်းမင်းနေပြတ်၏၊

စစ်ကိုင်းမြို့တည် အသင်္ခယာစောယွန်းမြေး သတိုးမင်းဖျားသည် သာသနာတော်သက္ကရာဇ် ၁၉၀၀-နှစ် ပုပ္ပါးစောရဟန်းထားသည့် သက္ကရာဇ် ၇၂၆-နှစ်အခါ တပေါင်းလဆန်း ၆-ရက် အင်္ဂါနေ့ ပုဿဖုသျှနက္ခတ်မွန်းတည့်အခါတွင် ရတနာပုရပြည်ကြီးကိုတည်၍ ရွှေထီး ရွှေနန်းကိုဆောက်၍ မင်းပြုသတည်း၊ ရတနာပုရပြည်ကြီး တည်သည့်နှစ်မှ နောက် ၃-နှစ် သက္ကရာဇ် ၇၂၉-ခုရောက်သောအခါ ပုဂံ၌ မွန်နစ်စည်းစိမ် ၄၅-အသက် ၆၄-နှစ်ပြည့်၍ သေလွန်သဖြင့် မင်းဆက်ပြတ်သတည်း။

သာသနာတော်သည် ရတနာပုရပြည်ကြီးသို့ရောက်သဖြင့် သက္ကရာဇ် ၇၂၆-ခု သာသနာတော်နှစ် ၁၉၀၈-နှစ်၌ ရတနာပုရပြည် တည်ထောင်သော သတိုးမင်းဖျားမှစ၍ သုံးကျိပ်သုံးယောက်သော မင်းဆက်ရောက်ပြီးသည်တိုင်အောင် ဆောင်ရွက်စောင်မ အုပ်ချုပ် ထိန်းသိမ်းသဖြင့် ရတနာပုရပြည်ကြီး၌ မြတ်စွာဘုရားသာသနာတော် စည်ပင်ပွင့်လင်း ထွန်းပသောအခါ သာသနာတော်နှစ် ၂၃၁၆-နှစ် သက္ကရာဇ်ကောဇာ ၁၁၃၄-နှစ်တွင် ဤစာကျမ်းသစ် ဖြစ်သတည်း။

---

## ၃၀၆။ ရာမညတိုင်း၌ သွားတော်ဓာတ် တည်သည်ကိုပြခြင်း

### ရာမညတိုင်းသို့ မြတ်စွာဘုရားကြွတော်မူခြင်း

ရာမညတိုင်း သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ကား သာသနာတော်သာတည်သည်မဟုတ် မြတ်စွာဘုရား၏ သုံးဆယ့်သုံးချောင်းသော သွားတော်ဓာတ်တို့သည်လည်း တည်ကုန်၏၊ အကြောင်းကား ဤသို့တည်း၊ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်၍ ရှစ်ဝါမြောက်ဝါဆိုတော်မူ၍ ဒေသစာရီကြွတော်မူသဖြင့် မိဓိလာပြည်သို့ ရောက်တော်မူသောအခါ ပဥ္စမဝါ၌ ရဟန်းပြုသော ဂဝမ္ပတိမထေရ်သည် ရာမညတိုင်း သထုံပြည်၌ ရှေးဘဝက ဆွေမျိုးဖြစ်ဘူးသောသူတို့ကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍ သနားသဖြင့် မိဓိလာမှ ကောင်းကင်ခရီးဖြင့် သထုံမြို့သို့ ကြွတော်မူလေ၏။

ထိုအခါ သထုံပြည်၌ မဟာသိရိမာသောကမင်းသည် မင်းပြု၏၊ ဂဝမ္ပတိမထေရ်သည် မင်းစသောပရိသတ်အား တရားဟောသဖြင့် မင်းသည် ရတနာသုံးပါး၌ ကြည်ညို၍ မထေရ်အားလျှောက်၏၊ "အရှင်ဘုရား....အကျွန်ုပ်တို့သည် တရားတော်ကိုလည်း နာရကုန်ပြီ၊ သံဃာတော်ကိုလည်း ဖူးမြင်ရကုန်ပြီ၊ မြတ်စွာဘုရားအား ဖူးမြင်ရကြောင်းကို ကြံတော်မူပါ"ဟုလျှောက်သဖြင့် ဂဝမ္ပတိမထေရ်သည် "ကောင်းပြီ" ဟု ဝန်ခံ၍ ပြန်ခဲ့သဖြင့် မိဓိလာသို့ ရောက်သော်"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ကိုယ်တော်မြတ်ဘုရားသည် သထုံပြည်သို့ ကြွတော်

မူပါ''ဟု လျှောက်တောင်းပန်လျှင် မြတ်စွာဘုရားသည် နှစ်သောင်း မျှလောက်သော သံဃာအခြံအရံနှင့်တကွ ကောင်းကင်ခရီးဖြင့် မိမိလာမှ ကြွတော်မူ၍ သထုံမြို့မှ အရှေ့အရပ် ဇူနှဓနု တောင်ထိပ်၌ ကောင်းကင်မှသက်၍ နေတော်မူ၏။

ထိုအခါ မဟာသိရိမာသောကမင်းမှစ၍ ပြည်သူ ပြည်သားတို့သည် ဖူးမြင်ဆည်းကပ်လာကုန်၏၊ မြတ်စွာဘုရား တရားဟောတော်မူသဖြင့် မင်းစသောပရိသတ်တို့သည် သရဏဂုံပဥ္စသီ တည်ကုန်၏၊ မြတ်စွာဘုရားအမှူးရှိသော သံဃာအား လုပ်ကျွေးလှူဒါန်း ပူဇော်ကုန်၏၊ ထိုအခါ ထိုအရပ်၌ရှိကုန်သော ရသေ့ခြောက်ယောက်တို့သည် ဘုရားကို ကြည်ညိုသဒ္ဓါသဖြင့် နောက်အခါ ကိုယ်တော်စားကိုးကွယ်ရန် တောင်းပန်ကုန်လျှင် ဦးခေါင်းတော်ကို လက်ဖြင့်သုံးသပ်၍ ဆံတော်ခြောက်ချောင်းကို တဆူစီ ရသေ့တို့အား ပေးအပ်တော်မူ၏။

မဟာသိရိမာသောကမင်းက''ဆံတော်ပေးတော်မူပါ''ဟု လျှောက်တောင်းပန်သည်ရှိသော် ''ဒါယကာမင်းကြီးအား ဆံတော်ကို မအပ်သင့်၊ ဤနှစ်မှ ၃၇-နှစ်မြောက်၏ အထက်၌ ငါ၏သွားတော်ဓာတ် ၃၃-ဆူကို ဒါယကာမင်းကြီး ကိုးကွယ်ရလတ္တံ့''ဟု မိန့်တော်မူ၍ ''ရာမညတိုင်း၌လည်း နောင်သောအခါ ငါ၏သာသနာ တည်ပေလတ္တံ့''ဟု နှလုံးသွင်း၍ ထိုဇူနှဓနုတောင်၌ ၃၃-ဌာနသောအရပ်တို့၌ ဖလသမာပတ်ဝင်စား၍ ထိုင်နေတော်မူခဲ့ပြီးမှ မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူခဲ့၏။

ပရိနိဗ္ဗာန် စံဝင်တော်မူလုနီးတွင် မစံမဝင်ခင် အရှင်ဂဝမ္ပတိအား ''ငါဘုရား၏သွားတော်ဓာတ် သုံးဆယ့်သုံးဆူကို ထင်းပုံထက်မှယူပြီးလျှင် ရာမညတိုင်း ခွန်လှိုင်းပြည့်စုံ သထုံပြည်ကြီးအရှင် ဘုရင်ရာဇာ မဟာသိရိမာသောကမင်းကြီးအား ဆောက်နှင်းပေးအပ်ရမည်''ဟု ဗျာဒိတ်စကား မိန့်ကြားသမှု ဝန်ပြု၍ထားခဲ့သဖြင့် ဘုရားပရိနိဗ္ဗာန် စံဝင်သည့်အခါ မှာတော်မူခဲ့သော ဗျာဒိတ်တော်မပျက်စေဘဲ ထင်းပုံထက်မှ သွားတော်ဓာတ် ၃၃-ဆူကို အရှင်ဂဝမ္ပတိမထေရ်ယူ၍ သထုံပြည်၌ မဟာသိရိမာသောကမင်းကြီးအား အပ်ပေးတော်မူလေ၏။

မင်းကြီးလည်း သွားတော်ခေတ် ၃၃-ဆူတို့ကိုရလျှင် ဝမ်းမြောက် ဝမ်းသာဖြစ်၍ သန့်ရှင်းစင်ကြယ်စွာ ရေဖြင့်ဆေး၍ ထိုဇုန္နမနတောင် ဝယ် မြတ်စွာဘုရား ဖလသမာပတ်ဖြင့် ထိုင်နေရာ ဖြစ်သော ၃၃-ဌာန အရပ်တို့၌ ဂဝမ္ပတိမထေရ်ရှေ့ညွှန်ပြသဖြင့် ဌာပနာ၍ ကျောက်စေတီ ယော် ၃၃-ဆူတည်လျက် မင်းမှစ၍ အလုံးစုံသော ပြည်သူပြည်သားတို့ သည် ရှိခိုးကိုးကွယ် ပူဇော်သက္ကာရ နိစ္စမပြတ် ပြုကုန်၏၊ ထိုမဟာသိရိ မာသောကမင်းမှစ၍ သထုံပြည်၌ ထီးဆောင်းမင်း အဆက်ဆက်တို့ သည်၎င်း, ရာမညတိုင်းသူတို့သည်၎င်း ကိုးကွယ်ကုန်၏။

## အရှင်သောဏ,အရှင်ဥတ္တရထေရ်တို့ကြွလာခြင်း

မြတ်စွာဘုရား လွန်တော်မူသည်မှ ၂၃၆-နှစ်အခါ တတိယသင်္ဂါ ယနာတင်ပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် သာသနာပြု စေအပ်သော အရှင်သောဏ,အရှင်ဥတ္တရထေရ်နှစ်ပါးတို့သည် မိမိတို့ နှင့်တကွ ပဉ္စဝဂ်သံဃာကိုယူ၍ ရာမညတိုင်း သုဝဏ္ဏဘူမိသို့ကြွတော် မူလာကုန်၏၊ ထိုရောအခါ သုဝဏ္ဏဘူမိ၌ သိရိမာသောက အမည်ရှိ သောမင်းသည် မင်းပြု၏၊ သထုံပြည်သည် ထိုအခါ သမုဒြာနှင့်နီးသည် ဖြစ်ရကား မင်း၏နန်းတော်၌ ဘွားတိုင်းဘွားတိုင်းသော သူငယ်တို့ကို သမုဒြာရေစောင့် ဘီလူးမသည် မိမိအခြံအရံနှင့်တကွလာ၍ လာ၍ စားလေ၏။

ထိုမထေရ်တို့ ရောက်လာတော်မူစဉ် အခါလည်း မင်းအိမ်၌သား ဘွားခိုက်ကြိမ်သဖြင့် အလုံးစုံသော ပြည်သားတို့သည် မထေရ်တို့ကို မြင်ကုန်သော် ရေစောင့်ဘီလူးဟု ထင်မှတ်ကြကုန်၍ ဓားလှံစသည် လက်စွဲကုန်လျက် ဟစ်အော်ကြွေးကြော်ကြကုန်၏၊ ထိုသို့ ဟစ်အော် ကြွေးကြော်ကြသည်ကို မြင်လျှင် မထေရ်တို့က ''သင်တို့သည် အဘယ့် ကြောင့် ဤကဲ့သို့ ပြုကြကုန်သနည်း''ဟု မေးကုန်၏၊ထိုအခါ ဟစ်အော် ကြွေးကြော်ကြကုန်သော ပြည်သားတို့က ''သင်တို့သည် ရေစောင့် ဘီလူး ဖြစ်ကြကုန်၏၊ထိုကြောင့် ငါတို့သည် ဆီးတား ကွယ်ကာအံ့သော ငှါ ဟစ်အော်ကြွေးကြော်ကြကုန်သည်''ဟု ဆိုကုန်၏၊ ထိုအခါ မထေရ် တို့က ''ငါတို့သည် ရေစောင့်ဘီလူးမဟုတ်ကုန်၊ ရဟန်းတို့တည်း''ဟု ဆို

ကုန်၏၊ ထိုစကားကိုကြားလျှင် ပြည်သားတို့သည် ခားလုံစသော လက်နက်တို့ကို ချကြကုန်ပြီး၍ မထေရ်တို့ကို ရှိသေစွာရှိခိုးလျက် ထိုင်နေကြကုန်၏။

ထိုခဏ၌ပင်လျှင် အဘော်အပေါင်း ငါးရာနှင့်တကွ ရေစောင့်ဘီလူးမလာသည်ကို မြင်ကြကုန်သဖြင့် ပြည်သားတို့သည် အလွန်လျှင် ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ကြကုန်၍ ဟစ်အော် ကြွေးကြော်ကြပြန်ကုန်၏၊ ထိုအခါ မထေရ်တို့သည် ဘီလူးမတို့ထက် ကိုယ်နှစ်ဆတက် အရေအတွက်နှစ်ဆတက် ကြောက်မက်ဘွယ်ကောင်းလှသော မနုဿီဟအသွင်ဘန်ဆင်း၍ ဝန်းရံကြသည်ကို ဘီလူးမတို့မြင်လျှင်“ယခုအခါ ငါတို့သည် ဤသူတို့၏အစာဖြစ်ချေကုန်ပြီ”ဟု ကြောက်ခြင်း ပြင်းစွာဖြစ်၍ ပြေးလေကုန်၏၊ မထေရ်တို့လည်း နောက်ထပ်လိုက်ကုန်၍ ဝေးစွာ ပြေးလေစေကုန်၏၊ နောက်ကိုတဘန်ပြန်၍ မလာဝံ့စေခြင်းငှါ ထိုကျွန်းအနှံ့လှည့်လည်ကြလျက် ဗြဟ္မဇာလသုတ်ကိုရွတ်၍ အရံအတား ပြုကုန်၍ ပြန်ခဲ့ကြကုန်ပြီးလျှင် ထိုပြည်သူပြည်သား အစည်းအဝေး၌လည်း ဗြဟ္မဇာလသုတ်ကိုပင် ဟောတော်မူ၏၊ ဟောတော်မူသော အဆုံး၌ ခြောက်သောင်းသော ပရိသတ်တို့သည် အကျွတ်တရား ရကုန်၏၊၃၅၀၀-ကုန်သော မင်းချင်းယောကျ်ားတို့သည်၎င်း,၁၅၀၀-သော မိန်းမတို့သည်၎င်း, ရဟန်းယောကျ်ား, ရဟန်းမိန်းမ ပြုကြကုန်၏၊

ထိုအခါမှစ၍ သထုံပြည်တွင် မင်း၏အိမ်၌ ဘွားသောသူငယ်ကို သောဏုတ္တရ ဟူသော အမည်ကိုမှည့်ကုန်၏၊ ထိုအရှင်သောဏုတ္တရ မထေရ်တို့ဘန်ဆင်းသော မနုဿီဟအရုပ်ကိုလည်း ကျောက်ဖြင့်လုပ်၍ ထိုသထုံမြို့၏ အရှေ့မြောက်ယွန်း ဇာန္ဒခနေတောင်ထိပ်၌ ထားကုန်၏၊ ရွှေပြားငွေပြားတို့၌လည်း ထိုအရုပ်ကိုရေးထု၍ ရာမညတိုင်း၌ ဘွားသော သူငယ်တို့၏လည်၌၎င်း,ထိပ်၌၎င်း ဆင်စေ၍ ကိုးကွယ်ကုန်၏။

ထိုအခါ သိရိမာသောကမင်းသည် မထေရ်တို့ကို “အရှင်ဘုရားတို့....အကျွန်ုပ်တို့သည် မြတ်စွာဘုရားတရားတော်ကိုလည်း နာရကုန်ပြီ၊ သံဃာတော်တို့ကိုလည်း ကိုးကွယ်ရကုန်ပြီ၊ မြတ်စွာဘုရား၏ သရီရဓာတ်ကို မကိုးကွယ်ရကုန်သေး”ဟူ၍ လျှောက်လျှင် မြတ်စွာ

ဘုရား ပရိနိဗ္ဗာန်ပြုတော်မူစက ဂဝမ္ပတိမထေရ် ၃၃-ချောင်းသော သွားတော်ကို ထင်းပုံထက်မှယူ၍ မဟာသိရိမာသောက မင်းကြီးအား ပေးအပ်သဖြင့် ထိုဓာတ်တော်တို့ကို ဌာပနာ၍ စေတီတည်၍ ကိုးကွယ်အပ်သော ၂၃၆-နှစ်တိုင် ကာလရှည်မြင့်သဖြင့် တောခြုံအုပ်ဖုံး၍ တိမ်မြုပ်လေပြီးသော စေတီ ၃၃-ဆူတို့ကို အရှင်သောဏုတ္တရမထေရ်တို့ ညွှန်ပြသဖြင့် ထိုသွားတော်ဓာတ်တို့ကို သိရိမာသောကမင်းကြီး ဘော်ထုတ်၍ ရွှေကြုတ် ၃၃-လုံးတို့ကိုလုပ်စေ၍ သွားတော်တို့ကို ရွှေကြုတ်တို့၌ တဆူစီသွင်း၍ ထိုရွှေကြုတ်တို့ကို ရွှေဖျဉ်းတို့၌ တလုံးစီ ထည့်၍ သထုံမြို့၏အရှေ့မြောက်ယွန်း ဇူနှဓနုတောင်ဂှမ်း၌ ဌာပနာတိုက် ၃၃-တိုက်လုပ်ပြီးသော်—

ထိုရွှေဖျဉ်းတို့ကို ထိုတိုက်တို့၌ သွင်းထားပြီးသောအခါ သိရိမာသောက မင်းကြီးသည် ဤသို့သစ္စာဓိဋ္ဌာန်ပြု၏။

**သိရိမာသောကမင်းသစ္စာဓိဋ္ဌာန်ပြုခြင်း**

> "အကယ်၍တည်း သဗ္ဗညုမြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွါးအလို့ငှါ ဘုရားဖြစ်တော်မူပါသည်ဖြစ်အံ့၊ ဤသွားတော်ဓာတ်တို့သည်လည်း မြတ်စွာဘုရား သွားတော်စစ်စစ် မှန်သည်ဖြစ်အံ့၊ ဤသွားတော်ဓာတ်တို့သည် ရွှေကြုတ်ရွှေဖျဉ်းနှင့်တကွ ဌာပနာတိုက်မှ ပျံထွက်၍ ကိုးကွယ်ထိုက်သော ဝေနေယျရှိရာအရပ်၌ သက်၍ ကိန်းဝပ်တော်မူပါစေကုန်သတည်း"—

ဟု သစ္စာဓိဋ္ဌာန်ပြု၏၊ ထိုမင်း သစ္စာဓိဋ္ဌာန်ပြုသည်၏ အခြားမဲ့၌ ပင် ၃၃-ခုသော တိုက်တို့မှထွက်၍ ထိုရာမညတိုင်း၌ ဟံသာဝတီ ၁၁-မြို့, ပုသိမ် ၁၁-မြို့, မုတ္တမ ၁၁-မြို့အားဖြင့် ၃၃-ပါးသောအရပ်တို့၌ ကိန်းဝပ်တော်မူလေကုန်၏၊ ထိုအကြောင်းကို ထိုထိုသို့သော အရပ်သားတို့ ကြားသျှောက်လာကုန်သဖြင့်ငင်း, မထေရ်တို့ နတ်မျက်စိဖြင့်မြင်သိ၍ ကြားသဖြင့်ငင်း,သိရိမာသောကမင်းကြီးသိ၍ ထိုထိုသို့သော အရပ်သားတို့ကို စေတီတည်၍ ကိုးကွယ်ပူဇော် သက္ကာရပြုလေစေ၏။

ထိုစေတီ ၃၃-ဆူတို့တွင် ဟံသာဝတီမြို့ အနောက်တောင်နား အတွင်း၌တည်ရှိသော ရွှေမောဓောစေတီသည်၊ တဆူပင်တည်း ထို စေတီကို ရှေး၌ မုဓဝါစေတီဟူ၍သမုတ်၏၊ ရာမညတိုင်း သထုံမြို့၌ သာသနာတည်စဖြစ်သော သိရိမာသောကမင်းမှသည် မနူဟာမင်း တိုင် အနှစ် ၁၃၆၅-နှစ်ပတ်လုံး သာသနာတော်တည်ပြီးမှ မနူဟာမင်း လက်ထက် ပုဂံပြည် အနော်ရထာစောစစ်ပြု၍ ရာမညတိုင်းကိုအောင် လျှင် မနူဟာမင်းနှင့်တကွ ရဟန်းသံဃာ ပိဋကတ်စာပေတို့ကို သိမ်း ယူခဲ့သဖြင့် သထုံပြည်၌ မင်းနေပြတ်ပြီးသော် သထုံ၌ မင်းမျိုးမင်းနွယ် ဖြစ်သော မင်းသည် ဟံသာဝတီမြို့၌နေ၍ ရာမညတိုင်းကို တဘန် အသီးစိုးအုပ်၍ မင်းပြုပြန်၏၊ ထိုမင်းမှ ဂ၆-ဓမ္မစေတီမင်းသည် မုဓဝါ စေတီကိုမျိုးမံ၍ တည်ပြန်၏၊ ပုပ္ပါးစောရဟန်းဖြိုပြီးနောက် သက္ကရာဇ် ၇၁၀-တွင် မျိုးမံ၍တည်သတည်း၊ သာသနာတော်နှစ်ကား ၁၈၉၂-ခု တည်း၊ ထိုမင်း ၃၅-နှစ်မင်းပြု၏။

ထိုမင်းသား သုတသောမလည်း သက္ကရာဇ် ၇၄၅-ခုတွင် မင်းပြု၍ တဘန်မျိုး၍ တည်ပြန်၏၊ ထိုအခါ သာသနာ ၁၉၂၇-နှစ် ဖြစ်၏ သုတသောမသည် ၃၀-နှစ် မင်းပြု၏။ ထိုမင်းနောက် ခြောက်ဆက် မြောက်ဖြစ်သော မင်းသည် သာသနာတော် ၂၀၀၂-နှစ် သက္ကရာဇ် ဂ၂၀-ပြည့်တွင် သားတော် ရာမာဓိပတိမင်းအား ရာမညတိုင်း၌ မင်းအဖြစ်ကိုပေး၍ မုဓဝါစေတီကို တဘန် မျိုးမံ၍တည်ပြန်စေသ တည်း၊ ၅-နှစ်မှပြီး၏၊ ထိုအခါ သာသနာ ၂၀၀၇-ဖြစ်၏၊ ပုပ္ပါး စောရဟန်းထားသော သက္ကရာဇ် ဂ၂၅-ခုဖြစ်သတည်း။

---

## ၃၀၇။ ဆံတော်ရှင်စေတီ ၆-ဆူတို့၏ အဋ္ဌုပ္ပတ်ကိုပြခြင်း

မြတ်စွာဘုရား၏ဆံတော်ဓာတ်သည် ရာမညတိုင်း ဥက္ကလဇနပုဒ်၌ တပုဿ,ဘလ္လိက ညီနောင်တို့အား ကိုးကွယ်စိမ့်သောငှါ ၃-ဆူစီအပ် ပေးသဖြင့် ထိုဇနပုဒ်၏အရှေ့တောင် သိင်္ဂုတ္တရကုန်း၌ တည်တော်မူ၏၊ မဇ္ဈိမဒေသ၏ အနောက်တောင်အရပ် ပစ္စန္တဒေသ၌လည်း ၆-ဆူ သောဆံတော်ဓာတ်တို့သည် တည်ကုန်၏၊ တည်သောအကြောင်းကား မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ—

၁။ အနုရုဒ္ဓါ,
၂။ သောဘိတ,
၃။ ပဒုမုတ္တရ,
၄။ ဂုဏသာဂရ,
၅။ ဉာဏပဏ္ဍိတ,
၆။ ရေဝတ-

ဤရဟန္တာ ၆-ပါးတို့သည် မြတ်စွာဘုရားမှ ဝေးသောအရပ်၌ ဝေနေယျတို့အား သနားသဖြင့် ကိုယ်စားတော်ကိုးကွယ်ရန် တောင်းပန်လျှောက်ထားသဖြင့် ထိုမထေရ် ၆-ပါးတို့အား ဆံတော်ဓာတ်တဆူစီ ပေးအပ်တော်မူသည်ရှိသော် မထေရ်တို့သည် ကောင်းကင်ခရီးဖြင့်သွား၍—

၁။ ထို ပစ္စန္တဒေသ၌ ကောင်းကင်မှ သက်၍ ထိုပစ္စန္တဒေသ၏ တောင်မျက်နှာအဘို့၌ အရဏ်၏အဆင်းနှင့်တူသော မွှေလျော်ဘွယ်ရှိသော မြေအရပ်၌ အရှင်အနုရုဒ္ဓါမှ ဆံတော်ဓာတ်တဆူကို ဌာပနာ၍ သိကြားမင်းကို ဒါယကာခံစေ၍ စေတီတည်စေ၏။

၂။ ထိုအရပ်မှ သုံးဂါဝုတ်ကွာသော တောင်မျက်နှာအရပ်ဝယ် အထူးထူးသော သဲတို့ဖြင့်ပြွမ်းသော မွှေလျော်ဘွယ်ရှိသောအရပ်၌ အရှင်သောဘိတမှ ဆံတော်ဓာတ်တဆူကို ဌာပနာ၍ ပစ္စုပ္ပန်နတ်တို့ကို ဒါယကာခံစေ၍ စေတီတည်စေ၏။

၃။ ထိုမထေရ်တို့သည် ထိုအရပ်မှနစ်ခဲ့၍ သမုဒြာကမ်းနား၌ အရှင် ပဒုမုတ္တရမှ ဆံတော်ဓာတ်တဆူကို ဌာပနာ၍ ထိုသမုဒြာ၌ စောင့်သော မဏိမေခလာနတ်သမီးကို စေတီ ဒါယိကာမ ခံစေ၍ စေတီတည်စေ၏။

၄။ ထိုစေတီမှမြောက်အရပ်၌ ချမ်းမြေ့သော အရိပ်ရှိသော ပညောင်ပင်ကြီး၏အနီး၌ ထိုခဏရောက်လာသော သဒ္ဓါတရားနှင့် ပြည့်စုံသော သဘောသူကြီးကို ဒါယကာခံစေ၍ အရှင်ဂုဏသာဂရမှ ဆံတော်ဓာတ်တဆူကို ဌာပနာ၍ စေတီ တည်စေ၏။

၅။ ထိုအရပ်မှ အရှေ့မျက်နှာအဘို့၌ ဂင်္ဂါအနီး မွေလျော်ဘွယ်ရှိသောအရပ်၌ အရှင်ဥဏာပဏ္ဍိတမှ ဆံတော်ခြောက်တဆူကိုဌာပနာ၍ ဝရုဏာမည်သောနဂါးမင်းကို ဒါယကာခံစေ၍ စေတီ တည်စေ၏။

၆။ ထိုစေတီမှ မြောက်အရပ်၌ ထိုပစ္စန္တဒေသမှ ဖူးမြင်လိုကုန်သောသူတို့အား အလားအလာနှင့်ပြည့်စုံသော မွေလျော်ဘွယ်ရှိသောအရပ်၌ ထိုခဏ၌ရောက်လာကုန်သော လေ့ခုနစ်စင်းသား ကျည်းလူမျိုးဖြစ်သော ကုန်သည်တို့ကို ဒါယကာခံစေ၍ အရှင်ရေဝတမှ ဆံတော်ခြောက်တဆူကို ဌာပနာ၍ စေတီ တည်စေ၏။

ဤစေတီ ၆-ဆူတို့သည် သာသနာတော် အနှစ်ငါးထောင်တို့ပတ်လုံးလျှင် တည်ကုန်လတ္တံ့၊ သာသနာတော် နှစ်ထောင့်ငါးရာအတွင်း၌ကား ထိုအရပ်သည် လူနေနည်းပါးသည်ဖြစ်၍ ပူဇော်သက္ကာရနည်းပါးလတ္တံ့၊ သာသနာတော် နှစ်ထောင့်ငါးရာလွန်သည်မှ နောက်၌ကား ထိုအရပ်သည် စည်ပင်ပြန့်ပွားလူသူများသဖြင့် ပူဇော်သက္ကာရထူပြောစွာ ဖြစ်လတ္တံ့၊ စေတီ ၆-ဆူလုံးကို ခုနစ်ကြိမ်စီထပ်ပွားမျိုးမံ၍ စေတီ တည်လတ္တံ့၊ တန်ခိုးရှိန်စော် အာနုဘော်ထွန်းပစွာ ဖြစ်လတ္တံ့ဟူ၍ ထိုမထေရ် ၆-ပါးတို့သည် မြတ်စွာဘုရားမှ ဆံတော်ခြောက်တို့ကိုရ၍ သွားလေကုန်ပြီးသောနောက်၌ အရှင်အာနန္ဒာ မြတ်စွာဘုရားအား မေးလျှောက်သဖြင့် မြတ်စွာဘုရား ဗျာဒိတ် ကြားတော်မူခဲ့သတည်း။

---

## ၃၀၈။ ဂေါတမမြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ၃-ပါးတို့ကိုပြခြင်း

ဤဇမ္ဗူဒိပါကျွန်းထက်၌ သာသနာတော်၏အရှင်ဖြစ်သော တရားမင်းဘုရား၏ ပရိနိဗ္ဗာန်ကား—

၁။ ကိလေသပရိနိဗ္ဗာန်,
၂။ ခန္ဓပရိနိဗ္ဗာန်,
၃။ ဓာတုပရိနိဗ္ဗာန်-
ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်—

၁။ ကိလေသ ပရိနိဗ္ဗာန်သည်ကား ဘိုးတော် အဥ္စနမင်းထားသော သက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဗောဓိပင်ရင်း ရွှေပလ္လင်၌ အရဟတ္တမဂ်ဉာဏ်ကိုရသဖြင့် အလုံးစုံသော ကိလေသာတို့သည် ကုန်ခြင်းသို့ရောက်ကုန်သောကြောင့် ကိလေသပရိနိဗ္ဗာန်ဖြစ်သတည်း။

၂။ ခန္ဓပရိနိဗ္ဗာန်သည်ကား ဘိုးတော်အဥ္စနမင်းထားသော သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ ပစ္ဆိမယံအခါ ရောင်ဖြူမလာမီ ဗောဓိပင်မှအနောက်တောင်ထောင့် ၂၅-ယူဇနာအခွန့်ကွာသော ကုသိနာရုံပြည်၌ မလ္လာမင်းတို့၏ဥယျာဉ်တော၌ ဘုရားဟူသော သတ္တသန္တာနပညတ်၌ အလုံးစုံသော ရုပ်,နာမ်ခန္ဓာ သင်္ခါရတရားတို့သည် တဘန် အသစ်မဖြစ်ပြန်သောအားဖြင့် ချုပ်လေကုန်ပြီးသောကြောင့် ခန္ဓပရိနိဗ္ဗာန် ဖြစ်သတည်း။

၃။ ဓာတု ပရိနိဗ္ဗာန်သည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောနှစ်မှသည် အနှစ် ငါးထောင်စေ့သောအခါ အလုံးစုံသော ဓာတ်တော်တို့သည် သီဟိုဠ်ဟေမမာလာစေတီ၌ စုဝေးလတ္တံ့၊ ထိုဟေမမာလာစေတီမှသည် နာဂဒီပကျွန်း ရာဇာယတနစေတီ၌ စုဝေးလတ္တံ့၊ ရာဇာယတနစေတီမှသည် ဇမ္ဗူဒီပါ၌ ဗောဓိပင်ဝယ် စုဝေးလတ္တံ့၊ ဤဇမ္ဗူဒီပါ၌ရှိကုန်သော သမ္ဗိန္နဓာတ်, အသမ္ဗိန္နဓာတ် အလုံးစုံတို့သည်၎င်း, နဂါးပြည်၌ရှိသောဓာတ်တို့သည်၎င်း,နတ်ပြည်၌ရှိသောဓာတ်တို့သည်၎င်း, ထိုထိုသို့သော စကြဝဠာတိုက်တို့သို့ နတ်တို့ဆောင်ယူလေသော ဆံတော်,အမွေးတော်,လက်သည်းခြေသည်းတော်ဓာတ်တို့သည်၎င်း, ဤအလုံးစုံသော ဓာတ်တော်တို့သည် အကြား၌ တစုံတခု မုန်ညင်းစေ့တခုလောက်မျှ ပျောက်ပျက်ခြင်းသို့မရောက်မူ၍ ဗောဓိပင်သို့သာလျှင် ရွှေပလ္လင်ထက်၌ တပေါင်းတည်း စုဝေးလျက်—

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ ရုပ်သွင်တော်ကိုယူကုန်၍ ပလ္လင်ထက်၌ထက်ဝယ်ထိုင်နေတော်မူလျက် အတိုင်းမသိသော မြတ်စွာဘုရားကိုယ်တော်၏တင့်တယ်ခြင်း အသရေကိုပြကုန်လတ္တံ့၊ထိုသို့ ပြပြီး

သောနောက်မှ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်၏အနီး ရတနာစင်္ကြံ ထက်၌ပြတော်မူအပ်သော ပြာဋိဟာကဲ့သို့ မီးရေအစုံအစုံသော ပြာဋိ ဟာတို့ကို ပြကုန်လတ္တံ့၊ ထိုသို့ပြတော်မူသောအခါ ထိုအရပ်သို့ ရောက် လာသော တစုံတယောက်သော လူမည်သည်မရှိ၊ ထိုအခါ အသည သတ်ဖြဟ္မာ, အရူပဗြဟ္မာတို့ကိုထား၍ အလုံးစုံသော တသောင်းသော စကြဝဠာတိုက်တို့မှ နတ်ဗြဟ္မာတို့သည် ထိုအရပ်သို့ စုဝေးလာကုန်၍ ဓာတုနိဗ္ဗုတဘုရားသည် ပြုအပ်သောပြာဋိဟာကိုရှုကုန်လျက် နတ်၌ဖြစ် သော ထီးတမ်းခွန် ပန်းနံ့သာ အခိုးအထုံအမှုံတို့ဖြင့် ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်လတ္တံ့။

ထိုအခါ သရီရဓာတ် ဘန်ဆင်းအပ်သော ကိုယ်တော်မှ တေဇော ဓာတ်သည် ထွက်လတ်၍ သရီရဓာတ် ဘန်ဆင်းအပ်သော ကိုယ်တော် သည် မီးပုံကြီးကဲ့သို့ တောက်၍ ပညတ်မဟုတ်သော အဖြစ်သို့ ရောက် လတ္တံ့၊ ထိုသို့ ရောက်သောအခါသည်လျှင် ဓာတုပရိနိဗ္ဗာန်သည်ဖြစ်၏၊ ထိုအခါ စည်းဝေးလာကုန်သော နတ်အပေါင်းတို့သည် "ယခုအခါ အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ၊ လောကသုံးပါးသည် ကြီးစွာသောအမိုက်တိုက်ဖြစ်ခဲ့ပြီ" ဟူ၍ ဟစ်ကြွေးမြည်တမ်းကြကုန်လျက် ကောင်းကင်တော်လည်း မြေ ကြီးကြည်းမျှ ပြင်းစွာသော ငိုကြွေးခြင်းတို့သည် ဖြစ်ကုန်လတ္တံ့သလျှင် ကတည်း၊ ဤအခါသည်လျှင် ဓာတု ပရိနိဗ္ဗာန်ဖြစ်၏၊ မြတ်စွာ ဘုရား သာသနာတော်သည် ကွယ်ခြင်းသို့ ရောက်၏။

---

## ၃၀၉။ ၄၅-ဝါအတွင်း ကယ်ချွတ်တော် မူသည်ကိုပြခြင်း

ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် သုံးပါးသော ငြိမ်းခြင်း ရှိတော်မူသော မြတ်စွာဘုရားသည် သုံးပါးသော လောက၌ ဝေနေယျ တို့အား တရားအမြိုက် တိုက်ကျွေးတော်မူသောအားဖြင့် သံသရာဝဋ်မှ ကယ်ချွတ်တော်မူသည်ကား ဘုရားဖြစ်တော်မူသည်မှ နှစ်လမြောက် ဝါဆိုလပြည့်နေ့၌ ရှေးဦးစွာ တရားဓမ္မစကြာ ဟောတော်မူသောအဆုံး

၌ အရှင်မဟာကဿပမထေရ်နှင့်တကွ တဆယ့်ရှစ်ကုဋေ အရေအတွက် ရှိသော နတ်,ဗြဟ္မာတို့သည် အကျွတ်တရားကို ရကုန်၏၊ ဝါဆိုလပြည့် ကျော် ၅-ရက်နေ့ **အနတ္တလက္ခဏသုတ္တန်**ကို ဟောတော်မူသော အခါ၌ ပဉ္စဝဂ္ဂီငါးယောက်တို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏၊ ထိုဝါတွင်း၌ ပင်း အရှင်ယမထေရ်နှင့်တကွ ၅-ကျိပ် ၅-ယောက်သော သူဌေးတို့ သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဝါကျွတ်တော်မူသောအခါ ကပ္ပါသိကဝနသဏ္ဍ၌ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ် သုံးယောက်တို့ကို အောက်မဂ်,အောက်ဖိုလ် သုံးပါးတို့သို့ ရောက်စေကုန်၏၊ ဂယာသီသ၌ **အာဒိတ္တပရိယာယသုတ်**ကို ဟောတော် မူသောအဆုံး၌ ဥရုဝေလကဿပစသော ညီနောင်ရသေ့ သုံးယောက် အမှူးရှိသော ရသေ့တထောင်ကို ရဟန္တာအဖြစ်၌ တည်စေတော်မူ၏၊ ရာဇဂြိုဟ်ပြည်မှ သုံးဂါဝုတ် အခွန့်ကွာသော ထန်းတော ဥယျာဉ်၌ ဗိမ္ဗိသာရမင်းအမှူးရှိသော မင်း,ပုဏ္ဏား,သူဌေး,သူကြွယ်တို့ကို တရား ဒေသနာတော်ဖြင့် သောတာပတ္တိဖိုလ်၌ တည်စေ၏၊ တထောင်သော မင်း,ပုဏ္ဏား,သူကြွယ်တို့ကို သရဏဂုံ၌ တည်စေ၏၊**တိရောကုဋ္ဋ အနုမောဒနာ**၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏။

သုမနပန်းသည် အစည်းအဝေး၌ ရှစ်သောင်းကုန်သော ဝေနေယျ တို့သည် အကျွတ်တရား ရကုန်၏၊ မနပါလဆင် အစည်းအဝေး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊ **ခဒိရဘာရဇ္ဇါတ်**ကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊ အာနန္ဒာသူဌေး အစည်းအဝေး၌ တဆယ့်တကုဋေသော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊ ပါသာဏက စေတီ၌ **ပါရာယနသုတ္တန်**ကိုဟောတော်မူသောအဆုံး၌ တဆယ့်လေးကုဋေသော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊ယမကပြာဋိဟာ ပြတော်မူ သော အဆုံး၌ အကုဋေနှစ်ဆယ်သော ဝေနေယျတို့သည် အကျွတ် တရား ရကုန်၏။

တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား‌ကို ဟောတော်မူသော အဆုံး၌ အကုဋေရှစ်ဆယ်သော နတ်တို့သည် အကျွတ်တရား ရကုန်၏၊ တာဝတိံသာနတ်ပြည်မှ သက်တော်မူသော အစည်းအဝေး၌ အကုဋေ ရှစ်ဆယ်သောဝေနေယျတို့သည် အကျွတ်တရားရကုန်၏၊သဏ္ဍပဉှသုတ္တန် ကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်းသော နတ်တို့သည် အကျွတ်တရား ရကုန်၏၊သာကေတပြည်၌ ဗုဒ္ဓမဟာပိတာ-ဟု သမုတ် အပ်သော ပုဏ္ဏား အို သမီးခင်ပွန်းတို့၏ အစည်းအဝေး၌ဇရာသုတ်ကို ဟောတော်မူသော အဆုံး၌ ရှစ်သောင်း လေးထောင် ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊မင်္ဂလသုတ်ကို ဟောတော်မူ သောအဆုံး၌ငင်း,မဟာသမယသုတ်ကို ဟောတော်မူသောအဆုံး၌ငင်း, ရာဟုလောဝါဒသုတ်ကို ဟောတော် မူသော အဆုံး၌ ငင်း, သမစိတ္တပဋိပဒါကို ဟောတော်မူသော အဆုံး၌ငင်း ဤလေးပါးသော သုတ္တန်ကို ဟောတော်မူသော အဆုံး၌ အကျွတ်တရားကို ရကုန်သော ဝေနေယျတို့၏ အပိုင်းအခြားသည် မရှိသည်သာလျှင်တည်း။

ဗာရာဏသီပြည်၏ အနီးအပါး ဂင်္ဂါနား၌ ကုက္ကိုခုနစ်ပင်စည်၏ အရင်း၌ ဧရကပတ္တနဂါးမင်းကို အကြောင်းပြု၍ ဟောတော်မူအပ် သော "ကိစ္ဆော မနုဿပဋိလာဘော"အစရှိသောဂါထာ၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော ဝေနေယျတို့သည် အကျွတ်တရား ရကုန်၏၊ ဤသို့ရေတွက်ခဲ့ပြီးသော အကျွတ်တရားကို ရကုန်သော ဝေနေယျတို့၏ အရေအတွက်သချာကား-တပေါင်းတည်း တစုတည်း များစွာသော အရေအတွက်တို့ဖြင့် အကျွတ်တရား ရကုန်သော ဝေနေယျတို့ကို ထိုထိုသို့သောကျမ်းတို့၌ လာသည်ကိုတွေ့မြင် မှတ်သိပါ သမျှ ရေတွက်သောသချာတည်း။

ဘုရားမြတ်စွာဒေသနာ ဟောရွတ်ချွတ်တော်မူသော ဝေနေယျ ကား ဤမျှသာဖြစ်၍ ရေတွက်သည်မဟုတ်ပေ၊ ဓမ္မပဒကျမ်း၌ ဟော အပ်သော တရားဒေသနာဂါထာပုဒ်တို့၏ အဆုံးအဆုံး၌ အကျွတ် တရားကိုရကုန်သော ဝေနေယျတို့သည် များစွာရှိကုန်၏၊ ငါးရာ့ ငါးဆယ်ဇာတ်တို့တွင် တခုတခုသော ဇာတ်တော်ကို ဟောတော်မူသော အဆုံး၌ အကျွတ်တရားရကုန်သော ဝေနေယျတို့သည်လည်း များစွာ

ဖြစ်ကုန်၏၊ ဒီဃနိကာယ်၌ လာသော ၃၄-သုတ်, မဇ္ဈိမနိကာယ်၌ လာသော ၁၅၂-သုတ်, သံယုတ္တနိကာယ်၌လာသည့် ၇၇၆၂-သုတ်, အင်္ဂုတ္တရနိကာယ်၌လာသည့် ၉၅၅၇-သုတ်၊ ပေါင်း ၁၇၅၀၅-သုတ်တို့တွင် တခု တခုသော သုတ်ကို ဟောတော်မူသော အဆုံး အဆုံး၌ အကျွတ်တရားရကုန်သောဝေနေယျတို့သည်လည်း များစွာဖြစ်ကုန်၏။

ဤသို့လျှင် အရှင်ဂေါတမဘုရားသည် တရားဓမ္မစကြာ ဒေသနာတော်အဆုံး၌ အကျွတ်တရားရသော ကောဏ္ဍညထေရ်အစ,မလ္လာမင်းတို့၏ အင်ကြြင်းပင်စုံအကြား ခင်းထားအပ်သောပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်း၌ ကဆုန်လပြည့်နေ့ည "မထပြီ"ဟူသော အမှတ်ဖြင့် လျောင်းတော်မူသောအခါ ပြဿနာမေးလာသော သုဘဒ္ဒပရိဗိုဇ်ကို အမြိုက်ငြိမ်းအေး ပေးတိုက်တော်မူသည်လျှင် အဆုံးရှိသော အားဖြင့် ၄၅-ဝါပတ်လုံး လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့အား တရားအမြိုက်တိုက်ကျွေးဟောရွတ် ကယ်ချွတ်တော်မူသဖြင့် အကျွတ်တရားရသော ဝေနေယျတို့၏ သင်္ချာအရေ အတွက်အပေါင်းကား ၂၄-သင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်း အရေအတွက် ဖြစ်သတည်း၊ ထို့ကြောင့်—

> စတုဝီသတာ သင်္ချေယျော၊
> တထာ သဋ္ဌိစကောဋိယော။
> ပါဏာသတသဟဿာနိ၊
> ဧကော ဗုဒ္ဓေါ ပမောစယိ။ ။

ဟူ၍ တထာဂတုပ္ပတ္တိကျမ်းတွင် ဆိုသတည်း။

**အနက်**။ ။စတုဝီသတိအသင်္ချေယျော၊ နှစ်ဆယ့်လေးသင်္ချေ အရေအတွက်ရှိကုန်သော။ ပါဏေ၊ ဝေနေယျသတ္တဝါတို့ကိုဧင်း။ တထာ၊ ထိုမှတပါး။ သဋ္ဌိစကောဋိယော၊ အကုဋေခြောက်ဆယ်ကုန်သော။ ပါဏေ၊ ဝေနေယျ သတ္တဝါတို့ကိုဧင်း။ ပါဏာသတသဟဿာနိ၊ တသိန်းသော ဝေနေယျသတ္တဝါတို့ကိုဧင်း။ ဧကော၊ တဆူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ပမောစယိ၊ တဏှာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေတော်မူပြီ။

# ၃၁၀။ မြတ်စွာဘုရားရှင်တို့၏ ပြည့်စုံမြဲ ဓမ္မတာ ၃၀-ကိုပြခြင်း

### ဓမ္မတာသုံးဆယ်

ဤသို့ရေတွက်အပ်ပြီးသော ၂၄-သင်္ချေနှင့် ကုဋေခြောက်ဆယ် မိုလ်ခြေတသိန်းရှိကုန်သော ဝေနေယျတို့အား တရားဟောရွတ် ကယ်ချွတ်တော်မူသော အရှင်ဂေါတမမြတ်စွာဘုရားသည် ဘုရားတကာတို့၏ ဓမ္မတာ အပြား ၃၀-နှင့် ပြည့်စုံတော်မူ၏၊ ဓမ္မတာအပြား ၃၀-၏ သရုပ်ကား—

၁။ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘဝနှင့်ယှဉ်သော ဘုရားလောင်းအား သတိအဆင်အခြင်ရှိသည်ဖြစ်၍ မယ်တော်ဝမ်းသို့ သက်ခြင်း,
၂။ မယ်တော်ဝမ်း၌ ထက်ဝယ်ပလ္လင်ဖြင့်နေ၍ အပသို့ပြုသော မျက်နှာတော် ရှိခြင်း,
၃။ ဘုရားလောင်း၏မယ်တော်သည် ရပ်လျက်သာ ဘုရားလောင်းကို ဘွားခြင်း,
၄။ တောအရပ်၌သာလျှင် မယ်တော်ဝမ်းမှ ဘွားခြင်း,
၅။ ရွှေကွန်ရက်အပြင်၌ အစုံသောခြေတို့ဖြင့် ရပ်ခြင်း,
၆။ မြောက်သို့တူရူ မျက်နှာမူ၍ ခုနစ်ဘွား လှမ်းသွားတော်မူပြီးသောအဆုံး၌ အရပ်လေးမျက်နှာကိုကြည့်၍ ''အဂ္ဂေါဟမသ္မိ လောကဿ''အစရှိသော သီဟနာဒကို ကျူးတော်မူခြင်း,
၇။ သူအို, သူနာ, သူသေ, ရဟန်း, လေးပါးသောနိမိတ်တို့ကို မြင်သော သားတယောက်ဘွားကုန်ပြီးသော ဘုရားလောင်းတို့အား တောထွက်ခြင်း,
၈။ ရဟန်းပြုပြီး၍ အလုံးစုံအောက်ယုတ်သော အပိုင်းအခြားအားဖြင့် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ ကျင့်ခြင်း,
၉။ ဘုရားအဖြစ်သို့ ရောက်တော်မူအံ့သောနေ့၌ နို့ယနာကို ဘုဉ်းပေးတော်မူရခြင်း,
၁၀။ မြက်အခင်း၌သာ ထိုင်နေတော်မူ၍ သဗ္ဗညုတဉာဏ်ကို ရခြင်း,

၁၁။ အာနာပါနဿတိ ကမ္မဋ္ဌာန်းသာလျှင် ပရိကံရှိ၍ မာရ်နတ်စစ်ကို ဖျက်ဆီးခြင်း,

၁၂။ သဗ္ဗညုတဉာဏ်ကို ရသည်နှင့်တကွသာလျှင် ဝိဇ္ဇာသုံးပါး, ပဋိသမ္ဘိဒါလေးပါး, ဆအသာဓာရဏဉာဏ် အစရှိသော အလုံးစုံသော ဘုရားကျေးဇူးကို ရခြင်း,

၁၃။ သတ္တသတ္တာဟတို့ကို ဗောဓိပင်၏ အနီး၌သာ လွန်စေခြင်း,

၁၄။ မဟာဗြဟ္မာသည် တရားဟောတော်မူခြင်းငှါ တောင်းပန်ခြင်း,

၁၅။ ဣသိပတနမိဂဒါဝုန်တော၌သာ ဓမ္မစကြာတရားကို ဟောတော်မူခြင်း,

၁၆။ တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့်ပြည့်စုံသော သာဝကအစည်းအဝေး၌သာ ပါတိမောက် ပြခြင်း,

၁၇။ ဇေတဝန်ကျောင်းတော်၌သာ အမြဲ နေခြင်း,

၁၈။ သာဝတ္ထိမြို့တံခါး၏အနီး၌သာ ယမိုက်ပြာဋိဟာ ပြခြင်း,

၁၉။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာကို ဟောတော်မူခြင်း,

၂၀။ သင်္ကဿနဂိုရ်မြို့၌သာ နတ်ပြည်မှ သက်တော်မူခြင်း,

၂၁။ အမြဲလျှင် ဖလသမာပတ်ကို ဝင်စားတော်မူခြင်း,

၂၂။ နံနက်တကြိမ်, ညတကြိမ်အားဖြင့် နှစ်ပါးသော အခါတို့၌ ဝေနေယျကို ကြည့်တော်မူခြင်း,

၂၃။ သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းဝတ္ထု ဖြစ်သည်ရှိသော် သိက္ခာပုဒ် ပညတ်ခြင်း,

၂၄။ အဋ္ဌုပ္ပတ္တိဖြစ်သည်ရှိသော် ဇာတ်တော်ကို ဟောခြင်း,

၂၅။ ဆွေတော်မျိုးတော် အစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း,

၂၆။ အာဂန္တုကရဟန်းတို့နှင့် ပဋိသန္ထာရ ပြုခြင်း,

၂၇။ နေ့တိုင်းနေ့တိုင်း ပုရေဘတ္တကိစ္စ, ပစ္ဆာဘတ္တကိစ္စ, ပုရိမယာမကိစ္စ, မဇ္ဈိမယာမကိစ္စ, ပစ္ဆိမယာမကိစ္စ တည်းဟူသော ကိစ္စငါးပါးကို ပြုခြင်း,

၂၈။ ဝါကျွတ်တော်မူသောအခါ၌ ဝါဆိုဘိတ်မန်ကုန်သော ဒါယကာတို့အား မပန်မူ၍ အရပ်တပါးသို့ မသွားခြင်း,

၂၉။ ပရိနိဗ္ဗာန်ပြုတော်မူအံ့သောနေ့၌ သားပြွမ်းဆွမ်းကို ဘုဉ်းပေးတော်မူရခြင်း,

၃၀။ ကုဋေ နှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူခြင်း—

ဤသို့လျှင် ခပ်သိမ်းသော ဘုရားတို့၏ ဓမ္မတာအပြား ၃၀-ဖြစ်သတည်း။

---

## ၃၁၁။ မြတ်စွာဘုရားရှင်တို့၏ အနန္တရာယိက ဓမ္မလေးပါးကိုပြခြင်း

### အနန္တရာယိကဓမ္မလေးပါး

ခပ်သိမ်းသောဘုရားရှင်တို့အား အနန္တရာယိကတရားလေးပါးတို့သည် ဖြစ်ကုန်၏၊ လေးပါးဟူသော်ကား—

၁။ ဘုရားမြတ်စွာတို့ကိုရည်မှတ်၍ ဆောင်ခဲ့ကုန်သော သင်္ကန်း, ဆွမ်း, ကျောင်းအိပ်ရာနေရာ, ဆေး ဤလေးပါးသောပစ္စည်းတို့ကို တစုံတယောက်သော သူသည် လုယူ ဖျက်ဆီးသဖြင့် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်,

၂။ ဘုရားမြတ်စွာ၏ အသက်တော်ကိုလည်း တစုံတယောက်သော သူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်,

၃။ ခပ်သိမ်းသော ဘုရားရှင်တို့၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကိုလည်း တစုံတယောက်သောသူသည် အန္တရာယ်ပြုသဖြင့် တိမ်မြုပ်ကွယ်ပျောက်စိမ့်သောငှါ မတတ်နိုင်,

၄။ ခပ်သိမ်းသော ဘုရားရှင်တို့၏ ရောင်ခြည်တော်တို့ကိုလည်း တစုံတယောက်သောသူသည် အန္တရာယ်ပြုခြင်းငှါ မတတ်နိုင်—

ဤသည်လျှင် ခပ်သိမ်းသောဘုရားရှင်တို့၏ အနန္တရာယိကတရား လေးပါးတည်း။

ဤမျှလောက်သော စကားအစဉ်ဖြင့် ဂေါတမမြတ်စွာဘုရား၏
အဋ္ဌုပ္ပတ္တိကို မှတ်သိပါသမျှ ဥဒါန်းစကား ပြောဆိုစိမ့်
သောငှါ မြန်မာ့ဘာသာဖြင့် ရေးသားရုံးစု ကုံးပြု
စီရင်အပ်သော တထာဂတဥဒါန အမည်
ရှိသောကျမ်းသည် အပြီးသို့ရောက်၏။

---

## နိဂုံး

စက္ကင်္ကိ တပ္ပါဒယုဂေါ ဇိနော ယော၊
ဗာတ္တိံသတိလက္ခဏစိတြဒေဟော။
ဩဒါတရံသုဇ္ဇလ ဥဏ္ဏလောမာ၊
လင်္ကာ နလာဋတ္တလကော သုဒဿော။ ။

ဆဗ္ဗဏ္ဏရဋ္ဌုဇ္ဇလရံသိဇာလော၊
မုဒ္ဓိဋ္ဌရံသီပုဂကေတုမာလော။
သတ္တာန မူဒါန ကထာ ဝဒါနော၊
နိဗ္ဗာနဓာတူဟိ ဒုဓာ နိဗ္ဗုတော။ ။

ပရိနိဗ္ဗာနဝဿတော စ ပဉ္စေ၊
သောဠသတိံ သသတေနာဓိကေန။
သဋ္ဌိံ ဒွိသဟဿေန သာသနဿံ၊
ပဟီနေ ခဆပဥ္စေန သက္ကရာဇေ။ ။

ဝလယကဝဿေ ဂတေစ ကာလေ၊
ဒီပေယျ နဂရဿ ဗာဟိရဿိံ။
နရတိယ မုစ္စဘူမိဘာဂေ၊
ဇေယဝဓုသုဝဏ္ဏယေန နဂရိက္ခေန။ ။

ကတေ ဝိဟာရေ ဒုရင်္ဂမုဒ္ဒေ၊
ကေတုသဟိတေ တိဘုမ္မိကေ ဇလန္တေ။
ဟေမောဘာသေန အဘ္ဘန္တရသ္မိံ၊
ဝသန္တေန အင္ဂုတိံ သဝဿိကေန။ ॥

သိရိသဒ္ဓမ္မာဘိ လင်္ကာရေတိ၊
ဂရူဟိ အာစရိယေဟိ ကာရိတေန။
နာမေန သုတေန ကောဝိဒေန၊
ပိဋကတ္တေ သမာစာရသီလယုတ္တေန။ ॥

ထေရေန ကတော အယံ သမတ္တော၊
တထာဂတဉ္စ ဒါနန္တိ နာမိကော။
သောဟံ ဗုဒ္ဓေါ ဘဝါမိ ပစ္ဆာ၊
သစ္စဒီပကော သတ္တုဒါနချာတော။ ॥

စက္ကင်္ကိ တပ္ပါဒယုဂေါ၊ တရာ့ရှစ်ကွက်သောစက်တို့ဖြင့် တန်ဆာဆင်အပ်သော ခြေဘဝါးတော်အစုံရှိသော။ ဗာတ္တိံသတိလက္ခဏ စိတြဒေဟော၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့် ဆန်းကြယ်သော ကိုယ်တော်ရှိထသော။ ဩဒါတရံ သုဇ္ဇလဉဏ္ဏလောမာလင်္ကာနလာဋတ္တလကော၊ ဖြူသော ရောင်ခြည်တော်တို့ဖြင့် တောက်ပသော ဥဏ္ဏာလုံမွေးရှင်ဖြင့် တန်ဆာဆင်အပ်သော နဖူးတော်အပြင်ရှိထသော။ သုဒသော၊ ကောင်းသောအမြင်ရှိထသော။ ဆဗ္ဗဏ္ဏရဋ္ဌုဇ္ဇလ ရံသိဇာလော၊ ခြောက်ပါးသော အဆင်းတို့ဖြင့် ဆိုအပ်သော ရောင်ခြည်ကွန်ယက်လည်း ရှိထသော။ မုဒ္ဓိဋ္ဌ ရံသီပုဂကေတုမာလော၊ ထိပ်တော်၏အထက်၌ တည်သောရောင်ခြည်တော် အစုဟုဆိုအပ်သော မှန်ကင်းလည်းရှိထသော။ သတ္တာနံ၊ သတ္တဝါအပေါင်းတို့၏။ ဥဒါနကထာဝဒါနော၊ အဖြစ်အပျက်နှင့်ယှဉ်သော ဥဒါန်းစကားကိုကြားဆိုတော်မူတတ်ထသော။ ယောဇိနော၊ သည်။ ဒုမာ-ဋ္ဌိဟိပကာရေဟိ၊ နှစ်ပါးအပြားရှိကုန်ထသော။ နိဗ္ဗာနဓာတူဟိ၊ကိလေသနိဗ္ဗာန်, ခန္ဓနိဗ္ဗာန်တည်းဟူသောနိဗ္ဗာနဓာတ်တို့ဖြင့်။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

တဿဇိနဿ၊ ထိုအောင်အပ်ပြီးသော မာရ်ငါးပါးရှိတော်မူသော မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနဝဿတော၊ ပရိနိဗ္ဗာန် ပြုသောနှစ်မှ။ သောဠသတိံသသတေန၊ ၃၁၆-ဖြစ်သော။ အဓိကေန၊ အလွန်နှင့်။ သဒ္ဓိံ၊ တကွ။ ဒ္ဓိသဟဿေန၊ နှစ်ထောင် အရေအတွက် ရှိသော၊ သာသနဿ၊ သို့။ ပတ္တေ၊ ရောက်သော။ ကာလေစ၊ ကာလ၌ငှင်း။ ခဆပခဋ္ဌေန၊ ခဆပဋ္ဌကိန်းဖြင့်။ ပဟီနေ၊ ဖြိုအပ်ပြီးသော။ သက္ကာရာဇေ၊ သက္ကရာဇ်သည်။ ဝလယကဝဿေ၊ ၁၁၇၄-နှစ်သို့။ ဂတေ၊ ရောက် သော။ ကာလေစ၊ ၌ငှင်း။ ဒိပေယျနဂရဿ၊ ဒိပဲယင်းမြို့၏။ နရတိယံ၊ အနောက်တောင်ထောင့်ဖြစ်သော။ဗာဟိရသိမ်၊အပ၌။ ဥစ္စဘူမိဘာဂေ၊ မြင့်သော မြေအတို့ရှိသောအရပ်၌။ ဇေယဝဇုသု ၄ယေန၊ ဇေယဝမှ အမည်ရှိသော။ နဂရိက္ကေန၊ မြို့သူကြီးသည်။ ကတေ၊ ဆောက်အပ် သော။ ဒုရင်မုဒ္ဒေ၊ ဒုရင်၏အထိပ်၌။ ကေတုသဟိတေ၊ မှန်ကင်းနှင့် တကွဖြစ်သော။တိဘူမိကေ၊ဘုံသုံးဆင့်ရှိသော။အဗ္ဘန္တရသိမ်၊အတွင်း၌။ ဟေမောဘာသေန၊ ရွှေရောင်ဖြင့်။ ဇလန္တေ၊ တောက်ပထွန်းလင်း ဝင်းဝင်းပြောင်သော။ ဝိဟာရေ၊ လေးထွေဣရိယာ မျှရာဖြစ်သော ကျောင်း၌။ ဝသန္တေန၊ နေထသော။ အဋ္ဌတိံသဝဿိကေန၊ ပဥ္စင်း အဖြစ်သို့ ရောက်သည်မှ သုံးဆယ့်ရှစ်ဝါရှိပြီးသော။ ဂရုဟိ၊ အလေး အမြတ် ပြုအပ်ကုန်သော။ အာစရိယေဟိ၊ ဆရာမြတ်တို့သည်။ သိရီ သဒ္ဓမ္မာဘိလင်္ကာရောတိ၊ သိရီသဒ္ဓမ္မာဘိလင်္ကာရဟူ၍။ ကာရိတေန၊ မှည့်အပ်သော။ နာမေန၊ အမည်အားဖြင့်။ သုတေန၊ ကျော်စော ထင်ရှားစွာထသော။ပိဋကတ္တေ၊ပိဋကတ်သုံးပုံ၏အနက်၌။ကောဝိဒေန၊ လိမ္မာစွာထသော။ သမာစာရသီလယုတ္တေန၊ ကောင်းသော အကျင့် သီလနှင့် ယှဉ်ထသော။ထေရေန၊မထေရ်သည်။ ကတော၊ပြုအပ်သော။ တထာဂတဥဒါနန္တိ နာမကော၊ တထာဂတဥဒါနဟူသော အမည် ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ သမတ္တော၊ ပြီးပြည့်စုံပြီ။

အနေနပုညေန၊ ဤတထာဂတဥဒါနကျမ်းကို ပြုရသောကောင်းမှု ကြောင့်။သောအဟံ၊ထိုငါသည်။ ပစ္ဆာ၊ နောက်ကာလ၌။သစ္စဒီပကော၊ သစ္စာလေးပါး တရားကိုထင်ရှားပြတတ်သော။ သတ္တု၊ဒါနချာတော၊

သတ္တဝါတို့၏ အဖြစ်အပျက်ဘဝနှင့်ယှဉ်သော ဥဒါန်းစကားကို ဟော ကြားတော်မူတတ်သော။ ဗုဒ္ဓေါ.ဘုရားသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

နပတ္တံ ယာဝ ဗုဒ္ဓတ္တံ၊သံသရန္တော ဘဝေ တာဝ။
ဉာဏသမ္ဘာရပါရမီ၊ ပူရိတော ပုရိသော ဟောသံ။ ။

မယာ၊ ငါသည်။ ယာဝ အကြင်မျှလောက်။ ဗုဒ္ဓတ္တံ၊ဘုရားအဖြစ်သို့။ နပတ္တံ၊ မရောက်သေး။ တာဝ၊ ထိုမျှလောက်။ ဘဝေ၊ ဘဝကြီးငယ်၌။ သံသရန္တော၊ ကျင်လည်သောငါသည်။ ဉာဏသမ္ဘာရပါရမီ၊ သဗ္ဗညု တဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီဆယ်ပါးကို။ ပူရိတော၊ဖြည့် နိုင်သော။ ပုရိသော၊ ယောကျ်ားမြတ်သည်။ ဟောသံ-ဟောဿာမိ၊ ဖြစ်ရ ပါလို၏။

**တထာဂတဥဒါနဒီပနီ ပဉ္စမတွဲ ပြီးပြီ။**

## ဤတွင် တထာဂတဥဒါနဒီပနီ ပြီး၏။